PDF CREATOR - NYEYADHAMMA@GMAIL.COM

ဒေါက်သွန်ဖရုံစေ့၏ ပြုပင်ကွဲကဲ့ရှုပ်ကွဲကဲ့များ

ဦးဗဆွေ(ဝန်ကြီးချုပ်ဟောင်း)

ဒေါက်သွန်ဖရုံစေ့၏ ပြုပင်ကွဲကဲ့ရှုပ်ကွဲကဲ့များ
ဦးဗဆွေ(ဝန်ကြီးချုပ်ဟောင်း)

ဦးဗဆွေ(ဝန်ကြီးချုပ်ဟောင်း)

၁၉၁၅ ဇွန် ၁၉ ရက်နေ့တွင် ထားဝယ်ခရိုင်၊ ရေမြုံမြို့နယ်၊ အုန်းပင်ကွင်းကျေးရွာ၌ မွေးဖွား။ ထားဝယ်ခရိုင်ကျောင်းသားခေါင်းဆောင်၊ တကသ ဥက္ကဋ္ဌ၊ ဗကသ အတွင်းရေးမှူး၊ ပြည်သူ့အရေးတော်ပုံပါတီ ဖွဲ့စည်းရာတွင် ခေါင်းဆောင်တစ်ဦးအဖြစ် ပါဝင်ခဲ့၊ တို့ဗမာအစည်းအရုံးဝင် သခင်၊ ဗတပလ ခေါင်းဆောင်တစ်ဦး၊ ဗဆပလ အထွေအထွေအတွင်းရေးမှူး၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ တည်မြဲ ဗဆပလ ဥက္ကဋ္ဌ စသည်ဖြင့် အသီးသီး တာဝန်ယူ ဆောင်ရွက်ခဲ့။ ၁၉၈၇ ဒီဇင်ဘာ ၆ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်။

PDF CREATOR - NYEYADHAMMA@GMAIL.COM

မာတိကာ

■ ထုတ်ဝေသူ၏ ကျေးဇူးစကား..... ၅

■ ဒေါက်တာကျော်ဝင်း (ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)
သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)၏ အမှာစာ..... ၆

■ ဦးဗဆွေ(ဝန်ကြီးချုပ်ဟောင်း)၏ အတ္ထုပ္ပတ္တိ ၁၂

၁။ ရန်ကုန်ကို မည်သူသိမ်းသနည်း ၂၅

၂။ ဘာကြောင့်ဗိုလ်ချုပ်ကြီးစလင်းရန်ကုန်မြို့သိမ်းသူရဲကောင်း
ဖြစ်နိုင်ပါတော့အံ့နည်း ၃၇

၃။ နယ်ချဲ့အချင်းချင်းစစ်ပွဲဟာ ကျွန်နိုင်ငံတွေအတွက်ထီးတင်ပွဲ ၄၇

၄။ နွားကွဲ ကျားကိုက်ခံရမည် ၅၉

၅။ သမိုင်းပေးတာဝန် ၆၉

၆။ ဗိုလ်ချုပ်အောင်ဆန်း၏မူ ၇၉

၇။ သမိုင်း၏ မှတ်တိုင် ၈၉

၈။ စစ်အေးတိုက်ပွဲ ၉၉

၉။ နယ်ချဲ့ကို တိုက်ခဲ့စဉ်က ၁၀၉

၁၀။ ပွဲကြီးပွဲကောင်း ၁၂၁

ပုံနှိပ်မှတ်တမ်း

■ **ပထမအကြိမ်**

ဇန်နဝါရီလ၊ ၂၀၁၃

■ **အုပ်ရေ**

၁,၀၀၀

■ **မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**

ခင်ချိုသိန်းပုံနှိပ်တိုက်

အမှတ် ၁၅၇၊ ၄၈ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

■ **ထုတ်ဝေသူ**

ဒေါ်နီနီနိုင်(နေရီရီစာအုပ်တိုက်)၊ ၂/က၊

အောင်ရတနာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

■ **မျက်နှာဖုံးဒီဇိုင်း**

လင်းဝဏ္ဏ

■ **အတွင်းဒီဇိုင်း**

မြမင်းစိုး

■ **တန်ဖိုး**

၃,၀၀၀ ကျပ်

၈၀၈. ၈၄

ဗဆွေ(ဝန်ကြီးချုပ်ဟောင်း)၊ ဦး

တော်လှန်ရေးဇာတ်လမ်းများ/ဦးဗဆွေ(ဝန်ကြီးချုပ်ဟောင်း)။-

ရန်ကုန်၊ နေရီရီစာပေ၊ ၂၀၁၁။

စာမျက်နှာ - ၂၉၈ ၊ ၁၈ × ၂၅ စင်တီမီတာ။

(၁) **တော်လှန်ရေးဇာတ်လမ်းများ**

၁၁။ သူနိုင် ငါရှုံး သူရှုံး ငါနိုင်..... ၁၃၃
၁၂။ ကတိကိုမတည် အကြွေရိုင်းတဲ့..... ၁၄၃
၁၃။ ပွဲကြီးပွဲကောင်း (၂) ၁၅၅
၁၄။ လွတ်လပ်ရေးပန်းတိုင်သို့ ၁၆၉
၁၅။ ရင်တမမနေရသော ဘိလပ်ဆွေးနွေးပွဲ ၁၈၁
၁၆။ ရင်တမမနေရသော ဘိလပ်ဆွေးနွေးပွဲ (၂) ၁၈၆
၁၇။ လွတ်လပ်ရေးအောင်ပွဲ၏ပထမဆင့် ၁၉၅
၁၈။ တောတောင်အထပ်ထပ် ကျော်ဖြတ်ခဲ့စဉ်က ၂၀၉
၁၉။ လွတ်လပ်ရေးဗိမာန်သို့ ၂၂၃
၂၀။ ဗိုလ်ချုပ်အောင်ဆန်း၏ဆန္ဒ ၂၃၅
၂၁။ မိုးသက်မုန်တိုင်းကျသည့်နေ့ ၂၄၇
၂၂။ လွတ်လပ်ပြီ လွတ်လပ်ပြီ တို့ပြည်လွတ်လပ်ပြီ ၂၅၉
၂၃။ ရွှေဖြစ်ဟောင်း အောက်မေ့ဖွယ် ၂၇၃
၂၄။ မှတ်တမ်းတင်အပ်သောသူရဲကောင်းများ ၂၈၅

■ ထုတ်ဝေသူ၏ကျေးဇူးစကား

ဆရာကြီးဒေါက်တာကျော်ဝင်း(အငြိမ်းစားပါမောက္ခ၊ ဌာနမှူး၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)၏ ဆက်သွယ်ပေးမှုဖြင့် **ဦးဗဆွေ (ဝန်ကြီးချုပ်ဟောင်း)** ရေးသားခဲ့သော **တော်လှန်ရေး၏ မြုပ်ကွက်ရှုပ်ကွက်** စာအုပ်ကို ထုတ်ဝေဖြစ်ခဲ့ခြင်းဖြစ်ပါသည်။ ဆရာကြီးဒေါက်တာကျော်ဝင်းသည် ကျော်ဝင်း(ရန်ကုန်တက္ကသိုလ်)ကလောင်အမည်ဖြင့် ရန်သစ်မဂ္ဂဇင်းတွင် ဆောင်းပါးများရေးသားနေသူ ဖြစ်ပါသည်။ တစ်ရက်တွင်ဆရာကြီးဒေါက်တာ ကျော်ဝင်းသည် ဆရာနေညွန့်ဗဆွေနှင့်အတူ ရန်သစ်မဂ္ဂဇင်းသို့ ရောက်လာခဲ့ပါသည်။ ဆရာနေညွန့်ဗဆွေနှင့် တွေ့ဆုံစကားစပ်မိခဲ့ရာမှ အစပြုလျက် ရွှေတူဂျာနယ်တွင်ဆရာ၏ဖခင်ဦးဗဆွေ(ဝန်ကြီးချုပ်ဟောင်း) အခန်းဆက်ရေးသားခဲ့သောတော်လှန်ရေး၏ မြုပ်ကွက်ရှုပ်ကွက်များ ဆောင်းပါးများအားစုစည်းပြီး စာအုပ်အဖြစ်ထုတ်ဝေရန်ဆန္ဒဖြစ်ပေါ်မိခြင်း ဖြစ်ပါသည်။ ယခုစာအုပ်မှာ ရွှေတူဂျာနယ်တွင်(၁၂-၂-၁၉၇၁)နေ့မှ (၁-၂-၁၉၇၂)နေ့အထိ ဖော်ပြခဲ့သောဆောင်းပါး (၂၄)ပုဒ်ကို စုစည်းထားခြင်း ဖြစ်ပါသည်။

တော်လှန်ရေး၏ မြုပ်ကွက်ရှုပ်ကွက်များစာအုပ် ထုတ်ဝေနိုင်ရေးအတွက် ဆရာနေညွန့်ဗဆွေနှင့် ဆက်သွယ်ပေးကာ အမှာစာရေးသားပေးသော ဆရာကြီးဒေါက်တာကျော်ဝင်းအားလည်းကောင်း၊ စာအုပ်အဖြစ် ထုတ်ဝေခွင့်ပြုသော ဆရာနေညွန့်ဗဆွေ(တွဲဖက်ပါမောက္ခ၊ သမိုင်းဌာန၊ မအူပင်တက္ကသိုလ်)နှင့် ဦးဗဆွေ(ဝန်ကြီးချုပ်ဟောင်း)မိသားစုအားလည်းကောင်း အထူးကျေးဇူးတင်ကြောင်း မှတ်တမ်းပြုအပ်ပါသည်။

ပြည်သွေးနိုင်
တာဝန်ခံအယ်ဒီတာ၊ ရန်သစ်မဂ္ဂဇင်း
ထုတ်ဝေသူ
ဒေတ်ပြတိုက်စာပေ

■

ဒေါက်တာကျော်ဝင်း
ပါမောက္ခ၊ ဌာနမှူး(ငြိမ်း) သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်အမှာစာ

မြန်မာ့လွတ်လပ်ရေးသမိုင်းတွင် နောက်ဆုံးအပိုင်းဖြစ်သော ဖက်ဆစ်နှင့် နယ်ချဲ့တော်လှန်ရေးအပိုင်း၊ တစ်နည်းဆိုရသော် ဒုတိယကမ္ဘာစစ်ကြို ကာလနှင့် စစ်ပြီးကာလနှင့်စပ်လျဉ်း၍ ရေးသားပြီးသူများ ရှိခဲ့ပါသည်။ ထိုသို့ ရေးသားခဲ့သူများတွင် ထိုတော်လှန်ရေးတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်လှုပ်ရှားခဲ့သူများလည်း ပါဝင်သည်။ ကြားဖူးနားဝ မှတ်သားမိသမျှကိုလည်းကောင်း၊ စာပေအထောက်အထားကို အခြေခံ၍လည်းကောင်း တစ်ဆင့်ပြန်လည်ရေးသားသူများလည်း ပါဝင်သည်။ လွန်ခဲ့သော အနှစ် ၇၀ ကျော်ကာလ အဖြစ်အပျက်များကို ရေးသားရာတွင် ကွဲလွဲချက်များရှိနေသည်။ သမိုင်းကိုရေးသားပြုစုရာတွင် ကွဲလွဲချက်များ နည်းနိုင်သမျှနည်းအောင် ပြုစုဖို့ အထူးလိုအပ်ပေသည်။ သမိုင်းဖြစ်ရပ်အမှန်ကို ရေးသားပြုစုဖို့ လိုအပ်ပါသည်။ အထူးသဖြင့် ခေတ်ပြိုင်ကာလတွင် ပါဝင်လှုပ်ရှားသူများက ပါဝင်တည့်မတ်ပေးပါမှ နောင်လာနောက်သား လူငယ်များအတွက် အဖိုးမဖြတ်နိုင်သော သမိုင်း ပေါ်ထွက်လာမည်ဖြစ်သည်။

ဖက်ဆစ်နှင့် နယ်ချဲ့တော်လှန်ရေးအပိုင်းတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်လှုပ်ရှားသူများမှာ ယနေ့ဆိုလျှင် လက်ချိုးရေနိုင်သည့် အရေအတွက်လောက်သာ ကျန်ရှိတော့သည်။ အချို့မှာ အသက်ထင်ရှား မကျန်ရှိတော့သော်လည်း သူတို့မကွယ်လွန်မီက ပြုစုခဲ့သော စာမူများ ကျန်ရှိနေသေးသဖြင့် ပြန်လည်ထုတ်ဝေနေရသည်။ ယင်းစာမူများတွင် ဝန်ကြီးချုပ်ဟောင်း ဦးဗဆွေ ရေးသားခဲ့သော 'တော်လှန်ရေး၏ မြုပ်ကွက်ရှုပ်ကွက်များ'လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ယင်းစာမူကို ရွှေတူဂျာနယ် (၁၂-၂-၇၁) မှ . . . အထိ အခန်းဆက်အဖြစ် ထည့်သွင်းဖော်ပြခဲ့ဖူးပါသည်။ ယခုအခါ ဆောင်းပါးများကို စုစည်း၍ စာအုပ်အဖြစ် ထုတ်ဝေလိုက်ခြင်းဖြစ်သည်။

စာရေးသူမှာ မြန်မာ့နိုင်ငံရေးလောကတွင် ထင်ရှားခဲ့သူတစ်ဦးဖြစ်သော ဝန်ကြီးချုပ်ဟောင်းဦးဗဆွေ ဖြစ်သည်။ မြန်မာ့နိုင်ငံရေးလောကတွင် 'ဗဆွေ'အမည်တူများရှိခဲ့ရာ ဝန်ကြီးချုပ်ဟောင်းဦးဗဆွေကို သူ့ရဲဘော်များက 'ကျားကြီးဗဆွေ'ဟု ချစ်စနိုးခေါ်ဝေါ်ကြသည်။ သူကား အမည်နှင့်လိုက်အောင် ရဲရင့်သည်။ ပြောစရာရှိလျှင် ဘွင်းဘွင်းပြောသည်။ အပိုမပြော၊ ပရိယာယ်မရှိ၊ နိုင်ငံရေးတရားဟောလျှင် ရဲရဲဝံ့ဝံ့ဟောသည်။ သို့ဖြစ်၍ 'ကျားကြီးဗဆွေ' ဟူသော နာမည်ကို ရရှိခဲ့ခြင်းဖြစ်သည်။

နိုင်ငံရေးသမားဖြစ်လာသော ဦးဗဆွေသည် ကျောင်းသားအရွယ် ဘဝကပင် ကလောင်သွေးခဲ့ဖူးသည်။ **ဒဂုန်၊ ကဝိမျက်မှန်** မဂ္ဂဇင်းများမှစ၍ **ဒီးဒုတ်ဂျာနယ်၊ ဘားမားဂျာနယ်၊ နဂါးနီဂျာနယ်** နှင့် **အိုးဝေမဂ္ဂဇင်း**များတွင် ကလောင်နာမည်အမျိုးမျိုးနှင့် ရေးသားခဲ့ဖူးသည်။ ကလောင်အမည်များမှာ **ဟိုက်စကူးမြင့်ဆွေ၊ ဟိုက်စကူးသန်းသန်း၊ ဗဆွေ(ထားဝယ်)၊ ဗမာသွေး၊ မိုးနက်၊ အဆွေ** စသော ကလောင်အမည်များပင်ဖြစ်သည်။

ဦးဗဆွေသည် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်တို့ဖြင့် အမြဲတက်ကြွနေသည်။ ကျောင်းသားခေါင်းဆောင်၊ တက္ကသိုလ်သမဂ္ဂအတွင်းရေးမှူး၊ အလုပ်သမားခေါင်းဆောင်၊ နိုင်ငံရေးခေါင်းဆောင်၊ ကေဘိုတိုင်ဗိုလ်ချုပ်၊ ဖ. ဆ. ပ. လ ခေါင်းဆောင် စသည်ဖြင့် ဘဝပေါင်းစုံကို ဖြတ်သန်းခဲ့သည်။ နိုင်ငံနှင့် လူမျိုးအတွက် ပေးသမျှတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့သည်။ အာဏာမမက်၊ ကိုယ်ကျိုးမဖက်သဖြင့် နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များ၏ လေးစားခြင်းကို ခံယူရခြင်းဖြစ်သည်။

ဦးဗဆွေက 'တော်လှန်ရေး၏မြုပ်ကွက်ရှုပ်ကွက်များ'ဆောင်းပါးကို ရေးသားရသည့်ရည်ရွယ်ချက်ကို ဖော်ပြရာတွင် -

"ဤမြုပ်ကွက်ရှုပ်ကွက်များကို ဖော်ထုတ်နိုင်သူတို့မှာလည်း တစ်နေ့တခြား လုံးပါးပါးလျက်ရှိလေပြီ။ ကြာလျှင် တုတ်ထမ်း၊ ဓားထမ်းပြောရမည်ကို ပင်စိုးရိမ်မိတော့သည်။ ဤမြုပ်ကွက်ရှုပ်ကွက်များကိုဖော်နိုင်သူတို့မှာ လည်း ယနေ့အဖို့ဆိုလျှင် လက်တစ်ဖက်ရှိ လက်ချောင်းများထက်မပိုတော့၊ ထိုအထဲ ဤစာရေးသူလည်း တစ်ဦးအပါအဝင်ဖြစ်ရာ ကြီးလေးသောတာဝန် ရှိသူပင် ဖြစ်နေတော့သည်" ဟူ၍ ရေးသားခဲ့ပါသည်။

အထက်ပါရည်ရွယ်ချက်နှင့်အညီ ဝန်ကြီးချုပ်ဟောင်း ဦးဗဆွေသည်

သူ၏အခန်းဆက်ဆောင်းပါးတွင် တော်လှန်ရေး၏မြုပ်ကွက်ရှုပ်ကွက်များကို တတ်နိုင်သမျှ ထောက်ပြသွားသည်ကို ဖတ်ရှုရပါသည်။ သာကေအားဖြင့် ဦးဗဆွေသည် 'ရန်ကုန်မြို့ကို မည်သူသိမ်းသနည်း'ဟူသောဆောင်းပါး၌ တော်လှန်ရေးတိုင်းကြီး ၇ တိုင်းနှင့်စပ်လျဉ်း၍ ထုတ်ပြီးသမျှ စာအုပ်စာတမ်းများတွင် တိုင်း ၇ တိုင်းကိုသာ ဖော်ပြကြောင်း၊ ထို ၇ တိုင်းတွင် ရန်ကုန်၊ အင်းစိန်နှင့် ဟံသာဝတီမပါဝင်ကြောင်း၊ တိမ်မြုပ်နေသောအချက်မှာ တိုင်းကြီး ၇ တိုင်းအပြင် လျှို့ဝှက်တိုင်းအဖြစ် ရန်ကုန်တိုင်းကို သီးခြားဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်ရေးသားခဲ့သည်။

ယင်းဆောင်းပါးတွင်ပင် ဦးဗဆွေက ရန်ကုန်မြို့ကို သိမ်းပိုက်ခဲ့သူများမှာ ဗမာ့မျိုးချစ်တပ်မတော်သာဖြစ်ကြောင်း၊ မေလ ၁ ရက်နေ့တွင် သိမ်းပိုက်ခြင်းဖြစ်ကြောင်း၊ ရန်ကုန်တိုင်းအတွင်း မြို့ပြအုပ်ချုပ်ရေးကို ပြန်လည်ထူထောင်၍ ငြိမ်ဝပ်ပိပြားရေးဆောင်ရွက်ရန် ထိုစဉ်က အာရှလူငယ်ဥက္ကဋ္ဌဖြစ်သော ဦးဘဂျမ်းကို တာဝန်ပေး၍ ရန်ကုန်တိုင်း ဖ. ဆ. ပ. လ အဖွဲ့ချုပ်ကို ဖွဲ့စည်းစေခဲ့ကြောင်း၊ ဗိုလ်ချုပ်ကြီးစလင်းကို 'ရန်ကုန်သိမ်းဗိုလ်ချုပ်ကြီး' ဟု အမွှန်းတင်ခြင်းမှာမဟုတ်မှန်ကြောင်း ရှင်းလင်းခဲ့သည်။

ဝန်ကြီးချုပ်ဟောင်းဦးဗဆွေသည် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် အငြင်းပွားဖွယ်ရာဖြစ်ခဲ့သော ဖက်ဆစ်ဂျပန်တို့နှင့် ပူးပေါင်းရခြင်းအကြောင်းကိုလည်း သူ၏အခန်းဆက်ဆောင်းပါးတွင် ရှင်းလင်းခဲ့သည်။ ဦးဗဆွေက ဖက်ဆစ်ဂျပန်တို့အကြောင်းကိုမသိ၍မဟုတ်ကြောင်း၊ မိမိတို့ကိုယ်တိုင်သိရုံမျှမက ပြည်သူလူထုပါ သိရှိရအောင် တရုတ်ပြည်၊ ကိုရီးယားတို့တွင် ဖက်ဆစ်ဂျပန်တို့၏ လူမဆန်သော ရက်စက်ကြမ်းကြုတ်မှုများကို နဂါးနီမှ စာအုပ်စာတမ်းများထုတ်ဝေခဲ့ကြောင်း၊ ပြည်သူ့အရေးတော်ပုံပါတီက ထုတ်ဝေသော လျှို့ဝှက်စာတမ်းများတွင်လည်း အထူးဖော်ပြ၍ ပညာပေးခဲ့ပါကြောင်း၊ ဖက်ဆစ်ဂျပန်တို့သည် မဖိတ်ခေါ်ရဘဲ အိမ်ပေါ် သို့ရောက်လာခဲ့ခြင်းသာဖြစ်ကြောင်း ရှင်းလင်းတင်ပြထားသည်။

ဖက်ဆစ်တော်လှန်ရေးကို အောင်မြင်စွာ ဆင်နွှဲပြီးနောက် လွတ်လပ်ရေးတိုက်ပွဲကို ဆက်လက်ဆင်နွှဲရပြန်သည်။ လွတ်လပ်ရေးတိုက်ပွဲ ဆင်နွှဲရာတွင် တပ်ဦး၏လမ်းစဉ်ချမှတ်ရာ၌ ဖ. တ. ပ. လ ခေါင်းဆောင်များ၏ သဘောထား ကွဲလွဲကြပြန်သည်။ ယင်းသဘောထားကွဲလွဲပုံနှင့် ဗိုလ်ချုပ်အောင်

ဆန်း၏မူ ပေါ်ပေါက်လာပုံကိုလည်း ဦးဗဆွေက 'တော်လှန်ရေး၏ မြုပ်ကွက်ရှုပ်ကွက်များ' အခန်းဆက်ဆောင်းပါးတွင် ဖော်ထုတ်ခဲ့သည်ကို ဖတ်ရှုရပါသည်။ ဦးဗဆွေက ဖ. တ. ပ. လ ၏ အနာဂတ်လုပ်ငန်းစဉ်ကို တော်လှန်ရေးတပ်ဦးတွင် သဘောထားသည့်လမ်းစဉ်အတိုင်း ကျင့်သုံးရန် မိမိတို့တင်ပြကြောင်း၊ သခင်သန်းထွန်းကမူ 'ငြိမ်းချမ်းစွာဖြစ်ပေါ်ရေး'တရားခေါ် **ဘရောက်ဒါဝါဒ**ကို အခြေခံ၍ လက်နက်ကိုင်တိုက်ပွဲ မလိုတော့ဟု တင်ပြကြောင်း၊ **ဘရောက်ဒါဝါဒ** ဆိုသည်မှာ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက အမေရိကန်ကွန်မြူနစ်ပါတီခေါင်းဆောင်တစ်ဦးဖြစ်သော အာလ်ရ်ဘရောက်ဒါက ဒုတိယကမ္ဘာစစ်ကြီးနှင့်ပတ်သက်၍ သဘောတရားရေးရာ သုံးသပ်မှုစာတမ်းတစ်စောင် ထုတ်ဝေခဲ့ကြောင်း၊ **'ဘရောက်ဒါဝါဒ'**ဟူ၍လည်းကောင်း၊ **'ငြိမ်းချမ်းစွာဖြစ်ပေါ်ရေး'**သဘောတရားဟူ၍လည်းကောင်း ထိုစဉ်က ခေါ်ဆိုကြောင်း ဖော်ပြထားသည်။

ဆက်လက်၍ ဦးဗဆွေက မိမိတို့လူများစုက 'လက်နက်ကိုင်တိုက်ပွဲ မလိုတော့'ဆိုသည်ကို လက်မခံနိုင်ကြောင်း၊ ငြိမ်းချမ်းစွာဖြစ်ပေါ်ရေးသဘောတရားကို တရားသေလက်မခံနိုင်ကြောင်း၊ သခင်စိုးနှင့် သခင်ဗဟိန်းက သခင်သန်းထွန်း၏အယူအဆကို လက်ခံကြောင်း၊ နောက်ဆုံးတွင်မှ ဗိုလ်ချုပ်အောင်ဆန်းက ဥက္ကဋ္ဌအနေဖြင့် သူ၏အယူအဆကို တင်ပြခဲ့ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်း၏အယူအဆမှာ 'လက်နက်ကိုင်တော်လှန်ရေး လုံးဝမရှိတော့ဟူသော အယူအဆသည် တစ်ဖက်စွန်းမလွတ်သော အယူအဆသာဖြစ်ကြောင်း၊ လက်နက်ကိုင်တော်လှန်ရေးကိုဦးစားပေး၍ အရာရာစဉ်းစားမှုသည်လည်း တစ်ဖက်စွန်းမလွတ်သော အယူအဆပင်ဖြစ်ကြောင်း၊ ထိုအစွန်းနှစ်ဖက်မှလွတ်သော လမ်းစဉ်သည်သာမှန်ကန်ကြောင်း၊ သို့ဖြစ်၍ ယခုဖက်ဆစ်တော်လှန်ရေးတွင် ရရှိသော လူထုအုံကြွမှုကို အရှိန်ယူ၍လူထုတိုက်ပွဲကိုဦးစားပေး၍ လွတ်လပ်ရေးတိုက်ပွဲကို ဆင်နွှဲသင့်ကြောင်း၊ မရသည့်အဆုံးတွင်မှ လက်နက်ကိုင်တိုက်ပွဲကိုသွားသင့်ကြောင်း' တင်ပြခဲ့သည်ကိုဆောင်းပါးတွင် လေ့လာရပေသည်။

ထုတ်ဝေပြီးသမျှ စာအုပ်စာတမ်းများတွင် ဖ. ဆ. ပ. လ အဖွဲ့ချုပ်အမည်နှင့်စပ်လျဉ်း၍လည်း အမျိုးမျိုးကွဲပြားစွာတွေ့ရပေသည်။ ဤကိစ္စနှင့်စပ်လျဉ်း၍လည်း ဦးဗဆွေက အောက်ပါအတိုင်း ရှင်းလင်းထားပါသည်။

၁။ အင်္ဂလိပ်အစရှိသော မဟာမိတ်တပ်မတော်က 'ဖက်ဆစ်ဆန့်ကျင်ရေးအစည်းအရုံး' (A. F. O)ဟု ခေါ်ဆိုရေးသားကြသည်။

၂။ အမေရိကန်သတင်းစာများက 'ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ချုပ်' (A. F. L)ဟု သုံးနှုန်းကြသည်။ အမည်မှန်မှာ ဖ. တ. ပ. လ (နောင်အခါ ဖ. ဆ. ပ. လ) အဖွဲ့ချုပ်သာဖြစ်သည်။ အဖွဲ့ချုပ်၏ အမည်အပြည့်အစုံကိုကြည့်ခြင်းဖြင့် အဖွဲ့ချုပ်သည် ဖက်ဆစ်ဂျပန်ကို တိုက်ခိုက်တော်လှန်ရုံဖြင့်မပြီး၊ နိုင်ငံနှင့်ပြည်သူတို့ လွတ်မြောက်ရေးအတွက် ရည်ရွယ်သည်မှာ ထင်ရှားလျက်ရှိလေသည်။

ဝန်ကြီးချုပ်ဦးဗဆွေသည် သူ၏ 'တော်လှန်ရေး၏မြို့ပ်ကွက်ရွှပ်ကွက်များ' အခန်းဆက်ဆောင်းပါးတွင် ကွန်မြူနစ်တို့နှင့်ပတ်သက်သော မြို့ပ်ကွက်အနည်းအကျဉ်းကိုလည်း တင်ပြထားသည်ကို ဖတ်ရှုရပါသည်။ ဦးဗဆွေက တော်လှန်ရေးတပ်ဦးစာချုပ် ချုပ်ဆိုစဉ်ကလည်းကောင်း၊ ဖ. ဆ. ပ. လကို လျှို့ဝှက်ဖွဲ့စည်းစဉ်ကလည်းကောင်း လွတ်လပ်ရေးမရမီ မည်သူ့ဘက်ကမှ ဦးတောင်ပါတီမထူထောင်စတမ်း ကတိကဝတ်ပြုထားကြောင်း၊ လွတ်လပ်ရေးအတွက် သေရေးရှင်ရေးတမျှ အရေးကြီးနေချိန်တွင် ညီညွတ်ကြရမည့်အစား ကဖျက်ယဖျက် လုပ်လာသဖြင့် ဖ. ဆ. ပ. လ အမှုဆောင်အဖွဲ့မှ သခင်သန်းထွန်းအား အထွေထွေအတွင်းရေးမှူးချုပ်ရာထူးမှ နုတ်ထွက်ခိုင်းရပုံကိုလည်း ရှင်းလင်းထားသည်ကို ဖတ်ရှုရပါသည်။

စာရေးသူက သူ၏ဆောင်းပါးမှာ ပြီးပြည့်စုံပြီဟု မဆိုသာကြောင်း ဝန်ခံထားပါသည်။ သို့ရာတွင် သူမှတ်မိသမျှ၊ တတ်စွမ်းသမျှ မြို့ပ်ကွက်များကို ကြိုးပမ်းဖော်ထုတ်ထားသဖြင့် မြန်မာ့နိုင်ငံရေးသမိုင်းအတွက် အထောက်အကူပြုကြောင်းနှင့် ယနေ့အချိန်အခါသည် ပါတီစုံဒီမိုကရေစီစနစ်ဖြင့် လျှောက်လှမ်းနေသော အချိန်ကာလဖြစ်၍ အတိတ်သမိုင်းဖြစ်ရပ်မှန်များ ဖော်ထုတ်ရန်လိုအပ်နေချိန်တွင် ဤစာအုပ် ထွက်ပေါ်လာသဖြင့် ဝမ်းမြောက်စွာဖြင့် ကြိုဆိုလိုက်ရပါသည်။

ဒေါက်တာကျော်ဝင်း
ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)
သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်

ဦးဗဆွေ(ဝန်ကြီးချုပ်ဟောင်း) (၁၉၁၅ – ၁၉၈၇)

PDF CREATOR - NYEYADHAMMA@GMAIL.COM

ဦးဗဆွေ(ဝန်ကြီးချုပ်ဟောင်း) ၏ အတ္ထုပ္ပတ္တိ

ဦးဗဆွေကို ၁၂၇၇ ခုနှစ် (၁၉၁၅) ကဆုန်လဆန်း ၇ ရက် (၉ ပြီ ၁၉)၊ တနလ်ာနေ့ နံနက် ၉ နာရီအချိန် ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ အုန်းပင်ကွင်းရွာတွင် ဖွားမြင်သည်။ အဖဦးထွန်းလှိုင်၊ အမိဒေါ်ပဲလေးဖြစ်သည်။ မွေးချင်းသားသမီးသုံးဦးတွင် အထွေးဆုံးဖြစ်သည်။ ငယ်စဉ်က ရွာဘုန်းကြီးကျောင်းတွင် ပညာစတင်သင်ကြားခဲ့သည်။ ရှင်ပြုပြီးမှ ထားဝယ်မြို့ကျောင်းသို့ ပြောင်း သည်။ ခုနစ်တန်းအထိ အမျိုးသားကျောင်းတွင်နေပြီး ရှစ်တန်းမှစ၍ အစိုးရ ဟိုက်စကူးကျောင်းသို့ ပြောင်းသည်။ ဆယ်တန်းကျောင်းသားဘဝတွင် နယ်ချဲ့အစိုးရကို ဆန့်ကျင်သော စာတမ်းကို ပုံနှိပ်ထုတ်ဝေသည့်အတွက် အဖမ်းခံရသည်။ တစ်ရက်မျှအချုပ်ခံရပြီး ကျောင်းအုပ်ဆရာကြီး၏ အာမခံချက်ကြောင့် လွတ်မြောက်ခဲ့သည်။ ၁၉၃၅-၃၆ ခုနှစ် ကျောင်းသားများ သပိတ်တွင် ထားဝယ်ခရိုင်၌ ခေါင်းဆောင်သည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ ပထမဆုံးကျောင်းသားများ ညီလာခံကို ထားဝယ်ခရိုင် ကျောင်းသားများကိုယ်စား ကိုထွန်းအေး(နဂါးနီ) နှင့်အတူ ရန်ကုန်တွင် တက်ရောက်ခဲ့သည်။

၁၉၃၆-၃၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ရောက်သည်။ ၁၉၃၇-၃၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂတွင် အမှုဆောင် ဖြစ်ခဲ့သည်။ ၁၉၃၈-၃၉ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂတွင် အထွေထွေအတွင်းရေးမှူးဖြစ်ရုံမက မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂတွင်လည်း အထွေထွေအတွင်းရေးမှူးဖြစ်ခဲ့သည်။ ထိုနှစ်မှာပင် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌ ကိုဗဟိန်းနှင့်အတူ ရေနံမြေအလုပ်သမားအရေးနှင့်ပတ်သက်၍ မကွေးတွင် အဖမ်းခံခဲ့ရရာမှ ၁၃၀၀ ပြည့် အရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့သည်။ ထောင် ၆ လ အချခံခဲ့ရသော်လည်း ၃ လမျှ အင်းစိန်တွဲဖက်ထောင်တွင်နေရပြီး ကျောင်းသားများတိုက်ပွဲကြောင့် လွတ်မြောက်ခဲ့သည်။

၁၉၃၉-၄၀ ခုနှစ်တွင် နယ်ချဲ့တော်လှန်ရေးအတွက် (P.R.P) Peopleiso' Revolutionary Party - ပြည်သူ့အရေးတော်ပုံပါတီ မြေအောက်လှို့ဝှက်ပါတီ ဖွဲ့စည်းရာတွင် ခေါင်းဆောင်တစ်ဦးအနေဖြင့် ပါဝင်ခဲ့သည်။ သခင်မြမှာ အဖွဲ့ခေါင်းဆောင်ဖြစ်သည်။ တော်လှန်ရေးအတွက် ပြင်ဆင်လုပ်ကိုင်ရာတွင် ရန်ပုံငွေရှိရန် လိုအပ်သည်။ ထို့ပြင် တော်လှန်ရေးရဲဘော်များကို နိုင်ငံခြားသို့ ထုတ်ရာတွင်လည်းကောင်း၊ ထိုရဲဘော်များ ပြန်ဝင်ရာတွင်လည်းကောင်း၊ လက်နက်များသွင်းရာတွင်လည်းကောင်း တနင်္သာရီတိုင်းသည်အဓိက အရေးပါသောဒေသဖြစ်သည်ဟု ယူဆကြသည်။ ထို့ကြောင့် တနင်္သာရီတိုင်းတွင် တော်လှန်ရေးအခြေခံ အထူးတောင့်တင်းအောင် တည်ဆောက်ရန်လိုသည်ဟု ဆုံးဖြတ်ကြသည်။

ထိုတာဝန်နှစ်ခုကို လက်ခံကာ ၁၉၃၉-၄၀ ခုနှစ်တွင် ကျောင်းဆက်မတက်တော့ဘဲ ထားဝယ်သို့ ခေတ္တပြန်ကာ မိဘများထံမှ သတ္တုတွင်းတစ်ခုကို ကိုယ်တိုင်ဦးစီးလုပ်ကိုင်ခွင့်ပေးရန် တောင်းဆိုခဲ့သည်။ သတ္တုတွင်းမှရသော အမြတ်ငွေများအနက်မှ တချို့တစ်ဝက်ကို ရန်ကုန်ရှိ ရဲဘော်များထံပို့ကာ ထောက်ပံ့ခဲ့သည်။ တစ်ဖက်တွင်လည်း ထားဝယ်မြို့ပေါ်မှ ရဲဘော်များနှင့်ပေါင်းကာ တို့ဗမာအစည်းအရုံးလုပ်ငန်းနှင့် လက်ရုံးတပ်ဖွဲ့စည်းရေးကို အပြင်းအထန်လုပ်ဆောင်ခဲ့သည်။ မြို့နယ်၊ ကျေးရွာတိုင်းတွင် ဖွဲ့စည်းခဲ့သည်။ ထားဝယ်မြို့မ ရွေးကောက်ပွဲတွင် အမတ်နေရာလစ်လပ်သဖြင့် ကြားရွေးကောက်ပွဲတွင် သခင်လွန်းဘော်ကို အမတ်လောင်းတင်ကာ အနှစ်နှစ်အလလကြီးစိုးလျက်ရှိသည့် ၂၁ ဦးအဖွဲ့မှ အမတ်လောင်းကို အပြတ်အသတ်နိုင်အောင် တိုက်ခဲ့သည်။ ထိုအချိန်ကျမှ သခင်ကိုယ်တော်မိုင်း တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်ခဲ့သဖြင့် တရားဝင်သခင် ဖြစ်ခဲ့သည်။ ထားဝယ်ခရိုင်ကိုသာမက ပုလော၊ မြိတ်၊ တနင်္သာရီ၊ ရေး၊ ကျိုက္ခမီ၊ မော်လမြိုင်များတွင်ပါ တော်လှန်ရေးအခြေခံများ တောင့်တင်းအောင် တည်ဆောက်ခဲ့သည်။

၁၉၄၀ ခုနှစ် စက်တင်ဘာလတွင် ရန်ကုန်သို့ပြန်လာကာ ပြည်သူ့အရေးတော်ပုံပါတီ မြေအောက်တော်လှန်ရေးလုပ်ငန်းများတွင် အချိန်ပြည့်လုပ်ကိုင်ခဲ့သည်။ ၁၉၄၁-၄၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ တာဝန်အရပြန်တက်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ တစ်ပြိုင်တည်းမှာပင် ပြည်သူ့အရေးတော်ပုံပါတီတွင် စစ်

ရေးနှင့် စည်းရုံးရေးတာဝန်ကို ထမ်းဆောင်သည်။ ရဲဘော်သုံးကျိပ် စေလွှတ်ရေးကိုပါ ဆောင်ရွက်ခဲ့သည်။ နယ်ချဲ့တော်လှန်ရေးတွင် ရှေ့တန်းမှ ထက်မြက်စွာပါဝင်ပြီး တနင်္သာရီတိုင်း၏ တော်လှန်ရေးခေါင်းဆောင်အဖြစ်နှင့် တာဝန်ယူခဲ့သည်။

၁၉၄၃ ခုနှစ်တွင် ရန်ကုန်သို့ ပြန်လည်ရောက်ရှိကာ သခင်မြ၏ တာဝန်ပေးချက်အရ လေကြောင်းကာကွယ်ရေးတပ်ဖွဲ့တွင် ကေဘိုတိုင် ဗိုလ်ချုပ်အဖြစ် တာဝန်ယူ၍ တစ်ဖက်တွင်လည်း ကေဘိုတိုင်အဖွဲ့၊ အာရှလူငယ်အဖွဲ့၊ တို့ဗမာဆင်းရဲသားအဖွဲ့၊ မြို့စောင့်တပ်များကို အကာအကွယ်ယူ၍ ပြည်သူ့အရေးတော်ပုံပါတီကို ပြန်လည်အသက်သွင်းကာ ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွက် ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့သည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွက် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (ဖ. တ. ပ. လ)ကို လျှို့ဝှက်ဖွဲ့စည်းရာတွင် ခေါင်းဆောင်ကိုးဦး၌ တစ်ဦးအပါအဝင် ဖြစ်ခဲ့သည်။ တော်လှန်ရန် တိုင်းများခွဲ၍ တာဝန်ခွဲဝေသောအခါ လျှို့ဝှက်ရန်ကုန်တိုင်းတာဝန်ခံ ဖြစ်ခဲ့သည်။ ၁၉၄၅ ခုနှစ် မတ်လ ၃၀ ရက်တွင် ဂျပန်ကင်ပေတိုင်များ၏ ဖမ်းဆီးခြင်းခံရသည်။ သခင်မြတို့၏ ကြိုးပမ်းမှုကြောင့် ဧပြီလ ၂၄ ရက်တွင် ပြန်လည် လွတ်မြောက်ခဲ့သည်။ ၁၉၄၅ ခုနှစ် မေလ ၁ ရက်တွင် ရန်ကုန်မြို့ကို မဟာမိတ်တပ်တို့ထက် အရင်သိမ်းပိုက်နိုင်အောင် စီမံဆောင်ရွက်ခဲ့သည်။

၁၉၄၅ ခုနှစ်တွင် လျှို့ဝှက်ပြည်သူ့အရေးတော်ပုံပါတီကို ဆိုရှယ်လစ်ပါတီအဖြစ် ပြောင်ထူထောင်သောအခါ အထွေထွေအတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်ရသည်။ ၁၉၄၆ ခုနှစ်တွင် ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (ဖ. ဆ. ပ. လ) အထွေထွေအတွင်းရေးမှူးတာဝန်ကိုပါ ထမ်းဆောင်ရသည်။ ၁၉၄၉ ခုနှစ်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားများအစည်းအရုံးဥက္ကဋ္ဌ ဖြစ်ခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် မြန်မာနိုင်ငံတော် အစိုးရအဖွဲ့တွင် ဒုတိယဝန်ကြီးချုပ်အဖြစ်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ရသည်။ ၁၉၅၂ ခုနှစ်မှာပင် ရန်ကုန်မြို့တော်ခန်းမတွင် ကျင်းပသော အာရှဆိုရှယ်လစ်များညီလာခံက အာရှဆိုရှယ်လစ်အဖွဲ့ ဥက္ကဋ္ဌအဖြစ် တညီတညွတ်တည်း ရွေးကောက်တင်မြှောက်

ခံရသည်။ ဥက္ကဋ္ဌသက်တမ်းမှာ ၂ နှစ်ဖြစ်သည်။ ၁၉၅၄ ခုနှစ် တိုကျိုမြို့တွင် ကျင်းပသော အာရှဆိုရှယ်လစ်များညီလာခံကလည်း ဥက္ကဋ္ဌအဖြစ် ပြန်လည် တင်မြှောက်ခဲ့သည်။ တစ်ဖန် ၁၉၅၆ ခုနှစ် ဘုံဘေမြို့တွင်ကျင်းပသော အာရှဆိုရှယ်လစ်များ ညီလာခံ၌လည်း ဥက္ကဋ္ဌအဖြစ် ထပ်မံရွေးချယ်ခံခဲ့ရသည်။ ၁၉၅၆ ခု ဇွန်လမှ ၁၉၅၇ ခု မတ်လအထိ နိုင်ငံတော်ဝန်ကြီးချုပ်တာဝန်ကို ထမ်းဆောင်ရသည်။ ၁၉၅၈ ခုနှစ်တွင် ဖ. ဆ. ပ. လ အဖွဲ့ချုပ် နှစ်ခြမ်းကွဲသောအခါ တည်မြဲ ဖ. ဆ. ပ. လ အဖွဲ့ဥက္ကဋ္ဌဖြစ်ပြီး အတိုက်အခံခေါင်းဆောင်ဖြစ်ခဲ့သည်။

၁၉၆၂ ခုနှစ် မတ်လ ၂ ရက်တွင် ဗိုလ်ချုပ်နေဝင်းဦးဆောင်သည့် တပ်မတော်က အာဏာသိမ်းကာ တော်လှန်ရေးကောင်စီအစိုးရတက်သည်။ စစ်အစိုးရတော်လှန်ရေးကောင်စီ၏ နိုင်ငံတော်အား တစ်ပါတီစနစ်ဖြင့် ဆိုရှယ်လစ်နိုင်ငံ တည်ဆောက်မှုကို မထောက်ခံဘဲ မိမိတို့ယုံကြည်ရာဖြစ်သည့် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲစနစ်ဖြင့်သာ ဆိုရှယ်လစ်နိုင်ငံတည်ဆောက်ရန် အကြံပြုတင်ပြခဲ့သည်။ ၁၉၆၃ ခုနှစ် ဇူလိုင်လ ၁၉ ရက်၊ ၁၆ ကြိမ်မြောက် အာဇာနည်နေ့၌ ဆိတ်သုဉ်းခဲ့ပြီဖြစ်သော ပြည်သူလူထု၏ ဒီမိုကရေစီအခွင့်အရေးများနှင့် လူထုမှ အာဏာဆင်းသက်သည့် ဒီမိုကရေစီ ပြန်လည်ထွန်းကားရေးအတွက် သမိုင်းတွင်မည့် 'ရှေ့သို့' မိန့်ခွန်းကို ရဲရဲတောက်ပြောကြားခဲ့သည်။ အဆိုပါမိန့်ခွန်းကြောင့် နောက်ပိုင်း အဖမ်းခံရပြီး ရေကြည်အိုင်စခန်းတွင် သုံးနှစ် တစ်လနှင့် တစ်ဆယ့်ရှစ်ရက် ဖမ်းဆီးခံခဲ့ရသည်။ ၂၇. ၁၀. ၆၆ နေ့တွင် ပြန်လွတ်သည်။

နိုင်ငံခြားအစိုးရများက အသိအမှတ်ပြု၍ ခိုးမြှင့်ခံရသော ဘွဲ့တံဆိပ်များမှာ -

၁။ ယိုးဒယားဘုရင်က ၎င်းနိုင်ငံ၏ အမြင့်ဆုံး ဘွဲ့တံဆိပ်ဖြစ်သော ဆင်ဖြူတော်ဘွဲ့တံဆိပ်ဖြင့် ဂုဏ်ပြုချီးမြှင့်ခြင်းကို ခံရသည်။

၂။ ယူဂိုစလပ်နိုင်ငံအစိုးရ၏ 'အောင်လံတော်ဘွဲ့'တံဆိပ် (ပထမဆင့်) ဖြင့် ဂုဏ်ပြုချီးမြှင့်ခြင်းကို ခံရသည်။

၃။ အင်ဒိုနီးရှားနိုင်ငံအစိုးရက ၎င်းတို့၏လွတ်လပ်ရေးတွင် အထူးအားပေးကူညီခဲ့သဖြင့် ဘွဲ့တံဆိပ်နှင့်ဆုများ ခိုးမြှင့်ရန်ကမ်းလှမ်းခဲ့

သော်လည်း အစိုးရ၏ခွင့်ပြုချက်မရသဖြင့် ရပ်ဆိုင်းခဲ့ရသည်။

မြန်မာနိုင်ငံတော်အစိုးရက ချီးမြှင့်ခံရသော ဘွဲ့တံဆိပ်များနှင့် ဆုလာဘ်များမှာ -

(၁) မော်ကွန်းဝင် (ပထမဆင့်)

(၂) နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်) တို့ ဖြစ်သည်။

၁၉၈၀ ပြည့်နှစ်တွင် နိုင်ငံတော်အစိုးရက နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်) နှင့်အတူ အငြိမ်းစားနိုင်ငံတော်ဝန်ကြီးချုပ်လစာအပြင်ကားနှင့်ကိုယ်ရေး အဆောင် အယောင်များ ပေးခဲ့သည်။

၁၉၈၇ ခုနှစ် ဒီဇင်ဘာလ ၆ ရက် တနင်္ဂနွေနေ့ နံနက် ၃ နာရီ ၄၅ မိနစ်အချိန်တွင် စမ်းချောင်းမြို့နယ်ရှိ (ယခင်)အမှတ် ၈၄ ဟုမ်းလမ်း (ယခု) ပန်းလျိုင်လမ်းတွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်နုနုဆွေနှင့် သားသမီး ၉ ဦး ကျန်ရစ်သည်။

■



ကျားကြီး ခေါ် ဗိုလ်သီဟ အမည်ဖြင့်တနင်္သာရီတိုင်း အုပ်ချုပ်ရေးတာဝန်ယူစဉ်တွေ့ရသော ဦးဗဆွေ(ဝန်ကြီးချုပ်မောင်း) (၁၉၄၂-၄၃)



၁၉၃၇–၃၈ တက္ကသိုလ်ကျောင်းသားသမဂ္ဂအမှုဆောင်အဖွဲ့၊ ရှေ့တန်း ယာ(ဒ) မှာကိုအောင်ဆန်းဖြစ်ပြီး၊ နောက်တန်း ယာ (စွန်) မှာ ကိုဗဆွေ ဖြစ်သည်။



အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ဦးဗဆွေတို့ ၁၉၄၆ ခုနှစ်က ထားဝယ်သို့ရောက်စဉ်၊(ဝဲမှယာ–ဦးဘဂျမ်း၊ ဦးဗဆွေ၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် ကိုယ်ရံတော်နှစ်ဦး) ဗိုလ်ချုပ်အောင်ဆန်း၏ ဝဲနှင့်ယာမှကလေးငယ်နှစ်ဦးမှာဖက်ဆစ်ရန်ကို ပထမဆုံးတော်လှန်ခဲ့သော မြန်မာ့သူရဲကောင်း ဗိုလ်မှူးကြီးဗထူး၏ သားငယ်နှစ်ဦးဖြစ်သည့် မောင်ဖေဝင်း (ဗိုလ်မြင့်ထူး) နှင့် မောင်စန်းဝင်းတို့ ဖြစ်ကြသည်။

ဖွဲ့ဝင်သူတွေ ကထိုက်သူတွေ ကြောင်စောင့်သူတွေရဲ့ ဖိစီးခက်ခဲမှုတွေ ဟုတ်မှန်ပြီလားရဲ့ ။ဒုက္ခသားတွေရဲ့ ။ပြည်သူ့အသွေးသားတွေ
။ပါဝင်ပေးဆပ်ခဲ့ကြတဲ့သူ–နှစ်ပေါင်းများစွာ ။ဘိုကြွေး ဖြတ်သန်းခဲ့ရတဲ့အတွေ့အကြုံ–ဒဏ်ရာတွေ–ထောင်ကျခံခဲ့ရမှု(၂၁ခါတိုင်တိုင်)ဝိုင်း ။ဤနေ့ရောက်ဖို့ ဖြတ်သန်းခဲ့ရတဲ့ဝန်ထုပ်ဝန်ပိုးတွေ ဖဆပလတွင်းက ဖဆပလအပြင်ဘက်ရောက်ခဲ့ရတဲ့ ဖဆပလ ဝင်တွေ

ဂျပန်ခေတ် ရခိုင်ဒုက္ခသည်အစည်းအရုံးဝင်များ(ဝဲမှဘာ–ဇရပ်တန်း–ဒေါ်သင်းကြည်(နောင် ဗထီဝါမောက္ခ)၊ အမ်အော ဒေါ်အုန်း၊
ဦးဗမော်(ကာတိုတိုဦးလှမျိုး)၊ အာရှလွှတ်လပ်ရေးညီလာခံကိုယ်စားလှယ်များ ဂျပန်စစ်အာဏာရှိ ရန်ကုန်)



ပထမခေါင်း တိုင်းပြုပြည်ပြု လွတ်တော်ကျင်းပသည့် အတွင်းဝန်မှူးရုံးရှိ ညဗဒပြုပေါင်စီ ခန်းမတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖဆပလအဖွဲ့ဝင်များ ချီတက်သာကြစဉ်၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဂျပ်လက်တွင် ဘာသာတွင် ဦးဗဆွေ(တိုက်ပံ့အင်္ဂျီ) အနောက်ပြုံ၌ တို့ ဖြင့်သည်။ (၉-၄-၁၉၄၇)

ဗိုလ်ချုပ်တို့ကျဆုံးပြီးနောက် အိန္ဒိယနိုင်ငံသို့သွားရောက်စဉ်က နယူးဒေလီမြို့တော် မောင့်ဘက်တန်အိမ်တွင် ရိုက်ကူးထားသော ပုံ။(၁၉၄၇) ထိုစဉ်က ဝန်ကြီးချုပ်ဦးနု (ထိုင်လျက်) နှင့်အတူ တွေ့ရသော ဦးဗဆွေ (ယာစွန်) နှင့် အိုင်စီအက်စ် ဦးတင်ထွဋ်(ဝဲစွန်)။ အပါးတော်မြဲ ဦးချစ်ဆွေ(နောက်တွင်ရပ်နေသူ)

ဗိုလ်မှူးကြီးခင်ညို

အိုးဝဦးညီမြ

PDF စာအုပ်များနှင့် ပတ်သက်၍

စုံစမ်းမေးမြန်းလိုလျှင်

nyeyadhamma@gmail.com သို့

ဆက်သွယ်နိုင်ပါသည်။

ရန်ကုန်ကို မည်သူသိမ်းသနည်း

အိုးဝေဂျာနယ်ထုတ်မည်ကြံစဉ်ကလည်း နုစဉ်ငယ်စဉ်ဘဝက ရေးဖော်ကိုင်ဖက် ဖြစ်ခဲ့ဖူးသော ရေးဖော်ကြီးဦးညိုမြက ငယ်မူပြန်ဆောင်းပါးကလေးများ ရေးသားပါရန် အတန်တန်တိုက်တွန်းခဲ့ဖူးသည်။ စာမရေး၊ စာနှင့် ဝေးနေသည်မှာ အချိန်ကာလကြာညောင်းနေပြီဖြစ်၍ စတင်ရန်လက်မရဲခဲ့။ မနက်ဖြန်သန်ဘက် အချိန်ဆွဲရင်းဖြင့် အချိန်တွေကုန်ခဲ့သည်။ နောက်ပိုင်း အိုးဝေဂျာနယ်ထွက်ပေါ်လာသောအခါ ရေးသူများလိုသည်ထက်ပိုနေသဖြင့် ယနေ့အထိမရေးဖြစ်ခဲ့တော့။

ယခုတစ်ဖန် ကျောင်းသားဘဝမှ တော်လှန်ရေးတစ်လျှောက် ရဲဘော်ကြီးတစ်ယောက်ဖြစ်ခဲ့ဖူးသော ဗိုလ်မင်းခေါင်က သူ၏ ရွှေတူဂျာနယ်တွင် ပါဝင်ရေးသားရန် ဆိုလာပြန်လေပြီ။ ရေးပါမည်ဟုလည်း ကတိပြုခဲ့သည်။ လက်ကတော့ တွန့်တုန်း ရွံ့တုန်း။

ကလောင်ရှင်ဘဝ

ကျွန်ုပ်သည် ဟိုက်စကူးကျောင်းသားဘဝ အသက် ၁၄၊ ၁၅ နှစ် အရွယ်မှစ၍ လက်ရေးမဂ္ဂဇင်းအမျိုးမျိုးကို ဦးစီး၍ ထုတ်ဝေခဲ့ဖူးသည်။ ဒဂုန်၊ ကဝိမျက်မှန်မဂ္ဂဇင်းများမှစ၍ ဒီးဒုတ်ဂျာနယ်၊ ဘားမားဂျာနယ်၊ နဂါးနီဂျာနယ်

နှင့်တကွသိုလ်မဂ္ဂဇင်း၊ အိုးဝေမဂ္ဂဇင်းများတွင် ကလောင်နာမည်အမျိုးမျိုးဖြင့် ဝတ္ထု၊ ဆောင်းပါးနှင့် ကဗျာများရေးသားခဲ့ဖူးသည်။ မိမိခံယူခဲ့သော ကလောင်နာမည်များမှာ များလှသဖြင့် စုံစေ့အောင် ယခုအခါမမှတ်မိတော့။ မှတ်မိသမျှ ဆိုရသော် **ဟိုက်စကူးမြင့်ဆွေ၊ ဟိုက်စကူးသန်းသန်း၊ ဗဆွေ (ထားဝယ်)၊ ဗမာသွေး၊ မိုးနက်၊ အဆွေ** စသော ကလောင်အမည်များဖြစ်ပေသည်။ နိုင်ငံရေးသမားဘဝတွင်လည်း နိုင်ငံရေးဆောင်းပါးများ၊ စာတမ်းများ၊ စာအုပ်များ၊ မိန့်ခွန်းများမြောက်မြားစွာပင်ရေးသားခဲ့ဖူးသည်။ ထိုစဉ်က ရေးလေ့ရေးထအကျင့်များသဖြင့် စာရေးရန် ဘယ်တော့မှ လက်မတွန့်ခဲ့၊ လက်မရွံ့ခဲ့၊ ရေးသားလိုသောအကြောင်းအရာများမည်မျှပင်ကျယ်ဝန်းဝန်းတစ်ထိုင်တည်း တစ်ညတည်းဖြင့် ပြီးအောင်ရေးနိုင်ခဲ့လေသည်။

အလေ့အကျင့်သည် အရာရာတွင်လိုအပ်သည်ဆိုသောစကားသည် မှန်လှဘိတောင်း။ စာအရေးအသားနှင့် ၁၅ နှစ်မျှကင်းကွာခဲ့သောကျွန်ုပ်သည် ကိုယ်တွေ့ကြုံရလေပြီ။ သို့သော် ပေးပြီးသောကတိကိုကား မဖျက်စကောင်း၊ မဝံ့တဝံ့လက်ရွံ့စွာဖြင့် ရေးသားပါတော့အံ့။

* * *

မပြည့်စုံခဲ့သည့်သမိုင်းများ

'ပုဂံရာဇဝင်ကိုပြောရင် တုတ်ထမ်းဓားထမ်းပြောရမည်'ဟု ဆိုရိုးရှိသည်။ အဘယ်ကြောင့်နည်း။ မူအကွဲကွဲ ပုဒ်ဆန်းအထွေထွေ ရှုပ်ပွေနေ၍ဖြစ်သည်။ ထားပါဦးတော့၊ ပုဂံခေတ်ဆိုသည်မှာ နှစ်ပေါင်းတစ်ထောင်ကျော်ခဲ့ပါပြီ။

ကုန်းဘောင်ရာဇဝင်လည်း ထိုနည်းနှင်နှင် အငြင်းပွားစရာ ဒုနဲ့ဒေး။ ထားပါဦးတော့၊ ကုန်းဘောင်ခေတ်ဆိုသည်မှာ နှစ်ပေါင်းနှစ်ရာရှိခဲ့ပါပြီ။

မြင်ကွန်းမြင်းခုံတိုင် အရေးတော်ပုံဆိုပြန်လည်း မှတ်တမ်းတစ် စောင်နှင့်တစ်စောင်မတူ။ သူဘက် ငါဘက် သန်ရာပြောကြရေးကြသဖြင့် အကွဲကွဲ အပြားပြား။ ထားပါဦးတော့။ **မြင်ကွန်း မြင်းခုံတိုင်** အရေးတော်ပုံက လည်း နှစ်ပေါင်းတစ်ရာနီးခဲ့ပါပြီ။

မနေ့တစ်နေ့ကမှ ကျင်းပပြီးခဲ့သော အမျိုးသားနေ့ရွေရတုသဘင်နှင့် ပတ်သက်၍ ဆိုပြန်လည်း ၁၉၂၀ ခုနှစ် ကျောင်းသားအရေးတော်ပုံတွင် ပါဝင်သောခေါင်းဆောင်များ သက်နှင့်ထင်ရှားရှိသေးပါလျက် ခေါင်းဆောင်သူများစာရင်း အမှန်မရှိတော့၊ တစ်ယောက်တစ်မျိုးဖြစ်နေပြန်တော့သည်။

ထားပါဦးတော့၊ ယင်းအဖြစ်အပျက်ကလည်း နှစ်ပေါင်းငါးဆယ်ကျော်ခဲ့ပါပြီ။

ဗမာ့လွတ်လပ်ရေးသမိုင်းတွင် နောက်ဆုံးအပိုင်းဖြစ်သော ဖက်ဆစ်နှင့်နယ်ချဲ့တော်လှန်ရေးကား ၂၅ နှစ်ကျော်ကျော်သာရှိသေးသည်။ ထိုတော်လှန်ရေးတွင် တစ်ဖက်တစ်လမ်းမှ တာဝန်ထမ်းဆောင် ပါဝင်ကြသူများကလည်း မိမိတို့ပါဝင်သောအခန်းမှ မိမိတို့ကိုယ်တွေ့ မိမိတို့သိသမျှကို ဆောင်းပါးဖြင့်တစ်မျိုး၊ စာအုပ်စာတမ်းများနှင့်တစ်ဖုံ နည်းမျိုးစုံဖြင့် ရေးသားတင်ပြထားသည်မှာလည်း မြောက်မြားစွာပင်ရှိခဲ့သည်။ ထိုသူတို့တွင် အချို့က မိမိတို့ကိုယ်တွေ့နှင့် သိသမျှထက် ကျော်လွန်၍ နားစွန်နားဖျား ကြားဖူးနားဝရှိသည်ကို ကိုယ်သိအမှန်သိလုပ်၍ရေးသားမှု၊ မိမိတို့ပါဝင်သော တချို့တစ်ဝက် တစ်စိတ်တစ်ပိုင်းကို အလုံးစုံလုပ်၍ရေးသားမှုတို့ကြောင့် အမှားအယွင်းရှုပ်ကွက်များ ဖြစ်လျက်ရှိခဲ့လေပြီ။ တော်လှန်ရေးတစ်ခုလုံးကို အလုံးစုံခြုံ၍ သိသူများကလည်း အကြောင်းအရာအစုံအလင်ကို ယနေ့အထိ မထုတ်ဖော်မရေးသားကြသေးသဖြင့်လည်း မြုပ်ကွက်များစွာ ကျန်လျက်ရှိလေပြီ။

ဤ မြုပ်ကွက် ရှုပ်ကွက်များကို ဖော်နိုင်သူတို့မှာလည်း တစ်နေ့တခြား လုံးပါးပါးလျက်ရှိလေပြီ။ ကြာလျှင် တုတ်ထမ်းဓားထမ်းပြောရမည်ကိုပင် စိုးရိမ်မိတော့သည်။ **ဤ မြုပ်ကွက် ရှုပ်ကွက်များကို ဖော်နိုင်သူတို့မှာလည်း ယနေ့အဖို့ဆိုလျှင် လက်တစ်ဖက်ရှိ လက်ချောင်းများထက် မပိုတော့။** ထိုအထဲ ဤစာရေးသူလည်း တစ်ဦးအပါအဝင်ဖြစ်ရာ ကြီးလေးသောတာဝန်ရှိသူပင်ဖြစ်နေပါတော့သည်။ ကျွန်ုပ်သည် အပြီးပြည့်စုံသော တော်လှန်ရေးသမိုင်းတစ်စောင်ကို ပြုစုရေးသားရန် ရည်ရွယ်ရင်းရှိခဲ့ပါသည်။ မိမိ၏ စာအရေးအသားနှင့် ကင်းကွာမှုကြောင့် လက်တွန့်နေသဖြင့် ယနေ့အထိ မစတင်နိုင်ခဲ့။

ယခု ဤဆောင်းပါးဖြင့်လည်း တော်လှန်ရေးသမိုင်းအစုံကို အပြီးပြည့်စုံအောင်ရေးသားရန်မရည်ရွယ်ပါ။ မြုပ်ကွက်ရှုပ်ကွက်များကိုသာ အရေးကြီး-အရေးကြီးသလို ဖော်ထုတ်သွားမည်ဖြစ်ပါသည်။ ဤသို့ ဖော်ထုတ်သွားရာတွင်လည်း မည်သူ၏မှားကွက်၊ ဘယ်ဝါ၏ပိုကွက်ဟူ၍ ထောက်ပြနေမည်မဟုတ်ပါ။ အကြောင်းမှန် အဖြစ်မှန်များကိုသာ အမှန်အတိုင်းတင်ပြမည်ဖြစ်ပါသည်။ ကျွန်ုပ် ဟာကွက်လိုကွက်ရှိလျှင်လည်း ထောက်ပြနိုင်သူများအဖြစ် ဗိုလ်ချုပ်ကြီးနေဝင်း၊ ဦးကျော်ငြိမ်းနှင့်တောထဲတွင် သခင်ချစ်တို့ အသက်ထင်ရှားရှိကြသေးသည်။ ထိုသူတို့ကို သက်သေထား၍ ဤဆောင်းပါးကိုရေးသားမည်ဖြစ်ပါသတည်း။

ရန်ကုန်ကို ဘယ်သူသိမ်းသလဲ

ပထမဆုံး 'ရန်ကုန်ကို ဘယ်သူသိမ်းသလဲ'ဆိုသော မြှုပ်ကွက်ကိုဖော်ထုတ်ပါမည်။ ဤကိစ္စနှင့်ပတ်သက်၍ သိသူများ အင်မတန်နည်းသည်။ ပါဝင်သော ဇာတ်ကောင်များကလည်း ထိုကိစ္စကိုဖော်ထုတ်ရန် ကျွန်ုပ်အား အတန်တန် တိုက်တွန်းခဲ့ကြသည်။ ပါဝင်သောဇာတ်ကောင်များသာမက ထိုကိစ္စကို သိထားကြသော ကွယ်လွန်သူ 'ဒေါ်ရသီဝုဒ်မင်း'အစရှိသော အင်္ဂလိပ် ရဲဘော်များကလည်း "ရန်ကုန်ကို ဘယ်သူတွေသိမ်းခဲ့တယ်ဆိုတာ ကျုပ်တို့ အလုံးစုံသိတယ်။ ကျုပ်တို့ အင်္ဂလိပ်မှတ်တမ်းတွေမှာ ကမောက်ကမတွေ ရေးသားထားကြတယ်။ မင်းဘာကြောင့်ငြိမ်နေရသလဲ၊ အမှန်ကိုဖော်ထုတ်ပါတော့လား"ဟု အားမလိုအားမရပြောကြသည်။ ထိုသူတို့အား ကျွန်ုပ်သည် "အကြောင်းအရာ တစ်ခုတည်းကို ဖော်ထုတ်သည်ထက် တော်လှန်ရေးသမိုင်းအစုံကို အပြီးပြည့်စုံအောင် ရေးသားလိုပါသည်။ မိမိမှာ ရေးသားရန်လည်း ရည်ရွယ်ချက်ရှိပါသည်။ ထိုအခါမှ ထည့်သွင်းဖော်ထုတ်ပါမည်"ဟု နှစ်သိမ့်ခဲ့သည်။ ထိုသူတို့ကား မကျေမနပ်ကြ။

ဤ 'ရန်ကုန်သိမ်း'မြှုပ်ကွက်ကိုဖော်လျှင် အင်မတန်မှ အရေးကြီးသော တခြားအဓိကမြှုပ်ကွက်တစ်ခုကိုလည်း ဖော်မှဖြစ်မည်။ တော်လှန်ရေးနှင့်ပတ်သက်၍ ရေးသမျှ ထုတ်သမျှ ဆောင်းပါးနှင့်စာအုပ်စာတမ်းများတွင် တိုင်းကြီး ၇ တိုင်းအကြောင်းကိုသာ ဖော်ပြကြသည်။ ထိုတိုင်း ၇ တိုင်းတွင် ရန်ကုန်၊ အင်းစိန်နှင့် ဟံသာဝတီမပါ။ ကျန်နေသည်ကိုတွေ့ရပေမည်။ အမှန်မှာ ထိုတိုင်းကြီး ၇ တိုင်းအပြင် လျှို့ဝှက်ဌာနချုပ်၊ လျှို့ဝှက်တိုင်းအဖြစ်ဖြင့် ရန်ကုန်တိုင်းကို သီးခြားဖွဲ့စည်းခဲ့သည်။ ဗိုလ်ချုပ်တို့တပ်ထွက်သောအခါ မပါနိုင်သော တပ်များ၊ တော်လှန်ရေးရဲဘော်များ ရန်ကုန်တွင် မြောက်မြားစွာကျန်ခဲ့သည်။ အမြောက်တပ်၊ ကိုယ်ရံတော်တပ်၊ စစ်ဌာနချုပ်ကင်းတပ်၊ ထောက်ပံ့ရေးတပ်၊ သယ်ယူပို့ဆောင်ရေးတပ် စသောတပ်များ၊ မင်္ဂလာဒုံစစ်ကျောင်းများမှ ရဲဘော်များ၊ အာရှလူငယ်၊ တို့ဗမာဆင်းရဲသားအစည်းအရုံး၊ ရန်ကုန်မြို့စောင့်ရဲတပ်၊ ကေဘိုတိုင်အဖွဲ့များမှ ရဲဘော်များ ဤသို့လျှင် များစွာကျန်ခဲ့သည်။

ဤလျှို့ဝှက်ဌာနချုပ်၊ လျှို့ဝှက်တိုင်းကား ရန်သူတို့လက်အောက်၊ ရန်သူတို့အလယ်တွင် သက်စွန့်ကြိုးပမ်းလုပ်ဆောင်ရမည့် အသေခံတပ်ပင်ဖြစ်လေသည်။ ခေါင်းဆောင်များကို တိုင်းခွဲ၍ တာဝန်ချသောအခါ ဤတိုင်း၌

တာဝန်ယူမည့်သူ လိုနေသည်။ စာရေးသူကိုယ်တိုင် မိမိသဘောမိမိဆန္ဒဖြင့် တာဝန်ကိုယူခဲ့သည်။ စာရေးသူနှင့်အတူ ရဲဘော်ချမ်းသာ(အာ- အီး-တီ ဦးကျော်ငြိမ်း)နှင့် ဗိုလ်ခင်ညို (ယခု ဗိုလ်မှူးကြီးဟောင်း)တို့ ပါဝင်သည်။

ဖ-ဆ-ပ-လ ဦးကျော်ငြိမ်းမှာ တာဝန်ခွဲစဉ်က ပျဉ်းမနားတိုင်းတွင် တာဝန်ကျသော်လည်းတာဝန်ကျတိုင်းသို့အချိန်မီမရောက်နိုင်သဖြင့်နောက်ပိုင်းတွင် ဤတိုင်း၌ပင် ပါဝင်တာဝန်ထမ်းဆောင်ခဲ့သည်။

ဖက်ဆစ်တော်လှန်ရေးနေ့

ဖက်ဆစ်ဂျပန်ကို စတင်တော်လှန်ရန် မူလက သတ်မှတ်ထားသော နေ့မှာ ၁၉၄၅ ခုနှစ် ဧပြီလ ၂ ရက်နေ့ဖြစ်သည်။ ဗိုလ်ချုပ်တို့ တပ်ထွက်စဉ်က ဂျပန်တို့သည် ဗမာ့တပ်မတော်က မိမိတို့ကို ပြန်တော်လှန်တော့မည်၊ တိုက်ခိုက်တော့မည်ကို ကောင်းကောင်းကြီးမရိပ်မိသေး။ သို့သော်လည်း ကျန်ခဲ့သော တပ်များကို အချိန်မီမထိန်းနိုင် မသိမ်းနိုင်သဖြင့် ဖရိုဖရဲဖြစ်ခဲ့သည်။ မင်္ဂလာဒုံစစ်ကျောင်းများမှ ရဲဘော်များ အချိန်မကျမီ ဌက်ပျောက်ကြက်ပျောက် ပျောက်ကုန်ကြသည်။ ထိုအခါတွင် ဂျပန်များမှာ ရိပ်မိရုံမက အတပ်သိဖြစ်ကာ တပ်မထွက်ရသေးသော ပဲခူးရှိ ဗိုလ်ကျော်ဇောတပ်မှာ အဝိုင်းခံရတော့သည်။ ရန်ကုန်ရှိ အမြောက်တပ်မှာလည်း လက်နက်သိမ်း အကျယ်ချုပ်ခံရတော့သည်။ ပဲခူး ဗိုလ်ကျော်ဇောတပ်မှာ မတ်လ ၂၆ ရက်နေ့တွင် တိုက်ရင်းထိုးထွက်က ဖောက်ထွက်နိုင်သေးသော အခြေအနေတွင်ရှိသည်။ ထိုကြောင့် ထိုညတွင် တိုက်ရင်းတပ်ထွက်ခွင့်ပြုရန် တောင်းဆိုသည်။ ထိုစဉ်က တာဝန်ကျစခန်းများ၊ တာဝန်ကျတိုင်းများသို့ ထွက်ခွာနေကြသောတပ်များမှာ မိမိတို့အား သတ်မှတ်ထားသည့်စခန်းများ၊ တိုင်းများသို့ မရောက်ကြသေး၊ ခရီးတန်းလန်းတွင် များစွာရှိကြသေးသည်။ တိုင်း ၇ ထားဝယ်တွင် တာဝန်ကျသော ဗိုလ်တင်ထွန်းစသော ရဲဘော်များမှာလည်း လမ်းတစ်ဝက်မှာ ရှိကြသေးသည်။

အခြေအနေအရပ်ရပ်ကို သုံးသပ်၍ မူလက တော်လှန်ရေးကို ဧပြီလ ၂ ရက်နေ့တွင် သတ်မှတ်ခဲ့သော်လည်း ချီတက်နေသောတပ်များကို နီးစပ်ရာနှင့် ပေါင်း၍လည်းကောင်း၊ ရောက်ရာတွင်တောခို၍လည်းကောင်း ဖက်ဆစ်ဂျပန်များကို မတ်လ ၂၇ နံနက်အရုဏ်တက်မှ စတင်တော်လှန်ရန် ညွှန်ကြားခဲ့ရသည်။ ဤနည်းဖြင့် မတ်လ ၂၇ ရက်နေ့သည် ဗမာ့တော်လှန်ရေးနေ့ ဖြစ်ခဲ့ရလေတော့သည်။

ဤစာကို ရေးနေစဉ်မှာပင် ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဗမာပြည်စစ်မျက်နှာတွင် နာမည်ကြီးခဲ့သော ဗိုလ်ချုပ်ကြီးစလင်းကွယ်လွန်ခဲ့ရာ ရန်ကုန်သိမ်းသူအဖြစ်ဖြင့် ခီးကျူးထားသည်ကို တွေ့ရပြန်သည်။ ဗိုလ်ချုပ်ကြီးစလင်းကား ခီးကျူးစရာအများကြီးရှိ၍ ခီးကျူးထိုက်သူပင်ဖြစ်သည်။ သို့သော်မဟုတ်သည့်အကြောင်းအရာဖြင့် ခီးကျူးခြင်းဖြင့် ဝုဏ်မတက်ဘဲ ညှိုးမှိန်မည်ကိုပင် စိုးရိမ်မိသည်။ ဗိုလ်ချုပ်ကြီးစလင်းကား ရန်ကုန်သိမ်းသူ လုံးဝမဟုတ်ခဲ့ပေ။

ရန်ကုန်သိမ်းခန်း

ရန်ကုန်သိမ်းခန်းကို အကျယ်မချဲ့ဘဲ တိုတိုတုတ်တုတ်ပင် တင်ပြပါမည်။ ကျွန်ုပ်နှင့်တာဝန်ခံအသီးသီးသည် ရန်ကုန်တွင်ကျန်ခဲ့ပြီး ဖရိုဖရဲဖြစ်နေသော တပ်များကို ရနိုင်သလောက် ကောက်သင်းကောက်၍ ရန်ကုန်ပတ်ဝန်းကျင်နှင့် အင်းစိန်၊ ဟံသာဝတီခရိုင်များတွင် ဖြန့်ရသည်။ မိမိတို့အလိုအလျောက် ရှောင်တိမ်းနေကြသူများကို ရှာဖွေစုစည်းရသည်။ ဒေသအလိုက် တာဝန်ခံများ ခန့်ခွဲ၍ထိန်းသိမ်းမှု၊ စည်းရုံးမှုများ လုပ်ရသည်။ ဖမ်းဆီးချုပ်နှောင်ခံနေသော ရဲဘော်များ သက်သာရာရမှု၊ လွတ်မြောက်မှုအတွက် ထိုစဉ်က ဂျပန်တို့၏ယုံကြည်မှုကို အပြည့်အဝရရှိပြီး ရန်ကုန်မြို့စောင့်တပ်ဖွဲ့ကိုဖွဲ့စည်းရန် တာဝန်ပေးခံရသော ဗိုလ်ရန်နိုင်မှတစ်ဆင့် ဗိုလ်ခင်ညိုက ဆောင်ရွက်ရသည်။

တစ်ဖက်တွင်လည်း ရန်သူတို့၏ တည်နေပုံကို နေရာအတိအကျ၊ အင်အားခန့်မှန်းခြေနှင့် လှုပ်ရှားမှုအရပ်ရပ်ကို မျက်ခြည်မပြတ် ထောက်လှမ်းရသည်။ မတ်လ ၂၇ ရက်နေ့တွင် ကျန်တိုင်းများက လက်နက်စွဲကိုင်၍ ဖက်ဆစ်ဂျပန်ကို စတင်တော်လှန်နိုင်ခဲ့သော်လည်း ဤတိုင်းမှာမူ လျှို့ဝှက်ဌာနချုပ်၊ လျှို့ဝှက်တိုင်းဖြစ်သည့်ပြင် ရန်သူ၏အလယ်၌ တည်နေသည်ကတစ်ကြောင်း၊ ကြုံတင်ပြင်ဆင်မှု၊ စီစဉ်မှုမရရှိသည်ကတစ်ကြောင်း၊ ဤအကြောင်းကြောင်းတို့ကြောင့် လက်နက်ကိုင်တော်လှန်မှုကို မပြုနိုင်ခဲ့။ ရန်သူတို့၏ ရိက္ခာကို ဖြတ်တောက်ခြင်း၊ ဖျက်ဆီးခြင်း၊ သယ်ယူပို့ဆောင်မှုတွင် ရန်သူတို့ ချောဆွဲသိမ်းယူခြင်းမပြုနိုင်ရန် ကျန်ရှိနေသော ကုန်းယာဉ်ရေယာဉ်များကို ဝှက်ထားခြင်း၊ စက်ပစ္စည်းများထုတ်၍ ဖျက်ထားခြင်း စသည့်အမှုမျိုးကိုသာ

လုပ်ဆောင်နိုင်ခဲ့သည်။ ကျန်တိုင်းများမှ ခေါင်းဆောင်များ၊ တာဝန်ခံများမှာ ကြိုတင်၍ တောခိုခြေကုပ်ယူပြီးမှ တော်လှန်ရေးစရသော်လည်း ဤတိုင်းမှ တာဝန်ခံများမှာ နောက်ပိုင်းတာဝန်များစွာကို ထမ်းဆောင်နေရသဖြင့် အချိန်မီလုံခြုံရာသို့ မတိမ်းရှောင်နိုင်ခဲ့ကြ။ ရန်သူတို့ကြားမှာပင် ရှောင်ကာတိမ်းကာဖြင့် လုပ်ဆောင်နေကြရလေသည်။

ဖမ်းမိသွားခြင်း

မတ်လ ၃၀ ရက်နေ့သည်ကား နောက်ပိုင်းတာဝန်ခံများ ပြင်ဆင်မှုများ ပြီးပြတ်သလောက်ရှိပြီးဖြစ်၍ ခေါင်းဆောင်အသီးသီးကို တာဝန်ခွဲ နေရာခွဲကာ အပြီးတိမ်းရှောင်ကာ လှုပ်ရှားမှုများလုပ်ဆောင်ရန် သတ်မှတ်ထားသော နေ့ ဖြစ်လေသည်။ ထိုနေ့နံနက်တွင် မမျှော်လင့်ဘဲ ၂၈၊ ဘိုလိမ်းနေအိမ်ကို ဂျပန်ကင်ပေများဝိုင်း၍ စာရေးသူကို ဖမ်းဆီးလိုက်သည်။ တစ်ချိန်တည်းမှာပင် တာဝန်ခံတစ်ဦးဖြစ်သော ဦးတင်ညွန့်လည်း အဖမ်းခံလိုက်ရသည်။ ကျန်ခေါင်းဆောင်များဖြစ်ကြသော ရဲဘော်ချမ်းသာ၊ ဗိုလ်ခင်ညိုတို့မှာ လွတ်မြောက်ခဲ့သည်။ ဦးကျော်ငြိမ်းမှာလည်း မိန်းမ ကလေးမျက်နှာမြင်သောကိစ္စဖြင့် တောဘက်ရောက်နေသဖြင့် ကျန်ခဲ့သည်။ ဤသို့ဖမ်းဆီးခံရခြင်းမှာ ဤတိုင်းမှ ပေါက်ကြားမှုရှိ၍၊ သစ္စာဖောက်ရှိ၍မဟုတ်။ နယ်တွင် တာဝန်ကျသော အာရှလူငယ်မှ ရဲဘော်တစ်ဦးကို ဖမ်းဆီးရာမှ တစ်စွန်းတစ်စသတင်းရ၍ဖြစ်ကြောင်း နောက်ပိုင်းတွင် အတိအကျသိရသည်။ ထိုရဲဘော်မှာ စိတ်ချယုံကြည်ရသော လူတော်ကလေးတစ်ဦးဖြစ်သည်။ ဂျပန်၏ညှဉ်းပန်းရက်စက်မှုဖြင့်သေဆုံးခဲ့ရလေသည်။

စာရေးသူကို ဖမ်းသွားပြီဟု သိရလျှင်ပင် ပြင်ဘက်တွင် ကျန်ခဲ့သော ရဲဘော်များက နည်းမျိုးစုံဖြင့် လွတ်မြောက်ရန် ကြံဆောင်ကြတော့သည်။ သခင်မြ၊ သခင်နု၊ သခင်လွန်းဘော်အစရှိသော ဂျပန်ခေတ်အစိုးရအဖွဲ့အတွင်း ကျန်ရှိသူများကလည်း ထိုစဉ်ကနိုင်ငံတော်အဓိပတိဖြစ်နေသော ဒေါက်တာဘမော်၏အကူအညီဖြင့် အစွမ်းကုန် ကြိုးစားကြသည်။ ကျန်ရဲဘော်များကလည်း ကျွန်ုပ်အား ဖမ်းဆီးချုပ်နှောင်ထားရာကို အတိအကျထောက်လှမ်းပြီး လွတ်ရင်လွတ်၊ မလွတ်ရင်ရှိသမျှအင်အားစုဖြင့် အတင်းတိုက်၍ ထုတ်ယူရန်ပြင်ဆင်ခဲ့ကြသည်။

တာဝန်ခွဲဝေယူခြင်း

ဤတွင် အလျဉ်းသင့်၍ ဖော်ထုတ်ရန်လိုသောအချက်တစ်ချက် ပေါ်လာသည်။ ကျွန်ုပ်တို့သည်တော်လှန်ရေးကို စတင်မည့်အချိန်တွင် လူနှစ်စုခွဲခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ကျွန်ုပ်တို့အစုက လက်နက်ကိုင်တော်လှန်ရေးကို တာဝန်ယူ၍ သခင်မြ၊ သခင်နု၊ သခင်လွန်းဘော်၊ ကိုလှမောင် (ယခု သံအမတ်)စသည်တို့က အစိုးရအဖွဲ့တွင်ကျန်ခဲ့ပြီး တော်လှန်ရေးဆန့်ကျင်ဟန်ဆောင်ကာ ဂျပန်အား အယုံသွင်း၍ တစ်ဖက်တစ်လမ်းမှ တော်လှန်ရေးရဲဘော်များကို ကယ်မှု၊ လုမှုပြုရန်ဖြစ်သည်။ ထိုလူစုလည်း တာဝန်အရ နောက်ဆုံး ဂျပန်များဆုတ်ခွာသည့်အခါ မုဒုံအထိလိုက်ပြီး ဖမ်းဆီးခံရဲဘော်များကို တတ်နိုင်သမျှ ကယ်ခဲ့ကူခဲ့ကြလေသည်။

ကျွန်ုပ်နှင့် အဖမ်းခံရဲဘော်များကို ယခုအခါ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဌာနချုပ် ပြုလုပ်ထားသော အဆောက်အအုံကြီးတွင် ချုပ်နှောင်ထားသည်။ ဂျပန်ကင်ပေများအဖမ်းခံရသူတိုင်း အနည်းနှင့်အများ ညှဉ်းပန်းမှုခံရမြဲဖြစ်၍ မရေးလိုတော့။ ဧပြေလ ၂၄ ရက်နေ့တွင် ကျွန်ုပ်တို့ လွတ်မြောက်ခဲ့သည်။ ဤသို့ လွတ်မြောက်မှုတွင် အပြင်ဘက်မှဆောင်ရွက်မှုလည်း များစွာပါ၍ ကျွန်ုပ်တို့၏ သတ္တိပြမှု၊ ဂျပန်နှင့်ဉာဏ်ကစားနိုင်မှုလည်း တစ်စိတ်တစ်ဒေသပါသည်ဟု ယုံကြည်သည်။ ကျွန်ုပ်တို့ မည်သို့သတ္တိပြခဲ့သည်၊ ဂျပန်နှင့်ဉာဏ်ကစားခဲ့သည်ကိုလည်း ထိုစဉ်ကအတူနေခဲ့ကြသော ကိုတင်ညွှန့်၊ သခင်ကျော်စိန်တို့ အသိဖြစ်ကြသည်။

လျှို့ဝှက်ဌာနချုပ်၏လှုပ်ရှားမှုများ

ကျွန်ုပ် အပြင်သို့ရောက်မှ စတင်၍ ကျန်နေသောရဲဘော်များ ဖြန့်ထားသောတပ်များဖြင့် ပြန်လည်ဆက်သွယ်မှုရအောင် ဆောင်ရွက်ရသည်။ ရန်သူ၏အခြေအနေအရပ်ရပ်ကို ထောက်လှမ်းလေ့လာရသည်။

ထိုစဉ်က ရန်ကုန်မြို့ပေါ်တွင် ဗိုလ်ရန်နိုင်ဖွဲ့စည်းထားသော မြို့စောင့်တပ်တစ်ခုရှိသည်။ လောင်းဝစွလမ်း (ယခု မင်းကွန်းရိပ်သာရှိရာ)တွင် ဌာနချုပ်ပြုထားသည်။ ထိုအထဲတွင် ရန်ကုန်မီးသတ်အဖွဲ့မှ တော်လှန်ရေးရဲဘော်များ၊ ရန်ကုန်မြို့စောင့်ရဲတပ်မှ တော်လှန်ရေးရဲဘော်များနှင့် ဗမာ့တပ်မတော်မှ ရဲဘော်ဟောင်းများပါဝင်လျက်ရှိသည်။ ယခုအခါ ဘုန်းကြီးဖြစ်နေသော

ဗိုလ်သိမ်းဆွေမှာလည်း ထိုတပ်တွင် တာဝန်ခံတစ်ဦးဖြစ်လျက်ရှိသည်။

သိမ်ချောင်း၊ တိုးချောင်ကလေး၊ ကျီစုဘက်တွင်လည်း ဗိုလ်စိန်တင် (သမ္မတဦးချစ်လှိုင်၏တူ၊ ဒေါ်နှင်းမြ၏သား)ခေါင်းဆောင်သော ဗမာ့မျိုးချစ်တပ်မတော်သားများ နေရာဖြန့်၍ တာဝန်ယူထားသည်။

ကြည့်မြင်တိုင်တစ်ဖက်ကမ်း တက်သစ်အေးရွာမှစ၍ ရွာစဉ်တစ်လျှောက်တွင်လည်း ဗိုလ်သူရိန်(သခင်မောင်မောင်)ခေါင်းဆောင်သည့် ဗမာ့မျိုးချစ်တပ်မတော်က တာဝန်ယူထားသည်။

ဒလ ပျော်ဘွယ်ကြီးတစ်ဝိုက်နှင့် သန်လျင်ဘက်တွင်လည်း ဗိုလ်လင်းယုန်၊ ဗိုလ်မြမောင် အစရှိသောရဲဘော်များက နေရာယူထားကြသည်။

ထိုစဉ်က ပါဝင်ခဲ့သော ရဲဘော်များ၏အမည်များကို ယခုအခါ လုံးစေ့ပတ်စေ့ မမှတ်မိတော့ပါ။ သို့သော်လည်း ယခုအခါ စစ်ထောက်လှမ်းရေးတွင် ဒုဗိုလ်မှူးကြီးဖြစ်နေသော ဗိုလ်တင်ဦးမှာ ထိုစဉ်က ဗိုလ်စိန်တင်တပ်တွင် ရဲဘော်တစ်ဦးအဖြစ် ပါဝင်ခဲ့သည်ကိုကားသတိပြုမိသည်။

ရန်သူဂျပန်တပ်များလည်း ရန်ကုန်မှ စတင်ဆုတ်ခွာလျက်ရှိကြသော်လည်း အထက်မှ ဆုတ်လာသောတပ်များတစ်သုတ်ပြီးတစ်သုတ် ရောက်နေသဖြင့်အရေအတွက်မှာတစ်သောင်းအနားတွင်ဆုတ်လိုက်တိုးလိုက်ဖြစ်နေသည်။

ကျွန်ုပ်တို့သည် ပဲခူးဘက်၊ စစ်တောင်းဘက်သို့ ဆုတ်လမ်းများဖြစ်သော မီးရထားလမ်း၊ ကားလမ်းများနှင့်တိုးချောင်ကြီးဘက်မှ ကုန်းလမ်းကို ဖွင့်ပေးထားသည်။ ရန်သူများ ရန်ကုန်မြို့ပေါ်မှ မြန်မြန်ဆုတ်ခွာအောင် ဗမာ့မျိုးချစ်တပ်မတော်က ရန်ကုန်မြို့ကို ဝိုင်းထားဟန်ဖြင့် သေနတ်သံ တိုက်ပွဲသံများဖြင့် ခြောက်လှန့်ပေးသည်။

ဧပြီ ၃၀ ရက်နေ့တွင် ရန်ကုန်မြို့ကိုသိမ်းရန် လျာထားသော်လည်း ၂၉ ရက်နေ့တွင် အထက်မှ ဆုတ်လာသော ဂျပန်တပ်များ ရုတ်တရက်ရောက်လာသဖြင့် မသိမ်းနိုင်ခဲ့။ မေလ ၁ ရက်နေ့တွင်မှ တပ်အသီးသီးတို့သည် ရန်ကုန်အဘက်ဘက်မှ ဝင်ရောက်ကာ အပြီးအပိုင် သိမ်းပိုက်နိုင်ခဲ့လေသည်။

ထိုနေ့၌ပင် (၁) ဗမာ့မျိုးချစ်တပ်မတော်အမည်ဖြင့် ရန်ကုန်သိမ်းကြေညာချက်စာတမ်းကို ထုတ်ဝေဖြန့်ချိခဲ့သည်။ (ထိုကြေညာချက်မှာ စာရေးသူတွင် လက်ခံမကျန်ခဲ့၊ သိမ်းဆည်းထားသူများရှိ၍ ပေးပို့ပါက အထူးကျေးဇူးတင်ပါမည်)

အုပ်ချုပ်ရေးပြင်ဆင်ခြင်း

(၂) ရန်ကုန်တိုင်းအတွင်း မြို့ပြအုပ်ချုပ်ရေး ပြန်လည်ထူထောင်၍ ဒြိမ်ဝပ်ပိပြားရေးဆောင်ရွက်ရန် ထိုစဉ်က အာရှလူငယ်ဥက္ကဋ္ဌဖြစ်သော ဦးဘဂျမ်းကို တာဝန်ပေး၍ ရန်ကုန်တိုင်း ဖ. ဆ. ပ. လအဖွဲ့ချုပ်ကို ဖွဲ့စည်းစေခဲ့သည်။ ထိုအဖွဲ့တွင် နိုင်ငံရေးအဖွဲ့အစည်းပေါင်းစုံမှ လူဟောင်း လူသစ် ပုဂ္ဂိုလ်စုံပါဝင်ခဲ့သည်။ နိုင်ငံရေးသမားဟောင်းကြီးများထဲမှ ဦးဘဖေ၊ ဦးဘအုန်း၊ ဦးအေး စသည်တို့ ပါဝင်ခဲ့သည်ကို မှတ်မိသည်။ စာရင်းစုံမှာ ဦးဘဂျမ်းထံတွင် ရှိကောင်းရှိမည်ဖြစ်သည်။

(၃) ပျက်စီးနေသော အသံလွှင့်ရုံကိုပြင်ဆင်၍ ပြန်လည်အသံလွှင့်ရန်ကိုလည်းကောင်း၊ ပိတ်ထားသော ဗမာ့ခေတ်သတင်းစာတိုက်ကို ပြန်ဖွင့်၍ သတင်းစာထုတ်ဝေရန်ကိုလည်းကောင်း၊ ကိုထွန်းစိန်(မိတ္ထီလာ ဦးဘရင်၏တူ) ကို တာဝန်ပေးခဲ့သည်။ ထိုအသံလွှင့်ရုံမှ ယခုဗိုလ်ချုပ်ကြီးနေဝင်းက ဗမာ့မျိုးချစ်တပ်မတော်နှင့် တော်လှန်ရေးအကြောင်းကို အင်္ဂလိပ်လိုအသံလွှင့်ခဲ့သည်။ ထိုအသံလွှင့်ချက်ကို နယူးဒေလီမှဖမ်းယူ၍ တစ်ဆင့်လွှင့်ပေးသဖြင့် ဗမာ့တော်လှန်ရေးကို ကမ္ဘာက ပို၍သိခဲ့ရသည်။

ပထမပိုင်းတွင် ဤ လျှို့ဝှက်တိုင်း၏ ဌာနချုပ်ကို ၂၈၊ ဘိုလိမ်းလမ်းနေအိမ်နှင့်ကန်တော်ကြီးအေးကျွန်းတွင် ထားခဲ့သော်လည်း ရန်ကုန်သိမ်းပြီးနောက်ပိုင်းအချိန်တွင် ရွှေတောင်ကြား(ယခင် ဂျပန်ခေတ်နိုင်ငံခြားရေးရုံး၊ ယခုအိုင်စီအက်စ်ဟောင်း ဦးချမ်းသာနေသောတိုက်)တွင် အတိအလင်းဖွင့်လှစ်ခဲ့သည်။

ဤတွင် 'ရန်ကုန်သိမ်းခန်း'ကို တိုတိုနှင့်တင်ပြခဲ့သဖြင့် အင်မတန်မှလွယ်သယောင်ရှိသည်။ အမှန်မှာ ခေါင်းရှုပ်စရာ၊ စိတ်ညစ်စရာ၊ ရင်ဖိုစရာများစွာဖြင့် ရောပြွမ်းလျက် ရှိလေသည်။

ဂျပန်များ ဆုတ်ခွာသောအခါ ရန်ကုန်တွင် အိုင်-အိုင်-အေ ခေါ် အိန္ဒိယလွတ်လပ်ရေးတပ်မတော်သား နှစ်သောင်းကျော် သောင်တင်ကျန်ခဲ့သည်။ ထိုသူတို့နှင့် နားလည်မှုရ၍ တော်လှန်ရေးတွင် ပါဝင်လာအောင် သိမ်းသွင်းရသည်မှာ ခေါင်းရှုပ်စရာ ကောင်းလှသည်။

ထို့အတူ ဂျပန်များဆုတ်ခွာရာ တွင်ကျန်ခဲ့သော အင်္ဂလိပ်စစ်သုံ့ပန်းတစ်ထောင်ကျော်နှင့် ဆွေးနွေးရသည်မှာလည်း စိတ်ညစ်စရာများဖြစ်လေ

သည်။ ထိုအကြောင်းများကို ဤဆောင်းပါးတွင် မရေးသားလိုတော့။

ရင်ဖိုစရာအခန်းဖြစ်သော ရန်ကုန်သိမ်းပြီးနောက် မဟာမိတ်တို့က ရန်ကုန်ကို ကွက်စိပ်တိုက် ပုံးကြဲတိုက်ခိုက်မည့် ဘေးအန္တရာယ်မှ မည်သို့ကယ်တင်ခဲ့ရသည်ကိုသာ အကျဉ်းမျှ ဖော်ပြပါတော့အံ့။

■

အတွဲ(၁)၊အမှတ်(၁)၊ဖေဖော်ဝါရီ ၁၂၊၁၉၇၁

Elephant Point သို့ မဟာမိတ်တပ်များခြီတက်လာစဉ် ဗိုလ်ချုပ်ကြီးစလင်း

ဘာကြောင့် ဗိုလ်ချုပ်ကြီးစလင်း

ရန်ကုန်ပြုံသိမ်း သူရဲကောင်းဖြစ်နိုင်ပါတော့အုံးနည်း

စစ်အထိန်းနေခြင်း

၁၉၄၄ ခုနှစ်သည် ဖက်ဆစ်ဂျပန်များ စစ်မျက်နှာအဘက်ဘက်တွင် အထိနာသောနှစ် ဖြစ်တော့သည်။ ပစိဖိတ်သမုဒ္ဒရာတစ်ဝန်း နေဝန်းအလံတလူလူလွင့်၍ ဗိုလ်ကျနေသော ဂျပန်ရေတပ်မတော်ကြီးမှာ ပျက်ပျက်ပြုန်းသည့်အခြေသို့ ရောက်ခဲ့သည်။ ဂျပန်လေတပ်မတော်မှာလည်း အပျက်အစီးအထိအခိုက်များပြီး ကျန်စစ်မျက်နှာများသို့ အကူအညီပေးနိုင်ရန်ဝေးစွ၊ အမိဂျပန်ကျွန်းကိုပင် မနိုင်မနင်းကာကွယ်နေရသည်အထိ ချည့်နဲ့ခဲ့သည်။ စစ်မျက်နှာတိုင်းတွင်လည်း ထိုးစစ်ဘဝမှ ခံစစ်ဘဝသို့ပြောင်းကာ အလူးအလိမ့်ခံနေရသည်။ အမေရိကန်တပ်မတော်များက ပစိဖိတ်သမုဒ္ဒရာအတွင်း ဂျပန်တို့ သိမ်းထားသောကျွန်းများကို တစ်ကျွန်းပြီးတစ်ကျွန်း ပြန်လည်သိမ်းပိုက်လျက် ရှိခဲ့သည်။ ဂျပန်ကျွန်းကြီး၏အန္တရာယ်မှာလည်း တစ်နေ့တခြား ကြီးမားလျက် ရှိလေသည်။

ဗမာပြည် စစ်မျက်နှာတွင်လည်း အိန္ဒိယခြို အင်ဖာစစ်ကြောင်း၊ တမူးစစ်ကြောင်း၊ ရခိုင်စစ်ကြောင်းများမှာ ရှေ့သို့မတက်နိုင်ဘဲ စစ်တန့်နေခဲ့သည်။ လေကြောင်းအကူအညီမရသဖြင့် အထိလည်းနာလှသည်။ ထိုအထဲ ဆေးဝါးနှင့်ရိက္ခာမလုံလောက်မှုကြောင့် ရောဂါအထွေထွေကျရောက်ကာ အင်တင်တအပြတ်ပြတ် ဖြစ်လျက်ရှိသည်။ စိတ်ဓာတ်လည်း များစွာကျဆင်းခဲ့သည်။

ရန်ကုန်သိမ်းသူမဟုတ်

၁၉၄၅ ခုနှစ်အကူးတွင် အင်္ဂလိပ်နှင့် မဟာမိတ်တပ်များက အလုံးအရင်းဖြင့် အတင်းဖိ၍ ထိုးစစ်ဆင်လာသောအခါ အသေအပျောက်များစွာဖြင့် မရှုမလှခံရသည်။ ထိုအထဲ ဖ. ဆ. ပ. လ အဖွဲ့ချုပ်ခေါင်းဆောင်သော ဗမာ့မျိုးချစ်တပ်မတော်က ဖက်ဆစ်ဂျပန်များကို တော်လှန်တိုက်ခိုက်သော အခါ ဖက်ဆစ်ဂျပန်များမှာ စစ်နှစ်ဖက် ညှပ်ပူးညှပ်ပိတ်မိကာ မခံနိုင်တော့။ ဖရိုဖရဲ ဆုတ်ပြေးရသောအခြေသို့ ရောက်ခဲ့ရလေသည်။

မဟာမိတ်တပ်များလည်း ရခိုင်စစ်ကြောင်းမှလည်းကောင်း၊ အင်ဖာစစ်ကြောင်းမှလည်းကောင်း ထိုးဖောက်ကာ ဗမာပြည်အတွင်းသို့ အင်နှင့်အားနှင့် ဝင်ရောက်လာတော့သည်။ ရခိုင်စစ်ကြောင်းမှ တပ်မတော်သည် ရခိုင်ကိုသိမ်းပြီးနောက် ရန်ကုန်ကိုဦးအောင်သိမ်းနိုင်ရန်၊ ရန်ကုန်သိမ်းတပ်မတော် အဖြစ်ဖြင့် သရဖူဆောင်းနိုင်ရန် ရေကြောင်းမှ ရေတပ်မတော်အကူအညီဖြင့် အပြင်းချီတက်လာသည်။ စစ်တပ်အချို့ကိုလည်း လေထီးဖြင့် **(Elephant Point)** တွင် ချပေးသည်။ အင်ဖာစစ်ကြောင်းမှတပ်မတော်လည်း ရန်ကုန်သို့ အရင်ရောက်ရန် တရကြမ်းခိုလာသည်။ **ဗိုလ်ချုပ်ကြီးစလင်းကိုယ်တိုင် 'ရန်ကုန်သိမ်းသူ' အဖြစ် ဂုဏ်ယူနိုင်ရန် ရွေ့တန်းစစ်မျက်နှာတွင်လိုက်ပါခဲ့သည်။**

သို့သော်လည်း **ဗိုလ်ချုပ်ကြီးစလင်းတို့ မိတ္ထီလာသို့ စစ်ဦးရောက်သော မေလဆန်းအချိန်တွင်ကား ရန်ကုန်ကို ဗမာ့မျိုးချစ်တပ်မတော်က သိမ်းယူပြီး ဖြစ်လေပြီ။ အဘယ်မှာလျှင် ဗိုလ်ချုပ်ကြီးစလင်းသည် ရန်ကုန်သိမ်းသူ သူရဲကောင်းကြီးဖြစ်ပါတော့အံ့နည်း။** ဗမာပြည်စစ်မျက်နှာတွင် ဖက်ဆစ်ဂျပန်များကို အနိုင်တိုက်နိုင်ခဲ့သော သူရဲကောင်းကြီးဆိုက မှန်ကောင်းမှန်ပေမည်။ ရန်ကုန်ကိုသိမ်းသူကား လုံးဝမဟုတ်ပါပေ။

ရန်ကုန်ကိုပုံးကြဲမည်ဘေး

ဗမာ့မျိုးချစ်တပ်မတော်က ရန်ကုန်ကိုသိမ်းသောနေ့၌ပင် ရန်ကုန်ပတ်ဝန်းကျင်သို့ လေကြောင်းဖြင့်ထောက်လှမ်းရန် စေလွှတ်လိုက်သော လေယာဉ်တစ်စင်း ပျက်ကျခဲ့သည်။ ထိုလေယာဉ်မှ လေထီးဖြင့် ဆင်းသက်ရသော လေသူရဲနှစ်ဦး (အင်းစိန်ဘက်တစ်ဦး၊ ရန်ကုန်ဘက်တစ်ဦး) ကို ရရှိလိုက်သည်။ ထိုလေသူရဲတို့အား ကွန်နှိပ်တို့ တော်လှန်ရေးရဲဘော်များက ကောင်းစွာပြုစု၍

ရန်ကုန်မြို့ကို ဗမာ့မျိုးချစ်တပ်မတော်ကသိမ်းပြီးဖြစ်ကြောင်း၊ ရန်ကုန်ပတ်ဝန်းကျင်၌လည်း ရန်သူများကို ရှင်းလင်းပြီးဖြစ်၍ ဖက်ဆစ်ဂျပန်များ လုံးဝမရှိတော့ကြောင်းကို ရှင်းပြကြသည်။

ထိုအခါ ထိုလေသူရဲတို့က မိမိတို့မှာ ရွှေ့ပြောင်းထောက်လှမ်းရေးလေတပ်မှဖြစ်ကြကြောင်း၊ ရန်ကုန်မြို့ ပတ်ဝန်းကျင်ကို မေလ ၃ ရက်နေ့မှစတင်၍ ပိုက်စိပ်တိုက်ဝှေ့ကြတိုက်ခိုက်ရန် အစီအစဉ်ရှိကြောင်း ထုတ်ဖော်ပြောဆိုကြသည်။ ကံအားလျော်စွာ အသံဖမ်းအသံလွှင့်စက်မှာလည်းမပျက်မစီးငင်းတို့တွင် ပါရှိသဖြင့်ဌာနချုပ်နှင့်အဆက်အသွယ်လုပ်ပေးနိုင်ကြောင်းတာဝန်ယူကြသည်။

ဤတွင် သတိပြုရန်မှာ လေတပ်အား၊ လက်နက်အား နည်းပါးသဖြင့် စစ်တိုက်ရာတွင် လူအား၊ စိတ်ဓာတ်အားဖြင့် ရွှမ်းရွှမ်းခွမ်းခွမ်း အသေခံတိုက်ခိုက်ကြသည်။ မဟာမိတ်များကား လေတပ်အား၊ လက်နက်အားသာသည့်အတိုင်း သူတို့သိမ်းပိုက်မည့်နေရာ ဝင်မည့်စစ်ကြောင်းကို ဗုံးအထပ်ထပ်ကြဲ၊ အမြောက်တရစပ်ပစ်ခတ်ပြီး ရန်သူများရှင်းလောက်ပြီဆိုမှ စစ်တပ်က ဝင်ရောက်သိမ်းပိုက်သည်။ ထို့ကြောင့် သူတို့ဝင်လာသော စစ်ကြောင်းတစ်လျှောက်တွင် အပျက် အစီးများလှသည်။ မြို့ပျက်ရွာပျက်ဖြစ်ကုန်သည်။ စစ်တွေမြို့ဆိုလျှင် မြေပြင်အတိဖြစ်ခဲ့ရသည်။ မြစ်ကြီးနားမှစ၍ အထက်ဗမာပြည်စစ်ကြောင်းတစ်လျှောက်မှာလည်း အပျက်အစီးများလှသည်။ ရန်သူဘယ်လောက်သေသေ၊ ပြည်သူဘယ်လောက်ကျေကျေ၊ အပျက်အစီးဘယ်လောက်များများ သူတို့ ဂရုမစိုက်။ မိမိတို့တပ်သားများ အသေအပျောက်နည်းမှကိုသာ အဓိကထားသည်။

"ရန်ကုန်မြို့ကို ဗမာ့မျိုးချစ်တပ်မတော်က မေလ ၁ ရက်နေ့တွင် အပြီးအပိုင်သိမ်းယူပြီးဖြစ်ကြောင်း၊ ရန်သူများကို ရှင်းလင်းပြီးဖြစ်၍ ရန်ကုန်နှင့် ပတ်ဝန်းကျင်တွင် ဖက်ဆစ်ဂျပန်များ လုံးဝမရှိတော့ကြောင်း၊ မဟာမိတ်တပ်များလာက ဗမာ့မျိုးချစ်တပ်မတော်က ကြိုဆိုကြောင်း" သတင်းပို့ခိုင်းသည်။

"မေလ ၃ ရက်နေ့တွင် ထောက်လှမ်းရေးလေယာဉ်များလွှတ်၍ ကြည့်မည်၊ ရန်သူမရှိကြောင်း ရန်ကုန်မြို့ရှိ အဆောက်အအုံများ၌ အလံဖြူများ လွှင့်ထူ၍ ထားကြရမည်ဖြစ်ကြောင်း"ပြန်လာသည်။

"ရန်ကုန်ကိုသိမ်းပြီးသည်မှာ အမှန်ဖြစ်ကြောင်း၊ မယုံလျှင် ပင်လယ်ဝတွင် အသင့်ရောက်နေသော မဟာမိတ်တပ်မှ ရွှေ့ပြောင်းတပ်စေလွှတ်၍ ကြည့်စေလိုကြောင်း" ထပ်၍ပို့ခိုင်းသည်။

ကျွန်ုပ်တို့သည် ရန်ကုန်မြို့ကိုသိမ်းသည်မှစ၍ အိုင်-အိုင်-အေခေါ် အိန္ဒိယလွတ်လပ်ရေးတပ်မတော်နှင့် နားလည်မှုယူပြီးဖြစ်သည့်အတိုင်း တိုင်ပင်သင့်သည်ကို တိုင်ပင်၍ အသိပေးသင့်သည်ကို အသိပေးခဲ့သည်။ ဤကိစ္စမှာလည်း အရေးကြီးသဖြင့် တိုင်ပင်မှုပြုခဲ့သည်။

ကျွန်ုပ်တို့သည် တစ်စုံတစ်ရာထုတ်ပြန်ချက်မတိုင်မီပင် "မေလ ၃ ရက်နေ့တွင် မဟာမိတ်လေတပ်က ရန်ကုန်တစ်ဝိုက်ကို ထောက်လှမ်းရေးလုပ်မည်တဲ့၊ အိမ်တိုင်းတွင် အလံဖြူတင်ထားသည်ကိုမတွေ့က ပိုက်စိပ်တိုက်ပြင်းထန်စွာ ပုံးကြမည်တဲ့"ဟူသော သတင်းသည် တောမီးလောင်သည်ထက်မြန်ကာ ရန်ကုန်တစ်ဝိုက်၌ ပျံ့နှံ့လျက်ရှိတော့သည်။ ကျွန်ုပ်တို့သည် မေလ ၃ ရက်နေ့ နံနက်၌ ရန်ကုန်မြို့ကို လှည့်ပတ်၍ကြည့်သောအခါ ရန်ကုန်အနှံ့အပြား အလံဖြူများ တလွှားလွှားလွင့်လျက်ရှိသည်ကိုတွေ့ရသည်။ အထူးသဖြင့် ကုလားတန်းနှင့် တရုတ်တန်းဘက်တွင် အိမ်တိုင်းလိုလို ရှိသမျှ အဖြူထည်များလွင့်ထူ ထားကြလေသည်။

မေလ ၃ ရက်နေ့၌ကား ရန်ကုန်မြို့ပေါ်တွင် မဟာမိတ်လေယာဉ်များ တစ်သုတ်ပြီးတစ်သုတ် တဝီဝီပျံဝဲလျက်ရှိကြသည်။ ပထမ၌ အမြင့်မှပျံဝဲကြသော်လည်း နောက်ပိုင်းတွင် သစ်ပင်တစ်ဖျား၊ အိမ်ခေါင်မိုးများနှင့် နီးကပ်စွာ ပျံဝဲ၍ကြည့်ကြသည်။ အိမ်ပေါ်၊ လမ်းပေါ်မှ လူများကလည်း အလံဖြူများ၊ အဝတ်ဖြူများ ဝှေ့ယမ်း၍ပြကြသည်။ အချို့သူများက လေယာဉ်ပျံများပေါ်မှ 'ဗို'အမှတ်ပြခြင်း၊ လက်ဝှေ့ယမ်းပြခြင်းကိုပင် မြင်ရသည်ဟုပြောကြသည်။

ဤနည်းဖြင့် ရန်ကုန်မြို့ကြီးကို ဖက်ဆစ်ဂျပန်တို့လက်မှ အပျက်အစီးမရှိ၊ အသေအပျောက်မရှိ သိမ်းပိုက်နိုင်ခဲ့ပြီးမှ ရင်ဆိုင်ခဲ့ရသော ရင်ဖိုစရာအခန်းတစ်ခန်းကို နိဂုံးချုပ်ခဲ့ရသည်။ တစ်နည်းအားဖြင့် ရန်ကုန်မြို့ကြီးကို ဖက်ဆစ်ဂျပန်တို့လက်မှ ချောမောအောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့ပြီးမှ မဟာမိတ်တို့၏ ပုံးဒဏ်ဖြင့် ပျက်စီးရမည့်ဘေး၊ ရန်ကုန်လူထု မရှုမလှသေကျေရမည့်ဘေးကို လက်မတင်ကလေး ကာကွယ်ကယ်တင်နိုင်ခဲ့လေသည်။

ဒေါသထွက်စရာ

ဤမျှဖြင့် ရင်ဖိုစရာအခန်းကားမပြီးဆုံးသေးပါ။ ဒေါသထွက်စရာ၊ မခံချိဖွယ်ရာအခန်းများ ကျန်ပါသေးသည်။

မေလ ၃ ရက်နေ့တွင် ရန်ကုန်ကို ပုံးကြမည့်အမှုကိုကား မပြုတော့။

မေလ ၄ ရက်နေ့မှစတင်၍ ရေကြောင်းမှ မဟာမိတ်တပ်များ တစ်သုတ်ပြီးတစ်သုတ် ရောက်လာကြသည်။ ကျွန်ုပ်တို့လည်း ကောင်းစွာကြိုဆို၍ စိန်ဂျွန်းကျောင်းတစ်ဝိုက်၊ ကူရှင်ကျောင်းတစ်ဝိုက်တွင် ၎င်းတို့အား နေရာချပေးသည်။ ကျွန်ုပ်တို့တပ်များကိုကား ဦးဝိစာရလမ်းတစ်လျှောက်နှင့် လောင်းဝစ္စလမ်းအတွင်း ထားသည်။ ၎င်းတို့နှင့် ဝေးဝေးနေကြသည်။ အစတွင် အရာရာ၌ ချောမောပြေပြစ်လျက်ရှိသည်။ ကျွန်ုပ်တို့လည်း ကျွန်ုပ်တို့၏အကူအညီဖြင့် ၎င်းတို့ ရန်ကုန်သို့ အေးချမ်းစွာ ဝင်ရောက်လာနိုင်သဖြင့် ဝမ်းမြောက်ကျေနပ် ကြလိမ့်မည်ဟု ယူဆခဲ့သည်။ အမှန်ကား ထိုသို့မဟုတ်ပါချေ။

သူတို့သည် ရန်ကုန်ကို သူဦးငါဦးသိမ်းနိုင်ရန် ကုန်းလမ်း၊ ရေလမ်းဖြင့် အပြိုင်အဆိုင်ချီတက်ခဲ့ကြသည်။ ရန်ကုန်သိမ်းရေးသည် ၎င်းတို့အတွက် သေရေးရှင်ရေးဖြစ်သည်။ ရည်ရွယ်ချက်ပန်းတိုင်ဖြစ်သည်။ ရန်ကုန်သိမ်းသူများအဖြစ်ဖြင့် ဂုဏ်ယူရေး၊ ရာဇဝင်တင်ရေးသည် အဓိကအရေး ဖြစ်လေသည်။ ကျွန်ုပ်တို့၏လုပ်ဆောင်ချက်ကား ၎င်းတို့အတွက် စားမည့်ဆဲဆဲအဓဲသပက်ခံရသလိုဖြစ်သည်။ အဘယ်မှာလျှင် ကျေနပ်နိုင်၊ ဝမ်းမြောက်နိုင်ပါအံ့နည်း။ **ဤအချက်ကို ၎င်းတို့၏မလိမ့်တပတ်မှတ်တမ်းများနှင့် ဗိုလ်ချုပ်ကြီးစလင်းကို 'ရန်ကုန်သိမ်းဗိုလ်ချုပ်ကြီး'ဟု ယနေ့အထိ အမွှမ်းတင်နေခြင်းကသက်သေခံနေသည်မဟုတ်ပါလော။ ထိုထက် အောက်ပါဖြစ်ရပ်က ပို၍ထင်ရှားစေပါလိမ့်မည်။**

ဇာတိရုပ်

မေလ ၅ ရက်နေ့ကား ၎င်းတို့၏ အတွင်းစိတ်ဓာတ်နှင့် ဇာတိရုပ်ကို ဖော်ထုတ်သောနေ့ပင် ဖြစ်တော့သည်။

"ရန်ကုန်မြို့ကိုသိမ်းသောတပ်များကို ဂုဏ်ပြုလိုပါသဖြင့် စိန်ဂျွန်းကျောင်းကစားကွင်းသို့ ညနေ ၄ နာရီတွင် လက်နက်အပြည့်အစုံဖြင့် လာရောက်စုရုံးစေလိုကြောင်းဆိုလာသည်။ ရဲဘော်များပင် မိမိတို့အား မဟာမိတ်တို့က အသိအမှတ်ပြု၍ ဂုဏ်ပြုသည်ကို ဝမ်းမြောက်စွာ ခံယူလိုကြသည်။ ကျွန်ုပ်ကား သံသယရှိသည်။ ကျွန်ုပ်၏သံသယကိုလည်း ရဲဘော်များကို ရှင်းပြသည်။ မဟာမိတ်တို့က ဖိတ်ခေါ်သည်ကို လုံးဝလက်မခံဆိုလျှင်လည်း အခြေ

အနေအရ မသင့်၊ ရှိသမျှ တပ်၊ ရှိသမျှ ရဲဘော်များအားလုံး ယုံယုံကြည်ကြည်ဖြင့် တက်ရောက်ရန်လည်း မတော်၊ ထို့ကြောင့် မိမိတို့တပ်များမှ အဝတ်အစားပြည့်စုံ၍ ပြယုဂ်လှမည့် တပ်တစ်တပ်ကိုသာ ကိုယ်စားပြု၍ စေလွှတ်ရန် တင်ပြဆွေးနွေးသည်။ အမှန်လည်း ကျွန်ုပ်တို့၏ ဗမာ့မျိုးချစ်တပ်မတော်မှာ လေ့ကျင့်ပြီး ဗမာ့တပ်မတော်မှ ရဲဘော်များချည်း ပါဝင်သည်မဟုတ်။ တပ်မတော်သားများကို အခြေခံထားသော်လည်း ရန်ကုန်နှင့်ပတ်ဝန်းကျင်မှ တော်လှန်ရေးရဲဘော်များပါ စုပေါင်းဖွဲ့စည်းထားသည်ဖြစ်၍ အဝတ်အစားမပြည့်စုံ၊ ရှိသည့်အဝတ် အစားများမှာလည်း အစုတ်စုတ်အပြတ်ပြတ်သာ များကြသည်။

ကျွန်ုပ်၏တင်ပြချက်ကို ရဲဘော်များ အပြန်အလှန်ဆွေးနွေးပြီးနောက် ရှိသောတပ်များမှ အသင့်တော်ဆုံးဟုယူဆသော 'ဗိုလ်သူရိန်တပ်'ကို စေလွှတ်ရန် ဆုံးဖြတ်ကြသည်။ ဗိုလ်သူရိန်တပ်ကို လူဖြည့်တန်ဖြည့်၍ လက်နက်များ အပြည့်အစုံတပ်ဆင်ပြီးလျှင် သတ်မှတ်ထားသောအချိန်တွင် သတ်မှတ်ထားသောနေရာသို့အရောက် စေလွှတ်ခဲ့သည်။

ရှူးရှူးရဲရဲ

နှစ်နာရီခန့်အကြာ ညနေ နေဝင်ရီတရောအချိန်တွင် စေလွှတ်လိုက်သော ရဲဘော်များ ရှူးရှူးရဲရဲဖြင့် ပြန်ရောက်လာကြသည်။ အကြောင်းကိုမေးသောအခါ "ငင်းတို့ သတ်မှတ်သည့်နေရာသို့ ရောက်သည့်အချိန်တွင် မဟာမိတ်တပ်များက အထပ်ထပ်ဝိုင်းရံထားပြီး စစ်ရေးပြခိုင်းသည်။ ပြီးလျှင် လက်နက်များကိုသိမ်း၍ပြန်ကြတော့"ဟု လွှတ်လိုက်သည်ဆိုသည်။ ဤသတင်းမှာ တစ်မူဟုတ်ချင်း ပျံ့နှံ့ကာ ကျန်ရဲဘော်များပါ မခံမရပ်နိုင်ဖြစ်၍ လက်နက်တကိုင်ကိုင်ဖြစ်ကုန်ကြသည်။ ကျွန်ုပ်လည်း ရဲဘော်များကို တတ်နိုင်သမျှ နှစ်သိမ့်ပြီး ထိုကိစ္စကိုဆွေးနွေးရန် ထိုစဉ်က မဟာမိတ်တပ်ဖြင့် ဆက်သွယ်ရန် တာဝန်ခံဖြစ်သော ရဲဘော်ချမ်းသာကို ချက်ချင်းစေလွှတ်ခဲ့သည်။ သို့သော် မည်သူမျှ အတွေ့မခံတော့။

ဤတွင် အလျဉ်းသင့်၍ဖော်ပြလိုသည်မှာ အင်္ဂလိပ်များ ဗမာပြည်မှ ဆုတ်ခွာချိန်တွင် ကျွန်ုပ်အပါအဝင် ရဲဘော်တစ်စုအား စစ်ခုံရုံးမှ သေဒဏ်ချမှတ်ကာ "တွေ့ရာနေရာတွင် ပစ်သတ်ရန်"အမိန့်ထုတ်ခဲ့သည်ကို စာဖတ်သူအချို့ မှတ်မိကောင်းမှတ်မိပါလိမ့်မည်။ ထိုစဉ်က သတင်းစာအချို့တွင်ပါရုံမက

အသံလွှင့်ရုံမှလည်း နေ့စဉ်ရက်ဆက် ကြေညာခဲ့လေသည်။ ထို့ကြောင့် ကျွန်ုပ်ကိုယ်တိုင် မဟာမိတ်တပ်များ၊ အထူးသဖြင့် အင်္ဂလိပ်တပ်များနှင့် တိုက်ရိုက်ဆက်သွယ်မှုကိုမပြု။ နောက်ပိုင်းမှနေ၍သာ စီမံခန့်ခွဲခဲ့သည်။ ထိုစဉ်က ရန်ကုန်သို့ဝင်ရောက်လာသောတပ်များမှာလည်း အင်္ဂလိပ်တပ်များသာဖြစ်၍ ရဲဘော်ချမ်းသာကို ဆက်သွယ်ရေးတာဝန် ပေးခဲ့ရခြင်းဖြစ်လေသည်။ ရဲဘော်ချမ်းသာလည်း နည်းမျိုးစုံဖြင့် ချောမောပြေပြစ်အောင် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့။ သူတို့စားမည့်အမဲ သဲပက်ခံရသည်ကို လက်စားချေရသဖြင့် ကျေနပ်နေပုံရသည်။

(**အထူးမှတ်ချက်**။ ။ မဟာမိတ်တပ်များ ဗမာပြည်သို့ပြန်ဝင်လာသော အခါ စစ်တပ်နှင့်အတူ (CAS-B)ခေါ် စစ်အုပ်ချုပ်ရေးအဖွဲ့လည်း တစ်ပါတည်း ပါလာသည်။ ထိုသူတို့နှင့်အတူ ဗမာပြည်အရပ်ရပ်မှ ဖမ်းဆီးအပြစ်ပေးရန် လူစာရင်းလည်း လုပ်လာသည်။ ၎င်းတို့ရောက်ရာတွင် စာရင်းပါလူများကို ဖမ်းဆီးကာ အထူးခုံရုံးဖြင့် တစ်ထိုင်တည်းစစ်၊ တစ်ထိုင်တည်းအပြစ်ပေးခဲ့ကြသည်။ အချို့ကို သေဒဏ်၊ အချို့ကို ထောင်ဒဏ် အမျိုးမျိုးပေးကြသည်။ နောက်ပိုင်းတွင် ရန်ကုန်မှာလည်း ဂျာနယ်ကျော်ဦးချစ်မောင်၊ စာရေးဆရာဦးညာဏတို့အပါအဝင် လူပေါင်းများစွာကို ဖမ်းဆီးခဲ့သည်။ ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ဂျပန်များလက်နက်ချချိန်တွင် ဗမာပြည်အရပ်ရပ် ဖမ်းဆီးခံရ၊ အပြစ်ပေးခံရသူပေါင်း သုံးထောင်ကျော် လေးထောင်နီးပါးရှိခဲ့သည်။ ထိုကိစ္စနှင့်ပတ်သက်၍ ဖ. ဆ. ပ. လအဖွဲ့ချုပ်က ဥပဒေကျွမ်းကျင်သူများပါဝင်သော အဖွဲ့တစ်ခုကို အရေးပေါ်ဖွဲ့စည်းကာ အပြင်းအထန် ခုခံကာကွယ်ခဲ့ရသည်။ နိုင်ငံရေးအရလည်း အကြိတ်အနယ် အရေးဆိုခဲ့ရသည်။)

မခံချင်စိတ်

ထိုဖြစ်ရပ်သည် ရဲဘော်များကိုသာ ဆတ်ဆတ်ခုန် တုန်လှုပ်စေသည်မဟုတ်၊ ကျွန်ုပ်ကိုယ်တိုင်မှာလည်း ထိုစဉ်က သုံးဆယ်မှ လပင်မစွန်းသေးသော စိတ်ခက်ထန်ဆုံး တက်ကြွဆုံးအရွယ်တွင် ရှိသေးရာ ဒေါသစိတ် မခံချင်စိတ်ဖြင့် ပေါက်ကွဲလုမတတ်ဖြစ်ခဲ့သည်ကို ဝန်ခံရပေမည်။ ကျွန်ုပ်တို့တွင် လူလည်းရှိ၊ လက်နက်လည်း အဆင်သင့်ဖြစ်ရာ စိတ်လိုက်မာန်ပါ ထလုပ်ရန်ပင် ကြံစည်မိလေသည်။ သို့သော်လည်း တော်လှန်ရေးတစ်ရပ်တွင် ချမှတ်ထား

သည့် လုပ်ငန်းစဉ်မှကျော်လွန်၍ တာဝန်ခံတစ်ဦးဦးက စိတ်လိုက်မာန်ပါလုပ်မိလျှင် အရေးလည်းပျက်၍ ရာဇဝင်တွင်တရားခံဖြစ်ရမည်ကို တွေးမိသဖြင့်သာ မိမိကိုယ်မိမိ ချုပ်တည်းနိုင်ခဲ့သည်။ ရဲဘော်များကိုလည်း စိတ်လိုက်မာန်ပါမလုပ်အပ်၊ ရာဇဝင်တွင် တရားခံဖြစ်ရမည်ကို ရှင်းပြပြီး ဖျောင်းဖျရသည်။

ထိုအထဲ ရန်ကုန်မြို့ထဲတွင် တော်လှန်ရေးရဲဘော်များကို မဟာမိတ်တပ်များက လိုက်လံဖမ်းဆီးနေပြန်သဖြင့် တပ်များကို ရန်ကုန်တွင် တာရှည်စွဲထားက တစ်နေ့မဟုတ်တစ်နေ့တွင် မဟာမိတ်တပ်များနှင့် ရင်ဆိုင်ရမည်ကို စိုးရိမ်မိ၏။ ထို့ကြောင့် မိမိတို့၏တပ်များကို နယ်များသို့ပြန်ဖြန့်ရသည်။ ကျန်ခဲ့သော ရဲဘော်များကိုလည်း လောင်းဝစွလမ်းရှိ မြို့စောင့်တပ်တွင် ပူးပေါင်းခိုင်းခဲ့ရသည်။

ဖ.ဆ.ပ.လ အဖွဲ့၏ အနာဂတ်အရေး

ထို့နောက် ဖ. ဆ. ပ. လ အဖွဲ့ချုပ်၏ အနာဂတ်လုပ်ငန်းစဉ်များကို ပြန်လည်ညှိနှိုင်း၍ ပြင်ဆင်စရာရှိသည်များကို ပြင်ဆင်ရန် အချိန်ရောက်ပြီဖြစ်၍ တိုင်းအသီးသီးတွင် တာဝန်ယူနေရသော ခေါင်းဆောင်များကို ရန်ကုန်သို့ အမြန်ပြန်လာကြရန် ဆင့်ခေါ်ခဲ့ရလေသည်။

ဗိုလ်နေဝင်းနှင့်အဖွဲ့ကား ရန်ကုန်သို့ အဦးဆုံးနှင့်အစောဆုံး ရောက်ကြသည်။ နောက် သခင်စိုး၊ ဗိုလ်လက်ျာတို့ ရောက်လာသည်။ နောက် သခင်ချစ်၊ ကိုဗဟိန်းတို့ ရောက်လာသည်။ ဗိုလ်ချုပ်အောင်ဆန်းမှာ မိတ္ထီလာတွင် ဗိုလ်ချုပ်စလင်းနှင့်တွေ့ဆုံဆွေးနွေးနေရသဖြင့် အနည်းငယ်နောက်ကျသည်။ သခင်သန်းထွန်းမှာ နံပါတ် ၁၄ တပ်မတော်နှင့်အတူ 'ငြိမ်းချမ်းစွာဖြစ်ပေါ်ရေး' တရားများဟောရ၍ လိုက်ပါခဲ့သဖြင့် နောက်ဆုံးမှရောက်သည်။ စာရေးသူနှင့် ဦးကျော်ငြိမ်းမှာ ရန်ကုန်တွင်ရှိပြီးဖြစ်ကြသည်။ ဤသို့ဖြင့် ခေါင်းဆောင်များစုံညီ ရန်ကုန်တွင် စုရုံးမိကြတော့သည်။ ဤအစည်းအဝေးသည် တိုင်းပြည်၏ သေရေးရှင်ရေးကို ဆုံးဖြတ်ရမည့် အင်မတိအင်မတန်မှ အရေးကြီးသော အစည်းအဝေးပွဲ ဖြစ်လေသည်။ အကြိတ်အနယ်လည်း ဆွေးနွေးရသော အစည်းအဝေးလည်း ဖြစ်သည်။

သို့သော် ဤအစည်းအဝေးပွဲတွင် ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်များကို ဤတွင်ဆက်၍ ဖော်ပြခြင်းဖြင့် ပြည့်စုံမည်မဟုတ်။ ဖ. ဆ. ပ. လ ဖြစ်ပေါ်လာပုံနှင့် မူလလုပ်ငန်းစဉ်များကို ပထမဆုံးသိထားမှ ဖြစ်ပေမည်။ ထို့ကြောင့် ရာဇဝင်နောက်ကြောင်းသို့ ပြန်ကြပါဦးစို့။

■

အတွဲ(၁)၊အမှတ်(၂)၊ဇေဖော်ဝါရီ ၂၇၊၁၉၇၁



ပုလဲဆိပ်ကမ်းတွင် ရိုဇီးနားသင်္ဘောကြီး မီးလောင်နေပုံ

နယ်ချဲ့အချင်းချင်းစစ်ပွဲဟာ ကျွန်နိုင်ငံတွေအတွက် ထီးတင်ပွဲ

ရာဇဝင်နောက်ကြောင်း ပြန်ရမည်ဆိုလျှင် ပြည်သူ့အရေးတော်ပုံ ပါတီမှစရ၊ အခြေတည်ရပေမည်။ 'တော်လှန်ရေးအစ ပြည်သူ့အရေးတော်ပုံ ပါတီ'က မဟုတ်ပါလော။ သို့သော် ကျွန်ုပ်သည် တော်လှန်ရေးသမိုင်းကို ရေးနေသည်မဟုတ်၊ မြူပ်ကွက်ရှုပ်ကွက်များကိုသာ ဖော်ထုတ်နေခြင်းဖြစ်သည်။ ထို့ကြောင့် အများသိပြီးဖြစ်စဉ်ဖြစ်ရပ်များကို ရေးရန်မရည်ရွယ်။ ပြည်သူ့အရေးတော်ပုံပါတီအကြောင်း သိကောင်းဖွယ်ရာ မြူပ်ကွက်များကိုသာ အကျဉ်းဆုံးချုံး၍ တင်ပြသွားမည်ဖြစ်လေသည်။

သမိုင်းမှတ်တိုင်

၁၉၂၀ ခုနှစ် သပိတ်အရေးတော်ပုံသည် ဗမာပြည်လွတ်လပ်ရေးသမိုင်းတွင် အရေးကြီးသော မှတ်တိုင်တစ်ခုဖြစ်ခဲ့သည်။ ဗမာတစ်မျိုးသားလုံး မီးခဲပြာဖုံးဖြစ်နေသော မျိုးချစ်စိတ်ကို အထွတ်အထိပ်သို့ရောက်အောင် ပင့်ပေး၊ မြှင့်ပေးခဲ့သည်။ ကျွန်ုပ်တို့အပါအဝင် နောက်ခေတ်တော်လှန်ရေးသမားအားလုံးသည် ထိုအရေးတော်ပုံမှချပေးခဲ့သော မျိုးစေ့များမှ ပေါက်ဖွားလာကြသော အညွှန့်အတက် ပင်စည်ပင်မများ ဖြစ်ကြသည်ဆိုက မှားမည်မဟုတ်ပေ။

၁၃၀၀ ပြည့် အရေးတော်ပုံကား တစ်ဆင့်မြင့်မားလာသော မှတ်တိုင်

ဖြစ်သည်။ တစ်မျိုးသားလုံးအုံကြွကာ နယ်ချဲ့ဆန့်ကျင်ရေးကို အထွတ်အထိပ်သို့ ရောက်စေခဲ့ပေသည်။ မကြုံစဖူးသော အမျိုးသားညီညွတ်ရေး၊ ထိုခေတ်စကားအရ လှည်းနေလေ့အောင်း မြင်းဇောင်းမကျန် လူထုတစ်ရပ်လုံး တစ်သံတည်း တစ်စိတ်တည်း သွေးစည်းခဲ့ကြသည်။ ထိုအရေးတော်ပုံမှ မြင့်မားသော နိုင်ငံရေးအရှိန်တစ်ရပ်ကိုလည်းကောင်း၊ တန်ဖိုးမဖြတ်နိုင်သော သင်ခန်းစာများကိုလည်းကောင်းရရှိခဲ့သည်။ အထူးသဖြင့် နယ်ချဲ့ကိုတိုက်ရာတွင် လူထုအုံကြွမှုတစ်ခုတည်းဖြင့်လည်း မလွယ်ကူ၊ လက်နက်ကိုင်တိုက်ပွဲတစ်ခုတည်းဖြင့်လည်း ခဲယဉ်း၍ လူထုအုံကြွမှုနှင့် လက်နက်ကိုင်တော်လှန်ရေးကို ပေါင်းစပ်နိုင်ရမည်ဟု အသိဉာဏ် ဝင်ခဲ့ကြသည်။

အချိန်ကား ကမ္ဘာအနောက်ဘက်ခြမ်းတွင် စစ်ရိပ်စစ်ငွေ့များသန်းနေချိန်ဖြစ်သည်။ ဂျာမနီတွင် နာဇီတို့ တန်ခိုးကြွ၍ ဟစ်တလာ အစွမ်းပြနေချိန်ဖြစ်သည်။ ဗာဆေးစာချုပ်ကို စက္ကူစုတ်လုပ်ကာ မိမိတို့နယ်နိမိတ်များကို တိုးချဲ့သိမ်းယူနေချိန်ဖြစ်သည်။ နယ်ချဲ့တို့အကျပ်အတည်း၊ နယ်ချဲ့အချင်းချင်းစစ်ပွဲသည် လက်အောက်ခံကျွန်နိုင်ငံ ကျွန်လူမျိုးတွေအတွက် 'ထီးတင်ပွဲ' ဖြစ်ရမည်ဟု ယုံကြည်သည်။

ထို့ကြောင့် ၁၃၀၀ ပြည့် အရေးတော်ပုံကြီး ပြီးဆုံးခဲ့သော်လည်း ရတောင့်ရခဲ ရရှိနေသော နိုင်ငံရေးအရှိန်ကို အပျက်မခံနိုင်။ နယ်ချဲ့ကို အပြတ်ဆော်မည်။ နောက်ဘိတ်ဆုံးပွဲ ဆင်နွှဲနိုင်ရန်ပြင်ရဆင်ရမည်ဟုဆုံးဖြတ်ခဲ့ကြသည်။

ပါတီဖွဲ့စည်းခြင်း

ဤသို့ အမြင်တူ ယုံကြည်မှုတူဖြင့် ၁၃၀၀ ပြည့်အရေးတော်ပုံတွင် ပေါင်းစည်းမိကြသော ကျောင်းသားလူငယ် သခင်နှင့် ဗမာကျောင်းဆရာတို့ ပါဝင်သော မျိုးချစ်တက်လူတစ်စုသည် အင်္ဂလိပ်ရာဇဝင်ပါ 'နှင်းဆီ'စစ်ပွဲမှ လျှို့ဝှက်အသင်းဖွဲ့နည်းကိုလည်းကောင်း၊ အိုင်းရစ်အရေးတော်ပုံမှ လျှို့ဝှက်အသင်းဖွဲ့နည်းကို မှီး၍ (People Revolution Party)ခေါ် မြေအောက်လျှို့ဝှက်ပါတီတစ်ရပ်ကို ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။

ဖွဲ့စည်းစတွင် သခင်မြကို ခေါင်းဆောင်ထား၍ ကျွန်ရဲဘော်များအားလုံး စည်းရုံးရေးတာဝန်ကို ယူကြရသည်။ တစ်ပတ်လျှင် အနည်းဆုံး

တစ်ကြိမ်မှ သုံးကြိမ်မျှတွေ့ကြဆုံကြ ပြီး အခြေအနေအရပ်ရပ် သုံးသပ်ခြင်း၊ လုပ်ငန်းစဉ်ချမှတ်ခြင်း၊ တာဝန်ခန့်ခွဲခြင်းများကို ပြုကြသည်။ ပါတီ၏ ကြွေးကြော်သံမှာ **"နယ်ချဲ့တို့စစ်ပွဲသည် ငါတို့၏ထီးတင်ပွဲဖြစ်ရမည်"** ဟု ဖြစ်လေသည်။

စည်းရုံးရေးနည်းဗျူဟာ

စည်းရုံးပုံမှာ လူထုလူတန်းစား ကျောင်းသားလူငယ် အစည်းအရုံးအဖွဲ့အစည်းများတွင်လည်းကောင်း၊ လက်ရုံးတပ်၊ ရဲတပ်၊ သံမဏိတပ်များ တွင်လည်းကောင်း၊ ခရိုင်မြို့နယ်မှ ရပ်ကွက်ကျေးရွာအထိ ဒေသအသီးသီး တွင်လည်းကောင်း ယူနစ်(Unit)ခေါ် တော်လှန်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းဖြစ်သည်။

ဌာနချုပ်မှခေါင်းဆောင်တစ်ဦး သို့မဟုတ် တာဝန်ပေးခံရသူတစ်ဦးက ခေါင်းဆောင်၍ အဖွဲ့ဝင်သုံးဦးမှ ငါးဦးအထိပါဝင်သော မူလယူနစ်တစ်ခုကို ဖွဲ့စည်းရသည်။ ထိုငါးဦးမှတစ်ဖန် တစ်ဦးလျှင် ငါးဦးပါ ယူနစ်တစ်ခုစီကို တာဝန်ယူဖွဲ့စည်းရသည်။ နောက်ဖွဲ့စည်းရာတွင် ပါဝင်သူတို့ကလည်း တစ်ဦးလျှင် ငါးဦးကျပွားရသွားရပြန်သည်။ ဤသို့ ဆင့်ကဲဆင့်ကဲ ပွား၍ ပွား၍ ဖွဲ့စည်းသွားခြင်းဖြင့် အမာခံတော်လှန်ရေးရဲဘော်များကို လူထုလူတန်းစားများအတွင်း နက်ရှိုင်းစွာ အခြေတည်စေသည်။ ဤနည်းဖြင့် (P.R.P)ခေါ် ပြည်သူ့အရေးတော်ပါတီကို 'ယူနစ်'အဖွဲ့များဖြင့် ဆင့်ကဲ ဆင့်ကဲ ပွား၍ပွား၍ ဖွဲ့စည်းခဲ့သဖြင့် အောက်ပိုင်းရဲဘော် ခပ်များများမှာ မိမိတို့ပါဝင်သော တော်လှန်ရေးအဖွဲ့ကို 'ယူနစ်'အဖွဲ့ဟုသာ ခေါ်ကြ သိကြတော့သည်။ ထို့ကြောင့် တော်လှန်ရေးရဲဘော်တချို့ရေးသားသော ကိုယ်တွေ့ဆောင်းပါးများတွင် သခင်ချစ်သို့မဟုတ် နဂါးနီကိုထွန်းရွှေ သို့မဟုတ် ဦးဗဆွေ ဖွဲ့စည်းသော 'ယူနစ်' ခေါ် တော်လှန်ရေးအဖွဲ့တွင် မည်သို့ပါဝင်ခဲ့ပြီး မည်ပုံတော်လှန်ရေးလုပ်ငန်းများ လုပ်ခဲ့ရသည်များကို ရေးသားထားကြသည်ကို တွေ့ရပေသည်။

ဤဖွဲ့စည်းနည်းသည် အထက်ပိုင်းမှ ခေါင်းဆောင်များက အဆင့်ဆင့် ပွား၍ ပွား၍ ဖွဲ့စည်းသွားသော 'ယူနစ်'များနှင့် အဖွဲ့ဝင်ရဲဘော်များကို သိသင့်သလောက် သိနိုင်သော်လည်း အောက်ပိုင်းမှ ရဲဘော်များမှာ တစ်ဆင့်နှစ်ဆင့် ထက်ကျော်၍သိနိုင်ရန် ခဲယဉ်းလေသည်။ အကယ်၍ ပေါက်ကြားမှု

ဖြစ်လျှင်လည်း ကွင်းဆက်များကို အလွယ်တကူ ဖြတ်တောက်ပစ်နိုင်၍ သစ္စာဖောက်မှုရှိလျှင်လည်း သစ္စာဖောက်မှုအတိုင်းအတာကိုထောက်၍ မည်သူခေါင်းဆောင်သော 'ယူနစ်' ဘယ်အပိုင်းမှ ဖြစ်ရမည်ကို သိနိုင်လေသည်။

ပြည်သူ့အရေးတော်ပုံပါတီသည် နယ်ချဲ့ကို အပြုတ်တိုက်နိုင်ရန် ပြည်တွင်း၌သာ 'ယူနစ်'ခေါ် လျှို့ဝှက်တော်လှန်ရေးအဖွဲ့များကိုဖွဲ့စည်း၍ တော်လှန်ရေးရဲဘော်များကို မွေးထုတ်ထားသည်မဟုတ်။ ပြည်ပအဆက်အသွယ်၊ ပြည်ပအကူအညီရရေးအတွက်လည်း ကြိုးပမ်းခဲ့ကြသည်။ ဆိုဗီယက်ယူနီယံ၊ တော်လှန်နေသောတရုတ်ပြည်နှင့် နိုင်ငံခြားများသို့ ရဲဘော်များကို ပညာသင်အနေဖြင့်လည်းကောင်း၊ လျှို့ဝှက်နည်းများဖြင့်လည်းကောင်း စေလွှတ်ခဲ့သည်။ ထိုအထဲ ကိုအောင်ဆန်း၊ ကိုလှမြိုင် (ဗိုလ်ရန်အောင်)တို့လည်း အပါအဝင်ဖြစ်ကြသည်။ ထိုရဲဘော်များအနက် အချို့မှာ ယနေ့တိုင် ရောက်ရှိသောတိုင်းပြည်များတွင် အိုးအိမ်ထူထောင်ကာ တာဝန်ထမ်းဆောင်လျက်ရှိကြသဖြင့် ထိုသူတို့အကြောင်းကို ဤဆောင်းပါးတွင် မရေးသားလိုသေး။

ထီးတင်ပွဲ

ဤအချိန်ထိ (P.R.P)ခေါ် ပြည်သူ့အရေးတော်ပုံပါတီဌာနချုပ်တွင် ဌာနများခွဲ၍ သီးခြားမရှိသေး။ စုပေါင်းဆွေးနွေး၊ စုပေါင်းဆုံးဖြတ်၊ စုပေါင်းတာဝန်ယူသောစနစ်ကို ကျင့်သုံးကြသည်။ စည်းရုံးရေးကိုလည်း ဇောက်ချ၍ လုပ်တုန်းရှိကြသည်။ သခင်အောင်ဆန်း ဂျပန်နှင့်အဆက်အသွယ်ရပြီး နားလည်မှုယူကာ ရုပ်ဖျက်၍ လျှို့ဝှက်စွာ တစ်ခေါက်ပြန်ရောက်ပြီးမှ ဌာနချုပ်ကို စနစ်တကျ ပြန်လည်ဖွဲ့စည်းသည်။ ဌာနအလိုက် တာဝန်ခံများကို ခန့်ခွဲသည်။ အချိန်ကား ဥရောပတွင် စစ်မီး ဟုန်းဟုန်းတောက်နေပြီဖြစ်သည်။ နယ်ချဲ့အကျပ်အတည်း နယ်ချဲ့အချင်းချင်းစစ်ပွဲသည် ကျွန်နိုင်ငံ ကျွန်လူမျိုးတို့အတွက် 'ထီးတင်ပွဲ'ဖြစ်ရမည်ဟူသော ကြွေးကြော်သံအတိုင်း အကောင်အထည်ဖော်ရမည့်အချိန် မဟုတ်ပါလော။

ပြည်သူ့အရေးတော်ပုံပါတီ

(P.R.P)ခေါ် ပြည်သူ့အရေးတော်ပါတီကို 'ပြည်တွင်း'အဖွဲ့၊ 'အဝေးရောက်' အဖွဲ့ဟူ၍ နှစ်ပိုင်းခွဲလိုက်သည်။ အဝေးရောက်အဖွဲ့ကို သခင်

အောင်ဆန်းခေါင်းဆောင်၍ ပြည်တွင်းအဖွဲ့ကို သခင်မြခေါင်းဆောင်သည်။ ပြည်တွင်းအဖွဲ့သည် အမြင့်ဆုံးအာဏာပိုင်အဖွဲ့ဖြစ်၍ အဝေးရောက်အဖွဲ့သည် ပြည်တွင်းအဖွဲ့၏ လက်အောက်ခံဖြစ်လေသည်။ ပြည်တွင်းအဖွဲ့၏ ဌာနချုပ်တာဝန်ခံ အမှုဆောင်အဖွဲ့မှာ . . .

သခင်မြ (ဥက္ကဋ္ဌ)
သခင်ချစ် (အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးဌာနမှူး)
သခင်ဗဆွေ (စစ်ရေးဌာနနှင့် စည်းရုံးရေးဌာနမှူး)
ဦးကျော်ငြိမ်း (ထောက်လှမ်းရေးဌာနမှူး)
ကိုဗဟိန်း(ဝါဒဖြန့်ခြိုးရေးဌာနမှူး)(ထိုဌာနကို ပထမ နဂါးနီကိုထွန်းရွှေကိုင်သည်၊ နဂါးနီကိုထွန်းရွှေအဖမ်းခံရပြီးမှကိုဗဟိန်းကတာဝန်ယူသည်။)

မြေအောက်တော်လှန်ရေးအဖွဲ့

ပြည်သူ့အရေးတော်ပုံပါတီသည် မြေအောက်လျှို့ဝှက်အဖွဲ့အစည်းတစ်ရပ်ဖြစ်၍ ဌာနချုပ်အမှုဆောင်အဖွဲ့ကို နည်းနိုင်သမျှ နည်းနည်းထား၍ ဖွဲ့စည်းခြင်းဖြစ်သည်။ သို့သော် ဌာနတိုင်းတွင် ဗျူရိုခေါ် အဖွဲ့ငယ်များဖွဲ့စည်း၍ တာဝန်ထမ်းဆောင်ကြသဖြင့် ဌာနချုပ်တာဝန်ခံများမှာ မနည်းပါချေ။

ဥပမာ- ဘဏ္ဍာရေးအဖွဲ့တွင် သခင်ချစ်က ခေါင်းဆောင်၍ အဖွဲ့ဝင်များအဖြစ်ဖြင့် ဦးထွန်းအုံ (မြူနီစပါယ်မင်းကြီးဟောင်း)၊ သခင်ထိန်ဝင်း စသူတို့ပါဝင်သည်။

စစ်ရေးအဖွဲ့တွင် ဦးဗဆွေက ခေါင်းဆောင်၍ အဖွဲ့ဝင်များအဖြစ်ဖြင့် ၁။ ကိုမောင်မောင် (ဗိုလ်မှူးချုပ်ဟောင်း မောင်မောင်)၊ ၂။ ကိုအောင်ကြီး (ဗိုလ်မှူးချုပ်ဟောင်း အောင်ကြီး)၊ ၃။ ကိုဘဇံ (ဗိုလ်မှူးကြီးဝင်း)၊ ၄။ ဆရာလှမောင် (ဒုဗိုလ်မှူးကြီးဟောင်း)၊ ၅။ ကိုအောင်ရွှေ (ဗိုလ်မှူးချုပ်ဟောင်း)၊ ဗိုလ်ညို ခေါ် ဗိုလ်သူရ (ကွယ်လွန်)၊ ၆။ နဂါးနီကိုထွန်းရွှေ (ကွယ်လွန်) စသူတို့ပါဝင်ကြသည်။

စည်းရုံးရေးအဖွဲ့တွင်လည်း ဦးဗဆွေကခေါင်းဆောင်၍ ၁။ နဂါးနီကိုထွန်းရွှေ (ကွယ်လွန်) ၂။ သခင်လင်း (မင်းလှ) (ကွယ်လွန်)၊ ၃။ သခင်တင်ထွန်း (ပျဉ်းမနား) (ကွယ်လွန်)၊ ၄။ သခင်သန်းဖေ (ဖြူး) (ကွယ်လွန်)၊ ၅။ သခင်တင် (ဒုဝန်ကြီးချုပ်ဟောင်း)၊ ၆။ သခင်ဗသော် စသူတို့ ပါဝင်ကြသည်။

ထောက်လှမ်းရေးအဖွဲ့တွင်လည်း ဦးကျော်ငြိမ်းက ခေါင်းဆောင်၍ ၁။ ကိုအောင်ကြီး၊ ၂။ သခင်စံဝေ စသူတို့ ပါဝင်ကြသည်။

ဝါဒဖြန့်ချိရေးအဖွဲ့တွင်လည်း ကိုဗဟိန်းက ခေါင်းဆောင်၍ ၁။ သခင်တင်မြ၊ ၂။ရဲဘော်သက်တင် စသူတို့ ပါဝင်ကြသည်။

ဤကား မှတ်မိသမျှ တင်ပြခြင်းဖြစ်သည်။ မမှတ်မိသဖြင့် စိတ်တွင်ဇဝေဇဝါဖြစ်နေသဖြင့် မဖော်ပြရသေးသော ပုဂ္ဂိုလ်များစွာ ရှိသေးသည်။ နောင်တွင် အကျယ်ရေးနိုင်သောအချိန်၌ ပြည့်စုံအောင် စုဆောင်းရေးသားပါမည်။ ထို့ပြင်လည်း ယူနစ်အဖွဲ့များမှာ လူထုလူတန်းစားနှင့် တပ်ဖွဲ့များတွင်သာမက ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအထိ လူထုအတွင်း နက်ရှိုင်းစွာ အခြေစိုက်နိုင်ကြပြီဖြစ်၍ တိုင်းခေါင်းဆောင်၊ ခရိုင်ခေါင်းဆောင်၊ နယ်ခေါင်းဆောင်များလည်း များစွာရှိပါသေးသည်။ ဤဆောင်းပါးတွင် ကျယ်ဝန်းနေမည် စိုး၍ မရေးသားလိုတော့ပါ။

နောက်ပိုင်းတွင် အထက်ဗမာပြည်ကို သီးခြားတိုင်းတစ်ခုအဖြစ်ဖြင့် သတ်မှတ်၍ ဗိုလ်ခင်မောင်ကလေးကို ခေါင်းဆောင်စေသည်။ နောင်အခါတွင် တက်ဘုန်းကြီးသိန်းဖေ(သိန်းဖေမြင့်)ကို တွဲဖက်ခေါင်းဆောင်အဖြစ်ဖြင့် အားဖြည့်ပေးသည်။

တော်လှန်ရန်

ကမ္ဘာအနှောက်အယှက်ခြမ်း ဥရောပတစ်ခွင်တွင် စစ်မီးဟုန်းဟုန်း တောက်နေပြီဖြစ်သော်လည်း ဂျပန်များ စစ်ထဲသို့မဝင်သေးသဖြင့် အာရှသို့ မကူးစက်သေး။ တရုတ်-ဂျပန် သီးခြားစစ်သာ ဖြစ်လျက်ရှိသေးသည်။

သခင်အောင်ဆန်းတို့နှင့် ဂျပန်တို့၏နားလည်မှုမှာ ဗမာများ လွတ်လပ်ရေးအတွက် နယ်ချဲ့အင်္ဂလိပ်ကိုတော်လှန်ရာတွင် ဂျပန်က စစ်ပညာသင်ပေးမည်၊ လက်နက်များဖြင့် ကူညီမည်။ ကျွန်ုပ်တို့က စစ်ပညာသင်ရန် ရဲဘော်များကို တစ်သုတ်ပြီးတစ်သုတ် လျှို့ဝှက်စွာ စေလွှတ်ပေးရမည်။ သူတို့က လက်နက်များကို သတ်မှတ်ထားသောနေရာများတွင် လေထီးဖြင့် လျှို့ဝှက်စွာ ချပေးမည်။ စစ်သင်တန်းပြီးဆုံးသောရဲဘော်များကိုလည်း တစ်သုတ်ပြီးတစ်သုတ် ပြန်ပို့ပေးမည်။ တော်လှန်ရေးကိုကား မိမိတို့ဘာသာမိမိတို့ ဆင်နွှဲရမည်ဖြစ်သည်။

ဤနားလည်မှုဖြင့် ကျွန်ုပ်တို့သည် စစ်ပညာသင်များကို တစ်သုတ်ပြီးတစ်သုတ် လျှို့ဝှက်စွာ စေလွှတ်ခဲ့သည်။ (ထိုရဲဘော်တို့သည် နောင်တစ်ချိန်တွင် ရဲဘော်သုံးကျိပ် ဖြစ်လာကြသည်။)

စည်းရုံးရေးကိုလည်း သုတ်ခြေတင်၍ အားသွန်ကြိုးပမ်းခဲ့ကြသည်။ စစ်ရေး၊ နိုင်ငံရေးကိုကြည့်၍ တနင်္သာရီတိုင်း၊ မြစ်ဝကျွန်းပေါ်တိုင်းနှင့် ပဲခူးတိုင်းကို အထူးဖို၍ စည်းရုံးခဲ့သည်။ လက်နက်များ လက်ဝယ်ရသည်နှင့် အဆင်သင့်တပ်ဆင်နိုင်ရန် တော်လှန်ရေးရဲဘော်များကို လက်ရုံးတပ်၊ ရဲတပ်၊ သံမဏိတပ်များအသွင်ဖြင့်လည်းကောင်း၊ လျှို့ဝှက်သင်တန်း စခန်းများဖွင့်၍လည်းကောင်း အခြေခံစစ်သင်တန်း၊ လက်နက်ငယ်သင်တန်း၊ ပြောက်ကျား စစ်သင်တန်းများပေးခဲ့သည်။

မြို့တ်၊ ထားဝယ်နှင့် အချို့ခရိုင်များတွင် ထောင်နှင့်သောင်းနှင့်ချီ၍ စည်းရုံးပြီး၊ လေ့ကျင့်ပြီး၊ သင်တန်းပေးပြီးဖြစ်ခဲ့သည်။

ပြည်တွင်းလှုံ့ဆော်ရေး

ကျွန်ုပ်တို့သည် လက်နက်ကိုင်တော်လှန်ရေးကို တစ်ဖက်တွင် အပြင်းအထန် အားသွန်ကြိုးပမ်းနေချိန်တွင် လူထုအုံကြွမှုအတွက်လည်း လူထုလူတန်းစားအဖွဲ့အစည်းများနှင့် ပြည်သူလူထုအတွင်းသို့ နက်ရှိုင်းစွာတိုးဝင်ထားပြီးဖြစ်ကြသည်။ တက္ကသိုလ်ကျောင်းသားများ သမဂ္ဂတွင် စာရေးသူမှာ ဥက္ကဋ္ဌဖြစ်၍ ကျန်ဒုဥက္ကဋ္ဌကိုမြ(စစ်တွေ)၊ အတွင်းရေးမှူးကိုမောင်မောင် (ဗိုလ်မှူးချုပ်ဟောင်း မောင်မောင်)မှစ၍ အမှုဆောင်တစ်ဖွဲ့လုံးမှာ ပြည်သူ့အရေးတော်ပုံပါတီဝင်များဖြစ်ကြသည်။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂတွင်လည်း ကိုဘဟိန်းနှင့် ကျွန်ုပ်တို့ပင် ခေါင်းဆောင်ထားကြသည်။ ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံးကိုလည်း သခင်မြ၊ သခင်တင်တို့က ချုပ်ကိုင်ထားပြီးဖြစ်လေသည်။ အလုပ်သမားများအတွင်းမှာလည်း အောက်ခြေအထိ ယူနစ်အဖွဲ့များက ဝင်ပြီး စီးပြီးဖြစ်ကြသည်။ ဗမာပြည်အရပ်ရပ်တွင်လည်း ယူနစ်အဖွဲ့ဝင်တော်လှန်ရေးရဲဘော်များ ပြည်သူလူထုအတွင်း နက်ရှိုင်းစွာ အခြေတည်ကြပြီးဖြစ်ကြသည်။

ပြည်သူလူထုကို နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ တော်လှန်ရေးစိတ်ဓာတ် ပြင်းထန်လာရန်မှာလည်း အမြဲမပြတ် လှုံ့ဆော်ပေးခဲ့ကြသည်။

ထိုစဉ်က ကျွန်ုပ်ကိုယ်တိုင် နဂါးနီဂျာနယ်တွင် မားကိုင်ထားသူကို မားမရှိသူက အဝေးမှ ရရာတုတ်၊ ခဲတို့ဖြင့် အနိုင်တိုက်နိုင်သလို အားကြီးသူကို အားငယ်သူက မှောင်ခိုချောင်းရိုက်၍ နိုင်-နိုင်သလို လက်နက်ရှိသူကို လက်နက်မဲ့ သူများက ကြောက်နေရန်မလို၊ ပြောက်ကျားစနစ်ဖြင့် အောင်နိုင်-နိုင်ကြောင်း နိဒါန်းပျိုး၍ ပထမကမ္ဘာစစ်ကြီးအတွင်းက လော့ရင့် (Lawremce of Arabia) ကျင့်သုံးခဲ့သောနည်းများကိုလည်းကောင်း (Seven Pillars) တရုတ်ပြည်တွင် တရုတ်ကွန်မြူနစ်များ ကျင့်သုံးနေသော နည်းများကိုလည်းကောင်း (Red Star over China) ဆန်းစစ်၍ ပြောက်ကျားစစ်နည်းပရိယာယ်နှင့် သေနင်္ဂဗျူဟာများအကြောင်း တော်လှန်ရေးသွေးထိုးဆောင်းပါးရှည်ကြီးတစ်စောင်ကို ဗဆွေ(ထားဝယ်)အမည်ဖြင့် ရေးသားခဲ့ဖူးသည်။ ထို့အတူ ဘားမားဂျာနယ်တွင်လည်း 'အကယ်၍ သင်သည် ဘာယာပြည်တွင် လူဖြစ်ခဲ့သော်' ဟူသောခေါင်းစဉ်ဖြင့် တော်လှန်ရေးဆောင်းပါးရှည်ကြီးတစ်စောင်ကို 'ဗမာ့သွေး'အမည်ဖြင့် ရေးသားခဲ့ဖူးသည်။ သို့သော် နှစ်ပတ်မျှပါပြီး အစိုးရက သတိပေးခံခဲ့ရသဖြင့် ဆုံးခန်းတိုင်အောင် မရေးနိုင်ခဲ့ရပေ။

ကျွန်ုပ်တို့သည် အချိန်ကို စောင့်နေကြသည်။ အရာရာ ပြင်ပြီးဆင်ပြီးဖြစ်သည်။ ခလုတ်နှိပ်ရုံဖြင့် လင်းရန် အဆင်သင့်ဖြစ်နေကြသည်။

ကျွန်ုပ်တို့စောင့်မျှော်နေကြသော အချိန်ဆိုသည်ကား လက်နက်များ ကျွန်ုပ်တို့လက်သို့ အသင့်အတင့်ရောက်ပြီးသောအချိန်ဖြစ်သည်။ သို့မှ လူထုအုံကြွမှုနှင့် လက်နက်ကိုင်တော်လှန်ရေးကို ပေါင်းစည်းနိုင်မည် မဟုတ်ပါလော။

ဂျပန်များက လက်နက်များကို လေထီးဖြင့်ချပေးရန် အချိန်နှင့်နေရာကို အခါခါအကြိမ်ကြိမ် ချိန်းဆိုခဲ့သည်။ မှတ်မိသေးသည်။ အချိန်မှာလည်း ချမ်းလို့ အေးလို့ကောင်းတုန်း၊ ဆောင်းတွင်းကြီးဖြစ်သည်။ နေရာများမှာလည်း လူသူမနီးသည့် တောကြီးမျက်မည်းအရပ်များဖြစ်ကြသည်။ တာဝန်ပေးခံရသော ရဲဘော်များသည် တာဝန်ကျရာနေရာများသို့ ခဲခဲယဉ်းယဉ်းသွားရောက်ပြီး တောရှင်းရ၊ ချိန်းချက်သည့်အမှတ်အသားများလုပ်ရ၊ ညစဉ်ညဆက် မီးပုံပြီး စောင့်ရဖြင့် အတော်ဒုက္ခများကြသည်။ အချို့လည်း တောရိုင်းတိရစ္ဆာန်များနှင့် ရင်ဆိုင်ကြရပြီး ရဲဘော်ခပ်များများမှာ ငှက်ဖျားသင့်ကာ ဖျားကြီးနာကြီးစွဲခဲ့ကြသည်။ ယခု သခင်သာခင်၏ ကျန်းမာရေးမှာ ထိုစဉ်က ငှက်ဖျားဒဏ်မှ အခြေခံခဲ့သည်ဆိုက မှားမည်မဟုတ်ပေ။

လက်နက်များကား တစ်ခါချိန်းလည်းမရောက်၊ နှစ်ခါချိန်းလည်း မရောက် အကြောင်းပြချက်အမျိုးမျိုးဖြင့် သူတို့ကလည်း တစ်ချိန်းတည်းချိန်းနေသည်။ ကျွန်ုပ်တို့ကလည်း မျှော်လင့်ချက်ကြီးစွာဖြင့် တစ်စောင့်တည်းစောင့်၊ တစ်မျှော်တည်း မျှော်ခဲ့ကြသည်။ ဤနည်းဖြင့် အချိန်တရွေ့ရွေ့ကုန်ခဲ့ရာ နောက်ဆုံး အမေရိကန်ရေတပ်စခန်း ပုလဲဆိပ်ကမ်း(Pearl Harbour)ကို ဗုံးကြပြီး ဂျပန်များ စစ်ကြေညာခဲ့သည့်အချိန်သို့သာ ရောက်ခဲ့တော့သည်။

ဂျပန်များဝင်ရောက်ခြင်း

ဂျပန်များ စစ်ထဲသို့ဝင်ရောက်လာသောအခါ အခြေအနေလည်း တစ်မျိုး တစ်ဖုံဖြစ်လာတော့သည်။ ပြောင်းလဲမှုများကား မြန်ဆန်လှသည်။ ဂျပန်များကား ဆင်ကြဲကြဲကာ အရာရာပြင်ဆင်ထားသည်ဖြစ်၍ ရန်သူတို့အငိုက်မိကာ အရှိုက်ထိုးခံရလေပြီ။ ရက်ပိုင်း၊ လပိုင်းအတွင်း နယ်ချဲ့အင်္ဂလိပ်တို့၏ စစ်ရေးအချက်အချာနေရာများဖြစ်သော ဟောင်ကောင်နှင့် စင်ကာပူမြို့ကို သိမ်းပိုက်နိုင်ခဲ့သည်။ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်ကျွန်းများကို တက်ရောက်နိုင်ခဲ့သည်။ ရွှေတန်းစစ်မျက်နှာသည် ယိုးဒယားသို့ပင် ရောက်လာခဲ့ပေပြီ။

မမျှော်လင့်ဘဲ အောင်ပွဲများ ဆက်တိုက်ရရှိနေသော ကိုရွှေဂျပန်များအတွက် သွေးကြီးစရာ၊ ဘဝင်မြင့်စရာအဖြစ်ကြီး ဖြစ်ခဲ့လေပြီ။ "မင်းတို့လွတ်လပ်ရေးအတွက် မင်းတို့တိုက်ကြ၊ လိုအပ်တဲ့စစ်ပညာနဲ့လက်နက်ကို ငါတို့ကူမည်"ဆိုခဲ့သော ကိုရွှေဂျပန်များသည် စိတ်လည်းပြောင်း၊ စကားလည်းတစ်မျိုးတစ်ဖုံပြောင်းလာလေပြီ။ ရန်သူများ အဆင်သင့်မဖြစ်မီ စိတ်ဓာတ်ကျချိန်တွင် စစ်ကိုဖို၍တိုက်ရမည်။ မင်းတို့လွတ်လပ်ရေးကို ငါတို့ကိုယ်တိုင်တိုက်ပေးမည်ဖြစ်လာသည်။ သခင်အောင်ဆန်းအမှူးရှိသော ရဲဘော်သုံးကျိပ်ကိုလည်း "မင်းတို့ယိုးဒယားမှာပဲ ဗမာ့လွတ်လပ်ရေးတပ်မတော် (B.I.A)ကို ဖွဲ့စည်း၍ ငါတို့နှင့်ပေါင်းတိုက်ကြ၊ မော်လမြိုင်ကျရင် လွတ်လပ်သော ဗမာအစိုးရကို ဖွဲ့စည်းပေးမည်။ သိန်းတပ်ကြီးဖွဲ့ပြီး လက်နက်များတပ်ဆင်ပေးမည်။ မင်းတို့လွတ်လပ်ရေးကို မင်းတို့ကြေညာပြီး အင်္ဂလိပ်ကို ဆက်တိုက်ကြ၊ မင်းတို့ကို ကူသောသဘောဖြင့် ငါတို့တိုက်မည်"ဆိုလာသည်။ ဘယ်သူသည် ဘာများတတ် နိုင်ဦးမည်နည်း။ သခင်အောင်ဆန်းကော ရဲဘော်သုံးကျိပ်ကော ဘာများတတ်နိုင်ပါဦးမည်နည်း။

နောက်ထပ်တစ်ပွဲ

ကိုရွှေဂျပန်တို့ကား ဘယ်သူသဘောတူမတူ၊ ဖိတ်ခေါ်မဖိတ်ခေါ် ဗမာပြည်အတွင်းသို့ အစောင်းဝင်ရောက်လာတော့မည်မှာ သေချာလေပြီ။ သိကြားမင်းတား၍လည်း ရတော့မည်မဟုတ်တော့။ တိုင်းပြည်သက်သာမှု၊ လူထုသက်သာမှု ထောက်ရှု၍ အခိုက်အတန့်အားဖြင့် မီးစဉ်ကြည့်ကရုံမှ တစ်ပါး အခြားနည်းလမ်းရှိပါသေးသလော။ အင်္ဂလိပ်နယ်ချဲ့စနစ်ကား ဗမာပြည်တွင် အနှစ်တစ်ရာနီးပါး အမြစ်တွယ်ပြီး ဖွဲ့ဖြိုးပြီးဖြစ်သည်။ နောင်လာသည့် မောင်ပုလဲ ဒိုင်းဝန်ထက်ကဲလာလျှင် တစ်ပွဲထပ်နွဲ့ရရုံမှတစ်ပါး ဘာများရှိသင့်တော့သနည်း။ တစ်ပွဲမှတစ်ပွဲသို့ အဆင်သင့်ပြင်ရဆင်ရတော့မည်မဟုတ်ပါလော။

ထို့ကြောင့် အခြေအနေအရပ်ရပ်ကို မိမိတို့က စီးပြီး၊ ပိုင်ပြီးဖြစ်ရန် မြို့များကို ဦးအောင်သိမ်း၊ အုပ်ချုပ်ရေးကိုဦးအောင် ကိုင်ရသမျှလက်နက်များကို နေရာအနှံ့အပြားဖြန့်၍ ခါးတောင်းကြိုက်မဖြုတ်ဘဲ နောက်တစ်ပွဲအတွက် ဆက်တိုက်ပြင်ဆင်ရန်သာ ဆုံးဖြတ်နိုင်ခဲ့တော့သည်။

နောက်ပိုင်းဖြစ်ရပ်များကား အများသိပြီးဖြစ်ကြ၍ မရေးလိုတော့။

ဤမျှဖြင့် ပထမဆင့် နယ်ချဲ့တော်လှန်ရေးတွင် ဇာတ်ဆောင်ဇာတ်လိုက် ဇာတ်ဆရာကြီးဖြစ်သော ပြည်သူ့အရေးတော်ပုံပါတီအကြောင်း သိကောင်းစရာ မြူပ်ကွက်ရှုပ်ကွက်များကို အကျဉ်းဆုံးချုံး၍ တင်ပြချက်ကို တစ်စခန်းရပ်၍ ဒုတိယအဆင့်ဖက်ဆစ်ဂျပန်ကို ဖ. ဆ. ပ. လ ဘယ်လို ဖြစ်ပေါ်လာပြီး တော်လှန်ခဲ့ကြသည်ကိုဆက်ကြပါစို့။

■

အတွဲ(၁)၊အမှတ်(၃)၊မတ် ၁၂၊၁၉၇၁

PDF COMPILED BY NYEYADHAMMA@GMAIL.COM

PDF စာအုပ်များနှင့် ပတ်သက်၍
စုံစမ်းမေးမြန်းလိုလျှင်
nyeyadhamma@gmail.com သို့
ဆက်သွယ်နိုင်ပါသည်။

မောင့်ဘက်တန်

ဒေါက်တာဘမော်

နွားကွဲ ကျားကိုက်ခံရမည်

ဝါဒအမျိုးမျိုးကွဲခဲ့သော်လည်း

ယခု နီတယ်၊ စိမ်းတယ်၊ ဝါတယ်နှင့် ဝါဒတွေ အမျိုးမျိုးကွဲကာ အချင်းချင်း လူသတ်ပွဲဆင်နွှဲနေကြသူတို့သည် တစ်ချိန်တုန်းက တစ်ယောက်ကို တစ်ယောက် အသက်ပေးလာခဲ့ကြသည့် ရဲဘော်များဖြစ်ကြသည်ဆိုပါက ယုံနိုင်ကြပါမည်လား။

မှန်ပါသည်။ ဤရဲဘော်များသည် ပြည်သူ့အရေးတော်ပုံပါတီ အလံတော်အောက်တွင် တစ်စိတ်တည်း တစ်ဝမ်းတည်း သွေးစည်းခဲ့ကြပါသည်။ ရဲဘော်စိတ်အပြည့်အဝဖြင့် ကျောချင်းကပ် ရင်ချင်းအပ်ခဲ့ကြပါသည်။ တစ်ယောက်အဝတ်ကို တစ်ယောက်ဝတ်၍ တစ်ယောက်ရှိရာကို တစ်ယောက် ဝေ့စားခဲ့ကြပါသည်။ ပြောချင်ရာပြော၊ ဆိုချင်ရာဆို၊ နှမပဲတောင်းတောင်း၊ ယောက်ဖပဲခေါ်ခေါ်၊ ဆဲလည်းမနာ၊ အော်လည်းစိတ်မဆိုး စိတ်သဘောထား ကြီးခဲ့ကြပါသည်။ ကွဲနေသော သခင်နှစ်ခြမ်းပင် သွေးချင်းနှောရ၍ သွေးသောက်တွေ ဖြစ်ခဲ့ကြပါသည်။ ဝါဒတွေ အမျိုးမျိုးကို လေ့လာခဲ့ကြသည်ဖြစ်၍ သူသန်ရာ၊ ငါသန်ရာရှိကြမည် ဖြစ်သော်လည်း တိုင်းပြည်ကိုချစ်ရာတွင်၊ အမျိုးကိုချစ်ရာတွင် တူညီကြသည်။ လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေး

သည် ဒုတိယ၊ လွတ်လပ်ရေးသည် တတိယ၊ လွတ်လပ်ရေးသည် အရာရာဖြစ်ကြသည်။ ထိုရဲဘော်တို့သည် တစ်နေ့တွင် အချင်းချင်းကွဲကာ လူသတ်ပွဲတွေဆင်နွှဲကြလိမ့်မည်ဟုဘယ်သူထင်ပါအံ့နည်း။

သိလျက်သားနှင့်

ကျွန်ုပ်တို့သည် 'ဖက်ဆစ်ဂျပန်တို့အကြောင်းကို မသိသဖြင့် ပေါင်းခဲ့ကြသလော'ဟု မေးဖွယ်ရှိသည်။ သိမှသိ၊ အလွန်သိဟုသာ ဖြေဆိုရပါမည်။ ကျွန်ုပ်တို့သိရုံမက ပြည်သူလူထုပါသိရအောင် တရုတ်ပြည်၊ ကိုရီးယားပြည်များတွင် ဖက်ဆစ်ဂျပန်တို့၏ လူမဆန်သော ရက်စက်မှု၊ ကြမ်းကြုတ်မှုများကို နဂါးနီမှ စာအုပ်စာတမ်းများပင် ထုတ်ဝေခဲ့ပါသည်။ ပြည်သူ့အရေးတော်ပုံပါတီမှ ထုတ်ဝေသော လျှို့ဝှက်စာတမ်းများတွင်လည်း အထူးဖော်ပြ၍ ပညာပေးခဲ့ပါသည်။ အနီးပေါင်းပေါင်းက ရန်သူထက်ဆိုးသည့် မိတ်ဆွေသာဖြစ်မည်ကို သိပြီးဖြစ်ကြပါသည်။ ယခုမူ ကိုယ်တော်ချောမှာ မဖိတ်ရ၊ မခေါ်ရဘဲ အိမ်ပေါ်သို့ ရောက်လာခဲ့လေပြီ။

ကတိမတည်

ကျွန်ုပ်တို့ ကြိုတင်တွက်ထားသည့်အတိုင်း မော်လမြိုင်ကျတော့ ရန်ကုန်၊ ရန်ကုန်ကျတော့ မန္တလေးနှင့် အစိုးရဖွဲ့ရေးကို အချိန်ဆွဲခဲ့ကြသည်။ ကျွန်ုပ်တို့နှင့် ဒေါက်တာဘမော်ကိုခွဲ၍ နိုင်ငံရေးကစားမည်ကိုလည်း ကြိုတင်ရိပ်စားမိပြီးဖြစ်သည်။ အမှန်မှာ ဒေါက်တာဘမော်၏ ဆင်းရဲသားအဖွဲ့နှင့် တို့ဗမာအစည်းအရုံးမှာ ဗမာ့ထွက်ရပ်ဂိုဏ်းအနေဖြင့် ပူးပေါင်းထားပြီးဖြစ်သည်။ သို့သော် ပို၍နားလည်မှုရပြီး ရှိပြီးဖြစ်ရန် ဒေါက်တာဘမော်ကို မိုးကုတ်ထောင်မှ ဂျပန်တို့အရင်ထုတ်ယူနိုင်ရန် ဦးကျော်ငြိမ်းအား တာဝန်ပေးခဲ့ရသည်။

နောက်ဆုံး ဒေါက်တာဘမော်ကို နိုင်ငံတော်အဓိပတိခန့်၍ ရုပ်သေးအစိုးရအဖွဲ့ကို ဖွဲ့စည်းပေးခဲ့သည်။ ဗမာ့တပ်မတော်ကို တစ်သိန်းတပ် ဖွဲ့စည်းပေးမည်ဆိုခဲ့သော်လည်း မန္တလေးတွင် ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီ-အိုင်-အေ) ကို ဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေးတပ်မတော်(ဘီ-ဒီ-အေ)ကို ဖွဲ့စည်းသောအခါ တပ်ရင်း ၄-၅ ရင်းရဖို့ အတော်ပင် ကြိုးစားခဲ့ရသည်။

ကြိုတင်ပြင်ဆင်ချခြင်း

မဖိတ်ဘဲ၊ မခေါ်ဘဲ အိမ်ပေါ်ရောက်လာပြီဖြစ်သော ဖက်ဆစ်ဂျပန်တို့အား မလွဲသာမရှောင်သာ တိုက်ရတော့မည်ကိုတွက်ပြီး၊ ဆုံးဖြတ်ပြီးဖြစ်သည့်အတိုင်း နယ်ချဲ့ကိုတိုက်ရင်း ပြင်ရဆင်ရလေပြီ။

ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ပြည်တွင်းတော်လှန်ရေးအဖွဲ့များက ဂျပန်တို့အရင် မြို့များကို တတ်နိုင်သမျှ ဦးအောင်သိမ်းခဲ့ကြသည်။ အုပ်ချုပ်ရေးကို ဦးအောင်ကိုင်ခဲ့ကြသည်။ (ထိုစဉ်က ဘီ-အိုင်-အေ အုပ်ချုပ်ရေးဟုခေါ်ကြသည်။) မိမိတို့တပ်များရရှိသည့် လက်နက်များကိုလည်း ရှေ့တန်းသို့ အကုန်မပို့။ တပ်များကို နောက်ပိုင်းတွင် ချန်နိုင်သလောက် ချန်ခဲ့ပြီး လက်နက်များကိုလည်း နယ်အနှံ့ ဖြန့်နိုင်သမျှ ဖြန့်ခဲ့ကြသည်။ ဖက်ဆစ်ဂျပန်များနှင့် မလွဲမရှောင်သာ၍ အခိုက်အတန့်ပေါင်းရသော်လည်း မိမိတို့နောက်တိုက်ရမည့် ရန်သူသာဖြစ်ကြောင်းကိုလည်း မကွယ်မဝှက် ရဲဘော်များကို ပညာပေးခဲ့ကြသည်။

ဖက်ဆစ်ဂျပန်ကို တိုက်သောအခါ အကူအညီရရေးအတွက် မဟာမိတ်နိုင်ငံများသို့ လူလွှတ်ရေးကိုလည်း စီစဉ်ခဲ့ကြသည်။ တရုတ်ပြည်ဘက်သို့ တချို့ထွက်၍ တချို့က အိန္ဒိယသို့သွားရန်ဖြစ်သည်။ တရုတ်ပြည်ဘက်ထွက်မည့်အဖွဲ့မှာ အကြောင်းမညီညွတ်သဖြင့် မသွားဖြစ်ခဲ့။ ထိုအဖွဲ့တွင် သခင်စိုး၊ သခင် ကျော်စိန်တို့ ပါကြသည်။ သခင်သိန်းဖေ (သိန်းဖေမြင့်)၊ သခင်တင်ရွှေ (ကျောက်ဆည်)တို့ အဖွဲ့သာ အိန္ဒိယသို့ရောက်ခဲ့သည်။

တော်လှန်ရေးပါတီ

ဤအချိန် ဤအခါအထိ ပြည်သူ့အရေးတော်ပုံပါတီသည် တစ်ခုတည်းသော တော်လှန်ရေးပါတီတစ်ရပ်အနေဖြင့်ရပ်တည်လျက်ရှိသည်။ တော်လှန်ရေးအင်အားစုမှန်သမျှ စုစည်းရာမှီခိုရာဖြစ်သည်။ ဂျပန်ခေတ်တွင် ဖွဲ့စည်းလာသည့် အာရှလူငယ်၊ တို့ဗမာဆင်းရဲသားအစည်းအရုံးနှင့် ဗမာ့ ကာကွယ်ရေးတပ်မတော်တို့ကိုလည်း စီးနှင်း၊ ခေါင်းဆောင်နှိုင်ခဲ့သည်။ ခရိုင်၊ မြို့နယ်အသီးသီးတွင်လည်း တော်လှန်ရေးအင်အားစုများဥမကွဲသိုက်မပျက်စည်းစည်းရုံးရုံးရှိကြသည်။

သို့သော် ပြည်သူလူထုတစ်ရပ်လုံးမှာ ဖက်ဆစ်ဂျပန်များအပေါ် အထင်ကြီးနေတုန်း ဖြစ်ကြသည်။ ဂျပန်တို့၏'ဂျပန်-ဗမာ အတူတူသာတူညီမျှ အာရှထူထောင်ရေး' 'ဗမာပြည်ကို လုံးဝလွတ်လပ်ရေးပေးမည်'အစရှိသော မှိုင်းတိုက်လုံးများဖြင့် နစ်မွန်းနေတုန်းရှိကြသည်။ ဤမှိုင်းတိုက်လုံးသည် သာမန် အရပ်သူအရပ်သား ပြည်သူများကိုသာမဟုတ်၊ အချို့ခေါင်းဆောင်များပင်မိ ကာ တွေဝေစေခဲ့သည်။ ဖက်ဆစ်ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးစိတ် ဓာတ်မထက်သန်သေးသည့် ဒီရေကျချိန်ဆိုပါက မှားမည်မဟုတ်ပေ။

နိပ္ပွန်-မာစတာ

ဖက်ဆစ်ဇာတိရုပ်ကို တာရှည်ဖုံး၍ကား မရပါပေ။ တစ်နေ့တခြား ရုပ်လုံး ပေါ်လာရလေသည်။ မိမိတို့ကို 'နိပ္ပွန်-မာစတာ'ဟုခေါ်ပြီး လူတွေကို အတင်း အလေးပြုခိုင်းရာမှ ပါးရိုက် နားရိုက်လုပ်လာသည်။ ဘူးသီး၊ ခရမ်းသီး၊ ဘဲ၊ ကြက်မှအစ ကျွဲ၊ နွားများကို အတင်းသိမ်း အတင်းဆွဲလာသည်။ အမျိုး သမီးများကို စော်ကားမော်ကားလုပ်လာသည်။ ဘုန်းကြီးမရှောင်၊ လူကြီးသူမ မရှောင် သစ်ပင်တက်ခိုင်း၊ အထုပ်သယ်ခိုင်း၊ ထမင်းချက်ရေခပ်ခိုင်း လုပ်လာ သည်။ တွေ့ရာလူ အတင်းဆွဲ၊ အတင်းဖမ်းပြီး ခွေးတပ်သို့ပို့လာသည်။ သူတို့ နား ကပ်ပါးရပ်ပါး အလိုတော်ရိလုပ်သူတို့ တွန်းရာတိုက်ရာလူတွေကို ဖမ်း၊ ရေနွေးပူလောင်း၊ လက်သည်းခွံခွာ၊ ထုပ်တန်းဆွဲရိုက်၊ နေပူလှန်း အမျိုးမျိုး ညှဉ်းပန်းလာကြသည်။ လူမျိုးတစ်ရပ်လုံး ကျိုးနွံပြီး သူတို့ကို မော်မကြည့်ရဲ၊ မလှန်ရဲအောင် လုပ်ဆောင်လာခြင်းများ ဖြစ်လေသည်။

ကျောချမှ ဓားပြမှန်းသိ

ကျောချခံရမှတော့ ဓားပြမှန်းသိရလေပြီ။ တစ်တုံးမှ နှစ်တုံးစားမိမှ တော့ သကြားဖြူးထားသည့် မစင်တုံးမှန်း သိကြလေပြီ။ ကြာကြာပေါင်းမှတော့ မိတ်ဆွေစစ်မဟုတ်၊ ဟန်ဆောင်သော ရန်သူမှန်း သိလာတော့သည်။ ဤနည်း ဖြင့် ဖက်ဆစ်ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးစိတ်ဓာတ်ကား လူထု အတွင်း တစ်စတစ်စ အမြစ်တွယ်ကာ တစ်နေ့တခြား ဒီရေအလားဖြင့် ကြီးထွား လာတော့သည်။ ဖက်ဆစ်ဂျပန်တွေကို တိုက်ရမည်ကို လှည်းနေလှေအောင်း မြင်းဇောင်းပါမကျန် ခြွင်းချက်မရှိလက်ခံကြလေပြီ။

သို့သော် ဖက်ဆစ်ဂျပန်ကို တော်လှန်ရာတွင် ပြင်ပအကူအညီရ ရေးမှာ မလွယ်ကူပေ။ အထူးသဖြင့် အင်္ဂလိပ်အပါအဝင်ဖြစ်သော မဟာမိတ် အင်အားစုနှင့် နားလည်မှုရရန်ဆိုသည်မှာ ခဲယဉ်းလှပါသည်။ ယခု ဖက်ဆစ် ဂျပန်ကို တိုက်မည်၊ တော်လှန်မည်ဆိုသော ဤလူသိုက်တို့သည်ပင် မကြာသေး သောကာလက ယင်းဂျပန်တို့နှင့်ပူးပေါင်း၍ ၎င်းတို့အား တိုက်ခဲ့၊ တော်လှန် ခဲ့ကြသည် မဟုတ်ပါလော။

နယ်ချဲ့၏ပရိယာယ်

ထိုမှတစ်ပါး အင်္ဂလိပ်နယ်ချဲ့သမားတို့မှာ မိမိတို့ပိုင်ဆိုင်ခဲ့သော ကိုလိုနီနိုင်ငံများကို လုံးဝစွန့်လွှတ်ရန် စိတ်မှမကူးခဲ့ကြ။ ပြန်လည်သိမ်းပိုက်၍ ကျွန်ဆက်လုပ်ရန်သာ ရည်ရွယ်သည်။ စစ်စရိတ် စစ်ဒဏ်ဖြင့် မိမိတို့နိုင်ငံ ပျက်စီးသမျှကို ကျွန်နိုင်ငံများမှ အမြတ်ထုတ်၍ ထူထောင်ရန်သာ ကြံရွယ် သည်။ ထိုကြောင့်လည်း စစ်မီးဟုန်းဟုန်းတောက်၍ မိမိတို့ထီးတည်း ကျွန်ဘဝ တွင်းမှ စစ်ကြီးပြီးလျှင် လက်အောက်ခံနိုင်ငံများကို လွတ်လပ်ရေးပေးမည်ဆို သောကတိကို အတိအလင်းမပေးခဲ့။ ဝေ့လည်ကြောင်ပတ် စကားတတ်တိုင်း ပရိယာယ်သာ သုံးခဲ့သည်။ ဤအဖြစ် ဤအကြောင်းများကြောင့်လည်း ဗမာက အစ လက်အောက်ခံနိုင်ငံများစွာသည် ဖက်ဆစ်ကို ရွံကြ၊ မုန်းကြ၊ ကြောက်ကြ သော်လည်း မိမိတို့နိုင်ငံလွတ်မြောက်ရေးအတွက် သီးခြားတိုက်ပွဲများ ဝင်ခဲ့ကြ ရသည် မဟုတ်ပါလော။

နယ်ချဲ့၏စိတ်ဓာတ်

နယ်ချဲ့အင်္ဂလိပ်အတွက် မိမိတို့လက်အောက်ခံ ကျွန်နိုင်ငံများကို ပြန်လည်သိမ်းပိုက်၍ ကျွန်ဆက်လုပ်လိုလျှင် အဘယ်မှာလျှင် လွတ်လပ်လို သော အမျိုးကိုချစ်သော နိုင်ငံရေးသမားများကို သုံး၍ဖြစ်နိုင်ပါအံ့နည်း။ အထူးသဖြင့် မိမိတို့ကို ဆန့်ကျင်သော တိုက်ရဲတော်လှန်ရဲသော သခင်နှင့် ကျောင်းသားလူငယ် တက်လူများကိုသုံး၍ ပေါင်း၍မဖြစ်နိုင်ပေ။ မိမိတို့အပေါ် သစ္စာရှိ၍ ပြုတိုင်းနုမည့် အလိုတော်ရိနှင့် လူနည်းစုများကိုသာ သုံးလို ပေါင်း လိုမည်မှာ ဓမ္မတာပင်ဖြစ်လေသည်။

အိန္ဒိယစစ်မျက်နှာတွင် မဟာမိတ်တပ်ပေါင်းစုဟု အမည်ခံယူထားသော်လည်း အမှန်မှာ အင်္ဂလိပ်နှင့် လက်အောက်ခံနိုင်ငံများမှ ကြေးစားတပ်များသာ ဖြစ်ကြလေသည်။ ထို့ကြောင့် ကိုသိန်းဖေတို့ ဘယ်လောက်ပင်ကြိုးစားကြိုးစား စောစောပိုင်းအခြေအနေအရ နားလည်မှုရရန် ဖက်ဆစ်ဂျပန်ကို တိုက်ရာ တော်လှန်ရာတွင် အကူအညီရရန်မှာ မလွယ်ကူပါပေ။ နောက်ပိုင်းတွင်မှ အမြော်အမြင်ရှိ၍ လုပ်ရဲကိုင်ရဲသော 'မောင့်ဘက်တန်' အစရှိသော ခေါင်းဆောင်တို့ကြောင့် တချို့တစ်ဝက် အောင်မြင်မှုရခဲ့ခြင်းဖြစ်လေသည်။ ထိုအကြောင်းကို နောက်ပိုင်းတွင် ပေါ်လွင်ပါလိမ့်မည်။

ကိုယ့်အားကိုယ်ကိုး

ကျွန်ုပ်တို့သည် မဟာမိတ်အင်အားစုများနှင့် နားလည်မှုရသည်ဖြစ်စေ မရသည်ဖြစ်စေ၊ ပြည်ပအကူအညီများ ရသည်ဖြစ်စေ မရသည်ဖြစ်စေ မိမိတို့အင်အား မိမိတို့ကိုး၍ ဖြစ်သည့်နည်းဖြင့် ဖက်ဆစ်ဂျပန်ကို တော်လှန်ရန် ဆုံးဖြတ်ပြီးဖြစ်ကြသည်။ ၁၉၄၃ ခုနှစ် နောက်ပိုင်းနှင့် ၁၉၄၄ ခုနှစ်ဦးပိုင်းတွင် စတင်တော်လှန်နိုင်ရန် နှစ်ကြိမ်တိတိ ကြိုးစားခဲ့သေးသည်။ ဂျပန်တို့၏ အိန္ဒိယချီစစ်ကြောင်းကို ခါးလယ်မှ ဖြတ်တောက်ပစ်ရန် ကြိုးစားခဲ့သော ဂျင်နရယ်ဝင်းဂိတ်တပ်များနှင့်လည်း အဆက်အသွယ်ယူခဲ့သည်။ ဤအကြောင်းနှင့် ပတ်သက်၍ ၁၉၄၆ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့ နေသူရိန်မိန့်ခွန်းတွင် "မဟာမိတ်တွေနှင့် အဆက်ရနိုင်သမျှရအောင် လုပ်ခဲ့တယ်။ ပြီးတော့ ဘယ်နိုင်ငံခြားအဆက်အသွယ်ရရ မရရ ဂျပန်ဖက်ဆစ်များကို အမြန်ဆုံးတိုက်နိုင်အောင် စီမံစိုင်းပြင်းခဲ့တယ်"ဟု ပြောဆိုခဲ့ခြင်းဖြစ်လေသည်။ သို့သော်လည်း တော်လှန်ရေးအင်အားစုအတွင်း အခြေအနေတစ်မျိုးတစ်ဖုံပြောင်းလဲခဲ့သဖြင့် ရွှေ့ဆိုင်းခဲ့ရသည်။

မျက်ခြည်ပြတ်အောင်

နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်သည်မှ ဖက်ဆစ်ဂျပန်များ ဝင်ရောက်ပြီးသည့် စောစောပိုင်းအထိ ပြည်သူ့အရေးတော်ပုံပါတီသည် တစ်ခုတည်းသော တော်လှန်ရေးပါတီသာ ဖြစ်ခဲ့သည်။ တော်လှန်ရေးအင်အားစုမှန်သမျှလည်း စုစုစည်းစည်း ညီညွတ်လျက်ရှိကြသည်။ သို့သော် နောက်ပိုင်းတွင်ကား

ထိုသို့ မဟုတ်တော့ချေ။

ကျွန်ုပ်တို့သည် အင်္ဂလိပ်နယ်ချဲ့ကို တော်လှန်ရန်၊ တစ်ဖက်တွင် ပြည်သူ့အရေးတော်ပုံ မြေအောက်လျှို့ဝှက်ပါတီကို ဖွဲ့စည်း၍ ပြင်ဆင်မှုများ လုပ်ခဲ့သလို တစ်ဖက်တွင်လည်း ဥပဒေဘောင်အတွင်း တိုက်ပွဲများဝင်၍ လူထုကို လှုံ့ဆော်နိုင်ရန် ဒေါက်တာဘမော်နှင့်ပေါင်း၍ 'ဗမာ့ထွက်ရပ်ဂိုဏ်း'ကို ထူထောင်ခဲ့သည်။ ဤနည်းဖြင့် နယ်ချဲ့တို့အား မြေအောက်လှုပ်ရှားမှုများကို မျက်ခြည်ပြတ်အောင် ဖန်တီးရာလည်း ရောက်စေခဲ့သည်။ လူထုအုံကြွမှုနှင့် လက်နက်ကိုင်တော်လှန်ရေးကို ပေါင်းစပ်နိုင်ရေးလည်း ဖြစ်စေသည်။

ဗမာ့ထွက်ရပ်ဂိုဏ်း၏ လှုပ်ရှားမှုများကြောင့် ဒေါက်တာဘမော်၏ ဆင်းရဲသားပါတီမှလည်းကောင်း၊ တို့ဗမာအစည်းအရုံးမှလည်းကောင်း ဗဟို ခေါင်းဆောင်၊ ခရိုင်ခေါင်းဆောင်များ ထောင်နှင့်ချီ၍ ဖမ်းဆီးခံခဲ့ရသည်။ ထိုအထဲ ဒေါက်တာဘမော်၊ သခင်နု၊ သခင်သန်းထွန်း၊ သခင်လွန်းဘော်၊ သခင်စိုးစသူ တို့အပါအဝင် ဖြစ်ကြသည်။ ထောင်ထဲတွင် စုမိသည့် ရဲဘော်များကို ကွန်မြူနစ်သင်တန်းများပေး၍ ဖက်ဆစ်တော်လှန်ရေးကို ပျိုးထောင်ခဲ့သည်။ အင်္ဂလိပ်များ ဆုတ်ခွာရ၍ ထောင်မှလွတ်မြောက်လာသောအခါ ပြည်ပသို့ ထွက်ရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့။ ထိုစဉ်မှစ၍ သခင်စိုးသည် မြေအောက်လှုပ်၍ ကွန်မြူနစ်ပါတီကို လျှို့ဝှက်ဖွဲ့စည်း၍ ဖက်ဆစ်တော်လှန်ရေးကို လှုံ့ဆော်ခဲ့သည်။ ဤအချိန်တွင် တော်လှန်ရေးအင်အားစုမှန်သမျှ ပြင်ပတွင် ထီးတည်း ကျန်သည်ဟူ၍မရှိ၊ ဗမာ့တပ်မတော် အာရှလူငယ်နှင့် ပြည်သူ့အရေးတော်ပုံပါတီ အလံတော်အောက်အဖွဲ့အစည်းများအတွင်းမှာသာ စုရုံးလျက်ရှိကြသည်။ ကွန်မြူနစ်ပါတီအတွက် စည်းရုံးရန် နယ်သစ်ပယ်သစ် မရှိပါပေ။ ထိုအင်အားစုများ စုရာစုံးရာ အဖွဲ့အစည်းများအတွင်းသို့ ထိုးဖောက်စည်းရုံးရပေသည်။

နွားကွဲကျားကိုက်

ထို့ကြောင့် ကျွန်ုပ်တို့သည် ပြင်ပအကူအညီရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဖက်ဆစ်ဂျပန်ကို တော်လှန်တော့အံ့ဟု ဆုံးဖြတ်၍ အရှိန်ယူသောအခါ တော်လှန်ရေးအင်အားစုအတွင်း အကွဲကွဲအပြားပြားဖြစ်လျက်ရှိတော့သည်။ ဖက်ဆစ်ဂျပန်ကို မတိုက်ရသေး၊ ဖက်ဆစ်တော်လှန်မည့်အင်အားစု

အချင်းချင်း တိုက်ပွဲကစနေလေပြီ။ တော်လှန်ရေးအင်အားစုများ မညီညွတ်သမျှ၊ ကွဲကွဲပြားပြားဖြစ်နေသမျှ ဖက်ဆစ်ဂျပန်ကို တော်လှန်ရန်မလွယ်ကူ၊ နွားကွဲကျားကိုက်ခံရမည်မုချ။

ဖက်ဆစ်ဂျပန်ကို မတော်လှန်မီ မိမိတို့အင်အားစုကို ပြန်လည်စည်းရုံးရပေမည်။ ညီညွတ်အောင် စွမ်းဆောင်ရပေမည်။ ညီညွတ်ရေးသာ အား၊ ညီညွတ်ရေးသာ လက်နက်၊ ညီညွတ်ရေးသာ အောင်မြင်မှု၊ ညီညွတ်ရေးသာ အရာရာ ဖြစ်သည်မဟုတ်ပါလော။

■



ဗိုလ်ချုပ်ကြီးနေဝင်း

သခင်ချစ်

သမိုင်းပေးတာဝန်

ပြည်သူလူထုတစ်ရပ်လုံးကား ဖက်ဆစ်တို့ဒဏ်ကို အဖက်ဖက်မှ ခံခဲ့ရပြီဖြစ်၍ ဖက်ဆစ်ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးစိတ်ဓာတ်လည်း တွင့်တွင့်မှ ဟုန်းဟုန်းတောက်တော့မည့်အခြေသို့ ရောက်လျက်ရှိလေပြီ။ ဓာတ်ဆီတစ်စက်၊ လေတစ်ပင့်သာလိုတော့သည်။ တော်လှန်ရေးတွင် ရှေ့ဆောင်ပါတီနှစ်ရပ်ဖြစ်သော ပြည်သူ့အရေးတော်ပုံပါတီရယ်၊ ကွန်မြူနစ်ပါတီရယ်နှင့် တော်လှန်ရေး၏ အဓိကအင်အားစုဖြစ်သော ဗမာ့တပ်မတော်ရယ် သုံးပွင့်ဆိုင် ညီညွတ်ရေးသာလိုနေသည်။ ဤသမိုင်းပေးတာဝန်ကို ပြည်သူ့အရေးတော်ပုံပါတီက မရရအောင် တည်ဆောက်ရန် ဆုံးဖြတ်ခဲ့သည်။

ပြည်သူ့အရေးတော်ပုံပါတီနှင့် ဗမာ့တပ်မတော်မှာ တစ်စိတ်တည်း တစ်ဝမ်းတည်းလို သွေးစည်းပြီးဖြစ်ကြသည်။ အထူးဆွေးနွေးနေရန်၊ ညှိနှိုင်းနေရန် မလိုပေ။ ကွန်မြူနစ်ပါတီနှင့် ကျေလည်ရန်သာ အရေးကြီးလေသည်။

ဒူးတိုက်ဆွေးနွေးပွဲ

ထို့ကြောင့် ကွန်မြူနစ်ပါတီခေါင်းဆောင် သခင်စိုးနှင့် ဒူးတိုက်ကြေညက်စွာ ဆွေးနွေးနိုင်ရန် ရန်ကုန်ဘဆွေကို တာဝန်ပေးခဲ့သည်။ ရန်ကုန်ဘဆွေ၏ အစီအစဉ်အရ ပြည်သူ့အရေးတော်ပုံပါတီနှင့် တပ်မတော်ကို ကိုယ်စားပြု၍

ဦးဗဒ္ဓေ၊ သခင်ချစ်၊ ဗိုလ်ခင်မောင်ကလေး၊ ဗိုလ်မောင်မောင်၊ ဗိုလ်အောင်ကြီးတို့ ပါဝင်သောအဖွဲ့နှင့် သခင်စိုးတို့သည် ဒေးဒရဲမြို့နယ်၊ သဲကုန်းချောင်းဖျားရွာအကြားရှိ ရွာစုကလေးရွာတွင် တွေ့ဆုံကြသည်။ လေးငါးရက်မျှ အတူအိပ် အတူစား၍ ဒူးတိုက်ဆွေးနွေးခဲ့ရာအပေးအယူမျှတပြီး အရာရာတွင် ကြေညက်ခဲ့သည်။ မူနှင့်လုပ်ငန်းစဉ်ပါသော တော်လှန်ရေးတပ်ဦးခေါ် သဘောတူစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သည်။ ထိုစာချုပ်တွင်ပါဝင်သော အချက်များမှာ-

သဘောတူညီချက်

၁။ ဖက်ဆစ်ဂျပန်ကို ပူးပေါင်းတော်လှန်ရန် သဘောတူသည်။
၂။ အလုပ်တူလုပ်နိုင်ရန် ကေဒါများကိုလည်းပူးပေါင်း၍ သင်တန်းများပေးမည်။
၃။ ပြင်ဆင်မှုကာလကို ခြောက်လသတ်မှတ်သည်။
၄။ ဖက်ဆစ်ဂျပန်ကိုတော်လှန်ရာတွင်ဖြစ်နိုင်က မဟာမိတ်အင်အားစုနှင့် ပူးပေါင်းမည်။
၅။ အင်္ဂလိပ်ထံမှစစ်ကြီးပြီးကလွတ်လပ်ရေးပေးမည်ဟုကြေညာရန် တောင်းဆိုမည်။
၆။ အင်္ဂလိပ်က လွတ်လပ်ရေးပေးမည်ဟုကြေညာလျှင်ဖက်ဆစ်များ လုံးဝကျဆုံးသည်အထိ မဟာမိတ်များနှင့် လက်တွဲ၍တိုက်မည်။
၇။အင်္ဂလိပ်က လွတ်လပ်ရေးပေးမည်ဟု မကြေညာကအင်္ဂလိပ်နယ်ခဲ့ကို ကျန်မဟာမိတ်များမှခွဲ၍ လွတ်လပ်ရေးစစ်ပွဲကြေညာ၍တိုက်မည်။
(ဤကား ကျွန်ုပ်မှတ်မိသမျှ အခြေခံအချက်များ ဖြစ်ပါသည်။ ထိုစာတမ်း(စာချုပ်) မိတ္တူမှာ တပ်မတော်မော်ကွန်းတိုက်တွင်ရှိသည်ဟုသိရသည်)

ကွန်မြူနစ်တို့ ခံယူချက်

ဤတွင် အထူးဖော်ပြရန်လိုသည်မှာ မူလကွန်မြူနစ်ပါတီ၏ လမ်းစဉ်သည် ဖက်ဆစ်ဂျပန်ကို ဆန့်ကျင်သော်လည်း
၁။ ဖက်ဆစ်ဂျပန်တိုက်ရမည်ဟု ယူဆခြင်းသည် လက်ဝဲစွန်းသွေဖည်မှု၊ တစ်ရှူးထိုး ဝါဒ၊ မျက်ကန်းဝါဒ၊ မိုက်ရူးရဲဝါဒသာ ဖြစ်သည်။
၂။ ကမ္ဘာ့ဖက်ဆစ်တို့ကို မဟာမိတ်တို့က ဦးဆောင်တိုက်ခိုက်နေပြီဖြစ်၍ မဟာမိတ်တို့ကိုကူညီခြင်းသည်ကမ္ဘာပေါ်ရှိဖက်ဆစ်တို့ကို အမြစ်ဖြုတ်ခြင်းဖြစ်သည်။

၃။ ထို့ကြောင့် မဟာမိတ်တို့ကို ကူညီခြင်းသာလျှင် မှန်ကန်သောလမ်းကြောင်းဖြစ်သည်ဟု ခံယူထားကြလေသည်။

အဓိပ္ပာယ်မှာ "ဖက်ဆစ်ဂျပန်တို့ကို မိမိတို့က လူစွမ်းကောင်းလုပ်၍ သီးခြားထတိုက်နေရန်မလို၊ ကမ္ဘာ့ဖက်ဆစ်တို့ကို တိုက်နေသော မဟာမိတ်တို့စစ်အောင်နိုင်ရေးကို ကူညီခြင်းသာ မှန်ကန်သည်"ဟုဆိုသည်။ ဤသဘောထားကို ထိုစဉ်က ၎င်းတို့ထုတ်ဝေသောစာတမ်းများတွင် အတိအလင်းဖော်ပြခဲ့သည်။

ကြီးမားသောတန်ဖိုး

တော်လှန်ရေးတပ်ဦးစာချုပ် ချုပ်ဆိုနိုင်ရေးအတွက် အပြန်အလှန်ဆွေးနွေး၍ အပေးအယူလုပ်ကြရာတွင် ကွန်မြူနစ်ပါတီကို ဖက်ဆစ်ဂျပန်တော်လှန်ရေးတိုက်ပွဲတွင်ပါဝင်ရန် ကျွန်ုပ်တို့သည် ကြီးမားသောတန်ဖိုးကို ပေးခဲ့ရသည်။ တပ်မတော်၊ အာရှလူငယ်နှင့် ခရိုင်၊ မြို့နယ်များရှိ ပြည်သူ့အရေးတော်ပုံပါတီ ကေဒါများကို 'နိုင်ငံရေးသင်တန်း'ပေးခွင့်ပြုခဲ့ရသည်။ အမှန်မှာ ထိုသင်တန်းများမှာ ကွန်မြူနစ်သင်တန်းသာ ဖြစ်ခဲ့သည်။ ထို့ကြောင့် ဖက်ဆစ်တော်လှန်ရေးအပြီး ပါတီများခွဲ၍ ထူထောင်သောအခါ ပြည်သူ့အရေးတော်ပုံပါတီက ကေဒါများစွာ ဆုံးရှုံးခဲ့ရလေသည်။

ဆွေးနွေးပွဲများ

ထိုနောက် ဗိုလ်ချုပ်နေဝင်း၊ ဦးကျော်ငြိမ်းတို့နှင့် သခင်စိုးတို့ ဒေးဒရဲမြို့ သခင်မြသွင်တို့တိုက်တွင် တွေ့ဆုံဆွေးနွေးကြသည်။ စီစဉ်ပေးရသူမှာ ဗိုလ်ရဲထွဋ် (ရဲဘော်သုံးကျိပ်ဝင်) ဖြစ်လေသည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းနှင့်သခင်စိုးတို့ ပဲခူးမြို့၊ တပ်မတော်စံပြကျောင်းတွင် တွေ့ဆုံဆွေးနွေးကြသည်။ စီစဉ်ပေးရသူမှာ သခင်တင်မြဖြစ်သည်ဟုထင်သည်။ စံပြကျောင်းမှာ တော်လှန်ရေးအတွက် ပြင်ဆင်နိုင်ရန် ပရိယာယ်ဖြင့် တမင်ဖွင့်ထားခြင်းဖြစ်သည်။

ဤသို့ သုံးကြိမ်သုံးနေရာတွင် ကြေညက်အောင် အထပ်ထပ်ဆွေးနွေး၍ နားလည်မှုအပြည့်အဝရရှိပြီးမှ ၁၉၄၄ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ရန်ကုန်မြို့ (၂၆) ပတ်လမ်း၊ ယခု နတ်မောက်နှင့် ဦးထွန်းမြတ်လမ်းထောင့်

ဗိုလ်ချုပ်အောင်ဆန်းနေအိမ်တွင် ပြည်သူ့အရေးတော်ပုံပါတီ၊ ကွန်မြူနစ်ပါတီနှင့် တပ်မတော်မှ ကိုယ်စားလှယ်များပါဝင်သော မျက်နှာစုံညီအစည်းအဝေးကို ဗိုလ်ချုပ်အောင်ဆန်းက ခေါ်ဆိုခဲ့လေသည်။ သုံးရက်မျှ ဆက်တိုက်ဆွေးနွေးကြပြီးနောက် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူလွတ်လပ်ရေးအဖွဲ့ချုပ် (ဖ. တ. ပ. လ)အင်္ဂလိပ်လို Anti- Facist Peopleis Freedom League (A.F.P.F.L)ကို ဖွဲ့စည်းလိုက်သည်။ အဖွဲ့ချုပ်၏ ကြေညာစာတမ်း (Manifesto) ကိုလည်းရေးဆွဲ၍ အတည်ပြုခဲ့ကြသည်။ ထိုစဉ်က ဖက်ဆစ် စစ်ကြေညာစာတမ်းဟုလည်း ခေါ်ကြသည်။

(၁) ဗိုလ်ချုပ်အောင်ဆန်း၊ (၂) ဗိုလ်လက်ျာ၊ (၃) ဗိုလ်နေဝင်း (တပ်မတော်)၊ (၄) ဦးဗဆွေ၊ (၅) ဦးကျော်ငြိမ်း၊ (၆) သခင်ချစ်(ပြည်သူ့အရေးတော်ပုံပါတီ)၊ (၇) သခင်စိုး၊ (၈) သခင် သန်းထွန်း၊ (၉) သခင်ဗဟိန်း (ကွန်မြူနစ်ပါတီ)တို့ပါဝင်သော အာဏာပိုင်အဖွဲ့ကိုလည်း ဖွဲ့စည်း၍ ဥက္ကဋ္ဌအဖြစ် ဗိုလ်ချုပ်အောင်ဆန်း၊ အထွေထွေအတွင်းရေးမှူးအဖြစ် သခင်သန်းထွန်းကို တင်မြှောက်ခဲ့ကြသည်။

ဖ. တ. ပ.လ

ဤတွင်သတိပြုရန်မှာ တိုက်ပွဲဝင်ချိန်တွင် အဖွဲ့ချုပ်အမည်ကို အခြေအနေနှင့်ကိုက်ညီသော၊ လက်တွေ့ဆန်သော၊ စစ်သွေးစစ်သံပါသော 'ဖက်ဆစ်တိုက်ဖျက်ရေး'ဟူသောစကားလုံးကို တမင်တကာရွေးချယ်၍ မှည့် ခေါ်ခဲ့သည်။ နောက် ဥပဒေဘောင်အတွင်းတရားဝင်ဖွဲ့စည်းသောအခါ ဖက်ဆစ်တိုက်ဖျက်ရေးမှ 'ဖက်ဆစ်ဆန့်ကျင်ရေး' သို့ ပြောင်းခဲ့သည်။ (ဖ. တ. ပ. လ) မှ (ဖ. ဆ. ပ. လ) ဖြစ်လာသည်။

အဝေးရောက်အင်အားစု

ထိုအချိန်တွင် အိန္ဒိယရောက် သခင်သိန်းဖေမြင့်တို့၏ ကြိုးပမ်းမှုများတစ်စိတ်တစ်ဒေသ အောင်မြင်စရှိလာပြီဖြစ်သည်။ မဟာမိတ်တို့သည် ဗမာပြည် စစ်မျက်နှာတွင် ထိုးစစ်ဆင်ရန် ပြင်ဆင်နေပြီဖြစ်ရာ ရန်သူတို့၏အခြေအနေအရပ်ရပ်ကို အတိအကျသိရန်လိုလာသည်။ ရန်သူတို့၏နောက်ပိုင်းမှ အဖျက်လုပ်ငန်းများ၊ အတိုက်လုပ်ငန်းများ (ပြောက်ကျားစစ် လှုပ်ရှားမှုများ)

လိုလာသည်။ နိုင်ငံရေးအရမဟုတ်သော်လည်း စစ်ရေးအရ ပြည်တွင်းတော်လှန်ရေးအင်အားစုများကို အသုံးချလိုကြသည်။

ထို့ကြောင့် ရန်သူတို့ နောက်ပိုင်းတွင် လေထီးနှင့်ဆင်းရမည့် ဝိုင်ယာလက်အဖွဲ့များတွင် လူများပေးရန် တောင်းဆိုလာသည်။ ရန်သူများကို နောက်ပိုင်းမှ တိုက်ခိုက်ရာတွင် လက်နက်များ ပေးသင့်သလောက်ပေးရန် သဘောတူလာသည်။ သူတို့လည်း သူတို့စစ်နိုင်ရေးအတွက် အသုံးချခြင်းဖြစ်သည်။ ကျွန်ုပ်တို့ကလည်း မိမိတို့အကျိုးအတွက် အမြတ်ထုတ်ရမည်မဟုတ်ပါလော။ ကျွန်ုပ်တို့၏ တော်လှန်ရေးကို ကမ္ဘာကသိအောင် အသိအမှတ်ပြုအောင်၊ လုပ်ဆောင်နိုင်က သူတို့ ဖုံး၍ဖိ၍ရနိုင်ပါမည်လော။

လေထီးအဖွဲ့အတွက် ကိုညီထွန်း(သံအမတ်)၊ ရဲဘော်ကြာလှအောင်၊ ရဲဘော်သာကျော်တို့ခေါင်းဆောင်သော ရခိုင်မှရဲဘော်များ၊ မန်းဝင်းမောင် (သမ္မတဟောင်း)၊ သခင်စိုး၊ ရဲဘော်ဗသိန်း(ဟင်္သာတ)၊ ရဲဘော်ချစ်ကောင်းစသူတို့ ခေါင်းဆောင်သော ပြည်မမှ ရဲဘော်များကို တစ်သုတ်ပြီးတစ်သုတ် စေလွှတ်ခဲ့သည်။ အချို့ကိုလည်း အင်္ဂလိပ်တို့ ဆုတ်ခွာစဉ် တစ်ပါတည်း ထုတ်ယူသွားသော နိုင်ငံရေးအကျဉ်းသမားများထဲမှ ရွေးချယ်သည်။ ထိုအထဲကိုသာထွန်း (ကျောက်ဖြူ- ယခု သံအမတ်)တို့ ပါဝင်ကြသည်။ ထိုရဲဘော်များအထဲမှ သခင်စိုး၊ သခင်ဗသိန်းတို့မှာ လေယာဉ်ပျက်ရာတွင် ပါဝင်ခဲ့သဖြင့် ဆုံးရှုံးခဲ့ရသည်။

အဖမ်းခံနိုင်ငံရေးသမားများ

ဤတွင် အလျဉ်းသင့်၍ ဖော်ပြလိုသည်မှာ အင်္ဂလိပ်များ ဗမာပြည်မှ ဆုတ်ခွာသောအခါ သူတို့ဖမ်းဆီးထားသော နိုင်ငံရေးသမားများကိုလည်း တစ်ပါတည်းထုတ်ယူသွားရန် ရည်ရွယ်ခဲ့သည်။ ထို့ကြောင့်လည်း ထောင်အသီးသီးမှ နိုင်ငံရေးသမားများကို မန္တလေး၊ ရွှေဘို၊ မိုးကုတ်၊ ကသာထောင်များနှင့် ရခိုင်ဘက်ထောင်များသို့ ပြောင်းရွှေ့ထားသည်။ အထက်ဗမာပြည်ထောင်များမှ ရဲဘော်များမှာ စစ်ကြောင်းမြန်ဆန်မှုကြောင့် အချိန်မီ လွတ်မြောက်နိုင်ခဲ့သော်လည်း ရခိုင်ထောင်များမှ ရဲဘော်တို့မှာ အချိန်မရခဲ့ပေ။ ရခိုင်ခြို- ဗိုလ်ရန်အောင်၊ ဗိုလ်မင်းခေါင်တို့ကို တာဝန်ပေးခဲ့သော်လည်း အချိန်နှောင်းခဲ့ရလေသည်။ ဤနည်းဖြင့် ကျွန်ုပ်တို့၏ရဲဘော်ကြီး နဂါးနီကိုထွန်းရွှေ

ကိုသာထွန်း အစရှိသောရဲဘော်များ အိန္ဒိယသို့ပါခဲ့ရလေသည်။ နဂါးနီဦးထွန်းရွှေမှာ အိန္ဒိယတွင် ကွယ်လွန်ခဲ့သည်။ ဗမာ့သားကောင်းတစ်ယောက် ရေတိမ်နစ်ခဲ့ရခြင်းဖြစ်သည်။

ဤတွင် ပြည်ပတွင် ကိုသိန်းဖေမြင့်တို့ ဆောင်ရွက်ခဲ့သမျှကို သူကိုယ်တိုင် ရေးသည့်စာအုပ်စာတမ်းများတွင် အစုံအလင်ပါပြီးဖြစ်သည်။ ကျွန်ုပ်၏ရေးသားချက်များမှာ ပြည်တွင်းအမြင်၊ ပြည်တွင်းအသိမျှသာဖြစ်ပါသည်။

အသက်ရှူပေါက်

၁၉၄၄ ခုနှစ်သို့ ကူးပြောင်းလာသည်အထိ ဥရောပစစ်မျက်နှာတွင် အခြေဆိုးဝါးလျက်ရှိသဖြင့် အင်္ဂလိပ်အနေဖြင့် အိန္ဒိယစစ်မျက်နှာသို့ လိုအပ်သော စစ်ကူ လက်နက်ပစ္စည်း၊ စစ်လေယာဉ်များ အလုံအလောက်မပို့နိုင်ခဲ့။ ထို့ကြောင့် ဂျပန်နှင့်အိန္ဒိယလွတ်လပ်ရေးတပ်မတော်တို့ပူးပေါင်း၍ 'ဒေလီသို့' ဟူသော ကြွေးကြော်သံဖြင့် အိန္ဒိယချီအင်ဖာစစ်ကြောင်း၊ တမူးစစ်ကြောင်း၊ ရခိုင်စစ်ကြောင်းများမှာ ခံစစ်အဖြစ်ဖြင့်သာ ခုခံတွန်းလှန်တိုက်ခိုက်နေရချိန်ဖြစ်သည်။

၁၉၄၄ ခုနှစ် အတွင်းမှာမှ မဟာမိတ်တို့အရေးသာစ ရှိလာသည်။ ပစိဖိတ်စစ်မျက်နှာ၊ ဥရောပစစ်မျက်နှာ၊ အာဖရိကစစ်မျက်နှာ၊ ဆိုဗီယက်စစ်မျက်နှာ တို့တွင် ထိုးစစ်အသွင်ဖြင့် ရန်သူကို ပြင်းပြင်းထန်ထန် တိုက်ခိုက်နိုင်ခဲ့သည်။ အောင်ပွဲများလည်း ဆက်တိုက်ရခဲ့သည်။

ထိုအချိန်တွင်မှ အင်္ဂလိပ်အနေဖြင့် အသက်ရှူပေါက် ရသင့်သလောက်ရကာ အိန္ဒိယစစ်မျက်နှာသို့ စစ်ကူခွင့်၊ စစ်ပစ္စည်းများ အလုံအလောက်ပို့နိုင်ရသည်။ အိန္ဒိယစစ်မျက်နှာတွင် ခံစစ်မှထိုးစစ်သို့ ပြင်ဆင်ရန် အချိန်ရခဲ့သည်။

တော်လှန်ရန်

၁၉၄၅ ခုနှစ် နှစ်ဦးရောက်သောအခါ ဖ. တ. ပ. လ အာဏာပိုင်အဖွဲ့သည် အခြေအနေအရပ်ရပ်ကို သုံးသပ်၍ ဖက်ဆစ်ဂျပန်ကို စတင်တော်လှန်ရန် အချိန်ရောက်ပြီဟု ဆုံးဖြတ်ကြသည်။ ပြင်ဆင်မှုများလည်း လုပ်ပြီးကြပြီ။ လူထုအုံကြွမှု၊ လူထုနှင့်ဆက်စပ်မှုလည်း အပြည့်အဝရှိလေပြီ။ အိန္ဒိယ

သို့ ရောက်နေကြသော ရဲဘော်များလည်း ဝိုင်ယာလက် ဆက်သွယ်ရေးအဖွဲ့များနှင့် အထူးသတ်မှတ်ထားသော နေရာများသို့ တစ်သုတ်ပြီးတစ်သုတ်လေထီးဖြင့် ဆင်းသက်စရှိပြီဖြစ်သည်။ မဟာမိတ်များနှင့်ရော၊ အိန္ဒိယရှိ သခင်သိန်းဖေမြင့်တို့နှင့်ရော အဆက်အသွယ် လွယ်လွယ်နှင့်ပြုနိုင်လေပြီ။

ထို့ကြောင့် ၁၉၄၅ ခု ဖေဖော်ဝါရီလလယ်လောက်တွင် အထက်ဗမာပြည်မှ ဗိုလ်ဗထူးခေါင်းဆောင်သော စစ်ဘက်၊ နိုင်ငံရေးဘက် ခေါင်းဆောင်များကို ရန်ကုန်သို့ ဆင့်ခေါ်ခဲ့သည်။ တော်လှန်ရေးအတွက် အသေးစိတ် အစီအစဉ်များကို ဆွေးနွေးကြသည်။ အခြေအနေအရပ်ရပ်ကို လက်တွေ့ဖြင့် အပြန်အလှန်သုံးသပ်ပြီး တော်လှန်ရေးကို အဆင့်နှစ်ဆင့် အပိုင်းနှစ်ပိုင်းခွဲ၍ ဆင်နွှဲရန် ဆုံးဖြတ်ခဲ့ကြသည်။

ပထမအဆင့်

ပထမအဆင့် ပထမအပိုင်းအနေဖြင့် ဗိုလ်ဗထူးခေါင်းဆောင်၍ အထက်ဗမာပြည်တွင်ရှိသောတပ်များဖြင့် ဖက်ဆစ်ဂျပန်ကို စတင်တော်လှန်ရမည် ဖြစ်သည်။ ထိုသို့တော်လှန်ရာတွင် ဂျပန်ကို လှည့်စားနိုင်ရန် ဗိုလ်ချုပ်နှင့်တပ်မတော်ကို ဖက်ဆစ်ဂျပန်ကို တော်လှန်ရန် သဘောမတူသဖြင့် မိမိဆန္ဒ မိမိသဘောဖြင့် တော်လှန်ရကြောင်း ကြေညာ၍ ဗိုလ်ချုပ်နှင့် တပ်မတော်ကိုလည်း ရွှတ်ချမည်၊ အပြန်အလှန်အားဖြင့် ဗိုလ်ချုပ်နှင့် အစိုးရအဖွဲ့ကလည်း ဗိုလ်ဗထူးနှင့်အပေါင်းပါတို့အား ပြင်းပြင်းထန်ထန် ရွှတ်ချအပြစ်တင်ရမည်။

ဒုတိယအဆင့်

ဒုတိယအဆင့် ဒုတိယပိုင်းအနေဖြင့် တိုင်းများခွဲပြီး တာဝန်ခံများရွေးပြီး ပြင်ဆင်မှုများလုပ်ပြီးဖြစ်သော်လည်း တပ်များကို တာဝန်ကျရာတိုင်းများသို့ မဖြန့်နိုင်သေး။ ထို့ကြောင့် အိန္ဒိယစစ်မျက်နှာ ဗမာပြည်နယ်စပ်တစ်ဝိုက်တွင် ထိုးစစ်ဆင်လာပြီဖြစ်သော အင်္ဂလိပ်နှင့် မဟာမိတ်တပ်များကို အကြောင်းပြုပြီး တပ်ထွက်ခွင့်ရရန် ဖန်တီးရမည်။ ရန်သူကိုတိုက်ရန် တပ်ထွက်သည်ဆိုသော်လည်း တပ်များမှာ မိမိတို့သတ်မှတ်ရာတိုင်း ဦးဆောင်ရမည့်နေရာများသို့ ချီတက်၍ တပ်ဖျောက်ရမည်ဖြစ်သည်။ ဤသို့ တပ်များနေရာယူပြီးနောက် သတ်မှတ်သည့်အချိန်တွင် တစ်ပြည်လုံး အုံကြွ၍ ဖက်ဆစ်

ဂျပန်ကို တော်လှန်ရန်ဖြစ်လေသည်။ ၁၉၄၅ ခုနှစ် မတ်လ ၁၇ ရက်နေ့ တပ်ထွက်မိန့်ခွန်းတွင် "အနီးကပ်ဆုံးရန်သူကို ရှာပြီးတိုက်ကြ"ဟူသော ဗိုလ်ချုပ်၏စကားမှာ ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွက် အချက်ပေးစကား ဖြစ်လေသည်။

ကမ္ဘာအသိ

ဤအစီအစဉ်အရ မတ်လ ၈ ရက်နေ့တွင် ဗိုလ်ဗထူးခေါင်းဆောင်၍ အထက်ဗမာပြည်မှစတင်၍ ပထမဆင့် ဖက်ဆစ်တော်လှန်ရေးကို ဆင်နွှဲခဲ့သည်။ ဒုတိယဆင့်အနေဖြင့် မတ်လ ၂၇ ရက်နေ့တွင် တစ်ပြည်လုံး အုံကြွတော်လှန်ခဲ့သည်။ ပြောင်မြောက်သော တော်လှန်ရေးကြီးဖြစ်သဖြင့် ကမ္ဘာက အသိအမှတ်ပြုခဲ့ရသည်။ နယ်ချဲ့အင်္ဂလိပ်တို့လည်း ဖုံးဖိ၍မရနိုင်သော ဗမာ့တော်လှန်ရေးကြီးကို အလေးပြုခဲ့ရသည်။

ဤမျှဖြင့် ဖ. တ. ပ. လ မည်သို့ပေါ်ပေါက်ပြီး ဖက်ဆစ်ဂျပန်များကို တော်လှန်ခဲ့သည်ကို နိဂုံးချုပ်၍ ဖ. ဆ. ပ. လ အဖွဲ့ မြေအောက်မြေပေါ် သို့ ထွက်ကာ လွတ်လပ်ရေးတိုက်ပွဲ မည်သို့ဆင်နွှဲခဲ့သည်ကို ဆက်ကြပါစို့။

■

အတွဲ(၁)၊အမှတ်(၅)၊ ဖေဖြော်ဝါရီ ၁၅ ၊၁၉၇၁

နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု

ဗိုလ်ခင်မောင်ကလေး

ဗိုလ်ချုပ်အောင်ဆန်း၏မူ

အနာဂတ်အလေး

ဖ. ဆ. ပ. လအဖွဲ့ချုပ် မည်သို့ပေါ်ပေါက်ပြီး ဖက်ဆစ်ဂျပန်များကို မည်ပုံတော်လှန်ခဲ့သည်ကို အကျဉ်းဆုံးချုံး၍ တင်ပြပြီးခဲ့လေပြီ။ ယခု ဆက်လက်၍ လွတ်လပ်ရေးတိုက်ပွဲ မည်သို့ဆင်နွှဲခဲ့သည်ကို ဆက်ရပါမည်။ ဤသို့ဆက်နိုင်ရန် ကျွန်ုပ်၏ 'ရန်ကုန်သိမ်းဆောင်းပါး'နိဂုံးမှ ပြန်၍ကောက်ကြပါစို့။

ထိုနိဂုံးတွင် ရန်ကုန်သိမ်းပြီးနောက် တိုင်းအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသော ခေါင်းဆောင်များ ရန်ကုန်သို့ မည်သို့ပြန်လည်စုရုံးမိကြသည်ကို ဖော်ပြခဲ့သည်။ ထိုအချိန်က ကျွန်ုပ်တို့၏ ဌာနချုပ်ကို ဂျပန်ခေတ် နိုင်ငံခြားရေးရုံးလုပ်ခဲ့သော ရွှေတောင်ကြားရှိ ယခု ဦးချမ်းသာနေအိမ်တွင် ပြုလုပ်ထားသည်။ တစ်သုတ်ပြီးတစ်သုတ် ရောက်ရှိလာသော ခေါင်းဆောင်များသည် ထိုဌာနချုပ်၌ စုရုံးကာ အခြေအနေအရပ်ရပ်ကို သုံးသပ်ခြင်း၊ အနာဂတ်လုပ်ငန်းစဉ်များ ဆွေးနွေးခြင်းများကို ရောက်လာသည့်ပုဂ္ဂိုလ်များဖြင့် စတင်၍ပြုလုပ်ခဲ့သည်။

တပ်ဦး၏လမ်းစဉ်

ဗိုလ်နေဝင်းနှင့်အဖွဲ့မှာ အဦးဆုံးနှင့် အစောဆုံးရောက်ခဲ့သည်။ နောက် သခင်စိုး၊ ဗိုလ်လက်ျာတို့ ရောက်လာသည်။ ထို့နောက် သခင်ချစ်၊

သခင်ဗဟိန်းတို့ ရောက်ရှိလာသည်။ ဗိုလ်ချုပ်အောင်ဆန်းမှာ မိတ္ထီလာတွင် ဗိုလ်ချုပ်ကြီးစလင်းနှင့် တွေ့ဆုံဆွေးနွေးနေရသဖြင့် အနည်းငယ်နောက်ကျသည်။ ဦးဗဆွေနှင့် ဦးကျော်ငြိမ်းမှာ ရန်ကုန်တွင် တာဝန်နှင့်ရှိပြီးဖြစ်ကြသည်။ ဤသို့ စုရုံးမိသမျှ ခေါင်းဆောင်တိုင်းပင် တော်လှန်ရေးတပ်ဦးတွင် ချမှတ်ခဲ့သည့်လမ်းစဉ်အတိုင်း -

(က) နယ်ချဲ့အင်္ဂလိပ်ထံမှ 'စစ်ကြီးပြီးကာလ ဗမာပြည်ကို လုံးဝလွတ်လပ်ရေးပေးပါမည်'ဟု ကြေညာရန် အရေးဆိုရမည်။

(ခ) ကြေညာလျှင် ဖက်ဆစ်များ လုံးဝကျဆုံးသည်အထိ မဟာမိတ်များနှင့် လက်တွဲ၍တိုက်မည်။

(ဂ) မကြေညာလျှင် အင်္ဂလိပ်နယ်ချဲ့ကို ကျန်မဟာမိတ်တပ်များမှ ခွဲထုတ် ၍ 'လွတ်လပ်ရေးစစ်ပွဲ'ကြေညာ၍ တိုက်ပွဲဝင်ရမည်ဟု မူအားဖြင့် သဘောတူကြသည်။ သို့သော် လူမစုံမီ ကြိုတင်ဆွေးနွေးခြင်းများသာဖြစ်၍ ဆုံးဖြတ်ချက် တစ်စုံတစ်ရာ ချမှတ်ခြင်းကား မရှိပေ။

အာဏာပိုင်အဖွဲ့၏အစည်းအဝေး

ထိုအချိန်တွင် ဖ. တ. ပ. လအဖွဲ့ချုပ် အာဏာပိုင်အဖွဲ့တွင် အဖွဲ့ဝင် ၉ ဦးရှိသည့်အနက် ၁။ ဗိုလ်ချုပ်အောင်ဆန်း၊ ၂။ ဗိုလ်လက်ျာ၊ ၃။ ဗိုလ်နေဝင်း၊ ၄။ ဦးဗဆွေ၊ ၅။ ဦးကျော်ငြိမ်း၊ ၆။ သခင်ချစ်၊ ၇။ သခင်စိုး၊ ၈။ သခင်ဗဟိန်း ရှစ်ဦးရောက်ပြီးရှိလေပြီ။ အတွင်းရေးမှူးချုပ်ဖြစ်သော သခင်သန်းထွန်းသာ ကျန်နေသည်။ သခင်သန်းထွန်းမှာ အထက်ဗမာပြည်မှ ဆင်းလာသော မဟာမိတ်တပ်များနှင့်အတူ 'ငြိမ်းချမ်းစွာ ဖြစ်ပေါ်ရေး' (Peaceful Development) တရားများဟော၍ လိုက်ပါခဲ့သဖြင့် နောက်ဆုံးမှရောက်သည်။ အာဏာပိုင်အဖွဲ့ဝင်များစုံညီမှ တရားဝင်အစည်းအဝေးကို စတင်ခဲ့ရသည်။

သခင်သန်းထွန်း၏ သဘောထား

ကျွန်ုပ်တို့က ဖ. တ. ပ. လ၏ အနာဂတ်လုပ်ငန်းစဉ်ကို 'တော်လှန်ရေးတပ်ဦး' တွင် သဘောတူထားသည့် လမ်းစဉ်အတိုင်းကျင့်သုံးရန် တင်ပြကြသည်။

သခင်သန်းထွန်းက မိမိကိုယ်တိုင်မဟာမိတ်တပ်များနှင့်တွဲ၍ဟောလာသော 'ငြိမ်းချမ်းစွာဖြစ်ပေါ်ရေး'တရားခေါ် 'ဘရောက်ဒါ-ဝါဒ'ကို အခြေခံ၍ လက်နက်ကိုင်တိုက်ပွဲသည် မလိုတော့။ ဆိုဗီယက် ရုရှားအပါအဝင် မဟာမိတ်အဖွဲ့က ကမ္ဘာ့ဖက်ဆစ်များကို တိုက်ခိုက်၍အောင်ပွဲခံနေသဖြင့် ဖက်ဆစ်များလုံးဝကျဆုံးသည်အထိ မဟာမိတ်စစ်အောင်နိုင်ရေးကိုခြွင်းချက်မရှိ ကူညီရမည်။ စစ်ကြီးပြီးက အတွင်္ဂလန္တိတ်ချာတာတီဟီရန် ကြေညာစာတမ်း များအရ လက်အောက်ခံနိုင်ငံများ ငြိမ်းချမ်းစွာ လွတ်လပ်ရေးကိုရရှိကြမည်။ ထို့ကြောင့် မဟာမိတ်တို့ စစ်အောင်နိုင်ရေးအတွက် 'ခြွင်းချက်မရှိ လက်နက်ချရေး Un-Conditional Surrender ၊ ခြွင်းချက်မရှိ ပူးပေါင်းရေး (Un- Con-ditional Co-operation)သာ မှန်ကန်သည်ဟု တင်ပြသည်။

ဘရောက်ဒါ-ဝါဒ

ဤတွင် ဘရောက်ဒါဝါဒကို အနည်းငယ်သိဖို့လိုသည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း အမေရိကန်ကွန်မြူနစ်ပါတီ ခေါင်းဆောင်တစ်ဦးဖြစ်ခဲ့သော 'အာ(လ်)ဘရောက်ဒါ'က ဒုတိယကမ္ဘာစစ်ကြီးနှင့်ပတ်သက်၍ သဘောတရားရေးရာသုံးသပ်မှု စာတမ်းတစ်စောင်ကို ထုတ်ဝေခဲ့သည်။ ပါဝင်သောအချက်အလက်များကို အဓိကကောက်နုတ်ချက်ချရသော် -

(က) ဒုတိယကမ္ဘာစစ်ကြီးသည် နယ်ချဲ့အချင်းချင်း ဗိုလ်လုပွဲမှဖြစ်ပေါ်လာသော်လည်း ဆိုဗီယက်ယူနီယံ ပါဝင်လာသည်မှစ၍ အသွင်ပြောင်းခဲ့သည်။

(ခ) ဒုတိယကမ္ဘာစစ်နောက်ပိုင်းသည် ဆိုဗီယက်ယူနီယံအပါအဝင် မဟာမိတ်အင်အားစုက ကမ္ဘာ့ဖက်ဆစ်စနစ်ကို အမြစ်ပြုတ်အောင်တိုက်နေသော စစ်ပွဲဖြစ်သည်။ ထို့ကြောင့် ဖက်ဆစ်စနစ်ကိုဆန့်ကျင်သော ကမ္ဘာ့ အင်အားစုမှန်သမျှ မဟာမိတ်တို့ စစ်အောင်နိုင်ရေးကို အစွမ်းကုန်ကူညီကြရမည်။

(ဂ) စစ်ကြီးပြီးကအတွင်္ဂလန္တိတ်ချာတာတီဟီရန်ကြေညာချက်များအရ လက်အောက်ခံနိုင်ငံများ ငြိမ်းချမ်းစွာလွတ်လပ်ရေးရကြမည်။

(ဃ) ဤစစ်ပွဲကြီးသည် ကမ္ဘာသူကမ္ဘာသား ပြည်သူတို့၏ စစ်ပွဲကြီးဖြစ်၍ စစ်အောင်နိုင်မှုသည် ပြည်သူတို့၏အောင်နိုင်မှုသာဖြစ်သည်။ ထို့ကြောင့် လူမှုတော်လှန်ရေးများလည်း ငြိမ်းချမ်းစွာဖြစ်ပေါ်မည် စသည့်သဘောထားများပါသည်။

မှိုင်းမိုလေသောအခါ

ဤသည်ကို 'ဘရောက်ဒါ-ဝါဒ'ဟူ၍လည်းကောင်း၊ 'ငြိမ်းချမ်းစွာဖြစ်ပေါ်ရေး'သဘောတရားဟူ၍လည်းကောင်း ထိုစဉ်က ခေါ်ဆိုကြသည်။ ဤသဘောတရားရေးရာ သုံးသပ်မှုနှင့်ပတ်သက်၍ ဆိုဗီယက်ယူနီယံကလည်း တစ်စုံတစ်ရာ ငြင်းချက်မထုတ်ခဲ့။ အလားတူ သဘောတရားများကိုသာ စစ်အတွင်း ရေးကြ၊ ပြောကြသည်များသည်။ ထိုဝါဒသည် ကမ္ဘာ့ကွန်မြူနစ်လောကတွင် အတော်ရေပန်းစားခဲ့သည်ဟု ဆိုရပေမည်။ အိန္ဒိယကွန်မြူနစ်ပါတီကလည်း ထိုဝါဒကို လက်ခံကျင့်သုံးသည်။ ဗမာပြည်ကွန်မြူနစ်ပါတီလည်း ထိုဝါဒ မှိုင်းမိခဲ့သည်။ ထို့ကြောင့် သူတို့၏မူလလမ်းစဉ်တွင် ဖက်ဆစ်စနစ်ကို ဆန့်ကျင်သော်လည်း -

(က) ဂျပန်ကိုတိုက်ရမည်ဟု ယူဆခြင်းသည် လက်ဝဲတစ်ဖက်စွန်းသွေဖည်မှု၊ တစ်ရှူးထိုးဝါဒ၊ မျက်ကန်းဝါဒ၊ မိုက်ရူးရဲဝါဒသာ ဖြစ်သည်။

(ခ) ကမ္ဘာ့ဖက်ဆစ်တို့ကို မဟာမိတ်တို့က ဦးဆောင်တိုက်နေသည်ဖြစ်သောကြောင့် မဟာမိတ်တို့ စစ်အောင်နိုင်မှုကို ကူညီခြင်းသည် ကမ္ဘာ့ဖက်ဆစ်တို့ကို အမြစ်ဖြုတ်ခြင်းဖြစ်သည်။ ထို့ကြောင့် မဟာမိတ်တို့ စစ်အောင်နိုင်မှုကို ကူညီခြင်းသာလျှင် မှန်ကန်သော လမ်းကြောင်းဖြစ်သည်ဟု ခံယူခဲ့ကြသည်။

ခြွင်းချက်မရှိ လက်နက်ချရေး

ထို့ကြောင့်လည်း ဖက်ဆစ်ဂျပန်ကိုတော်လှန်ရေးအတွက် ကျွန်ုပ်တို့ အရှိန်ယူသောအခါ အနှောင့်အယှက် အခက်အခဲများစွာ ဖြစ်စေခဲ့လေသည်။ ကျွန်ုပ်တို့ တွေ့ဆုံဆွေးနွေး၍ 'တော်လှန်ရေးတပ်ဦး' စာချုပ်ချုပ်ဆိုပြီးမှ (က) ဖက်ဆစ်ဂျပန်ကို တော်လှန်တိုက်ခိုက်ခြင်းသည် မဟာမိတ်တို့ စစ်အောင်နိုင်ရေးကို ကူညီခြင်းဖြစ်သည်၊ (ခ) ပြည်သူလူထုကို စည်းရုံးရေးဖြစ်သည်၊ (ဂ) လွတ်လပ်ရေးအတွက် ကြိုးမားသော အထောက်အပံ့ဖြစ်သည်'ဟု အယူအဆသဘောထား ပြောင်းလဲခဲ့လေသည်။

ယခုတစ်ဖန် သခင်သန်းထွန်းက 'လက်နက်ကိုင်တော်လှန်ရေးမလိုတော့၊ ခြွင်းချက်မရှိ လက်နက်ချရေး၊ ခြွင်းချက်မရှိ ပူးပေါင်းရေး'ကို ဆိုလာပြန်လေပြီ။ 'ဘရောက်ဒါ-ဝါဒ'၊ 'ဘရောက်ဒါလမ်းစဉ်'ကို ပြန်ကောက်ခြင်းပင် ဖြစ်လေသည်။

ကျွန်ုပ်တို့ကား 'ဘရောက်ဒါ စာတမ်းကို စစ်အောင်နိုင်မှုအတွက် ဝါဒဖြန့်ခဲ့ရေးတစ်ခုအဖြစ်သာ ယူဆသည်။ တိကျမှန်ကန်သော သဘောတရားရေးရာတစ်ခု၊ ဝါဒတစ်ခုအနေဖြင့် လက်မခံခဲ့။ ကမ္ဘာစစ်ကြီးပြီးဆုံးသောအခါ၊ ထိုဝါဒသဘောထားအယူအဆကို ရှုတ်ချ၍ 'အာ(လ်)ဘရောက်ဒါ'အား ဖောက်ပြန်ရေးသမားအဖြစ်ဖြင့် ကွန်မြူနစ်လောကမှ ထုတ်ပယ်ခဲ့လေသည်။

တရားသေ လက်မခံနိုင်

ကျွန်ုပ်တို့ လူများစုက လက်နက်ကိုင်တိုက်ပွဲမလိုတော့ ဆိုသည်ကို လက်မခံနိုင်၊ ငြိမ်းချမ်းစွာဖြစ်ပေါ်ရေး သဘောတရားကို တရားသေထား၍ လက်မခံနိုင်။

ကမ္ဘာပေါ်တွင် ပဒေသရာဇ်စနစ် ရှိနေသေးက ထိုစနစ်ကို တိုက်ရမည်၊ တော်လှန်ရမည်၊ ရှောင်၍မရ။

လက်ဝါးကြီးအုပ် အရင်းရှင်စနစ်ရှိနေသေးက ထိုစနစ်ကို တိုက်ရမည်၊ တော်လှန်ရမည်၊ ရှောင်၍မရ။

တိုင်းငယ် ပြည်ငယ်များကို ကျွန်လုပ်၍ အမြတ်ထုတ်သော ကိုလိုနီစနစ်ရှိနေသေးက ထိုစနစ်ကို တိုက်ရမည်၊ တော်လှန်ရမည်၊ ရှောင်၍မရ။

ဤစစ်ကြီးတွင် မဟာမိတ်တို့ စစ်အောင်နိုင်လျှင် ကမ္ဘာ့ဖက်ဆစ်စနစ်ကျဆုံးရမည်ကို လက်ခံသော်လည်း နောင်တစ်ချိန်တွင် ခေါင်းထောင်မလာဟု မယူဆ။

နယ်ချဲ့စနစ်

ဘာဖြစ်ဖြစ် ကိုလိုနီစနစ်၊ နယ်ချဲ့စနစ်ကား ရှိဦးမည်ဟု တစ်ထစ်ချယုံကြည်သည်။ နယ်ချဲ့စနစ်နှင့် ကိုလိုနီနိုင်ငံများရှိသေးက နယ်ချဲ့သမားသည် မိမိပိုင်ဆိုင်သော ကိုလိုနီနိုင်ငံများကို သူတော်ကောင်းစိတ်ဝင်ကာ အသာတကြည်ဖြင့် လက်လွတ်ရိုးထုံးစံမရှိ။ လက်မလွတ်၍မဖြစ်မှ လက်လွတ်မည်ဖြစ်သည်။ ထို့ကြောင့် နယ်ချဲ့စနစ်ရှိနေသေးက တိုက်ရဦးမည်၊ တော်လှန်ရဦးမည်၊ ရှောင်၍မရဟု စွဲမြဲစွာယူဆသည်။

ထို့ကြောင့် သခင်သန်းထွန်း၏ 'လက်နက်ကိုင်တိုက်ပွဲမလိုတော့'ဆိုသည်ကို လက်မခံနိုင်၊ ငြိမ်းချမ်းစွာ ဖြစ်ပေါ်ရေးသဘောတရားကို လက်မခံနိုင်၊

အပြင်းအထန် အကြိတ်အနယ် ငြင်းကြ၊ ဆိုကြရသည့်အခြေသို့ ရောက်ခဲ့ရသည်။ ထိုနေ့အဖို့ အပြန်အလှန် ငြင်းကြဆိုကြဖြင့် အချိန်ကုန်ခဲ့သည်။ သခင်သန်းထွန်းမှာ ခရီးရောက်မဆိုက် အစည်းအဝေးပွဲကို တက်ရသဖြင့် ခရီးပန်းလာသည်ကိုအကြောင်းပြု၍ အစည်းအဝေးကို နောက်နေ့သို့ရွှေ့ခဲ့သည်။ သခင်သန်းထွန်းက စမ်းချောင်း၊ စမ်းရေတွင်းလမ်းရှိ သူ၏နေအိမ်သို့ သခင်စိုး၊ သခင်ဗဟိန်းနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ကို ဖိတ်ခေါ်သဖြင့် အနားယူစားသောက်ရန် လိုက်ပါသွားကြသည်။

ခုခံထမင်း ခုစားလေးကြော်

နောက်နေ့ အစည်းအဝေးကို ပြန်စသောအခါ အခြေအနေမှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားတော့သည်။ 'တော်လှန်ရေးတပ်ဦး'စာချုပ်ကို စတင်ဖန်တီးခဲ့သည့် ခေါင်းဆောင်ကြီးတစ်ဦးဖြစ်သော၊ ရန်ကုန်သို့ရောက်သည်မှစ၍ ကျွန်ုပ်တို့နှင့် သဘောချင်းတိုက်ဆိုက်လျက်ရှိခဲ့သော၊ ယနေ့အထိ 'တော်လှန်ရေးတပ်ဦး' လမ်းစဉ်ကို ဆုပ်ကိုင်ထားခဲ့သော သခင်စိုးသည် သခင်သန်းထွန်း၏လမ်းစဉ်သို့ ကူးပြောင်းသွားလေပြီ။ မိမိသည် တွေဝေသောအားဖြင့် အမြင်မှား၊ အယူမှားဖြစ်ခဲ့သည်။ ယခု ခေါင်းအေးအေးဖြင့် ပြန်လည်သုံးသပ်မှ မိမိအမှားကိုမြင်ကာ သခင်သန်းထွန်း၏လမ်းစဉ်သာ မှန်ကန်ကြောင်းတွေ့ရသည်ဆိုကာ သခင်သန်းထွန်းကိုယ်စား ခေါင်းဆောင်၍ ဆွေးနွေးလေတော့သည်။ သခင်ဗဟိန်းကလည်း ဝင်၍ထောက်ခံပြန်သည်။ သူတို့သုံးဦးစလုံးမှာ ကွန်မြူနစ်ပါတီကို ကိုယ်စားပြုသူများ ဖြစ်ကြပါသည်။

တစ်ဦးတည်းသာ

သခင်သန်းထွန်းနှင့် တစ်ညတာလိုက်ပါသွားသူများထဲမှ ဗိုလ်ချုပ်အောင်ဆန်းတစ်ဦးသာ တစ်စုံတစ်ရာဆုံးဖြတ်ချက်မချသေးဘဲ ဥက္ကဋ္ဌအနေဖြင့် နှစ်ဖက်ဆွေးနွေးမှုကို အာရုံပြု စဉ်းစားနေဟန် ရှိလေသည်။

နှစ်ဖက်စလုံးကလည်း မိမိတို့ယုံကြည်မှုကို စွဲမြဲစွာဆုပ်ကိုင်၍ ဆွေးနွေးကြသဖြင့် အခြေအနေမှာ တင်းမာလျက်ရှိခဲ့သည်။ ဤအတိုင်းဆိုက တစ်စုံတစ်ရာ ဆုံးဖြတ်ချက်ရနိုင်ရန်မှာမျှော်လင့်စရာမရှိသလောက်ဖြစ်နေလေသည်။

ဗိုလ်ချုပ်လမ်းစဉ်

နောက်ဆုံးတွင်မှ ဗိုလ်ချုပ်အောင်ဆန်းက ဥက္ကဋ္ဌအနေဖြင့် မိမိ၏သုံးသပ်မှုနှင့် ယုံကြည်မှုကိုတင်ပြသည်။ ဗိုလ်ချုပ်၏တင်ပြချက်ကို အကျဉ်းချုံး၍ ဆိုရသော် -

'လက်နက်ကိုင်တော်လှန်ရေး လုံးဝမရှိတော့' ဆိုသော အယူအဆသည် တစ်ဖက်စွန်းမလွတ်သော အယူအဆဖြစ်သည်။ ထို့အတူ 'လက်နက်ကိုင်တော်လှန်ရေးကို ဦးစားပေး၍ အရာရာစဉ်းစားမှုသည်လည်း တစ်ဖက်စွန်းမလွတ်သော အယူအဆပင်ဖြစ်သည်။ ထိုအစွန်းနှစ်ဖက်မှ လွတ်သော လမ်းစဉ်သာ မှန်ကန်သည်။ ထို့ကြောင့် ယခု ဖက်ဆစ်တော်လှန်ရေးတွင် ရရှိသော လူထုအုံကြွမှုအရှိန်ကိုယူ၍ 'လူထုတိုက်ပွဲကို ဦးစားပေး၍ လွတ်လပ်ရေးတိုက်ပွဲဆင်နွှဲသင့်သည်။ မရသည် အဆုံးတွင် လက်နက်ကိုင်တိုက်ပွဲသို့သွားသင့်သည်' ဟု တင်ပြသည်။

ဤတွင်မှ နှစ်ဖက်အငြင်းအခုံပွဲရပ်စဲပြီး ဗိုလ်ချုပ်အောင်ဆန်းတင်ပြသည့် မူနှင့်လမ်းစဉ်ကို စိတ်ဝင်စားစွာ ဆွေးနွေးကြတော့သည်။ နောက်ဆုံး၌လည်း ဗိုလ်ချုပ်၏မူ၊ ဗိုလ်ချုပ်၏လမ်းစဉ်ကို တညီတညွတ်တည်း လက်ခံ၍ အတည်ပြုလေတော့သည်။

ဖ.တ.ပ.လ မှ ဖ.ဆ. ပ လ သို့

ဤလမ်းစဉ်အရ လူထုကို စည်းရုံး၍ လွတ်လပ်ရေးတိုက်ပွဲကို ဆင်နွှဲနိုင်ရန် ဖ. တ. ပ. လကို မြေအောက်လှုိ့ဝှက်အဖွဲ့ချုပ်အနေမှ မြေပေါ်ပြောင်ထူထောင်ရန် ဆုံးဖြတ်ကြလေသည်။ အမည်ကိုလည်း 'ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့လွတ်လပ်ရေး'အဖွဲ့ချုပ် (ဖ. တ. ပ. လ)ကို အခြေအနေအချိန်အခါအရ 'ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်' (ဖ. ဆ. ပ. လ)သို့ ပြောင်းရန် သဘောတူကြသည်။

ဤတွင် ဖ. ဆ. ပ. လနှင့်ပတ်သက်၍ မှတ်တမ်းအမျိုးမျိုးတွင် နာမည်အမျိုးမျိုးတပ်ထားသည်ကို တွေ့ရပေမည်။

(က) ကိုသိန်းဖေမြင့်တို့ကို အိန္ဒိယသို့ စေလွှတ်သောအခါ ဖ. တ. ပ. လ ကို မဖွဲ့ရသေး။ ထို့ကြောင့် ကိုသိန်းဖေမြင့်တို့က မိမိတို့သည်

ဖက်ဆစ်ဂျပန် ကို ဆန့်ကျင်သည်။ ဗမာပြည် (မျိုးချစ်တပ်ဦး Burma Patriotic Front)ကို ကိုယ်စားပြုသည်ဟု ရေးသားကြသည်။ ထိုအမည်ကို ခံယူ၍ ဖက်ဆစ်ဂျပန်ကို တော်လှန်သောအခါ တပ်မတော်နှင့် တော်လှန်သောပြည်သူတို့ကို 'ဗမာ့မျိုးချစ်တပ်မတော်'ဟု ခေါ်ဆိုခဲ့ကြသည်။

(ခ) အင်္ဂလိပ်အစရှိသော မဟာမိတ်တပ်မတော်က ဖက်ဆစ်ဆန့်ကျင်ရေးအစည်းအရုံး (A.F.O)ဟု ခေါ်ဆိုရေးသားကြသည်။

(ဂ) အမေရိကန် သတင်းစာများကမူ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ချုပ် (A.F.L)ဟု သုံးနှုန်းကြသည်။

အမည်မှန်မှာ 'ဖ. တ. ပ. လ'အဖွဲ့ချုပ် (A.F.P.F.L)သာ ဖြစ်သည်။ အဖွဲ့ချုပ်၏ အမည်အပြည့်အစုံကို ကြည့်ခြင်းဖြင့် အဖွဲ့ချုပ်သည် ဖက်ဆစ်ဂျပန်ကို တိုက်ခိုက်တော်လှန်ရုံတွင်မပြီး၊ နိုင်ငံနှင့် ပြည်သူတို့ လွတ်မြောက်ရေးအတွက်ပါ၊ ရည်ရွယ်သည်မှာ ထင်ရှားလျက်ရှိလေသည်။

■

အတွဲ(၁)၊ အမှတ်(၆)၊ မေ ၁ ၊ ၁၉၇၁

PDF CREATOR - NYEYADHAMMA@GMAIL.COM

ဗျာနယ်ကျော်ဦးချစ်မောင်

ဦးဘဘေ

သမိုင်း၏ မှတ်တိုင်

ပြောပါရစေ

[ဤ]နေရာမှ စာရှုသူမိတ်သဟာများကို အနည်းငယ်ပြောလိုပါသည်။ စာရေးသူသည် မိမိတို့ကိုယ်တိုင် ဦးစီးရွေ့ဆောင်ခဲ့ရသော ၁၃၀၀ ပြည့်အရေးတော်ပုံမှ လွတ်လပ်ရေးရသည်အထိ တော်လှန်ရေးသမိုင်းစဉ်မှ မြုပ်ကွက်ရှုပ်ကွက်များကို ဖော်လိုရှင်းလိုသဖြင့် ဤအခန်းဆက်ဆောင်းပါးရှည်ကြီးကို ရေးသားခဲ့ပါသည်။ ဆောင်းပါးအမည်ကိုလည်း 'တော်လှန်ရေး၏ မြုပ်ကွက် ရှုပ်ကွက်များ' ဟု ပေးခဲ့ပါသည်။ အမည်နှင့်လျော်ညီစွာ မြုပ်ကွက်များကိုဖော်၍ ရှုပ်ကွက်များကို ဟုတ်တိုင်းမှန်ရာ တင်ပြခဲ့ပါသည်။ ပေါ်လွင်ပြီးအများသိပြီး အကြောင်းအရာဖြစ်စဉ်ဖြစ်ရပ်များကို မလွဲသာမှ အကျဉ်းဆုံးချုံး၍ ရှေ့နောက်ကွင်းဆက်မိရုံပေါ်ရုံ ဖော်ပြပါသည်။ ခေတ်များများကို ကျော်လွှားခုန်ကျော်၍ ရေးသားသွားပါသည်။ ဆောင်းပါးအမည်နှင့်ရော စာရေးသူ၏ရည် ရွယ်ချက်နှင့်ပါ မပို့မလို ကိုက်ညီသည်ဟုယူဆခဲ့ပါသည်။ သို့သော် စာရှုသူလူများစုကအားမရကြ၊ မကျေနပ်ကြ။ အထူးသဖြင့် သမိုင်းသုတေသနပြုလိုသူ သုတေသီများကမြုပ်ကွက်ရော ရှုပ်ကွက်ပါပေါ်လွင်ပြီးသား ဖြစ်စဉ်ဖြစ်ရပ်များနှင့်ပေါင်းစပ်၍ယခုထက်ကျယ်ကျယ်ဝန်းဝန်း သမိုင်းကွင်းဆက်ဖေါ်အောင်ရေး သားစေလိုကြသည်။

PDF CREATOR - NYEYADHAMMA@GMAIL.COM

စာရှုသူတို့အား လေးစားသောအားဖြင့် ဤအပတ်မှစ၍ သမိုင်းဖြစ်စဉ်များကို ကွင်းဆက်သဘော ပေါ်လွင်အောင်တင်ပြရင်း မြုပ်ကွက်ရှုပ်ကွက်များကို ဖော်ခြင်း၊ ရှင်းခြင်းပြုသွားပါမည်။ ရေနည်းရေဟန်မှာလည်း မှတ်တမ်းသဘော၊ အတွင်းရေးမှူး အစီရင်ခံစာဆန်ဆန် အနည်းငယ်ပြောင်းလဲသွားမည်ဖြစ်၍ အချို့နေရာများတွင် စာထိုင်းပြီး စွဲဆောင်မှု အားနည်းသွားပါလိမ့်မည်။ သို့သော် ကြိုးစားဖတ်နိုင်က အကျိုးမှာ ပို၍များပါလိမ့်မည်။] **စာရေးသူ**

ဖ·တ·ပ·လ အဖွဲ့ချုပ်

ဖ. ဆ. ပ. လ အဖွဲ့ချုပ် ဌာနချုပ်ရုံးကို ကျွန်ုပ်တို့ ရန်ကုန်သိမ်းစဉ်က အုပ်ချုပ်ရေး၊ ငြိမ်ဝပ်ပိပြားရေးနှင့် စည်းရုံးရေးကို လုပ်ဆောင်ရန် ဖ. ဆ. ပ. လ အဖွဲ့ချုပ် ဆိုင်းဘုတ်တင်၍ 'ဌာနချုပ်' လုပ်ထားသော နံပါတ် ၈၊ ကိုယ့်မင်းကိုယ့်ချင်းလမ်းရှိ အာရှလူငယ်အစည်းအရုံးဌာနချုပ်မှာပင် ဖွင့်လှစ်ရန် ဆုံးဖြတ်ခဲ့ကြသည်။

၁၉၄၅ ခုနှစ် မေလလယ် ၁၃-၁၄ လောက်တွင် ဖ. ဆ. ပ. လ အဖွဲ့ချုပ်ရုံးကို စတင်ဖွဲ့စည်းခဲ့သည်။ မြေအောက်လျှို့ဝှက်အဖွဲ့ချုပ်အဖြစ်မှ ပထမဆုံး မြေပေါ် သို့ အတိအလင်း တရားဝင်ထွက်ပေါ်လာခြင်းဖြစ်လေသည်။

ဖ. ဆ. ပ. လ အဖွဲ့ချုပ် အာဏာပိုင်အဖွဲ့ကိုလည်း မူလ ၉ ဦးမှ ကျယ်ပြန့်သော အမျိုးသားညီညွတ်ရေးကို ရှေးရှု၍ နယ်ခဲ့ဆန့်ကျင်သော၊ ဖက်ဆစ်ဆန့်ကျင်သော၊ နိုင်ငံရေးပါတီများ၊ လူမျိုးစု လူတန်းစား လူထုအဖွဲ့အစည်းများ၊ စာရေးဆရာ၊ သတင်းစာဆရာ၊ အနုပညာသည်များနှင့် မျိုးချစ်ပြည်ချစ်ပုဂ္ဂိုလ်များ ပါဝင်နိုင်ရန် တိုးခဲ့ရန်လည်း ဆုံးဖြတ်ခဲ့သည်။ သို့သော် ထိုစဉ်က ပါတီပေါင်းစုံ၊ အဖွဲ့ပေါင်းစုံမှ ပုဂ္ဂိုလ်များ ရန်ကုန်တွင် စုံစုံလင်လင် မရှိကြသေး။ ရှိသည့်ပါတီအဖွဲ့အစည်းများနှင့်သာ တိုင်ပင်ဆွေးနွေး၍ ထိုအဖွဲ့ပါတီများမှ ကိုယ်စားလှယ်များကို ဖြည့်စွက်ကာ ဦးရေကို ၁၅ ဦးသို့ တိုးမြှင့်ခဲ့လေသည်။ တိုးခဲ့ဖွဲ့စည်းသော အာဏာပိုင်အဖွဲ့တွင် အာရှလူငယ်မှ ဦးဗကျမ်း၊ မျိုးချစ်ပါတီမှ ဦးအေးနှင့် ဦးဘအုန်း စသူတို့ ပါဝင်ကြသည်။

ပေါ်လစီနှင့် လုပ်ငန်းစဉ်

၁၉၄၅ ခုနှစ် မေလ ၂၅ ရက်နေ့စွဲဖြင့် ဖ. ဆ. ပ. လ အဖွဲ့ချုပ်၏ 'ပေါ်လစီနှင့် လောလောဆယ်လုပ်ငန်းစဉ်' (Policy and Immediate Programme) ကြေညာချက်စာတမ်းတစ်စောင်ကို ထုတ်ပြန်ခဲ့သည်။ ထို ကြေညာချက်စာတမ်းတွင် -

(က) ဖ. ဆ. ပ. လ၏ ရည်မှန်းချက်ပန်းတိုင်မှာ အရွယ်ရောက်သူတိုင်း မဲဆန္ဒဖြင့် ရွေးကောက်တင်မြှောက်သည့် တိုင်းပြုပြည်ပြုလွှတ်တော်မှ ရေးဆွဲသည့် အခြေခံဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေအရ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိရေးပင်ဖြစ်ကြောင်း။

(ခ) လောလောဆယ်အားဖြင့် ဖက်ဆစ်ဂျပန်များကို မဟာမိတ်များနှင့်ပေါင်း၍ တိုက်ခိုက်လျက်ရှိရာ ဖက်ဆစ်ဂျပန်များ လုံးဝကျဆုံးသည်အထိ ဆက်တိုက်သွားမည်ဖြစ်ကြောင်း၊ လိုအပ်က ပြည်တွင်းမှာသာမဟုတ် ပြည်ပသို့ပင်လိုက်၍ တိုက်မည်ဖြစ်ကြောင်း။

(ဂ) နိုင်ငံထူထောင်ရေးနှင့် ပြန်လည်တည်ထောင်ရေးတွင်လည်း မိမိတို့ အကျိုးတစ်ခုတည်းအတွက်သာမဟုတ်ဘဲ စစ်အောင်ရေးနှင့် ကမ္ဘာ့ရိက္ခာ ဖြည့်စွက်နိုင်ရေးအတွက်ပါ အစွမ်းကုန် ပူးပေါင်းကူညီမည်ဖြစ်ကြောင်း။

(ဃ) ထိုလုပ်ငန်းရပ်များကို အောင်အောင်မြင်မြင်နှင့် မြန်မြန်ထက်ထက် အကောင်အထည်ဖော်နိုင်ရန် ယာယီအမျိုးသားအစိုးရ ဖွဲ့စည်းရမည်ဖြစ်ကြောင်း။

(င) အထက်ပါအချက်များ အောင်မြင်မှုအတွက် မဟာမိတ်နိုင်ငံ၊ မဟာမိတ်အင်အားစုများက အဘက်ဘက်မှ အားပေးကူညီရန်လိုအပ်ကြောင်း စသည့် အချက်များပါဝင်လေသည်။

ထို့ပြင် နိုင်ငံပြန်လည်တည်ဆောက်ရေးနှင့်ပတ်သက်၍ ကိုယ့်အားကိုယ်ကိုး၊ ကိုယ်လဲကိုယ်ထူ ပြည်သူ့ဝန်ထမ်းစနစ်ဖြင့် တည်ဆောက်ရမည့် လုပ်ငန်းစဉ် (Programme of National Reconstruction Through National Service) တစ်ရပ်ကိုလည်း ထုတ်ပြန်၍ ခရိုင်မြို့နယ်အဖွဲ့များက အကောင်အထည်ဖော်ရန် ညွှန်ကြားခဲ့လေသည်။

စစ်တရားဝံများ

ဤအချိန်ကား CAS (B)ခေါ် စစ်အုပ်ချုပ်ရေးကာလဖြစ်လေသည်။ မဟာမိတ်တပ်များ ဗမာပြည်သို့ ဝင်လာသောအခါ တပ်များနှင့်တစ်ပါတည်း 'စစ်အုပ်ချုပ်ရေး'အဖွဲ့လည်း ပါခဲ့သည်။ ဗမာပြည်တွင် ဖမ်းဆီးရမည့်သူများ စာရင်းကိုလည်း လုပ်လာကြသည်။ ၎င်းတို့သိမ်းပိုက်နိုင်သည့် ဒေသများတွင် စာရင်းပါပုဂ္ဂိုလ်များကို တရကြမ်း ဖမ်းဆီးခဲ့ကြသည်။ ပြီးလျှင် ခုံရုံးများဖွဲ့၍ တစ်ထိုင်တည်းစစ်၊ တစ်ထိုင်တည်းအပြစ်ပေးခဲ့ကြသည်။ အချို့လည်း သေဒဏ်၊ အချို့လည်း ထောင်ဒဏ် အမျိုးမျိုးကျခံခဲ့ကြရသည်။ ဤနည်းဖြင့် လူပေါင်းသုံးထောင်ကျော်မျှ ဗမာပြည်အနှံ့အပြားတွင် ဖမ်းဆီးချုပ်နှောင်ခံနေကြရသည်။ (စာရေးသူနှင့် ဗိုလ်လက်ျာတို့ပင် ထိုစာရင်းတွင် ပါဝင်နေရုံမက မူလကပင် တွေ့ရာတွင်ပစ်သတ်ရန် (shot at sight) စစ်ခုံရုံးမှ အမိန့်ချမှတ်ထားသဖြင့် ရှောင်ရင်းတိမ်းရင်း အလုပ်လုပ်နေကြရသည်။ နောက်ပိုင်းတွင်မှ ဖက်ဆစ်ဂျပန်ကို တော်လှန်သောခေါင်းဆောင်များအဖြစ်ဖြင့် စာရင်းမှ ပယ်ဖျက်ပေးခဲ့လေသည်။) ထိုသူတို့၏အသက်ကို အချိန်မီကယ်နိုင်ရေး၊ အချုပ်အနှောင်မှ လွတ်မြောက်ရေးမှာလည်း သေရေးရှင်ရေးပင် ဖြစ်လေသည်။

လွတ်မြောက်ရေးအတွက်

တစ်ဖက်တွင်လည်း ဒုတိယကမ္ဘာစစ်ကြီးကား မပြီးသေး။ ဗမာပြည်စစ်မျက်နှာမှာပင် ဖက်ဆစ်ဂျပန်တို့သည် တနင်္သာရီတိုင်းကို အခိုင်အမာပြု၍ ခုခံနေတုန်းရှိသည်။ ဗမာပြည်အနှံ့အပြားတွင်လည်း စစ်ကြွင်းစစ်ကျန်များကို ရှင်းလင်းနေရတုန်းရှိသည်။ ထို့ကြောင့် ဗမာ့မျိုးချစ်တပ်မတော်နှင့် ပြောက်ကျားအဖွဲ့များမှာ မဟာမိတ်တပ်ဖွဲ့များနှင့်တွဲဖက်၍ ဖက်ဆစ်ဂျပန်များကို နေရာအနှံ့အပြားတွင် တိုက်နေရတုန်း ခိုက်နေတုန်းဖြစ်သည်။ (ဖက်ဆစ်ဂျပန်များမှာ ၁၉၄၅ ခုနှစ် သြဂုတ်လ ၁၅ ရက်နေ့တွင်မှ လက်နက်ချ အရှုံးပေးကြောင်း ကြေညာသည်။) ထိုဗမာ့မျိုးချစ်တပ်မတော်များနှင့် မဟာမိတ်တို့ ဆက်ဆံမှု အဆင်ပြေရေးနှင့် မျိုးချစ်တပ်မတော်၏ အနာဂတ်ရေးမှာလည်း အဓိကအရေးပင် ဖြစ်လေသည်။

ထို့ကြောင့် အပြစ်ပေးခံ၊ ဖမ်းဆီးခံနေရသူတို့ အသက်ကယ်ဆယ်ရေးနှင့် အချုပ်အနှောင်မှ လွတ်မြောက်ရေးအတွက် ဦးကျော်ငြိမ်းအား တာဝန်ပေး၍ ဦးကျော်ငြိမ်းက ဥပဒေကျွမ်းကျင်သောအဖွဲ့တစ်ဖွဲ့ကို အရေးပေါ်ဖွဲ့စည်း

ကာ အပူတပြင်း ကြိုးစားဆောင်ရွက်ခဲ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်လက်ျာ၊ ဗိုလ်နေဝင်းတို့မှာလည်း ဗမာ့မျိုးချစ်တပ်မတော်များရှိရာ စစ်မြေပြင်များသို့ အစဉ်တစိုက်ခရီးထွက်ကာ ဆက်ဆံမှုအဆင်ပြေရေးနှင့် တပ်မတော်၏အနာဂတ်ရေးကို လုံးပမ်းကြရသည်။ ကျန်လူများက ဖ. ဆ. ပ. လ ပြန်လည်ဖွဲ့စည်းရေး၊ ဖ. ဆ. ပ. လ ဖွဲ့စည်းအုပ်ချုပ်ပုံ ယာယီအခြေခံစည်းမျဉ်းရေးဆွဲရေး၊ အနာဂတ်လုပ်ငန်းစဉ်များ ပြင်ဆင်ရေးများအတွက် တာဝန်ယူဆောင်ရွက်ကြရသည်။

ခေါင်းဆောင်ကြီးများ ညီလာခံ

၁၉၄၅ ခုနှစ် သြဂုတ်လ ၁၆ ရက်နေ့မှ ၁၈ ရက်နေ့အထိ ပါတီပေါင်းစုံ လူမျိုးရေးလူတန်းစားလူထုအဖွဲ့အစည်းပေါင်းစုံမှ ကိုယ်စားလှယ်အစုံအညီ နှင့်ထင်ရှားကျော်ကြားသောပုဂ္ဂိုလ်များ ပါဝင်သည့် 'ခေါင်းဆောင်များညီလာခံ' (Leaders Conference)တစ်ရပ်ကို ဖ. ဆ. ပ. လ ဌာနချုပ်တွင် ခေါ်ဆိုကျင်းပသည်။ ထိုညီလာခံသို့ ပြည်သူ့အရေးတော်ပုံပါတီ၊ ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်များအပြင် မျိုးချစ်ပါတီ- ဖေဘီယံပါတီ၊ တို့ဗမာအစည်းအရုံး ဆင်းရဲသားဝံသာနုပါတီမှခေါင်းဆောင်များ၊ ဗမာပြည်လွတ်လပ်ရေး အမျိုးသမီးအစည်းအရုံးနှင့် အာရှလူငယ်၊ ရခိုင်အမျိုးသား၊ ကရင်အမျိုးသား၊ မွန်အမျိုးသား၊ ဗမာ-မွတ်စလင်၊ တရုတ်အမျိုးသားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုံညီစွာ တက်ရောက်ကြသည်။ ရှေ့ဟောင်းနိုင်ငံရေးပါတီများမှ ထင်ရှားသောငါးပွင့်ဆိုင်ပါတီ၊ ပြည်သူ့ပါတီများမှ ခေါင်းဆောင်များဖြစ်ကြသော ဦးဘဘေ၊ သာယာဝတီဦးပု၊ ဦးသိမ်းမောင်၊ ဦးကွန်း စသူတို့လည်း ပါဝင်ကြ သည်။ သတင်းစာလောက၊ စာရေးဆရာလောကမှ ထင်ရှားသော ဂျာနယ်ကျော်ဦးချစ်မောင်၊ ဆယ်သန်း-ဦးအောင်မြင့်(မြို့မမောင်)၊ ဦးတင် (မြန်မာ့အလင်း) စသူတို့လည်း စုံညီကြသည်။

ထိုညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်းက ဥက္ကဋ္ဌ၊ သခင်သန်းထွန်းက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ကြသည်။

အဆိုများပြင်ဆင်ခြင်း

ထိုညီလာခံတွင် -

(၁) ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဗမာ့လွတ်လပ်ရေး အဆို။

(၂) ဗမာ့တပ်မတော်ထူထောင်ရေးအဆို (ဖက်ဆစ်ဂျပန်ကို တော်လှန်ခဲ့သော ဗမာ့မျိုးချစ်တပ်မတော်နှင့် ပြောက်ကျားတပ်များကိုမူတည် အမာခံပြု၍ ဗမာ့တပ်မတော်ထူထောင်ရန် တောင်းဆိုထားသည်)။

(၃) ယာယီအမျိုးသားအစိုးရဖွဲ့စည်းရေးနှင့် တိုင်းပြုပြည်ပြုလွှတ်တော်ခေါ်ဆိုရေးအဆို။

(၄) အမျိုးသားစည်းလုံးညီညွတ်ရေးအဆို။

ဤအရေးကြီးသော အဆိုကြီးလေးရပ်ကို တင်ပြဆွေးနွေးကြသည်။ ဤ အဆိုကြီးလေးရပ်သည် အနာဂတ်လုပ်ငန်းစဉ်၏ သော့ချက်ကြီးများ၊ လွတ်လပ်ရေး ချီတက်ရာတွင် အခြေခံစခန်းကြီးများ၊ မှတ်တိုင်ကြီးများ ဖြစ်လေသည်။ ထိုအဆိုကြီးလေးရပ်ကို ခေါင်းဆောင်ကြီးများသည် လေးလေးနက်နက် စိတ်ပါဝင်စားစွာ ဆွေးနွေးကြပြီး တညီတညွတ်တည်း အတည်ပြုပြဋ္ဌာန်းကြသည်။

ဖ. ဆ. ပ. လ အာဏာပိုင်အဖွဲ့ကိုလည်း မပါဝင်ရသေးသောအဖွဲ့၊ ပါတီများနှင့် မျိုးချစ်ပုဂ္ဂိုလ်များ ပါဝင်နိုင်ရန် ပြန်လည်ဖွဲ့စည်းရန် တင်ပြတောင်းဆိုချက်ကိုလည်း လက်ခံ၍ အာဏာပိုင်အဖွဲ့ကို ၁၅ ဦးမှ ၃၆ ဦးသို့ တိုးချဲ့ဖွဲ့စည်းခဲ့လေသည်။ ဖ. ဆ. ပ. လ အာဏာပိုင်အဖွဲ့နှင့်ပတ်သက်၍ ယာယီစည်းမျဉ်း (Provisional Rules for Supreme Council of A.F.P.F.L) ကို လည်း ပြဋ္ဌာန်းအတည်ပြုခဲ့ကြသည်။

ထိုယာယီ စည်းမျဉ်းအရ ဖ. ဆ. ပ. လ အာဏာပိုင်အဖွဲ့သို့ -

၁။ ပါဝင်ခွင့်ရသည့် နိုင်ငံရေးပါတီတိုင်းမှ ကိုယ်စားလှယ် ၃ ဦးစီ။

၂။ ပါဝင်ခွင့်ရသည့် လူထုအဖွဲ့အစည်းများက(ဥပမာ-အာရှလူငယ်) ကိုယ်စားလှယ် ၃ ဦး။

၃။ ပါဝင်ခွင့်ရသည့် လူမျိုးစုအဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၃ ဦး။

၄။ ကျော်ကြားထင်ရှားသည့် နိုင်ငံခေါင်းဆောင်များမှ ၁၀ ဦး ရွေးကောက်တင်မြှောက်ခွင့် ရှိလေသည်။

အာဏာပိုင်အဖွဲ့

ဤယာယီစည်းမျဉ်းအတိုင်းဆိုလျှင် ဆက်သွယ်ထားသည့် ပါတီများ၊ လူမျိုးစု၊ လူထုအဖွဲ့အစည်းများက ကိုယ်စားလှယ်အပြည့်အစုံပေးခဲ့သော်၊ ကျော်

ကြားထင်ရှားသည့် နိုင်ငံခေါင်းဆောင် ၁၀ ဦးစလုံး ပြည့်ခဲ့သော် ဖ. ဆ. ပ. လ အာဏာပိုင်အဖွဲ့ကို ၃၆ ဦးထက်မက တိုးချဲ့ရမည်ဖြစ်သည်။ သို့သော် ထိုအချိန်တွင် ဂျပန်များ လက်နက်ချပြီဖြစ်သော်လည်း ပြည်တွင်းသွားလာမှုမကောင်းသေး။ ပါတီတိုင်းမှ ခေါင်းဆောင်စုံညီ ရန်ကုန်သို့ မရောက်နိုင်သေး။ ကျွန်ုပ်တို့ ဖ. ဆ. ပ. လမှပင် ဖက်ဆစ်ဂျပန်တော်လှန်စဉ်က လူခွဲ၍ ဂျပန်ဆုတ်ရာလိုက်ခဲ့ရသည့် သခင်မြ၊ သခင်နု၊ သခင်လွန်းဘော်၊ ကိုလှမောင်တို့ပင် ပြန်မလာနိုင်သေး။ မော်လမြိုင်၊ မုဒုံမြို့တွင် သောင်တင်လျက်ရှိကြသေးသည်။ ထို့ကြောင့် ပါတီတိုင်း အဖွဲ့တိုင်းက ကိုယ်စားလှယ်စုံ မပေးနိုင်ကြ။ လူစုံမှ ဖြည့်နိုင်ရန် တစ်ယောက်စ နှစ်ယောက်စ ချန်ထားကြသည်။ ထို့အတူ နိုင်ငံခေါင်းဆောင်ကြီးများထဲမှ ၁၀ ဦးကိုလည်း အပြည့်မဖြည့်ဘဲ အထက်မြန်မာပြည်မှ ပုဂ္ဂိုလ်များအတွက် နေရာများချန်ထားသည်။ အမှန်အားဖြင့် ဖ. ဆ. ပ. လ အာဏာပိုင်အဖွဲ့ကို ၅၀ အထိ တိုးချဲ့ရန် ရည်မှန်းခဲ့လေသည်။

သမိုင်း၏မှတ်တိုင်

ဤခေါင်းဆောင်များညီလာခံမှ တညီတညွတ်တည်း ရေးဆွဲအတည်ပြုခဲ့သော အဆိုကြီး ၄ ရပ်ကို ၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့ ကန်တော်ကြီးစောင်း နေသူရိန်ရုံကြီးတွင် ကျင်းပသော လူထုအစည်းအဝေးက တစ်ခဲနက် ထောက်ခံအတည်ပြုခဲ့လေသည်။

ဤနေသူရိန်အစည်းအဝေးသည် ဖ. ဆ. ပ. လ အဖွဲ့ချုပ်မှ ပထမဆုံး တရားဝင်ကျင်းပသော လူထုအစည်းအဝေးကြီးဖြစ်သည်။ ဖ. ဆ. ပ. လ လမ်းစဉ်ကို တိုင်းသိပြည်သိ ကမ္ဘာသိ ကြေညာသော အစည်းအဝေးလည်းဖြစ်သည်။ ထိုနေသူရိန်အစည်းအဝေးကို လွတ်လပ်ရေးသမိုင်းတွင် မှတ်တိုင်တစ်ခုအနေဖြင့် သတ်မှတ်ရမည်ဖြစ်လေသည်။ ထိုနေသူရိန်လူထုအစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ မိန့်ကြားသော မိန့်ခွန်းမှာလည်း ပုံနှိပ်ပြီးရှိသည်။

ခေါင်းဆောင်များညီလာခံနှင့် နေသူရိန်လူထုအစည်းအဝေးနှစ်ရပ်မှ ပြဋ္ဌာန်းအတည်ပြုခဲ့သော အဆိုကြီးများကို အင်္ဂလိပ်နန်းရင်းဝန်(ဝန်ကြီးချုပ်)နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့လည်းကောင်း၊ အရှေ့တောင်အာရှစစ်သေနာပတိ မောင့်ဘက်တန်နှင့် ဆင်းမလားရှိ ဗမာပြည်ဆိုင်ရာ ဘုရင်ခံ

ဆာဒေါ်မန်စမစ်တို့ထံသို့လည်းကောင်း၊ ယူပီ(United Press)၊ ရိုက်တာ(Reuter)၊ ဘီဘီစီ(B.B.C)စသည့် ကမ္ဘာ့သတင်းဌာနများသို့လည်းကောင်းပေးပို့ခဲ့လေသည်။

ကန်သွားကိုယ်စားလှယ်

နေသူရိန်လူထုအစည်းအဝေးကြီးကျင်းပပြီး မကြာမီကာလတွင် အရှေ့တောင်အာရှ (S.E.A.C) စစ်သေနာပတိချုပ် မောင့်ဘက်တန်ထံမှ ဗမာမျိုးချစ်တပ်မတော် (B.P.F) ကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးနိုင်ရန် ဖ. ဆ. ပ. လမှ ကိုယ်စားလှယ်များကို သီဟိုဠ်နိုင်ငံ ကန်ဒီ (Kandy) မြို့သို့ စေလွှတ်ပါမည့်အကြောင်း ဖိတ်ကြားခဲ့သည်။

၁၉၄၅ ခုနှစ် စက်တင်ဘာလ ၄ ရက်နေ့တွင် ဖ. ဆ. ပ. လ အဖွဲ့ချုပ်က ၁။ ဗိုလ်ချုပ်အောင်ဆန်း၊ ၂။ ဦးဘဘေ၊ ၃။ စောဘဦးကြီး၊ ၄။ ကိုညိုထွန်း၊ ၅။ ဗိုလ်လက်ှာ၊ ၆။ ဗိုလ်နေဝင်း၊ ၇။ ဗိုလ်ဇေယျ၊ ၈။ ဗိုလ်ဇော်မင်း၊ ၉။ ဗိုလ်ကျော်ဇော၊ ၁၀။ ဗိုလ်မောင်မောင်နှင့် ၁၁။ သခင်သန်းထွန်းတို့ပါဝင်သော ကိုယ်စားလှယ်အဖွဲ့ကို စေလွှတ်ခဲ့လေသည်။

သဘောတူညီကြပြီ

၁၉၄၅ ခုနှစ် စက်တင်ဘာလ ၆-၇ ရက်နေ့များတွင် စစ်သေနာပတိချုပ် မောင့်ဘက်တန်နှင့် ပွင့်လင်းစွာ ဆွေးနွေးပြီးနောက် အောက်ပါအချက်များကို နှစ်ဦးနှစ်ဖက်တို့ သဘောတူညီကြသည်။

၁။ စစ်သေနာပတိချုပ်က 'မိမိတို့ မူလရေးဆွဲထားသော ဗမာ့မျိုးချစ်တပ်မတော်ကို လုံးဝဖျက်သိမ်းပြီး တစ်ဦးချင်းကိုသာ ဗမာ့တပ်မတော်တွင် လက်ခံရန်'ဆိုသည့်မူကို ဖျက်သိမ်းရန်သဘောတူသည်။

၂။ ဖ. ဆ. ပ. လ ကိုယ်စားလှယ်များကလည်း 'ဗမာ့မျိုးချစ်တပ်မတော်ကိုသာ မူတည်၍ ဗမာ့တပ်မတော်ကို ပြန်လည်ဖွဲ့စည်းရမည်ဆိုသည့် ဆုံးဖြတ်ချက်ကို တစ်ဆင့်လျှော့၍ ဗမာ့မျိုးချစ်တပ်မတော်နှင့် စစ်သေနာပတိလက်အောက်တွင် ဖွဲ့စည်းပြီးရှိသော ဗမာ့တပ်မတော်ကို အဖွဲ့လိုက်(en bloc) ပူးပေါင်း၍ ဖွဲ့စည်းရန်မူကို လက်ခံသည်။

၃။ ဗမာ့မျိုးချစ်တပ်မတော်မှ အမြဲတမ်းတပ်မတော်အတွက် ၅,၂၀၀၊ အရန်တပ်အတွက် ၃၀၀ ကို စစ်မှုဆက်လက်ထမ်းလိုသော သူများမှ ဆေးစစ်အောင်မြင်သူများကို ရွေးမည်။

၄။ အမြဲတမ်းတပ်မတော်အတွက် အရာရှိ ၂၀၀၊ အရန်အတွက် အရာရှိ ၂၀၀ ကို လက်ခံမည်။

၅။ ဆေးစစ်ဆေးခြင်းနှင့် ရွေးချယ်ရေးကို နှစ်ဖက်ကိုယ်စားလှယ်များ ပါဝင်သည့်အဖွဲ့မှ တာဝန်ယူဆောင်ရွက်ရမည်။

၆။ ဗမာ့မျိုးချစ်တပ်မတော်တွင် ပါဝင်ခဲ့သူများကို လစာ၊ ခွင့်ရက်၊ ဆေးကုသခွင့်များ အပြည့်အစုံခံစားခွင့်ပေးမည်။

ဤသဘောတူညီချက်ကို ဖ. ဆ. ပ. လ အဖွဲ့ချုပ်ကလည်း လက်ခံအတည်ပြုခဲ့သည်။ ဤသို့ သဘောတူခဲ့ခြင်းတွင် အကြောင်းများစွာရှိသည့် အနက် အဓိကအကြောင်းတစ်ရပ်မှာ 'ဗမာ့လွတ်လပ်ရေးတိုက်ပွဲတွင် မိမိတို့အင်အားစုများ အရေးကြီးသည့် လက်နက်ကိုင်တပ်မတော်အတွင်း ရောက်ရှိနေခြင်းသည် ကြီးမားသောအထောက်အပံ့ကို ဖြစ်စေနိုင်သည်'ဟု ယုံကြည်၍ ဖြစ်သည်။

ဗိုလ်ချုပ်အား ရာထူးပေးအပ်ခြင်း

ဗိုလ်ချုပ်အောင်ဆန်းကိုလည်း ဗိုလ်ချုပ်အဆင့်အတန်းဖြင့် ဗမာ့တပ်မတော်တွင် ပါဝင်အမှုထမ်းရန် ကမ်းလှမ်းခဲ့သော်လည်း ဗိုလ်ချုပ်က "မိမိသည် နိုင်ငံလွတ်လပ်ရေးအတွက် နိုင်ငံရေး ဆက်လုပ်မည်ဖြစ်၍ လက်မခံနိုင်"ဟု အတိအလင်းငြင်းဆိုခဲ့သည်။ ဗိုလ်လက်ှာ၊ ဗိုလ်နေဝင်းနှင့် ကျန်ရဲဘော်များကိုသာ ဗမာ့တပ်မတော်သို့ဝင်ပြီး ဗမာ့လွတ်လပ်ရေးတွင် တစ်ဖက်တစ်လမ်းမှ ထမ်းဆောင်နိုင်ရန် တာဝန်ပေးခဲ့လေသည်။

ဤနည်းဖြင့် လွတ်လပ်ရေးသမိုင်းတွင် တစ်ကဏ္ဍဖြစ်သော ကန်ဒီစာချုပ် ဖြစ်ပေါ်ခဲ့လေသည်။

■

ဘုရင်ခံအမှုဆောင်ကောင်စီအဖွဲ့

စစ်အေးတိုက်ပွဲ

အိမ်စောင့်အစိုးရ

ဖ. ဆ. ပ. လအဖွဲ့ချုပ် ကိုယ်စားလှယ်များ ကန့်သို့ ရောက်ရှိသော အချိန်တွင် အဝေးရောက် ဗမာပြည်ဘုရင်ခံ ဆာဒေါ်မန်စမစ်မှာလည်း ဆင်းမလာမှ ကန့်သို့ ရောက်လျက်ရှိသည်။ ကြုံကြိုက်သည့်အခွင့်အရေးကိုယူ၍ ဖ. ဆ. ပ. လ ကိုယ်စားလှယ်အချို့နှင့် ဘုရင်ခံ စက်တင်ဘာလ ၇ ရက်နေ့တွင် တွေ့ဆုံကြကာ နေသူရိန်ဆုံးဖြတ်ချက်များမှ 'ယာယီအမျိုးသား အစိုးရဖွဲ့စည်းရေးနှင့် တိုင်းပြုပြည်ပြုလွှတ်တော်ခေါ်ဆိုရေး'နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ ဘုရင်ခံက ဗမာပြည်၏အနာဂတ်ကို စက္ကူဖြူစာတမ်းဖြင့် ပြဋ္ဌာန်း ပြီးဖြစ်ကြောင်း၊ အဆင့်ဆင့်အားဖြင့် ဒိုမီနီယံနိုင်ငံအဖြစ်သို့ ရရှိမည်ဖြစ်ကြောင်း၊ မိမိမှာ ၁၉၃၅ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ အထွေထွေ ရွေးကောက်ပွဲမကျင်းပနိုင်မီ အိမ်စောင့်အစိုးရအနေဖြင့် ဘုရင်ခံ၏ အလုပ်အမှုဆောင်အဖွဲ့ (Executive Council)ကိုသာ ဖွဲ့စည်းနိုင်ခွင့်ရှိကြောင်း ဖြေဆိုခဲ့သည်။

အမှုဆောင်အဖွဲ့၏သဘောထား

ဖ. ဆ. ပ. လ ကိုယ်စားလှယ်များ ဗမာပြည်သို့ ပြန်လည်ရောက်ရှိသော အခါ ကန့်သဘောတူညီချက်အပြင် ဘုရင်ခံနှင့် ဆွေးနွေးခဲ့သည့်အချက်

အလက်များကိုပါ အဖွဲ့ချုပ်သို့ အစီရင်ခံခဲ့ကြသည်။ ဖ. ဆ. ပ. လ အဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့က ထိုအစီရင်ခံချက်ကို သေချာစွာလေ့လာကြပြီးလျှင် နေသူရိန်ဆုံးဖြတ်ချက်နှင့် မဆန့်ကျင်ဘဲ မိမိတို့လက်ခံနိုင်မည့် အိမ်စောင့်အစိုးရဖွဲ့စည်းနည်းကို ဘုရင်ခံထံသို့စာရေးရန်ဆုံးဖြတ်၍ ၁၉၄၅ ခုနှစ် စက်တင်ဘာလ ၂၂ ရက်နေ့ နေ့စွဲဖြင့် စာတစ်စောင်ကိုပေးပို့ခဲ့လေသည်။ ပါဝင်သော အဓိကအချက်များမှာ -

၁။ ဗမာပြည်အတွက် ကြားကာလစီမံကိန်းသည် အိန္ဒိယပြည်သို့ ပေးခဲ့သော လော့ဒ်ဝေဗယ်စီမံကိန်း (Lord Wavell's Scheme of India)ထက်မည်သည့်နည်းနှင့်မှ မလျော့နည်းစေရ။

၂။ ဘုရင်ခံ၏ အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းသောအခါ နိုင်ငံခြားရေးနှင့် ကာကွယ်ရေးဌာနများအပါအဝင် ဌာနများကို ဗမာတိုင်းရင်းသားများလက်သို့ လွှဲအပ်ပေးရမည်။

၃။ ဘုရင်ခံ၏ အမှုဆောင်အဖွဲ့ဝင်များကို ဖ. ဆ. ပ. လ အဖွဲ့ချုပ်မှ ထောက်ခံတင်ပြသည့်အတိုင်း ခန့်အပ်ရမည်။

၄။ ဘုရင်ခံသည် ဗီတို (Veto)အာဏာကို ဗမာပြည်အကျိုး၊ ဗမာနိုင်ငံအတွက် ခိုင်လုံသောအကြောင်းရှိမှ သုံးရမည်။

၅။ ဘုရင်ခံ၏အမှုဆောင်အဖွဲ့သည် စုပေါင်းတာဝန်နှင့် ကဲဘိနက်(Cabinet) အဖွဲ့အနေဖြင့် လုပ်ဆောင်နိုင်ခွင့်ရှိရမည်။

၆။ အခိုက်အတန့်တွင် ဘုရင်ခံသည် မိမိဖွဲ့စည်းမည့် အမှုဆောင်အဖွဲ့ကိုလည်းကောင်း၊ အနာဂတ်ပေါ်လာမည့် အစိုးရအဖွဲ့ကိုလည်းကောင်း အနှောင့်အယှက်အခက်အခဲဖြစ်စေနိုင်သည့် ရာထူးခန့်ထားခြင်းမှအစ မည်သည့်လုပ်ဆောင်မှုမျိုး(Commitments)ကိုမှမပြုလုပ်ရဝသည်များပါဝင်လေသည်။

ဆင်းမလားစီမံကိန်း

ဤတွင် အလျဉ်းသင့်၍ ဖော်ပြရန်လိုသည်မှာ ဘုရင်ခံသည် အိန္ဒိယပြည် ဆင်းမလားမြို့၌ ရုံးထိုင်၍ စစ်ပြီးဗမာပြည်ထူထောင်ရေး စီမံကိန်းများအမည်ဖြင့် နယ်ချဲ့အရင်းရှင်စနစ် ပြန်လည်ထူထောင်ရေးစီမံကိန်းများ ရေးဆွဲခဲ့လေသည်။ ထိုစဉ်က ဆင်းမလားစီမံကိန်းဟု နာမည်ကြီးခဲ့သည်။

ဗမာပြည်သို့ ပြန်ရောက်သောအခါ နယ်ချဲ့ဆန့်ကျင်၍ လွတ်လပ်

ရေးအတွက် တိုက်ပွဲဝင်ကြသည့် ဗမာမျိုးချစ်များကို အစွမ်းကုန်ဖိနှိပ်၊ အစွမ်းကုန်ချုပ်ချယ်၊ အစွမ်းကုန်ကလဲ့စားချေနိုင်ရေးအတွက် ၁၉၄၃ ခု အထူးတရားသူကြီးအက်ဥပဒေ၊ ၁၉၄၃ ခု တရားရုံးတော်များ အရေးပေါ်အက်ဥပဒေများကို ပြဋ္ဌာန်းခဲ့သည်။

ထို့ပြင် ဘုရင်ခံသည် ဆင်းမလားမှနေ၍ ဗမာပြည်အုပ်ချုပ်ရေးတွင် အရေးကြီး၍ တန်းမြင့်ရာထူးကြီးများတွင် ဥပမာအားဖြင့် ဟိုက်ကုတ်တရားသူကြီးချုပ်၊ ဟိုက်ကုတ်တရားသူကြီးများမှစ၍ အစိုးရရှေ့နေချုပ်၊ ကုန်သွယ်ရေးအကြံပေးအရာရှိချုပ်၊ စက်ရုံအလုပ်ရုံဆိုင်ရာ စက်မှုအကြံပေးအရာရှိချုပ် စသည်ကို ခန့်ထားလျက်ရှိသည်။ ထိုသူတို့ကို သူတို့၏လုပ်သက်၊ ဝါစဉ်များ အရမဟုတ်ဘဲ မိမိသဘောကျရာ ဆွဲခန့်သည့်သဘောမျိုးဖြစ်လေသည်။

ထပ်မံအရေးဆိုခြင်း

အထက်ပါ အချက်အလက်များပါဝင်သော ဖ. ဆ. ပ. လအဖွဲ့ချုပ်၏ပေးစာနှင့်ပတ်သက်၍ ဘုရင်ခံထံမှတစ်စုံတစ်ရာပြန်ကြားချက်ကိုမှမရခဲ့ပေ။

ထိုကြောင့် ၁၉၄၅ ခုနှစ် အောက်တိုဘာလ ၆၊ ၇၊ ၈ ရက်များတွင် ဖ. ဆ. ပ. လအဖွဲ့ချုပ် ဦးစီးအာဏာပိုင်အဖွဲ့ကိုခေါ်ဆို၍ -

၁။ ကန္ဒီစာချုပ်နှင့် ဘုရင်ခံထံပေးစာများကို တညီတညွတ်တည်းလက်ခံ အတည်ပြုခဲ့ကြသည်။

၂။ ဘုရင်ခံ၏ ဆင်းမလားမှနေ၍ ဗမာပြည်အတွက် စီမံကိန်းများရေးဆွဲခြင်း၊ အရာထမ်း၊ အမှုထမ်းများခန့်ထားခြင်းကို ရှုတ်ချသည့်အဆိုနှင့် အခြားအရေးကြီးသည့် 'အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်'အဆို၊ 'စစ်လျော်ကြေး'အဆို၊ 'စစ်ရာဇဝတ်ကောင်များနှင့်ပတ်သက်သည့်'အဆို၊ 'လူဝင်-လူထွက်ကန့်သတ်သည့်'အဆို၊ 'စစ်အုပ်ချုပ်ရေး အမြန်ရပ်စဲရေး'အဆိုများအပြင် 'အရှေ့ဖျားကော်မရှင်' (Far Eastern Commission)တွင် ဗမာပြည်ပါဝင်ရေးအဆိုများ အပါအဝင်အဆိုကြီး ၉ ရပ်ကို ဆုံးဖြတ်ခဲ့ကြ၏။

မဲတင်းခြင်း

ထို့ပြင် -

၃။ ဘုရင်ခံ ဗမာပြည်သို့ ပြန်ရောက်သည့်အခါ ဖ. ဆ. ပ. လ ဦးစီး

အာဏာပိုင်အဖွဲ့ဝင်များ လိုက်နာကျင့်သုံးရမည့် စည်းမျဉ်းတစ်ရပ်ကိုလည်း ပြဋ္ဌာန်းခဲ့ကြသည်။ ထိုစည်းမျဉ်းတွင် -

(က) ဖ. ဆ. ပ. လ ဦးစီးအာဏာပိုင်တစ်ဦးကို ဘုရင်ခံက ဖိတ်ခေါ်တွေ့ဆုံလျှင် ထိုတွင်ပြောဆိုသမျှကို အဖွဲ့ချုပ်သို့ အသေးစိတ် အစီရင်ခံရမည်။

(ခ) ဘုရင်ခံနှင့်ပြောဆိုရာတွင် ဖ. ဆ. ပ. လ ၏ မူ၊ ဖ. ဆ. ပ. လ ၏ဆုံးဖြတ်ချက်များအတွင်း တစ်နည်းအားဖြင့် ညွှန်ကြားချက်အရသာ ပြောဆိုရမည်။

(ဂ) မည်သည့်နှုတ်လွန်မှု၊ ကတိလွန်မှုမျိုးမှ (Not to make any Commitments) မပြုရဆိုသည့် အချက်များ ပါဝင်လေသည်။

အငေးရောက်ဘုရင်ခံ

၁၉၄၅ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့တွင် ပြည်ပြေးအငေးရောက် ဗမာပြည်ဘုရင်ခံ ဆာဒေါ်မန်စမစ်သည် သုံးနှစ်ခွဲမျှ ဗမာပြည်နှင့် ကင်းကွာခဲ့ပြီးနောက် ရန်ကုန်သို့ ပြန်ရောက်သည်။ ကောင်းသောပြန်လာခြင်းကား မဟုတ်ပေ။ နယ်ချဲ့အရင်းရှင်တို့၏ ကိုယ်စားလှယ်ကြီးတစ်ဦးပီပီ ဗမာပြည်တွင် ဗြိတိသျှအရင်းရှင်စနစ် ပြန်လည်ထူထောင်ရန်၊ ဗမာမျိုးချစ်များကို အစွမ်းကုန်ဖိနှိပ်၊ အစွမ်းကုန်ချုပ်ချယ်၊ အစွမ်းကုန်ကလဲ့စားချေရန်၊ ဗမာပြည်ကို ကျွန်သက်ရှည်ရှည်ဖြင့် မိမိတို့ဗြိတိသျှအရင်းရှင်များ စီးပွားရေးဓားပြတိုက်နိုင်ရန်၊ စာအုပ်ဟောင်းများအတိုင်း တိုင်းရင်းသားအချင်းချင်း သွေးခွဲအုပ်ချုပ်နည်း၊ အမျိုးသားညီညွတ်ရေးကို ဖြိုခွဲသည့် နိုင်ငံရေးပြောက်ကျားတိုက်နည်းမျိုးစုံကို လက်တွေ့ကျင့်သုံးရန်လာခြင်းသာ ဖြစ်လေသည်။

မည်သို့ပင်ရှိစေ ကျွန်ုပ်တို့ကား သုံးနှစ်သုံးမိုး ဂျပန်တို့၏စစ်အုပ်ချုပ်ရေးကိုလည်း ဘဝနာကြည်းစွာဖြင့် ကြုံခဲ့တွေ့ခဲ့ရဖူးပါပြီ။ ချုပ်ချယ်မှုတွေ၊ ကန့်သတ်မှုတွေနှင့် ဘာလုပ်လုပ် အမိန့်ခံယူနေရသည့် ဗြိတိသျှစစ်အုပ်ချုပ်ရေးကိုလည်း ငြီးငွေ့ပါပြီ။ မိမိတို့လွတ်လပ်ရေးအတွက် လုပ်ရမည့်လုပ်ငန်း၊ လှမ်းရမည့်ခရီးကို ပြတ်ပြတ်ပဲလုပ်၊ ပြတ်ပြတ်ပဲချီတက်လိုလှပါသည်။ ထို့ကြောင့် စစ်အုပ်ချုပ်ရေး အမြန်ရုပ်သိမ်းနိုင်ရေးအတွက် ဗမာပြည်ဘုရင်ခံ အမြန်ပြန်လာသည်ကို ဝမ်းမြောက်စွာကြိုဆိုပါသည်။

ရောက်ရောက်ချင်း ဆောက်နှင့်ထွင်း

၁၉၄၅ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့တော်ခန်းမ၌ ဘုရင်ခံအားကြိုဆိုဧည့်ခံပွဲ ကျင်းပပါသည်။ ထို ကြိုဆိုဧည့်ခံပွဲသို့ ဖ. ဆ. ပ. လ မှ ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့ကြပါသည်။ ဘုရင်ခံသည် တစ်နာရီကျော် နှစ်နာရီနီးပါး မိန့်ခွန်းရှည်ကြီးဖြင့် 'ရောက်ရောက်ချင်း ဆောက်နှင့်ထွင်း'လေပြီ။ နိုင်ငံရေး ပြောက်ကျားစစ်ပွဲကို စတင်ဆင်နွှဲလေပြီ။ ဘုရင်ခံ၏မိန့်ခွန်းမှ အရေးကြီးသည်ကို ကောက်နုတ်ရလျှင် -

(၁) ဗမာပြည်၏အနာဂတ်ကို စက္ကူဖြူစာတမ်းဖြင့် ပြဋ္ဌာန်းပြီးဖြစ် သည်။

(၂) ဗမာပြည်အတွက် လွတ်လပ်ရေးတိုက်ပွဲသည် ပြီးဆုံးပြီ၊ မလိုတော့။

(၃) ဤအမြင်ကို မမြင်၊ ဤအချက်များကို လက်မခံသူတို့သည် တိုင်းပြည်၏ ငြိမ်ဝပ်ပိပြားရေးကို ဖျက်ဆီးသူ၊ အန္တရာယ်ပြုသူတို့သာဖြစ်သည်။

(၄) အိမ်စောင့်အစိုးရအနေဖြင့် မိမိ၏အမှုဆောင်အဖွဲ့ကို ပါတီပေါင်းစုံမှ ကိုယ်စားလှယ်များ စုံစုံညီညီနှင့် ဖွဲ့စည်းလိုသည်။

(၅) ဖ. ဆ. ပ. လ အဖွဲ့သည် တိုင်းပြည်ကို ကိုယ်စားမပြု၊ ဖ. ဆ. ပ. လ၏ အသံသည် ပြည်သူ့အသံမဟုတ်။

(၆) ဖ. ဆ. ပ. လ အဖွဲ့သည် ဖက်ဆစ်ဆန်၍ ဖက်ဆစ်နည်းတွေကို ကျင့်သုံးနေသည်ဆိုသည့်အချက်များနှင့်

(၇) တိုင်းရင်းသားအချင်းချင်းသွေးခွဲလုံး၊ သွေးထိုးလုံးခပ်များများပါဝင်လေသည်။

ပြန်လည်ချေပခြင်း

ဖ. ဆ. ပ. လ အဖွဲ့ချုပ်သည် ချက်ချင်းပင် ဦးစီးအာဏာပိုင်အဖွဲ့ကို ခေါ်ဆို၍ ဘုရင်ခံမိန့်ခွန်းကို ချေပသည့်ထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ခဲ့လေသည်။ ထိုထုတ်ပြန်ချက်တွင် -

(၁) ဖ. ဆ. ပ. လသည် ဖက်ဆစ်စနစ်ကို လက်လည်းမခံ၊ အားလည်းမပေး လုံးဝဆန့်ကျင်သည်။

(၂) ငြိမ်ဝပ်ပိပြားရေးကိုဖျက်သူ၊ အန္တရာယ်ပြုသူသည် တရားသဖြင့် လွတ်လပ်ရေးကို လိုလားသော ပြည်သူတို့ကို လက်နက်အားကိုးဖြင့် မတရား

ဖိနှိပ်သူတို့သာဖြစ်သည်။

(၃) ဗမာပြည်သည် ငြိမ်းချမ်းရေးကိုလိုလားသည်။ ငြိမ်းချမ်းသောနည်းဖြင့် အဖြေကိုရှာလိုသည်။ ဤသို့ငြိမ်းချမ်းရေးကို လိုလားခြင်းသည် မည်သူကိုမျှ ကြောက်၍ ရွံ့၍မဟုတ်။ စစ်ဘေးစစ်ဒဏ်ဖြင့် ယိုယွင်းနေသည့် တိုင်းပြည်ကို ငြိမ်းချမ်းမှသာ မြန်မြန်ထက်ထက် ထူထောင်တည်ဆောက်နိုင်မည်ဟု ယုံကြည်၍ဖြစ်သည်။

(၄) ဗမာပြည်နှင့် ဗမာတိုင်းရင်းသားများအတွက် တိုင်းရင်းသားမဟုတ်သူ အပြင်လူက ပို၍ပူပန်နေရန်မလို။ ဗမာတိုင်းရင်းသား လူနည်းစုများ အခွင့်အရေးနှင့် လုံခြုံရေးအပြည့်အဝရရှိရေးကို ဖ. ဆ. ပ. လ က ဆောင်ရွက်ပေးရန် လုံးဝဆုံးဖြတ်ပြီးဖြစ်သည်။

(၅) ဖ. ဆ. ပ. လသည် တိုင်းပြည်ကို ကိုယ်စားမပြု၊ ဖ. ဆ. ပ. လ ၏ အသံသည် ပြည်သူ့အသံဟုတ်မဟုတ်ကို အချိန်မရွေး ရွေးကောက်ပွဲဖြင့် အစမ်းသပ်ခံရန် အဆင်သင့်ဖြစ်သည် စသည့်အချက်များ ပါဝင်သည်။

ပြောက်ကျားစစ်ဆင်ရေး

ဘုရင်ခံသည် ဗမာပြည်သို့ ပြန်ရောက်သည့်အချိန်မှစ၍ နိုင်ငံရေးအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များကို တစ်ဦးချင်းခေါ်ဆိုတွေ့ဆုံကာ နိုင်ငံရေးအခြေအနေအရပ်ရပ်ကို ဆွေးနွေးခဲ့သည်။ နိုင်ငံရေးပြောက်ကျားစစ်ဆင်ရေးအရ သွေးခွဲစနစ်ကို ကျင့်သုံးခဲ့သည်။ သို့သော်လည်း အဖွဲ့အစည်းအသီးသီးက ဖ. ဆ. ပ. လ ၏လမ်းစဉ်ကို လက်ခံထားကြသည်ဖြစ်၍ နောက်ဆုံးတွင် ဘုရင်ခံသည် ဖ. ဆ. ပ. လ ကို ဖိတ်ခေါ်ရသည့်အခြေသို့ ရောက်ခဲ့ရလေသည်။

ဘုရင်ခံနှင့်တွေ့ဆုံခြင်း

၁၉၄၅ ခုနှစ် အောက်တိုဘာလ ၁၉ ရက်နေ့တွင် ဖ. ဆ. ပ. လ ၏ ကိုယ်စားလှယ်များအဖြစ် ဗိုလ်ချုပ်အောင်ဆန်း၊ ဦးဘအေနှင့် သခင်သန်းထွန်းတို့သည် ဘုရင်ခံနှင့် တွေ့ဆုံကြလေသည်။ ကျေနပ်လောက်သောအဖြေကိုကား မရရှိကြပေ။

ဘုရင်ခံက မိမိ၏အမှုဆောင်အဖွဲ့တွင် အဖွဲ့ဝင် ၁၅ ဦးထားရန်

ရည်ရွယ်သည်။ ထိုအထဲ ကာကွယ်ရေးနှင့် နယ်ခြားဒေသအုပ်ချုပ်ရေးကို ဗမာများလက်တွင်မထားနိုင်သဖြင့် အင်္ဂလိပ်အရာရှိနှစ်ဦးကို ထည့်မည်။ ထို့ပြင် မိမိ နှင့်ပြေးစဉ်က အတူပါခဲ့ကြသည့် ဆာပေါ်ထွန်း၊ ဆာထွန်းအောင်ကျော်တို့ နှစ်ဦးကိုလည်း ထည့်မည်။ ဤလေးဦးကိုရွေးပြီးဖြစ်သည်။ ထိုကြောင့် ကျန် ၁၁ ဦးအတွက် အမည်စာရင်းကို ဖ. ဆ. ပ. လ မှ ပေးစေလိုသည်ဟု ဆိုသည်။

ဖ. ဆ. ပ. လ ကိုယ်စားလှယ်များက "ဘုရင်ခံ၏အဆိုပြုချက်သည် တိုင်းပြည်၏လိုလားချက်၊ မိမိတို့၏ဆုံးဖြတ်ချက်များနှင့် အင်မတန်မှကွာခြားလျက် ရှိသည်။ သို့သော် တိုင်းပြည်ထူထောင်ရေးအတွက် ဘုရင်ခံနှင့် အစွမ်းကုန် ပူးပေါင်းလိုပါသည်။ ဘုရင်ခံ၏အဆိုပြုချက်ကို ဖ. ဆ. ပ. လ ဦးစီးအဖွဲ့သို့ တင်ပြပါမည်။ အကယ်၍ ဖ. ဆ. ပ. လ မှ ပါဝင်ရန် သဘောတူခဲ့လျှင် ပြည်ထဲရေးနှင့် နိုင်ငံရေး-ရေးရာဌာနကို ဖ. ဆ. ပ. လ မှ ရွေးချယ်သည့် ကိုယ်စားလှယ်တစ်ဦးကို ပေးစေလိုသည်။ ဌာနများ ခန့်ခွဲမှုကိုလည်း တိုင်ပင်၍ပြုစေလိုသည်"ဟု တင်ပြခဲ့ကြသည်။

ဦးစီးအဖွဲ့၏အဆိုပြုချက်

၁၉၄၅ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင် ဖ. ဆ. ပ. လ ဦးစီးအာဏာပိုင်အဖွဲ့ကိုခေါ်ဆို၍ ဘုရင်ခံနှင့်တွေ့ဆုံဆွေးနွေးခဲ့သည်များကို တင်ပြသည်။

ဦးစီးအဖွဲ့က 'ဘုရင်ခံ၏အဆိုပြုချက်သည် တိုင်းပြည်၏လိုလားချက်၊ ဖ. ဆ. ပ. လ ၏ ဆုံးဖြတ်ချက်များနှင့် ကွာခြားလှ၍ လုံးဝကျေနပ်ဖွယ်မရှိ'ဟု တညီတညွတ်တည်း ယူဆကြသည်။ သို့သော် ဖ. ဆ. ပ. လ အဖွဲ့သည် အပြင်တိုက်ပွဲတစ်ခုတည်းကို ကျင့်သုံးသည်ထက် အတွင်း-အပြင်၊ အထက်-အောက် တိုက်နည်းမျိုးစုံကို ကျင့်သုံးနိုင်က တိုက်ပွဲပိုမိုထိရောက်၍ လိုလားချက်ပန်းတိုင်သို့ အချိန်ကို ဖြတ်တောက်နိုင်ကာ မြန်မြန်ထက်ထက်ရောက်နိုင်သည်ဟု ယုံကြည်ကြသည်။ ထိုကြောင့် ဖ. ဆ. ပ. လ ဦးစီးအဖွဲ့သည် အခြေအနေအရပ်ရပ်ကို အသေးစိတ်သုံးသပ်၍ အပြန်အလှန်ဆွေးနွေးမှုများပြုကြပြီးနောက် ၁၉၄၅ ခုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့တွင် အောက်ပါအချက်များကို ဘုရင်ခံက သဘောတူခဲ့လျှင် ဘုရင်ခံ၏အမှုဆောင်အဖွဲ့သို့ လက်ခံ

ဝင်ရောက်ရန် ဆုံးဖြတ်ခဲ့ကြလေသည်။

၁။ ဖ. ဆ. ပ. လ မှ ရွေးချယ်သည့် ကိုယ်စားလှယ် ၁၁ ဦးစလုံးကို လက်ခံရမည်။

၂။ ပြည်ထဲရေးနှင့် နိုင်ငံရေး ရေးရာဌာနကို ဖ. ဆ. ပ. လ မှ ကိုယ်စားလှယ်တစ်ဦးကို ပေးရမည်။

၃။ ကျန်ဌာနများ ခွဲဝေမှုကိုလည်း တိုင်ပင်၍ ဆောင်ရွက်ရမည်။

အရေးကြီးညွှန်ကြားချက် သုံးရပ်

ထို့ပြင် ဘုရင်ခံ၏အမှုဆောင်အဖွဲ့သို့ ဝင်ရောက်တာဝန်ယူရမည့် ကိုယ်စားလှယ်များ လိုက်နာကျင့်သုံးရမည့် ညွှန်ကြားချက် (The instrument of instructions)တစ်ရပ်ကိုလည်း ရေးဆွဲပြဋ္ဌာန်းခဲ့ကြသည်။ ထိုညွှန်ကြားချက်တွင် အပိုင်းသုံးပိုင်း ပါဝင်သည်။

ပထမပိုင်းမှာ ရည်မှန်းချက် (objectives)ပိုင်းဖြစ်၍ (က) အရွယ်ရောက်သူတိုင်း မဲဆန္ဒပေးပိုင်ခွင့်ဖြင့် တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲကျင်းပပြီး ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲနိုင်ရေး၊ (ခ) ဘုရင်ခံ၏အမှုဆောင်အဖွဲ့ကို ပြည်သူ့အကျိုးပြု ပြည်သူ့အစိုးရဖြစ်လာအောင် လုပ်ဆောင်ရေး စသည်တို့ပါဝင်သည်။

ဒုတိယပိုင်းမှာ လုပ်ငန်းစဉ် (Concrete tasks)ပိုင်းဖြစ်၍ (က) နိုင်ငံရေး အကျဉ်းသမားများလွှတ်မြောက်ရေး၊ ပြည်သူ့အခွင့်အရေးများ ပြန်လည်တည်ဆောက်ရေး၊ (ခ) မြန်မာ့စီးပွားအစရှိသော လူထုကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်သည့် အဖွဲ့အစည်းအဆောက်အအုံများ ပြန်လည်ဖော်ထုတ်ရေး၊ (ဂ) ကယ်ဆယ်ရေး၊ ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေးများတွင် ပြည်သူလူထုပါဝင်နိုင်ရေး၊ (ဃ) မိမိတို့၏လုပ်ဆောင်ချက်များကို ဖ. ဆ. ပ. လ အဖွဲ့သို့ အချိန်မှန်အစီရင်ခံရေး စသည်တို့ ပါဝင်သည်။

တတိယပိုင်းမှာ ကျင့်သုံးရမည့် ကျင့်စဉ်ပိုင်းဖြစ်၍ (က) ဖ. ဆ. ပ. လ အဖွဲ့ ကိုယ်စားလှယ်များသည် ညီညွတ်သောအဖွဲ့တစ်ခု (As a united team) အဖြစ်ဖြင့်လုပ်ဆောင်ခြင်း၊ (ခ) ဌာနများကို မိမိတို့အချင်းချင်း သင့်သလိုခွဲဝေပြီး စုပေါင်းတာဝန်ယူဆောင်ရွက်ခြင်း၊ (ဂ) မိမိတို့ကို တာဝန်ပေးသည့်အတိုင်း ဘုရင်ခံ၏အမှုဆောင်အဖွဲ့တွင် ပါဝင်ဆောင်ရွက်ရာတွင်

တာဝန်အရ လုပ်ဆောင်နိုင်ခွင့်မရှိဟု တွေ့ရှိရလျှင် အဖွဲ့လိုက်နုတ်ထွက်ခြင်းစသည်များ ပါဝင်သည်။ နုတ်ထွက်ခြင်းနှင့်ပတ်သက်၍ စည်းကမ်းချက်သုံးချက် သတ်မှတ်ထားသည်။ (၁) တစ်ဖွဲ့လုံးက နုတ်ထွက်သင့်သည်ဟု ယူဆခဲ့သော်၊ (၂) အများစုက နုတ်ထွက်သင့်သည်ဟုယူဆခဲ့သော်၊ (၃) ဖ. ဆ. ပ. လ ဦးစီးအဖွဲ့က ၇၅ ရာခိုင်နှုန်းဖြင့် နုတ်ထွက်ရမည်ဟု ဆုံးဖြတ်ခဲ့သော် တစ်ဖွဲ့လုံး နုတ်ထွက်ကြရမည် ဖြစ်လေသည်။

■

ဆာပေါ်ထွန်း

ဦးပု

နယ်ချဲ့ကို တိုက်ခဲ့စဉ်က

နယ်ချဲ့၏နည်းပရိယာယ်

နယ်ချဲ့အရင်းရှင်တို့သည် မိမိတို့ပိုင်ဆိုင်သော ကိုလိုနီများကို သူတော်ကောင်းစိတ်ဝင်ပြီး အသာတကြည်ဖြင့် လက်လွှတ်ရိုး လုံးဝမရှိခဲ့ကြ။ တတ်နိုင်သမျှ ဆုပ်ကိုင်ထားပြီး အစွမ်းကုန်သွေးစုပ်၊ အစွမ်းကုန်အမြတ်ထုတ်နိုင်ရန်သာ ကြိုးပမ်းမြဲဖြစ်ပေသည်။ ဗြိတိသျှနယ်ချဲ့အစိုးရသည် ဗမာပြည်အား ဒိုမီနီယံအဆင့်အတန်းကို ပေးပါမည်ဟူ၍ မရေမရာကတိပြုပြီးလျှင် စက္ကူဖြူစာတမ်းကို ထုတ်ပြန်ခြင်းပြုခဲ့သည်။ ထိုဒိုမီနီယံအဆင့်အတန်းကိုပင် ဘယ်အချိန်ဘယ်အခါပေးမည်ဟူ၍ တိတိကျကျ ဖော်ပြခြင်းမရှိခဲ့ပေ။ အကယ်၍ဗြိတိသျှအစိုးရသာစေတနာရိုးသားပါက ကြားကာလတွင်မိမိတို့နှင့် တိုက်ရိုက်ဆက်သွယ်ဆွေးနွေးနိုင်မည့်ယာယီအမျိုးသားအစိုးရကိုဖွဲ့စည်းပေးရန် ဝန်လေးနှောင့်နှေးနေစရာ အကြောင်းမရှိပေ။ သို့မှသာ အာဏာလွှဲပြောင်းပေးရေးအတွက်လိုအပ်သောအစီအစဉ်များကိုကျနစွာလုပ်ဆောင်နိုင်မည်မဟုတ်ပါလော။

ယခုကား ဤသို့မဟုတ်ပါပေ။ ဗမာပြည်တွင် နယ်ချဲ့အရင်းရှင်စီးပွားရေးစနစ် ပြန်လည်ထူထောင်၍ ကျွန်သက်ရှည်ရှည်ဆွဲပြီး စီးပွားရေးအမြတ်ထုတ်၊ တိုင်းရင်းသားတို့အား အစွမ်းကုန်သွေးစုပ်နိုင်ဖို့သာ အဓိကရည်ရွယ်သည်မှာ ထင်ရှားလှပါသည်။ ဘုရင်ခံမှာ နယ်ချဲ့ကိုယ်စားလှယ်သာဖြစ်သည်။ သူ၏တာဝန်မှာ တိုင်းရင်းသားတို့၏အလိုကို လိုက်ရန်မဟုတ်၊ နယ်ချဲ့အစိုးရ၏အလိုကိုသာ အကောင်အထည်ဖော်ရမည် ဖြစ်လေသည်။ သူ၏တာဝန်ကို

ကျေပွန်အောင် ထမ်းဆောင်နိုင်မှ 'အမှုထမ်းကောင်း'၊ 'သူစွမ်းကောင်း' ဖြစ်ချေမည်။ ဤသို့ တာဝန်ကို ကျေကျေပွန်ပွန်ထမ်းဆောင်နိုင်ရန် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို သွေးခွဲအုပ်ချုပ်နည်း (Divide and rule)၊ နိုင်ငံရေးပြောက်ကျားနည်းတွေကို အစွမ်းကုန်သုံး၍ ဖြိုခွဲရပေမည်။ လက်ဝါးကြီးအုပ်အရင်းရှင် စီးပွားရေးစနစ်ကို ဖက်ဆစ်နည်းစုံဖြင့် ခိုင်မြဲအောင်တည်ဆောက်ရပေမည်။ ဇာတိရုပ်ကို ကြာကြာဖုံး၍ရပါမည်လော၊ မရနိုင်ပါ။ အလုပ်က ဖော်ရမည်ဖြစ်ပါသည်။

ဘုရင်ခံထံမှ ပြန်ကြားစာ

၁၉၄၅ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့တွင် ဘုရင်ခံထံမှ ပြန်ကြားချက်ကို ရရှိသည်။ ထိုပြန်ကြားချက်တွင် -

(၁) ဖ. ဆ. ပ. လ က တောင်းဆိုသည့်အတိုင်း ၁၁ နေရာစလုံးကို မပေးနိုင်၊ ဖ. ဆ. ပ. လ သို့ ၇ နေရာသာ ပေးနိုင်မည်။

(၂) ဖ. ဆ. ပ. လ မှ တောင်းဆိုသည့် ပြည်ထဲရေးဌာနကိုလည်း ဆာပေါ်ထွန်းအတွက် လျာထားပြီးဖြစ်၍ ဖ. ဆ. ပ. လ ကိုယ်စားလှယ်ကို မပေးနိုင်။

(၃) ဖ. ဆ. ပ. လ ကိုယ်စားလှယ်များတွင်လည်း ပုဂ္ဂိုလ်အရ ဦးသိန်းဖေမှာ'တက်ဘုန်းကြီး'ဝတ္ထုရေးခဲ့သူဖြစ်၍ ဘုန်းကြီးများက လိုလားမည်မဟုတ်၊ ထို့ကြောင့် မိမိ၏အမှုဆောင်အဖွဲ့တွင် မထည့်နိုင် စသည်များ ပါဝင်သည်။

အမြတ်ထုတ်ခံရခြင်း

ဘုရင်ခံ၏ ပြန်ကြားချက်ကိုရလျှင်ရချင်းပင် ထိုနေ့၌ပင် ဖ. ဆ. ပ. လ ဦးစီးအဖွဲ့ကိုခေါ်၍ တင်ပြသည်။ မိမိတို့၏အစွမ်းကုန်လိုက်လျောမှုကို အမြတ်ထုတ်ခံရသဖြင့် မကျေမနပ်ဖြစ်ကြသည်။ ဘုရင်ခံ၏ပြန်ကြားချက်ကို အပြန်ပြန်အလှန်လှန် ဆွေးနွေးကြသော်လည်း လက်ခံနိုင်ဖွယ်ရာအကြောင်းတစ်စုံတစ်ရာမျှမရှိသည်ကို တွေ့ရသည်။ ဤအတိုင်းဆိုက မိမိတို့ထင်ထားသည့် လူစာရင်းကို ပြန်လည်ရုပ်သိမ်းရန်မှတစ်ပါး တခြားလမ်းမရှိပေ။ ထို့ကြောင့် မိမိတို့၏လူစာရင်းကို ပြန်လည်ရုပ်သိမ်းရန် တညီတညွတ်တည်း ဆုံးဖြတ်ချက် ချခဲ့ရလေသည်။

တိုင်းပြည်သို့လည်း မိမိတို့ကိုယ်စားလှယ်များ သီဟိုဠ်နိုင်ငံ၊ ကန္ဒီမြို့၌ ဘုရင်ခံနှင့်တွေ့ဆုံခဲ့ရသည်မှစ၍ နောက်ဆုံးမိမိတို့၏ လူစာရင်းကို ပြန်လည်ရုပ်သိမ်းရသည့်အထိ လုပ်ဆောင်ချက်များကို အသေးစိတ်တင်ပြပြီး အမျိုးသားညီညွတ်ရေးအတွက် တပ်လှန့်နှိုးဆော်သည့် ထုတ်ပြန်ကြေညာချက်တစ်စောင်ကိုလည်း ဖြန့်ချိခဲ့ရလေသည်။

သွေးခွဲစနစ်

အမှန်ကား ဘုရင်ခံ၏ပြန်ကြားချက်မှာ တမင်ဖန်တီးမှု (Deliberate action) သာဖြစ်သည်။ နိုင်ငံရေးပြောက်ကျားစစ် စတင်ဆင်နွှဲခြင်းသာဖြစ်သည်။ ဘုရင်ခံလိုလားသော အင်္ဂလိပ်အရာရှိနှစ်ဦး ထည့်ရေးနှင့် ဆာပေါ်ထွန်း၊ ဆာထွန်းအောင်ကျော်တို့ပါရေးကိုပါ ဖ. ဆ. ပ. လ က လက်ခံပြီးဖြစ်သည်။ ဖ. ဆ. ပ. လ မှ ရွေးချယ်သည့် လူစာရင်းမှာလည်း ပါတီပေါင်းစုံမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်များ စုံစုံလင်လင်ပါဝင်ပြီးဖြစ်သည်။ ဘာမှ လက်မခံနိုင်စရာအကြောင်းမရှိပေ။

သို့သော် ဤအစီအစဉ်အတိုင်း လက်ခံ၍ မိမိ၏အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းပါက မိမိသည် နယ်ချဲ့ကိုယ်စားလှယ်အဖြစ်ဖြင့် လုပ်ဆောင်ရမည့် တာဝန်ကို ကျေပွန်အောင်လုပ်ဆောင်နိုင်မည်မဟုတ်။ ထို့ကြောင့် ထိုအစီအစဉ်ကို မပျက်ပျက်အောင် ဖျက်ရမည်ဖြစ်လေသည်။ ဤနည်းဖြင့်သာ သွေးခွဲအုပ်ချုပ်နည်း (Divide and rule)ကိုလည်း လက်တွေ့ကျင့်သုံးနိုင်ကာ ဖ. ဆ. ပ. လ ကိုလည်း တရားခံလုပ်၍ ဖိနှိပ်နိုင်မည် မဟုတ်ပါလော။

ဦးသိန်းဖေအား ပုဂ္ဂိုလ်အရ တိုက်ခြင်းမှာလည်း ကျောင်းတော်ကရန်စကြောင့် ဖြစ်လေသည်။ ဦးသိန်းဖေသည် ဖ. ဆ. ပ. လ ကိုယ်စားလှယ်အဖြစ်ဖြင့် အိန္ဒိယတွင်ရှိစဉ် ဘုရင်ခံနှင့် အတိုက်အခံလုပ်၍ ဗမာပြည်အရေးကိုတင်ပြခဲ့သည်။ ဤသည်ကို သူလုပ်လိုသော လုပ်ရပ်များကို ကဖျက်ယဖျက် လုပ်သည်ဟု ရန်ငြိုးဖွဲ့ခြင်းဖြစ်လေသည်။

တရားခံလုပ်လို၍

ဤသို့ ဖ. ဆ. ပ. လ အဖွဲ့ချုပ်က ဘုရင်ခံ၏ပြန်ကြားချက်ကို လက်မခံနိုင်၊ ထို့ကြောင့် မိမိတို့၏လူစာရင်းကို ပြန်လည်ရုပ်သိမ်းသည်ဟု ကြေညာသောအခါ ဘုရင်ခံက ဖ. ဆ. ပ. လ ကို တရားခံလုပ်နိုင်ရေးအတွက် တစ်မျိုး

လှည့်လာပြန်သည်။

မိမိသည် အမှုဆောင်အဖွဲ့ကို မဖွဲ့ဘဲလည်းနေနိုင်သည်။ မိမိသဘောကျ ဖွဲ့လိုသောပုဂ္ဂိုလ်များနှင့်လည်း ဖွဲ့နိုင်သည်။ ယခုမူ မိမိသည် မိမိ၏အမှုဆောင်အဖွဲ့ကို ပါတီစုံမှ ကိုယ်စားလှယ်များနှင့် စေတနာထား၍ ဖွဲ့စည်းရန်ကြိုးပမ်းမှ ဖ. ဆ. ပ. လ က မိမိကိုချုပ်နှောင်သည်။ ဖ. ဆ. ပ. လ မှ ပြဋ္ဌာန်းသော ညွှန်ကြားချက် (The instrument of instruction)သည် ဖက်ဆစ်ဆန်သည်၊ မိမိ၏စေတနာကို ဝေဒနာဖြစ်အောင် လုပ်ဆောင်သည်ဟု ဆိုလာပြန်သည်။ ပထမပြန်ကြားချက်တွင် ထိုစကားမပါခဲ့။ ယခုမှ စေ့စပ်မှုပျက်ပြားရခြင်းသည် ဖ. ဆ. ပ. လ ကြောင့်ဟု အပြစ်ဆိုလို၊ တရားခံလုပ်လိုသဖြင့် ပြောလာခြင်းဖြစ်သည်။ အကယ်၍ ဖ. ဆ. ပ. လ သာ ပေးသည့် ၇ နေရာကို လျှော့ဈေးဖြင့်လက်ခံခဲ့သော် ထိုစကားပေါ်မည်မဟုတ်ပေ။

နယ်ချဲ့ကျင့်ထုံး

မျက်စိရှိ၍ မကန်းသူတိုင်း မြင်နိုင်ပါသည်ဆိုသကဲ့သို့ နယ်ချဲ့၏ ပရိယာယ်၊ နယ်ချဲ့၏စေတနာကား ရှင်းလှပါသည်။ ဗမာပြည်သို့ ပြန်လာခြင်းမှာ ဗမာများကို လွတ်လပ်ရေးပေးရန်မဟုတ်။ ကျွန်ဆက်လုပ်ဖို့သာ ဖြစ်လေသည်။ ထိုကြောင့်မဟုတ်လော၊ သူတို့ပြန်ဝင်လာသည်နှင့် ဂျပန်ငွေစက္ကူများကို တရားမဝင်လုပ်ပစ်သည်။ ကျွန်ုပ်တို့ "ဂျပန် ငွေစက္ကူများကို တန်ဖိုးချ၍ ပြန်ရုပ်သိမ်းပါ။ တခြားနိုင်ငံများမှာလည်း ဤနည်းကိုကျင့်သုံးကြပါသည်။ နောက်မှ ဂျပန်ထံမှ စစ်လျော်ကြေးဖြင့်ထေယူပါ"ဟု အော်ခဲ့ဟစ်ခဲ့တောင်းဆိုခဲ့သော်လည်း မကြားဟန် မသိဟန်လုပ်ခဲ့သည်။ ဗမာများမွဲမှ၊ ချွတ်ခြုံကျမှ ၎င်းတို့ကို လုံးဝမှီခိုအားကိုးရမည်၊ ပြုသမျှနုရမည်။ ဤကား မထူးသော မဆန်းသော နယ်ချဲ့တို့၏ လက်သုံးကျင့်ထုံးတရားပင် ဖြစ်လေသည်။

သူတို့၏မြေလှန်စနစ်ဆိုး

ထိုမျှသာ မဟုတ်သေးပါ။ ဗမာပြည်သည် စစ်ဘေးစစ်ဒဏ်ကြောင့် ပြာပုံအတိဖြစ်ခဲ့ရသည်။ ဤသို့ ပျက်စီးခဲ့ခြင်း၏ ကိုးဆယ်ရာခိုင်နှုန်းကျော်မှာ ရန်သူဂျပန်တို့ကြောင့်မဟုတ်။ အင်္ဂလိပ်များ ဗမာပြည်မှ ဆုတ်ခွာသောအခါ မြေလှန်စနစ်ဖြင့် အလုပ်ရုံ စက်ရုံတွေ၊ တံတားတွေ ပျက်ခဲ့သည်။ ဂျပန်လက်အောက် သုံးနှစ်သုံးမိုးကာလတွင်လည်း နေ့မရှောင်ညမလပ် ဗုံးမိုးတွေမပြတ်

တမ်း ရွာခဲ့သည်။ ပြန်ဝင်သောအခါလည်း စစ်ကြောင်းတစ်လျှောက် ဗုံးအထပ်ထပ်ကြဲ အမြောက်တရစပ်ပစ်၍ဝင်ခဲ့သည်။ ဤနည်းဖြင့် မြို့တွေပျက်၊ ရွာတွေကြေ၊ လူတွေအတုံးအရုံးသေခဲ့ကြရသည်။ ဤသို့ ပျက်စီးရသည့်အထဲ နယ်ချဲ့အရင်းရှင်ပိုင် စက်ရုံအလုပ်ရုံများနှင့်၊ တိုင်းရင်းသားများပိုင်လုပ်ငန်းများပါ အတူတူပါကြသည်။ သူတို့ပြန်ဝင်လာသောအခါ သူတို့လူမျိုး ဗြိတိသျှအရင်းရှင်လုပ်ငန်းများ ပြန်လည်ထူထောင်ရန် လျော်ကြေးများပေးသည်။ တိုင်းရင်းသားများ ပျက်စီးရသည်ကိုကား ထည့်၍မစဉ်းစား။ ပိုင်း၍အော်ကြဟစ်ကြပြန်လည်း မသိကျိုးကွံပြု၍သာနေသည်။

အရင်းရှင်စနစ်

ကျန်ပါသေးသည်။ ဗမာပြည်ပြန်လည်ထူထောင်ရေးအတွက်ဟု အသံကောင်းဟစ်၍ ရေးဆွဲလာသော နာမည်ကြီး 'ဆင်းမလား' စီမံကိန်းများကို ဆန်းစစ်ကြည့်ပါဦး။ ဗမာပြည်နှင့် ဗမာတိုင်းရင်းသားတို့အကျိုးမပါ၊ နယ်ချဲ့လက်ဝါးကြီးအုပ် အရင်းရှင်စနစ် ပြန်လည်ထူထောင်ရေးအတွက် သက်သက်သာဖြစ်သည်ကို တွေ့ရပါမည်။

ဤမျှဖြင့် နယ်ချဲ့တို့၏ စေတနာကား ထင်ရှားလှပါသည်၊ ရှင်းလှပါသည်။ ထို့ပြင်နယ်ချဲ့တို့၏ပရိယာယ်ဝေဝှေ့ကိုကြည့်ပါဦး။ မိမိတို့လုပ်လို ရာလုပ်နိုင်ရန် အတိုက်အခံကို (၀၀) တစ်နည်းအားဖြင့် ရန်သူကို တရားခံဖြစ်အောင်လုပ်ခြင်း၊ ဖန်တီးခြင်းမှာလည်း နယ်ချဲ့တို့၏ ကျင့်ရိုးကျင့်စဉ် လုပ်ရိုးလုပ်စဉ်ပင်ဖြစ်ပါသည်။ ယခုလည်း ဘုရင်ခံသည် မိမိလုပ်လိုရာ လုပ်နိုင်ရေးအတွက် ဖ. ဆ. ပ. လ ကို တရားခံလုပ်ရမည် မဟုတ်ပါလော။

စေ့စပ်ရေးတံခါး

၁၉၄၅ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် ဘုရင်ခံက စေ့စပ်ရေးပျက်ပြားရခြင်းနှင့်ပတ်သက်၍ ဖ. ဆ. ပ. လ ကို တရားခံလုပ်ကာ အပြစ်ပုံချသည့် ထုတ်ပြန်ချက်တစ်စောင်ကိုထုတ်ပြန်လိုက်သည်။ ထိုထုတ်ပြန်ချက်အရ ဖ. ဆ. ပ. လ မှာ လူဆိုးကြီး၊ ဖက်ဆစ်ကြီး ဖြစ်ခြင်းမက ဖြစ်နေတော့သည်။ ဖ. ဆ. ပ. လ သည် ဘုရင်ခံနှင့်တွေ့ဆုံဆွေးနွေးချက်များကို မလိမ်တပတ်လုပ်ခဲ့သည်။ ဖ. ဆ. ပ. လ မှ ပြဋ္ဌာန်းသည့် ကိုယ်စားလှယ်များ လိုက်နာကျင့်သုံးရမည့် ညွှန်ကြားချက် (The instrument of instruction)သည်

ဖက်ဆစ်ဆန်လှသည် စသည်ဖြင့် အပြစ်ဟူသမျှ ဖ. ဆ. ပ. လ သို့ ပုံချတော့သည်။ သို့သော် ပရိယာယ်ကြွယ်သည့် နယ်ချဲ့ကိုယ်စားလှယ်ပီပီ နောက်ဆုံး၌ ဖ. ဆ. ပ. လ နှင့် စေ့စပ်ရေးအတွက် တံခါးကိုကား ဖွင့်ထားလျက်ပင်ရှိသည်ဟု အသံကောင်းဟစ်လိုက်လေသည်။

ဖ. ဆ. ပ. လ လည်း ချက်ချင်းပင် အစည်းအဝေးခေါ်၍ ချေပချက် (Rejoinder)ကို ထုတ်ပြန်ခဲ့သည်။ ဖ. ဆ. ပ. လ ၏ ချေပချက်တွင် ဘုရင်ခံနှင့်တွေ့ဆုံဆွေးနွေးခဲ့သည်များကို ပြန်ဖော်၍ အဘယ်ကြောင့် ပြည်ထဲရေးဌာနကိုတောင်းဆိုခဲ့ရသည်၊ ဘုရင်ခံနှင့် အပေးအယူလုပ်၍ အဘယ်ကြောင့် ကိုယ်စားလှယ် ၁၁ ဦးကို ရွေးချယ်စာရင်းပေးခဲ့ရသည် စသည်များကို ရှင်းပြသည်။ ဖ. ဆ. ပ. လ ကိုယ်စားလှယ်များ လိုက်နာကျင့်သုံးရမည့် ညွှန်ကြားချက် (The instrument of instruction)ကို ပြဋ္ဌာန်းရခြင်းမှာလည်း ဒီမိုကရေစီနိုင်ငံ၊ ဒီမိုကရေစီပါတီတို့၏ လုပ်ရိုးလုပ်စဉ်အတိုင်း လုပ်ဆောင်ခြင်းသာဖြစ်သည်ဟု ချေပသည်။ ဘုရင်ခံက တံခါးဖွင့်လျက်ပါဆိုသည်နှင့်ပတ်သက်၍ ဖ. ဆ. ပ. လ ကလည်း နိုင်ငံရေးအဖြေရမှုအတွက်လည်းကောင်း၊ ပြည်သူတို့၏ ယုံကြည်မှုကို ခံယူနိုင်မည့် ဘုရင်ခံ၏အမှုဆောင်အဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက်လည်းကောင်း ဘုရင်ခံနှင့်လက်တွဲရန် အမြဲအဆင်သင့်ရှိကြောင်း ပြန်ကြားခဲ့သည်။

ရိုးသားပါမူ

ဘုရင်ခံသည် ရိုးသားပါက နောက်တစ်ကြိမ် စေ့စပ်ရေးကို ပြန်ကောက်ရမည်မဟုတ်ပါလော။ ယခုကား ထိုသို့မဟုတ်ပါပေ။

၁၉၄၅ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် ဖ. ဆ. ပ. လ မပါဘဲ ဘုရင်ခံသည် တိုင်းပြည်မျက်နှာကိုမထောက် ရာထူးနောက်သို့သာလိုက်လိုသော သစ္စာဖောက်တစ်စုနှင့် နောက်လိုက်မရှိ လူသိလည်းနည်းလှသည့် နိုင်ငံရေးသမားအမည်ခံတစ်စုဖြင့် မိမိ၏အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းလိုက်လေသည်။ ပါဝင်သော ပုဂ္ဂိုလ်များမှာ -

* (၁) ဆာပေါ်ထွန်း
(၂) ဆာထွန်းအောင်ကျော်

* ဘုရင်ခံအမှုဆောင်ကောင်စီအဖွဲ့နှင့် ပတ်သက်၍ အချို့မှတ်တမ်းများ၌ ကွဲလွဲမှုများရှိသည်ကို စာအုပ်နောက်ဝိုင်းတွင် ဖော်ပြထားပါသည်။

(၃) ဦးသာယာဝတီမောင်မောင်
(၄) ဦးဘအုန်း
(၅) ဦးအေး
(၆) ဦးလွန်း
(၇) ဦးပု
(၈) သခင်ရန်အောင်
(၉) မန်းဘခင်
(၁၀) မစ္စတာဂျွန်ဝိုက်(စ်) (John Wise, ICS)
(၁၁) ဆာရေဘတ်မက်ဒူးဂယ်လ် (Sir Raibeart Mac Dougall. I.C.S) တို့ဖြစ်ကြသည်။ ဤပုဂ္ဂိုလ်များနှင့်ပတ်သက်၍ အနည်းငယ်ဆန်းစစ်ရန် လိုပါသည်။

ဆာပေါ်ထွန်း

၁။ ဆာပေါ်ထွန်းသည် ဝတ်လုံတော်ရတစ်ဦး ဖြစ်ပါသည်။ 'လုံးဝ လွတ်လပ်ရေးသို့'ဟု ကြွေးကြော်ကာ ဝံသာနုခေတ်တွင် နိုင်ငံရေးလောကသို့ ဝင် ရောက်ခဲ့သည်။ ဒိုင်အာခီခေတ်တွင် အတွင်းမှ ဝင်တိုက်မည်ဆိုကာ ရွေးကောက်ပွဲသို့ ဝင်ခဲ့သည်။ ၉၁ ဌာနခေတ်တွင် အစိုးရအဖွဲ့တစ်ဖွဲ့ပြီးတစ်ဖွဲ့ ပြောင်းသော်လည်း ဆာပေါ်ထွန်းကား ဖွဲ့သည့်အစိုးရအဖွဲ့တိုင်းတွင် ပါဝင်ခဲ့သည်။ ဆားသည် ဘယ်ဟင်းချက်ချက် မပါလျှင်မပြီးသလို အစိုးရဖွဲ့တိုင်း ပါသူဖြစ်၍ ပဲခူးဆားဟူ၍လည်းကောင်း၊ ပိုကာဖဲကစားရာတွင် 'ဂျိုကာ'သည် လုပ်ချင်ရာလုပ်နိုင်သလို ဆာပေါ်ထွန်းလည်း အရောင်ပြောင်းချင်သလို ပြောင်းနိုင်သဖြင့် 'ဂျိုကာ'ဝန်ကြီးဟူ၍လည်းကောင်း နာမည်ကြီးခဲ့သည်။ စစ်ကြိုခေတ်တွင် နောက်ဆုံး နန်းရင်းဝန်(ဝန်ကြီးချုပ်)အဖြစ်ဖြင့် ခေတ္တဆောင်ရွက်ခဲ့ရသည်။ စစ်ပြေးသောအခါ အိန္ဒိယသို့ပါပြီး ဘုရင်ခံ၏အကြံပေးအဖွဲ့တွင် အဖွဲ့ဝင်တစ်ဦးဖြစ်ပါသည်။ စစ်ပြီး၍ ဗမာပြည်သို့ ဘုရင်ခံပြန်လာသောအခါ နောက်တော်ပါတစ်ဦးအနေဖြင့် ပါလာသည်။ ၎င်း၏မိန်းမမှာ အမေရိကန်သူ အမျိုးသမီးတစ်ဦးဖြစ်သည်။ ပြည်သူတို့၏ယုံကြည်မှုကို ခံရသူတစ်ဦးကား လုံးဝ မဟုတ်ခဲ့ပေ။

ဆာထွန်းအောင်ကျော်

၂။ ဆာထွန်းအောင်ကျော်သည် ရခိုင်တိုင်းတွင် အချမ်းသာဆုံး မိသားစုအသိုက်အဝိုန်းမှ ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ ဝတ်လုံတော်ရဘွဲ့ရသည်။ စစ်ကြိုခေတ် အစိုးရအဖွဲ့တိုင်းတွင် ဘဏ္ဍာရေးဝန်ကြီးအဖြစ်ဖြင့် အမြဲတမ်း ပါဝင်ရသူဖြစ်၍ ဆာပေါ်ထွန်းကဲ့သို့ 'ပဲခူးဆား'ဟူ၍လည်းကောင်း၊ 'ဂျိုကာ' ဝန်ကြီးဟူ၍လည်းကောင်း နာမည်ကြီးခဲ့သည်။ စစ်ပြေးသောအခါ အိန္ဒိယသို့ပါပြီး ဘုရင်ခံ၏အကြံပေးအဖွဲ့ဝင်တစ်ဦး ဖြစ်ခဲ့သည်။ ပြေးအတူ ပြန်အတူ ဘုရင်ခံနှင့် ပါသူဖြစ်သည်။

ဦးသာယာဝတီမောင်မောင်

၃။ ဦးသာယာဝတီမောင်မောင်သည် ဒေါက်တာဘမော်၏ ဆင်းရဲသားဝံသာနုပါတီတွင် ဒုတိယခေါင်းဆောင်ဖြစ်ခဲ့ပြီး စစ်ကြိုခေတ် ဒေါက်တာဘမော် အစိုးရအဖွဲ့တွင် ပညာရေးဝန်ကြီးဖြစ်ခဲ့သည်။ ဒေါက်တာဘမော် အစိုးရပြုတ်၍ ဦးပုအစိုးရတက်လာသောအခါ ရာထူးလက်ခံသဖြင့် ဆင်းရဲသားဝံသာနုပါတီမှ ထုတ်ပယ်ခံရသည်။ ဦးပုအစိုးရပြုတ်၍ ဦးစောအစိုးရတက်လာသောအခါလည်း ဦးသာယာဝတီမောင်မောင်မှာ ဝန်ကြီးပင်ဖြစ်ပြန်သည်။ ဦးပုနှင့် ဦးစော အစိုးရအဖွဲ့များတွင် ကျန်းမာရေးဌာန ဝန်ကြီးဖြစ်သည်။ ဤသို့ ဘယ်အစိုးရတက်တက် ပါအောင်လုပ်နိုင်သဖြင့် 'ပဲခူးဆား'၊ 'ဂျိုကာဝန်ကြီး'ဘွဲ့ရသူများတွင် သူလည်း တစ်ဦးအပါအဝင်ဖြစ်ခဲ့သည်။

ဦးဘအုန်း၊ ဦးအေးနှင့် ဦးလွန်း

၄၊ ၅၊ ၆ တို့ဖြစ်ကြသော ဦးဘအုန်း၊ ဦးအေးနှင့်ဦးလွန်းတို့မှာ ဂဠုန်ဦးစော၏ မျိုးချစ်ပါတီမှ ဖြစ်ကြပါသည်။ ဦးဘအုန်းနှင့် ဦးအေးတို့မှာ ဦးစော အစိုးရအဖွဲ့တွင် ဝန်ကြီးများလည်း ဖြစ်ခဲ့ကြပါသည်။ ဖ. ဆ. ပ. လ အဖွဲ့ကို တိုးချဲ့ဖွဲ့စည်းလိုက်သောအခါ မျိုးချစ်ပါတီ ကိုယ်စားလှယ်များအဖြစ်ဖြင့် ဦးစီးအဖွဲ့ဝင်များ ဖြစ်လာကြသည်။ ဖ. ဆ. ပ. လ မှ ဘုရင်ခံ၏အမှုဆောင်အဖွဲ့တွင် ပါဝင်ရမည့် ကိုယ်စားလှယ်စာရင်းတွင်လည်း ပါဝင်ခဲ့သူများဖြစ်ကြသည်။ ဖ. ဆ. ပ. လ နှင့် ဘုရင်ခံ အပေးအယူမတည့် သဘောကွဲမှုဖြစ်လာသောအခါ ဘုရင်ခံက သွေးခွဲအုပ်ချုပ်နည်းအရ တစ်ဦးချင်းကမ်းလှမ်းရာ ရာထူးလက်ခံရန် တိတ်တဆိတ် သဘောတူထားပြီး ဖြစ်ကြသည်။ ဤအကြောင်းကို

ဖ. ဆ. ပ. လ က ကြားသိ၍ စစ်မေးသောအခါ ဝန်ခံပြီး ဦးစီးအဖွဲ့မှ နုတ်ထွက်စာတင်ကြသည်။ သူတို့၏နုတ်ထွက်စာတွင် မိမိတို့သည် မျိုးချစ်ပါတီ၏ ဆုံးဖြတ်ချက်အရ ရာထူးလက်ခံရခြင်းဖြစ်၍ မျိုးချစ်ပါတီပါ ဖ. ဆ. ပ. လ မှ ထွက်ကြောင်းဖော်ပြခဲ့သည်။ သို့သော် ဦးစီးအဖွဲ့ဝင်တစ်ဦး ဖြစ်သော မျိုးချစ်ပါတီဥက္ကဋ္ဌ ဦးမြ(ဟသ်တ)က ထိုသူတို့ ရာထူးလက်ခံခြင်းသည် မျိုးချစ်ပါတီနှင့်မဆိုင်၊ သူတို့သဘော သူတို့ဆန္ဒအရသာဖြစ်သည်။ မျိုးချစ်ပါတီအနေဖြင့် ဖ. ဆ. ပ. လ မှ မထွက်ကြောင်း ကြေညာသည်။ ထို့နောက် မျိုးချစ်ပါတီ၏ အရေးပေါ်ခေါင်းဆောင်များ အစည်းအဝေးကိုခေါ်၍ ရာထူးလက်ခံသူများကို သစ္စာဖောက်အဖြစ်ဖြင့် ပါတီမှထုတ်ပယ်ကြသည်။ ဖ. ဆ. ပ. လ နှင့် လက်တွဲမပျက် ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် ဆုံးဖြတ်ကြသည်။ နယ်များတွင်လည်း အလားတူ လုပ်ဆောင်ကြသည်။ ဦးဘအုန်းက မိမိတို့ ရာထူးလက်ခံရခြင်းနှင့်ပတ်သက်၍ သတင်းစာများသို့ ထုတ်ပြန်သောအခါ မိမိတို့သည် ဖ. ဆ. ပ. လ ၏ လမ်းစဉ်ကိုမကြိုက်၍ နုတ်ထွက်ရခြင်းမဟုတ်၊ မိမိတို့ ရာထူးလက်ခံရခြင်းမှာလည်း တိုင်းပြည်အကျိုး၊ လူထုအကျိုး မျှော်ကိုး၍ မဟုတ်မိမိတို့၏ခေါင်းဆောင် ဂဠုန်ဦးစော လွတ်မြောက်ရေးနှင့်မျိုးချစ်ပါတီ အကျိုးအတွက် သက်သက်သာဖြစ်သည်ဟုဆိုလေသည်။ ဦးလွန်းကလည်းဂဠုန်ဦးစော လွတ်မြောက်ရေးအတွက် ရာထူးလက်ခံရခြင်းဖြစ်၍ ဦးစောဗမာပြည်သို့ ပြန်ရောက်က ဦးစောအတွက် နေရာဖယ်ပေးမည်ဖြစ်ကြောင်းကြေညာသည်။

လွတ်လပ်ရေးတိုက်ပွဲအတွက် ပြင်ဆင်ခြင်း

ဤတွင် အနည်းငယ် ဖော်ပြရန်လိုသည်မှာ ၁၉၃၅ ခုနှစ် အက်ဥပဒေအရ ဗမာပြည်တွင် အုပ်ချုပ်ရေးပြောင်းလဲသောအခါ (ထိုအုပ်ချုပ်ရေးကို ဒုဝ ဌာနအုပ်ချုပ်ရေးဟု ခေါ်ကြသည်) ဒေါက်တာဘမော်သည် ကုလား၊ တရုတ်နှင့် အင်္ဂလိပ် စသည့် နိုင်ငံခြားအရင်းရှင်ကြီးများမဲနှင့် တိုင်းရင်းသားလူနည်းစုတို့မဲဖြင့် ပထမဆုံး နန်းရင်းဝန်(ဝန်ကြီးချုပ်) ဖြစ်လာသည်။ ၁၃၀၀ ပြည့် အရေးတော်ပုံတွင် ဒေါက်တာဘမော် အစိုးရပြုတ်၍ ဦးပုအစိုးရတက်လာသည်။ ဦးပုအစိုးရမှာလည်း သက်ဆိုးမရှည် ပြုတ်ပြန်၍ ဦးစောအစိုးရတက်လာသည်။ ထိုအချိန်ကား အနောက်ဥရောပတိုက်တွင် စစ်ရှိပ်စစ်ငွေ့သန်းနေချိန်ဖြစ်သည်။ ဗမာပြည်တွင်လည်း ဒေါက်တာဘမော်၏ ဆင်းရဲသားဝံသာနုပါတီနှင့် တို့ဗမာအစည်းအရုံးကို ပူးပေါင်းကာ 'ဗမာ့ထွက်ရပ်ဂိုဏ်း' (FREE-

DOM BLOC)တည်ထောင်ကာ လွတ်လပ်ရေးလှုပ်ရှားမှုများ လုပ်ဆောင်နေပြီဖြစ်သည်။ ပြည်သူ့အရေးတော်ပုံပါတီကလည်း မြေအောက်လှုပ်ဝှက်ပါတီအနေဖြင့် တော်လှန်ရေးကို စတင်ပြင်ဆင်နေပြီဖြစ်သည်။ ဂဠုန်ဦးစောမှာလည်း နိုင်ငံရေးတွင် လျင်သူ၊ အကင်းပါးသူတစ်ဦးဖြစ်သည့်အတိုင်း ဗမာပြည်လွတ်လပ်ရေးကို အရေးဆိုရန်ဟုဆိုကာ ဘိလပ်သို့ ထွက်ခွာခဲ့သည်။ ဗြိတိသျှအစိုးရထံမှ ကျေနပ်လောက်သော အဖြေကိုမရ။ စာအုပ်ဟောင်းကြီးအတိုင်းတစ်ဆင့်ပြီးတစ်ဆင့် တိုးတက်သော အုပ်ချုပ်ရေးကို ပေးသွားပါမည်ဟုသာ ပြန်ကြားချက်ရရှိသည်။ ဘိလပ်မှအပြန် လမ်းခုလတ်တွင် ရန်သူများနှင့်လှုံ့ဝှက် ဆက်သွယ်မှုပြုသည်ဆိုကာ ဖမ်းဆီး၍ အာဖရိကတိုက် ယူဂန်ဒါ UGANDA တွင် အကျယ်ချုပ်ဖြင့်ထားသည်။ စစ်ပြီးသော်လည်း ဗမာပြည်သို့ ပြန်ခွင့်မပြုဘဲ ဆက်လက်ထိန်းသိမ်းထားသည်။ ဤသည်ကိုအကြောင်းပြု၍ ဦးဘအုန်းတို့က မိမိတို့ခေါင်းဆောင် ဂဠုန်ဦးစော လွတ်မြောက်ရေးအတွက်၊ ဗမာပြည်သို့ ပြန်လာနိုင်ရေးအတွက် ရာထူးလက်ခံရခြင်းဖြစ်ပါသည်ဟု ဆိုကြခြင်းဖြစ်လေသည်။

ဦးပု

၇။ ဦးပု(သာယာဝတီ)သည် ဝတ်လုံတစ်ဦးဖြစ်သည်။ ဝံသာနုခေတ်မှစ၍ နိုင်ငံရေးသို့ တက်ကြွစွာပါဝင်လာခဲ့သည်။ ၁၉၁၉ ခုတွင် (HOME RULE) ဟုမ်းရူးခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေး အမြန်ပေးအပ်ရန် တောင်းဆိုရေးအတွက် ဘိလပ်သို့ စေလွှတ်ခြင်းခံခဲ့ရသော ဘော-ပု-ရှိန်အဖွဲ့တွင် ပါဝင်ခဲ့သည်။ နောက်ပိုင်းတွင် ဂိုဏ်းခွဲဝိုင်းဟူ၍လည်းကောင်း၊ သိုးဖြူများထဲမှ သိုးမည်းဟူ၍လည်းကောင်း လုပ်ဖော်ကိုင်ဖက်များက သမုတ်ခြင်းခံရသည်။ ဂိုဏ်းအမျိုးမျိုးခွဲ၊ အဖွဲ့အမျိုးမျိုးထောင်ခဲ့သူဖြစ်သည်။ စစ်ကြိုခေတ်တွင် နိုင်ငံခြားသားများမဲဖြင့် အခွိန်တို နန်းရင်းဝန်ဖြစ်ခဲ့သည်။ ဖ. ဆ. ပ. လ ကို တိုးချဲ့ဖွဲ့စည်းသောအခါဝါရင့်ရှေးဟောင်းနိုင်ငံရေးသမားကြီးတစ်ဦးအနေဖြင့်ဦးစီးအဖွဲ့သို့ထည့်ခဲ့သည်။ ဘုရင်ခံ၏ အမှုဆောင်အဖွဲ့အတွက် ဖ. ဆ. ပ. လ မှလူရွေးရာတွင်ငင်းနာမည်မပါခဲ့။ ဤတွင် ဘုရင်ခံနှင့် တိတ်တဆိတ်ဆက်သွယ်ပြီးနားလည်မှုယူသည်။ ဘုရင်ခံက မိမိ၏အမှုဆောင်အဖွဲ့ကို ကြေညာမည့်နေ့တွင် ဖ. ဆ. ပ. လမှ နုတ်ထွက်စာကိုတင်သည်။ သူက ဖ. ဆ. ပ. လ သည် ကရင်၊ ရခိုင် စသည့် လူနည်းစုများကို အလေးပေး အသားပေးလွန်းသည်ဟု ဆိုသည်။

သခင်ရန်အောင်

၈။ သခင်ရန်အောင်သည် လွတ်တော်ရှေ့နေကြီးတစ်ဦးဖြစ်သည်။ သခင်နာမည်ခံယူထားသော်လည်း မည်သည့်နိုင်ငံရေးလှုပ်ရှားမှုများတွင်မှ ကိုယ်ထိလက်ရောက် တက်ကြွစွာ ပါဝင်ခဲ့ဖူးသူတစ်ယောက်ကား မဟုတ်ပါပေ။ နောက်လိုက်မပြောနှင့် လူသိပင်နည်းလှသူပင် ဖြစ်လေသည်။

မန်းဘခင်

၉။ မန်းဘခင်မှာ ဖ. ဆ. ပ. လ မှပေးသော လူစာရင်းတွင် ပါဝင်သော မန်းဘခင်ပင် ဖြစ်ပါသည်။ ဖ. ဆ. ပ. လ ဦးစီးအဖွဲ့ဝင်တစ်ဦးကား မဟုတ်ပါပေ။ ကရင်အမျိုးသားကိုယ်စားလှယ်တစ်ဦးအနေဖြင့် စောဘဦးကြီးတို့ထောက်ခံမှုဖြင့် ထည့်ထားခြင်းသာဖြစ်သည်။ လူသိနည်းသူတစ်ဦးပင်။

၁၀၊ ၁၁ များဖြစ်ကြသော မစ္စတာဝွန်ဖိုက်(စ်) (Mr. John Wise. I.C.S) နှင့် ဆာရေးဘတ်မက်ဒူးဂယ်လ် (Sir Raibeart Mac Dougall - I.C.S)တို့မှာ အင်္ဂလိပ်လူမျိုး အရာရှိကြီးများဖြစ်၍ အထူးရေးရန်မလိုတော့။

ဆက်လက်ပြီးခွဲရန်

ဤစာရင်း ဤပုဂ္ဂိုလ်များကိုကြည့်၍၊ သုံးသပ်၍၊ ဘုရင်ခံ၏အမှုဆောင်အဖွဲ့သည် တိုင်းပြည်ကို ကိုယ်စားပြုသည်၊ မပြုသည်ကို ဆုံးဖြတ်နိုင်ပါမည်။ ပြည်သူလူထု၏ ယုံကြည်မှုကို ခံယူနိုင်သည်၊ မခံယူနိုင်သည်ကို ဝေဖန်နိုင်ပါသည်။

ထိုထက် နယ်ချဲ့တို့၏ ပရိယာယ်ကြွယ်ပုံကိုလည်း အကဲခတ်နိုင်ပါသည်။ မူလက ၁၅ ဦးထားမည်ဟုဆိုသော မိမိ၏အမှုဆောင်အဖွဲ့တွင် ယခု ၁၁ ဦးကိုသာ ခန့်ထားပါသည်။ ဖ. ဆ. ပ. လ နှင့် တံခါးဖွင့်ထားဟန်ပြပြီး ဖ. ဆ. ပ. လ ကို ဆက်လက်ဖြိုခွဲရန်အကွက်ဆင်ထားခြင်းသာ ဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ နိုင်ငံရေးတိုက်ပွဲ ပြင်းထန်လာအောင် ဘုရင်ခံက မောင်းတင်လိုက်ပါပြီ။ အကွက်မှားက စားမည့်ဟန်လည်း ပြင်ထားပါသည်။ ကျားနှင့်ဆင် လယ်ပြင်တွင် တွေ့ကြရတော့မည်။ ပွဲကြီးပွဲကောင်း မျှော်ဖို့သာရှိတော့သည် မဟုတ်ပါလော။

■

သိန်းဖေမြင့် သခင်သန်းထွန်း

ပွဲကြီးပွဲကောင်း

အနိုင်ကြဲရမည်ပွဲ

ဗမာပြည်ကို အင်္ဂလိပ်နယ်ချဲ့တို့ သိမ်းပိုက်၍ သူ့ကျွန်ဖြစ်ရသည့် အချိန်မှစ၍ သူ့ကျွန်မခံလိုသည့် မျိုးချစ်အာဇာနည်တို့သည် ကိုယ့်နည်းကိုယ့်ဟန် သူနည်းသူဟန်အမျိုးမျိုးဖြင့် လွတ်လပ်ရေးတိုက်ပွဲများ ဆင်နွှဲခဲ့ကြသည်။ နောက်ပိုင်းတွင်လည်း အဖွဲ့အစည်းအမျိုးမျိုး ပေါ်ပေါက်ကာ ဥပဒေအတွင်း၊ ဥပဒေပနည်းမျိုးစုံဖြင့် ကြိုးပမ်းခဲ့ကြသည်။ လက်ငင်းကာလတွင်လည်း နယ်ချဲ့တော်လှန်ရေး၊ ဖက်ဆစ်တော်လှန်ရေးများကို လူထုတစ်ရပ်လုံး အုံကြွကာ တိုက်ပွဲဝင်ခဲ့ကြသည်။ ဤသမိုင်းပေးအသီး၊ သမိုင်းပေးသင်ခန်းစာများဖြင့် ပြည်သူတို့မှာ ရင့်ကျက်လျက်၊ ပြည့်ဝလျက်ရှိပြီဟု ဆိုရပေမည်။ ယခုပွဲကား နောက်ဆုံးပွဲ၊ မလွတ်တမ်း အနိုင်ကြဲရမည့်ပွဲ၊ အစွမ်းကုန်နွှဲရမည့်ပွဲဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းကလည်း "ယခုအရေးသည် တစ်ချက်အမှားမခံသော အရေးကြီးဖြစ်သည်"ဟု ဆိုခဲ့လေသည်။

မျက်စိလည်နည်း

ဘုရင်ခံကလည်း အတွေ့အကြုံများ၍ ပရိယာယ်ကြွယ်ဝသည့် နယ်ချဲ့ကိုယ်စားလှယ်ပီပီ တစ်ချက်မှားသည်နှင့်စားရန် စစ်ဗျူဟာဆင်ထားလေ

ပြီ။ သွေးကွဲအုပ်ချုပ်နည်းစနစ်၊ နိုင်ငံရေးပြောက်ကျားနည်းစနစ်များကို ကျင့်သုံးလျက်ရှိလေပြီ။ မိမိ၏အမှုဆောင်အဖွဲ့ကို ကြေညာပြီး ယခုလည်း ဆက်လက်၍ ရွေးကောက်ပွဲမလုပ်နိုင်မိ ယာယီဥပဒေပြုအဖွဲ့ကို ဖွဲ့သည်ဆိုကာ ကြေညာပြန်သည်။ ထိုအဖွဲ့တွင်လည်း နိုင်ငံရေးသမား အဟောင်းအဆွေးများနှင့် နောက်လိုက်မရှိသည့် နိုင်ငံရေးသမား အမည်ခံများကို ထည့်ထားသည်။ ပြည်သူတို့ကို မျက်စိလှည့်သောအနေဖြင့် ဗိုလ်ချုပ်အောင်ဆန်း၊ ဦးဘဖေ၊ သခင်သန်းထွန်းတို့ နာမည်များကိုပင် စော်စော်ကားကားထည့်၍ ကြေညာခဲ့သည်။ ရာထူးနှင့် အခွင့်အရေးနောက်လိုက်လိုသောသူတို့အား ဖ. ဆ. ပ. လ အောက်မှ ခွဲထုတ်ဖို့ ထောင်ထားသောထောင်ချောက်သာ ဖြစ်လေသည်။ ဤသို့လျှင် ဘုရင်ခံသည် ပွဲကြီးပွဲကောင်းကို ဖန်တီးနေသည်ဟု ဆိုရပေမည်။

တိုက်ပွဲအဆင့်ဆင့်

ဗိုလ်ချုပ်လမ်းစဉ်ခေါ် ဖ. ဆ. ပ. လ လမ်းစဉ်မှာ လူထုနည်းနှင့် လက်နက်ကိုင်တော်လှန်ရေးကို တွဲထားသည်မှန်သော်လည်း လူထုနည်းကို အဓိကထားသည့် လမ်းစဉ်သာ ဖြစ်လေသည်။ လူထုနည်းမှာ စည်းဝေးဆုံးဖြတ်စီတန်းကြွေးကြော်ကာ တွေ့ဆုံဆွေးနွေးမှုမှအစ၊ သပိတ်မှောက်၊ အာဏာဖီဆန်ရေးအလယ် နောက်ဆုံး မိမိတို့လွတ်လပ်ရေးကို မိမိတို့ကြေညာပြီး လွတ်လပ်သည့် အစိုးရ ထူထောင်သည့်အထိ ကျယ်ဝန်းလှသည်။ အခြေအနေအချိန်အခါအရ တိုက်ပွဲအဆင့်ဆင့်ကို စနစ်တကျ ကျင့်သုံးရမည်ဖြစ်လေသည်။ ဤသို့ မီးကုန်ယမ်းကုန် လူထုနည်းကို ကျင့်သုံး၍ နောက်ဆုံးအဆင့်သို့ရောက်မှ လက်နက်ကိုင်တော်လှန်ရေးနှင့် ပူးပေါင်းရမည်ဖြစ်သည်။ ထိုသို့မဟုတ် ဖိနှိပ်မှုက ပြင်းထန်၍ မလွှမရှောင်သာအောင်တွန်းပို့လာမှ လက်နက်ကိုင်တော်လှန်ရေးနှင့် ပူးပေါင်းရမည်ဖြစ်သည်။ လူထုနည်းအဆင့်ဆင့်တွင် အောင်မြင်မှုရရှိပါမူ လက်နက်ကိုင်တော်လှန်ရေးကို လုံးဝသုံးတော့မည် မဟုတ်ပေ။

ပြည်သူ့ရဲတော်

ထို့ကြောင့် လူထုနည်းကို အဓိကထားသော်လည်း မရှောင်သာသောအခြေတွင် ပူးပေါင်းကျင့်သုံးနိုင်ရန် လက်နက်ကိုင်တော်လှန်ရေးကိုလည်း

တစ်ဖက်မှ ပြင်ဆင်ခဲ့လေသည်။ ဗမာ့မျိုးချစ်တပ်မတော်မှ ဗမာ့တပ်မတော်သို့ပြောင်းသောအခါ ကျန်ရစ်ခဲ့သည့် ရဲဘော်များနှင့် တက်ကြွသည့်လူငယ်များကို စည်းရုံး၍ လေ့ကျင့်မှုများပေးနိုင်ရန် 'ပြည်သူ့ရဲဘော်' တပ်ဖွဲ့ကို ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ခေါင်းဆောင်၍ ဖွဲ့စည်းခဲ့သည်။ ထိုတပ်ဖွဲ့အတွက် လိုအပ်သောခေါင်းဆောင်များအဖြစ် ဗိုလ်မှူးအောင်၊ ဗိုလ်မင်းခေါင်၊ ဗိုလ်စိန်မှန် အစရှိသူတို့ကို ဗမာ့တပ်မတော်သို့မသွင်းဘဲ သီးခြားတာဝန်ပေးခဲ့လေသည်။ ထို့အတူ ဆိုရှယ်လစ်ပါတီကလည်း လူထုလူတန်းစားစည်းရုံးရေးအပြင် 'ဆိုရှယ်လစ်တပ်ဦး'ကို ဖွဲ့စည်း၍ ပြင်ဆင်ခဲ့သည်။ ကွန်မြူနစ်ပါတီကလည်း 'တပ်နီ'အဖွဲ့ကို ဖွဲ့စည်း၍ လေ့ကျင့်မှုများပေးခဲ့သည်။

တစ်ပြည်လုံးပဲ့တင်ထပ်မှု

သို့သော် ယခုအရေး ယခုကာလသည် လူထုအရေး လူထုနည်းကို အဓိကထား၍ ကျင့်သုံးရမည့်ကာလသာ ဖြစ်လေသည်။ နယ်ချဲ့တော်လှန်ရေး၊ ဖက်ဆစ်တော်လှန်ရေးဖြင့် လူထုတစ်ရပ်လုံးအုံကြွကာ ဖ. ဆ. ပ. လ အလံဇံတော်အောက်တွင် စည်းလုံးညီညွတ်စွာ ရပ်တည်နေသည်မှာ ထင်ရှားလှပါသည်။ စနစ်တကျ စည်းရုံးမှု၊ ပညာပေးမှု၊ လေ့ကျင့်မှုများကိုကား ကောင်းကောင်းကြီးမလုပ်နိုင်သေး။ အချိန်မှာလည် တိုတောင်းလှသည်။ လူပ်ရှားရင်း စည်းရုံး၊ စည်းရုံးရင်း ပညာပေး၊ ပညာပေးရင်း လူပ်ရှားသွား ရမည်ဖြစ်လေသည်။ တစ်နည်းအားဖြင့် တိုက်ရင်းစည်းရုံး၊ တိုက်ရင်းပညာပေး၊ တိုက်ရင်းလေ့ကျင့်မှုပြုရတော့မည် ဖြစ်လေသည်။

ထို့ကြောင့် ရန်ကုန်နှင့်ပတ်ဝန်းကျင်တွင် ဒေသအလိုက်ခွဲကာ လူထုတရားပွဲများ တောက်လျှောက်ကျင်းပသည်။ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်၍ ဦးဘဘေ၊ ဦးမြ(ပျော်ဘွယ်)၊ ဦးမြ(ဟသ်တ)၊ ဦးကျော်ငြိမ်းတို့ ပါဝင်သောအဖွဲ့ကလည်း အထက်ဗမာပြည်တစ်ခွင် ပြပြစင်အောင် လှည့်လည်၍ လူထုတရားပွဲများ ကျင်းပသည်။ ကျန်ခေါင်းဆောင်များကလည်း နယ်ခွဲ၍ထွက်ကြသည်။ လူထု၏အုံကြွမှုကား အံ့မခန်းဖြစ်တော့သည်။ ဗိုလ်ချုပ်တို့ သွားရာခရီးတစ်လျှောက် တောကြိုချကြား လူထုတစ်ရပ်လုံး သောင်းသောင်းဖြဖြဆီးကြိုကြသည်။ တရားပွဲတိုင်းမှာလည်း ကြိတ်ကြိတ်တိုး စည်ကားလှသည်။

တရားပွဲတိုင်းတွင် ဘုရင်ခံ၏အပြုအမူကို ရှုတ်ချ၍ ဖ. ဆ. ပ. လ လမ်းစဉ်ကို တစ်ခဲနက်တည်း ထောက်ခံခဲ့ကြသည်။ ဖ. ဆ. ပ. လ ကို ထောက်ခံသော ကြွေးကြော်သံများကား မိုးမွန်အောင်ည၌ တစ်ပြည်လုံးပဲ့တင်ထပ်မျှရှိလေသည်။

မြတ်ဘုရားလွှတိုဂုဝယ်

၁၉၄၅ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ရန်ကုန်မြို့ ရွှေတိဂုံကုန်းတော်တွင် လူထုအင်အားပြ လူထုဆန္ဒပြ လူထုအစည်းအဝေးကြီးတစ်ရပ်ကို ဖ. ဆ. ပ. လ အဖွဲ့ချုပ်မှ ကြီးမှူး၍ ကျင်းပသည်။ မကြုံစဖူး ထူးကဲစွာ ဝက်ဝက်ကွဲ စည်ကားလှသော အစည်းအဝေးကြီးဖြစ်လေသည်။ သယ်ယူပို့ဆောင်မှု မလုံလောက်သော ထိုခေတ်ထိုအခါက မည်မျှဝေးလံသည့် ခရီးမျှမဆို ခြေကျင် ချီတက်ရသည်သာဖြစ်သည်။ တော်ရုံတန်ရုံ ဆန္ဒပြင်းထန်ရုံဖြင့် မဖြစ်နိုင်၊ လူတိုင်း လူတိုင်းသည် တာဝန်သိသိဖြင့် မိမိတို့ဆန္ဒ အပြည့်အဝကို ပြသည့် သာဓကသာဖြစ်သည်။ ရန်ကုန်နှင့်ပတ်ဝန်းကျင်တွင် ရှိသမျှ လူထုပရိသတ် ရွှေတိဂုံတစ်လျှောက်တွင် စုရုံးနေသည်ထင်ရသည်။ တရားပွဲကျင်းပသည့် နေရာတွင်သာမဟုတ်၊ ရွှေတိဂုံတစ်ဝိုက် ရှိသမျှကွက်လပ်မှန်သမျှ လူထုဖြင့် ကြိတ်ကြိတ်တိုးဖြစ်နေသည်။ လမ်းမှန်သမျှ ပြည့်နေသည်။ ဖ. ဆ. ပ. လ ခေတ်တွင် ဤသို့ လူထုဆန္ဒပြသည့် သိန်းကျော် နှစ်သိန်းကျော် လူထုအစည်း အဝေးပေါင်းများစွာ ဖြစ်ခဲ့သည်။ ဤအစည်းအဝေးကြီးကိုကား အစည်းကား ဆုံးဟု စံတင်ခဲ့ရလေသည်။

တရားသောတိုက်ပွဲ

ဤလူထုအစည်းအဝေးကြီးတွင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် တရားပွဲသဘာပတိလုပ်၍ သခင်သန်းထွန်းက အတွင်းရေးမှူးအဖြစ်ဖြင့် ဆောင်ရွက်သည်။ ၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့တွင် ကျင်းပသည့် နေသူရိန်အစည်းအဝေးမှ ထိုနေ့ကျင်းပသည့် လူထုအစည်းအဝေးအထိ ဖ. ဆ. ပ. လ ၏ လုပ်ဆောင်ချက်များနှင့် အခြေအနေအရပ်ရပ်ကို သုံးသပ် တင်ပြသည့် အထွေထွေအစီရင်ခံစာကို သခင်သန်းထွန်းက ဖတ်ကြားအစီ

ရင်ခံသည်။ ဗိုလ်ချုပ်အောင်ဆန်းက မိမိ၏အဖွင့်မိန့်ခွန်းတွင် အခြေအနေ အရပ်ရပ်ကို သုံးသပ်ပြပြီး -

(က) ဘုရင်ခံ၏ ဖက်ဆစ်ဆန်သော အပြုအမူများ၊ အာဏာရှင်ဆန်ဆန် မိမိတစ်ဦးတည်းသဘောဖြင့် ထင်ရာလုပ်ဆောင်မှုများကို ကွက်ကွက်ကွင်းကွင်း ထင်ရှားအောင်တင်ပြသည်။

(ခ) ဖ. ဆ. ပ. လ ၏ လမ်းစဉ်နှင့်ပတ်သက်၍ မိမိတို့သည် အဘယ်ကြောင့် ငြိမ်းချမ်းသောနည်း (Peaceful means) ကျင့်သုံးရသည်ကို ရှင်းပြရာ၌ "မိမိတို့တွင် အင်အားမရှိ၍မဟုတ်၊ မိမိတို့တိုက်ပွဲမှာ တရားသော တိုက်ပွဲဖြစ်သည့်အတိုင်း ကမ္ဘာ့လူထုရော ဗမာ့လူထုပါ မိမိတို့နောက်တွင်ရှိသည်။ ကြောက်၍ လန့်၍လည်းမဟုတ်၊ မိမိတို့သည် နယ်ချဲ့ကိုလည်း တိုက်ခဲ့ပြီ၊ ဖက်ဆစ်ကိုလည်းတိုက်ခဲ့ပြီ၊ နောင်ကိုလည်း မည်သူ့ကိုမဆို တိုက်ရဲသည်။ သို့သော် ကမ္ဘာ့အခြေအနေ၊ ဗမာ့အခြေအနေအရ မိမိတို့မျှော်မှန်းချက်ကို ငြိမ်းချမ်းသောနည်းဖြင့် ရနိုင်သည်ဟု ယုံကြည်၍ ကျင့်သုံးနေခြင်းသာဖြစ်သည်"ကို တင်ပြသည်။

(ဂ) မိမိတို့လိုလားချက်နှင့်ပတ်သက်၍ မိမိတို့လိုလားသော အစိုးရအဖွဲ့သည် ယာယီအမျိုးသားအစိုးရအဖွဲ့သာ ဖြစ်သည်။ မိမိတို့ လိုလားသော ရွေး ကောက်ပွဲမှာ ၁၉၄၅ ခုနှစ် အက်ဥပဒေအရ ဥပဒေပြုအဖွဲ့ရွေးကောက်ပွဲ မဟုတ်၊ အရွယ်ရောက်သူတိုင်း မဲဆန္ဒပေးပိုင်ခွင့်ဖြင့် ရွေးကောက်တင်မြှောက်သည့် တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲသာ ဖြစ်သည်။ ဘုရင်ခံ၏ အမှုဆောင်အဖွဲ့သို့ မိမိတို့ လိုလားချက်နှင့်မကိုက်ညီဘဲ ဝင်ရန်ဆုံးဖြတ်ရခြင်းမှာ တစ်ဖက်တွင် ပြာပုံအတိဖြစ်နေသော တိုင်းပြည်ကို မြန်မြန်ထက်ထက် ထူထောင်လို၍ တစ်ဖက်တွင်လည်း ဘိလပ်အစိုးရနှင့် တိုက်ရိုက်ဆက်သွယ်နိုင်ကာ တိုင်းပြုပြည်ပြုလွှတ်တော်ကို ခေါ်ဆိုနိုင်ရေးကို မျှော်ကိုး၍ ဝင်ရောက်ရသည့်သဘောကို ရှင်းပြသည်။

(ဃ) နောက်ဆုံးနိဂုံးချုပ်တွင် နယ်ချဲ့တို့၏ပရိယာယ်ကို ဖော်ထုတ်၍ တိုက်ပွဲတွင် ကြုံတွေ့ရမည့် အန္တရာယ်များကို တင်ပြကာ လူထုတစ်ရပ်လုံး အား ယခုအရေးသည် တစ်ချက်အမှားမခံသော အရေးကြီးဖြစ်သဖြင့် မိမိတို့၏မျိုးချစ်စိတ်ကို အလွဲသုံးစားမပြုကြရန် အပြင်းအထန် သတိပေးခဲ့လေသည်။

ညီညာဖြူဖြူ ကြွေးကြော်လျက်

ထိုလူထုအစည်းအဝေးကြီးက အရေးကြီးသော အဆိုကြီးလေးရပ်ကိုလည်း အဆိုသွင်း ထောက်ခံကာ ညီညာဖြဖြကြွေးကြော်ပြီး အတည်ပြုဆုံးဖြတ်ခဲ့ကြလေသည်။

နံပါတ်(၁)အဆိုမှာ ဘုရင်ခံ၏အမှုဆောင်အဖွဲ့နှင့်ပတ်သက်သော အဆိုဖြစ်သည်။ ထိုအဆိုတွင် ဖ. ဆ. ပ. လ ၏ လိုလားချက်ပိုင်း၊ ဘုရင်ခံနှင့် တွေ့ဆုံ ဆွေးနွေးချက်ပိုင်း၊ နောက်ဆုံး ဘုရင်ခံက မိမိသဘောနှင့် မိမိ၏အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းသည့်အပိုင်းများကို ဖော်ပြပြီး (က) ဘုရင်ခံ၏ ဖက်ဆစ်ဆန်၊ အာဏာရှင်ဆန်သော လုပ်ဆောင်ချက်များကို ကန့်ကွက်သည်။ (ခ) လူထု ကို ကိုယ်စားမပြုသော၊ လူထု၏ယုံကြည်မှုကို မခံယူနိုင်သော ဘုရင်ခံ၏အမှု ဆောင်အဖွဲ့ကို ဘိလပ်အစိုးရက ချက်ချင်းဖျက်သိမ်း၍ ဖ. ဆ. ပ. လ မှ လိုလားချက်အတိုင်း ပြန်လည်ဖွဲ့စည်းရန် တောင်းဆိုသည်။

နံပါတ်(၂)အဆိုမှာ တိုင်းပြုပြည်ပြုလွှတ်တော်နှင့် ပတ်သက်သော အဆိုဖြစ်လေသည်။ ထိုအဆိုတွင် ၁၉၃၅ ခုနှစ် အက်ဥပဒေအရ ဥပဒေပြုကောင်စီ ရွေးကောက်ပွဲအစား အရွယ်ရောက်သူတိုင်း မဲဆန္ဒဖြင့် အနာဂတ် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းနိုင်သည့် တိုင်းပြုပြည်ပြု လွှတ်တော်ရွေးကောက်ပွဲကို အမြန်ကျင်းပပေးရန် တောင်းဆိုသည်။ ထိုရွေးကောက်ပွဲအတွက် လိုအပ်သောအကူအညီမှန်သမျှပေး၍ ဖ. ဆ. ပ. လ မှ အစွမ်းကုန် ပူးပေါင်းဆောင်ရွက်မည်ကိုလည်း အတိအလင်း ကတိပေးသည်။

နံပါတ်(၃)အဆိုမှာ တိုင်းပြည်ပြန်လည်တည်ဆောက်ရေးနှင့်ပတ်သက်သောအဆို ဖြစ်လေသည်။ ထိုအဆိုတွင် ဘုရင်ခံ၏ တိုင်းပြည်ထူထောင်ရေးအမည်ခံ ဆင်းမလားစီမံကိန်းများကို လူထုသို့ အသိမပေး၊ လူထု၏ဆန္ဒကို လုံးဝမယူ၊ လူထု၏ဝေဖန်သုံးသပ်ခွင့်ကို လုံးဝမပြုဘဲ ဇွတ်အတင်းလုပ်ဆောင်ရန် ကြိုးပမ်းမှုကိုလည်း အပြင်းအထန်ကန့်ကွက်၍ လူထု၏ဆန္ဒရယူပြီးမှ အကောင်အထည်ဖော်ရန် တောင်းဆိုသည်။

နံပါတ်(၄)အဆိုမှာ လွတ်ငြိမ်းချမ်းသာခွင့်နှင့်ပတ်သက်သောအဆို ဖြစ်လေသည်။ ထိုအထဲတွင် (က) စစ်ကြိုခေတ်၊ စစ်ကြီးခေတ်၊ စစ်ပြီးခေတ်များတွင် နိုင်ငံရေး၊ စစ်ရေးပြစ်မှုများ ကျူးလွန်သည်ဆိုကာ ဖမ်းဆီးထားသူများ၊ အမှုတင် တရားစွဲဆိုထားသူများ၊ အပြစ်ပေးခံရသူများကို ချက်ချင်းလွှတ်ပေး

ရန်။ (ခ) ထိုခေတ်သုံးခေတ်နှင့်ပတ်သက်၍ နိုင်ငံရေး၊ စစ်ရေး ကျူးလွန်သူများကို လုံးဝလွတ်ငြိမ်းချမ်းသာခွင့်ပေးကြောင်းကိုလည်းကြေညာရန် တောင်းဆိုသည်။

မဆုတ်မနစ်ချီတက်ရန်

နေသူရိန် လူထုအစည်းအဝေးကြီးကို ဖ. ဆ. ပ. လ မှ ပထမဆုံး တရားဝင်ကျင်းပသည့် လူထုအစည်းအဝေးကြီးအဖြစ်လည်းကောင်း၊ ဖ. ဆ. ပ. လ ၏လမ်းစဉ်ကို တိုင်းသိပြည်သိကမ္ဘာသိ ပထမဆုံးကြေညာသည့် လူထုအစည်းအဝေးကြီးအဖြစ်လည်းကောင်း၊ ပြည်သူလူထုကို ကိုယ်တိုင် မိမိတို့လိုလားချက်ပန်းတိုင်ကို ပြဋ္ဌာန်းသည့် အစည်းအဝေးကြီးအဖြစ်နှင့် လွတ်လပ်ရေးသမိုင်းတွင် မှတ်တမ်းတင်ရမည် ဖြစ်လေသည်။

ယခု ဒုတိယအကြိမ်ကျင်းပသော ရွှေတိဂုံလူထုအစည်းအဝေးကြီးကိုကား ပြည်သူလူထုတို့ ကိုယ်တိုင် မိမိတို့လိုလားချက်ပန်းတိုင်အတွက် မဆုတ်မနစ် ချီတက်ရန် သန္နိဋ္ဌာန်ချမှတ်သည့်ပွဲ၊ လွတ်လပ်ရေးအတွက် လူထုတိုက်ပွဲကို ပထမဆုံး စတင်အရှိန်ယူသည့်ပွဲ၊ လွတ်လပ်ရေးသမိုင်းတွင် မကြုံစဖူး ထူးကဲစွာ အစည်ကားဆုံး လူထုဆန္ဒပြပွဲအဖြစ်ဖြင့် မှတ်တမ်းတင်ရမည်ဖြစ်လေသည်။

ပြည်သူ့အဖွဲ့ကြီး

ဘုရင်ခံ၏ဖန်တီးမှုဖြင့် ပွဲကြီးပွဲကောင်းကား စပါပြီ။ ကျားနှင့်ဆင်လယ်ပြင်တွင် တွေ့ပါတော့မည်။ ဗမာလူထုက နှစ်ပေါင်းတစ်ရာကျော် ၎င်းတို့လှည့်သမျှ ပြုသမျှ နုခဲ့ရသည့် လူထုမဟုတ်တော့ကြောင်း လက်တွေ့ပြရပါတော့မည်။ ဖ. ဆ. ပ. လ သည် ၎င်းတို့ ကြုံခဲ့၊ တွေ့ခဲ့ရသည့် အဖွဲ့မျိုး၊ ပါတီမျိုးမဟုတ်၊ လူထုတစ်ရပ်လုံး၏ ယုံကြည်မှု၊ ထောက်ခံမှုကို အပြည့်အဝ တကယ်ရသည့် တစ်ခုတည်းသော ပြည်သူ့အဖွဲ့ကြီးဖြစ်သည်ကို ပြရပါတော့။ ဖ. ဆ. ပ. လ ခေါင်းဆောင်များမှာလည်း ၎င်းတို့တွေ့ဖူး၊ ဆက်ဆံခဲ့ဖူးသည့် ခေါင်းဆောင်မျိုးမဟုတ်၊ ခြောက်၍မကြောက်၊ ချော့၍မပျော့သည့် သံမဏိအမျိုးအစားများ၊ မိမိတို့ကိုယ်ကျိုးကို လုံးဝစွန့်နိုင်၍ တိုင်းပြည်အတွက် အသက်ပေးရန်ဝန်မလေးသူများဖြစ်သည်ကို ပြရပါတော့မည်။

ကျွန်ုပ်တို့ ပြည်သူလူထုသည် လွတ်လပ်ရေးအတွက် ဆန္ဒအပြည့် အဝရှိကြသည်။ ဘယ်သို့သော အန္တရာယ်မျိုးကိုမဆို ရင်ဆိုင်ရန် အသင့်ရှိကြသည်။ သို့သော် လက်နက်ကိုင်တော်လှန်ရေး နှစ်ကြိမ်နှစ်ပွဲဆက်၍ နွံခဲ့ပြီး ရုတ်တရက် လူထုတိုက်ပွဲသို့ ဦးတည်ပြောင်းလဲရသည်မှာ လွယ်သည်ကား မဟုတ်ပေ။ စနစ်တကျ စည်းရုံးမှု၊ ပညာပေးမှု၊ လေ့ကျင့်မှုများကိုလည်း လိုလေသည်။ ဤအမှု ဤကိစ္စသည် တခြားလူမျိုးများအတွက် အခက်အခဲ ရှိကောင်း ရှိမည်ဖြစ်သော်လည်း အတွေ့အကြုံများပြီး ဘဝအသိကြွယ်ဝပြီးဖြစ်သော ဗမာလူထုအတွက် ပြဿနာတစ်ခုမဟုတ်ပေ။ တိုက်ရင်းစည်းရုံး၊ တိုက်ရင်း ပညာပေး၊ တိုက်ရင်းကျင့်ရုံဖြင့် တစ်နည်းအားဖြင့် စည်းရုံးရင်းပညာပေး၊ တိုက်ရင်းလေ့ကျင့်ရုံဖြင့် ပြီးနိုင်သည် မဟုတ်ပါလား။

အားသစ်လောင်းခြင်း

ထို့ကြောင့် နိုင်ငံလုံးကျွတ် ဖ. ဆ. ပ. လ ညီလာခံကြီး ကျင်းပနိုင်ရေးကို ရှေးရှု၍ ဖ. ဆ. ပ. လ ခေါင်းဆောင်များကို အသုတ်လိုက်ခွဲကာ တစ်ပြည်လုံးအနှံ့ဖြန့်၍ စည်းရုံးရေးကို အပြင်းအထန်လုပ်ခဲ့ကြသည်။ တရားပွဲ၊ ဆွေးနွေးပွဲများ မြို့များတွင်သာမက တောရွာများအထိ ကျင်းပကြသည်။ လူထုလူတန်းစားအဖွဲ့အစည်းများကိုလည်း စနစ်တကျ ဖွဲ့စည်း၍ ပညာပေးကြသည်။

ပြည်သူလူထုကား 'လွတ်လပ်ရေးမှ လွတ်လပ်ရေး'၊ 'ဖ. ဆ. ပ. လ မှ ဖ. ဆ. ပ. လ'၊ 'ဗိုလ်ချုပ်အောင်ဆန်းမှ ဗိုလ်ချုပ်အောင်ဆန်း' ဖြစ်နေကြသည်။ လွတ်လပ်ရေးအတွက် ဖ. ဆ. ပ. လ မှ ခိုင်းသမျှလုပ်မည်၊ ဗိုလ်ချုပ်က အမိန့် ပေးလျှင် သေမင်းနှင့်ယှဉ်ပြိုင်ဖို့ပင် ဝန်မလေးကြ။ လူထုအားကား အားရဖွယ်ရှိလှသည်။ လူထုစိတ်ဓာတ်ကား မကြုံစဖူး ထူးကဲထက်သန်လှသည်။

ကြိုတင်ပြင်ဆင်ခြင်း

၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် စတင်၍ ဖ. ဆ. ပ. လ အဖွဲ့ချုပ်၏ ပထမဆုံး ပြည်လုံးကျွတ်ညီလာခံကြီးကို ရွှေတိဂုံဘုရား

အလယ်ပစ္စယံ၌ ခမ်းနားကြီးကျယ်စွာ ကျင်းပခဲ့သည်။ ထိုညီလာခံကြီးတွင် ဖ. ဆ. ပ. လ ၏ ယာယီစည်းမျဉ်းဥပဒေကို ပယ်ဖျက်၍ အသစ်ပြန်လည် ရေးဆွဲသော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံစည်းမျဉ်းဥပဒေကို ပြဋ္ဌာန်းအတည်ပြုသည်။ (ဖ. ဆ. ပ. လ ဖွဲ့စည်းပုံ မူဟောင်းမူသစ်နှင့်ပတ်သက်၍ နောက်ပိုင်းတွင် ရှင်းလင်းပါမည်။) ထိုစည်းမျဉ်းသစ်အရ ဦးစီးအဖွဲ့ကိုလည်းကောင်း၊ အလုပ်အမှုဆောင်အဖွဲ့ကိုလည်းကောင်း ပြန်လည်ဖွဲ့စည်းသည်။ ဖ. ဆ. ပ. လ ၏လမ်းစဉ်ကို အသစ်ထပ်မံ အတည်ပြု၍ လုပ်ငန်းစဉ်များချမှတ်သည်။ နိုင်ငံရေးနှင့်ပတ်သက်သော အဆို၊ တိုင်းပြည်ထူထောင်ရေးနှင့်ပတ်သက်သည့် စီးပွားရေးအဆိုများ၊ လူမှုရေးအဆိုများကို ပြဋ္ဌာန်းကြသည်။

ထိုညီလာခံကြီးတွင် ဗိုလ်ချုပ်အောင်ဆန်းကလည်း ကမ္ဘာ့အခြေအနေ၊ ဗမာ့အခြေအနေများကို ကျယ်ကျယ်ပြန့်ပြန့်သုံးသပ်၍ ဖ. ဆ. ပ. လ ၏လုပ်ငန်းစဉ်နှင့် ရင်ဆိုင်ရမည့်အန္တရာယ်များကိုလည်း ပြတ်ပြတ်သားသား တင်ပြသည်။ ဤတွင် ဗိုလ်ချုပ်အောင်ဆန်း၏ ပြတ်သားမှု၊ လေးနက်မှုများကို အမြည်းသဘော သုံးသပ်နိုင်ရန် ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းမှ ဘုရင်ခံနှင့် အပေးအယူမတည့်ကြသည်နှင့်ပတ်သက်၍ တင်ပြချက်ကို အနည်းငယ် ကောက်နုတ်၍ပြပါအံ့။

သူ့မိန့်ခွန်း

"ကျွန်ုပ်တို့ အပေးအယူသဘောဖြင့် လျှောပေါ့၍ တောင်းဆိုခြင်းသည် ကျွန်ုပ်တို့ စိတ်ဓာတ်ညံ့ဖျင်း၍မဟုတ်၊ ယခုလိုအခါ၌ ကျွန်ုပ်တို့၏ နိုင်ငံနှင့် ကျွန်ုပ်တို့၏ လူမျိုးအကျိုးကို မြန်မြန်ထက်ထက် သယ်ပိုးချင်သောဆန္ဒအတွက် ဖြစ်လေသည်။ ကျွန်ုပ်တို့သည် အရေးကြီးသောဌာနတို့ကို ဘုရင်ခံလက်ထဲ၌သော်လည်းကောင်း၊ ဘုရင်ခံကိုယ်တိုင် ရွေးချယ်ခန့်ထားသော လူကြီးများ၏လက်ထဲ၌သော်လည်းကောင်း ထားခြင်းအားဖြင့် တန်ခိုးအာဏာများစွာမရှိသည်ကို သိလျက်နှင့်ပင် တိုင်းပြည်ပြန်လည်ထူထောင်ရေးအတွက် အကျယ်အကျယ် မငြိမ်းဖွယ်မဖြစ်စေရန် ပူးပေါင်းဆောင်ရွက်လိုသောဆန္ဒနှင့် စကားကမ်းလှမ်းခဲ့လေသည်။ သို့သော်လည်း ကျွန်ုပ်တို့ အလိုဆန္ဒအတိုင်း မဖြစ်ခဲ့ချေ။ ကျွန်ုပ်တို့နိုင်ငံတွင် အာဏာပိုင်များသည် အလွန်သာယာနာပျော်ဖွယ်ကောင်းသော စကားလုံးများကို သာသုံးပြီးလျှင်

PDF GRATIS FREE FROM MAIL.COM

စီးပွားရေး ဖက်ဆစ်ဝါဒကို ထူထောင်မှုကြိုးစားနေကြပြီ။ သို့အတွက်ကြောင့်လည်း အာဏာပိုင်တို့သည် ယခုအခါ၌ တိုင်းပြည်၏အခြေအနေ၊ အဖြစ်သနစ်၊ အကျိုးအကြောင်းမှန်တို့ကို သိလျက်နှင့်ပင် မျက်စိစုံမှိတ်၍ ပြည်သူတို့၏ (ဝါ) လူထု၏ဆန္ဒကို ပြောင်ပြောင်ကြီး ဆန့်ကျင်ကာ ဗြိတိသျှအစိုးရနှင့် ဗြိတိသျှလူမျိုးတို့ကို ကျွန်ုပ်တို့၏ လွတ်လပ်မှုအတွက် သွားရောက်ရှင်းလင်းပြောဆို ဖို့ အခွင့်အရေးကိုပင် မပေးဘဲနေသည်သာမက ကျွန်ုပ်တို့၏ အင်အားကို ယုတ်စိမ့်သောဌာ ဉာဏ်နိဉာဏ်နက်အမျိုးမျိုးနှင့် ပြောဆိုပြုလုပ်လျက်ရှိကြပေပြီ။ ကျွန်ုပ်တို့ကိုလည်း မခံချင်အောင်အမျိုးမျိုး ဆွကြလေသည်။ သို့သော်လည်း ကျွန်ုပ်တို့ကို ဆွ၍ရမည်မဟုတ်ပေ။ နောက်ဆုံး၌ ကျွန်ုပ်တို့ နိုင်ရမည်မှာ သေချာသည်ကို ကျွန်ုပ်တို့သိသည်။ ကျွန်ုပ်တို့အင်အားကို ကျွန်ုပ်တို့သိသည်။ ကျွန်ုပ်တို့ကို ခြေလှမ်းမှားအောင် ဆွ၍ မဖြစ်နိုင်ချေ။ ကျွန်ုပ်တို့၏ အချိန်ကိုရွေး၍ ကျွန်ုပ်တို့လူထု မကြိုးပမ်းသင့်သောနေရာတွင် မကြိုးပမ်းစေဘဲ ဖြောင့်ဖြောင့်တန်းတန်း လွတ်လပ်ရေးပန်းတိုင်လမ်းသို့ ဆက်လက်ချီ တက်မည်။

ကျွန်ုပ်တို့သည် လွတ်လပ်ရေးရစေရန် ကြိုးစားရာ၌

ကျွန်ုပ်တို့ သတိပြုရမည်မှာ လွတ်လပ်ရေးသည် 'အကျိုးတရား' မဟုတ် လွတ်လပ်ရေးသည် ကျွန်ုပ်တို့၏ဆန္ဒအတိုင်း ကျွန်ုပ်တို့၏ကံကြမ္မာကို ဖန်တီးနိုင်သော 'အကြောင်းတရား'သာ ဖြစ်ချေသည်။ ကျွန်ုပ်တို့သည် လွတ်လပ်ရေးကို ဟန်ပြအနေနှင့် အလိုမရှိ၊ ကျွန်ုပ်တို့ကိုယ်တိုင် တန်ခိုးအာဏာအခွင့်အရေးမရှိသော (ဝါ) အနှစ်မရှိသော အကာအတိသာဖြစ်သော လွတ်လပ်ရေးကို ကျွန်ုပ်တို့ကိုယ်တိုင် ကြံတွေ့ဖူးပြီးဖြစ်၍လည်းကောင်း၊ လွတ်လပ်ရေးအတုမျိုးအတွက် ကျွန်ုပ်တို့ ထပ်မံကြိုးပမ်းလိမ့်မည်မဟုတ်ချေ။

"ရဲဘော်တို့ လွတ်လပ်ရေးဆိုသည်မှာ ဝေါဟာရကိုသာ မကြည့်ရှုပါနှင့်။ ဤလွတ်လပ်ရေးကို ရသောအခါ လွတ်လပ်ရေးကိုအကြောင်းပြု၍ လွတ်လပ်မှုအကျိုးတရားများကို ခံစားနိုင်အောင် ယခုကပင် ဤလွတ်လပ်ရေးကို ပရိယာယ်အမျိုးမျိုးဖြင့် မသိမသာ ချုပ်ချယ်မှုတို့ကို ကြိုးစွာသောသတိနှင့် ကန့်ကွက်ရပေလိမ့်မည်။ ဤပြဿနာများကို ကျွန်ုပ်တို့ ယခုအခါ၌

တိုင်ပင်ဆွေးနွေးစဉ်းစားလျက် ရှိကြပေသည်။ "ထို့အတွက် ဘုရင်ခံသည် အဖြစ်သနစ် အစစ်ကို ရှောင်ရှား၍ ကျွန်ုပ်တို့အဖွဲ့ချုပ်ကို နိုင်ငံရေးကို ပြောက်ကျားတိုက်ပွဲ နည်းစနစ်ဖြင့် စစ်ဆင်လိုက ဆင်ပါစေ။ စီးပွားရေးဖက်ဆစ်ဝါဒတိုက်နည်းကို သုံးလိုက သုံးပါစေ။ သို့သော်လည်း ကျွန်ုပ်တို့မှာ မတုန်မလှုပ် စိတ်ဓာတ် ခိုင်မြဲစွာနှင့် လွတ်လပ်ရေးပန်းတိုင်သို့သာလျှင် ရှေ့ရှုပြီး ချီတက်လျက်ရှိပေကြသည်။ ကျွန်ုပ်တို့သည် ဘုရင်ခံ၏ပြောက်ကျားတိုက်ပွဲများ ရှုံးမည်ကို သေသေချာချာသိပြီးဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ပြောက်ကျားတိုက်ပွဲ နည်းစနစ်ကို လူထုက သောင်းသောင်းဖြဖြအားမပေးဘဲ အောင်မြင်စွာ အသုံးမပြုနိုင်ချေ။ ဘုရင်ခံနောက်၌ လူထုမရှိ၊ ကျွန်ုပ်တို့ အဖွဲ့ချုပ်နောက်၌သာ လူထုရှိသည်ကို သတိပြုကြလော့"။

■

အတွဲ(၁)၊အမှတ်(၁၀)၊ ဇူလိုင် ၁ ၊၁၉၇၁

PDF စာအုပ်များနှင့် ပတ်သက်၍
စုံစမ်းမေးမြန်းလိုလျှင်
nyeyadhamma@gmail.com သို့
ဆက်သွယ်နိုင်ပါသည်။

PDF CREATOR - NYEYADHAMMA@GMAIL.COM



ဗိုလ်ချုပ်အောင်ဆန်း သခင်မြ

သူနိုင် ငါရှုံး သူရှုံး ငါနိုင်

စိန်ခေါ်လိုက်ခြင်း

ဘုရင်ခံက စတင်ဖန်တီးလိုက်ပြီဖြစ်သော ပွဲကြီးပွဲကောင်းအတွက် ဖ. ဆ. ပ. လ က ပြင်ပြီး ဆင်ပြီး ဖြစ်ပါပြီ။ စည်းရုံးရေးတွင်သာမဟုတ်ပါ၊ နိုင်ငံရေးအရှိန်လည်း ယူပြီးဖြစ်ပါသည်။ အထက်ပါ ဗိုလ်ချုပ်၏မိန့်ခွန်းတွင် **"ကျွန်ုပ်တို့ အဖွဲ့ချုပ်ကို နိုင်ငံရေးပြောက်ကျားတိုက်ပွဲနည်းစနစ်ဖြင့် စစ်ဆင်လိုက ဆင်ပါစေ။ စီးပွားရေးဖက်ဆစ်ဝါဒတိုက်နည်းကို သုံးလိုက သုံးပါစေ။ သို့သော်လည်း ကျွန်ုပ်တို့မှာ မတုန်မလှုပ် စိတ်ဓာတ်ခိုင်မြဲစွာနှင့် လွတ်လပ်ရေးပန်းတိုင်သို့သာလျှင် ရှေးရှုပြီး ချီတက်လျက်ရှိကြသည်။ ကျွန်ုပ်တို့သည် ဘုရင်ခံ၏ ပြောက်ကျားတိုက်ပွဲများ ရှုံးမည်ကို သေသေချာချာသိပြီးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ပြောက်ကျားတိုက်ပွဲနည်းစနစ်ကို လူထုက သောင်းသောင်းဖြဖြ အားမပေးဘဲ အောင်မြင်စွာ အသုံးမပြုနိုင်ချေ။ ဘုရင်ခံနောက်၌ လူထုမရှိ၊ ကျွန်ုပ်တို့အဖွဲ့ချုပ် နောက်၌သာ လူထုရှိသည်ကို သတိပြုကြလော့"** ဆိုသည်မှာ ဘုရင်ခံ၏ချိန်းဆိုချက်ခဲ့လင့် (Challenge)ကို စိန်ခေါ်လိုက်ခြင်းပင် မဟုတ်ပါလော။

ထိုးစစ်စတင်လိုက်ခြင်း

အနယ်နယ်အရပ်ရပ်မှ တက်ရောက်လာကြသော ပြည်လုံးကျွတ် ညီလာခံ ကိုယ်စားလှယ်ကြီးများအပြန်တွင် ဒေသအလိုက် တိုက်ပွဲများ စတင်

PDF CREATOR - NYEYADHAMMA@GMAIL.COM

ဆင်နွှဲနိုင်ရန် သေနင်္ဂဗျူဟာအစုံနှင့် လက်နက်များ အကုန်တပ်ဆင်၍ ပေးလိုက်ပါပြီ။ မျှော်မှန်းချက်ပန်းတိုင်၊ ကျင့်သုံးရမည့်လမ်းစဉ်နှင့် အချိန်အခါ အခြေအနေအလိုက် လှုပ်ရှားရမည့် လုပ်ငန်းစဉ်များ အပြည့်အဝ ညွှန်ကြားပေးလိုက်ပါပြီ။

စက္ကူဖြူစာတမ်း ကန့်ကွက်ပွဲ၊ ဆင်းမလားစိမ်ကိန်း ကန့်ကွက်ပွဲ၊ ဖက်ဆစ်ဆန်သော အာဏာရှင်ဆန်သောဘုရင်ခံ၏အပြုအမူကို ရှုတ်ချပွဲများ စသည့် လူထုဆန္ဒ လူထုအင်အားပြပွဲများ ဗမာပြည်အနှံ့အပြား မနားတမ်း ကျင်းပလျက် ရှိကြပါပြီ။ လယ်သမားများကလည်း သီးစားတိုက်ပွဲ၊ ထွန်တုံးတိုက်ပွဲများ ဝင်လျက်ရှိကြပါပြီ။ အမှုထမ်း၊ အရာထမ်းများနှင့် အလုပ်သမားများကလည်း စစ်အတွင်း လစာရရှိရေး၊ ရှားပါးစရိတ်ရရှိရေးအတွက် စတင် အရေးဆိုလျက်ရှိကြပါပြီ။ ပြည်သူ့ရဲဘော်တပ်ဖွဲ့များကလည်း ယူနီဖောင်း အပြည့်အစုံဖြင့် လူထုသွေး တက်ကြွစေရန် စစ်ရေးလေ့ကျင့်မှုများ စိတ်မာန်ပါပါနှင့် ပြုလုပ်လျက်ရှိကြပါပြီ။ ဘုရင်ခံကတောင်းဆိုခဲ့သော ပွဲကြီးပွဲကောင်းကို ဖ. ဆ. ပ. လ က တုံ့ပြန်လိုက်ပါပြီ။ ခံစစ်ဖြင့်မဟုတ်၊ ထိုးစစ်ဖြင့် ဆင်နွှဲလိုက်ခြင်းဖြစ်ပါသည်။

ဘုရင်ခံ၏ဉာဏ်နှိဉာဏ်နက်

ဖ. ဆ. ပ. လ ၏ လူထုနည်းဖြင့် စတင်လိုက်သော ထိုးစစ်ကို လူထုနည်းဖြင့် တုံ့ပြန်ရန် ဘုရင်ခံ၏နောက်၌ လူထုမရှိ၊ ဘုရင်ခံ၏အမှုဆောင်အဖွဲ့၏နောက်တွင်လည်း လူထုမရှိ၊ လူထုတစ်ရပ်လုံးကား ဖ. ဆ. ပ. လ ၏နောက်တွင်သာ ရပ်တည်လျက်ရှိကြပါသည်။ ဘုရင်ခံ ဘာလုပ်မည်နည်း။

ဘုရင်ခံ ဘာလုပ်မည်ကို ကျွန်ုပ်တို့သိပါသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပရိယာယ်ဝေဝုန်မျိုးစုံ၊ ဉာဏ်နှိဉာဏ်နက်အဖုံဖုံဖြင့် ဖြိုခွဲရမည်။ ဖြိုခွဲ၍မရနိုင်က 'ကြွလျင်ဖိမည်'ဟူသော နယ်ချဲ့တို့ကျင့်ထုံးအရ ကျင့်သုံးရမည်။ ယခု ဖ. ဆ. ပ. လ လူထုကို နည်းမျိုးစုံဖြင့် ဖြိုခွဲခဲ့ပါပြီ။ ကိုယ်ကျိုးရှာ သစ္စာဖောက်တစ်စုမှလွဲ၍ လူထုကို ဖြိုခွဲ၍မရပါ။ ပို၍ ညီညွတ်၊ ပို၍စည်းရုံး အောင် လုပ်ဆောင်ရာသာ ရောက်ခဲ့သည်။ ပရိယာယ်ဝေဝုစ်ဖြင့် ဖြိုခွဲ၍မရ လျှင် လက်နက်အားကိုးဖြင့် ဖိရ နှိမ်ရတော့မည် မဟုတ်ပါလော။

လေထိုးထားသော ဘောလုံးကိုဖိက ဖိအားနှင့်အမျှ ရုန်းကန်မည်၊ ကြွမည်မဟုတ်ပါလော။ ယခု ဖ. ဆ. ပ. လ လူထုမှာ စည်းရုံးပြီးသား၊ လေ့ကျင့်

ပြီးသား၊ လေထိုးထားသည့် ဘောလုံးဖြစ်နေပါပြီ။ ဖိသည့်အတိုင်းအတာအရ ကြွမည်ဖြစ်သည်။ ဘုရင်ခံက 'ကြွလျှင်ဖိမည်'ဆိုသည်။ ကျွန်ုပ်တို့က 'ဖိလျှင် ကြွမည်'ဟု ကြွေးကြော်သည်။ ဘုရင်ခံက ဖိနိုင်မည်လော၊ လူထုက ကြွနိုင်မည်လော။

ပုဒ်မ ၁၂၄

ပြည်သူလူထု၏ အုံကြွမှုကို ဖိနှိမ်ရန် ခရိုင်၊ မြို့နယ်အသီးသီးသို့ ညွှန်ကြားချက်များထုတ်ပြီး ဖြစ်ပါသည်။ နိုင်ငံရေးခေါင်းဆောင်များကိုလည်း ပုဒ်မအမျိုးမျိုးတပ်ပြီး ဖမ်းဆီးရန် အမိန့်ပေးပြီးဖြစ်ပါသည်။ နယ်ချဲ့ခေတ်တွင် နိုင်ငံရေး သမားများကို ဖမ်းလိုလျှင် အင်မတန်မှ လွယ်လှပါသည်။ အစိုးရကို အကြည်ညိုဟုတ်အောင် ပြုမူ ဟောပြောသည်၊ ငြိမ်ဝပ်ပိပြားရေးကို ပျက်ပြားအောင်ပြောဆိုသည်၊ လုပ်ဆောင်သည်ဆိုသည့် '၁၂၄'စသော ပုဒ်မများမှာ အရာရောက်လှပါပြီ။ လုပ်ချင်သလို လုပ်၊ ဆွဲချင်သလိုဆွဲနိုင်သော ပုဒ်မများဖြစ်ကြပါသည်။ ပြည်သူ့ရဲဘော်များနှင့်ပတ်သက်၍လည်း ယူနီဖောင်းမဝတ်ရ၊ စစ်ရေးမပြရဟု ပိတ်ပင်လိုက်ပါသည်။ အာဏာအားကိုး၊ လက်နက်အားကိုးဖြင့် ဖိပါနှိမ်ပါပြီ။

တစ်ပါးကျွန်စိတ်မရှိသူများ

သို့သော် ခေတ်ကြီးပြောင်းသလို တိုင်းရင်းသား၊ အရာထမ်း၊ အမှုထမ်းတို့၏ စိတ်ဓာတ်များလည်း ပြောင်းလဲနေကြပါပြီ။ စစ်ကြီးအတွင်း အရာထမ်း၊ အမှုထမ်းတို့လည်း လူထုနှင့်အတူ ရောထွေး၍ စစ်ဒဏ်ကို အတူတူခံခဲ့ကြရပါသည်။ ဖက်ဆစ်တော်လှန်ရေးကြီးတွင်လည်း သွယ်ဝိုက်၍တစ်မျိုး၊ တိုက်ရိုက်တစ်သွယ်ဆိုသလို ပါဝင်ခဲ့ကြသည်က များကြသည်။ မီးခဲပြာဖုံးဖြစ်နေသော သူတို့အတွင်း ကိန်းအောင်းနေသည့် မျိုးချစ်စိတ်ဓာတ်များ၊ လွတ်လပ်ရေးကိုလိုလားသော ဆန္ဒများ တင်ွေ့ွေ့တက်ကြွလျက်ရှိကြပါသည်။ ဘဝရပ်တည်မှုအတွက်၊ သက်မွေးဝမ်းကျောင်းမှုအတွက် အစိုးရအမှုထမ်း၊ အရာထမ်းအလုပ်ကို ပြန်လုပ်ရ ဝင်လုပ်ရသော်လည်း ပုဂ္ဂိုလ်ခပ်များများမှာ ရှေးယခင်တုန်းကလို တစ်ပါးကျွန်စိတ် မရှိကြတော့။ မိမိတို့လည်း လူထုထဲကလူ၊ အရင်းစစ်က ဗမာလူမျိုးများသာ ဖြစ်ကြသည့်အတိုင်း တတ်နိုင်ကတိုင်းပြည်နှင့်လူမျိုးအတွက် တစ်ဖက်တစ်လမ်းမှ ပင်းလို၊ ကူညီလိုကြသည်။

ထို့ကြောင့်လည်း အချို့ခရိုင်များတွင် အထက်မှ ပြင်းပြင်းထန်ထန် ဘယ်သို့အမိန့်ထုတ် ညွှန်ကြားသော်လည်း ဝတ်ကျေတန်းကျေသာ ဆောင်ရွက်ကြသည်။

သို့သော် အချို့တစ်ပါးကျွန်စိတ်မကုန်သေးသည့် အရှင်အားရလုပ်လိုသည့် အရာရှိဆိုးများကြီးစိုးသည့်ခရိုင်များ၊ အင်္ဂလိပ်အရာရှိကြီးများလွှမ်းမိုးသည့်ခရိုင်များတွင်သာ ဖိနှိပ်မှုများပြင်းထန်သည်။ နိုင်ငံရေးသမားများကို ပုဒ်မအမျိုးမျိုးဖြင့် တရကြမ်းဖမ်းသည်။ လယ်သမားများကို အစုလိုက်အပြုံလိုက်ဆွဲသည်။ ပြည်သူ့ရဲဘော်များ ယူနီဖောင်းမဝတ်ရအောင်၊ စစ်ရေးမပြနိုင်အောင် အတင်းအကျပ် တားမြစ်ပိတ်ပင်သည်။

ဆွမ်းမရ ခြောက်ခြမကြောက်

ဘုရင်ခံ၏အလုပ်က ဖိရမည်ဖြစ်ပါသည်။ ဘုရင်ခံနှင့် သူ၏အလိုတော်ရိ အမှုဆောင်အဖွဲ့သည် ဖ. ဆ. ပ. လ ၏ အင်အားကို ဆုတ်ယုတ်စိမ့်ဌာ၊ ပြိုကွဲစိမ့်ဌာ ဉာဏ်နီဉာဏ်နက်အမျိုးမျိုးသုံး၍ ပြောဆိုပြုလုပ်ခဲ့ကြသည်။ ယခုလည်း ဖ. ဆ. ပ. လ အား လမ်းမှားသို့ တွန်းပို့ရန် အမျိုးမျိုး ဆွေးလျက် ရှိကြသည်။ ချော့၍မပျော့သည်ကို ခြောက်၍ ကြောက် မလားဟု ဖြ၍ခြောက်နေကြသည်။ သို့သော် ဖ. ဆ. ပ. လ ကား မတုန်လှုပ်။ မိမိတို့၏လမ်းစဉ်ကို မမှိတ်မသုန် ယုံကြည်သည်။ မိမိတို့အင်အားကို လုံးဝယုံကြည်သည်။ နောက်ဆုံး မိမိတို့သာ အောင်ပန်းဆွတ်လှမ်းရမည်ကို ခြွင်းချက်မရှိ ယုံကြည်သည်။ ထို့ကြောင့် ဆွမ်းမရ၊ ခြောက်၍မကြောက်၊ မိမိတို့လမ်းစဉ်အတိုင်း မှန်မှန်ကြီးသာ ချီတက်မည်ဖြစ်သည်။ ယခုလည်း နိုင်ငံရေးသမားကို ဖမ်း၊ လယ်သမားများကို အစုလိုက်အပြုံလိုက်ဆွဲရုံမကပြည်သူ့ရဲဘော်များအား ယူနီဖောင်းမဝတ်ရ၊ စစ်ရေးမပြရဟု ပိတ်ပင်လာသည်ကို တုံ့ပြန်သောအားဖြင့် ကန့်ကွက်ပွဲများ၊ ဆန္ဒပြပွဲ များကို ဆတက်ထမ်းပိုးတိုး၍ပို၍ လုပ်ခိုင်း၊ ကျင်းပခိုင်းသည်။ ဖိက ဖိသည့် အတိုင်းအတာအရ ကြွေရမည်မဟုတ်ပါလော။

နောက်ဆုံး မျက်လုံးပြူးရ၊ ချောက်ချားရသည်မှာ ဖ. ဆ. ပ. လ မဟုတ်ပါ။ နယ်ချဲ့တို့သာ မျက်လုံးပြူးကာ ချောက်ချားလာကြရပါသည်။ နောက်ဆုံး တုန်လှုပ်၍ ရမ်းလာ၊ မှားလာ ရသည်မှာ ဖ. ဆ. ပ. လ မဟုတ်ပါ။ နယ်ချဲ့တို့သာဖြစ်ကြပါသည်။

ထန်းတပင်အရေးတော်ပုံကြီး

၁၉၄၆ ခုနှစ် မေလ ၁၈ ရက်တွင် လွတ်လပ်ရေးသမိုင်းဝင်မည့် ထန်းတပင် သေနတ်ပစ်မှု- ထန်းတပင်အရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့ရလေပြီ။ ငြိမ်ဝပ်ပိပြားစွာဆန္ဒပြကြသော နိုင်ငံရေးသမားများနှင့် မိမိတို့လယ်သမားများကို အစုလိုက်အပြုံလိုက် ဖမ်းဆီးခြင်း၊ ပြည်သူ့ရဲဘော်များကို ယူနီဖောင်းမဝတ်ရ၊ စစ်ရေးမပြရ ပိတ်ပင်ခြင်းများကို ကန့်ကွက်သော လယ်သမားများအား အကြောင်းမဲ့ သေနတ်နှင့် ပစ်ခတ်ကာ အသေသတ်ခဲ့ကြလေပြီ။ ဖ. ဆ. ပ. လ ခေတ်တွင် လွတ်လပ်ရေးတိုက်ပွဲတွင် ပထမဆုံးသွေးမြေကျရသောပွဲ ဖြစ်လေသည်။

နယ်ချဲ့တို့သည် ဖ. ဆ. ပ. လ ၏အင်အား၊ လူထု၏အုံကြွမှုကို ကြောက်လန့်ချောက်ချားကာ သွေးရူးသွေးတန်းဖြင့် ရမ်းကားခြင်းဖြစ်သည်ဟု ဆိုရပါ မည်လော။ သို့မဟုတ် ဖ. ဆ. ပ. လကို ကြောက်အောင်လန့်အောင် ခြောက် လှန့်ခြင်းဖြစ်သည်ဟု ဆိုရပါမည်လော။

ဖ. ဆ. ပ. လ ကား ခြောက်၍ကြောက်တတ်သည့် အဖွဲ့မျိုးမဟုတ်။ ဖ. ဆ. ပ. လ ခေါင်းဆောင်များမှာလည်း တိုက်ရည်ဝပြီး အတွေ့ အကြုံများသူများ ဖြစ်ကြသည်။ များသောပုဂ္ဂိုလ်တို့မှာ သေတွင်းထွက်များ ဖြစ်ကြသည့် အတိုင်း မိမိတို့၏ မသေ၍ကျန်နေသောအသက်ကို တိုင်းပြည်နှင့် လူမျိုးအတွက် စွန့်လှူထားသူများ ဖြစ်ကြသည်။ ပြည်သူလူထုမှာလည်း တိုက်ပွဲပေါင်းများစွာတိုးခဲ့ပြီး၊ နွဲ့ခဲ့ပြီးဖြစ်ကြသည်။ ခြောက်၍ကြောက်မည့် လူထုမျိုးမဟုတ်ပါပေ။ သွေးစွန်းလေ သွေးကြွလေ ၁၃၀၀ ပြည့်အရေးတော်ပုံက သက်သေပြခဲ့ပြီ မဟုတ်ပါလော။

ငြိမ်ငြိမ့်သဲကျင်းပခြင်း

ထန်းတပင် သေနတ်ပစ်မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးကာ တာဝန်ရှိသူများကို ချက်ချင်းအရေးယူရန် ဖ. ဆ. ပ. လ မှ ပြင်းပြင်းထန်ထန် အရေးဆိုသည်။ ပြည်သူ့ရဲဘော်များကိုလည်း တစ်ဗိုလ်ကျတစ်ဗိုလ်တက်စနစ်ဖြင့် အဖမ်းအဆီးခံကာ အာဏာဖီဆန်ရေးတိုက်ပွဲများ ဆင်နွှဲခိုင်းသည်။ ပြည်သူ့ရဲဘော်များကလည်း ယူနီဖောင်းဝတ်မြဲဝတ်၍ စစ်ရေးပြမြဲပြကာ အာဏာဖီဆန်ကြသည်။ တစ်သုတ်ဖမ်းက နှစ်ဆတိုး၍အင်အားပြကြသည်။ ထန်းတပင် သေနတ်ပစ်မှုနှင့်ပတ်သက်၍လည်း ရှုတ်ချပွဲများ၊ ဆန္ဒပြကန့်ကွက်ပွဲများ

ကိုလည်း တစ်ပြည်လုံးမစဲအောင် ကျင်းပခိုင်းသည်။ ချီတက်သံ၊ ကြွေးကြော်သံများဖြင့် ပဲ့တင်ထပ်စေခဲ့သည်။ နယ်ချဲ့ကြောက်သော လက်နက်ဖြင့် နယ်ချဲ့အားချောက်ချားသည်ထက်ချောက်ချားအောင် လုပ်ဆောင်ရမည်မဟုတ်ပါလော။ ၁၉၄၆ ခုနှစ် ဇွန်လ ၇ ရက်နေ့တွင် ဖ. ဆ. ပ. လ အဖွဲ့ချုပ်မှကြီးမှူး၍ ရန်ကုန်မြို့တွင်လည်း လူထုဆန္ဒပြပွဲကြီးကို ခြိမ့်ခြိမ့်သဲ ကျင်းပဆင်နွှဲသည်။

နယ်ချဲ့တို့ကား သွေးလန့်သည်ထက်လန့်ကာ၊ ချောက်ချားသည်ထက် ချောက်ချားလာရပါပြီ။ ရန်ကုန်နှင့် ခရိုင်အချို့တွင် ပုဒ်မ ၁၄၄ ထုတ်ဆင့်ကာ "အခွင့်အမိန့်မရဘဲ တရားပွဲများ မကျင်းပရ။ လူထုဆန္ဒပြမှု၊ အင်အားပြမှု စီတန်းလမ်းလျှောက်မှုမပြုရ၊ ငါးယောက်ထက်ပို၍ စုရုံးမှု မပြုရ"ဟု ပိတ်ပင်လိုက်ပြန်သည်။ သေနတ်နှင့်ခြောက်၍ မရသော လူထုကို ဥပဒေဖြင့် လူထုအခွင့်အရေးများကို ပိတ်ပင်လိုက်ခြင်းဖြစ်လေသည်။ ပွဲကြီးပွဲကောင်းကို တောင်းဆိုခဲ့သော ကိုရွှေဘုရင်ခံသည် သူမမြင်လိုသော လူထုဆန္ဒပြပွဲ၊ လူထုအင်အားပြပွဲ၊ သူမကြားလိုသော လူထုကြွေးကြော်သံ၊ ကန့်ကွက်သံ၊ ရွှတ်ချသံများကို ဤသို့အာဏာဖြင့်၊ ဤသို့ မတရားသော ဥပဒေနည်းဖြင့် တားဆီးမြစ်၍ ပိတ်ပင်၍ ရပါမည်လော။

တစ်ဝိုလ်ကျ တစ်ဝိုလ်တက်

ဗမာလူထုသည် ခြောက်၍ကြောက်သည့် လူထုမဟုတ်တော့။ ဖိ၍ဝပ်မည့် လူထုမဟုတ်တော့။ လေအပြည့် ထိုးထားသော ဘောလုံးလို ဖိလျှင်ကြွမည့်လူထုသာဖြစ်သည်။ မိမိတို့ မျှော်မှန်းချက်ပန်းတိုင်သို့ မရောက်မချင်း ဖ. ဆ. ပ. လ၏လမ်းစဉ်၊ ဖ. ဆ. ပ. လ ၏ညွှန်ကြားချက်၊ ဖ. ဆ. ပ. လ၏ ခေါင်းဆောင်မှုအတိုင်း တစ်သဝေမတိမ်း ချီတက်ရန်ဆုံးဖြတ်ပြီး၊ သန္နိဋ္ဌာန်ချပြီး ဖြစ်ကြသည်။ နိုင်ငံရေးအရှိန် တက်လာသည်နှင့်အမျှ တိုက်ပွဲအဆင့်များလည်း မြင့်လာပါပြီ။ ဆန္ဒပြ အင်အားပြတိုက်ပွဲများမှ အာဏာဖီဆန်ရေး တိုက်ပွဲများပါ တွဲဖက်လာသည့်အဆင့်သို့ ရောက်ခဲ့ပါပြီ။ ယခုလည်း ရန်သူနယ်ချဲ့တို့က လက်နက်နည်းရော ဥပဒေအာဏာနည်းပါ တွဲဖက်၍ ဖ. ဆ. ပ. လ ကို အပြုတ်တိုက် အသေသတ်ရန် ဖန်တီးလာပါပြီ။

ဖ. ဆ. ပ. လသည် ရေရှည်တိုက်ပွဲကိုပြင်ပြီး ဆင်ပြီးဖြစ်သည်။

အဖွဲ့ချုပ် တွင်သာမဟုတ်၊ တစ်ပြည်လုံးတွင် တစ်ဝိုလ်ကျတစ်ဝိုလ်တက်စနစ်ဖြင့် တိုက်ပွဲကို ဆုံးခန်းတိုင်တိုက်ရန်၊ ရည်မှန်းချက်ပန်းတိုင်သို့ မရောက်မချင်း ချီတက်ရန် ချမှတ်ပြီးဖြစ်သည်။ ဤသို့ တစ်ဝိုလ်ကျတစ်ဝိုလ်တက်စနစ်ကို သတ်မှတ်ထားသော်လည်း မိမိတို့၏ခေါင်းဆောင်များကို လွယ်လွယ်နှင့် အစားမခံနိုင်ပါ၊ မကျွေးနိုင်ပါ။ ယခုအဆင့်ကား အာဏာဖီဆန်ရေးတိုက်ပွဲကို ပြင်းပြင်း ထန်ထန် အဖမ်းခံ၊ အသေခံတိုက်ရမည့်အဆင့်သို့ ရောက်နေပါသည်။ ဖိနှိပ်ချုပ်ချယ်မှုများကို ခေါင်းငုံ့ခံနေ၍ မဖြစ်နိုင်ပေ။

တစ်ဖက်တွင် ယူနိုဖောင်းမဝတ်ရ၊ စစ်ရေးမပြရဆိုသည့် ပိတ်ပင်မှုကို ပြည်သူ့ရဲဘော်များက အာဏာဖီဆန်၍ တိုက်ပွဲဝင်နေသလို လူထုအခွင့်အရေးကို မတရားပိတ်ပင်လာသော '၁၄၄'ပုဒ်မကိုလည်း သေနတ်နှင့်ပစ်လိုကပစ်၊ ဖမ်းလိုကဖမ်း အသေခံအဖမ်းခံ၍တိုက်ရန် သူစွမ်းကောင်းလိုနေပါသည်။ သို့သော် ဖ. ဆ. ပ. လ အတွက် ဤကိစ္စမျိုးအတွက် ပြဿနာမဟုတ်ပါ။ ဖ. ဆ. ပ. လ ၏ ရှေ့ပြေးတပ်၊ အသေခံတပ်၊ စတေးခံတပ် အဖြစ်ဖြင့် တိုက်ပွဲဝင်ဆင်နွှဲရန် ဆိုရှယ်လစ်ပါတီက ရဲရဲတောက်တာဝန်ကို ယူလိုက်ပါသည်။

သခင်မြဦးဆောင်လျက်

၁၉၄၆ ခုနှစ် ဇွန်လ ၂၆ ရက် နံနက်တွင် ရန်ကုန်မြို့ ဗန္ဓုလပန်းခြံသို့ အလုပ်သမား၊ လယ်သမား အမျိုးသမီး လူငယ်၊ ရပ်ကွက်လူထုများ ကားဖြင့် တစ်မျိုး၊ ခြေကျင်တစ်သွယ်ဆိုသလို တစ်သုတ်ပြီးတစ်သုတ် ရောက်ရှိလာကြပါသည်။ ၇ နာရီလောက်တွင် ပန်းခြံကြီးပြည့်လျှံရုံမက ပတ်ဝန်းကျင်တစ်ဝိုက် ကြိတ်ကြိတ်တိုးမျှ ရှိတော့သည်။ ပရိသတ်ကား မစဲသေး၊ တဖွဖွလာနေကြတုန်း ရှိသည်။

ရှေ့ဆုံးမှ အသေခံအလံကိုင်တပ်များနှင့်အတူ သခင်မြဦးဆောင်၍ ပါတီဌာနချုပ်ခေါင်းဆောင်များ ချီတက်ကြသည်။ နောက်မှ လူထုကြီးကလည်း ရဲရဲတောက် ကြွေးကြော်သံများ ကြွေးကြော်၍ ရဲမာန်တက်ကြွစွာဖြင့် လမ်းလုံးပြည့် လိုက်ပါကြသည်။ ရွှေတိဂုံစေတီခြေတော်ရင်း ကန်တော်မင်ပန်းခြံသို့ တပ်ဦးရောက်သောအချိန်တွင် ဗန္ဓုလပန်းခြံမှ လူထုမကုန်သေး၊ ထွက်နေတုန်း ချီနေတုန်းတန်းလန်း ရှိသေးသည်။ လူထုပရိသတ် တစ်သိန်းကျော်သည်ဟု သတင်းစာများက ခန့်မှန်းကြသည်။

ဤသို့ပုဒ်မ ၁၄၄ ကန့်ကွက်ပွဲ အာဏာဖီဆန်ရေးတိုက်ပွဲကို ဆင်နွှဲပြီး ကန်တော်မင်ပန်းခြံတွင် လူထုစုရုံးကာ စက္ကူဖြူစာတမ်း ကန့်ကွက်ပွဲအဖြစ်ဖြင့် 'စက္ကူဖြူစာတမ်း' မီးရှို့ပွဲကို အုတ်အုတ်သဲသဲ ဆက်လက်၍ ဆင်နွှဲကျင်းပခဲ့ကြသည်။

ဤတိုက်ပွဲကား နယ်ချဲ့တို့အား ပို၍မျက်လုံးပြူးစေ၊ ချောက်ချားစေသော တိုက်ပွဲဖြစ်လေသည်။ အမိန့်မခံ၊ ကြေညာချက်မထုတ်ဘဲ ဗမာ့နည်းဗမာ့ဟန်ဖြင့် လျှပ်တစ်ပြက် စစ်ဆင်နည်းကို ကျင့်သုံးလိုက်သောတိုက်ပွဲဖြစ်လေသည်။

သူနိုင်ငါရှုံး သူရှုံးငါနိုင်

ဖ. ဆ. ပ. လ သည် မိမိတို့၏တိုက်ပွဲကို ရေရှည်တိုက်ပွဲဖြစ်သည်ကို သိသည်။ တိုက်ပွဲအဆင့်ဆင့်အတွက် ပြင်ပြီးဆင်ပြီးဖြစ်သည်။ ရှင်းရှင်းဆိုရလျှင် ဖ. ဆ. ပ. လ တွင် လျှို့ဝှက်လက်နက် များစွာရှိလေသည်။ ရန်သူ၏ဖိနှိပ်မှု၊ တိုက်ခိုက်မှု အတိုင်းအတာအရ၊ တုံ့ပြန်ရန်လက်နက်များရှိသလို အခြေအနေအရ လိုအပ်သောအချိန်တွင် မမျှော်လင့်သော ထိုးစစ်များ ဆင်နွှဲရန် လက်နက်များလည်း အဆင်သင့်ရှိသည်။ ဖ. ဆ. ပ. လ သည် ခံစစ်ကို တစ်ဖက်သတ် လက်ခံသည်မဟုတ်။ ယခုအချိန်တွင် ခံစစ်နှင့်ထိုးစစ်ကို တွဲ၍ကျင့်သုံးနေသော်လည်း တစ်ဖက်သတ်ထိုးစစ်ကို ဆင်နွှဲနိုင်ရန် အရှိန်ယူဆဲအခြေအနေနှင့်အချိန်ကို စောင့်ဆဲသာ ဖြစ်လေသည်။

ပွဲကြီးပွဲကောင်းကို စတင်ဖန်တီးခဲ့သော၊ ချိန်းဆိုချဲလင့်လုပ်ခဲ့သော ကိုရွှေဘုရင်ခံသည် ဖန်တီးခဲ့သည့်အတိုင်း၊ ချိန်းဆိုခဲ့သည့်အတိုင်း ပွဲကြီးပွဲကောင်းနှင့် လှလှကြီးရင်ဆိုင်နေရပါပြီ။ သူနိုင်ငါရှုံး သူရှုံးငါနိုင် ဆယ်ချီဆယ်မောင်း၊ ဆယ့်ငါးချီ ဆယ့်ငါးမောင်း ပွဲဆုံးအောင် ခံနိုင်ပါမည်လော။

နယ်ချဲ့တို့၏ ပရိယာယ်ကား ကြွယ်လှပါသည်။ မိမိတို့၏ အခြေအနေမဟန်က မျက်နှာလွှဲခဲပစ် လုပ်တတ်ပါသည်။ ၁၉၃၀ ခုနှစ်တုန်းကလည်း ဗမာပြည်တွင်း အခြေအနေမဟန်၊ ဆူဆူပူပူဖြစ်လာတော့မည်ကို မြင်သောအခါ အိမ်ကြက်ချင်းခွပ်ခိုင်းသည့်သဘောဖြင့် ဆာ ဂျေ အေ ဦးမောင်ကြီးကို ဘုရင်ခံလုပ်ခိုင်း၍ မျက်နှာလွှဲခဲပစ် လုပ်ခဲ့ဖူးသည်မဟုတ်ပါလော။ သို့တည်း

မဟုတ် တစ်ဦးတစ်ယောက်ကို ဗိုလ်တင်၍တိုက်ခိုင်းပြီး မဟန်လျှင် မိမိတို့တင်ထားသောဗိုလ်ကို တရားခံလုပ် အပြစ်ဖို့ပြီး လူသစ်၊ ဗိုလ်သစ်နှင့် နည်းသစ်ပြောင်းကာ အဖတ်ဆယ်တတ်သည်မှာလည်း နယ်ချဲ့တို့ကျင့်ထုံးပင်မဟုတ်ပါလော။

ဝမ်းကိုက်သွားပါပြီ

ယခုလည်း ကြုံရပါပြီ။ ပွဲကြီးပွဲကောင်းကား ကြည့်၍ကောင်းတုန်း၊ ရှု၍ ကောင်းတုန်း၊ အသည်းဖိုရင်ဖိုဖြင့် သြဘာပေး၍ကောင်းတုန်း၊ လက်ခုပ်တီး၍ ကောင်းတုန်း ရုတ်တရက် ခေတ္တရပ်နားချိန်လုပ်လိုက်ပါပြီ။ ၁၉၄၆ ခုနှစ် သြဂုတ်လ ၄ ရက်နေ့တွင် နယ်ချဲ့သူရဲကောင်းကြီး ဘုရင်ခံ ဆာဒေါ်မန်စမစ်သည် မမျှော်လင့်သော ဝမ်းကိုက်ရောဂါစွဲကပ်လာသည်ဆို၍ လူယုံတော်တပည့်ကြီး ဆာပေါ်ထွန်းကို ခေတ္တအာဏာလွှဲအပ်ကာ ပြည်တော်ပြန်ပြေးရှာလေပြီ။ နယ်ချဲ့တို့ ဘာပရိယာယ်များ ဆင်လာဦးမည်နည်း။ ဖ. ဆ. ပ. လကား မတုန်မလှုပ်၊ လျှို့ဝှက်လက်နက်အပြည့်အစုံဖြင့် အဆင်သင့်ပင်မဟုတ်ပါလော။

■

အတွဲ(၁)၊အမှတ်(၁၁)၊ ဇူလိုင် ၁၅ ၊၁၉၇၀

ဦးကျော်ငြိမ်း

သခင်စိုး

ကတိကိုမတည် အကြံရိုင်းတဲ့

ခေါင်းပြတ်အူပြတ်

ကျွန်ုပ်သည် စာဖတ်သူတို့၏ လိုအင်ဆန္ဒကို လိုက်လျောသောအားဖြင့် 'မြူပ်ကွက်ရှူပ်ကွက်'သက်သက်ကို ရေးသားနေရာမှ တော်လှန်ရေးသမိုင်းစဉ်ကို ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့သူများလည်း မိမိတို့ လုပ်ဆောင်မှုများကို တရေးရေး ပြန်မြင်ပြန်တွေး၍ စားမြုံ့ပြန်နိုင်ရန်၊ မမီလိုက် မပါလိုက်သူများလည်း ကွက်ကွက်ကွင်းကွင်း အမြင်ရှင်းနိုင်ရန် အထူးကြိုးစား၍ ပေါ်လွင်အောင် ဖော်ပြတင်ပြခဲ့ပါသည်။ သမိုင်းကွင်းဆက်မိအောင် အရေးကြီးသောနေ့စွဲများ တိကျမှန်ကန်မှုကိုလည်း အထူးသတိပြုခဲ့ပါသည်။ ဤကိစ္စများမှာ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့သူမဟုတ်က မလွယ်ကူပါ။ ထိုစဉ်က ကျွန်ုပ်တို့ ကိုယ်တိုင် ရေးသားခဲ့၊ ထုတ်ဝေခဲ့သော မှတ်တမ်းများ၊ အစီရင်ခံစာများမှာပင် စာစီသူ၊ စာပြင်သူတို့၏ ပေါ့လျော့မှုကြောင့် အမှားများစွာဖြစ်နေသည်ကို တွေ့ရပါသည်။ အချို့စာပိုဒ်များမှာ စာကျန်မှုကြောင့်၊ စာလုံးပေါင်းမှားမှုကြောင့် အဓိပ္ပာယ်တစ်မျိုးပေါက်နေသည်။ အချို့မှာ ခေါင်းပြတ်အူပြတ်ဖြစ်ကာ အဓိပ္ပာယ်မရှိဖြစ်ကုန်သည်။ ရက်စွဲများနှင့်ပတ်သက်၍လည်း (၄၆ ခုနှစ်)က (၄၇ ခုနှစ်)ဖြစ်လိုဖြစ်။ (၄၇ ခုနှစ်)ကလည်း (၄၆ ခုနှစ်)ဖြစ်လိုဖြစ်နှင့် ကပြောင်းကပြန် နိုင်လှသည်။

ဤအဖြစ်မျိုးမှာလည်း ပုံနှိပ်စက်လောကၦ ဆန်းလှသည်တော့ မဟုတ်ပါပေ။ ကျွန်ုပ်ရေးနေသော ဤဆောင်းပါးမှာပင် စာစီသူရော စာပြင်သူပါ ဂရုစိုက်ကြသည့်အထဲမှ အပတ်စဉ်နှင့်အမျှ အမှားအနည်းအများဖြစ်လျက်ရှိသည်။ ဥပမာ 'ဗိုလ်ချုပ်ကြီးစလင်းကား ရန်ကုန်သိမ်းသူ လုံးဝမဟုတ်ခဲ့ပေ'ဆိုသည်ကို 'ဗိုလ်ချုပ်ကြီးစလင်းကား ရန်သူလုံးဝမဟုတ်ခဲ့ပေ'ဟုဖြစ်ကာ (သို့အတွက်) လည်း (တို့အတွက်ဖြစ်)နေသည်များ ရှိပါသည်။ အချို့စာပိုဒ်များ ခေါင်းပြတ်၍ အချို့လည်း အူပြတ်နေသည်များကို မကြာခဏ တွေ့ရပါသည်။ ရက်စွဲနှင့်ပတ်သက်လျှင်လည်း ၁၉၃၅ ခုနှစ် အက်ဥပဒေဆိုသည်ကို ၁၉၄၅ ခုနှစ် အက်ဥပဒေဟု မှားခြင်းမျိုးလည်း ရှိခဲ့ပါသည်။ ထို့ကြောင့် ရက်စွဲများနှင့်ပတ်သက်၍ အထူးညှိနှိုင်းဆန်းစစ်၍ တိကျမှတင်ပြပါသည်။ မသေချာလျှင်၊ မတိကျလျှင် အကြောင်းအရာနှင့် ကွင်းဆက်ကိုဖော်၍ ခန့်မှန်းနိုင်ရုံ အချိန်ပိုင်းကိုသာ တင်ပြခဲ့ပါသည်။ ဥပမာအားဖြင့် ပြီးခဲ့သောအပတ်တွင် ပုဒ်မ ၁၄၄ ထုတ်ပြန်ခဲ့သည်ကို ဖော်ပြခဲ့ပါသည်။ အစိုးရမှတ်တမ်းများတွင် ထုတ်ပြန်သည့်နေ့ရက်စွဲ အတိအကျရှိမည်ဖြစ်သော်လည်း ကျွန်တော်ကား မမှတ်မိတော့ပါ။ ကျွန်ုပ်တွင်ရှိသော မှတ်တမ်းများတွင်လည်း ရက်စွဲအတိအကျ မရှိပါ။ ထိုကိစ္စမျိုးတွင် အကြောင်းအရာကွင်းဆက်နှင့် အချိန်ပိုင်းကိုသာ တင်ပြပါသည်။

ကွန်မြူနစ်တို့၏အရှုပ်ဇာတ်

ထို့ပြင်လည်း သမိုင်းစဉ်၊ သမိုင်းရုပ်လုံးကို ကွင်းကွင်းကွက်ကွက် မဖော်နိုင်မီ စာဖတ်သူတို့အာရုံကို ဘေးသို့ သိပ်မထွက်စေလိုသဖြင့် အချို့မြုပ်ကွက်များကို ချန်ခဲ့သည်လည်း ရှိပါသည်။ မြုပ်ကွက်ကြောင့် အမြင်ရှုပ်မည်စိုး၍ ချန်ခဲ့သည်လည်း ရှိပါသည်။ သို့သော် အချို့မြုပ်ကွက်များကို အချိန်မီမဖော်က ဇာတ်ပေါင်း၍မရ ဇာတ်ရည်မလည်မည်ကိုလည်း စိုးရိမ်ရသည်။ ဒါကြောင့် အချို့ဖော်ရမည့် မြုပ်ကွက်များကို အချိန်မီဖော်ဖို့လိုပါသည်။ ယခုအခါ ကွန်မြူနစ်တို့၏ အရှုပ်ဇာတ်မှာ အရေအတွက်မှ အရည်အချင်းသို့ ရောက်ကာ ရှုပ်လုံးပေါ်တော့မည်၊ ပေါက်ကွဲတော့မည်ဖြစ်၍ ဗမာပြည်ကွန်မြူနစ်တို့၏ ဗလောင်းဗလဲနိုင်လှသော သရုပ်များကို ဖော်ရပါတော့မည်။ သို့သော် ပါတီတစ်ရပ်လုံး၊ ပါတီဝင်အားလုံးကို ဝါးလုံးရှည်ဖြင့် ရမ်း၍ မရိုက်လိုပါ။ ကွန်မြူနစ်ပါတီဝင်များထဲတွင် ကျွန်တော်တို့နှင့် လုပ်ဖော်ကိုင်ဖက် လူတော်လူကောင်းများလည်း

များစွာရှိသည်ကို ဝန်ခံရပါမည်။ အမှန်မှာလည်း ဖောက်ပြန်သော ခေါင်းဆောင်မှု၊ မှားယွင်းသော မူမမှန်သော မရိုးသားသော ခေါင်းဆောင်မှုများကြောင့် ဖြစ်ပေါ်ခဲ့သော ဖြစ်ရပ်များသာ အဓိကဖြစ်ပါသည်။

အသက်ကိုဖက်နဲ့ထုပ်၍

ကျွန်တော်တို့သည် တော်လှန်ရေးတစ်လျှောက်တွင် ကွန်မြူနစ်များနှင့် ပူးပေါင်းလာခဲ့သော်လည်း တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုဖြင့် စိတ်ချလက်ချလုပ်ခဲ့ရသည်မဟုတ်ပါပေ။ အစ-အလယ်-အဆုံး ဖောက်ပြန်မှုအမျိုးမျိုး၊ သစ္စာဖောက်မှုအမျိုးမျိုး၊ အကောက်ကြံမှုအမျိုးမျိုး၊ လုပ်ကြံမှုအမျိုးမျိုးနှင့် တိုးခဲ့ကြရပါသည်။ နောက်ကျောမှ ဓားထိုးမခံရအောင် သတိကြီးစွာထား၍ လုပ်ဆောင်ခဲ့ကြရပါသည်။ အသက်ကို ဖက်နှင့်ထုပ်၍ လုပ်ခဲ့ကြရပါသည်။ ဤဖြစ်ရပ်များကို အကျဉ်းချုံး၍ အနည်းအကျဉ်း ဖော်ပြရသော် -

(၁) ကွန်ုပ်တို့သည် အစကပင် ဖက်ဆစ်ဂျပန်များကို တိုက်ရမည်ဟု အစီအစဉ်ရှိသည့်အတိုင်း ဘီအိုင်အေခေတ်တွင် ဂျပန်တို့တော်လှန်ရေးအတွက် ရန်ပုံငွေအဖြစ်ဖြင့် စိန်ရွှေကျောက်မျက်ရတနာများကို စုဆောင်းထားခဲ့ကြပါသည်။ ထိုပစ္စည်းများကို ကွန်မြူနစ်ပါတီက နည်းမျိုးစုံနှင့် လက်ဝါးကြီးအုပ်ခဲ့ပါသည်။ ထိုကိစ္စနှင့်ပတ်သက်၍ ကွန်မြူနစ်ပါတီနှစ်ခြမ်းကွဲသောအခါ အချင်းချင်းဖော်၍ ကလော်ကြသည်ကို သတိပြုမိကြပါလိမ့်မည်။

(၂) ကျွန်တော်တို့ ဖက်ဆစ်ဂျပန်ကို တော်လှန်ရန် အရှိန်ယူပြင်ဆင်သောအခါ ပါဝင်ပူးပေါင်းရမည့်အစား **'ဂျပန်ကို တိုက်ရမည်ဟု ယူဆခြင်းသည် လက်ဝဲစွန်းသွေဖည်ရေးဝါဒ၊ မျက်ကန်းတစ်ချွန်းထိုးဝါဒ၊ မိုက်ရူးရဲဝါဒ ဖြစ်သည်။ ကမ္ဘာ့ဖက်ဆစ်တို့ကို မဟာမိတ်တို့က ဦးဆောင်တိုက်နေသည်ဖြစ်သောကြောင့် မဟာမိတ်တို့ စစ်နိုင်ရေးအတွက် ကူညီခြင်းသာလျှင် ကမ္ဘာပေါ်ရှိ ဖက်ဆစ်တို့ကို အမြစ်ဖြုတ်ခြင်းဖြစ်သည်။ ထို့ကြောင့် မဟာမိတ်တို့ကို ကူညီခြင်းသာလျှင် မှန်ကန်သောလမ်းကြောင်းဖြစ်သည်'** ဟု ဖောက်ပြန်သောအယူအဆ၊ မှောက်မှားသောဝါဒများဖြင့် ကဖျက်ယဖျက် လုပ်ခဲ့ကြသည်။ သူတို့၏ နှောင့်ယှက်မှုကြောင့် ကျွန်ုပ်တို့သည် ဖက်ဆစ်ဂျပန်တော်လှန်ရေးကို တစ်ကြိမ် မှန့်စ်ကြိမ်တိုင်တိုင် ရွေ့ဆိုင်းခဲ့ရသည်။ သူတို့က ဂျပန်ကိုတိုက်ရ၊ တော်လှန်ရမည့်အစား မဟာမိတ်တို့၏ ပဉ္စမံတပ်သားများအဖြစ်သာ စခန်းသွားလိုကြသည်။

(၃) 'တော်လှန်ရေးတပ်ဦး'စာချုပ်အရ ဖက်ဆစ်တော်လှန်ရေးတွင် ပါဝင်လာပြန်သောအခါလည်း လုပ်ဖော်ကိုင်ဖက်အချင်းချင်း ပို၍ သွေးစည်းညီညွတ်အောင် လုပ်ဆောင်ရမည့်အစား မိမိတို့နှင့် ယှဉ်ပြိုင်ဘက်ဟု ယူဆသော ခေါင်းဆောင်များကိုတော်လှန်ရေးနှင့်အတူ စတေးပစ်ရန် အကြံပက်စက်ကြပြန်သည်။ ကိုကျော်ငြိမ်းမှာ မိမိတာဝန်ကျရာတိုင်းသို့ အခြေအနေအရ မရောက်ခဲ့ရသည်ပင် ကံကောင်းသည်ဟု ဆိုရပေမည်။ ရောက်မိက ယခုလို အသက်ရှင်နေမှ ရှင်နေမည်ဖြစ်သည်။ စတေးပစ်ရန် ညွှန်ကြားထားပြီးဖြစ်သည်။ တိုင်း ၂ ခေါ် မြစ်ဝကျွန်းပေါ်တွင်လည်း ဗိုလ်ချုပ်နေဝင်း၊ ဗိုလ်အောင်ကြီး၊ ဗိုလ်ကြည်ဝင်းတို့အား လုပ်ကြံခိုင်းခဲ့သည်ကို လက်ပူးလက်ကြပ်မိခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်မှူးအောင်တို့ စခန်းကိုလည်း ရန်သူစခန်းဆိုကာ ဝိုးကြခိုင်းခဲ့သည်။ သေကံမရောက်၍ အချိန်မီ ဗိုလ်ချုပ်အောင်ဆန်းတို့ စခန်းပြောင်းမိသဖြင့် လက်မတင်ကလေး လွတ်မြောက်ခဲ့ကြသည်။ စခန်းတွင်ကျန်ခဲ့သည့် အချို့ရဲဘော်များ သေသူသေ၊ အနာတရဖြစ်သူဖြစ်ခဲ့ကြသည်။ ကျွန်ုပ်တို့မှာမူ ရန်သူအလယ် သေတွင်းဝတွင် ကျန်ခဲ့ရသဖြင့် 'သူဟာသူကြွမှာပဲ' ဟု ယူဆကာ အထူးလုပ်ကြံမှုကို မခံခဲ့ရပါပေ။

(၄) ဂျပန်တော်လှန်စဉ်ကလည်း မဟာမိတ်တို့ထံမှ ချပေးသမျှ လက်နက်များ၊ ရိက္ခာများကို သူတို့ပဲ ခပ်များများအပိုင်စီးခဲ့ကြသည်။ လေထီးသမားများနှင့် ပါလာသော ရွှေငွေပစ္စည်းများကိုလည်း ဖ. ဆ. ပ. လ သို့ လုံးဝမအပ်၊ သူတို့ပင် အကုန်လုံး ဘုံးယူခဲ့ကြသည်။ ကျန်အဖွဲ့အစည်းများက ရရာလက်နက်၊ ရှိရာရန်ပုံငွေဖြင့် ရှာကြံလုပ်ဆောင်ကြရသည်။ ဤကိစ္စနှင့်ပတ်သက်ပြီး ဗိုလ်ချုပ်အောင်ဆန်းက **"ဒါတင်မကဘူး မဟာမိတ်တွေဆီကို လူလွှတ်ဖို့ပဲဖြစ်ဖြစ်၊ မဟာမိတ်တွေဆီက ရတဲ့လက်နက်နဲ့ ရွှေငွေအကူအညီတွေကို သူတို့ချည်းပဲ ကြိတ်လုပ်ကြတယ်"** ဟု ဆိုခဲ့သည်။ (ကွန်မြူနစ်တွေကို ဘာ့ကြောင့် ထုတ်ပစ်သလဲမိန့်ခွန်း)

ခြွင်းချက်မရှိ လက်နက်ချ

(၅) ဂျပန်ဆုတ်၍ မဟာမိတ်တပ်များဝင်လာသောအခါ တော်လှန်ရေးတပ်ဦးစာချုပ်ကို ဖောက်ဖျက်၍ 'လက်နက်ကိုင်တော်လှန်ရေးမလိုတော့၊ ခြွင်းချက်မရှိ လက်နက်ချအပ်ရမည်၊ ခြွင်းချက်မရှိ ပူးပေါင်းရမည်'ဟု ဖောက်ပြန်လှသည့် ငြိမ်းချမ်းစွာဖြစ်ပေါ်ရေး၊ ဘရောက်ဒါဝါဒကို ပြန်ဖော်ကာ လွတ်

လပ်ရေးတိုက်ပွဲကို လမ်းမှားသို့ပို့ဆောင်ရန် လုပ်လာပြန်သည်။ ဤသည်ကို ရည်၍ ဗိုလ်ချုပ်အောင်ဆန်းက **"အစတုန်းကဆိုရင် ကွန်မြူနစ်တွေဆိုတာလည်း ပြောပလောက်ပါဘူး၊ အလုပ်လည်းပဲ တကယ်မရှိပါဘူး။ ပြီးတော့ သူတို့ ဝါဒကလည်း အင်္ဂလိပ်လာရင် လက်နက်ချလိုက်ဆိုတဲ့ ဝါဒလောက်ပဲရှိတယ်"** ဟု ဆိုခဲ့သည်။

အကြံပက်စက်လေသမျှ

(၆) အင်္ဂလိပ်များ ပြန်ဝင်လာ၍ စစ်အုပ်ချုပ်ရေး(C.A.S.B)ကို ထူထောင်သောအခါ (Force 136)ခေါ် စစ်ထောက်လှမ်းရေးနှင့်ပူးပေါင်းကာ စစ်အုပ်ချုပ်ရေးနှင့် အလွှမ်းသင့်အောင်လုပ်ခဲ့ကြပြန်သည်။ တော်လှန်ရေးအတွင်း စတေးမခံလိုက်ရသော ပြည်သူ့အရေးတော်ပုံပါတီမှ ခေါင်းဆောင်များ၊ တပ်မတော်မှ ခေါင်းဆောင်များကို အပြုတ်နှံရန် မဟုတ်သတင်းအမျိုးမျိုး၊ လံကြုပ်သတင်းအမျိုးမျိုးပေး၍ ချောက်ချပြန်သည်။ ပက်စက်လှသော သစ္စာဖောက်မှု၊ လုပ်ကြံမှုကြီးကို ကျူးလွန်ကြပြန်သည်။ ကျွန်ုပ်တို့ ဆိုရှယ်လစ်များက လက်နက်စုနေသည်။ ဗမာ့တပ်မတော်ကလည်း အင်္ဂလိပ်ကို ပြန်ချဖို့လုပ်နေသည်။ အထူးသဖြင့် မြစ်ဝကျွန်းပေါ်တွင် ဆိုရှယ်လစ်များနှင့် တပ်မတော်ပူးပေါင်း၍ တော်လှန်ရေးကို ပြင်ဆင်နေကြသည်။ အချိန်မီ မြစ်ဝကျွန်းပေါ်ရှိ တပ်များကို လက်နက်သိမ်း၍ အမြန်ဖျက်သိမ်းပစ်ရန် တိုင်တန်းသည့်စာများ ရေးလိုရေး၊ ပါးစပ်ဖြင့် တိုင်လိုတိုင် လုပ်ခဲ့ကြသည်။ ဤသို့ အကြံပက်စက်မှု၊ သစ္စာဖောက်မှု၊ ချောက်တွန်းမှုကြောင့် တိုင်းအမှတ် ၂ ခေါ် မြစ်ဝကျွန်းပေါ်တိုင်းမှ ဗိုလ်တင်ဖေတပ်၊ ဗိုလ်ကြည်ဝင်းတပ်၊ ဗိုလ်ဘစိန်တပ်များ လက်နက်သိမ်း၍ အဖျက်ခံလိုက်ရသည်။ ဗိုလ်ကျော်မြင့်တပ်မှာ အချိန်မီ မြစ်ဝကျွန်းပေါ်မှ သာယာဝတီနှင့် ပြည်တစ်ဝိုက်ရှိ တိုင်းအမှတ် ၂ ခေါ် ဗိုလ်ချုပ်မောင်မောင်၏ မင်းလှစည်သူတပ်များနှင့် ပူးပေါင်းနိုင်ခဲ့သဖြင့် အဖျက်သိမ်းမခံလိုက်ရပေ။ ဤကိစ္စနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းက **"အထူးသဖြင့် အင်္ဂလိပ်စစ်တပ်တွေပြန်ဝင်လာတဲ့အခါ ဆိုရှယ်လစ်တွေက လက်နက်ရတယ်၊ တပ်မတော်က ဘာတွေလုပ်နေတယ်၊ အင်္ဂလိပ်ကို ပြန်ချဖို့လုပ်နေတယ်လို့ စာရေးပေးလိုပေး၊ စစ်အုပ်ချုပ်ရေးနဲ့ပင်းလိုပင်း လုပ်ကြတယ်။ မြစ်ဝကျွန်းပေါ်မှာရှိတဲ့ ဗမာ့တပ်မတော်ဆိုလို့ရှိရင် ဖျက်ဖို့တိုက်တွန်းကြတယ်။ ကျုပ်ဆီမှာ သခင်စိုးကရေးပြီး သခင်သန်းထွန်းလက်မှတ် ထိုးထားတဲ့ စာတစ်စောင်**

တောင်ရှိသေးတယ်။ အဲဒါတွေလည်း ကျုပ်တို့အင်မတန် သည်းခံရတယ်။ သူတို့အလိုလိုက် ပြီး လက်နက်ချရမယ်ဆိုလို့ လက်နက်တွေချခဲ့ရတယ်” ဟု သူ၏မိန့်ခွန်းတွင် အတိအကျမိန့်ကြားခဲ့လေသည်။

ကတိကဝတ်ဖျက်ကာ

(၇) တော်လှန်ရေးတပ်ဦးစာချုပ် ချုပ်ဆိုစဉ်ကလည်းကောင်း၊ ဖ. ဆ. ပ. လ ကို လျှို့ဝှက်ဖွဲ့စည်းစဉ်ကလည်းကောင်း လွတ်လပ်ရေးမရမီ 'မည်သူ့ဘက်ကမှ ပြောင်ပါတီ မထောင်စတမ်း၊ ဖ. ဆ. ပ. လ အတွင်းမှာပင် အမာခံအင်အားစုအဖြစ်ဖြင့် စုပေါင်း၍ ခေါင်းဆောင်မှုကို ပေးကြစတမ်း၊ အကယ်၍ ပြောင်ပါတီထောင်ဖို့လိုက သီခြားပါတီမထောင်ကြဘဲ နှစ်ဖွဲ့ပူးပေါင်း၍ တစ်ခုတည်းသော လက်ဝဲပါတီတစ်ရပ်ကိုသာ ထူထောင်ကြစတမ်း' ဟု ကတိကဝတ်ပြု၍ နားလည်မှုရှိခဲ့ကြသည်။ ဤနားလည်မှုကြောင့်ပင် ကျွန်ုပ်၏နာမည်၊ ဗိုလ်ချုပ်နေဝင်း၏နာမည်၊ ဗိုလ်ချုပ်အောင်ဆန်း၏နာမည်များကို သူတို့ပါတီပေါ်လစ်ဗျူရိုတွင် ထည့်သုံးခွင့်ကို ပြုခဲ့ကြသည်။ သို့သော် အင်္ဂလိပ်များ ပြန်ဝင်လာသောအခါ ဖ. ဆ. ပ. လ ကို အင်အားတောင့်တင်းအောင် လုပ်ဆောင်ကြရမည့်အစား ကတိကဝတ်ကိုဖျက်ကာ သူတို့ပါတီကို ပြောင်ထူထောင်ကာ သူတို့သာ တော်လှန်ရေးခေါင်းဆောင်များ ဖြစ်ကြသယောင် ဟစ်အော်ကြွေးကြော်ခဲ့ကြသည်။ လူထုလူတန်းစားအဖွဲ့အစည်းဆိုင်းဘုတ်များကိုလည်း နေရာတကာ ဆွဲချိတ်ကာ တစ်မိုးလုံးဖျောက်ဆိပ်လုပ်ခဲ့ကြသည်။ သူတို့နောက်တွင်သာ လူထုရှိသည်ဟုထင်ရအောင် လုပ်ဆောင်ကြခဲ့သည်။

မူ နှစ်မူ

ကျွန်ုပ်တို့က မူလနားလည်မှုအရ အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးစေ့စပ်သော်လည်း သူတို့က ပါတီမထောင်ရေးကိုလည်း လက်မခံ၊ နှစ်ပါတီပူးပေါင်း၍ ဖွဲ့စည်းမှုကိုလည်း လက်မခံ။ သူတို့ပါတီကိုဝင်လိုလျှင် တစ်ဦးချင်းလျှောက်သွာတင်ကြ၊ တစ်ဦးချင်းစစ်၍ လက်ခံမည်၊ မည်သူမည်ဝါဆိုလျှင် လုံးဝလက်မခံနိုင် စသည်ဖြင့် အထက်စီးလေသံဖြင့် စော်ကားမော်ကားလုပ်ကြသည်။ ဆွေးနွေးစေ့စပ်မှု ပျက်ရသည်။

ထို့ပြင် ဖ. ဆ. ပ. လ အဖွဲ့ကို ပြောင်ထူထောင်သောအခါ ကျွန်ုပ်တို့သည် တောင့်တင်းခိုင်မာသော အဖွဲ့ချုပ်ကြီးဖြစ်စေလိုသည်။ အမျိုးသားညီညွတ်ရေးတည်ဆောက်ရာတွင် တပ်ပေါင်းစုမှု (United Front)နှင့် အမျိုးသားအဖွဲ့ချုပ်မှု National Front ဟူ၍ နှစ်မျိုးရှိသည်။ တပ်ပေါင်းစုမှာ အဖွဲ့၊ ပါတီချင်း ပူးပေါင်းသောမူဖြစ်သဖြင့် အဖွဲ့ချုပ်တွင် ကိုယ်တိုင်အင်အားမရှိ၊ အဌားအားသာရှိ၍ မတည်မြဲနိုင်ပေ၊ မခိုင်ခံနိုင်ဟု ယူဆသည်။ အမျိုးသားအဖွဲ့ချုပ်မှုမှာလည်း တစ်ဦးချင်းအဖွဲ့ဝင်များကို ဦးစားပေးရသဖြင့် ပျော့ညံ့မှုရှိသည်ဟု ယူဆသည်။ အဖွဲ့လိုက်ရော၊ တစ်ဦးချင်းပါ ပေါင်းစုနိုင်မှ ခိုင်ခံမည်။ တောင့်တင်းမည်။ ပြတ်ပြတ်သားသား မိမိတို့လမ်းစဉ်အတိုင်း လုပ်ဆောင်နိုင်မည်၊ ချိတက်နိုင်မည်ဟု ယုံကြည်သည်။ ထို့ကြောင့် ထိုမူနှစ်ရပ်ကို ပေါင်းစပ်၍ အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုအဖွဲ့ချုပ် (National United Front) အဖြစ်ဖြင့် ဖွဲ့စည်းထူထောင်လိုက်သည်။

ဇွတ်အတင်းကြေညာခြင်း

ဤကိစ္စတွင်လည်း သခင်သန်းထွန်းက အထွေထွေအတွင်းရေးမှူးချုပ်အနေဖြင့် တပ်ပေါင်းစုမှကို ဇွတ်အတင်းကြေညာခဲ့သည်။ သီခြားပါတီမထောင်လိုသော ကျွန်ုပ်တို့အား ဖ. ဆ. ပ. လ မှ ဖယ်ထုတ်နိုင်ရန် လုပ်ကြံလိုက်ခြင်း ဖြစ်လေသည်။ ဖ. ဆ. ပ. လ ဖွဲ့စည်းရေးနှင့်ပတ်သက်၍ ကျွန်ုပ်တို့လိုလားသောမူကို ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ကျင်းပသည့် ပထမဆုံး ပြည်လုံးကျွတ်ညီလာခံမှာ အနိုင်ရရှိခဲ့လေသည်။ ဤသို့ဖြင့် ဖ. ဆ. ပ. လ ဖွဲ့စည်းပုံ မူဟောင်း မူသစ်ကို ခွဲခြားသိရန်လိုလေသည်။

ဤသို့သော အကြောင်းများကြောင့် ကျွန်ုပ်တို့သည် လွတ်လပ်ရေးကြိုးပမ်းနေချိန်တွင် ဖ. ဆ. ပ. လ သာလျှင် လူထုတစ်ရပ်လုံးကို ရှေ့ဆောင်၍ အရာရာတွင် ဦးဆောင်နိုင်ရန် သီခြားပါတီထူထောင်မှုကို မပြုလိုသော်လည်း မိမိတို့၏ရပ်တည်နိုင်မှု၊ ဖ. ဆ. ပ. လ ၏ အင်အားကို ထိန်းသိမ်းနိုင်မှုအတွက် ၁၉၄၅ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ပြည်သူ့အရေးတော်ပုံပါတီဆိုရှယ်လစ်ပါတီအမည်သို့ ပြောင်း၍ ပြောင်ပါတီထူထောင်ရသည့် အခြေအနေကို ရောက်ခဲ့ရလေသည်။

ကျွန်ုပ်ကိုယ်တိုင်လည်း ပါတီနှင့်လူထုလူတန်းစားစည်းရုံးရေးကို အချိန်

ပြည့်လုပ်လိုသဖြင့် ဖ. ဆ. ပ. လ အလုပ်အမှုဆောင်အဖွဲ့မှ လူစားထိုး၍ ခေတ္တနုတ်ထွက်ခဲ့ရလေသည်။ ဤနည်းဖြင့် ဖ. ဆ. ပ. လကို အပိုင်စီး၍ နယ်ချဲ့ကို လျှော့ဈေးဖြင့် ဒူးထောက်မည့် ကွန်မြူနစ်တို့၏အကြံကို အချိန်မီ ဟန့်တားခဲ့ရလေသည်။

အသားထဲမှ လောက်

(၈) ဤသစ္စာဖောက်လုပ်ငန်းတွေကို **တစ်ဖက်က**လုပ်ပြီး တစ်ဖက်က လည်း ဖ. ဆ. ပ. လ အတွင်း လုပ်ဖော်ကိုင်ဖက်**အချင်းချင်း**တွေကို ခြေထိုးမှု၊ ကလိန်ကျမှု အမျိုးမျိုးလုပ်ခဲ့ကြသည်။ အကောင်းမှန်**သမျှ** သူတို့လုပ်တာ ဟု အသားယူပြီး အဆိုးမှန်က သူများကိုပုံချသည်။ ဖ. ဆ. ပ. လ အတွင်း အထွေထွေအတွင်းရေးမှူးချုပ်နေရာမှစ၍ အရေးပါအရာရောက်သောနေရာ များတွင် သူတို့ပါတီဝင်များက ဝင်၍ ကိုင်ထားကြသည်။ အလုပ်ကျတော့ ဖ. ဆ. ပ. လ နာမည်၊ ဗိုလ်ချုပ်အောင်ဆန်းနာမည်တို့ကို ရောင်တော်ပြန်သုံး ပြီး သူတို့ပါတီအတွက် လုပ်ကြသည်။ ဖ. ဆ. ပ. လ မှ ဆုံးဖြတ်ပြီး အလုပ်တွေ ကို ဖ. ဆ. ပ. လ နာမည်နှင့်သာ လုပ်ရမည်ဟု စည်းကမ်းသတ်မှတ်ထား သော်လည်း သူတို့က ဖောက်ဖျက်၍ နာမည်ရစရာ၊ အသားယူစရာရှိလျှင် ကွန်မြူနစ်ပါတီအနေဖြင့် နာမည်ယူ၊ အသားယူပြီး မဟန်လျှင်၊ ချောက်ကျစရာ ရှိလျှင် ဖ. ဆ. ပ. လ သို့ လွှဲချသည်။

နယ်ချဲ့တော်လှန်ရေးတွင် ဖ. ဆ. ပ. လအပေါ် သစ္စာရှိရှိဖြင့် အသက် စွန့် ကြိုးပမ်းတာဝန်ထမ်းဆောင်နေကြသည့် ဆိုရှယ်လစ်များ၊ ပြည်သူ့ရဲဘော် များကိုလည်း မျက်ကန်းမျိုးချစ်တွေ၊ သွေဖည်ရေးသမားတွေ၊ မိုက်ရူးရဲ တစ်ရှူး ထိုးသမားတွေ၊ ဖက်ဆစ်ဝါဒီတွေ အစရှိသဖြင့် အမျိုးမျိုးပုတ်ခတ်ကြသည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်ဦးနှင့်တစ်ဦး ကွဲပြားအောင် ကုန်းတိုက်၊ ရန်တိုက်လုပ် ကြသည်။ လူထုက အထင်အမြင်မှားအောင် မဟုတ်သတင်းအမျိုးမျိုးလုပ်ကြံ ၍ လွှင့်ကြသည်။

(၉) ဗိုလ်ချုပ်အောင်ဆန်းနှင့် ကျွန်ုပ်တို့က လွတ်လပ်ရေးတိုက်ပွဲတွင် နောက်ဆုံးအနိုင်ကြရမည့် ပွဲအဖြစ်ဖြင့် ပွဲကြီးပွဲကောင်းနှင့် ရင်ဆိုင်နေရသဖြင့် အသားထဲမှ လောက်ထွက်ကာ သစ္စာဖောက်မှုအမျိုးမျိုး၊ ညစ်ပတ်မှုအမျိုးမျိုး၊ ကလိန်ကျမှုအမျိုးမျိုးနှင့် အနှောင့်အယှက် အဖျက်အဆီးလုပ်နေကြသော

ကွန်မြူနစ်များကို သည်းခံနိုင်သမျှ သည်းခံလာခဲ့ကြသည်။ အကြောင်းအကျိုး နှင့် အမျိုးမျိုးဖျောင်းဖျ၍ နယ်ချဲ့အားရ၊ နယ်ချဲ့အားပေးအလုပ်မျိုး မလုပ်ဖို့၊ ညီညွတ်ရေးကို ထိန်းသိမ်းဖို့ ပြောခဲ့ဆိုခဲ့ကြသည်။ မရခဲ့ပါပေ။

အားစမ်းခဲ့ပုံက

ဤသို့ သဘောထားကြီးစွာဖြင့် သည်းခံမှုကိုပင် သူတို့အား မည်သူမှ အန်မတုနိုင်၊ သူတို့လုပ်ချင်ရာလုပ်နိုင်သည်ဟု အထင်ကြီးကာ ဗိုလ်ချုပ် အောင်ဆန်းကိုပင် ဖြုတ်ချ၍ ဖ. ဆ. ပ. လ ကို အပိုင်စီးရန်အထိ လက်ရဲ ဇက်ရဲလုပ်လာကြသည်။ ၁၉၄၆ ခုနှစ် ဩဂုတ်လတွင် ကျင်းပရန်ခေါ်ထား သော ဦးစီးအဖွဲ့ညီလာခံတွင် အကောင်အထည်ဖော်ရန် စီစဉ်ပြီးဖြစ်ကြသည်။

ဤသို့ လွတ်လပ်ရေးအတွက် သေရေးရှင်ရေးဖြစ်ခိုက်တွင် ညီညီညွတ် ညွတ်ဖြင့်အားသွန်၍ လုပ်ကြရမည့်အစား မီးတကျည်ကျည်ဖြင့် ကဖျက် ယဖျက်လုပ်နေရုံမက ဖ. ဆ. ပ. လ အဖွဲ့ချုပ်ကြီး ပျက်စီးရာပျက်စီးကြောင်းကို အမျိုးမျိုးလုပ်လာသည်ကို အချိန်မီ တားဆီးရန် လိုအပ်သည့်အတိုင်း ၁၉၄၆ ခုနှစ် ဇူလိုင်လတွင်ကျင်းပသည့် ဖ. ဆ. ပ. လ အလုပ်အမှုဆောင်အဖွဲ့မှ သခင်သန်းထွန်းအား အထွေထွေ အတွင်းရေးမှူးချုပ်ရာထူးမှ နုတ်ထွက် ခိုင်းခဲ့ ရသည်။ ထိုနေရာတွင် ဦးကျော်ငြိမ်းအား ယာယီခန့်ထား တာဝန်ပေးခဲ့ရသည်။ ဤသည်ကိုပင် ၁၉၄၆ ခုနှစ် ဩဂုတ်လတွင်ကျင်းပသည့် ဖ. ဆ. ပ. လ ဦးစီး အဖွဲ့ညီလာခံတွင် ဦးသိန်းဖေက ဦးကျော်ငြိမ်းနှင့် ယှဉ်ပြိုင်အထွေထွေ အတွင်းရေးမှူးနေရာတွင် အရွေးခံပြန်သည်။ သို့သော်လည်း ၅၂ မဲ- ၃၃ မဲဖြင့် ဦးသိန်းဖေမှာ အပြတ်အသတ် ရှုံးနိမ့်ခဲ့ရသည်။ အားစမ်းခြင်းဖြစ်သည်။

မအောင်နိုင်သည့်အရှုံး

ဤကိစ္စများနှင့် ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း၏ နှုတ်ထွက်စကားကို သိလိုကြားလိုသူတို့အတွက် တချို့တစ်ဝက်ကို ဖော်ပြရသော် -

"အဲဒီလို သစ္စာဖောက်လုပ်ငန်းတွေကတစ်ဖက်၊ ကျုပ်တို့အလုပ်လုပ်တဲ့ အချင်းချင်းတွေကို ခြေထိုးတာတွေ၊ ကလိန်ကျတာတွေကတစ်ဖက်၊ အဲဒီဟာ မျိုးတွေ လုပ်ပြီး သူတို့ပါတီ ကြီးပွားအောင် လက်ဦးရင်ပြီးရောဆိုပြီး ဟိုဆိုင်း

ဘုတ် ဒီဆိုင်းဘုတ်တွေတင်၊ သူတို့လူတွေက နေရာတကာမှာဝင်ပြီး ကြိုးကိုင်ထား၊ ဒို့ပြင်လူတွေကို ကန်ထုတ်သလိုလုပ်၊ ဖ. ဆ. ပ. လ တို့၊ ကျုပ်တို့နာမည်တို့ကို ရောင်တော်ပြန်သုံးစွဲပြီး သူတို့အားစုတာနဲ့ လူထုအစည်းအရုံးစင်ပြိုင်တွေပေါ်၊ လူထုထဲမှာလည်း ရှုပ်ရှုပ်ထွေးထွေးဖြစ်၊ ပါတီတွေကလည်း ဟိုကပေါ် ဒီကပေါ်၊ ဖ. ဆ. ပ. လ လုပ်ငန်းဆိုတာလည်းပဲ ဖ. ဆ. ပ. လ ထဲမှာ သူတို့တစ်တွေ အများအပြား ရာထူးယူထားပေမဲ့ ဘာမှမလုပ်ဘူး၊ ပစ်ထားတယ်။ သူတို့ပါတီ လုပ်ငန်းတွေကိုပဲ လုပ်ကြတယ်။

အဲဒါနဲ့ ဖ. ဆ. ပ. လ လုပ်ငန်းတွေဟာ မတွင်ကျယ်ဘူး။ ဘာပဲဖြစ်ဖြစ် သူတို့သာ မှန်တယ်၊ ဒီပြင်လူတွေကမမှန်ဘူးဆိုပြီး နေရာတကာမှာ တင်စီးတင်စားလုပ်တယ်။ အဲဒါနဲ့ ကျုပ် သူတို့ကို မေတ္တာနဲ့ပဲ အကြိမ်ကြိမ်အခါခါသတိပေးတယ်။ ခင်ဗျားတို့ ဒါမျိုးလုပ်ရင် ဖ. ဆ. ပ. လ ကြီးကွဲလို့ ခင်ဗျားတို့တက်မယ်ထင်လား။ ခင်ဗျားတို့ကို အင်္ဂလိပ်စစ်က စစ်တိုက်တုန်းသုံးပေမဲ့ စစ်ပြီးတဲ့အခါ ဆော်လိမ့်မယ်။ ကျုပ်တို့အချင်းချင်း မညီညွတ်မဲ့အလုပ်တွေ မလုပ်ပါနဲ့လို့ အကြိမ်ကြိမ်ပြောခဲ့တယ်။ မရဘူး။ လုပ်မြဲလုပ်တာပဲ။ ဆိုရှယ်လစ်တွေကို ကြံ့ဖန်အပြစ်ရှာပြော-ရေး၊ လက်ဝဲညွှန်ကြားရေးကိုလုပ်ပြီး ပြန်ဖျက်၊ ဖ. ဆ. ပ. လကြီးကို ကွန်မြူနစ်ပါတီအတွက် အလွဲသုံးစားလုပ်၊ တရားသဖြင့် သူတို့အလုပ်လုပ်လို့ ဖ. ဆ. ပ. လ မှာ ကွန်မြူနစ်တွေ တွင်ကျယ်လာတယ်ဆိုရင်လည်း ဟုတ်ပါရဲ့။ ကျုပ်တို့ကလည်း ကြည်ဖြူပါတယ်။

အခုတော့ ဒီလိုမဟုတ်ဘူး။ ဖ. ဆ. ပ. လ ရာထူးတွေကိုတော့ လက်ခံထားတယ်။ ဖ. ဆ. ပ. လ အလုပ်ကိုတော့ ကောင်းကောင်းမလုပ်ဘူး။ နာမည် ရစရာရှိပြီဆိုရင် ကွန်မြူနစ်ပါတီနာမည်နဲ့ပါတယ်။ လုပ်လို့ မဟုတ်ဘူးဆိုရင် ဖ. ဆ. ပ. လ ကို လာထိုးအပ်ပြီ။ အဲဒါမျိုးတွေချည်းပဲ။ ကျုပ်တို့ကလည်း ခံနိုင်သလောက်သည်းခံပြီး လုပ်ပေးတာပဲ။ ဝဲခွေးဘက်မှာ အငတ်ပြဿနာတွေ ဖြေရှင်းကြတယ်။ ပထမ သူတို့အသာရမယ်ထင်တုန်းက သူတို့ပါတီနာမည်နဲ့ လုပ်တယ်။ ကိုးရိုးကားရားဖြစ်တော့မှ ဖ. ဆ. ပ. လ ကို လာအပ်တယ်။

'ဖ. ဆ. ပ. လ ဆုံးဖြတ်ပြီး အလုပ်တွေကို ဖ. ဆ. ပ. လ နာမည်နဲ့သာ လုပ်ရမယ်' လို့ သူတို့ရော ကျုပ်တို့ရော သဘောတူစည်းကမ်းသတ်မှတ်ထားတယ်။ ဒါတွေ ဖောက်ဖျက်ပြီး သူတို့လုပ်တာပဲ။ ဒါနဲ့ သူတို့တစ်တွေ လုပ်ပုံ

တွေဟာကိုက မှုမမှန်တော့ မှားပြီးရင်းမှားရင်း ဖြစ်လာတယ်။ သူတို့တစ်တွေ အမှားဖြစ်တာနဲ့ပဲ ကျုပ်တို့ ဖ. ဆ. ပ. လ မှာလည်းပဲ ခဏခဏ ဂယက်ရိုက်တယ်။ သူတို့ဟာက ခုတစ်မျိုး ခုတစ်မျိုးပဲ" (ဗိုလ်ချုပ်အောင်ဆန်း၏ 'ကွန်မြူနစ်တွေကို ဘာကြောင့်ထုတ်ပစ်ရသလဲ' မိန့်ခွန်း)

ဤကား တော်လှန်ရေးသမိုင်းတွင် ဇာတ်ရည်လည်နိုင်ရန်၊ ကွင်းဆက်မိနိုင်ရန် မဖော်လျှင်မဖြစ်သည့် ကွန်မြူနစ်တို့နှင့်ပတ်သက်သည့် အစပိုင်းမြုပ်ကွက်အနည်းအကျဉ်းဖြစ်ပါသည်။ (အကျယ်ကိုသိလိုသူများ ဖ. ဆ. ပ. လ မှ ထုတ်ဝေခဲ့သော 'ကွန်မြူနစ်ဘယ်လဲ'၊ 'နိုင်ငံရေးရှင်းတမ်း'၊ 'ကွန်မြူနစ်တွေကို ဘာကြောင့်ထုတ်ပစ်ရသလဲ' စသည့် စာရွက်စာတမ်းများတွင် လေ့လာနိုင်ပါသည်။) နောက်ဖြစ်ပေါ်လာသည့် အလယ်ပိုင်းကွန်မြူနစ်တို့၏ ဖောက်ပြန်မှု၊ ကလိန်ကျမှု၊ သစ္စာဖောက်မှုများကိုကား ဖြစ်စဉ်ဖြစ်ရပ်များနှင့်အတူ ဖော်၍ တင်ပြသွားပါမည်။ အဆုံးပိုင်းကား ကွန်မြူနစ်တို့သည် အဘယ်တွင် အဆုံးသတ်မည်ကို ကျွန်တော်လည်းမသိနိုင်ပါပေ။

ယခု ဆက်လက်၍ ပွဲကြီးပွဲကောင်းကို ပြန်ကောက်ကြပါစို့။

■

အတွဲ(၁)၊အမှတ်(၁၂)၊ ဩဂုတ် ၁၊ ၁၉၇၁

ဗိုလ်စိန်မှန်

ဗိုလ်မင်းခေါင်

ပွဲကြီးပွဲကောင်း (၂)

လူယုံလက်ရုံး

ပွဲကြီးပွဲကောင်းကို ပြန်၍ကောက်ရသော် နယ်ချဲ့သူရဲကောင်းကြီး ဘုရင်ခံ ဆာဒေါ်မန်စမစ်သည် ဝမ်းကိုက်ရောဂါ ရုတ်တရက် စွဲကပ်လာသည် ဆိုကာ ပြည်တော်သို့ပြန်၍ ပြေးရှာလေပြီ။ နယ်ချဲ့တို့ ဘာပရိယာယ်များ အသစ် ဆင်လာပါဦးမည်နည်း။

ကျွန်ုပ်တို့က ပွဲကြီးပွဲကောင်းကို စတင်ဖန်တီးခဲ့သော သူရဲကောင်းကြီး ဆာဒေါ်မန်စမစ်ကို ကျန်းကျန်းမာမာဖြင့် ပြန်ရောက်လာမည်ကို စောင့်မျှော်ခဲ့ သည်။ ဆာဒေါ်မန်စမစ်ကား မပေါ်လာတော့။ သူ၏နေရာတွင် ဘုရင်ခံသစ် အဖြစ်ဖြင့် ၁၉၄၆ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် ဆာဟူးဗတ်ရန့် ရောက် လာသည်။ ဆာဟူးဗတ်ရန့်မှာ နိုင်ငံရေးသမားမဟုတ်။ ကိုလိုနီအုပ်ချုပ်ရေး အတွက် အထူးရွေးချယ်လေ့ကျင့်ပေးထားသည့် (Professional Careerist) ခေါ် ပဋိညာဉ်ခံ အရာထမ်းအမှုထမ်းလည်းမဟုတ်။ ရိုးရိုးစစ်မှုထမ်းထဲမှ လူ တော်လူကောင်းတစ်ယောက်သာဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်း ဗိုလ်ချုပ် အဆင့်ဖြင့် စစ်မျက်နှာများတွင် တာဝန်ထမ်းခဲ့သည်။ နောက်ဆုံး အရှေ့တောင် အာရှစစ်မျက်နှာတွင် စစ်သေနာပတိချုပ် မောင့်ဘက်တန်၏ လက်အောက် တွင် အမှုထမ်းခဲ့၍ မောင့်ဘက်တန်၏ လူယုံလက်ရုံးတစ်ဦးလည်းဖြစ်သည်ဟု

သတင်းရရှိထားသည်။ သို့သော် ကျွန်ုပ်တို့ကား နယ်ချဲ့၏ပရိယာယ်ကို မသိနိုင်။ စစ်ဗိုလ်တစ်ဦးကို ဘုရင်ခံခန့်၍ လွှတ်သည်ကပင် ထူးနေဆန်းနေသည်။ ပို၍ သံသယဖြစ်စရာရှိနေသည်။ ဘာပဲဖြစ်ဖြစ် နယ်ချဲ့က စေလွှတ်သူတစ်ဦးကို နယ်ချဲ့ကိုယ်စားလှယ်ဟုသာ သဘောထားရမည် မဟုတ်ပါလော။

ထိထိမိမိဖြင့်

ကျွန်ုပ်တို့သည် နယ်ချဲ့အား အချိန်ပေး၍မဖြစ်။ **သူတို့ အဆင့်သင့်မဖြစ်မီ လျှို့ဝှက်လက်နက်တချို့ကို ထုတ်၍ ထိုးစစ်ဖြင့် အလဲထိုးရန် အချိန်တန်ပြီဟု ယူဆသည်။ ပွဲကြီးပွဲကောင်းဖြစ်သော ကမ္ဘာ့လက်ဝှေ့ပွဲကြီးများတွင် ဘယ်ဝိုက်လက်သီးတစ်ချက်ကောင်းမိနိုင်ဖို့၊ သွင်းနိုင်ဖို့ အချိန်ယူကြသည်။ ရန်သူအလစ် ရန်သူအယိုင်တွင် ဘယ်ဝိုက်လက်သီးတစ်ချက်ကောင်းမိအောင် သွင်း နိုင်က ပွဲပြီးသည်က များကြသည်။** ယခုလည်း ဖ. ဆ. ပ. လ က ဘယ်ဝိုက်လက်သီးကို ထိထိမိမိဖြင့် အချက်ကောင်းယူကာ တအားသွင်းဖို့ အချိန်ရောက်ပြီ မဟုတ်ပါလော။

၁၉၄၆ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့တွင် နယ်ချဲ့တို့၏ ဖိနှိပ်မှုစက်ယန္တရားတွင် အဓိကသော့ချက်ဖြစ်သော ပုလိပ်အဖွဲ့က စတင်၍ သပိတ်မှောက်လိုက်ပါသည်။ နယ်ချဲ့တို့အလစ်တွင် အရှိုက်ကို ပထမဆုံး မိလိုက်ခြင်းဖြစ်ပါသည်။ နယ်ချဲ့တို့သည် ဗမာပြည်ကိုသိမ်းပိုက်၍ ဗမာများကို ကျွန်လုပ်ခဲ့သည့်အချိန်မှစ၍ တစ်ပါးကျွန်ပီပီ နယ်ချဲ့တို့အကြိုက် ခိုင်းရာစေရာ သစ္စာရှိရှိဖြင့် အမှုတော်ထမ်းခဲ့ကြသော ပုလိပ်အဖွဲ့က မမျှော်လင့်ဘဲ တော်လှန်လိုက်ခြင်းဖြစ်သည်။ ရဲရဲတောက်ခေါင်းဆောင်များမှာ ဦးဝမ်းမောင်၊ ဦးသန်းမောင်၊ ဦးအေး အစရှိသော ပုဂ္ဂိုလ်များဖြစ်ကြသည်။ ဤတွင်မှတ်မိသေးသည်၊ ထိုစဉ်က အင်္ဂလိပ်ဝန်ကြီးချုပ်ဖြစ်ခဲ့သော မစ္စတာအက်တလီက အိန္ဒိယပြည်ကို လွတ်လပ်ရေးမပေးလျှင် မဖြစ်သည့်အကြောင်းနှင့်ပတ်သက်၍ ပြောဆိုရာတွင် "အိန္ဒိယတပ်မတော်မှ အိန္ဒိယစစ်မှုထမ်းတို့သည် မိဘဘိုးဘွားအစဉ်အဆက်မှ စ၍ သစ္စာရှိခဲ့ကြသော်လည်း ယခုအခါစိတ်မချရတော့ပြီ" ဆိုသောအချက်ကို အဓိကထား၍ ပြောဆိုခဲ့သည်။ ယခု ဗမာပြည်အတွက် သူတို့အပေါ် သစ္စာအရှိဆုံးဟု ယူဆခဲ့သော ပုလိပ်အဖွဲ့က ယခုလို ရဲရဲတောက် တော်လှန်လိုက်ခြင်းသည် ပွဲပြီးလောက်အောင် အလဲထိုးမခံရဟုဆိုဦး၊ တော်တော်တော့ အထိနာမည်ကိုကား တွက်ဆနိုင်ပါသည်။

ရန်သူ၏အယိုင်တွင်

ပြည်ချစ်မျိုးချစ်သတ္တိခဲ ရဲများ (ထိုစဉ်က ပုလိပ်ပဲခေါ်သည်)ကို ပြည်သူလူထုတစ်ရပ်လုံးက လှိုက်လှိုက်လှဲလှဲကြိုဆိုသည်။ ဖ. ဆ. ပ. လ ကလည်း စောင့်ရှောက်ရေးအဖွဲ့များ ဖွဲ့စည်းကာ လိုလေသေးမရှိ ထောက်ခံအားပေးသည်။ ရပ်ကွက်လုံခြုံမှုနှင့် ငြိမ်ဝပ်ပိပြားရေးကိုလည်း တာဝန်ယူဆောင်ရွက်ပေးသည်။ အံ့သြဖွယ်ရာမှာ ဤသို့ ငြိမ်ဝပ်ပိပြားရေးနှင့် ရာဇဝတ်မှုမျိုးကို တာဝန်ယူ ထိန်းသိမ်းရသည့် ပုလိပ်အဖွဲ့ကြီး သပိတ်မှောက်နေစဉ်တွင် ဘယ်ရာဇဝတ်မှုမှ အကြီးအကျယ်မဖြစ်ခဲ့။ ခိုးမှု၊ လုမှုပင် ပြောပလောက်အောင်မရှိခဲ့ပေ။

ရန်သူအထိနာ၍ အယိုင်တွင် ဘယ်ပြန်ညာပြန် လက်သီးများ ဆက်ကာ ဆက်ကာ သွင်းရမည်မဟုတ်ပါလော။ ယခုလည်း နယ်ချဲ့တို့အထိနာ၍ အယိုင်တွင်၊ အငိုင်တွင် ထိုးစစ်များဖြ၍ တိုက်ရမည်၊ ဖြ၍ လိုက်ရမည်သာ ဖြစ်ပါသည်။

အစိုးရအမှုထမ်း အရာထမ်းပေါင်းစုံက စစ်ပြီးခေတ် အနေအထိုင်၊ အစားအသောက် အရာရာတွင် ကြီးမြင့်မှုကြောင့် ရှားပါးစရိတ် တိုက်ပွဲကို အဓိကထား၍ ဆင်နွှဲလျက်ရှိကြပါသည်။ အစိုးရကလည်း အချိုသပ်ကာ ခုံအဖွဲ့ဖွဲ့၍ စေ့စပ်ဆွေးနွေးရေးလုပ်နေပါသည်။

တိုက်ရဲသောသပိတ်များ

၁၉၄၆ ခုနှစ် စက်တင်ဘာလ * ၁၇ ရက်နေ့တွင် ဦးထွန်း၊ ဦးငြိမ်းမောင်၊ ဦးစံရင်တို့ခေါင်းဆောင်၍ စာတိုက်အမှုထမ်းများက ခုံအဖွဲ့ကို အယုံအကြည်မရှိဆိုကာ သပိတ်မှောက်လိုက်ပြန်သည်။ လူထုကလည်း တစ်ခဲနက်ကြိုဆိုသည်၊ အားပေးသည်။ ၁၉၄၆ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့တွင် ဆိုရှယ်လစ်ပါတီလက်အောက်ခံ တီယူစီဘီ အဖွဲ့ချုပ်မှ ဦးစီး၍ အလုပ်သမားတို့က သပိတ်ထောက်ခံပွဲကို ကန်တော်မင်ပန်းခြံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ ဈေးများ၊ ရက်ကွက်လူထုများကလည်း စားရေး၊ သောက်ရေး လိုလေသေးမရှိအောင် ထောက်ပံ့ကြသည်။ နယ်ချဲ့ကို ဆန့်ကျင်ရဲသော၊ တိုက်ရဲသောသပိတ်များကို သူစွမ်းကောင်းများအဖြစ်ဖြင့် လက်ခံကြသည်။

---

* စာတိုက်သပိတ်မှောက်သည့် ရက်စွဲနှင့်ပတ်သက်၍ အချို့မှတ်တမ်းများ၌ ကွဲလွဲမှုများရှိသည်ကို စာအုပ်နောက်ပိုင်းတွင် ဖော်ပြထားပါသည်။

၁၉၄၆ ခုနှစ် စက်တင်ဘာလ ၂၃ ရက်နေ့တွင် မီးရထားအတွင်းဝန်ရုံး၊ ငွေစာရင်းရုံး၊ အစိုးရပုံနှိပ်တိုက်၊ ကြေးနန်းရုံး၊ စည်ပင်သာယာရေးရုံး၊ ဆိပ်ကမ်းရေဝန်ရုံး အစရှိသည့် အလုပ်သမားအမှုထမ်းပေါင်းစုံက ခုံကိုချိုး၍ သပိတ်မှောက်လိုက်ပြန်သည်။ လူထုကလည်း ဝမ်းပန်းတသာ လက်လှမ်း၍ ကြိုကြသည်။ ရွှေတိဂုံကုန်းတော်တစ်ဝိုက်၊ ဗဟန်းတစ်ဝိုက်ကား သပိတ်စခန်းများဖြင့် စည်ကားလျက်ရှိပါတော့သည်။ နယ်ချဲ့တို့၏ အုပ်ချုပ်ရေးစက်ယန္တရားကြီးမှာ ဝက်အူတွေပြုတ်၊ မူလီတွေကျွတ်ကာ ပုံမှန်မလည်နိုင်တော့ပါပြီ။ နောက်ထပ် သစ်တောဌာနအမှုထမ်းများသပိတ်စသည်များရှိပါသေးသည်။ အကျယ်မချဲ့လိုတော့ပြီ။

မော်ကွန်းတင်ရမည်

ဤကား တော်လှန်ရေးသမိုင်း၊ လွတ်လပ်ရေးတိုက်ပွဲတွင် မှတ်တမ်းတင် မော်ကွန်းထိုးရမည့် တိုင်းရင်းသားအမှုထမ်း အရာထမ်းတို့၏ ပြောင်မြောက်သည့် အခန်းကဏ္ဍဖြစ်ပါသည်။ တော်လှန်ရေးခေတ် အမှုထမ်းအရာထမ်း အလုပ်သမားတို့သည် ရှေးယခင်ကလို အလိုတော်ရိ တစ်ပါးကျွန်များ မဟုတ်ကြတော့။ ခေတ်ရေစီးကြောင်းနှင့်အတူ ပြောင်းလဲလာကြသည်။ မိမိတို့ဘဝရပ်တည်မှု၊ အသက်မွေးဝမ်းကျောင်းမှုအတွက် နယ်ချဲ့လက်အောက် အမှုထမ်းအရာထမ်းအလုပ်ကို ပြန်၍လုပ်ကြရ၊ ဝင်ကြရသော်လည်း မိမိတို့မှာ လူထုထဲမှ လူအရင်းစစ်က ဗမာများသာဖြစ်သည်ကို သဘောပေါက်လာကြသည်။ အမျိုးကိုချစ်ရမှန်း တိုင်းပြည်ကိုချစ်ရမှန်း သိလာကြသည်။ မိမိတို့လည်း လွတ်လပ်ရေးတိုက်ပွဲတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ရမည်၊ အနစ်နာခံကြရမည်ကို သမိုင်းပေးအသိ၊ ဘဝပေးအသိများဖြင့် ခံယူလာကြသည်။ ဤအခန်းကဏ္ဍကား အရေးလည်းကြီး၍ အရာလည်းရောက်လှပါသည်။ နယ်ချဲ့အတွက် အထိလည်းနာလှပါသည်။ အပြင်ရန်သူကိုမဲ၍ တိုက်နေစဉ် အတွင်းလူက သူပုန်ထသည်နှင့် တူလှပါသည်။

နယ်ချဲ့တို့သည် ကိုလိုနီများကို သိမ်းပိုက်ရာတွင်လည်းကောင်း၊ ထိန်းသိမ်းအုပ်ချုပ်ရာတွင်လည်းကောင်း အငှားလူမိုက်များ၊ အခွင့်ထူးခံ သစ္စာဖောက် အလိုတော်ရိများကို အသုံးချခဲ့ကြသည်ဆိုက မမှားပါပေ။ အိန္ဒိယကို သိမ်းစဉ်ကလည်း ကုလားကြေးစားတပ်များဖြင့်သိမ်းခဲ့ကြသည်။ ဗမာပြည်ကို

လည်း ထိုနည်းနှင်နှင်ပင် သိမ်းခဲ့သည် မဟုတ်ပါလော။ ထို့အတူ ကိုလိုနီများကို ထိန်းသိမ်းရာ၌လည်း ကြေးစားတပ်များ၊ အလိုတော်ရိတစ်ပါးကျွန်များကို မွေး၍ အုပ်ချုပ်ခဲ့ကြသည် မဟုတ်ပါလော။

ယခုအခါ ကုလားကြေးစားတပ်များ၏ သစ္စာရှိမှုကိုလည်း စိတ်မချရ၊ ဗမာ့တပ်မတော်မှ အရာရှိများ ရဲဘော်များကို သွင်းမိလက်ခံမိသားဖြစ်နေ၍ သစ္စာရှိဖို့ဝေးစွ၊ ဘယ်တော့နောက်ကျောမှ ဓားနှင့်ထိုးမည်ကိုပင် စိုးရိမ်နေရပါလေပြီ။ ထိုအတွင်း အုပ်ချုပ်ရေးစက်ယန္တရားအတွင်းမှ အမှုထမ်းအရာထမ်းများက အတွင်းသူပုန်ထသလို တော်လှန်လျက်ရှိပြန်သည်ဆိုတော့ တော်တော်ပဲ အထိနာသည်မှာ ထင်ရှားလှပါသည်။

ဗော-စိန်-မော်

ဤတွင် မြုပ်ကွက်ကလေးတစ်ခုဖော်ရန် လိုနေပါသည်။ နယ်ချဲ့တို့သည်သွေးခွဲအုပ်ချုပ်နည်း၊ နိုင်ငံရေးပြောက်ကျားနည်းမျိုးစုံဖြင့် ဖ. ဆ. ပ. လ ကို ဖြိုခွဲခဲ့ရာ ပြည်တွင်းရှိ နိုင်ငံရေးသမားများ၊ အဖွဲ့အစည်းများဖြင့် မလုံလောက်ပါ။ ထိရောက်မှု၊ အောင်မြင်မှုလည်း မရခဲ့ပါ။ ထို့ကြောင့် အဝေးရောက်၊ အပြင်ရောက် ဒေါက်တာဘမော်၊ ဂဠုန်ဦးစော၊ သခင်ဗစိန်၊ သခင်ထွန်းအုပ်၊ ဝိုလ်ရန်နိုင်တို့ကို ၎င်းတို့၏ပြစ်မှုများကို လွှတ်ငြိမ်းချမ်းသာခွင့်ပေး၍ ပြန်ခေါ်ခဲ့သည်။ သူတို့နှင့် မည်သို့နားလည်မှုရှိသည်ကို မသိပါ။ သူတို့ပြန်ရောက်ပြီး ဖ. ဆ. ပ. လ နှင့် စင်ပြိုင်ဆန့်ကျင်ဘက်ဝိုဏ်းထောင်၍ တိုက်သည်။ စော-စိန်-မော်ဝိုဏ်းဟု ထိုစဉ်က ခေါ်ကြသည်။ သို့သော် လူထုက ၎င်းတို့အားလက်မခံကြ။ ၎င်းတို့၏တရားပွဲများမှာလည်း ငွေကုန်ကြေးကျခံ၍လုပ်ကြသော်လည်း ကြက်ပွဲသာသာဖြစ်ခဲ့ကြသည်။ ဖ. ဆ. ပ. လ ကား မဖြုံ။ အတုအပများလေ အစစ်အမှန်က ပေါ်လွင်လေဆိုသည့်အတိုင်း ဖ. ဆ. ပ. လ ၏ဂုဏ်ရှိန်သာ ပို၍တောက်၊ ပို၍ပြောင်ခဲ့လေသည်။ အခြေအနေနှင့် မကိုက်ညီ၊ လူထုဆန္ဒနှင့်ဆန့်ကျင်သည့် ဖောက်ပြန်သော ခေါင်းဆောင်မှုသာ ကျဆုံးရမြဲမဟုတ်ပါလော။ ထိုသူတို့သာ လူထု၏ဝိုင်းဖယ်မှုကိုခံရပြီး ကျဆုံးရလေသည်။

မည်သည့်လမ်းစဉ်ရွေးမည်လဲ

ပွဲကြီးပွဲကောင်းကား မပြီးဆုံးသေးပါ။ သို့သော်လည်း တစ်ဖက်စီးနင်း

ဖြစ်သွားပြီဟူ၍ကား ဆိုနိုင်ပါသည်။ ဤအခြေအနေတွင် နယ်ချဲ့တို့သည် ဘယ်လမ်းစဉ်ကို လိုက်မည်နည်း။ ပြည်သူ့ဆန္ဒနှင့်ဆန့်ကျင်၍ ဇွတ်အတင်း ဖိနှိပ်ကာ ကျွန်ဆက်လုပ်မည့်လမ်းစဉ်ကို ရွေးမည်လား၊ အဖတ်ဆယ်သောအားဖြင့် အချို့သတ်သောလမ်းစဉ်ကို ရွေးမည်လား။ အိန္ဒိယပြည်တွင်ကား သူတို့ လိုက်လျောနေရပါပြီ။ ရွေးကောက်ပွဲများလည်း ကျင်းပပြီးပါပြီ။ ကြားဖြတ်အမျိုးသားအစိုးရလည်း ဖွဲ့စည်းပေးခဲ့ပါသည်။ ၁၉၄၈ ခုနှစ် ဇွန်လအတွင်း လွတ်လပ်ရေးပေးရန်လည်း သဘောတူကြေညာပြီးဖြစ်ပါသည်။ ဘီလပ်၌လည်း နယ်ချဲ့ဝါဒီ အဓိပတိချာချီတို့ တိုရီအစိုးရပြုတ်ကာ လေဘာခေါ်ဆိုရှယ်လစ်အစိုးရ တက်နေပါသည်။ ဤအစိုးရအပြောင်းအလဲကို ကျွန်ုပ်တို့အဓိကထား၍ အားကိုးပြု၍မဖြစ်ပါ။ သူတို့အစိုးရ ဘယ်လိုပြောင်းပြောင်း ပြည်တွင်းဝါဒသာပြောင်း၍ ပြည်ပဝါဒပြောင်းခဲ့ပါသည်။ လေဘာတို့ကိုလည်း ကျွန်ုပ်တို့လို ကျွန်နိုင်ငံများက 'ပြည်တွင်းဆိုရှယ်လစ် ပြည်ပနယ်ချဲ့ဝါဒီ Socialism at Home Imperialism Abroad' ဟု ယူဆကြပါသည်။ ထိုကြောင့် ကျွန်ုပ်တို့ကား အလစ်မပေးနိုင်ပါ။ နောက်ဆုံးပွဲအနိုင်ကြဖို့သာ ဆက်၍ဆက်၍ ကြိုးပမ်းနေကြရမည်ဖြစ်ပါသည်။

မတရားသည့်အဆုံး

သို့သော် နယ်ချဲ့တို့သည် ဗမာပြည်အပေါ် တစ်ဗိုလ်ပြောင်းသလို လမ်းစဉ်လည်း ပြောင်းလာသည်ကို စတင်တွေ့ရပါသည်။ ၁၉၄၆ ခုနှစ် သြဂုတ်လ ၁၇ ရက်နေ့တွင် ဆာပေါ်ထွန်းအစိုးရဟု ခေါ်နေကြသော ဘုရင်ခံ၏အမှုဆောင်အဖွဲ့ကို ဖျက်သိမ်းလိုက်ပါသည်။ ဖ. ဆ. ပ. လ က ဦးစီး၍ အစိုးရအဖွဲ့ ဖွဲ့စည်းရန်လည်း ဘုရင်ခံက ဖိတ်ခေါ်လိုက်ပါသည်။ နယ်ခြားဒေသအုပ်ချုပ်ရေးမှလွဲ၍ နိုင်ငံခြားရေး၊ ကာကွယ်ရေးအပါအဝင် ကျန်ဌာနများကို အုပ်ချုပ်ခွင့်ပေးမည်။ လက်တွေ့တွင်လည်း ကြားဖြတ်အမျိုးသားအစိုးရအနေဖြင့် လုပ်ဆောင်ခွင့်ရမည်။ အိန္ဒိယနှင့် တန်းတူအခွင့်အရေးပေးခြင်းဖြစ်သည်ဟုဆိုသည်။ သို့သော် အိန္ဒိယမှာရွေးကောက်ပွဲများဖြစ်၍ ဥပဒေအရ ရခြင်းဖြစ်၍ ဗမာပြည်ကိုကား နားလည်မှုဖြင့်ပေးခြင်းမျိုးသာ ဖြစ်သည်။ ဤကိစ္စနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းက **"ကျုပ်တို့ ရတာတွေဟာ အိန္ဒိယလိုမဟုတ်ဘူးလို့ ပြောကြတယ်။ ဘယ်လို မဟုတ်တယ်ဆိုတာ ဘယ်သူ**

မှ ကျကျနနသိသေးတာမဟုတ်ဘူး။ ဥပမာ လန်ဒန်တိုင်းသတင်းစာတစ်စောင်က ခေါင်းကြီးပိုင်းကနေပြီး အိန္ဒိယပြည်မှာလို ဗမာပြည်မှာလည်း ကြား ဖြတ်အမျိုးသားအစိုးရသဘောမျိုး ဥပဒေအရမဟုတ်သေးသော်လည်း လက်တွေ့သဘောဖြစ်နေပြီလို့ဆိုတယ်။ ကိုင်း . . . ဒီဟာကို ဘယ့်နယ့်ပြောမလဲ။ နေရှေးအစိုးရလည်း တကယ်ပြောရမယ်ဆိုရင် ဘုရင်ခံချုပ်၏ အမှုဆောင်အဖွဲ့ပဲ။ လက်တွေ့တော့ ကြားဖြတ်အမျိုးသားအစိုးရသဘောမျိုး လုပ်စေရမယ်လို့ ဆိုထားတာပဲ။ ဘယ်လောက်အထိ ဟုတ်တယ်မဟုတ်ဘူး ဆိုတာ ကျုပ်တို့ အခု မသိနိုင်သေးဘူး" လို့ ရှင်းခဲ့သည်။

အမျိုးသားညီညွတ်ရေးသို့

ဘုရင်ခံ၏ ဖိတ်ခေါ်ချက်နှင့်ပတ်သက်၍ ဖ. ဆ. ပ. လ အလုပ်အမှုဆောင်အဖွဲ့တွင် တင်ပြဆွေးနွေးကြသည်။ လက်ခံဝင်ရောက်ရန် တညီတညွတ်တည်း သဘော်တူဆုံးဖြတ်ကြသည်။ အစိုးရအဖွဲ့တွင် အတိုက်အခံမှ ပုဂ္ဂိုလ်များကိုလည်းထည့်ရန် ဘုရင်ခံကတောင်းဆိုသည်ကိုလည်း လက်ခံ၍ ဦးစော၊ သခင်ဗစိန်တို့ကိုထည့်ရန် သဘောတူသည်။ သို့သော် ဖ. ဆ. ပ. လ မှ လူရွေးရာတွင် ပြဿနာပေါ်ခဲ့သည်။ ကွန်မြူနစ်ပါတီက သူပါတီအတွက် ရာထူးနှစ်နေရာကိုပေးရန် အပြင်းအထန်တောင်းဆိုသည်။ ကျွန်ုပ်တို့ ဆိုရှယ်လစ်ပါတီကိုလည်း အလားတူတောင်းဆိုရန် အဖော်ညှိသည်။ ကျွန်ုပ်တို့က လက်မခံပါ။ နယ်ချဲ့တို့သည် တခြားနည်းများဖြင့် ဖြိုခွဲ၍မရသော အဖွဲ့အစည်းများကို ရာထူးဖြင့်ထောင်၍ ဖြိုခွဲခဲ့ပေါင်းလည်း များခဲ့ပါပြီ။ ရှေး ဝံသာနု ၂၁ ဦးတို့လည်း ဤနည်းဖြင့် အစိတ်စိတ်အမြွှာမြွှာ ဖြစ်ခဲ့ရပါသည်။ ဖ. ဆ. ပ. လ ကို ဤအဖြစ်မျိုးဖြင့် မကြုံစေလိုပါ။ ပါတီလူကြီးများက ရာထူးစကားမပြောစေလိုပါ။ အမျိုးသားစည်းရုံးညီညွတ်မှုကို ရှေးရှု၍ လူနည်းစုများ၊ ပါတီငယ်များနှင့် ကျွမ်းကျင်သူများကိုသာ ဦးစားပေးလိုပါသည်။ ပါတီကြီးများက ပါသည်ဆိုရုံ တစ်ယောက်သာပါပြီး၍ သဘောထားကြီးကြောင်း ပြဖို့လိုပါသည်။

အရှိန်အပျက်မခံနိုင်သေး

ထို့ပြင် လွတ်လပ်ရေးတိုက်ပွဲမှာလည်း မပြီးဆုံးသေးပါ။ ပို၍အရေးကြီးသောအပိုင်း၊ ပို၍သတိထားရမည့်အပိုင်းသို့ ရောက်နေသည်ဟုသာ ယူဆ

ပါသည်။ နယ်ခဲ့တို့က လွတ်လပ်ရေးကို အလွယ်တကူဖြင့်ပေးလိမ့်မည်မဟုတ်ပါ။ သူတို့ဆုပ်ကိုင်ထားနိုင်သမျှ ဆုပ်ကိုင်ထားမည်သာဖြစ်ပါသည်။ နောက်ဆုံး မပေးလျှင်မဖြစ်သည့်အဆုံး၊ မလွှတ်လျှင်မဖြစ်သည့်အဆုံးမှ ပေးမည်၊ လွှတ်မည်ဖြစ်ပါသည်။ ယခု အစိုးရအဖွဲ့သို့ ဝင်ခြင်းကိုလည်း မိမိတို့လုပ်ငန်းစဉ်အတွက် အထောက်အပံ့ဖြစ်စေရန်သာ ရည်ရွယ်သည်။ အခြေအနေအချိန်အခါအရ အတွင်းတိုက်ပွဲ၊ အပြင်တိုက်ပွဲ ပူးတွဲဖို့လိုသည်ဟု ယူဆသည်။ သို့သော် အပြင်တိုက်ပွဲသာ အဓိကဖြစ်ရပါမည်။ ထို့ကြောင့် နိုင်ငံရေးအရှိန်ကို အပျက်မခံ၊ နိုင်ငံအလျှော့မခံနိုင်ပေ။ ဤကိစ္စနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းကလည်း **"ကျုပ်တို့ အစိုးရအဖွဲ့ထဲ ဝင်လာပေမဲ့ ဒီအစိုးရအဖွဲ့ဟာ အမျိုးသားအစိုးရရဲ့ အရည်အချင်း၊ အခွင့်အရေး အလုံးစုံနဲ့ ညီညွတ်ပြီး ကိုက်ပြီလို့ မယူဆသေးဘူး။ ပြီးတော့ ဒီအစိုးရဟာ လွတ်လပ်တဲ့နိုင်ငံသို့ တစ်ဖြောင့်တည်း ပို့ပေးမယ့် ယာယီအစိုးရလို့လည်း မဆိုနိုင်သေးဘူး။ ဗမာပြည်လွတ်လပ်ရေးဟာလည်း သေချာပြီး မကြာခင်ရတော့မယ်လို့ မဆိုနိုင်သေးဘူး။ လက်ငင်းအစိုးရအမှုထမ်းများနှင့် အခြားလူအတန်းအစားများနဲ့ လက်ငင်းပြဿနာများကို ဖြေရှင်းနိုင်ဖို့အတွက်တစ်ကြောင်း၊ ၆ လခန့်တွင် တရားသဖြင့် လွတ်လပ်စွာ ရွေးကောက်ပွဲကျင်းပနိုင်ရန်တစ်ကြောင်း၊ အခြားလက်ငင်းပြဿနာတွေကို ဖြေရှင်းနိုင်ကောင်း ဖြေရှင်းနိုင်ပြီး နေသူရိန်ဆုံးဖြတ်ချက်အတိုင်း အမျိုးသား အစိုးရအဖွဲ့ ဖွဲ့စည်းနိုင်မယ့် အခြေအနေသို့ တိုးတက်ပြီး လှမ်းသွားနိုင်ကောင်း လှမ်းသွားနိုင်မယ့် အခြေခံများရပြီထင်လို့သာ ဝင်လုပ်ကြည့်တာပဲ"** ဟု ဆိုခဲ့သည်။

သဲနှင့်ပက်ရန်

နောက်ဆုံးတွင် ပါတီကြီးများက တစ်ယောက်ကျသာယူကြရန် အများသဘောတူ ဆုံးဖြတ်ကြပါသည်။ လူနည်းစုများနှင့် ကျန်အဖွဲ့အစည်းများက ဝမ်းမြောက်အားတက်၍ ဖ. ဆ. ပ. လ အပေါ် ပို၍အားကိုးလာကြသော်လည်း ကွန်မြူနစ်ပါတီက သူတို့တောင်းဆိုသည့် ရာထူးနှစ်နေရာမရရှိသဖြင့် မကျေနပ်ကြပေ။ ဤတွင် အလျဉ်းသင့်၍ အနည်းငယ်ဖော်ရန်ရှိပါသည်။ သခင်သန်းထွန်းက ရာထူးနှစ်နေရာရရှိရေးနှင့်ပတ်သက်၍ ကျွန်ုပ်တို့ကို အဖော်ညှိစဉ်က ကျွန်ုပ်တို့က "ခင်ဗျားတို့ပါတီမှ ဘယ်သူတွေလက်ခံမှာလဲ"ဟု

မေးခဲ့ရာ "ကိုသိန်းဖေနဲ့ ကျုပ်(သခင်သန်းထွန်း)တို့လက်ခံမယ်"ဟု ဆိုခဲ့ပါသည်။ ကိုသိန်းဖေ(မြင့်)မှာ ထိုအချိန်က ကွန်မြူနစ်ပါတီ၏အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်၍ ပါတီဝင်နံပါတ် ၁ ခေါင်းဆောင်ဖြစ်ပါသည်။ ကျွန်ုပ်တို့က သဘောမတူသဖြင့် နှစ်နေရာမသေချာ၊ တစ်နေရာသာရမည့်အခြေအနေကို သိသောအခါ ကွန်မြူနစ်ပါတီမှ လူစာရင်းပေးရာတွင် နံပါတ်-၁ ကိုသိန်းဖေ၊ နံပါတ်-၂ သခင်ဘသိန်းတင်ဖြစ်လာသည်။ သခင်သန်းထွန်းနာမည် မပါတော့ပါ။ သူ၏ပါတီတွင် 'သူဟာ ရာထူးမမက်သူ၊ လူငယ်ပိုင်းကို နေရာပေးသူ' ဖြစ်အောင် ဖန်တီးလိုက်ခြင်းဖြစ်ပါသည်။ သခင်သန်းထွန်းကား ခေသူမဟုတ်ပါ။ တပည့်မွေးလည်းကောင်း၍ အင်မတန်မှ လျင်လှ၊ ပါးနပ်လှသူဖြစ်ပါသည်။ သူမပါရသော အစိုးရအဖွဲ့ကို သဲနှင့်ပက်ရန် ဆက်၍ကြိုးစားပါတော့သည်။

၁၉၄၆ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်၍ ဆိုရှယ်လစ်ပါတီမှ သခင်မြ၊ ကွန်မြူနစ်ပါတီမှ ကိုသိန်းဖေတို့အပါအဝင် အစိုးရအဖွဲ့ကို လက်ခံရန် ဝင်ရောက်ကြသည်။ အတိုက်အခံမှ ဦးစောနှင့် သခင်ဗစိန်တို့လည်း ပါဝင်ကြသည်။ ပထမဆုံး အစိုးရအမှုထမ်းများ အထွေထွေသပိတ်ကိစ္စနှင့် ဖမ်းဆီးချုပ်နှောင်ခံနေရသူများကိစ္စကို ဦးစားပေး၍ ဖြေရှင်းရသည်။ သပိတ်ကိစ္စနှင့်ပတ်သက်၍ အများကျေနပ်အောင် ဖြေရှင်းပြီး၍ သပိတ်လှန်မည်ပြုသောအခါ သပိတ်မလှန်ရန်၊ သပိတ်နှင့်ပဲ တော်လှန်ရေးဆက်လုပ်ရမလို သိန်းသန်း ကွန်မြူနစ်များက ခြေဝင်ထိုးပြန်သည်။ (ထိုအချိန်တွင် ကွန်မြူနစ်ပါတီမှာ နှစ်ခြမ်းကွဲသွားပါပြီ။ စိုးကွန်မြူနစ်၊ သန်းထွန်းကွန်မြူနစ်ဟူ၍ ခေါ်ကြသည်။ နောက်ပိုင်းတွင် အလံနီ၊ အလံဖြူဟု လူသိများကြသည်။) သို့သော် သူတို့၏ခြေထိုးမူကား မအောင်မြင်။ သပိတ်လှန်၍ စည်းကမ်းတကျ အလုပ်ပြန်ဝင်ကြသည်။

ဤသို့ ပထမသပိတ်ကိစ္စကို ဖြေရှင်းနေ၍ မပြီးသေး ၁၉၄၆ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့တွင် သူတို့ကြီးစိုးနေသည့် အလုပ်သမားသမဂ္ဂများက အောက်တိုဘာလ ၁၁ ရက်နေ့ကို နောက်ဆုံးထား၍ သူတို့လိုလားချက်တွေကို အကြောင်းမပြန်လျှင် သပိတ်မှောက်မည်ဟု နို့တစ်တွေပေးလာပြန်သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ကျန်ခေါင်းဆောင်များကိုလည်း အချောင်သမားတွေ၊ လူညာတွေ၊ တော်လှန်ရေးသစ္စာဖောက်တွေဟု သွားပုပ်လေလွင့်ဆဲဆိုလာကြသည်။ သူတို့သာ တော်လှန်ရေးကိုထိန်းသိမ်းနေသည့် တော်လှန်

ရေးသမားဖြစ်သလို ဝါဒဖြန့် ကြွေးကြော်လာကြသည်။ ဤကိစ္စနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းက **"ကျုပ်တို့ကလည်း ဘယ်ဟာမှမဆုံးဘူး၊ ကျုပ်တို့ရဲ့ မူလဝါဒလုပ်ငန်းစဉ် ရည်ရွယ်ချက်တွေကိုလည်း ပစ်ပယ်ထားတာမဟုတ်ဘူး၊ ဒါတွေလည်း ဆက်လုပ်မယ်လို့ဆိုထားတယ်။ အဲဒီလိုပြောဆိုပြီး ရာထူးယူခဲ့တယ်။ အတူတူချင်း ရာထူးယူတာပဲ။ ကွန်မြူနစ်တွေက ငပြုးထက်တစ်မူးဖိုး ပိုရှူလိုချင်ကြသေးတယ်။ ကျုပ်တို့ အတွင်းသိတဲ့လူဆိုတွေကတော့ ဘာဖြစ်လို့ လုပ်တယ်ဆိုတာ ကျုပ်သိပါတယ်။ ကျုပ် ရှင်းရှင်းပြောမယ်။ ကွန်မြူနစ်တွေက ပထမရာထူး နှစ်နေရာလိုချင်တယ်ပြောတယ်။ သူတို့ပဲ အဲဒီတုန်းက ဘာတွေတောင်းပါ၊ အဲ့ဒါတွေရမှ ရာထူးလက်ခံပါ၊ ဒီလိုပြောတာမဟုတ်ဘူး။ နှစ်နေရာမရတော့မှ ခြေထိုးတာပဲ။ ရာထူးယူတော့ ကိုယ့်နောက်လိုက်ငယ်သားတွေ ကျေနပ်အောင် ကျုပ်တို့ ယူချင်လို့ယူရတာမဟုတ်ဘူး။ ဖ. ဆ. ပ. လ လူကြီးတွေယူချင်လို့ သူတို့ကိုထိန်းသိမ်းဖို့ ဝင်ယူရတာပါ။ အဲဒီလို သဘောမျိုးနဲ့ သူတို့နာမည်ကြီးမှု၊ သူတို့ခေါင်းဆောင်အဖြစ်တည်တံ့မှု၊ နောက်ရွေးကောက်ပွဲကျရင် သူတို့အသားယူနိုင်ဖို့ ကျုပ်တို့ ဖ. ဆ. ပ. လ ဘာဖြစ်သွားသွားဆိုတဲ့ သဘောမျိုးနဲ့ လုပ်ကြတာပဲ"** ဟု ရှင်းခဲ့သည်။

အတွင်းလောင်မီး

ထိုအတွင်း ကွန်မြူနစ်ပါတီ နှစ်ခြမ်းကွဲမှုကလည်း ဖ. ဆ. ပ. လ ကိုပဲလာဆောင့်သည်။ သူတို့အချင်းချင်း မည်သူက တော်လှန်ရေးသမားပိုကျသည်၊ သတ္တိပိုရှိသည်ဟု ပြိုင်ကြ၊ ဆိုင်ကြမှုကလည်း နယ်ချဲ့ကိုတိုက်ရာတွင် ပြိုင်ကြသည်မဟုတ်၊ ဖ. ဆ. ပ. လ ကိုပဲ မဲ၍တိုက်ကြသည်။ စိုးကွန်မြူနစ် (အလံနီ) က ဖ. ဆ. ပ. လ အပြင်ဘက်မှ သူတို့ထင်ရာလုပ်၊ သူတို့ထင်ရာအော်နေကြသည်က တော်သေးသည်။ သိန်းသန်းကွန်မြူနစ်တို့က ဖ. ဆ. ပ. လ အတွင်းမှနေပြီး နယ်ချဲ့တိုက်ရာတွင် နှောင့်နှေးကြန့်ကြာအောင် ခြေဆွဲလိုဆွဲ၊ ညီညွတ်ရေးကို ပျက်ပြားအောင်လုပ်လိုလုပ်၊ နောက်ကျောမှ ဓားနှင့်ထိုးလိုထိုးလုပ်နေကြသည်က ခက်သည်။ ဖ. ဆ. ပ. လက ရာထူးလက်ခံ၍ အစိုးရဖွဲ့ရေး၊ မဖွဲ့ရေး စဉ်းစားဆွေးနွေးကြစဉ်က သူတို့ကပဲ "လောလောဆယ် သပိတ်အရေး၊ ဖမ်းဆီးချုပ်နှောင်ခံနေရသူများအရေး ဖြေရှင်းနိုင်မည့်အပြင် နေသူရိန်ဆုံးဖြတ်ချက်အတိုင်း လွတ်လပ်သော ရွေးကောက်ပွဲကျင်းပ၍ ကြား

ဖြတ်အမျိုးသား အစိုးရဖွဲ့စည်းရေးအတွက် အခြေခံများရရှိပြီး အထောက်အပံ့ဖြစ်ပြီ" ဟု ဆိုခဲ့ကြသည်။ ကျန်လူများကလည်း သဘောတူထောက်ခံကြသည်။ ဤသို့လျှင် သူတို့ရော ကျန်လူများပါ တညီတညွတ်တည်း သဘောတူချက်ဖြင့် ရာထူးလက်ခံခဲ့ကြသည်။ သူတို့ပါတီကိုယ်စား ကိုသိန်းဖေလည်း ပါသည်။ ထိုသူတို့ကို လုပ်ငန်းစဉ် အကောင်အထည်မဖော်နိုင်ရန် အချိန်မပေးဘဲ အနှောင့်အယှက် အမျိုးမျိုးသာပေးပြီး အချောင်သမားတွေ၊ လူညာတွေဟု ပုတ်ခတ်နေကြသည်။ သူတို့ကြွေးကြော်သည်က နယ်ချဲ့ဆန့်ကျင်ရေး။ နယ်ချဲ့တော်လှန်ရေး၊ လက်တွေ့လုပ်ရပ်တွေကတော့ နယ်ချဲ့ဆန့်ကျင်ရေး အင်အား၊ နယ်ချဲ့တော်လှန်ရေးအင်အား ဖြိုခွဲရေးနှင့် နယ်ချဲ့တည်မြဲရေး၊ ကျွန်သက်ရှည်ရေးဖြစ်ကြသည်။ နယ်ချဲ့အားရ နယ်ချဲ့အကျိုးပြုလုပ်ငန်းများဖြစ်ကြသည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းက **"ခင်ဗျားတို့ ဒါမျိုးလုပ်ရင် ဖ. ဆ. ပ. လ ကြီးကွဲလို့ ခင်ဗျားတို့ တက်မယ်ထင်လို့လား။ ခင်ဗျားတို့ကို အင်္ဂလိပ်က စစ်တိုက်တုန်း သုံးပေမဲ့ စစ်ပြီးတဲ့အခါ ဆော်လိမ့်မယ်။ ကျုပ်တို့အချင်းချင်း မညီညွတ်မဲ့အလုပ်တွေ မလုပ်ပါနဲ့"** ဟု အကြိမ်ကြိမ်သတိပေးခဲ့သည်။

သည်းမခံနိုင်သည့်အဆုံး

ဤသို့ ဖက်ဆစ်တော်လှန်ရေးမှသည် နယ်ချဲ့တော်လှန်ရေးတစ်လျှောက် အတူလက်တွဲလျှောက်ခဲ့ရသော ကွန်မြူနစ်များသည် အစမှာလည်း ဖောက်ပြန်၊ အလယ်မှာလည်း သစ္စာဖောက်မှုအမျိုးမျိုး၊ ကလိမ်ကျမှုအမျိုးမျိုး၊ ခြေထိုးမှုအမျိုးမျိုးဖြင့် အသားထဲမှလောက်ထွက်ကာ အနှောင့်အယှက်အမျိုးမျိုး ဒုက္ခအမျိုးမျိုး ပေးခဲ့ကြသည်။

ထို့ကြောင့် ဆက်လက်သည်းခံခြင်းဖြင့် လွတ်လပ်ရေးအတွက် အန္တရာယ်သာ ကြီးမားသည်ထက် ကြီးမားလာတော့မည်ဖြစ်၍ နောက်ဆုံး ၁၉၄၆ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့ကျင်းပသည့် အလုပ်အမှုဆောင်အဖွဲ့က ကွန်မြူနစ်ပါတီကို ဖ. ဆ. ပ. လ မှထုတ်ပစ်ရန် ဆုံးဖြတ်ခဲ့ရလေသည်။ ဤကိစ္စကို ဗိုလ်ချုပ်အောင်ဆန်း၏စကားနှင့်ဆိုရသော် **"အဲဒါတွေကို ကွန်မြူနစ်တွေကလုပ်တယ်။ ကွန်မြူနစ်တွေဟာ တိုင်းပြည်အပေါ်၊ အလုပ်လုပ်တဲ့ လူအချင်းချင်းအပေါ် ညီညွတ်ရေးပျက်ပြားရာပျက်ပြားကြောင်း၊ လွတ်လပ်ရေးကြန့်ကြာရာ ကြန့်ကြာကြောင်း သစ္စာဖောက်လုပ်ခဲ့တယ်။**

သဘောတူဆုံးဖြတ်ခဲ့တဲ့အချက်တွေ ဖောက်ဖျက်ပြီး အတွင်းဆွေးနွေးတာတွေ အပြင်ထုတ်ပြော၊ မဟုတ်မမှန်တာတွေလုပ်ပြော၊ အချင်းချင်းအပေါ်ပုတ်ခတ်၊ သူတို့ခေါင်းဆောင်ဖြစ်ပြီးရောဆိုပြီး သူတို့ပါတီကြီးစိုးရေးကိုသာ ပထမလုပ်တယ်။ ကျုပ်တို့က ဖ. ဆ. ပ. လ ဟာ ညီညွတ်ရေးအင်အားစုကြီး။ ဒီအင်အားစုကြီး တည်တဲ့မှ၊ တိုးတက်မှ ဗမာပြည်လွတ်လပ်ရေး မြန်မြန်ရမယ်။ ကောင်းကောင်းရမယ်။ အဲ့ဒီလို ကျုပ်တို့ယူဆတယ်။ သူတို့အကြိမ်ကြိမ် အဖန်ဖန် သူတို့ရဲ့အယူအဆတွေကို မလျှော့ဘူး။ ဘာဆုံးဖြတ်ချက်ရှိတယ်လို့ပဲ သူတို့သဘောတူထားထား သူတို့လုပ်ချင်ရာလုပ်တယ်။ အဲဒီတော့ ကျုပ်တို့က ထုတ်ပစ်ရုံကလွဲလို့ တခြားဘာနည်းလမ်းမှ မရှိတော့ဘူး" ဟု မိန့်ကြားခဲ့လေသည်။

ရာဇဝင်မှတ်တမ်းတင်

ထိုအကြောင်းကို ကျွန်ုပ်ကိုယ်တိုင် အထွေထွေအတွင်းရေးမှူးချုပ် အဖြစ်ဖြင့် အစီရင်ခံခဲ့ရသော မှတ်တမ်းမှ ကောက်နုတ်ပြရသော် -

"၁၉၄၆ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ဖဆပလအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့က ကွန်မြူနစ်ပါတီအား ထုတ်ပစ်ရန် ဆုံးဖြတ်ခဲ့လေသည်။ ထိုသို့ ထုတ်ပစ်ရခြင်းနှင့်ပတ်သက်၍ စွဲချက်ပေါင်း ၁၆ ချက်ကို တင်ခဲ့လေသည်။ ထိုစွဲချက်များကို 'နိုင်ငံရေးရှုင်းတမ်း'အမည်ဖြင့် သီးခြားစာအုပ်ထုတ်ဝေခဲ့ပြီး ဖြစ်လေသည်။ ထိုစွဲချက်များတွင် ကွန်မြူနစ်ပါတီမှ ဖ. ဆ. ပ. လ အဖွဲ့ချုပ်၏ စည်းကမ်းသတ်မှတ်ချက်များကို အတန်တန် ဖောက်ဖျက်ခဲ့ပုံ၊ ဖ. ဆ. ပ. လ အဖွဲ့ချုပ်ကြီး ပျက်စီးရာပျက်စီးကြောင်းကို နည်းအမျိုးမျိုးတို့ ဖြင့် ပြုလုပ်ခဲ့ပုံ။ ဖ. ဆ. ပ. လ လမ်းစဉ်ကြီး တိမ်းပါးမှောက်မှား၍ လမ်းလွဲသို့ပို့ဆောင်ပုံ၊ ဖ. ဆ. ပ. လ အဖွဲ့ချုပ်က အစိုးရကိုဖွဲ့စည်းသောအခါ ၎င်းတို့တောင်းဆို သောနေရာမရရှိရုံဖြင့် အလုပ်သမားများကို လက်ကိုင်တုတ်လုပ်ပြီး ဖ. ဆ. ပ. လ အဖွဲ့ချုပ်ကြီးကို ဖြိုဖျက်ရန်လုပ်ဆောင်ပုံများကို အတိအကျရှင်းလင်းပြီး ဖြစ်လေသည်"

ဤသို့လျှင် ညစ်ပတ်မှုအမျိုးမျိုး၊ ခြေထိုးမှုအမျိုးမျိုးဖြင့် ဖ. ဆ. ပ. လ အဖွဲ့ချုပ်ကြီးနှင့် လွတ်လပ်ရေးလုပ်ငန်းစဉ်ကြီးကိုပါ ပျက်ပြားအောင် ကျူးလွန်လာသောအခါ ဖ. ဆ. ပ. လ အဖွဲ့ချုပ်ကြီးတည်တံ့မှုနှင့် လွတ်လပ်ရေးလမ်း

စဉ် မတိမ်းပါးမှုတို့အတွက် ကွန်မြူနစ်ပါတီကို မထုတ်ပစ်လျှင် မဖြစ်နိုင်တော့သည့် အဆုံးတွင် ဖ. ဆ. ပ. လ အဖွဲ့ချုပ်မှ ထုတ်ပစ်ရန် အလုပ်အမှုဆောင်အဖွဲ့က ဆုံးဖြတ်ခဲ့ရလေသည်။

ဤသို့ အလုပ်အမှုဆောင်အဖွဲ့မှ တာဝန်ယူ၍ ကွန်မြူနစ်ပါတီကို ထုတ်ပစ်ပြီးနောက် ၁၉၄၆ ခုနှစ် နိုဝင်ဘာလ ၁၊ ၂၊ ၃ ရက်နေ့များတွင် ကျင်းပသော ဗမာနိုင်ငံလုံးဆိုင်ရာ ဦးစီးညီလာခံက ထပ်မံအတည်ပြုခဲ့လေသည်ဟု ဖော်ပြခဲ့လေသည်။

ထိုမှတစ်ပါး ၁၉၄၆ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့ နံနက် ၈ နာရီခွဲအချိန်တွင် ရွှေတိဂုံစေတီတော် အနောက်ဘက်ခြေတော်ရင်ခွင်ကျင်းပသော နှစ်သိန်းကျော်တက်ရောက်သည့် လူထုအစည်းဝေးကြီးကလည်း တစ်ခဲနက် ကြွေးကြော်၍ အတည်ပြုခဲ့လေသည်။ 'ကွန်မြူနစ်တွေ ဘာကြောင့်ထုတ်ပစ်ရသလဲ' ဆိုသည့်မိန့်ခွန်းကို ဗိုလ်ချုပ်အောင်ဆန်းက ထိုလူထုအစည်းဝေးကြီးတွင် မိန့်ကြားခဲ့လေသည်။

■

၁၉၄၇ ၊ ဇူလိုင် ၁၃ ရက်နေ့က ရန်ကုန်မြို့တော်ခန်းမ၌
ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြောကြားစဉ်။

လွတ်လပ်ရေးပန်းတိုင်သို့

ဤသို့ ဖ. ဆ. ပ. လ အဖွဲ့ချုပ်မှ ကွန်မြူနစ်တို့ကို ထုတ်ပယ်ပစ်လိုက်သော်လည်း ဖ. ဆ. ပ. လ ၏အင်အားမှာ လျော့နည်းသွားခြင်း၊ ကျဆုံးသွားခြင်း မရှိခဲ့ပေ။ မူသစ်ဖြင့် စနစ်တကျ ပြန်လည်စည်းရုံးနိုင်သဖြင့်လည်းကောင်း၊ ပြည်သူလူထုတစ်ရပ်လုံးက လွတ်လပ်ရေးဆန္ဒ ပြင်းထန်နေသဖြင့်လည်းကောင်း ဆတက်ထမ်းပိုးတိုး၍သာ အင်အားတောင့်တင်းခဲ့လေသည်။ ကွန်မြူနစ်များက အလုပ်သမားများကို လက်ကိုင်တုတ်လုပ်၍ ဆက်လက်တိုက်သော်လည်း မအောင်မြင်ပါ။ သူတို့အလုပ်သမားများသာပြိုကွဲပြီး ဖ. ဆ. ပ. လ အောက်သို့ ရောက်ရှိခဲ့လေသည်။ ထိုနောက် ကျောင်းသားများကို လက်ကိုင်တုတ်လုပ်၍ အထွေထွေ သပိတ်မှောက်ရန်၊ ကျောင်းသားအလောင်းရှာရန် ကြိုးပမ်းပြန်သည်။ ကျောင်းသားထုကပင် လက်မခံသဖြင့် ၎င်းတို့ လက်ကိုင်တုတ်များသာ ပြုတ်ကျပြီး အကြံမအောင် ဆုံးရှုံးပျက်ပြားခဲ့ရသည်။ ပြည်သူလူထုကား အတွေ့အကြုံ ပြည့်ဝပြီးဖြစ်၍ မူမှန်သော ခေါင်းဆောင်မှုအခြေအနေနှင့် ကိုက်ညီသော လုပ်ငန်းစဉ်ကို ရွေးနိုင်ကြသည်။ နယ်ချဲ့ကို မျက်ခြည်ပြတ်မခံ၊ မှိုင်းတိုက်၍မရ၊ မူမှန်သော ခေါင်းဆောင်မှု၊ ဖောက်ပြန်သောအဖွဲ့အစည်းများသာ ဒဏ်ခတ်ခံရမည်ဖြစ်လေသည်။

တစ်လေတည်းမှုတ်

ဤအချိန်တွင် လွတ်လပ်ရေးအတွက် အားသွန်ခွန်စိုက် ဖိ၍တိုက်နေရသော ဖ. ဆ. ပ. လအဖွဲ့ချုပ်ကို အတိုက်အခံလုပ်၍ အမျိုးမျိုးအနှောင့်အယှက်ပေးနေသည့် အတိုက်အခံ အဖွဲ့အစည်းများမှာ သုံးစုရှိလေသည်။ ပထမဆုံး ဖ. ဆ. ပ. လ ကို အတိုက်အခံလုပ်ရန် ပေါ်လာသော အဖွဲ့မှာ စော-စိန်-မော်ဂိုဏ်း (စော- ဂဠုန်ဦးစော၊ စိန်-သခင်ဗစိန်၊ မော်-ဒေါက်တာဘမော်) ဖြစ်ပါသည်။ ထိုနောက် သိန်းသန်းကွန်မြူနစ်၊ စိုးကွန်မြူနစ်တို့ ဖြစ်ကြပါသည်။ သူတို့သည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ အသွင်အားဖြင့် မတူကြပါ။ သို့သော် ဖ. ဆ. ပ. လ ကို တိုက်ရာတွင် အသံရော အလုပ်ပါ ညီကြပါသည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းက "ဖ. ဆ. ပ. လ ကို အခုဆဲနေကြတဲ့ အချောင်သမား၊ နိုင်ငံရေးသမားကြီးတွေနဲ့ သူတို့ (ကွန်မြူနစ်များကို ဆိုလိုပါသည်။) တစ်လေတည်းမှုတ်နေတာသာ တွေ့ရတယ်၊ ဒီဟာမျိုးကို သူတို့ကွန်မြူနစ်စကားနဲ့ ပြောရမယ်ဆိုရင် (Revolutionary Phrase Mongering) တော်လှန်ရေးဗန်းပြစကားလုံးတွေသုံးပြီး သူတို့ရဲ့ တကယ့်အချောင်သမားဝါဒဖုံးဖို့၊ ဖိဖို့လုပ်တာပဲ" ဟု ဆိုခဲ့သည်။

ရဲရဲတောက်ရာဇသံ

ဤသို့ သစ္စာဖောက်မှုများ၊ အသားထဲကလောက်ထွက်မှုများရှိခဲ့သော်လည်း ဖ. ဆ. ပ. လ ကား မတုန်လှုပ်၊ မိမိတို့ရည်မှန်းချက်ပန်းတိုင်သို့သာ ချမှတ်ထားသည့်လမ်းစဉ်အတိုင်း မမှိတ်မသုန် ချီတက်ခဲ့လေသည်။ သံကို ရဲတုန်းရိုက်မှ လွယ်သည်၊ လိုရာပုံကို ထုနိုင်သည် မဟုတ်ပါလော။ အခြေအနေပေးတုန်း မိမိတို့လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နိုင်ရန် တအားကုန်ကြိုးပမ်းဖို့လိုသည်။ ယခုအခါ ဥပဒေဘောင်အတွင်း လုပ်ဆောင်ရမည့်နည်းလမ်းတို့ကို အစွမ်းကုန်လုပ်ဆောင်ရမည့်အချိန်ဖြစ်သည်ဟု ယူဆသည်။ ထို့ကြောင့် ၁၉၄၆ ခုနှစ် အောက်တိုဘာလ နောက်ဆုံးပတ်တွင် ကျင်းပသည့် ဖ. ဆ. ပ. လ အလုပ် အမှုဆောင်အဖွဲ့ အစည်းအဝေးတွင် ရာဇဝင်စာတင်ရမည့် ရဲရဲတောက်ဆုံး ဖြတ်ချက်တစ်ချက်ကို ချမှတ်ခဲ့သည်။ ထိုဆုံးဖြတ်ချက်အရ ဖ. ဆ. ပ. လ အစိုးရအဖွဲ့က ဘိလပ်အစိုးရသို့ အောက်ပါအချက်များ ပါဝင်သော ရာဇသံတစ်ရပ်ကိုပေးရန် ညွှန်ကြားခဲ့လေသည်။

၁။ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့ကို နောက်ဆုံးထား၍ ဗမာပြည်ကို လုံးဝလွတ်လပ်ရေး တစ်နှစ်အတွင်း (၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်အတွင်း) ရပါစေမည်ဟု ဗြိတိသျှအစိုးရက အတိအလင်းကြေညာရန်။

၂။ လာမည့် ရွေးကောက်ပွဲကိုလည်း ဗဟိုဦးစီးအဖွဲ့ဆုံးဖြတ်ချက်အရ နိုင်ငံခြားသားများမပါသည့် တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲ ဖြစ်ပါစေမည်ဟု အတိအလင်းကြေညာရန်။

၃။ ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့ကို နောက်ဆုံးထား၍ ယခု ဝန်ကြီးအဖွဲ့ကို လုံးဝအာဏာနှင့်ပြည့်စုံသော အမျိုးသားအစိုးရအဖွဲ့ဖြစ်အောင် ဗြိတိသျှအစိုးရက ပြတ်ပြတ်သားသား စီမံပေးရန်။

၄။ ပရိဂျက်စီမံကိန်းများနှင့်ပတ်သက်၍လည်း ထိုအတောအတွင်း ထိရောက်ပြတ်သားစွာ ဗဟိုဦးစီးအဖွဲ့ဆုံးဖြတ်ချက်များအတိုင်း ဆောင်ရွက်ရန်။

၅။ အထက်ပါအချက်များကို မရရှိပါက ဖ. ဆ. ပ. လ သည် အစိုးရအဖွဲ့မှ နုတ်ထွက်ရန်။

ဤညွှန်ကြားချက်အရ ဖ. ဆ. ပ. လ အစိုးရအဖွဲ့ကလည်း ၁၉၄၆ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် အထက်ပါအချက်များပါဝင်သည့် ရာဇသံတစ်ရပ်ကို ဗမာပြည်ဘုရင်ခံမှတစ်ဆင့် ဘိလပ်အစိုးရသို့ ပေးပို့ခဲ့သည်။ အရေးကြီးသည့်အတိုင်း တိုင်းပြည်သို့လည်း တပ်လှန့်နှိုးသည့်အနေဖြင့် အထက်ပါကိစ္စများနှင့်ပတ်သက်၍ ကြေညာချက်တစ်ရပ်ကိုလည်း ထုတ်ပြန်ခဲ့လေသည်။

သူကားလူကောင်းတစ်ယောက်

ဤတွင် ဗမာပြည်ဘုရင်ခံ ဆာဟူးဘတ်ရန့်ကို နယ်ချဲ့ကိုယ်စားလှယ်တစ်ဦးပင်ဖြစ်သော်လည်း လူကောင်းတစ်ယောက်ဖြစ်ကြောင်းကိုကား မှတ်တမ်းတင်ရပေမည်။ ဗမာပြည် အခြေအနေနှင့်ပတ်သက်၍ ဘိလပ်အစိုးရကို အဖြစ်မှန်၊ အခြေမှန်ကို တင်ပြသည်။ တွေ့ဆုံဆွေးနွေးမှု ချောမောအောင်မြင်အောင်လည်း အစွမ်းကုန်ဆောင်ရွက်ခဲ့သည်ဟု သိရသည်။ အထက်ပါကိစ္စနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးရန် ဘိလပ်သို့ ကိုယ်စားလှယ်အဖွဲ့ လာရောက်ရန် ဘိလပ်အစိုးရက ဖိတ်ခေါ်သည်။ သို့သော် ဆွေးနွေးရန် အခြေခံအချက်များကို မဖော်ပြခဲ့။ တိုင်းသိ ပြည်သိ ကမ္ဘာသိ ကြေညာချက်ထုတ်ပြန်မှု မလုပ်ခဲ့။ စာနှင့်ပေနှင့် တရားဝင်ဖိတ်ကြားချက်မျိုး မဟုတ်ခဲ့။ ဗမာပြည် ဘုရင်ခံမှ

တစ်ဆင့် ပါးစပ်ဖြင့် ဖိတ်ကြားခြင်းမျိုးသာ ဖြစ်ခဲ့သည်။ ထို့ကြောင့် ဖ. ဆ. ပ. လ အစိုးရက ဤသို့ တရားမဝင်ဖိတ်ကြားချက်မျိုး ဆွေးနွေးရန် အခြေခံမရှိသော ဆွေးနွေးမှုမျိုးကို လက်မခံနိုင်။ လွတ်လပ်ရေးနှင့်ပတ်သက်၍ အခြေခံအချက်များပါရှိမှ မူတည်မှုရှိမှ လက်ခံနိုင်မည်၊ ဆွေးနွေးနိုင်မည်ဟု ပြန်ကြားခဲ့သည်။ ဗမာပြည်ဘုရင်ခံနှင့် ဘိလပ်အစိုးရတို့ အပြန်အလှန် စာတစ်တန် လူတစ်လှည့် ဆွေးနွေးကြပြီးနောက် ၁၉၄၆ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ဘိလပ်အစိုးရက ဗမာပြည်နှင့်ပတ်သက်၍ ကြေညာ ချက်တစ်ရပ်ထုတ်ပြန်ကာ တရားဝင်တွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်ခဲ့လေသည်။

ကမ္ဘာရဲ့ မေတ္တာနဲ့

ဖဆပလ အလုပ်အမှုဆောင်အဖွဲ့ကလည်း အခြေအနေအရပ်ရပ် လုပ်ငန်းစဉ်အရပ်ရပ်ကို အချိန်ယူသုံးသပ်ပြီးလျှင် ၁၉၄၆ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် လက်ခံရန် တညီတညွတ်တည်း ဆုံးဖြတ်ချက် ချခဲ့လေသည်။ ဤသို့လက်ခံ၍ ဘိလပ်အစိုးရနှင့် တွေ့ဆုံဆွေးနွေးရမည်ကို ဗိုလ်ချုပ်အောင်ဆန်းက **"ကျုပ်တို့ ယခုလိုသွားရတာဟာ ကျွန်တော်တို့က လွန်ခဲ့တဲ့ တစ်လကျော်က ဗြိတိသျှအစိုးရကို လွတ်လပ်ရေးနှင့်ပတ်သက်ပြီး အရေးဆိုခဲ့တယ်။ အဲဒီလို အရေးဆိုတဲ့အခါ ဗြိတိသျှအစိုးရက ခင်ဗျားတို့အရေးဆိုတဲ့အချက်စဉ်းစားရအောင် ကျုပ်တို့ ဆီလာပါပြောတော့ ကျုပ်တို့ ခင်ဗျားတို့ဆီ လာလို့ လာကျိုးနပ်လိမ့်မယ်လို့ ထင်ရအောင် ခင်ဗျားတို့က ဘာတစ်ခွန်းမှ မဟဘဲနဲ့ ဘယ့်နယ့်လုပ်ပြီး ကျုပ်တို့ချင့်ချိန်လို့ရမလဲ။ ဒါကြောင့် ဗမာပြည်လွတ်လပ်ရေးနှင့်ပတ်သက်၍ ဘယ်လိုစကားခင်းပေးမှ ကျုပ်တို့ ခင်ဗျားတို့ဆီလာလို့ရမယ်လို့ ဆုံးဖြတ်လို့ရမယ်လို့ ပြန်ပြောတာနဲ့ တစ်နေ့က ဘိလပ်နန်းရင်းဝန်က ကြေညာချက်ထုတ်ပြန်လိုက်တယ်။ အဲဒီ ကြေညာချက်ဟာ ကျေနပ်စရာကောင်းတာ၊ မကောင်းတာကိုအပထားလို့ အဲဒီ ကြေညာချက်ကိုမြင်တော့ ကျုပ်တို့ သဘောမှာ ဘိလပ်သွားပြီး ကျုပ်တို့လိုချင်တာတွေ ဆက်ဆွေးနွေးလိုက်ရရင် ကောင်းတန်ရဲ့လို့ သဘောပိုက်ထားတာနဲ့ ယခု ကျုပ်တို့လန်ဒန်သွားကြမှာပဲ။ ကျုပ်တို့ ဒီလို ဘိလပ်အစိုးရဖိတ်တာကိုလက်ခံပြီး ဟိုသွားခြင်းဟာလည်း နန်းရင်းဝန်ရဲ့ကြေညာချက်ကို ကျေနပ်လို့သွားတာမဟုတ်ဘူး။**

လက်ခံမယ်ဆိုပြီး သွားတာမဟုတ်ဘူး။ သူကြေညာချက်ကိုအခြေခံပြီး ကျုပ်တို့ လိုချင်တာတွေ ရအောင်မြှောဖို့သွားတာပဲ။ လွတ်လပ်ရေးဆိုတာ တောင်းလို့ရတဲ့ကိစ္စမဟုတ်ဘူး။ သူများနို့သက်စို့ခံရယူတဲ့ အခွင့်အရေးမျိုးမဟုတ်ဘူး။ မိုးပေါ်က အလိုအလျောက် ကျမလာနိုင်ဘူးဆိုတာ ကျုပ်တို့လည်းသိတာပဲ။ နို့ ဒီလိုသိလျက်နဲ့ ဘာလို့ ဘိလပ်သွားရသလဲဆိုတာကတော့ ပရိယာယ်ဆိုလည်း ဟုတ်ကဲ့၊ တကယ်ဆိုလည်း ဟုတ်တာပဲ။ ကျုပ်တို့ ဟိုသွားတာဟာ ကျုပ်တို့ လွတ်လပ်ရေးကို အေးအေးဆေးဆေးနဲ့ ယူနိုင်တဲ့ နည်းလမ်းကို ရှာဖွေတဲ့ သဘောပဲ။ ဒီလို အစွမ်းကုန် အေးဆေးစွာ လွတ်လပ်ရေးရတဲ့ နည်းရှာလို့မရလို့ တခြားနည်းတွေ သုံးရမယ်ဆိုတဲ့အခါ ကျုပ်တို့ဟာ ကမ္ဘာမေတ္တာနဲ့ လုပ်နိုင်မည် မဟုတ်လား။ အကယ်၍ ကျွန်ုပ်တို့ လွတ်လပ်ရေးကို အေးအေးဆေးဆေးနဲ့ရရင်လည်း ကောင်းတာပဲ မဟုတ်လား။ အေးအေးဆေးဆေးနဲ့ရမယ်ဆိုရင် ဘယ်သူ မလိုချင်ဘဲရှိမလဲ။ မလိုချင်ဘူးဆို တဲ့လူဟာ အရူးပဲ" ဟု ဆိုခဲ့လေသည်။

(ဘိလပ်သွား အသံလွှင့်မိန့်ခွန်းမှ)

တော်လှန်ရေးသစ္စာဖောက်တဲ့

ဤသို့ ဘိလပ်အစိုးရနှင့် တွေ့ဆုံဆွေးနွေးရန် လက်ခံသည်ကို ကွန်မြူနစ်များက တော်လှန်ရေးသစ္စာဖောက်၊ ပြုပြင်စေ့စပ်ရေးအချောင်သမားဟု ပုတ်ခတ်ဆဲရေးကြသည်။ ဤကိုရည်၍ ဗိုလ်ချုပ်အောင်ဆန်းက ဖ. ဆ. ပ. လ လမ်းစဉ်ကို အောက်ပါအတိုင်း ရှင်းပြခဲ့သည်။

"ကျုပ်တို့ အတိအလင်းကြေညာထားတဲ့ ရည်ရွယ်ချက်တွေကို တရားနည်းလမ်းစဉ်းကမ်းများအရ ရယူနိုင်မည့် အခွင့်အရေးများရှိရင် အဲဒီအခွင့်အရေးများကို ပထမဦးဦးစွာ ကုန်အောင်အသုံးပြုရမယ်။ ဒီလိုဆိုလိုခြင်းဖြင့် ကျုပ်တို့ဟာ တခြားပြင်ဆင်မှုလုပ်ငန်းများကို မလုပ်ရဘူးလို့ မဆိုလိုဘူး။ ဘာပြုလို့လဲဆိုရင် ယခုတော့ ကျုပ်တို့ပြည်မှာ ဖြစ်ပျက်ခဲ့တာကိုကြည့်ပြီးတဲ့နောက် ကျုပ်တို့ဟာ ကျုပ်တို့ မျှော်မှန်းရာပန်းတိုင်ကို တရားသဖြင့်နည်းနှင့် ရောက်ချင်မှရောက်မှာလို့ စိတ်ရောက်တယ်။ ဒါကြောင့် လိုရင်လိုသလို တရားဥပဒေပြင်ပလွတ်လပ်ရေးတိုက်ပွဲအတွက် အဆင်သင့်ဖြစ်အောင် ပြင်စရာရှိတာ ပြင်ထားရမယ်။ ဒီလိုဆိုပြန်တော့လည်း ဒီ လွတ်လပ်ရေးတိုက်ပွဲဟာ မလွဲမရှောင်ဖြစ်မယ်လို့ မဆိုလိုဘူး။

အင်္ဂလိပ်အစိုးရဟာ ဗမာပြည်မှာ ဒီလို လွတ်လပ်ရေးတိုက်ပွဲမျိုး ထပ် မြင်ချင်သေးသလား၊ မမြင်ချင်ဘူးလားဆိုတဲ့ မေးခွန်းအပေါ်မှာ တည်တယ်။ လွတ်လပ်ရေးတိုက်ပွဲ ဖြစ်ရေးမဖြစ်ရေးဟာ ကျွပ်တို့လက်မှာ မရှိဘဲနဲ့ သူတို့ လက်ထဲမှာရှိတယ်။ အဲဒီလို ကျွပ်ပြောခဲ့တယ်။ ဒါကြောင့် ဒီစကားနဲ့အညီပဲ၊ ကျွပ်အခု ဘိလပ်ကိုသွားမယ်ဆိုတာ အေးအေးချမ်းချမ်းနှင့် လွတ်လပ်ရေးရနိုင်မည့်နည်းလမ်းရှာတဲ့သဘောသွားတာပဲ။ လွတ်လပ်ရေးဟာ တောင်းလို့ရနိုင်တဲ့ကိစ္စမျိုး မဟုတ်ပေမဲ့ ကျွပ်တို့ပြည်ကိုအင်္ဂလိပ်က ယခု အုပ်စိုးနေတော့ သူတို့လက်ကအာဏာကို ကျွပ်တို့လက်ကို လွှဲပြောင်းယူနိုင်မှ လွတ်လပ်ရေးရနိုင်တာပဲ။ အဲဒီလို အာဏာကိုလွှဲပြောင်းတာဟာ အေးအေးဆေးဆေးနဲ့လည်း လုပ်ချင်လုပ်နိုင်တာပဲ။ ဒီလိုမှမဟုတ် အကြမ်းပတမ်းဆက်ပြီးလည်း လုပ်ချင်လုပ်ရမှာပဲ။ ဘယ်လိုပဲဖြစ်ဖြစ် အာဏာလွှဲပြောင်းတာမရှိဘဲနှင့် လွတ်လပ်ရေးမရနိုင်ဘူး”

(အထက်ပါမိန့်ခွန်းမှ)

တော်လှန်ရေးသမား၏ အယူအဆ

ဤတွင် ပြုပြင်စေ့စပ်ရေးဆိုသည့်စကားကို အနည်းငယ်ရှင်းရန်လိုသည်။ တွေ့ဆုံဆွေးနွေးရေးကို အချို့က စေ့စပ်ရေးဟု ဆိုကြသည်။ စေ့စပ်ရေးနှင့်ပတ်သက်၍ အယူအဆအမျိုးမျိုးရှိသည်။ အထူးသဖြင့် ပြုပြင်ပြောင်းလဲရေးသမားတို့၏ အယူအဆကတစ်မျိုး၊ တော်လှန်ရေးသမားများ၏ အယူအဆက တစ်မျိုးဖြစ်လေသည်။ ပြုပြင်ပြောင်းလဲရေးသမားများက စေ့စပ်ရေးကို အဓိကထားသည်၊ အဓိကလုပ်သည်။ စေ့စပ်ရေးမှရသမျှကို အောင်မြင်မှုအဖြတ်ဟုယူဆ၍ တင်းတိမ်ရောင့်ရဲသည်၊ ကျေနပ်သည်။ တော်လှန်ရေးသမားများက စေ့စပ်သည့်ကိစ္စကို အဓိကမထား၊ အဓိကမလုပ်။ မိမိတို့လုပ်ငန်းစဉ်အတွက် အထောက်အပံ့ ဖြစ်မဖြစ်၊ အကျိုး ပြုမပြုကိုသာ ကြည့်သည်။ ဥပမာ- ဖ. ဆ. ပ. လ အစိုးရအဖွဲ့သို့ ဝင်ရောက်ခြင်းမှာ ရာထူးရရေး၊ နေရာရရေးသည် အဓိကမဟုတ်။ လွတ်လပ်ရေးတိုက်ပွဲအတွက် အထောက်အပံ့ဖြစ်မဖြစ်၊ အကျိုးပြုမပြုကို အဓိကထားသည်။ ထို့အတူ ဘိလပ်ဆွေးနွေးပွဲကိုလည်း ဤအကြည့် ဤအမြင်ဖြင့် သုံးသပ်၍ လက်ခံခြင်းဖြစ်လေသည်။ ဤသဘောတရား၊ ဤအယူအဆမျိုးကိုလည်း ဗိုလ်ချုပ်အောင်ဆန်း၏မိန့်ခွန်းများ

တွင် ထပ်ကာတလဲလဲ ထည့်သွင်းပြောကြားခဲ့ပြီးဖြစ်လေသည်။

ရရင်ရ မရရင်ချမယ်

ယခု ဆက်လက်၍ အချိန်ပိုင်းနှင့်ပတ်သက်၍ အရေးကြီးသည်ကို ဖော်ပြလိုပါသည်။ ကျွန်ုပ်တို့သည် ဘိလပ်အစိုးရသို့ သုံးလပိုင်းကာလအတွင်း မိမိတို့၏ လိုလားချက်များကို ပြန်ကြားရန် ရာဇသံပေးခဲ့၏။ ဤအချိန်ပိုင်းသည် အင်မတန်မှ အရေးကြီးလှပါသည်။ ရာဇသံနောက်တွင် အဆန်မပါက သင်္ကြန်အမြောက်လို ရာဇဝင်ရိုင်းရမည့်ကိစ္စ ဖြစ်ပါသည်။ ထို့ကြောင့် ကျေနပ်လောက်သော အဖြေရက ဘယ်လို၊ မရကဘယ်လိုစခန်းသွားရမည်ကို အသေးစိတ် စီမံကိန်းများချမှတ်၍ ပြင်ဆင်မှုများ အဘက်ဘက်မှလုပ်ခဲ့ကြရသည်။ ဗိုလ်ချုပ်အောင်ဆန်းတို့ ဘိလပ်ရောက်၍ ဆွေးနွေးပွဲများလုပ်နေစဉ် ကျွန်ုပ်တို့သည် ရန်ကုန်မြို့နှင့် ဗမာပြည်တစ်ပြည်လုံးတွင် လွတ်လပ်ရေးဆန္ဒနှင့် အင်အားပြပွဲရက်သတ္တပတ်အနေဖြင့် ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်မှ ၁၆ ရက်ကို သတ်မှတ်ထားကာ အကြီးအကျယ်အင်အားပြခဲ့ကြသည်။ ချီတက်သံ၊ ကြွေးကြော်သံများဖြင့် တစ်ပြည်လုံး ညံနေအောင်၊ ပဲ့တင်ထပ်နေအောင် လုပ်ခဲ့ကြသည်။ ထိုဆန္ဒပြပွဲ၊ အင်အားပြပွဲများတွင် ကျွန်ုပ်တို့သည် ‘ရရင်ရ မရရင်ချမယ်’ ဟု အတိအလင်း ကြွေးကြော်ခဲ့ကြသည်။ ထိုကြွေးကြော်သံသည် စိတ်ဓာတ်ထက်သန်မှုကြောင့် ထွက်ပေါ်လာရသည့်အသံ၊ အကြောင်းမရှိ အဓိပ္ပာယ်မရှိ အဆဲမပါသော အမြောက်သံမဟုတ်ပါပေ။ စကားနောက်တရားပါဆို သလို အကြောင်းရှိရှိ၊ အဓိပ္ပာယ်ရှိရှိဖြင့် တကယ်အလုပ်ကို ဖော်ထုတ်သည့် ကြွေးကြော်သံသာ ဖြစ်လေသည်။ ဤအကြောင်းမှာ သည်းထိတ်ရင်ဖိုခန်းဖြစ်၍ နောက်ပိုင်းတွင် ဇာတ်ကြောင်းနှင့်ပေါင်း၍ ပေါ်လွင်အောင်ဖော်ပြပါမည်။ ယခုတော့ လူထု၏စိတ်ဓာတ်ထက်သန်မှု သာဓကတစ်ရပ် တင်ပြပါရစေ။

ပြောမယုံ ကြုံမှသိ

ဤသို့ အရေးကြီးလာသောအချိန်တွင် လူအားတောင့်ရုံနှင့် မလုံလောက်၊ လူထုစိတ်ဓာတ် ထက်သန်ရုံနှင့်မပြီး၊ ရန်ပုံငွေလည်း တောင့်တင်းရန် လိုလာပါသည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းက ဖ. ဆ. ပ. လ အဖွဲ့ချုပ်ကိုယ်စား **‘လွတ်လပ်ရေးတိုက်ပွဲအတွက် ငွေလိုသဖြင့် လွတ်လပ်ရေးရန်ပုံငွေ**

PDF CREATOR - NYEYADHAMMA@GMAIL.COM

တစ်ရပ်ဖွင့်ကြောင်း၊ ပြည်သူလူထုတစ်ရပ်လုံး နည်းများမဆို မိမိတို့စေတနာအလျောက် ထည့်ဝင်ကြရန်' မေတ္တာရပ်ခံလိုက်ပါသည်။ ခေတ်ကား ခေတ်ကျပ်ကြီးဖြစ်ပါသည်။ စစ်ဘေးစစ်ဒဏ်ကြောင့်တစ်မျိုး၊ ဂျပန်ငွေစက္ကူကို တရားမဝင်လုပ်ပစ်ခံရသဖြင့်တစ်မျိုး ဗမာလူထုတစ်ရပ်လုံးမှာ ဖွတ်ဘိုးအေဘဝမှ နာလန်မထူနိုင်သေးသည့်အချိန် ဖြစ်ပေသည်။ သို့သော် 'ပြောမယုံကြဲဖူးမှသိ' ဆိုသလို လူထု၏ဆန္ဒပြင်းပြမှု၊ ကိုယ်ကျိုးစွန့်လွှတ်မှုများကို အံ့မခန်းတွေ့ခဲ့ရသည်။ လူမျိုး၊ လူတန်းစား၊ ကလေးလူကြီးမရွေး စိတ်အားထက်သန်စွာ ထည့်ဝင်ကြသည်။ အချို့ ငွေကြေးတတ်နိုင်သူများက ငွေ၊ ငွေမရှိသူများက ရှိရာစိန်၊ ရွှေလက်ဝတ်လက်စားများကို ချွတ်၍ထည့်ကြပါသည်။ စုဆောင်းထားရာ ကျောက်မျက်ရတနာများကိုပေးအပ်ကြသည်။ အချို့လည်း မိမိတို့ချမ်းသာသမျှ ပစ္စည်းတစ်ဝက်၊ စည်းစိမ်တစ်ဝက်ကို ပေးလှူကြသည်။ ဖ. ဆ. ပ. လ က ထိုအလှူမျိုးကို လက်မခံပါ။ စေတနာကိုသာ မှတ်တမ်းတင်ပါသည်။ အလုပ်သမားများကလည်း မိမိတို့၏ တစ်နေ့တွက်လုပ်ခကိုလည်းကောင်း၊ အချိန်ပိုနှင့် အားလပ်ရက်များတွင် အလုပ်ဆင်း၍ရသမျှကိုလည်းကောင်း စုပေါင်းထည့်ဝင်ကြသည်။ ခေါင်းရွက်သည်အစ စွေးသူစွေးသားများကလည်း တစ်နေ့တွက်ရသမျှ အမြတ်ငွေကို လှူကြသည်။

အဘိုးကြီး အဘွားကြီးတို့က

ထိုမျှမကသေးပါ။ ဖ. ဆ. ပ. လ အဖွဲ့ချုပ်က ရန်ပုံငွေကောက်ခံမှုကို လူထုနှင့်ဆက်စပ်မှု၊ လူထု၏လှုပ်ရှားမှု သက်ရောက်အောင် ခေါင်းဆောင်များကိုယ်တိုင် ရပ်ကွက်များသို့ဆင်း၍ တစ်အိမ်တက်တစ်အိမ်ဆင်း ဟောပြော၍ ခွက်ထိုးကောက်ခံရန် ဆုံးဖြတ်ခဲ့သည်။ ကျွန်ုပ်တို့ကိုယ်တိုင် တိုက်နယ်၊ ရပ်ကွက် ခေါင်းဆောင်များနှင့် ပူးပေါင်း၍ တစ်အိမ်တက်တစ်အိမ်ဆင်း ကောက်ခံခဲ့ရာ မမေ့နိုင်သည့် အောက်ပါဖြစ်ရပ်များကို ကြုံတွေ့ခဲ့ကြရသည်။ အချို့ အဘိုးကြီး၊ အဘွားကြီးများ မိမိတို့အိတ်ကပ်၊ ပုဆိုးကြား၊ ထဘီကြားများမှ ကတ်ကတ်သတ်သတ် ရှားရှားပါးပါး စုဆောင်းထားသည့် ကျပ်တန်ကလေးများ၊ မူးစေ့မတ်စေ့ကလေးများကိုထုတ်ကာ ဝမ်းမြောက်လွန်း၍ ထွက်သည့်မျက်ရည်အပြည့်ဖြင့် တုန်တုန်ချည့်ချည့် ထည့်ဝင်ကြသည်ကိုလည်းကောင်း၊ အချို့ ကလေးငယ်များက မိမိတို့မုန့်ဖိုးထဲမှ တစ်ပြားစ၊ နှစ်ပြားစ စုဆောင်းထားသည့်

စုဘူးများကိုဖွင့်၍ ရှိသမျှအကုန်ကို ကျေကျေနပ်နပ်ကြီး ထည့်ဝင်ကြသည်ကို လည်းကောင်း စိတ်ထိခိုက်ဖွယ် ကြုံရ၊ တွေ့ရသည်။ အဘယ်ခေါင်းဆောင်သည် လူထုတစ်ရပ်လုံး ဤမျှလိုလား၊ ဤမျှတောင့်တနေသော လွတ်လပ်ရေးအတွက် အသက်ပေးဆောင်ရွက်ရန် ဝန်လေးနိုင်ပါတော့အံ့နည်း။

လွတ်လပ်ရေး၏ ကိုယ်စားလှယ်

ဤသို့ ဘိလပ်သို့သွားရောက်၍ လွတ်လပ်ရေးအတွက် ဘိလပ်အစိုးရနှင့်တွေ့ဆုံဆွေးနွေးရန် လက်ခံဆုံးဖြတ်ပြီးနောက် ကိုယ်စားလှယ်ရွေးရမည်ဖြစ်ပါသည်။ ဘိလပ်အစိုးရနှင့် ဗမာပြည်ဘုရင်ခံတို့ လိုလားချက်အရ အတိုက်အခံမှ ဂဠုန်ဦးစောနှင့် သခင်ဗစိန်တို့ပါဝင်မှုကို ဖ. ဆ. ပ. လ က သဘောတူခဲ့သည်။ ထိုသူနှစ်ဦးစလုံးမှာ လက်ရှိအစိုးရအဖွဲ့တွင် ဖ. ဆ. ပ. လ ကိုယ်စားလှယ်များနှင့် ပူးတွဲ၍ပါဝင်နေသည့်ပြင် လွတ်လပ်ရေးဆောင်ရွက်မှု နောက်ခံရှိကြသဖြင့် လွတ်လပ်ရေးကိစ္စတွင် သဘောကွဲစရာ အထူးမရှိနိုင်ဟုယူဆခဲ့ကြသည်။ သို့သော် နောက်ပိုင်းတွင် ထိုသို့မဖြစ်လာသည်ကိုတွေ့ရပါမည်။ ဖ. ဆ. ပ. လ ၏ကိုယ်စားလှယ်များအဖြစ်ကား - (၁) ဗိုလ်ချုပ်အောင်ဆန်း၊ (၂) သခင်မြ၊ (၃) ဦးဘဘေ၊ (၄) ဦးကျော်ငြိမ်းတို့ကို ရွေးချယ်ကြပါသည်။

ထို့နောက် အရေးကြီးသောလုပ်ငန်းစဉ်များကို အသေးစိတ် ဆွေးနွေး၍ ချမှတ်ကြသည်။ ဘိလပ်ဆွေးနွေးပွဲတွင် ဘယ်အချက်များကို အဓိကထား၍တောင်းဆိုပြီး အနည်းဆုံး ဘယ်အချက်များကိုရရှိမှ လက်ခံရမည်ကိုလည်း သတ်မှတ်သည်။ ဘိလပ်တွင် ဆွေးနွေးနေစဉ် ဗမာပြည်တွင် လှုပ်ရှားရမည့် ပြင်ဆင်ရမည့် လုပ်ငန်းစဉ်များကိုလည်း ရေးဆွဲပြီး တာဝန်ခန့်ခွဲမှုများကို လုပ်ကြသည်။ ဘိလပ်ဆွေးနွေးပွဲအောင်မြင်က ဘယ်လို၊ မအောင်မြင်က ဘယ်သို့ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ အသေးစိတ်ပါဝင်သည်။ ဘိလပ်နှင့်ဗမာပြည် အမြဲတမ်းဆက်သွယ်ပြီး သတင်းပေးနိုင်ရန် လျှို့ဝှက်သင်္ကေတများကိုလည်း ပြုလုပ်ခဲ့ကြသည်။

ဤသို့ အသေးစိတ်ပြင်ဆင်မှုများပြုလုပ်ပြီး ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့မှာ ဘိလပ်သို့ တိုက်ရိုက်မသွားဘဲ အိန္ဒိယမှ နေရူးအမျှူးရှိသော ခေါင်းဆောင်များနှင့်တွေ့ဆုံ၍ အကျိုးတူ

ကိစ္စရပ်များနှင့် အကြံဉာဏ်များ ဖလှယ်နိုင်ရန် ပထမဆုံးထွက်ခွာကြသည်။ ထိုမှတစ်ဆင့် ဘိလပ်သို့ ဆက်သွားကြသည်။ ကျန် အဖွဲ့ဝင်များက ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့တွင်မှ ရန်ကုန်မှ ထွက်ခွာ၍ ဘိလပ်တွင် ဗိုလ်ချုပ် အောင်ဆန်းတို့နှင့် ပူးပေါင်းကြသည်။ ဘိလပ်တွင် တွေ့ဆုံသင့်သူများနှင့် တွေ့ဆုံပြီး ဆွေးနွေးပွဲနှင့်ပတ်သက်၍ ပြင်ဆင်သင့်သည်များကို အသေးစိတ် ထပ်၍ပြင်ဆင်ကြသည်။

သည်းထိတ်ရင်ပိုလာချိန်

၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့သည်ကား ဗမာပြည် အနာဂတ်အတွက် အရေးကြီးလှသော တွေ့ဆုံဆွေးနွေးပွဲကို စတင်သည့်နေ့ ဖြစ်လေသည်။ ဘိလပ်အစိုးရကိုယ်စား ဝန်ကြီးချုပ်(ထိုစဉ်က နန်းရင်းဝန်ခေါ်သည်) မစ္စတာအက်တလီနှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဘီဘင်တို့က ခေါင်းဆောင်သည်။ ဗမာပြည်ကိုယ်စားလှယ်အဖွဲ့ကိုမူ ဗိုလ်ချုပ်အောင်ဆန်းက ခေါင်းဆောင်လေသည်။

ဤအချိန်ကား ဗမာပြည်တစ်ပြည်လုံး သည်းထိတ်ရင်ဖိုနေရသော အချိန်ဖြစ်ပါသည်။ လူတိုင်း နားတစွင့်စွင့်နှင့် ဘိလပ်ဆွေးနွေးပွဲကို စိတ်ဝင်စား အာရုံစိုက်လျက် ရှိကြသည်။ လူချင်းဆုံလျှင် ဤအကြောင်းပဲမေးကြသည်။ ဤအကြောင်းပဲ ပြောကြ၊ ဆွေးနွေးကြသည်။ ဖ. ဆ. ပ. လ ဌာနချုပ်နှင့် လက်အောက်ခံ အဖွဲ့အစည်းအသီးသီးမှ တာဝန်ခံခေါင်းဆောင်များမှာလည်း တကြိတ်ကြိတ်နှင့် အလုပ်များလျက် ရှိကြသည်။ အဘယ်ကြောင့် ပြည်သူလူထုတစ်ရပ်လုံး ဤမျှစိတ်ဝင်စား အာရုံစိုက်နေရပါသနည်း။ ဘာကြောင့်များ ခေါင်းဆောင်တွေ ဤမျှ တကြိတ်ကြိတ်ဆွေးနွေးပြီး အလုပ်ရှုပ်နေကြရပါသနည်း။

ဘိလပ်ဆွေးနွေးပွဲ မအောင်မြင်က ဖ. ဆ. ပ. လ သည် အစိုးရအဖွဲ့မှ နုတ်ထွက်ကြရမည်မဟုတ်လော။ နုတ်ထွက်ရုံတွင်လော မဟုတ်ပါ။ ဖ. ဆ. ပ. လ သည် ဥပဒေဘောင်အတွင်း တရားနည်းလမ်းရှိသမျှ လွတ်လပ်ရေးအတွက် ကြိုးပမ်းမည်။ မရသည့်အဆုံးတွင် ရနိုင်သည့်နည်းလမ်းကို သုံးမည်၊

လုပ်မည်ဟု ကြေညာထားပါသည်။ ဤဘိလပ်ဆွေးနွေးပွဲကား ဥပဒေဘောင်အတွင်း အေးချမ်းစွာဖြင့် လွတ်လပ်ရေးကြိုးပမ်းမှု၏ နောက်ဆုံးစခန်းပင် မဟုတ်ပါလော။

■

အတွဲ(၁)၊အမှတ်(၁၄)၊ စက်တင်ဘာ ၁ ၊၁၉၇၁

ဗိုလ်ချုပ်အောင်ဆန်း

ဗိုလ်မှူးအောင်

ရင်တမမနေရသော ဘိလပ်ဆွေးနွေးပွဲ

သည်းထိတ်ရင်ဖိုရဆုံး

"ကျုပ်တို့ အတိအလင်းကြေညာထားတဲ့ ရည်ရွယ်ချက်တွေကို တရား နည်းလမ်းစည်းကမ်းများအရ ရယူနိုင်မည့် အခွင့်အရေးများရှိရင် အဲဒီ အခွင့်အရေးများကို ပထမရွေးဦးစွာကုန်အောင် အသုံးပြုရမယ်" ဟု ဗိုလ်ချုပ်အောင်ဆန်းက ဆိုခဲ့သည်။ ဤဘိလပ်ဆွေးနွေးပွဲသည် ထိုတရား နည်းလမ်း စည်းကမ်းများအတွင်း နောက်ဆုံးကြိုးပမ်းမှု၊ နောက်ဆုံးပွဲဖြစ်လေသည်။ လက်ကုန်တက်ကုန် အစွမ်းကုန်ကြဲရမည့်ပွဲလည်းဖြစ်ပေသည်။ ဤပွဲတွင် မအောင်မြင်က ကြားကာလဟူ၍ မရှိတော့။ အချိန်ဆွဲနေ၍ မဖြစ်တော့။ လူထုအုံကြွမှုနှင့် လက်နက်ကိုင်တော်လှန်ရေးကို ပူးပေါင်း၍ လွတ်လပ်ရေးတိုက်ပွဲ၏ နောက်ဆုံးအဆင့်သို့ ချက်ချင်းကူးပြောင်းရမည် ဖြစ်လေသည်။ ဤအချိန်ပိုင်းသည် အင်မတန်မှ အရေးကြီးလှသော အချိန်ပိုင်းဖြစ်ခဲ့သည်။ တစ်ဖက်တွင် ဘိလပ်ဆွေးနွေးပွဲ အောင်မြင်မှုအတွက် အစွမ်းကုန်ကြိုးပမ်းရသလို တစ်ဖက်တွင်လည်း တိုက်ပွဲ၏ နောက်ဆုံးအဆင့်အတွက် အစွမ်းကုန်မောင်းတင်၊ အစွမ်းကုန်ပြင်ဆင်ခဲ့ကြရသည်။ လွတ်လပ်ရေးတိုက်ပွဲသမိုင်းတစ်လျှောက်တွင် ဤအပိုင်းသည် သည်းထိတ်ရင်ဖိုရဆုံးသော အပိုင်းဖြစ်လေသည်။ သို့သော် ရုပ်လုံးဖော်နိုင်သူများက ယနေ့တိုင်မဖော်ခဲ့ကြသဖြင့်

မြှုပ်ကွက်လိုဖြစ်ခဲ့သည်။ ထိုအချိန်တွင် ဦးကျော်ငြိမ်းမှာ နိုင်ငံခြားဆက်သွယ်ရေးကိစ္စ၊ ဘိလပ်သို့ ဖ. ဆ. ပ. လ ကိုယ်စားလှယ်အဖြစ်ဖြင့် သွားရရေးကိစ္စ၊ နောက်လည်း အစိုးရအဖွဲ့တွင် ဝင်၍ တာဝန်ယူရရေးကိစ္စများကြောင့် ဖ. ဆ. ပ. လ အထွေထွေအတွင်းရေး မှူးချုပ် တာဝန်ကို စာရေးသူက ဝင်ရောက်တာဝန်ယူနေရသည့် အချိန် ဖြစ်ပါသည်။ ထိုစဉ်က မိမိတို့ဆိုင်ရာ အခန်းများမှ အသီးသီးတာဝန်ယူ ထမ်း ဆောင်ရသည့် ပုဂ္ဂိုလ်များ၊ တာဝန်ခံများ မြောက်မြားစွာရှိကြပါသည်။ တာဝန် ပေးချက်အရ ကျွန်ုပ်နှင့် အများဆုံးပူးပေါင်း၊ အများဆုံးလက်တွဲခဲ့ရသူများမှာ ဗိုလ်မှူးအောင်၊ ဗိုလ်စိန်မှန် (ကွယ်လွန်)၊ ဗိုလ်မင်းခေါင်တို့ ဖြစ်ကြပါသည်။ ဤအရေးကြီးလှသော အချိန်ပိုင်းမှာ သည်းထိတ်ရင်ဖိုစရာ မြှုပ်ကွက်များကို ကျွန်ုပ်အကျဉ်းချုံး၍ ဖော်သွားမည်ဖြစ်ရာ ထို့တွက် ဟာကွက်များရှိပါက ထိုပုဂ္ဂိုလ်များက ဖြည့်စွက်ပေးစေလိုပါသည်။ ပထမဆုံး ဘိလပ်ဆွေးနွေးပွဲ အောင်မြင်မှုအတွက် မဲတင်းပေးသည့်လုပ်ငန်းရပ် လှုပ်ရှားမှုများကို တင်ပြလိုပါသည်။

ခေတ်စားခဲ့သည်မှာ

၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့မှ ၁၆ ရက်နေ့ကို လွတ်လပ်ရေး ဆန္ဒပြ၊ အင်အားပြရက်သတ္တပတ်အဖြစ်ဖြင့် သတ်မှတ်၍ ရန်ကုန်နှင့်တကွ တစ်ပြည်လုံးတွင် ချီတက်သံများ၊ ကြွေးကြော်သံများဖြင့် ပဲ့တင်ထပ်စေခဲ့ပါသည်။ ထိုဆန္ဒပြပွဲ၊ အင်အားပြပွဲများတွင် ကျွန်ုပ်တို့ကိုယ်တိုင် 'ရရင်ရ မရရင် ချမယ်'ဟု ရဲရဲတောက်ကြွေးကြော်သံကို အတိအလင်းကြွေးကြော်ခဲ့ကြသည်။ အဓိပ္ပာယ်မှာ ရှင်းပါသည်။ ဘိလပ်ဆွေးနွေးပွဲတွင် ကျွန်ုပ်တို့လိုလားချက်များ ရလျှင်ရ မရလျှင် လက်နက်ကိုင်တိုက်ပွဲဆင်နွှဲတော့မည်ဟု ဆိုလိုပါသည်။ ထိုစဉ်က လူချင်းတွေ့လျှင် 'ရရင်ရ မရရင်ချ'ဟူသော ကြွေးကြော်သံဖြင့် နှုတ်ဆက်ကြသည်အထိ ရေပန်းစားခဲ့သည်၊ ခေတ်စားခဲ့သည်။

ကျွန်ုပ်တို့သည် ဤကြွေးကြော်သံကို အကြောင်းမဲ့၊ အဓိပ္ပာယ်မဲ့ ကြွေးကြော်ခဲ့ကြသည်မဟုတ်။ မိမိတို့ တကယ်လုပ်တော့မည့်အလုပ်ကို နယ်ချဲ့အား သတိပေးလို၍တစ်ကြောင်း၊ လူထုအား နောက်လာမည့် တကယ့်တိုက်ပွဲအတွက် မောင်းတင်လို၍တစ်ကြောင်း ဤသို့ ပြောင်ပြောင်တင်းတင်းကြွေးကြော်ခဲ့ခြင်းဖြစ်လေသည်။ ဗိုလ်ချုပ်အောင်ဆန်းက **"အင်္ဂလိပ်အစိုးရဟာ ဗမာ**

ပြည်မှာ ဒီလိုလွတ်လပ်ရေးတိုက်ပွဲမျိုး ထပ်မြင်ချင်သေးသလား၊ မမြင်ချင်ဘူးလားဆိုတဲ့ မေးခွန်းအပေါ်မှာတည်တယ်။ လွတ်လပ်ရေးတိုက်ပွဲ ဖြစ်ရေး၊ မဖြစ်ရေးဟာ ကျုပ်တို့လက်မှာမရှိဘဲနဲ့ သူတို့လက်ထဲမှာရှိတယ်" ဟုဆိုခဲ့သည် မဟုတ်ပါလော။ ယခု ဘိလပ်ဆွေးနွေးပွဲတွင် သည်လိုမေးခွန်း၏အဖြေကို ဘိလပ်အစိုးရက ပေးရမည့်အခါပင် ဖြစ်လေသည်။ ဤအခါမျိုးတွင် ကျွန်ုပ်တို့သည် ပရိယာယ်ဝေဝုပ်ဖြင့် လှည့်ပတ်မှုကိုမခံတော့၊ အချိုသတ်အချိန်ဆွဲမှုကို မခံတော့။ နှစ်နိုင်ငံ ချစ်ကြည်မှုအတွက် အေးချမ်းသောနည်းဖြင့် မိမိတို့ လွတ်လပ်ရေးကို ရလျှင်ရ မရလျှင် ရသည့်နည်းဖြင့်ရယူတော့မည်ကို ပြရတော့မည်၊ ပြောရတော့မည် မဟုတ်ပါလော။ အမှန်ကိုသိပြီး ဆုံးဖြတ်ရန်မှာ ဘိလပ်အစိုးရ၏ တာဝန်သာဖြစ်လေသည်။

မောင်းတင်ပေးသောအခါ

ထို့ပြင် ဖ. ဆ. ပ. လ သည် ပြည်သူလူထုတစ်ရပ်လုံး၏ ထောက်ခံမှုကို ရရှိသည်။ ဖ. ဆ. ပ. လ လက်အောက်တွင် လူထု၊ လူတန်းစား၊ လူမျိုးရေးအဖွဲ့အစည်းများ ဆက်သွယ်လျက်ရှိကြသည်ဆိုသော်လည်း စည်းကမ်းနှင့်ညီသော နိုင်ငံလုံးဆိုင်ရာ အဖွဲ့အစည်းကြီးများသာ ဖြစ်ကြလေသည်။ စည်းကမ်းနှင့်မညီ၍ မဆက်သွယ်ရ၊ မပါဝင်ရသော လူထု၊ လူမှုရေး၊ လူမျိုးရေးအဖွဲ့အစည်းလည်း များစွာကျန်လျက်ရှိကြသည်။ ထိုအဖွဲ့အစည်းများမှာ စည်းကမ်းအရ အဖွဲ့လိုက်ဆက်သွယ်ခွင့်၊ ပါဝင်ခွင့်မရကြသော်လည်း အဖွဲ့ဝင်အများစုမှာ ဖ. ဆ. ပ. လ သို့ တစ်ဦးချင်းပါဝင်၍ တာဝန်ထမ်းဆောင်လျက်ရှိကြသည်။ ယခုလို အရေးကြီးနေသောအချိန်တွင် ဖ. ဆ. ပ. လ တစ်ခုတည်းက ဦးစီး၍ ဆန္ဒပြနေရုံဖြင့် မလုံလောက်၊ လှည်းနေလေ့အောင်း မြင်းဇောင်းမကျန် ပြည်သူလူထု တစ်ရပ်လုံးက လွတ်လပ်ရေးအတွက် ဘာမဆို စွန့်လွှတ်ဖို့ စွန့်စားဖို့ အဆင်သင့်ဖြစ်ကြသည်ကို ပြရမည်မဟုတ်ပါလော။ နောက်ဆုံးတိုက်ပွဲအဆင့်အတွက် ဖ. ဆ. ပ. လ အဖွဲ့ဝင်များကိုသာမဟုတ်၊ ပြည်သူလူထုတစ်ရပ်လုံးကို အစွမ်းကုန် မောင်းတင်ပေးရမည့်အခါ မဟုတ်ပါလော။ (မောင်းတင်သည်ဆိုသော စကားမှာ လူထုစိတ်ဓာတ်ကို မြှင့်တင်ပေးသည့်ကိစ္စ၊ ဆုံးဖြတ်ချက် သန္ဓိဌာန်ကို ခိုင်မာအောင်လုပ်ပေးမည့်ကိစ္စကို ဆိုလိုသည်။ ထိုစဉ်က အင်မတန်မှ ခေတ်စားသည့် ကျွန်ုပ်တို့ လက်သုံးစကားဖြစ်ပါသည်)

လှည်းနေလှေအောင်း မြင်းဇောင်းမကျန်

ထို့ကြောင့် လွတ်လပ်ရေးတိုက်ပွဲတွင် ဖ. ဆ. ပ. လ နှင့်လက်တွဲ၍ ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်လိုကြသည့် အဖွဲ့အစည်းများ စာရင်းသွင်းကြရန် ဆင့်ခေါ်ခဲ့လေသည်။ အစိုးရဌာနအသီးသီးမှ အမှုထမ်း၊ အရာထမ်းအဖွဲ့အစည်းများ၊ မီးသတ်၊ သူနာပြုအစရှိသည့် လူမှုရေးအဖွဲ့အစည်းများသာမက ကျောင်းဆရာ၊ ဗမာဆေးဆရာ အစရှိသည့် လူထုအဖွဲ့အစည်းများ၊ မွန်၊ မြေပြန့်ရှမ်း၊ မြေပြန့်ချင်း အစရှိသည့် လူမျိုးစုအဖွဲ့အစည်းများ၊ ရေယာဉ်၊ ကုန်းယာဉ် (ကား)၊ မြင်းလှည်း၊ ဆိုက်ကား အစရှိသည့် သယ်ယူပို့ဆောင်ရေးအဖွဲ့အစည်းများ၊ နောက်ဆုံး ကျော်ကီအစည်းအရုံးများအပါအဝင် အဖွဲ့အစည်းပေါင်း သုံးရာကျော်မျှ စာရင်းသွင်းခဲ့ကြသည်။ ထိုအဖွဲ့အစည်းများကို လွတ်လပ်ရေး ပဋိညာဉ်ခံအဖွဲ့များအဖြစ်ဖြင့် ဖ. ဆ. ပ. လ က လက်ခံခဲ့လေသည်။

မိုးထိအောင်ဟိန်းခဲ့ပုံက

ထိုပဋိညာဉ်ခံ အဖွဲ့အစည်းများ၏ ပဋိညာဉ်ပေးသစ္စာခံပွဲကို ဗန္ဓုလပန်းခြံတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ပဋိညာဉ်ခံ အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များနှင့် အဖွဲ့ဝင်တို့သည် အိုးစည်ဇုံမောင်းများ တီးမှုတ်၍ ဇာတိမာန်တက်ကြွဖွယ်သံချပ်များထိုး၍ တစ်မျိုး၊ ရဲရဲတောက်ကြွေးကြော်သံများကြွေးကြော်၍တစ်မျိုး ခြိတက်ခဲ့ကြရာ ဗန္ဓုလပန်းခြံကြီး ပြည့်လျှံမျှ စုရုံးမိကြသည်။ ထိုအခမ်းအနားတွင် ပဋိညာဉ်ခံအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များက လွတ်လပ်ရေးအတွက် ပေးအပ်သည့်တာဝန်ကို အသက်ပေး၍ ဆောင်ရွက်ကြပါမည်ဟု သဘောသက်ရောက်သည့် ပဋိညာဉ်ခံစာတမ်းတွင် လက်မှတ်ရေးထိုးကြသည်။ ထို့နောက် ပဋိညာဉ်ခံစာတမ်းကို တညီတညွတ်တည်း လက်ရုံးလက်မောင်းတန်းကာ တိုင်ဆိုသစ္စာပြုကြသည်။ စိတ်မာန်တက်ကြွစွာဖြင့် တိုင်ဆိုကြသည့်သစ္စာပြု တိုင်ဆိုသံကား မိုးထိအောင်ဟိန်းခဲ့လေသည်။

မဲတင်းလိုက်ခြင်း

ဤကား ဘိလပ်ဆွေးနွေးပွဲအတွက် မဲတင်းပေးသည့် လုပ်ငန်းရပ်လှုပ်ရှားမှုများမှ တချို့တစ်ဝက်ဖြစ်ပါသည်။ ထို့ပြင်လည်း ဘိလပ်ဆွေးနွေးပွဲ

မပြီးမချင်း လှုပ်ရှားမှုများကို မနားတမ်းတောက်လျှောက်လုပ်ခဲ့ကြပါသည်။ ယခု ဆက်လက်၍ ဘိလပ်ဆွေးနွေးပွဲပျက်က ပြုလုပ်ရမည့်ပြင်ဆင်မှုများကို အနည်းငယ်မျှ တင်ပြပါမည်။ လူထုအုံကြွမှု လုပ်ငန်းများနှင့်ပတ်သက်၍ အတိုချုံး၍ဆိုရသော်-

(က) ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားများအစည်းအရုံးများအဖွဲ့ချုပ်က လယ်သိမ်းတိုက်ပွဲများ၊ ထွန်တုံးတိုက်ပွဲများ၊ သစ်တောဥပဒေဖီဆန်ရေးတိုက်ပွဲများကို ဗမာပြည်တစ်ပြည်လုံးဆင်နွှဲရန် စနစ်တကျ စီမံကိန်းများရေးဆွဲ၍ ခရိုင်၊ မြို့နယ်များသို့ ညွှန်ကြားပြီးဖြစ်လေသည်။ ခရိုင်၊ မြို့နယ်များကလည်း အသေးစိတ် လုပ်ငန်းစဉ်များချမှတ်ပြီး အထက်မှ အချက်ပြအမိန့်ပေးသည်နှင့်တစ်ပြိုင်နက် တိုက်ပွဲဝင်ရန် တာစူလျက်ရှိကြသည်။

(ခ) အလုပ်သမားများကလည်း အထွေထွေသပိတ်ကြီးမှောက်ရန် အဆင်သင့်ပြင်ဆင်၍ အချိန်ကို စောင့်လျက်ရှိကြသည်။

(ဂ) ဌာနဆိုင်ရာ အစိုးရအမှုထမ်း၊ အရာထမ်းများကလည်း အုပ်ချုပ်ရေး စက်ယန္တရားကြီးတစ်ခုလုံး လုံးဝရပ်စဲပစ်ရန် အရာရာပြင်ပြီးဆင်ပြီးဖြစ်ကြသည်။

(ဃ) ခရိုင်၊ မြို့နယ် ဖ. ဆ. ပ. လ အဖွဲ့များနှင့် လူထုအဖွဲ့အစည်းများကလည်း ခလုတ်နှိပ် အချက်ပေးလိုက်သည်နှင့်တစ်ပြိုင်နက် ရိက္ခာတိုက်ပွဲများ ဆင်နွှဲကာ အစိုးရပြည်သူ့ထောက်ပံ့ရေးဂိုဒေါင်များ၊ ရိက္ခာဂိုဒေါင်များကို သိမ်းပိုက်ရန် စီစဉ်ပြီးဖြစ်ကြသည်။

ဤကား လူထုအုံကြွမှုအတွက် ပြင်ဆင်ထားသည့် တချို့တစ်ဝက်မျှသော လုပ်ငန်းရပ်များ ဖြစ်ကြပါသည်။

■

အတွဲ(၁)၊အမှတ်(၁၅)၊ စက်တင်ဘာ ၁၅ ၊၁၉၇၁

အောင်ဆန်း–အက်တလီစာချုပ် ချုပ်ဆိုရန် လန်ဒန်သို့ရောက်ရှိစဉ်။
(ဒေါင်းနင်းလမ်း၊ အမှတ် ၁၀ ရှေ့၌
ဗြိတိသျှဝန်ကြီးချုပ်အက်တလီနှင့်အတူတွေ့ရသော
ပိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့)

ရင်တမမနေရသော ဘိလပ်ဆွေးနွေးပွဲ (၂)

တော်လှန်ရေးအတွက် ပြင်ဆင်ခြင်း

လက်နက်ကိုင်တိုက်ပွဲ၊ လက်နက်ကိုင်တော်လှန်ရေးနှင့်ပတ်သက်၍ အနည်းငယ်ဆိုရသော် -

(က) ဗမာ့တပ်မတော်အတွင်း ရောက်နေပြီဖြစ်ကြသော ဗမာ့မျိုးချစ်တပ်မတော်မှ တော်လှန်ရေးတပ်မတော်သားများကလည်း မိမိတို့ဆိုင်ရာ တပ်ရင်းတပ်ခွဲအလိုက် မိမိတို့လုပ်ဆောင်ရမည့်လုပ်ငန်းနှင့် တာဝန်များကို ရေးဆွဲ၍ ခန့်ခွဲပြီးဖြစ်ကြသည်။ အချက်ပေးလက်ပြလိုက်ရုံနှင့် မိမိတို့ဆိုင်ရာ တပ်ရင်းတပ်ခွဲများမှ အင်္ဂလိပ်စစ်ဗိုလ်များ၊ အလိုတော်ရိစစ်ဗိုလ်များကို ဖမ်းဆီးပြီး လက်နက် ခဲယမ်းမီးကျောက်များကို သိမ်းပိုက်ရန် အဆင်သင့်ဖြစ်ကြသည်။ မိမိတို့ရယူ မည့်နေရာကို ရွေးပြီး သတ်မှတ်ပြီးဖြစ်ကြသည်။

(ခ) ဗမာ့ရေတပ်မတော်နှင့်ပတ်သက်လျှင်လည်း တပ်တွင်းရဲဘော်များနှင့် ပြည်သူ့ရဲဘော်များ ပူးပေါင်းကာ တော်လှန်ရန်အချက်ပေးသည်နှင့် တစ်ပြိုင်နက် စစ်ယာဉ်၊ စစ်သင်္ဘောများနှင့် လက်နက်တိုက်၊ ခဲယမ်းမီးကျောက်ဂိုဒေါင်များကို အပြီးသိမ်းပိုက်နိုင်ရန် စီစဉ်ပြီး တာဝန်ခန့်ခွဲပြီးဖြစ်ကြသည်။

(ဂ) ခရိုင်နှင့်မြို့နယ်များတွင်လည်း ပြည်သူ့ရဲဘော်များနှင့် ဆိုရှယ်လစ်များပူးပေါင်း၍ မိမိတို့ဆိုင်ရာနယ်များအတွင်း လိုင်စင်ဖြင့် ထုတ်ပေးထားသည့် လက်နက်စာရင်းများနှင့် ကိုင်ဆောင်သူ ပုဂ္ဂိုလ်တို့၏ နေရပ်လိပ်စာအပြည့်အစုံကို ကောက်ယူပြီးဖြစ်ကြသည်။ အချိန်ရောက်ပြီဆိုသည်နှင့် ထိုပုဂ္ဂိုလ်များထံမှ သေနတ်နှင့်ယမ်းတောင့်များကို နားလည်မှုဖြင့် ယူနိုင်သည်ကို ယူ၍ အတင်းသိမ်းရမည်ကို သိမ်းရန် အသေးစိတ် စီစဉ်ခန့်ခွဲပြီးဖြစ်ကြသည်။

(ဃ) ကျွန်ုပ်တို့သည် ပထမနယ်ခွဲတော်လှန်စဉ်ကလည်းကောင်း၊ ထို့နောက် ဖက်ဆစ်တော်လှန်စဉ်ကလည်းကောင်း လွတ်လပ်ရေးတိုက်ပွဲအတွက် လိုလျှင်သုံးနိုင်ရန် ဗမာပြည်အနှံ့အပြား ကျေးရွာတိုင်းလိုလိုတွင် လက်နက်ပုန်းများကို ဖြန့်ထားခဲ့ကြသည်။ ထိုလက်နက်ပုန်းများကိုလည်း စာရင်းကောက်နိုင်သမျှ ကောက်ယူပြီး တိုက်နယ်အုပ်စုအလိုက် ခွဲဝေပေးပြီး ဖြစ်ကြသည်။ ထို့ပြင် ဆိုရှယ်လစ်ပါတီဖြစ်ဖြစ်၊ ပြည်သူ့ရဲဘော်ဖြစ်ဖြစ် အဖွဲ့တိုင်းတွင် မိမိတို့ပိုင် လက်နက်ပုန်းများ ခရိုင်၊ တိုင်း၊ မြို့နယ်တိုင်းတွင် အနည်းနှင့်အများရှိကြသည်သာ ဖြစ်လေသည်။ ထို မိမိတို့ပိုင် လက်နက်ပုန်းများကိုလည်း ဖြန့်သင့်သည်ကိုဖြန့်၍ မိမိတို့ အခိုင်အမာ စခန်းပြုလုပ်မည့်နေရာများသို့ ရွှေ့သင့်သည်ကို ရွှေ့ပြီး ဖြစ်ကြသည်။

(င) ဂျပန်တော်လှန်ရေးအပြီး အင်္ဂလိပ်စစ်အုပ်ချုပ်ရေးကာလတွင် လက်နက်မျိုးစုံကိုင်ဆောင်သည့် ဓားပြဝိုင်းကြီးများ ဗမာပြည်အနှံ့အပြားတွင် ပေါ်ပေါက်ခဲ့သည်။ အချို့ဝိုင်းများတွင် စစ်ပြန်တော်လှန်ရေးရဲဘော်များလည်း ပါဝင်လျက်ရှိကြသည်။ ကျွန်ုပ်တို့သည် နိုင်ငံရေးပညာ၊ နိုင်ငံရေးအသိပေး၍ လွတ်လပ်ရေးတိုက်ပွဲအတွင်းသို့ ထိုသူများကို သိမ်းသွင်းခဲ့ရာ များစွာအောင်မြင်ခဲ့လေသည်။ (ထိုပုဂ္ဂိုလ်ထဲမှ အချို့မှာ အသိမှန် အမြင်မှန်ရကာ တိုင်းပြည်နှင့် ပြည်သူလူထုအကျိုးကို ရိုးသားစွာ သယ်ပိုးလုပ်ဆောင်ကြသဖြင့် နိုင်ငံရေးလောကတွင် အောင်မြင်နေသူများရှိသလို အချို့လည်း တရားရကာ သာသနာရေးဘက်တွင် နာမည်ကြီးသူများ ဖြစ်လာကြသည်ကို တွေ့ရသည်။

(စ) ဗမာပြည်အနှံ့အပြား ရဲဌာနများ၊ ကင်းဂါတ်များနှင့် ဆိုရှယ်လစ်တို့ကို ပူးတွဲတာဝန်ပေးခဲ့ရာ ခရိုင်အလိုက်၊ မြို့နယ်အလိုက် အသေးစိတ်အစီအစဉ်များပြုလုပ်ပြီး ဖြစ်ကြသည်။

ရဲများမှာလည်း ပြည်သူ့ခေတ်တွင် ပြည်သူ့ရဲများ ဖြစ်နေပြီးဖြစ်၍ စည်းရုံးရန်၊ နားလည်မှုယူရန် မခဲယဉ်းပါပေ။ ခပ်များများမှာ နားလည်မှုဖြင့်

ထိုးအပ်၍ ၎င်းတို့ကိုယ်တိုင် ပြည်သူ့ဘက်ကို ကူးပြောင်းရန်ဆုံးဖြတ်ပြီးဖြစ်ကြသည်။ ထိုသို့ စည်းရုံး၍မရသဖြင့်၊ နားလည်မှုယူ၍မရသဖြင့် အတင်းတိုက်၊ အတင်းသိမ်းယူရမည့် ရဲဌာနများ၊ ကင်းဂါတ်များမှာ ပြောပလောက်အောင် ရှိမည်မဟုတ်ပါပေ။

တကယ့်အမြောက်သံ

၎င်းကား ဘိလပ်ဆွေးနွေးပွဲပျက်လျှင် လုပ်ဆောင်ရန် အဆင့်သင့်ပြင်ဆင်ခဲ့သည့် အရေးကြီးသော လုပ်ငန်းများမှ တချို့တစ်ဝက်ဖြစ်ပါသည်။ လုပ်ငန်းစဉ်အားဖြင့် လွတ်လပ်ရေးကို တစ်ဖက်သတ်ကြေညာပြီး လွတ်လပ်ရေးအစိုးရ ထူထောင်ရေးမှစ၍ များစွာကျန်ပါသေးသည်။

ထို့ကြောင့် ပြည်သူလူထုတို့သည် ဘိလပ်ဆွေးနွေးပွဲကို နားစွင့်ရင်းသည်းထိတ်ရင်ဖိုဖြစ်ခဲ့ကြသည်မှာ အထူးအဆန်းမဟုတ်ပါပေ။

'ရရင်ရ မရရင်ချမယ်'ဟု ကျွန်ုပ်တို့ ကြွေးကြော်ခဲ့သည်။ ကြွေးကြော်သံသည် အဆန်မပါသည့် သက်ြန်အမြောက်သံမဟုတ်၊ အသံနောက်တွင် အဆန်ပါသည့် တကယ့်အမြောက်သံဖြစ်သည်ကို သိသူတိုင်း အသည်းထိတ်ရင်ဖိုရမည်ဖြစ်လေသည်။ ကျွန်ုပ်တို့သည် စစ်ရေးနှင့်ပတ်သက်သော အချို့ကိစ္စများကိုသာ ထိပ်တန်းလျှို့ဝှက်ထား၍ ပြင်ဆင်မှုခပ်များများကို ပြောင်ပြော၊ ပြောင်ဆိုကာ ပြောင်ပြောင်တင်းတင်းပဲ လုပ်ခဲ့ကြ၏။ ပြည်သူလူထုမှာ မသိချင်မှ အဆုံးဖြစ်ကြသည်။ နယ်ခွဲတို့လည်းသိတန်၊ ရိပ်မိတန်သင့်သလောက် သိကြ၊ ရိပ်မိကြသည်။

၎င်းသည်လည်း အခြေအနေအရ တမင်ကျင့်သုံးသည့် နည်းပရိယာယ်တစ်ရပ် ဖြစ်လေသည်။

နိုင်ငံရေးရာသီဥတု

ထိုစဉ်က ပြည်သူလူထု၏ စိတ်ဓာတ်တက်ကြွမှု၊ ပြင်းပြမှုမှာ အထွတ်အထိပ်သို့ ရောက်နေသည်ဟု ဆိုရပေမည်။ ဥပမာအားဖြင့်ဆိုရသော် ထို အချိန်မတိုင်မီက ပြည်သူ့ရဲဘော်အဖွဲ့ချုပ်တွင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဥက္ကဋ္ဌဖြစ်ခဲ့သော်လည်း တစ်ပြည်လုံးတွင်မှ ရဲဘော်၊ ရဲမေအဖွဲ့ဝင် လေးသိန်းအတွင်းမှာသာ ရှိခဲ့သည်။ ထိုပြင်ဆင်မှု အချိန်ပိုင်း၌ကား စိတ်ဓာတ်တက်ကြွကာ လွတ်လပ်ရေးတိုက်ပွဲအတွက် စာရင်းသွင်းကာ အလုအယက်ဝင်ကြရာ

အဖွဲ့ဝင် ရဲဘော်၊ ရဲမများမှာ ဆယ်သိန်းကျော်သည်အထိ ဖြစ်ခဲ့လေသည်။

ထိုအတွင်း ဘိလပ်ဆွေးနွေးပွဲမှာလည်း လွန်ဆွဲပွဲလိုဖြစ်လျက်ရှိလေသည်။ ဘိလပ်အစိုးရက လျှော့လိုက်၊ တင်းလိုက်လုပ်နေရာ နိုင်ငံရေးရာသီဥတုမှာ ကောင်းတစ်ခါဆိုးတစ်လှည့် ဖြစ်လျက်ရှိလေသည်။

တစ်ခါတလေ ဆွေးနွေးပွဲပင် ပျက်လုနီးနီးအခြေအနေသို့ ရောက်ခဲ့သည်။ ဤသို့ ဆိုးရွားရာမှ ဘိလပ်အစိုးရက ဗမာအလိုသို့ လျှော့လိုက်ပြန်ရာမှောင်ရာမှ လင်းသလို ဖြစ်လာပြန်သည်။ ဤသို့ လင်းလိုက်မှောင်လိုက်၊ အကောင်းတစ်ခါ အဆိုးတစ်လှည့် အမျိုးမျိုးဖြစ်နေသည့်သတင်းမျိုးကို နားစွင့်နေရသည်မှာလည်း သည်းထိတ်ရင်ဖိုဖွယ်ပင် မဟုတ်ပါလော။ ရင်တမမနှင့် လေရှည်ကြီးရှူလိုက်၊ သက်ပြင်းကြီးချလိုက် ရင်မောစရာလည်း ကောင်းလှပါသည်။

ကျားမြီးဆွဲရခိုန်

ဤသို့ အမှောင်တစ်ခါ အလင်းတစ်လှည့် မရေမရာဖြစ်နေသော အခိုန်တွင် အစွမ်းကုန်မောင်းတင်ထားသောလူထု၊ သွေးကြွလက်ရွေ့နေသည့် လူငယ်ရဲဘော်များကို ထိန်းရသိမ်းရသည်မှာ လွယ်ကူလှသည့်အလုပ်မဟုတ်ပါပေ။ ကျားမြီးဆွဲရသည်ကမှ လွယ်ပေလိမ့်မည်။ ကျွန်ုပ်တို့သည် ပြင်ဆင်မှုများလုပ်စဉ်ကပင် အခိုန်မရောက်မီ တပ်ကွဲမှုများမဖြစ်ဖို့၊ မလုပ်ဖို့ တင်းတင်းကြပ်ကြပ် အထပ်ထပ်ညွှန်ကြားခဲ့သည်။

ဤအထဲမှာ တပ်ကွဲမှုများ များစွာဖြစ်ခဲ့သေးသည်။ အချို့ဒေသများတွင် တော်လှန်ရေးစိတ်စောကာ လိုင်စင်နှင့်ထုတ်ပေးထားသည့်သေနတ်များကို လိုက်သိမ်းကြသည်။ အချို့နေရာများတွင် ရဲများနှင့်နားလည်မှုယူကာ ကင်းဂါတ်များကို စီးကြသည်။ အချို့ခရိုင်များတွင် ရိက္ခာဂိုဒေါင်များကို စီးကြ၊ လုကြသည်။ ဗိုလ်မြသွေးတို့ မြောင်းမြခရိုင်တွင်ကား လက်နက်များလည်းသိမ်း၊ ရဲဌာန၊ ကင်းဂါတ်များကိုလည်း စီးခဲ့ကြသည်အထိ တပ်ကွဲမှုများဖြစ်ခဲ့ကြသည်။ ရဲဘော်အချို့လည်း တောခိုကြသည်။ နောက်ပိုင်းတွင် ဤတပ်ကွဲမှုများကို အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ပေး၍ ဖြေရှင်းရလေသည်။

နိုင်ငံရေးရာသီ

ဤသို့ အခိုန်မရောက်မီ တော်လှန်ရေးစိတ်စော၍ လုပ်မှုကိုင်မှု၊ တပ်ကွဲမှုများကို အခိုန်မီ ထိန်းနိုင်သိမ်းနိုင်ရန် အပြင်းအထန် အနိုင်အနင်း လုပ်ခဲ့ကြရသည်။

ဘိလပ်ဆွေးနွေးပွဲမှာလည်း လင်းလိုက်မှောင်လိုက်ဖြင့်သာ တစ်ပတ်ကုန်ဆုံး၍ ဆယ်ရက်ထဲသို့ရောက်ခဲ့ပြီး အခြေအနေအထား သိပ်မထူးလှသေး။ ဆယ်ရက်ကျော်၍ နှစ်ပတ်သို့ ချဉ်းကပ်လာမှ အောင်မြင်မည့်အရိပ်အရောင် သန်းလာသည်။ နိုင်ငံရေးရာသီဥတု သာယာသလို ဖြစ်လာသည်။ လိုလားချက်များရသဖြင့် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် သဘောတူစာချုပ်လက်မှတ်ရေးထိုးတော့မည်ဆိုရာ လူတိုင်း အသက်ရှူချောင်ပြီး ရယ်နိုင်မောနိုင်ဖြစ်လာသည်။

အသားထဲက လောက်ထွက်

ဗိုလ်ချုပ်အောင်ဆန်းက **"အကယ်၍ ကျုပ်တို့လွတ်လပ်ရေးကို အေးအေးဆေးဆေးနဲ့ရရင်လည်း ကောင်းတာပဲမဟုတ်လား။ အေးအေးဆေးဆေးနဲ့ရမယ်ဆိုရင် ဘယ်သူမလိုချင်ဘဲ ရှိမလဲ။ မလိုချင်ဘူးဆိုတဲ့သူဟာ အရူးပဲ"** ဟု ဆိုခဲ့သည်။

ကျွန်ုပ်တို့သည်လည်းကောင်း၊ ပြည်သူလူထုတစ်ရပ်လုံးသည်လည်းကောင်း သွေးဆာနေသူများမဟုတ်။ အေးအေးချမ်းချမ်းနဲ့ လွတ်လပ်ရေးရကာလိုချင်ကြသည်။ ဝမ်းမြောက်ကြမည်ဖြစ်ကြသည်။ သို့သော် ကျွန်ုပ်တို့ ဝမ်းမြောက်ဖို့အခိုန်မရမီပင် ဘိလပ်တွင် ပြဿနာပေါ်လေပြီ။ ဝမ်းမြောက်ရမည့်အစား ရင်ဖိုကြရပြန်သည်။ ဘိလပ်အစိုးရက လိုက်လျောသဖြင့် ချောချောမောမောဖြစ်၍ သဘောတူစာချုပ်ရေးထိုးကြမည်ဆိုမှ အသားထဲက လောက်ထွက်မှု ပေါ်ခဲ့သည်။

ဗမာပြည်ကိုယ်စားလှယ်အဖွဲ့တွင် အတိုက်အခံမှ ဦးစောနှင့် သခင်ဗစိန်တို့ပါခဲ့ရာ သဘောတူစာချုပ်တွင် သူတို့ လက်မှတ်မထိုးနိုင်ဟု ပြဿနာလုပ်တော့သည်။ သို့သော် ဘိလပ်အစိုးရက သူတို့မပါဘဲ ဖ. ဆ. ပ. လ ကိုယ်စားလှယ်များနှင့် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သဖြင့် ဆွေးနွေးပွဲ

မှာ မပျက်၊ အောင်မြင်စွာဖြင့် ပြီးဆုံးခဲ့လေသည်။

ဆန်ကောလောက်မှုဇောက်မနက်

ဤကိစ္စနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းက လွတ်လပ်ရေးနှင့်ပတ်သက်ပြီး ကျွန်တော်တို့ရဲ့ တောင်းဆိုချက်တွေကို ၁၉၄၇ ခုနှစ် ဇန်နဝါရီ ၃၁ ရက်နေ့ နောက်ဆုံးထားပြီး မရလျှင် ဖ. ဆ. ပ. လဝန်ကြီးရာထူးမှ နုတ် ထွက်ပြီး လူထုတိုက်ပွဲ ဆင်နွှဲမယ်ဆိုတဲ့ ဖ. ဆ. ပ. လ ရဲ့ ဆုံးဖြတ်ချက်ကို တိုင်းပြည်လူထုသိတယ် မဟုတ်လား။ အဲဒီတုန်းက စော-စိန်-မော်တို့ရဲ့ခြေလှမ်းဟာ တခြားဟာမဟုတ်ဘူး။ ကျွန်တော်တို့ရာထူးကနုတ်ထွက်သွားရင် သူတို့ တက်ယူမယ်ဆိုတဲ့ ခြေလှမ်းပဲ။ အဲဒီတော့ တိုတိုပြောရမယ်ဆိုရင် ဘိလပ်အစိုးရက ဆွေးနွေးပွဲတစ်ရပ်ကျင်းပရအောင် ဖိတ်လိုက်တယ်။ အဲဒီအထဲမှာ စောနဲ့စိန်တို့လည်း ပါလာကြတယ်။ သူတို့ရဲ့အကြံကတော့ နှစ်ခုရှိတယ်။ ကျွန်တော်တို့လိုတာတွေမရလို့ ဆွေးနွေးပွဲပျက်နိုင်တယ်။ ပထမနည်းနဲ့ဆွေးနွေး ပွဲမပျက်ရင် ဘယ်နည်းနဲ့မဆို ဒုတိယနည်းနဲ့ ဆွေးနွေးပွဲကိုပျက်အောင် သူတို့ စီစဉ်ထားကြတယ်။ အဲဒီတော့ သူတို့သဘောတူညီချက်ရကြလို့ လက်မှတ်ထိုးဆိုတော့ သူတို့ မထိုးကြတော့ဘူး။ သူတို့ရဲ့အကြံက သူတို့လက်မှတ်မထိုးရင် ဆွေးနွေးပွဲပျက်မယ်။ ဆွေးနွေးပွဲပျက်ရင် ဇန်နဝါရီလ ၃၁ ရက်နေ့မှာ ကျွန်တော်တို့ ရာထူးကနုတ်ထွက်ကြရမယ်။ ကျွန်တော်တို့ နုတ်ထွက်မှ သူတို့က တက်ယူမယ်ဆိုတဲ့အကြံ ပဲဟု ဘွင်းဘွင်းကြီး ရှင်းပြခဲ့လေသည်။

၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် အောင်ဆန်း-အက်တလီ စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

■

PDF CREATOR - NYEYADHAMMA@GMAIL.COM

နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု

လွတ်လပ်ရေးအောင်ပွဲ၏ပထမဆင့်

တောင်းပန်ပါရစေ

စာဖတ်သူ ဆွေသဟာများကို တောင်းပန်ပါရစေ။ ကျွန်ုပ်သည် တော်လှန်ရေးသမိုင်းစစ် အဖြစ်မှန်များကို လေ့လာလိုသူတို့အတွက် ဤဆောင်းပါးကို ရေးသားခဲ့ပါသည်။ ယခုအခါ နောက်ဆုံးနယ်ချဲ့တိုက်ပွဲလွတ်လပ်ရေးသမိုင်းစဉ်တွင် အရေးကြီးသည့်အပိုင်း၊ အထွတ်အထိပ်ပိုင်းသို့ ရောက်ခဲ့ပါပြီ။ ပို၍သတိထား၊ ပို၍ဂရုစိုက်ကာ ရှင်းဖို့လင်းဖို့ လိုလာပါသည်။ သို့သော် ကျွန်ုပ်မှာ ထိုတာဝန်ကို ကျေပွန်စွာ မထမ်းဆောင်နိုင်ခဲ့သည်ကို ရှင်းရှင်းပဲ ဝန်ခံလိုပါသည်။

အကြောင်းမှာ ကျွန်ုပ်၏ သားချင်းမိသားစုတွင် တစ်ဦးတည်းသာ ကျန်တော့သည့် အစ်မရင်းမှာ အတော်ပင် အသည်းအသန် မမာမကျန်းဖြစ်လျက်ရှိသဖြင့် ကျွန်ုပ်ကိုယ်တိုင် မွေးရာဇာတိ ထားဝယ်သို့သွားရောက်ကာ ကိုယ်ဖိရင်ဖိဆိုသလို ပြုစုနေရပါသည်။ ကျွန်ုပ်၏ တစ်သက်တာတွင် အဖေကိုလည်း ကိုယ်တိုင်ကိုယ်ကျ မပြုစုခဲ့ရပါ။ အမေကိုလည်း မပြုစုခဲ့ရပါ။ အစ်ကိုစသည့် ကျန်သားချင်းများကိုလည်း မပြုစုခဲ့ရပါ။ နောက်ဆုံးကျန်သော အစ်မတစ်ယောက်ကိုတော့ ဝတ္တရားကျေအောင် ပြုစုလိုက်ချင်ပါသည်။

ထိုကြောင့် ပြီးခဲ့သောနှစ်ပတ်၌ ဤဆောင်းပါးများကို အချိန်မပေး

PDF CREATOR - NYEYADHAMMA@GMAIL.COM

နိုင်ခဲ့ပါ။ အချက်အလက်မှန်ကန်မှုကိုတော့ အလေးပေး၍ ရေးသားခဲ့ပါသည်။ စာပြေမပြေ ချောမချောကို ဂရုမစိုက်နိုင်ခဲ့ပါ။ အထားအသိုမှန်မမှန်ကို ပြန်မကြည့်နိုင်ပါ။ ရှင်းရှင်းဆိုရလျှင် တစ်ထိုင်တည်း အပြီးရေးကာ ပြန်လည်စိစစ်မှုကိုပင် မလုပ်နိုင်ခဲ့ပါ။ အကြောင်းအရာ၊ အချက်အလက် မှန်ကန်မှုကို တာဝန်ယူပါသည်။ စာမချော အထားအသိုတိမ်းပါးမှုရှိလျှင် သည်းခံကြစေလိုပါသည်။

သမိုင်းစစ်အဖြစ်မှန်များကို စိတ်ဝင်စားသူတို့အတွက် ပတ်စဉ် မပျက်မှန်မှန်ကြီး တင်ပြနိုင်ဖို့ကိုတော့ ကြိုးစား၍ တာဝန်ယူသွားမည်ဖြစ်ပါသည်။

(ပုံ)ဗဆွေ

အောင်ဆန်း-အက်တလီ

ဤ အောင်ဆန်း-အက်တလီစာချုပ်သည်ကား လွတ်လပ်ရေးတိုက်ပွဲသမိုင်းတွင် အထူးမှတ်တမ်းတင်ရမည့် အရေးကြီးသည့် မှတ်တိုင်ကြီးတစ်ခုပင် ဖြစ်လေသည်။

"ကျုပ်တို့ အတိအလင်း ကြေညာထားတဲ့ ရည်ရွယ်ချက်တွေကို တရားနည်းလမ်း စည်းကမ်းများအရ ရယူနိုင်မည့် အခွင့်အရေးများရှိရင် အဲဒီ အခွင့်အရေးများကို ပထမရွေးဦးစွာ ကုန်အောင်အသုံးပြုရမယ်" ဟု ဗိုလ်ချုပ် အောင်ဆန်းပြောခဲ့သည်။ ဖ. ဆ. ပ. လ ၏ လမ်းစဉ်လည်းဖြစ်သည်။ ဤလမ်းစဉ်အရ ဘိလပ်ဆွေးနွေးပွဲသည် လွတ်လပ်ရေးကို အေးအေးချမ်းချမ်းဖြင့် ရနိုင်သည့်နည်းလမ်းကို နောက်ဆုံးအဖြေရှာခဲ့ခြင်းပင် မဟုတ်ပါလော။

တစ်ဖက်တွင်လည်း ရရင်ရ မရရင်ချမယ်ဟု ကျွန်ုပ်တို့သည် အတိအလင်းကြွေးကြော်ခဲ့ကြသည်။ အစွမ်းကုန်မောင်းတင်၊ အစွမ်းကုန်ပြင်ဆင်မှုများ လုပ်ဆောင်ခဲ့ကြသည်။ တပ်ကျွမ်းမှုများပင် အတော်များများ မြင်ခဲ့ကြရသည် မဟုတ်ပါလော။

ရွှေရင်အေး

ဤလမ်းခွတွင် ရပ်၍ ဘယ်လမ်းလျှောက်ရမည်ကို နားတစ်ဝင့်စွင့်ဖြင့် သည်းထိတ်ရင်ဖို ဖြစ်ခဲ့ကြရသည့် ပြည်သူလူထုအတွက် ဤအောင်ဆန်း-အက်တလီစာချုပ်က သက်ပြင်းကိုချနိုင်၍ ရွှေရင်ကို အေးစေခဲ့လေပြီ။ အောင်ဆန်း-အက်တလီ စာချုပ်အရ ဘာတွေရခဲ့သလဲ။

(၁) ၁၉၃၅ ခုနှစ် အက်ဥပဒေအရ ရွေးကောက်ရမည့် ဥပဒေပြု အဖွဲ့အစား တိုင်းပြုပြည်ပြုလွှတ်တော်ကို တိုက်ရိုက်ရွေးကောက်တင်မြှောက်ခွင့်ရသည်။

(၂) လက်ရှိဘုရင်ခံ၏ အမှုဆောင်အဖွဲ့ကို ကြားဖြတ်အမျိုးသား အစိုးရအခွင့်အာဏာများဖြင့် ပြန်လည်ဖွဲ့စည်းနိုင်ခွင့်ရသည်။

(၃) ကာကွယ်ရေးနှင့်ပတ်သက်၍ တိုင်းရင်းသားတပ်များကို ဗမာအစိုးရလက်အောက်တွင် တိုက်ရိုက်အုပ်ချုပ်ခွင့်ရသည်။

(၄) နိုင်ငံခြားဌာနကို ကိုင်ခွင့်ရ၍ နိုင်ငံခြားဆက်သွယ်မှု သံတမန်လဲလှယ်နိုင်မှု အာဏာကိုရမည်။

(၅) ဘဏ္ဍာရေးနှင့်ပတ်သက်၍ ကိုယ်ပိုင်ဘဏ္ဍာရေးအုပ်ချုပ်ပိုင်ခွင့်ကိုရသည်။

(၆) နယ်ခြားဒေသ သို့မဟုတ် တောင်တန်းဒေသ တိုင်းရင်းသားများနှင့်ပတ်သက်၍ ပင်လုံကွန်ဖရင့် သို့မဟုတ် အထူးကွန်ဖရင့် တစ်ခုခုမှဆန္ဒပြု ဆုံးဖြတ်သည့်အတိုင်း ပြုမူဆောင်ရွက်နိုင်ခွင့်ကိုရသည်။

လိုသူဝမ်းသာ မလိုသူမျက်မုန်းကျိုး

ဤစာချုပ်နှင့်ပတ်သက်၍ ဗမာတစ်ပြည်လုံး လူထုတစ်ရပ်လုံးလိုလိုကပင် လွတ်လပ်ရေးသို့ ရှေးရှုသည့် စာချုပ်အဖြစ်ဖြင့် အသိအမှတ်ပြု၍ ဝမ်းမြောက်ဝမ်းသာ စိတ်ရောကိုယ်ပါ လှိုက်လှိုက်လဲ့လဲ့ ထောက်ခံကြကြသည်။ သို့သော်လည်း အချို့ ပတ်မကြီးထိုးဖောက်လိုကြသော လူတစ်စုက စာချုပ်ကို အမျိုးမျိုးဝေဖန်ကန့်ကွက်ကြသည်။

ဤတွင် အောင်ဆန်း-အက်တလီစာချုပ်နှင့်ပတ်သက်၍ ကာယကံရှင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ရှင်းလင်းချက်ကို တင်ပြပါရစေ။

"မူလကတည်းက ကျုပ်တို့သွားတာဟာ လွတ်လပ်ရေးတောင်းဖို့ သွားတာမဟုတ်ဘူး။ လွတ်လပ်ရေးကို အေးအေးဆေးဆေးနဲ့ ရနိုင်မည့်နည်းလမ်းများ ရှာလို့ရလို့ရငြား သွားတယ်ဆိုတာ ရှင်းခဲ့တယ်မဟုတ်လား။ ပြီးတော့ လွတ်လပ်ရေးစစ်ပွဲကြီးဟာ တိုင်းပြုပြည်ပြုလွှတ်တော်ရလို့ အဲဒီလွှတ်တော်က လွတ်လပ်တဲ့ ဗမာပြည် ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေရေးဆွဲပြီး အင်္ဂလိပ်တို့နှင့် အပြီးအပိုင် စကားဆိုလို့ပြီးတဲ့အထိ မပြီးသေးဘူးလို့ ရှင်းရှင်း

ပြောခဲ့တယ် မဟုတ်လား။ ဒါဖြင့် ကျုပ်တို့သွားပြီးရှာတဲ့ လွတ်လပ်ရေးလမ်းကို တွေ့ခဲ့ သလားလို့မေးရင် ကျုပ်တို့ကို ဖ. ဆ. ပ. လ အမှုဆောင်အဖွဲ့က ညွှန်ကြားလိုက်တဲ့အတိုင်း ရှာခဲ့ဆိုတဲ့လမ်းတွေ ရှာလို့ရခဲ့တယ်။ ဒါဖြင့် အဲဒါ တွေဟာဘာတွေလဲ။

အောင်မြင့်မူ၏ရလဒ်

"နံပါတ်တစ် ကျွန်တော်တို့ တောင်းဆိုချက်ဟာ အခုလာမယ့် ရွေးကောက်ပွဲကို ၉၁ - ၌ာန အုပ်ချုပ်ရေးအတွက် ပြန်လုပ်ဖို့ ရွေးကောက်ပွဲ မဟုတ်ဘဲနဲ့ တိုင်းပြုပြည်ပြု လွှတ်တော်ရွေးကောက်ပွဲ လုပ်ရမယ်ဆိုတဲ့ အချက်ပဲ။ အဲဒါကို လုံးလုံးလျားလျားရတယ်။ နိုင်ငံခြားသားတွေလည်း မပါဘူး။ အိန္ဒိယပြည်မှာ နိုင်ငံခြားသားများကို လုံးဝဖယ်လို့မရဘူး။

နံပါတ်နှစ် အာဏာပြည့်စုံတဲ့ ကြားဖြတ်အမျိုးသားအစိုးရကို ကျုပ်တို့တောင်းတယ်။ ဒါလည်း ရတယ်လို့ပြောရမှာပဲ။ သို့ပေမဲ့ ဥပဒေသဘောစင်စစ်တော့ မဟုတ်ဘူး။ လက်တွေ့အားဖြင့် ပေးမယ်ဆိုတာ ခါတိုင်းလို နှစ်ကိုယ်ကြားစကားမျှမဟုတ်တဲ့ ထင်ထင်ရှားရှား ဗြိတိသျှနန်းရင်းဝန်လက်မှတ်ထိုးပြီး သဘောတူလိုက်တယ်။ အဲဒါကို သတိပြုကြရမယ်။ ဒီလိုကတိနှင့်အာဏာကို လက်တွေ့ကြားဖြတ်အစိုးရကို လွှဲပေးမယ်ဆိုတာဟာ ဥပဒေလိုပဲ အသုံးဝင်တာပဲ။ ဥပဒေတွေ ဘာတွေကိုလုပ်နေရင် သံသရာရှည်ချင်တိုင်း ရှည်သွားနိုင်တယ်။ ပြီးတော့လည်း ထူးမှာမဟုတ်ဘူး။ ဥပဒေနဲ့ပဲရရ၊ စာကတိနဲ့ ထုံးတမ်း သဘောမျိုးပဲရရ ရတာလိုရင်းပဲ။ ဒီအချက်တွေကို အိန္ဒိယနှင့် ဘိလပ်မှာရှိတဲ့ အိန္ဒိယအမျိုးသားဥပဒေပါရဂူဆိုတဲ့လူတွေနဲ့ ကျုပ်တို့ သေသေချာချာတိုင်ပင်ခဲ့တယ်။ ပြီးတော့လည်း ဒီကြားဖြတ်အစိုးရကို ထပ်ပြီး ပြုပြင်ပြောင်းလဲစရာတွေရှိရင် ပြောင်းလဲနိုင်အောင် ကျုပ်တို့ သဘောတူတဲ့အချက်ထဲမှာ မလွတ်တမ်း ထည့်ထားခဲ့တယ်။ ဒါကြောင့် ကြားဖြတ်အမျိုးသားအစိုးရကိုလည်း ကျုပ်တို့ လိုချင်သလောက်နီးနီး ရခဲ့တယ်လို့ ဆိုနိုင်တယ်။

ယခုဆိုရင် ကျုပ်တို့ဗမာတိုင်းရင်းသားတပ်တွေကို ကျုပ်တို့အုပ်ချုပ်နိုင်ပြီ။ နိုင်ငံခြားတွေကိုလည်း သံအမတ်လဲလှယ်နိုင်ခွင့်ရပြီ။ နိုင်ငံခြားဌာနကိုလည်းရပြီ။ အမေရိကန်၊ တရုတ်ပြည်၊ ယိုးဒယားပြည်တို့နှင့် သံအမတ်လဲ

လှယ်ဖို့တောင်မှ စကားပြောပြီးသလောက် ပြောပြီးပြီ။ ဘဏ္ဍာရေးအာဏာကိုရပြီ။

သာချင်သာမည်

"တိုတိုပြောရရင် ယခု ဗမာပြည်အစိုးရဟာ ဒိုမီနီယံအစိုးရသဘောမျိုး ဥပမာအားဖြင့် မဟုတ်ပေမဲ့ လက်တွေ့အားဖြင့်တော့ လုပ်နိုင်တယ်။ တစ်ခုနှစ်ခုပဲ ဒိုမီနီယံအုပ်ချုပ်ရေးနဲ့ခြားမယ်။ ဥပဒေသဘောမှာ ခြားတယ်။ ကျုပ်တို့တိုင်းပြည် ကျုပ်တို့အစိုးရကို ဒိုမီနီယံလို့ မခေါ်နိုင်ဘူး။ တရားရုံးအာဏာမှာ ဘိလပ်က အချုပ်အခြာပဲထားရဦးမယ်။ ဒိုမီနီယံဆိုရင်တော့ အဲဒီအထိ မသွားချင်ဘူးဆိုရင် သူတို့သဘောလုပ်နိုင်တယ်။ ဒါလောက်ပဲ ကွာခြားတယ်ဆိုရမှာပဲ။

တောင်တန်းနယ်များအရေးကိစ္စကတော့ တောင်တန်းနယ်သူနယ်သားများရဲ့အရေးပဲ။ သူတို့က ကျုပ်တို့လိုပဲ တန်းတူအခွင့်အရေးလိုချင်တယ်ဆိုရင် ရမှာပဲ။

အချို့က ကျုပ်တို့ရတာတွေနဲ့ပတ်သက်ပြီး အိန္ဒိယထက် လျော့သလိုလို ပြောချင်ကြတယ်။ အဲဒါ ကျုပ်အတိုအလင်းပြောရဲတယ်။ မလျော့ဘူး၊ မလျော့ဘူး သာချင်သာမယ်လို့ ပြောရဲတယ်။

နောက်ပြီး လွတ်လပ်ရေး တစ်နှစ်အတွင်းရပါစေမယ်လို့ ကတိမရဘူးလို့ ပြောကြတယ်။ လွတ်လပ်ရေး တစ်နှစ်အတွင်း ရအောင်လုပ်ရမှာက ကျုပ်တို့လုပ်ရမှာပဲ။ ဒီလိုဖြစ်အောင် လမ်းစကိုရသလား၊ မရဘူးလားဆိုတဲ့ မေးခွန်းသာရှိတယ်။ ကျုပ်တို့ ယူဆတာက တိုင်းပြုပြည်ပြုလွှတ်တော်ကို ကျုပ် တို့ မေလ သို့မဟုတ် ဇွန်လလောက်မှာ လုပ်နိုင်တယ်။ အဲဒီအခါကျရင် ကျုပ် တို့မြန်မြန်ဆုံးဖြတ်ရင် ကျုပ်တို့မြန်မြန်ရနိုင်မှာပဲ။

တိုင်းပြည်ကျိုးဆောင်

"အခု တိုင်းပြည်ကို အတိအလင်း ကျုပ်ပြောချင်တယ်။ လွတ်လပ်ရေးကို အေးအေးချမ်းချမ်းရနိုင်မယ့်နည်းလမ်း ကျုပ်တို့ရပြီလို့ ကျုပ်ထင်တယ်။ အေးအေးချမ်းချမ်းရနိုင်လျက်နဲ့ ဆူဆူပုပုလုပ်ချင်တယ်ဆိုတဲ့သူတွေဟာ အရူးတွေပဲ။ ကျုပ်ပြောတာ မှန်မမှန် တစ်နှစ်သာစောင့်ပါ။

ကျုပ် အရင်လုပ်ခဲ့တာတွေကို ထောက်ကြည့်ပါ။ ကျောင်းသားဘဝမှာ ကျုပ်ဟာ ကျောင်းသားသမဂ္ဂအဖွဲ့ချုပ်ကြီးကို တည်ထောင်ရုံမကဘဲ ခိုင် ခဲ့အောင်လုပ်ခဲ့တယ် မဟုတ်လား။ တတ္တသိုလ်ဥပဒေကို ပြင်ခဲ့တယ်မဟုတ်လား။ ပြီးတော့ ဗမာပြည်ကို လူမလေးခွေးမခန့် ဖြစ်နေတဲ့နေရာက တစ်ကမ္ဘာလုံးက ဗမာပြည်အရေး ဂရုစိုက်လာရအောင် ကျုပ်ပဲ ဆွဲတင်ခဲ့ရတယ် မဟုတ်လား။ ဂျပန်ခေတ်မှာ တိုင်းပြည်က အကျိုးခံစားရသမျှ လွတ်လပ်ရေးဆိုတာလေးတွေဟာ ကျုပ်ကြောင့်ရတာပဲ မဟုတ်လား။ ကျုပ်ခေါင်းဆောင်တဲ့ တပ်မတော်ကြောင့် ရတာပဲမဟုတ်လား။ ဗမာတွေမှာ စစ်တပ်ရယ်လို့ မရှိတဲ့ အခြေအနေက ဂျပန်ခေတ်မှာရော အခုခေတ်မှာရော ဗမာတပ်တွေ ဖြစ်အောင် လုပ်နိုင်ခဲ့တာ၊ လုပ်နေတာဟာ ကျုပ်ပဲမဟုတ်လား။

အခု ကျုပ်တို့အစိုးရအဖွဲ့ထဲဝင်လာတဲ့နေ့ကစပြီး တိုင်းပြည်သိ ကျုပ်တို့ တိုင်းပြည်အတွက် လုပ်နေတာတွေကို ခင်ဗျားတို့အမြင်ပဲ မဟုတ်လား။ အခုလည်းပဲ တိုင်းပြုပြည်ပြုလွှတ်တော်ကို ရအောင်လုပ်ခဲ့တယ်။ တောင်တန်းနယ်များကို ကျုပ်တို့လို တန်းတူအခွင့်အရေးပေးမယ်ဆိုတဲ့မူကိုလည်း ရခဲ့တယ်။ ဒါတင်မကဘူး၊ တိုင်းပြည်လွတ်လပ်ရေးအတွက် အသက်စွန့်စရာရှိတဲ့အခါ ကျုပ် စွန့်ခဲ့တယ်မဟုတ်လား။ ရွှေ့ကိုလည်း စွန့်စရာပေါ်သေးရင် ကျုပ် စွန့်ပြီး လုပ်ရန်အသင့်ပါပဲ။

ဒါပေမဲ့ ကျုပ်ဟာ တိုင်းပြည်ကို အရမ်းမဲ့ ပြောင်းဆန်အောင် ကျုပ်မလုပ်လိုဘူး။ ကျုပ်ဟာ နိုင်ငံရေးစတန့်မင်းသား မဟုတ်ဘူး။ ကျုပ် ရဲရဲကြီး အာမခံရဲတယ်။ ကျုပ်ရဲ့ ခေါင်းဆောင်မှုကို ယုံယုံကြည်ကြည်နဲ့လိုက်ကြပါ။ တစ်နှစ်အတွင်း ဗမာပြည်လွတ်လပ်ရေးရစေ့မယ်၊ ရတဲ့နေရာမှာလည်း အရမ်းမဲ့ အင်အားမကုန်စေရဘဲ အေးအေးဆေးဆေးဖြစ်နိုင်သမျှ ဖြစ်စေရမယ်။ ကျုပ်ဟာ ကျုပ်ကတိကို မဖျက်ခဲ့ဘူးဆိုတာ ခင်ဗျားတို့ သိတယ်မဟုတ်လား" (၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့ညဦးလှိုင်းအောင်ဆန်း၏ အသံလွှင့် မိန့်ခွန်းမှ)

* * *

သူ့အတွက် ရလဒ်

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့ ဘိလပ်မှ ရန်ကုန်သို့ ပြန်လည်ရောက်ရှိသည်။ ရှေး ခေါမ၊ ရောမခေတ်

တွင် အောင်ပွဲရစစ်သူကြီးများ၊ သူစွမ်းကောင်းကြီးများကို ဆီးကြိုသလို ဗမာပြည်သူလူထုကလည်း သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။ ရန်ကုန်မြို့တော်ခန်းမကြီးတွင်လည်း မြူနီစီပါယ်လူကြီးများနှင့် မြို့မိမြို့ဖများက ဂုဏ်ပြုကြိုဆိုဧည့်ခံပွဲကို ခမ်းနားကြီးကျယ်စွာ ကျင်းပသည်။ လူထုတရားပွဲ မဟုတ်သော်လည်း ဗိုလ်ချုပ်အောင်ဆန်းကို တွေ့လိုမြင်လို၊ ဗိုလ်ချုပ်၏အသံကို ကြားလိုထောင်လိုသဖြင့် လာရောက်ကြသော ပရိသတ်မှာ မြူနီစီပါယ်အခန်းအထပ်ထပ်ပြည့်လျှံရုံမက အောက်ထပ်ရော ပတ်ဝန်းကျင်လမ်းအသွယ်သွယ်ပါ ကြိတ်ကြိတ်တိုးခဲ့သည်။ ထိုဧည့်ခံကြိုဆိုပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းက **"ကျွန်တော် ဘိလပ်ကပြန်လာတော့ ဘာရသလဲမေးလိမ့်မယ်။ ကျွန်တော့်အတွက်တော့ ယူနီဖောင်းတစ်ခု ရလာတယ်"** ဟု ခပ်သောသော နိဒါန်းခြီကာ ဘိလပ်ဆွေးနွေးပွဲနှင့် အောင်ဆန်း-အက်တလီစာချုပ်ကို အတိုချုံး၍ လိုရင်းကိုရှင်းပြီးလျှင် နိဂုံးတွင် **"တိုင်းသူပြည်သားများကသာ ထောက်ခံမယ်ဆိုရင် ကျွန်တော်က တစ်နှစ်အတွင်း ဗမာပြည်လွတ်လပ်ရေးရအောင် လုပ်ပေးမယ်လို့ ကတိပြုပါတယ်"** ဟု ရဲရဲတောက် ကြေညာခဲ့လေသည်။ ထိုအချိန်မှစ၍ 'တစ်နှစ်အတွင်း လွတ်လပ်ရေးသို့' ဟူသော ဖ. ဆ. ပ. လ ၏ တရားဝင်ကြွေးကြော်သံကို စတင်ခဲ့လေသည်။

[အထက်တွင် အောင်ဆန်း-အက်တလီစာချုပ်ကို ရှင်းရာ၌ ကျွန်ုပ်သည် ထိုဖေဖော်ဝါရီလ ၂ ရက်နေ့ ရှင်းလင်းချက်ကို မဖော်ပြဘဲ ၄ ရက်နေ့ ရှင်းလင်းချက်ကို ကိုးကားရခြင်းမှာ ထိုနေ့ ရှင်းလင်းချက်မှာ မင်းသားကြီး မလုပ်ရသည့် အဖျက်သမားတစ်စုတို့၏ သားပုပ်လေလွင့် ပုတ်ခတ်မှုကိုပါ ထည့်သွင်းရှင်းလင်းသဖြင့် ပို၍ပြည့်စုံ ပို၍ဒေါမာန်ပါသဖြင့် ကိုးကားလိုက်ခြင်းဖြစ်ပါသည်။]

တော်လှန်ရေးပါဠိသူ

ဤတွင် မြုပ်ကွက်တစ်ခုကိုဖော်ရန် အချိန်ရောက်လာပြန်လေပြီ။ ဤဆောင်းပါးသည် ကိုယ်ရည်သွေးလည်းမဟုတ်၊ သမိုင်းသုတေသနလည်းမဟုတ်၊ မသိဘဲ သိယောင်ကားလုပ်၍ ရေးသည့်ဆောင်းပါးမျိုးလည်းမဟုတ်၊ မိမိတို့ကိုယ်တိုင် ရှေ့ဆောင်ခဲ့ရသော တော်လှန်ရေးပိုင်း၏ သမိုင်းစစ်အဖြစ်မှန်ကို ဟုတ်တိုင်းမှန်စွာ စေတနာရိုးရိုးဖြင့် တင်ပြနေခြင်းသာဖြစ်သည်။

ကျွန်ုပ်ရေးသားတင်ပြချက်တွင် ပြင်စရာလုံးဝမလိုပါ။ ဖြည့်စွက်စရာသာလိုလေသည်။ ထို့ကြောင့် ပုဂ္ဂိုလ်ရေးနှင့်ပတ်သက်လျှင်လည်း မည်သူ့ကိုမျှ အဖြစ်မှန်မကျော်လွန်၍ မလိုတစ်မျိုး လိုတစ်မျိုးရေးသားလိမ့်မည် မဟုတ်ပေ။ ယခုလည်း ဦးနု၏ကဏ္ဍမှာ ပေါ်လာရတော့မည်ဖြစ်ရာ ဦးနုအကြောင်း ဖော်အပ်သည်ကို ဖော်ရပါလိမ့်မည်။

ဦးနုနှင့်ပတ်သက်၍ ကျောင်းသားပိုင်း၊ သခင်ပိုင်း နိုင်ငံရေးသမိုင်းကို သိသင့်သလောက် လူတိုင်းသိခဲ့ကြသော်လည်း တော်လှန်ရေးပိုင်းတွင် မြုပ်လျက်ရှိသည်။ တော်လှန်ရေးနှင့်ပတ်သက်၍ ရေးသားပြီး စာအုပ်စာတမ်းနှင့် ဆောင်းပါးများတွင်လည်း ဦးနုနာမည်မပါခဲ့ပေ။ ထို့ကြောင့် ဟိုတုန်းကလည်း မေးကြသည်။ ယခုလည်း မေးကြသည်။ 'ဦးနု တော်လှန်ရေးမှာ ပါရဲ့လား'တဲ့။

ဤသို့မေးတိုင်း ဦးနု တော်လှန်ရေးမှာ ပါခဲ့ကြောင်း၊ မည်သို့ပါခဲ့ကြောင်းကို ကျွန်ုပ်ရှင်းခဲ့သည်။ မှန်ပါသည်။ ဦးနု တော်လှန်ရေးတွင် ပါဝင်ခဲ့ပါသည်။ ပြည်သူ့အရေးတော်ပုံပါတီ အမြုတေချစဉ်ကပင် ပါဝင်ခဲ့ပါသည်။ သို့သော် သူ၏ပါဝင်ပုံမှာ ကျွန်တော်တို့ပါဝင်ပုံမျိုးနှင့်ကား မတူပါ။ တစ်မူထူး၍ ပါဝင်ခဲ့ခြင်း ဖြစ်ပါသည်။

"နယ်ချဲ့ဆန့်ကျင်ရေး၊ နိုင်ငံလွတ်လပ်ရေးအတွက် မင်းတို့လုပ်သမျှကို ငါထောက်ခံတယ်။ ဒါပေတဲ့ လက်နက်ကိုင် လူသတ်ရမယ့်ကိစ္စမျိုးဆိုရင်ငါ့ကို တိုင်လည်းမတိုင်ပင်နဲ့၊ ခိုင်းလည်း မခိုင်းနဲ့။ မင်းတို့ လုပ်သင့်တယ်ထင်တာလုပ်ကြ။ ထောင်တန်းအကျခံမယ့် အလုပ်ဆိုရင်ခိုင်း၊ ငါလုပ်မယ်။ ဒါမှမဟုတ် မင်းတို့နောက်လိုက်ပြီး ထမင်းချက်၊ အဝတ်လျှော်ခိုင်းမလား။ ခိုင်းချင်ရာခိုင်း ငါလုပ်မယ်"ဟု အတိအလင်းပဲ ပြောခဲ့သည်။ ဤအတိုင်းလည်း လုပ်ခဲ့ပါသည်။ ထိုစဉ်က ကျွန်ုပ်တို့၏ဆွေးနွေးပွဲများကို ဟိုအိမ်ဒီအိမ်ပြောင်း၍ ကျင်းပခဲ့ကြပါသည်။

ဦးနုအိမ်တွင်လည်း မကြာခဏပင် ဆုံခဲ့ကြပါသည်။ ဤသို့တွေ့ဆုံကြ၍ အခြေအနေအရပ်ရပ်ကို သုံးသပ်ကာ လုပ်ငန်းစဉ်များ ချမှတ်ဆွေးနွေးကြလျှင် ကျန်ကိစ္စများတွင် ပါဝင်ဆွေးနွေးသော်လည်း တိုက်ရေးခိုက်ရေးပိုင်းသို့ရောက်တိုင်း "မင်းတို့ လွတ်လပ်စွာ ဆွေးနွေးကြ"ဆိုကာ ရှောင်လေ့ရှိပါသည်။ နောက်ပိုင်း 'ဗမာ့ထွက်ရပ်ဂိုဏ်း'ထူထောင်သောအခါ 'နယ်ချဲ့စစ်ကြေညာစာတမ်း'ဟူ၍လည်းကောင်း၊ 'နယ်ချဲ့နှင့်ကမ္ဘဝါ'ဟူ၍လည်းကောင်း

နာမည်ကြီးခဲ့သော ကြေညာစာတမ်းကိုဖတ်၍ ယူနိယံဂျက်အလံကို မီးရှို့ကာ အဖမ်းခံခဲ့လေသည်။

စာပေကိုပြုစုလို၍

ဂျပန်ခေတ်တွင်လည်း ဂျပန်တော်လှန်ရေးအတွက် အစည်းအဝေးပွဲများကို သူ့အိမ်တွင်လည်း တစ်ခါတလေ ကျင်းပခဲ့သည်။ တော်လှန်ရေးလုပ်ရမည်ကို သူ လက်ခံသဘောတူသော်လည်း ပါဝင်ဆွေးနွေးခြင်းမပြုပေ။ နောက်တော်လှန်ရေးတွင် လူခဲ့သောအခါ သခင်မြ၊ သခင်လွန်းဘော်၊ ကိုလှမောင်တို့နှင့်အတူ ဂျပန်နှင့် ကျန်ခဲ့လိုက်ပါရန် လက်ခံခဲ့သည်။ ဂျပန်များ လက်နက်ချ၍မသေမပျောက် ပြန်၍ရောက်လာကြသောအခါ သခင်မြ၊ သခင်လွန်းဘော်၊ ကိုလှမောင်တို့မှာ ဆိုရှယ်လစ်ပါတီနှင့် ဖ. ဆ. ပ. လ တာဝန်ကို ချက်ချင်းလက်ခံ၍ ဆောင်ရွက်ကြသော်လည်း ဦးနုကား အနားယူ၍ စာရေးလိုသေးသည်ဆိုကာ ဝါးခယ်မသို့ပြန်၍ 'ငါးနှစ်ရာသီဗမာပြည်'နှင့် "မှော်စ်ဝါဒကျမ်း"ကို ရေးသားပြုစုခဲ့လေသည်။

အားလုံးနှင့် အံဝင်ခွင်ကျအောင်

ထိုအချိန်တွင် ကွန်မြူနစ်ပါတီမှာ ဖ. ဆ. ပ. လ အတွင်းမှာ ခလောက်ဆန်လျက်ရှိပါပြီ။ ထို့ပြင် ခပ်ရှင်းရှင်းဆိုရသော် ဗိုလ်ချုပ်အောင်ဆန်းနှင့် ကျွန်တော်တို့မှာ သက်တူရွယ်တူ စိတ်တူကိုယ်တူ နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များသာ ဖြစ်ကြပါသည်။ ရဲဘော်အချင်းချင်းအနေဖြင့် ချစ်ခင်မှု၊ လေးစားမှုရှိကြပါသည်။ အမှားအတူ အမှန်အတူ သစ္စာရှိကြပါသည်။ သို့သော် ကျွန်တော်တို့အချင်းချင်း ဆက်ဆံမှုမှာ ဆရာနှင့်တပည့်၊ ခေါင်းဆောင်နှင့် နောက်လိုက် ဆက်ဆံမှုမျိုးမဟုတ်၊ စုပေါင်းခေါင်းဆောင်မှုမျိုးသာ ဖြစ်လေသည်။ ဤသို့သောအချိန်တွင် ထိန်းထိန်းသိမ်းသိမ်းဖြင့် လုပ်နိုင်မည့်သူတစ်ယောက်လိုပါသည်။ ဖ. ဆ. ပ. လ တွင် သခင်မြတို့၊ ဦးဘချို့တို့ ရှိကြပါသည်။ သူတို့မှာလည်း ဆိုရှယ်လစ်ပါတီနှင့် ရင်းနှီးပြီးသူများ ဖြစ်ကြပါသည်။ သခင်မြမှာ ဆိုရှယ်လစ်ပါတီ၏ ဥက္ကဋ္ဌကြီးဖြစ်၍ ဒီးဒုတ်ဦးဘချို့မှာလည်း ဆိုရှယ်လစ်ပါတီဝင်တစ်ဦးမဟုတ်သော်လည်း ပါတီ၏လက်အောက်ခံ အလုပ်သမားအစည်းအရုံးများအဖွဲ့ချုပ်၏ ဥက္ကဋ္ဌကြီး ဖြစ်နေပါသည်။ ဗိုလ်ချုပ်နှင့် ကျန်

ပုဂ္ဂိုလ်များအပေါ် ဩဇာညောင်းသလောက် ညောင်းသော်လည်း ကွန်မြူနစ်ပါတီအပေါ် ဩဇာမညောင်းနိုင်ပါ။ ပုဂ္ဂိုလ်အားဖြင့် ကွန်မြူနစ်ရော ဆိုရှယ်လစ်ရော ပြည်သူ့ရဲဘော်တို့ပါ လက်ခံနိုင်ပြီး ဗိုလ်ချုပ်အောင်ဆန်းကို ပြောနိုင်ဆိုနိုင်သူဖြစ်မှ သင့်ပါမည်။ ဦးနုကို အနီးစပ်ဆုံးမြင်ကြပါသည်။ ထို့ကြောင့် မြန်မာ့အလင်း ဦးတင်မှတစ်ဆင့် ဦးနုကို ရန်ကုန်သို့ ခေါ်ခိုင်းကာ ဖ. ဆ. ပ. လ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌအဖြစ်ဖြင့် တာဝန်ယူစေခဲ့ပါသည်။ ဤနည်းဖြင့် ဦးနုမှာ ၁၉၄၆ ခုနှစ် အလယ်ပိုင်းလောက်မှစတင်၍ ဖ. ဆ. ပ. လ သို့ ရောက်ရှိကာ ဒုတိယ ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်လျက်ရှိခဲ့ပါသည်။

မြို့ပင်လုံဝယ်

ယခု ဆက်လက်၍ သမိုင်းဖြစ်စဉ်ကို ပြန်ကောက်ကြပါစို့။ အောင်ဆန်း-အက်တလီစာချုပ်အရ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရပါတော့မည်။ ပထမအရေးကြီးဆုံးအချက်မှာ နယ်ခြားဒေသ သို့မဟုတ် တောင်တန်းဒေသတိုင်းရင်းသားများ ပြည်မနှင့်ပူးပေါင်း၍ တန်းတူအခွင့်အရေးများလိုသည်၊ မလိုသည်ကို ဆုံးဖြတ်ရန်ဖြစ်သည်။ ထိုကိစ္စကို ဆန္ဒပေးဆုံးဖြတ်ရန် တောင်းတန်းဒေသမှ ခေါင်းဆောင်များကို ရှမ်းပြည်တောင်ပိုင်း ပင်လုံမြို့တွင် စုဝေးကြရန် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်နေ့တွင် ဖိတ်ခေါ်ခဲ့သည်။ ပင်လုံကွန်ဖရင့်နှင့်ပတ်သက်၍ ရေးသူလည်းများ၊ သိသူလည်းများကြသဖြင့် အကျယ်မချဲ့လိုတော့။ လိုရင်းကိုသာ အကျဉ်းချုံး၍ဖော်ပြပါမည်။

နယ်ချဲ့လက်ပါးစေများနှင့် အပေါင်းပါတို့က တောင်တန်းဒေသကို ဗမာပြည်မနှင့် မပူးပေါင်းနိုင်ရေးကို အစွမ်းကုန်ခြေထိုး၊ အစွမ်းကုန်ခြေရှုပ်ခဲ့ကြသည်။

ညီရင်းအစ်ကိုတစ်စု

သို့ပသော် နိုင်ငံရေးရေစီးကြောင်းကား ပြောင်းလဲခဲ့ပါပြီ။ နယ်ချဲ့တို့ လှည့်တိုင်းလိှမ့်တိုင်း၊ ချော့တိုင်း၊ ခြောက်တိုင်း မရနိုင်တော့ပါ။ နယ်ချဲ့သမားတို့သည် တောင်တန်းတိုင်းရင်းသားများနှင့် ပြည်မသွေးချင်းသားချင်းတို့ကို မည်သို့ပင်သွေးခွဲ ရန်တိုက်ပေးခဲ့သော်လည်း တော်လှန်ရေးအရပ်ရပ်တွင် သွေးစည်းခဲ့ကြသည်။ အထူးသဖြင့် ဂျပန်တော်လှန်ရေးတွင် ပြည်နယ်ပြည်ပ

မခွဲခြားဘဲ သွေးတူသားတူဘဝတူများအဖြစ်ဖြင့် ပူးပေါင်းခဲ့ကြသည်။ မိမိတို့မှာ တစ်မြေတည်းနေ တစ်ရေတည်းသောက် သွေးချင်းသားချင်း ညီအစ်ကိုများသာဖြစ်ကြ၍ မည်သည့်နည်းနှင့်မှ ခွဲ၍မရ၊ ခွဲခြင်းဖြင့် နှစ်ဦးနှစ်ဖက် အကျိုးယုတ်၍ ပေါင်းခြင်းသာနှစ်ဦးနှစ်ဖက် အကျိုးဖြစ်မည်ကို သဘောပေါက်ကြသည်။

ထို့ပြင် တောင်တန်းတိုင်းတွင် နိုးကြားသော ခေါင်းဆောင်များနှင့် တက်ကြွသည့် တက်လူငယ်များက ခေါင်းဆောင်၍ ပြည်မနှင့်ပူးပေါင်း၍ လွတ်လပ်ရေးကိုရယူရန် လှုပ်ရှားမှုများမှာလည်း အရှိန်ပြင်းစွာ အုံကြွလျက်ရှိကြသည်။ ရှမ်းပြည်တွင်ဆိုလျှင် ဦးထွန်းမြင့်(လင်းခေး)၊ ဦးထွန်းအေး(နန်းခမ်း)၊ ဦးထွန်းမြင့်တို့မှစ၍ လူကြီးလူငယ်ခေါင်းဆောင်များစွာတို့က လှုပ်ရှားလျက်ရှိကြသည်။ ကချင်တောင်တန်းနှင့် မြစ်ကြီးနား၊ ဗန်းမော် အစရှိသည့် ပတ်ဝန်းကျင်ဒေသများတွင်လည်း ဆမားဒူးဝါးဆင်ဝါနောင် အစရှိသည့် ကချင်ခေါင်းဆောင်များနှင့် မြေပြန့် ရှမ်း-ဗမာ လူကြီးလူငယ်ခေါင်းဆောင်များကလည်း နိုးကြားစွာ ရှေ့ဆောင်လျက်ရှိကြသည်။ ချင်းတောင်တန်းဒေသတွင်လည်း ဝမ်းသူမောင်၊ ဝမ်းကိုဟော အစရှိသည့် ခေါင်းဆောင်များနှင့် လူငယ်များကလည်း တက်တက်ကြွကြွ လုပ်ဆောင်လျက်ရှိကြသည်။

သမိုင်းဝင်စာချုပ်

ထိုမှတစ်ပါး ဗိုလ်ချုပ်အောင်ဆန်းတို့ ဘိလပ်သို့မထွက်ခွာမီ ၁၉၄၆ ခုနှစ် နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင် ဖဆပလမှ ခေါင်းဆောင်ကြီးများဖြစ်ကြသော ဗိုလ်ချုပ်အောင်ဆန်း၊ သခင်နု၊ ဒီးဒုတ်ဦးဘချို့တို့အဖွဲ့သည် ရှမ်းပြည်၊ ကရင်နီနယ် (ယခု ကယားပြည်နယ်)၊ ဂျင်းဖောနယ် (ကချင်)၊ ချင်းနယ်များသို့ လှည့်လည်ကာ တိုင်းရင်းသားအချင်းချင်း နားလည်မှု၊ ချစ်ကြည်မှုကို ခိုင်မြဲအောင် တည်ဆောက်ခဲ့လေသည်။

နောက်ဆုံး တောင်တန်းဒေသခေါင်းဆောင်များနှင့် တွေ့ဆုံ၍ ရှေ့ပြေးဆွေးနွေးနိုင်ရန် ချစ်ကြည်ရေး ရှေ့ပြေးအဖွဲ့များကို ဗိုလ်ခင်မောင်ကလေး၊ ဦးဖေခင် (သံအမတ်ဟောင်း) စသူတို့ကို ခေါင်းဆောင်စေ၍ စေလွှတ်ခဲ့သည်။ ဗိုလ်ခင်မောင်ကလေး၏ စကားအရ ချစ်ကြည်ရေးခရီးသည်များဟုပဲ ဆိုကြပါစို့။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ပင်လုံကွန်ဖရင့်ကို စတင်ပါသည်။ ဘိလပ်အစိုးရကိုယ်စားလှယ်အဖြစ်ဖြင့် ဒိုမီနီယံအတွင်းဝန် ကလေး မစ္စတာဘော့တွန်မလီ တက်ရောက်ပါသည်။ ဖ. ဆ. ပ. လ အဖွဲ့ချုပ် နှင့် အစိုးရကိုယ်စား ဗိုလ်ချုပ်အောင်ဆန်း၊ သခင်နု၊ ဦးဘချို၊ ဗိုလ်မှူးအောင် အစရှိသည့် ခေါင်းဆောင်ခပ်များများ တက်ရောက်ကြပါသည်။ တောင်တန်း ဒေသများမှ ခေါင်းဆောင်များလည်း စုံညီကြပါသည်။ ဖေဖော်ဝါရီလ ၉ ရက် မှ ၁၁ ရက်နေ့များအတွင်း ဆွေးနွေးပွဲများကို နေ့မအား ညမနား လုပ်ကြပါ သည်။ ခြေထိုးမှု၊ ခြေရှုပ်မှုများကြားမှ သံသယများကိုလည်း ကြေညက်အောင် ရှင်းရပါသည်။ သဘောတူညီချက်စာတမ်းရရှိရေးအတွက်လည်း အကြိတ် အနယ် ဆွေးနွေးကြရပါသည်။

အခက်အခဲ အနှောင့်အယှက်အမျိုးမျိုးကို ကျော်လွန်၍ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် တိုင်းရင်းသားညီအစ်ကိုများ ချစ်ကြည်နားလည် မှုရကာ နာမည်ကျော် သမိုင်းဝင် ပင်လုံစာချုပ်ကို ညီညီညွတ်ညွတ် လက်မှတ် ရေးထိုး အတည်ပြုနိုင်ခဲ့ကြလေသည်။

ဤစာချုပ်ကား အောင်ဆန်း-အက်တလီစာချုပ်အရ ပထမဆုံး အောင်ပွဲလည်းဖြစ်သည်။ အနာဂတ်ပြည်ထောင်စု တည်ဆောက်နိုင်ရေး အတွက် အခြေခံအုတ်မြစ်လည်း ဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုလွတ် လပ်ရေးကို ရရှိခဲ့သောအခါ ထိုဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို ပြည်ထောင်စု နေ့ဟု သတ်မှတ်ကာ သွေးချင်းသားချင်းများဖြစ်ကြသော တိုင်းရင်းသားညီ အစ်ကိုများ ချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု ခိုင်မြဲသည်ထက် ခိုင်မြဲမှုကို ရှေးရှု၍ နှစ်စဉ်နှစ်တိုင်း ပြည်ထောင်စုပွဲတော်ကို ကျင်းပလျက်ရှိကြလေသည်။

■

အတွဲ(၁)၊အမှတ်(၁၇)၊ အောက်တိုဘာ ၁၅ ၊၁၉၇၁

စောစံဖိုးသင်

ဗြိတိသျှဝန်ကြီးချုပ်ချာချီ

တောတောင်အထပ်ထပ် ကျော်ဖြတ်ခဲ့စဉ်က

"လွတ်လပ်ရေး တစ်နှစ်အတွင်း ရပါစေမယ်လို့ ကတိမရဘူးလို့ ပြောကြတယ်။ လွတ်လပ်ရေး တစ်နှစ်အတွင်း ရအောင်လုပ်ရမှာက ကျုပ်တို့ လုပ်ရမှာပဲ" ဟု ဗိုလ်ချုပ်အောင်ဆန်းဆိုခဲ့သည်။

"တိုင်းသူပြည်သားများကသာ ထောက်ခံမယ်ဆိုရင် ကျွန်တော်က တစ်နှစ်အတွင်း ဗမာပြည်လွတ်လပ်ရေးရအောင် လုပ်ပေးမယ်လို့ ကတိပြုပါတယ်" ဟုလည်း ရဲရဲတောက် ကြေညာခဲ့သည်။

'တစ်နှစ်အတွင်း လွတ်လပ်ရေးသို့' ဟုလည်း ဖ. ဆ. ပ. လ က အတိအလင်း ကြွေးကြော်လျက်ရှိသည်။

ဤသို့ သတ္တိဗျတ္တိ အပြည့်အဝဖြင့် ရဲရဲတောက်ကြေညာချက်၊ ကြွေးကြော်ချက်များကို အကောင်အထည်ဖော်ရပါတော့မည်။ အပြောလွယ်သလောက် အလုပ်လွယ်ပါမည်လော။ မတ်စောက်၍ အန္တရာယ်များလှသော တောင်ကြီးများကို တစ်တောင်ပြီးတစ်တောင် တက်နိုင် ကျော်နိုင် မှဖြစ်ပါမည်။ နယ်ချဲ့တို့၏ ခြေထိုးမှု ခြေရှုပ်မှုအမျိုးမျိုး၊ အတိုက်အခံပေါင်းစုံ၏ ကဖျက်ယဖျက် အနှောင့်အယှက်အမျိုးမျိုးကြားမှ ထိုးဖောက်ချီတက်ရမည်ဖြစ်သည်။

ပထမ တောင်ကြီးကိုတော့ အခက်အခဲအနှောင့်အယှက်များကြားမှ တက်နိုင်၊ ကျော်နိုင်ခဲ့ပါပြီ။ ပထမအောင်ပန်းကိုတော့ လှမ်းဆွတ်နိုင်ခဲ့ပါပြီ။

ပင်လုံကွန်ဖရင့်သည်ကား ထိုတောင်ကြီး၊ ထိုအောင်ပန်းပင် မဟုတ်ပါလော။ ယခု ဆက်လက်၍ ကြားဖြတ်အမျိုးသားအစိုးရ တည်ဆောက်ရေးတောင်၊ တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲတောင်၊ တိုင်းပြုပြည်ပြုလွှတ်တော် ကျင်းပရေးတောင် စသည့်တောင်ကြီးများကိုသာ တက်ရ ကျော်ရပါမည်။

ထိုတောင် ဤတောင် တက်နိုင်၊ ကျော်နိုင်ရေးအတွက် ဟိုရန်ဒီရန် ရင်ဆိုင်နိုင်ရေးအတွက် ကိုယ့်တပ်ကိုယ်ပြင်ရဦးမည် မဟုတ်လော။ ကျွန်ုပ်တို့သည် ရရင်ရ မရရင်ချမယ်ဟု အစွမ်းကုန် မောင်းတင်ခဲ့ကြသည်။ ချရမည့် အရေးကို အလေးပေး၍ ပြင်ခဲ့ ဆင်ခဲ့ကြသည်။

ငြိမ်းချမ်းရေးနှင့်လမ်းဖြင့်

ယခု အေးအေးချမ်းချမ်းဖြင့် လွတ်လပ်ရေးရနိုင်မည့် လမ်းစကိုရှာ၍ ရခဲ့သဖြင့် မိမိတို့တပ်ကိုလည်း ပြန်၍ ပညာပေးရဦးမည်။ အခြေအနေအရ ဖြစ်ပေါ်လာမည့် တိုက်ပွဲသစ်များအတွက် ပြင်ရဆင်ရဦးမည်။ အထက်နှင့်အောက်၊ အောက်နှင့်အထက် ဒီမိုကရေစီစနစ်ကို လေးစားသည့် အဖွဲ့ချုပ်ကြီးဖြစ်သည့်အတိုင်း ဗဟိုဦးစီးအဖွဲ့သို့ အသေးစိတ် အစီရင်ခံရဦးမည်။ နောက်လုပ်ငန်းစဉ်အတွက် သဘောတူညီမှုကို ရယူရပေဦးမည်။

ထို့ကြောင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ဖ. ဆ. ပ. လ အဖွဲ့ချုပ်တွင် အရေးပေါ်ဗဟိုဦးစီးအဖွဲ့ ညီလာခံကို ခေါ်ဆိုကျင်းပခဲ့သည်။ အောင်ဆန်း-အက်တလီစာချုပ်ကို လွတ်လပ်ရေးကို ရှေးရှုသည့် စာချုပ်အဖြစ်ဖြင့် ခြွင်းချက်မရှိ လက်ခံအတည်ပြုခဲ့ကြသည်။ စာချုပ်အရ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ် ဆွေးနွေး၍ ချမှတ်ခဲ့ကြသည်။ အထူးသဖြင့် တိုင်းပြုပြည်ပြု လွှတ်တော်ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပြင်ဆင်မှုများနှင့် လုပ်ငန်းစဉ်များကို ရေးဆွဲကြသည်။

နေ့ကောင်းရက်သာ ရွေးပေတော့

ထို ဦးစီးညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဥက္ကဋ္ဌအဖြစ်ဖြင့် ဆောင်ရွက်ပြီးလျှင် ကိစ္စအားလုံးတွင် ခေါင်းဆောင်၍ ဆွေးနွေးခဲ့သည်။ မိမိ၏ **တစ်နှစ်အတွင်း** လွတ်လပ်ရေးရရမည်ဆိုသည့်ကတိနှင့် ပတ်သက်၍ လည်း ယုံယုံကြည်ကြည်ဖြင့် "အခု ဗြိုလ ရွေးကောက်ပွဲလုပ်မယ်။ ကျုပ်တို့

ဝင်ရမယ်။ အဲဒီမှာ သန်စွမ်းတဲ့ လူကောင်းတွေရအောင် လုပ်ရမယ်။ အဲဒီက အုပ်ချုပ်ရေးဥပဒေ ရေးဆွဲမယ်။ အဲဒါ အင်မတန်ခက်တယ်လို့ ဥပဒေသမားပါရဂူများက ပြောမယ်။ မခဲယဉ်းပါဘူး။ အုပ်ချုပ်ရေးဥပဒေဆွဲပြီးလျှင် တိုင်းပြုပြည်ပြုလွှတ်တော်ဟာ အင်္ဂလိပ်အစိုးရက သဘောတူပြီးသား၊ သူတို့သဘောတူထားတဲ့ လွှတ်တော်က ရေးဆွဲတာ၊ ဒီလိုရှိတယ်။ အာဏာလွှဲပြောင်းပေးဖို့ ပြောရမယ်။ **အဲဒီအခါ တစ်နှစ်အတွင်း နေ့ကောင်းရက်သာ ရွေးချင်ရင် ဦးဘချို့တို့ ရွေးကြတော့**" ဟု ခပ်သောသော ခပ်ရှင်းရှင်းပဲ ဆိုခဲ့သည်။

အမျိုးသားအစိုးရ

အောင်ဆန်း-အက်တလီစာချုပ်အရ ဒုတိယတက်ရ၊ ကျော်ရမည့် တောင်ကြီးမှာ ကြားဖြတ်အစိုးရဖွဲ့စည်းရေးပင် ဖြစ်လေသည်။ ဤကိစ္စမှာလည်း ဘိလပ်အစိုးရ၏ ကတိတည်မှုကြောင့် ချောချောမောမောပင် အောင်မြင်ခဲ့သည်။ တိုင်းရင်းသား လူမျိုးစုတို့၏ ကိုယ်စားလှယ်များ စုံစုံလင်လင် ညီညီညွတ်ညွတ် ပါဝင်နိုင်ရေးအတွက် ညှိနှိုင်းနေရသဖြင့်သာ အချိန်အနည်းငယ် ယူရသည်။ ကျယ်ပြန့်သည့် အမျိုးသား ကြားဖြတ်အစိုးရကို (ကျွန်ုပ်မှတ်မိသမျှ) အောက်ပါပုဂ္ဂိုလ်များ ပါဝင်ကာ ဖွဲ့စည်းခဲ့လေသည်။

၁။ ဗိုလ်ချုပ်အောင်ဆန်း *
၂။ သခင်မြ
၃။ ဒီးဒုတ်ဦးဘချို
၄။ ဦးရာဇတ် (ဗမာမွတ်စလင်)
၅။ ဦးဘဝင်း
၆။ မန်းဘခိုင် (ကရင်လူငယ်)
၇။ ဦးဘဘေ
၈။ ဦးဘကျမ်း (အာရှလူငယ်)
၉။ ဦးအောင်ဇံဝေ (ရခိုင်)
၁၀။ ဦးမြ (ပျော်ဘွယ်)
၁၁။ ဦးကျော်ငြိမ်း
၁၂။ မိုင်းပွန်စော်ဘွားကြီး (ရှမ်း)

*အမျိုးသားကြားဖြတ်အစိုးရအဖွဲ့နှင့် ပတ်သက်၍ အချို့မှတ်တမ်းများ၌ ကွဲလွဲမှုများရှိသည်ကို စာအုပ်နောက်ဝိုင်းတွင် ဖော်ပြထားပါသည်။

၁၃။ ဆမားဒူးဝါးဆင်ဝါးနောင် (ကချင်)
၁၄။ ဝမ်းကိုဟော (ချင်း)
၁၅။ စောစံဘိုးသင် (ကရင်)တို့ ဖြစ်ကြသည်။

အထက်ပါပုဂ္ဂိုလ်များမှ ဘကြီးဘဘေခေါ် ဦးဘဘေကို အစိုးရအဖွဲ့နှင့် ဖ. ဆ. ပ. လ အဖွဲ့ချုပ်ကြီး၏ဂုဏ်ကို ထိခိုက်လောက်အောင် စာရိတ္တပျက်ပြားမှုကြောင့် အစိုးရအဖွဲ့မှလည်းကောင်း၊ ဖ. ဆ. ပ. လ အဖွဲ့မှလည်းကောင်း ထုတ်ပယ်ခဲ့ရသည်။ (ဥပဒေတွင်းတိုက်ပွဲများတွင် ဦးဘဘေ၏အကူအညီ၊ အကြံအစည်များ ရသင့်သလောက် ရရှိခဲ့သော်လည်း ဖ. ဆ. ပ. လ ၏ သန့်ရှင်းရေး၊ အစိုးရအဖွဲ့၏ သန့်ရှင်းရေးကို ထိခိုက်ညစ်နွမ်းစေမည့် အပြုအမူကိုကား မည်သည့်နည်းနှင့်မျှ သည်းခံနေနိုင်မည်မဟုတ်ပေ။ ဦးဘဘေနှင့်ပတ်သက်၍ လာဘ်စားမှု၊ ဘိန်းချမှု၊ ရွှေချမှုများရှိသည်ဟု သတင်းကြီးခဲ့သည်။ ရှေးယခင်အင်္ဂလိပ်ခေတ်ကလည်း ထိုသို့ပင်နာမည်ကြီးခဲ့ဖူးသည်။ ဤကိစ္စကို ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် စုံစမ်းစစ်ဆေးခဲ့ရာ ခိုင်လုံသော အထောက်အထား သက်သေခံမှုများရသဖြင့် အရေးယူခဲ့ခြင်းဖြစ်လေသည်။ ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင် ဦးဘဘေကို ခေါ်ယူစစ်ဆေးသောအခါ ကျွန်ုပ်မှာ အဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူးချုပ်အနေဖြင့် အနားတွင်ရှိခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ဒေါသထွက်လွန်းသဖြင့် အရောင်ထွက်နေသော မျက်လုံးများကိုလည်းကောင်း၊ မခံချိနာကြည်းလွန်းသဖြင့် ပေါက်ထွက်လာသော စကားလုံးများကိုလည်းကောင်း ယခုတိုင် မြင်ယောင်ကြားယောင်ရှိသေးသည်။ ကွယ်လွန်ပြီးသူ ပုဂ္ဂိုလ်တစ်ယောက်အကြောင်းမို့ မရေးလိုတော့ပေ။)

တိုင်းပြုပြည်ပြု

ပထမတောင်ကြီး၊ ဒုတိယတောင်ကြီးများကို တက်ခဲ့၊ ကျော်ခဲ့နိုင်ပါပြီ။ ယခု တိုင်းပြုပြည်ပြု လွတ်တော်ရွေးကောက်ပွဲ တောင်ကြီးကို တက်ရ၊ ကျော်ရမည်ဖြစ်ပါသည်။ ဘုရင်ခံ၏ အမှုဆောင်အဖွဲ့ အဆက်ဆက်ကပင် ၁၉၃၅ ခုနှစ် အက်ဥပဒေအရ ဥပဒေပြုရွေးကောက်ပွဲကျင်းပနိုင်ရန် မဲစာရင်းများကို ပြင်ဆင်ခဲ့ကြသည်။ သို့သော် လူထုအကူအညီမယူဘဲ ပြီးစလွယ်သဘော လုပ်ထားသည့် မဲစာရင်းများဖြစ်၍ မပြည့်စုံပေ။ ဖ. ဆ. ပ. လ မှ လူကုန်ထုတ်၍တောရောမြို့ပါ တစ်ပြည်လုံးမဲစာရင်းကိုတစ်အိမ်တက် တစ်

အိမ်ဆင်းစစ်ကြော၍ ကူညီကောက်ခံပေးသဖြင့် ရက်တိုတိုဖြင့်ပြည့်စုံသည့် မဲစာရင်းကို လုပ်ဆောင်နိုင်ခဲ့သည်။

၁၉၃၅ ခုနှစ် အက်ဥပဒေအရ ရွေးကောက်ပွဲတွင် အထူးအခွင့်အရေးအဖြစ်ဖြင့် ရရှိထားကြသော ကုလား၊ တရုတ်၊ အင်္ဂလိပ်၊ ဗမာကုန်သည်ကြီး၊ တက္ကသိုလ်နှင့် လူနည်းစု မဲဆန္ဒနယ်များကို တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲတွင် ပယ်ဖျက်သည်။ လူထုဆန္ဒဖြင့် ရွေးကောက်ရမည့် မဲဆန္ဒနယ်များကို မူလတစ်ယောက်နေရာကို နှစ်ယောက်အရွေးခံနိုင်ရန် သတ်မှတ်ပေးလိုသည်။ ဤသို့ ပြင်ဆင်စရာရှိသည်များကို ပြင်ဆင်ပြီးနောက် တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲကို ၁၉၄၇ ခုနှစ် ဧပြီလ ၁၉ ရက်နေ့တွင် ကျင်းပရန် ကြေညာလိုက်လေသည်။

ရွေးချယ်ရေးအဖွဲ့

ဖ. ဆ. ပ. လ အဖွဲ့ချုပ်မှ ပထမဆင့်အမတ်လောင်း ရွေးချယ်ရေးအဖွဲ့တွင် ဟင်္သာတဦးမြ၊ ဒီးဒုတ်ဦးဘချို၊ မန်းဘခိုင်၊ ဗိုလ်မှူးအောင်နှင့် ဦးဗဆွေတို့ကိုရွေးချယ်သည်။ နောက်ဆုံး အတည်ပြုဆုံးဖြတ်ရေးအဖွဲ့တွင် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်နုနှင့် ဦးတင်(မြန်မာ့အလင်း)တို့ ပါဝင်ကြသည်။

တိုင်းပြုပြည်ပြုလွှတ်တော်အတွက် ပြည်မမှ အမတ် ၁၈၂ ယောက် ရွေးကောက်တင်မြောက်ရမည်ဖြစ်သည်။ အမတ်လောင်းစာရင်းကို မဲဆန္ဒနယ်အသီးသီးမှလည်းကောင်း၊ လူထုလူတန်းစား လူမျိုးရေးအဖွဲ့အစည်းအသီးသီးမှလည်းကောင်း တောင်းဆိုခဲ့သည်။ အမတ်ပေါင်း ၂,၀၀၀ ကျော် စာရင်းရရှိခဲ့သည်။ ထိုအထဲမှ ပါဝင်ထိုက်သော ဌာနချုပ်မှခေါင်းဆောင်များ၊ လူထုလူတန်းစားအဖွဲ့အစည်းမှ ခေါင်းဆောင်များ၊ လူမျိုးရေးကိုယ်စားလှယ်များနှင့် နယ်လူထုကိုယ်စားလှယ်များပြည့်ပြည့်စုံစုံမျှမျှတတပါဝင်အောင်အားလုံးကျေနပ်အောင်စီစဉ်ရွေးချယ်ရမည်မှာလွယ်ကူလှသည့်အလုပ်ကားမဟုတ်ပါပေ။

ဤကိစ္စနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းက **"ဖ. ဆ. ပ. လ အမတ်လောင်းစာရင်းနှင့်ပတ်သက်ပြီး ကျွန်တော်ပြောပြချင်တယ်။ ဖ. ဆ. ပ. လ အမတ်လောင်းတွေကို ရွေးတုန်းက ပထမ သူတို့ကို ဟင်္သာတဦးမြ၊ ဒီးဒုတ်ဦးဘချို၊ မန်းဘခိုင်၊ ဦးဗဆွေ၊ ဗိုလ်မှူးအောင်တို့ပါဝင်တဲ့ အဖွဲ့က ရွေးချယ်တယ်။ ပြီးတော့ သခင်နု၊ မြန်မာအလင်းဦးတင်နှင့် ကျွန်တော်တို့ပါတဲ့**

အဖွဲ့က ဆုံးဖြတ်တယ်။ ရှင်းရှင်းပဲ ကျွန်တော်ပြောပြမယ်။ လူပေါင်း နှစ်ထောင်ကျော် စာရင်းသွင်းထားတဲ့အနက် နှစ်ရာလောက်သာ ရွေးရမယ်ဆိုတော့ တစ်ထောင့်ရှစ်ရာကျော်စုထဲက မကျေနပ်တဲ့လူတွေ အများကြီးရှိမယ်ဆိုတာ ကျုပ်တို့ မြင်ပြီးပဲ။ ပြီးတော့ အခြောင်သမား စားဖားတွေ၊ သာယာစီးတွေကလည်း ဖ. ဆ. ပ. လထဲမှာ ခလောက်ဆန်ဖို့ ပြည်သူ့ရဲဘော်နှင့် လက်ဝဲဂိုဏ်းသားအချင်းချင်း တိုက်ပေးဖို့လုပ်မှာပဲဆိုတာလည်း ကျုပ်တို့ မြင်ပြီးပဲ။ သို့ပေမဲ့ ကျုပ်တို့ဟာ ခေါင်းဆောင်တွေပီပီ ကောင်းတယ်၊ မှန်တယ်ထင်တာကို ရဲရဲကြီး ဆုံးဖြတ်လိုက်တာပဲ။ ကျုပ်တို့ရွေးတဲ့လူတွေမှာ အရည်အချင်းရှိတယ်ဆိုတဲ့ လူတွေ ၆၀ လောက်ပါတယ်။ အဲသည်အထဲက အချို့ကိုတော့ဖြင့် ကျုပ်တို့ စိတ်ချလို့ ရွေးတာမဟုတ်ဘူး။ စိတ်မချပေမဲ့ သူတို့ဟာ လူနည်းစုပဲ။ သူတို့ကို သုံးရမယ့်နေရာတွေလည်း ရှိသေးတယ်။ ကျန်တဲ့လူတွေကတော့ အလုပ်လုပ် တဲ့လူတွေ၊ စိတ်ချရတဲ့လူတွေ၊ နယ်ကတင်တဲ့လူတွေ ဖြစ်နိုင်သမျှဖြစ်အောင် ရွေးတာပဲ" ဟု ရှင်းခဲ့သည်။

မဲတင်းနိုင်ရန်

ဖ. ဆ. ပ. လ အတွင်း ညီညွတ်မှုကို ထိန်းသိမ်းနိုင်ရန်အတွက်လည်းကောင်း၊ အောင်ဆန်း-အက်တလီစာချုပ်အရ ဥပဒေတွင်း တိုက်ပွဲကို ပြင်ပမှ လူထုနည်းဖြင့် မဲတင်းပေးနိုင်ရန်အတွက်လည်းကောင်း၊ အကယ်၍ နယ်ခဲ့ကကတိဖျက်၍ ကျွန်သက်ရှည်မှုကိုဖန်တီးလာခဲ့သော် အလစ်မိမခံဘဲ တော်လှန်ရေးဖြင့် တန်ပြန်တိုက်ခိုက်နိုင်ရန်အတွက်လည်းကောင်း အချိန်ပြည့် တာဝန်ယူရန် ဌာနချုပ်ခေါင်းဆောင်အချို့ အရွေးမခံဘဲ ပြင်ပတွင်နေခဲ့ရန်လိုသည်။ ကျွန်ုပ်၏အဆိုပြုချက်ဖြင့် ဌာနချုပ်အမှုဆောင်များမှ ဒုတိယဥက္ကဋ္ဌဖြစ်သော သခင်နုနှင့် အထွေထွေအတွင်းရေးမှူးဖြစ်သော ကျွန်ုပ်(ဦးဗဆွေ)တို့နှစ်ယောက်ကို အရွေးမခံဘဲ ပြင်ပတွင် လူထုအဖွဲ့အစည်းနှင့်အတူ ချန်ခဲ့ရန် ဆုံးဖြတ်သည်။ ထို့ကြောင့် ပထမလူရွေးရာတွင်လည်းကောင်း၊ ရွေးကောက်ပွဲတွင်လည်းကောင်း ဌာနချုပ်အမှုဆောင်ထဲမှ ကျွန်ုပ်တို့နှစ်ဦးမှာ မပါဝင်ခဲ့ပေ။ (သို့သော် တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲ ကျင်းပပြီးနောက် မြိတ်မြို့မှ အရွေးခံရသည့် ဦးမောင်မောင်ခင်မှာ အာဒမ်ဆင်သင်္ဘောပျက်ရာတွင် ပါဝင်ခဲ့သဖြင့်

ကြားရွေးကောက်ပွဲဖြစ်ခဲ့ရာ သခင်နုအား တိုင်းပြုပြည်ပြုလွှတ်တော်တွင် ဥက္ကဋ္ဌလုပ်ရန် အလိုရှိသည်ဆို၍ ဝင်ရောက်အရွေးခံစေခဲ့သည်။ နောက်လည်းလွှတ်တော်ဥက္ကဋ္ဌအဖြစ် တာဝန်ယူရသည်။)

လက်ကုန်တက်ကုန်

ဤတိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲ တောင်ကြီးမှာ အနှောင့်အယှက် အခက်အခဲ အများဆုံး ဖြစ်လေသည်။

နယ်ခဲ့အတွက်ဆိုလျှင် တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲ မဖြစ်လေ၊ နှောင့်နှေးကြန့်ကြာလေ၊ မဟာအဆီအနှစ်ကို အချိန်ကြာမြင့်စွာ စားသောက်ရလေလေဖြစ်သည် မဟုတ်ပါလော။ ရွေးကောက်ပွဲမဖြစ်အောင် ပျက်အောင်၊ နှောင့်နှေးကြန့်ကြာအောင် သူတို့၏လက်ပါးစေများ၊ ပဉ္စမံတပ်သားများနှင့် အစွမ်းကုန်ဖျက်မည်၊ ခြေရှုပ်မည်မှာ မထူးဆန်းပါပေ။ အင်္ဂလန်ပြည်၌ ကွန်ဆာဗေးတစ်ပါတီပြုတ်၍ နိုးကြားတက်ကြွသည့် လေဘာပါတီတက်နေသည်မှာ မှန်သော်လည်း လေဘာပါတီအတွင်း၌ပင် နယ်ချဲ့စိတ်မကုန်သူများ ရှိသေးသည်။ အချို့လည်း လက်အောက်ခံတိုင်းပြည်များကို တာရှည်မအုပ်ချုပ်နိုင်မည့်အတူတူ လွတ်လပ်ရေးပေးလိုသော်လည်း မိမိတို့အကျိုးစီးပွားကို ထိခိုက်မည်စိုး၍ ငြိမ်နေကြသည်။ ပြုတ်သွားသောမစ္စတာချာချီတို့ လူသိုက်ကမူ **"ငါတို့ တိုက်ခိုက်သိမ်းပိုက်ထားသည့် နိုင်ငံတွေဟာ ငါတို့ပိုင်တယ်။ လွတ်လပ်ရေး မပေးနိုင်"** ဟု ယူဆကြသည်။ သူတို့၏ဩဇာကလည်း တပ်နှင့်ကိုလိုနီနိုင်ငံများတွင် ညောင်းတုန်း၊ သူတို့၏ဘက်တော်သားတို့ကလည်း အစိုင်အခဲနှင့် အင်အားကြီးတုန်းရှိကြသည်။ အိန္ဒိယတွင်ဆိုလျှင် ရွေးကောက်ပွဲတွင် ဝင်မရှုပ်နိုင်သော်လည်း တိုင်းပြုပြည်ပြုလွှတ်တော်မကျင်းပနိုင်အောင် ဟိန္ဒူနှင့် မွတ်စလင်ကို ကျားကွက်လုပ်၍ ကစားပေးခဲ့သဖြင့် လွတ်လပ်ရေး တံခါးဝရောက်နေပါလျက် ယခုတိုင် ဇာတ်မျောတုန်းရှိသည်။ ခြံ၍ဆိုရသော် အင်္ဂလန်ပြည်တွင်လည်း လက်အောက်ခံနိုင်ငံများကို လွတ်လပ်ရေးမပေးလိုသူများက အင်အားကောင်းလျက်ပင် ရှိလေသည်။ ထိုသူတို့ကား ငြိမ်နေကြမည်မဟုတ်ပေ။ လက်ကုန်တက်ကုန် ဝင်ရှုပ်ကြမည်သာဖြစ်လေသည်။

ပတ်မကြီး ထိုးဖောက်လိုသူ

တစ်ဖက်တွင်လည်း မင်းသားကြီးလုပ်လိုသူများက မိမိတို့ မင်းသားကြီးမလုပ်ရသဖြင့် ပတ်မကြီးကို ထိုးဖောက်ရန် ကြံစည်ကြိုးစားလျက်ရှိကြသည်။ အောင်ဆန်း-အက်တလီစာချုပ်ကို အမျိုးမျိုး ဝေဖန်ရှုတ်ချလျက်ရှိကြသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ဖ. ဆ. ပ. လ ခေါင်းဆောင်များကို လူညာတွေ၊ အချောင်သမားတွေဟု ပုတ်ခတ်ဆဲဆိုလျက်ရှိကြသည်။ "တောင်းရာသော လွတ်လပ်ရေးသည် လွတ်လပ်ရေးအတုအယောင်သာဖြစ်သည်၊ တော်လှန်ရာသော လွတ်လပ်ရေးသည်သာ အစစ်အမှန်ဖြစ်သည်"ဟု ကြွေးကြော်ကာ အခွန်တော်မပေးရေး၊ သီးစားခမပေးရေး၊ အမတော်ကြေးပြန်မဆပ်ရေး တိုက်ပွဲများကို ဆင်နွှဲလျက်ရှိကြသည်။ မရှိသော အင်တပြဿနာကိုဖော်ကာ ဆန်လုပွဲများ လုပ်လျက်ရှိကြသည်။

ပျဉ်းမနားနှင့် အချို့သောဒေသများတွင် သိန်းသန်းကွန်မြူနစ်များက ဂျပန်တော်လှန်ရေးတွင် ၎င်းတို့သိမ်းသွင်းထားသော ဓားပြဝိုင်းများနှင့် သူတို့၏ရဲဘော်အချို့ကို တောခိုခိုင်း၍ ဓားပြတိုက်၊ လူသတ်၊ ရွာမီးရှို့ကာ ဆူပူသောင်းကျန်းစေလျက်ရှိသည်။ အမှန်ကား နယ်ချဲ့ကိုတိုက်မည်မဟုတ်၊ နယ်ချဲ့ကိုတော်လှန်သည်မဟုတ်။ ဖ. ဆ. ပ. လ ကို ဦးတည်၍ နယ်ချဲ့အကြိုက် လုပ်နေကြခြင်း ဖြစ်လေသည်။

လမ်းနှစ်သွယ်

ဤကိစ္စနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းက **"ဗမာတွေ လမ်းခွ သို့ရောက်နေကြပြီ။ တစ်လမ်းမှာ ကျွန်သက်ရှည်မည့်လမ်းဖြစ်သည်။ တခြား တစ်လမ်းမှာ ကျွန်သက်တိုမည့်လမ်းဖြစ်သည်။ ဤလမ်းနှစ်သွယ်အနက် ဘယ်လမ်းကိုလိုက်ကြမည်လဲ။** ဤမေးခွန်းကို (၁၃၀၈ ခု၊ တန်ခူးလဆုတ် ၄ ရက်နေ့) ဧပြီလ ၉ ရက်နေ့တွင် ကျင်းပမည့် တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲကြီးတွင် ဗမာတွေကိုယ်တိုင်ဖြေရှင်းရတော့မည်။ ဤအဖြေကိုမပေးမီ လက်ငင်း နိုင်ငံရေးအခြေအနေကို ဗမာတိုင်း ကောင်းကောင်းသဘောပေါက်ထားရန်လိုသည်။ ယခုအခါတွင် ဗမာ့နိုင်ငံရေးတွင် ဖ. ဆ. ပ. လ နှင့် ဖ. ဆ. ပ. လ ဆန့်ကျင်ရေးဟူ၍ အကြမ်းအားဖြင့် နိုင်ငံရေးသမား နှစ်မျိုး နှစ်စားရှိသည်။ ခပ်ရှင်းရှင်းပြောရလျှင် ဖ. ဆ. ပ. လ ဆန့်ကျင်ရေးသမားများ

ထဲတွင် (၁) ဗြိတိသျှနယ်ချဲ့ သမားတို့၏ ပဋိပက္ခမဲတပ်သားများနှင့် (၂) မင်းသားကြီးလုပ်ချင်သူများပါကြသည်။

(၁) ဗြိတိသျှနယ်ချဲ့သမားတွေ၏ ပဋိပက္ခမဲတပ်သားများဆိုသည်မှာ အခြားမဟုတ်။ ဗမာ့အဆီအနှစ်များကို စားသောက်နေကြသော ဗြိတိသျှနယ်ချဲ့သမားတို့၏ အလိုတော်ကိုလိုက်၍ လုပ်ပေးနေသူများ ဖြစ်ကြသည်။ ဥပမာ-ဖ. ဆ. ပ. လ အင်အားစုများကို ပျက်ပြားအောင်ပြုလုပ်ခြင်း၊ ဖ. ဆ. ပ. လ အပေါ်တွင် လူထုက အထင်လွဲအောင် လှုံ့ဆော်ပေးခြင်း၊ ဗြိတိသျှနယ်ချဲ့သမားတစ်ဦးတည်းကို မဲပြီး မတိုက်နိုင်အောင် ဖ. ဆ. ပ. လ ကို ဘေးနှင့်နောက်မှ ဝင်၍ တိုက်ပေးခြင်း အစရှိသည့်လုပ်ငန်းများ ဖြစ်ကြသည်။ ဤမျှမကသေးရွေးကောက်ပွဲမလုပ်ဖြစ်အောင်ပင် အဆိုပါပဋိပက္ခမဲတပ်သားတို့၏အကူအညီဖြင့် ဗြိတိသျှနယ်ချဲ့သမားတို့သည် ကြိုးစားကြပေလိမ့်မည်။

မစားရတဲ့အမဲ

(၂) ပဋိပက္ခမဲတပ်သားများ၏အကြောင်းကိုကား အကျဉ်းချုပ်၍ ဖော်ပြခဲ့ပြီးပြီ။ မင်းသားကြီးလုပ်ချင်သူများ၏အကြောင်းကို ရှင်းပြရဦးမည်။ ယခုအခါ ဖ. ဆ. ပ. လ သည် လူထုရှေ့၌ မားမားမတ်မတ်ရပ်၍ ခေါင်းဆောင်နေခြင်းကို ထိုမင်းသားကြီးလုပ်လိုသူများသည် မနာလို မရှုဆိတ်ကြချေ။ ရပ်ခြင်းရပ်လျှင် သူတို့ဘာသာ ရပ်လိုကြသည်။ သို့ရာတွင် သူတို့၏ရှေ့နောက်မညီညွတ်သော ခေါင်းဆောင်မှု၊ အမြင်တိုသော ခေါင်းဆောင်မှု၊ ဘယ်သူသေသေ ငတေမာပြီးရောဆိုသော ခေါင်းဆောင်မှု၊ မကြာခဏ ဖောက်လွဲဖောက်ပြန်ဖြစ်ခဲ့ရသော ခေါင်းဆောင်မှုများကြောင့် လူထုကလည်း ၎င်းတို့ရှေ့တွင် ထိုမင်းသားကြီး လုပ်လိုသူများကို အရပ်မခံကြချေ။ သို့ဖြစ်ရာ ထိုမင်းသားကြီးမလုပ်လျှင် မနေနိုင်သော ထိုခေါင်းဆောင်တစ်စုသည် ပတ်မကြီးကို ထိုးဖောက်လျက်ရှိကြသည်။ ၎င်းတို့အတွက်မှာမူ ၎င်းတို့ခေါင်းဆောင်ဖြစ်မှုသာလျှင် အဓိကဖြစ်သည်။ လူထုလွတ်လပ်ရေးမှာ သူတို့ခေါင်းဆောင်ဖြစ်မှုလောက် အရေးမကြီးပေ။ ထို့ကြောင့်လည်း သူတို့ခေါင်းဆောင်မဖြစ်ရသည့်အခါတွင် ဗမာပြည်လွတ်လပ်ရေးလမ်းစဉ်ကို မည်သို့ပင်ထိခိုက်စေကာမူ ဂရုမစိုက်ဘဲ ထိုမင်းသားကြီး မလုပ်ရသူများသည် ပတ်မကြီးကို ထိုးဖောက်ရန် လှုံ့လပြုခဲ့ကြသည်ကို တိုင်းပြည်လူထု၏ မျက်မြင်ပင်မဟုတ်ပါလော။ (ယခု အရေးသည် တစ်ချက်

အမှားမခံသော အရေးဖြစ်သည်ဟု အမည်တပ်သော အသံမိန့်ခွန်းမှ)

သဲနှင့်ပက်ကြသူများ

ထို့ပြင် ဗိုလ်ချုပ်အောင်ဆန်းက **"ဒါဖြင့် လာမည့်ရွေးကောက်ပွဲ ဖျက်ချင်တဲ့လူက ဘာပြုလို့ ဖျက်ချင်တာလဲ။ အခြားကြောင့်တော့မဟုတ်ဘူး။ လွတ်လပ်တဲ့ ဗမာပြည်မှာ သူတို့တစ်တွေဟာ တစ်သက်လုံး မြုပ်နေမယ့် အရေးကို တွေးတွေးမြင်တိုင်း သူတို့ဟာ မစားရတဲ့အမဲ သဲနှင့်ပက်ချင်လို့ပဲ။ ကနေ့ည ကျွန်တော် ဗေဒင်ဟောထားနှင့်မယ်။ မှန်မမှန် ရှေ့ဖြစ်တဲ့အဖြစ် အပျက်တွေ သက်သေခံလိမ့်မယ်"** ဟု ထိုမင်းသားကြီး လုပ်ချင်သူတို့နှင့် ပတ်သက်၍ ဆိုခဲ့ သည်။ (အသံလွှင့် မိန့်ခွန်းမှ)

ထို့ပြင် **"သူတို့တစ်တွေဟာ အချင်းချင်းသတ်ဖြတ်လုယက် သူပုန်ထ မီးနှင့်ရှို့ ဒီလိုလုပ်နေတာ ဘာတော်လှန်ရေးလဲ။ ဒါ တော်လှန်ရေးတဲ့လား။ နယ်ချဲ့သမားအကြိုက်ကို လုပ်နေတာပဲ"** ဟု ဗိုလ်ချုပ်အောင်ဆန်းက မြွက်ဆို ခဲ့သည်။ (ပျဉ်းမနား တရားပွဲမိန့်ခွန်းမှ)

ဤမျှဖြင့် တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲကြီးကို ဖျက်ဆီးရန် နယ်ချဲ့တို့၏ ပဉ္စမတပ်သားများနှင့် မင်းသားကြီးမလုပ်ရသဖြင့် ပတ်မကြီးထိုးဖောက်လိုသူတို့၏ လုပ်ကြံမှုများကို သဘောပေါက်လောက်ပြီဟု ယူဆသည်။

တိုက်ပွဲအဆင့်ဆင့်

ဖ. ဆ. ပ. လ အဖွဲ့ချုပ်ကား ဘယ်သူဖျက်ဖျက် တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲကို အဖျက်မခံနိုင်ပေ။ အောင်ဆန်း-အက်တလီစာချုပ်အရ လွတ်လပ်ရေးအောင်ပန်းကို လှမ်းဆွတ်နိုင်ရန် အဆင့်သုံးဆင့်သာ ကျန်ပါသည်။ ပထမဆင့်မှာ တိုင်းပြုပြည်ပြုလွှတ်တော် အောင်မြင်စွာကျင်းပနိုင်ရေး၊ ဒုတိယဆင့်မှာ တိုင်းပြုပြည်ပြုလွှတ်တော်ကျင်းပ၍ အုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေး၊ တတိယနှင့် နောက်ဆုံးဆင့်မှာ အင်္ဂလိပ်နှင့် စာချုပ်ချုပ်ဆို၍ လွတ်လပ်ရေးကြေညာရေးတို့ ဖြစ်ကြသည်။ တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲမကျင်းပနိုင်၍ လွတ်လပ်ရေးနှောင့်နှေးလာလျှင် မိမိတို့အပြစ်သာ ဖြစ်မည်။ နယ်ချဲ့တို့က ဝမ်းမြောက်လိမ့်မည်။ တိုင်းပြုပြည်ပြုလွှတ်တော်ရွေး

ကောက်ပွဲ ကျင်းပနိုင်က ဒုတိယအဆင့် တိုင်းပြုပြည်ပြုလွှတ်တော်ကျင်းပ၍ အုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေးမှာ လွယ်ကူသည်သာဖြစ်သည်။ (ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်း၏မိန့်ခွန်းများတွင် ထိုနှစ်ဆင့်မှာ ဆက်စပ်နေသည့် အကြောင်းများကြောင့် ပေါင်း၍မိန့်ဆိုသည်ကို တွေ့ရမည်) ဤနှစ်ဆင့်ကို အောင်မြင်စွာ ဆောင်ရွက်ဖို့ရန်မှာ မိမိတို့၏တာဝန်ဖြစ်လေသည်။ ဤနှစ်ဆင့်အောင်မြင်ပြီး၍ တတိယဆင့်တွင်နှောင့်နှေးကြန့်ကြာအောင် အနှောင့်အယှက်ပြုက မိမိတို့တာဝန်မဟုတ်တော့။ နယ်ချဲ့တို့၏အလုပ်၊ နယ်ချဲ့တို့၏တာဝန်သာလုံးလုံးဖြစ်တော့သည်။

ဤကိစ္စနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းက **"အခု တိုင်းပြုပြည်ပြုလွှတ်တော်ကို ဧပြီလမှာရွေးပြီး ဇွန်လလောက်မှာ ကျင်းပလျှင် သုံးလေးငါးလ လောက်အတွင်း လွတ်လပ်တဲ့ ဗမာပြည်ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေကို ရေးဆွဲဆုံးဖြတ်နိုင်မယ်။ အဲဒီအခါ ဘိလပ်ပါလီမန်လည်း အစည်းအဝေးရှိတဲ့ အချိန်ဖြစ်မယ်။ ကျွပ်တို့က ဗမာပြည်ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေကို ရေးဆွဲပြီးတာနှင့် တစ်ပြိုင်နက် ဘယ်နေ့၊ ဘယ်ရက်မှာ ကျွပ်တို့လက်ရှိ အာဏာလွှဲပါဆိုတာ သတ်မှတ်ပြီး ဗြိတိသျှအစိုးရနှင့် အရေးဆိုမယ်။ ကျွပ်တို့အရေးမဆိုခင်ဘဲ ဗြိတိသျှအစိုးရက အိန္ဒိယမှာလို ရက်ကန့်သတ်ပေးချင်လည်း ပေးမှာပဲ။ ဒီကိစ္စဟာ ခက်မယ်လို့ ကျွပ်မထင်ဘူး။ သူတို့နှင့် စာချုပ်တဲ့နေရာမှာသာ ခက်ချင်ခက်လိမ့်မယ်။ သူတို့က ကျွပ်တို့ဆုံးဖြတ်ချက်ဥပဒေကို တော့ ပြင်မှာမဟုတ်ဘူး။ တိုင်းပြုပြည်ပြုလွှတ်တော်က ဆုံးဖြတ်တဲ့ လွတ်လပ်ရေးကို မူးတင်းပဲတင်း စာချုပ်ထဲမှာ ချုပ်ချယ်ချက်တွေ ကျွပ်တို့သဘောမတူဘဲ ထည့်ချင်ထည့်မှာကိုသာ ကျွပ်တို့ တိုက်ဖျက်ရလိမ့်မယ်ထင်တယ်။ တိုင်းပြုပြည်ပြု လွှတ်တော်ကို ရွေးပြီးတဲ့အခါ အဲသည့်လွှတ်တော်က လွတ်လပ်ရေးဆုံးဖြတ်ပြီး လွတ်လပ်ရေးတိုက်ပွဲ လုပ်စရာရှိလို့ လုပ်ရတယ်ဆိုလျှင် ကျွပ်တို့အရေးဟာ ပိုပြီး အားရှိမှာအမှန်ပဲ"** ဟု ဆိုခဲ့သည်။

ထို့ပြင် "လွတ်လပ်ရေးတိုက်ပွဲ မပြီးသေးဘူး။ တိုင်းပြုပြည်ပြုလွှတ်တော်ဟာ လွတ်လပ်ရေးရဲ့အစသာ ဖြစ်တယ်။ အင်္ဂလိပ်နှင့် စာချုပ်စရာတွေရှိသေးတယ်။ ဘယ်အထိ စကားများမယ်တော့ မသိဘူး။ ဒါကြောင့် တိုင်းပြည်လူထုက ယနေ့ကစ၍ (အဇ္ဈတဂ္ဂေပါနုပေတံ)ဆိုသလို လောကီနိဗ္ဗာန်ရောက်သည်အထိ အင်အားစုကို တောင့်တင်းအောင်လုပ်ပါမည်ဟု အဓိဋ္ဌာန်ပြုကြ

ပါစို့"ဟု အောင်လံတရားပွဲတွင် ဆိုခဲ့သည်။

ထို့ပြင် **"တိုင်းပြုပြည်ပြုလွှတ်တော်ကနေပြီး လွတ်လပ်ရေးကို ကြေညာပြီး စစ်တိုက်တန်တိုက်ရလိမ့်မယ်။ အချို့က ဒီလူဟာ အချောင်သမားပြောပြော၊ ဒူးထောက်သမားပြောပြော ကျုပ်ဆယ်ခါပြောမယ်။ ကျုပ်တို့တိုက်လာခဲ့တယ်။ နောက်လည်း နှလုံးရည်နှင့်တိုက်လို့မရလျှင် လက်နုံးရည်နှင့်တိုက်ရမှာပဲ"** ဟု မွေးရာဇာတိ နတ်မောက်မြို့တွင် အတိအလင်းပြောခဲ့သည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲကို အပျက်မခံနိုင်၊ အချိန်ဆွဲနှောင့်နှေးအောင် အပြုမခံနိုင်၊ အောင်မြင်စွာ ကျင်းပ၍ အနိုင်တိုက်ရပေမည်။

အောင်နိုင်ရေးသို့

ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲနှင့်ပတ်သက်၍ အသံလွှင့်မိန့်ခွန်းများစွာဖြင့် ပြည်သူလူထုကို ရှင်းခဲ့သည်။ အရေးကြီးပုံကို တင်ပြခဲ့သည်။

ဖ. ဆ. ပ. လ အဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ်ဖြင့်လည်း ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် ရန်ကုန်မြို့နှင့်တကွ တိုင်း၊ ခရိုင်များသို့ မရပ်မနားလှည့်လည်ကာ တရားပွဲပေါင်းများစွာကို ဟောပြောခဲ့လေသည်။ ၁၉၄၇ ခုနှစ် မတ်လ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့ ကန်တော်မင်ပန်းခြံ၌ လူထုတစ်သိန်းကျော်တက်ရောက်သည့် လူထုတရားပွဲကြီးကို ကျင်းပသည်။ ကျွန်ုပ်နှင့်တွဲ၍ တနင်္သာရီတိုင်းကို လှည့်လည်ခဲ့သည်။ ထို့အတူ ကျန်အမှုဆောင်များနှင့်တွဲကာ တစ်ပြည်လုံး အနှံ့အပြား ခရီးထွက်၍ တရားပွဲများကျင်းပကာ မိန့်ခွန်းများ မြွက်ကြားခဲ့သည်။ ထို့ပြင် ဌာနချုပ်အမှုဆောင်များကိုလည်း တိုင်းအလိုက် တာဝန်ခွဲကာ ရွေးကောက်ပွဲဖြစ်မြောက်ရေးနှင့် အောင်နိုင်ရေးကို ဆောင်ရွက်စေခဲ့သည်။

ဤနည်းဖြင့် ပြည်သူလူထုတစ်ရပ်လုံးမှာ တိုင်းပြုပြည်ပြုရွေးကောက်ပွဲကို လွတ်လပ်ရေး၏အခြေခံအဖြစ်ဖြင့် လက်ခံကာ အုံကြွ၍ ထောက်ခံခဲ့ကြသည်။ သိန်းသန်းကွန်မြူနစ်ဆိုလျှင် ဖ. ဆ. ပ. လ ကိုတိုက်ရန် ပထမ အလုပ်သမားတွေကို မြှောက်ပေးသည်။ ထင်တိုင်းမပေါက်တော့ ကျောင်းသားတွေနှင့် လှည့်တိုက်သည်။ ထိုကိစ္စလည်း မဟန်ပြန်တော့ လယ်သမားတွေနှင့်ပေါက်ပြန်သည်။ ဆန်လုပွဲ၊ အခွန်မပေးရေးတိုက်ပွဲ၊ သီးစားခမပေးရေးတိုက်ပွဲ၊ အမ

တော်ကြေးပြန်မဆပ်ရေးတိုက်ပွဲများ ဆင်နွှဲကြသည်။ ပျဉ်းမနားနှင့် အချို့ဒေသတွင် သူတို့လူတချို့ကို တောခိုခိုင်းကာ ဆူပူသောင်းကျန်းခိုင်းသည်။ သို့သော် ရွေးကောက်ပွဲကိုကား ပျက်အောင်မဖျက်နိုင်။ သူတို့သာလျှင် လူထုနှင့်ကင်းကွာခဲ့ကြသည်။ နောက်ဆုံးတွင်ကား အိန္ဒိယကွန်မြူနစ်ပါတီမှ ညွှန်ကြားချက်အရ ရွေးကောက်ပွဲကို ဝင်ရောက်ကြသည်။ (ထိုစဉ်က ဗမာပြည်ကွန်မြူနစ်ပါတီမှာ အိန္ဒိယကွန်မြူနစ်ပါတီ၏ လက်အောက်ခံသာ ဖြစ်လေသည်။ ဝီ၊ စီ ကျိုရှိမှာ အရာရာတွင် ဆရာကြီးဖြစ်လေသည်။)

အလံနီကွန်မြူနစ်ပါတီမှလွဲ၍ ကျန်အတိုက်အခံပါတီများလည်း ရွေးကောက်ပွဲသို့ ပါဝင်အရွေးခံကြသည်။

၁၉၄၇ ခုနှစ် ဧပြီလ ၉ ရက်နေ့တွင် သတ်မှတ်ထားသည့်အတိုင်း တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ ရွေးကောက်ပွဲနယ် ၁၈၂ နေရာတွင် သိန်းသန်းကွန်မြူနစ်ပါတီက ၇ နေရာရရှိသည်။ ကျန်ပါတီများနှင့် တစ်သီးပုဂ္ဂလများ တစ်နေရာမှ မရကြ။ ကျန်နေရာအားလုံးကို ဖ. ဆ. ပ. လ မှ အနိုင်ရရှိခဲ့လေသည်။ ပေးမဲ၏ ၉၅ ရာခိုင်နှုန်းကို ဖ. ဆ. ပ. လ က ရရှိလေသည်။

တစ်တောင်တော့ တက်နိုင်၊ ကျော်နိုင်ပြန်လေပြီ။

■

အတွဲ(၁)၊အမှတ်(၁၈)၊ နိဝင်ဘာ ၁ ၊၁၉၇၁

ပထမဆုံးအကြိမ်ကျင်းပသော တိုင်းပြုပြည်ပြုလွှတ်တော်သို့
လမ်းလျှောက်ချီတက်သွားသော ဗိုလ်ချုပ်အောင်ဆန်း

လွတ်လပ်ရေးဗိမာန်သို့

ဖွဲ့စည်းအုပ်ချုပ်ပုံ

ဘေးအန္တရာယ်အဖုံဖုံ၊ အခက်အခဲအမျိုးမျိုး၊ အနှောင့်အယှက် အသွယ်သွယ် ထူပြောပေါကြွယ်လှသော်လည်း မှန်ကန်ဖြောင့်မတ်သည့်ခေါင်းဆောင်မှု၊ ခိုင်မာတောင့်တင်းသည့် စည်းလုံးမှု၊ ပြောင်မြောက်ထူးချွန်သည့် ဇွဲသတ္တိတို့ကြောင့် လွတ်လပ်ရေးခရီးကြမ်းကို တစ်တောထွက်တစ်တောင်ကျော် အတော်ပင် ခရီးပေါက်အောင် ချီတက်နိုင်ခဲ့လေပြီ။ လွတ်လပ်ရေးဗိမာန်ကိုပင် လှမ်း၍ မြင်နိုင်၊ တွေ့နိုင်နေပါပြီ။ သို့သော် လွတ်လပ်ရေးနှင့်နီးလေ အဖျက်အဆီး အနှောင့်အယှက်ကများလေ၊ ခရီးကလည်း ပို၍ကြမ်းတမ်းလေဖြစ်မည်ကိုကား မေ့၍ပေါ့၍မရပေ။ နောက်ဆုံး ဖျက်ဆီးခြင်းအနေဖြင့် ရန်သူတို့က အစွမ်းကုန်ခြေထိုး၊ အစွမ်းကုန်ခြေရှုပ်၊ အစွမ်းကုန်လုပ်ကြံကြမည်ကို သတိကြီးစွာရှိဖို့ ပို၍လိုသည် မဟုတ်ပါလော။

တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲကြီးကား အဖျက်အဆီးအနှောင့်အယှက်များကြားမှ အောင်မြင်စွာ ကျင်းပ၍ ပြီးမြောက်ခဲ့ပါပြီ။ တစ်နှစ်အတွင်း လွတ်လပ်ရေးကြေညာနိုင်ရေးအတွက် တိုင်းပြုပြည်ပြုလွှတ်တော်ကို အမြန်ခေါ်ဆို၍ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အချိန်တိုတိုနှင့် အပြီးရေးဆွဲနိုင်ဖို့ လိုလေပြီ။ အောင်မြင်မှုကိုလိုလျှင် အရာရာတွင် ကြို

တင်ပြင်ဆင်မှုသည် အရေးကြီးလှသည်။ အထူးသဖြင့် အတိုက်အခံများ၊ အဖျက်အဆီးများကြားမှ အချိန်ကိုပို၍လုပ်ရသောလုပ်ငန်းများ၊ တိုက်ပွဲများတွင် ကြိုတင်ပြင်ဆင်မှုသည် ပို၍လိုအပ်ရှိ၊ အပ်သည်သာ ဖြစ်လေသည်။

ပွဲမဝင်ခင်ကပင်

ဖ. ဆ. ပ. လ အဖွဲ့ချုပ်ကား တိုက်ရည်ခိုက်ရည်ဝပြီး လုပ်ရည်ကိုင်ရည်ပြည့်ပြီး အဖွဲ့ချုပ်ကြီးဖြစ်သည့်အတိုင်း ကြိုတင်ပြင်ဆင်စရာရှိသည်များကို ကြိုတင်ပြင်ဆင်ပြီး ဖြစ်လေသည်။ လိုအပ်သော စာအုပ်စာတမ်းများ စုပြီးဆောင်းပြီးဖြစ်သည်။ အဖွဲ့ငယ်များဖွဲ့စည်း၍ လေ့လာမှုများလုပ်ခိုင်းပြီးဖြစ်သည်။ 'ပွဲမဝင်မီ ပြင်ကကျင်းပ'ဆိုသည့်အတိုင်း အပြင်မှ ပုံကြမ်းလောင်းပြီးဖြစ်က အတွင်းတွင် ပုံချောကိုင်ရန်မှာ လွယ်ကူမည်သာ ဖြစ်လေသည်။ အချိန်တိုတိုနှင့် လုၡ် လုပ်နိုင်မည်သာ ဖြစ်လေသည်။ ထို့ကြောင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အပြင်မှ ပုံကြမ်းလောင်းပြီးဖြစ်အောင် လုပ်ဆောင်ရန်မှာ ဖ. ဆ. ပ. လ ၏ တာဝန်ပင် မဟုတ်ပါလော။

၁၉၄၇ ခုနှစ် မေလ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့ ဂျူဗလီဟောကြီး၌ ဖ. ဆ. ပ. လ မှ ကြီးမှူး၍ သမိုင်းဝင် ပဏာမပြင်ဆင်မှု ညီလာခံသဘင်ကြီးကို သိုက်မြိုက်စွာ ခေါ်ဆိုကျင်းပခဲ့သည်။ ဖ. ဆ. ပ. လ ဦးစီးအဖွဲ့ဝင်များတိုင်းပြုပြည်ပြုလွှတ်တော်သို့ ရွေးကောက်တင်မြောက်ခံရသည့် အမတ်လောင်းများ၊ အဖွဲ့အစည်းပေါင်းစုံမှ လူထုလူတန်းစား၊ လူမျိုးစုကိုယ်စားလှယ်များ စုံညီစွာ တက်ရောက်ကြသည်။ စာရေးဆရာ၊ သတင်းစာဆရာ၊ အနုပညာလောကမှ ပုဂ္ဂိုလ်များနှင့် ဥပဒေကျွမ်းကျင်သူများကိုလည်း ဖိတ်ကြားခဲ့လေသည်။ ညီလာခံကြီးတွင် သဘာပတိအဖြစ်ဖြင့် ပို၍လိုအပ်ရှိ၊ အပ်သည်သာ ဖြစ်

"ကိုင်း လွတ်လပ်တဲ့ ဗမာပြည်ဆိုတော့ ဘယ်လိုဗမာပြည်မျိုးလဲ။ သမ္မတနိုင်ငံလား၊ ရှင်ဘုရင်စနစ်နဲ့အုပ်ချုပ်တဲ့ နိုင်ငံလား။ ဒီမေးခွန်းပေါ်လာတယ်။ ဒီမေးခွန်းကို တိုတိုပဲဖြေပါဆိုရင် သမ္မတနိုင်ငံလိုချင်တယ်လို့ တိုတိုပဲဖြေရုံပဲ။ ဒါပေမဲ့ ကျွန်တော်က ဒီလောက်တိုတိုမဖြေချင်ဘူး။ လိပ်ပတ်လည်အောင် အစိုးရ (State)ဆိုတဲ့ သဘောတရားနဲ့ပတ်သက်ပြီး ဆွေးနွေးချင်တယ်" ဟု အကျယ်တဝင့် ရှင်းလင်းပြီးနောက်- "အဲဒီတော့ သမ္မတစနစ်ကို လိုချင်တယ်။ သမ္မတစနစ်ဟာ တိုင်းသူပြည်သားတွေသာလျှင် အရင်းခံ မူလဘူတဖြစ်တယ်ဆိုတဲ့ သဘာဝကို ပြန်ဖော်တယ်။ လူလူချင်း အတူတူပဲဆိုတဲ့ သဘာဝကို ပြန်ဖော်တယ်" ဟု တင်ပြဆွေးနွေးခဲ့လေသည်။ ညီလာခံကြီးကလည်း သမ္မတနိုင်ငံမူကိုပင် ခြွင်းချက်မရှိ လက်ခံအတည်ပြုကြသည်။

(ဂ) တတိယအချက်နှင့်ပတ်သက်၍ကား အတော်ပင် ကျယ်ပြန့်စွာ ရှင်းလင်း၍ တင်ပြခဲ့သည်။ လိုရင်းမျှကို ကောက်နုတ်ဖော်ပြရသော်. . .

ဒီမိုကရေစီတိုင်းဟာ

"ဒီမိုကရေစီဆိုပြီး ပြည်သူ့ဆန္ဒ၊ ပြည်သူ့အာဏာလို့ ကြွေးကြော်ဟစ်အော်ပြီး ညာတဲ့စနစ်တွေလည်း ရှိတယ်။ လူတွေက၊ တိုင်းသူပြည်သားတွေက အစိုးရအာဏာအပ်လိုက်တုန်းက "ကျုပ်တို့အတွက် ကောင်းအောင်လုပ်ပေးပါဆိုပြီး အာဏာအပ်လိုက်တာပဲ။ ဒါပေမဲ့ ကျုပ်တို့ကို ခင်ဗျားတို့အုပ်စိုးတဲ့လူတွေအတွက် နှိပ်ကွပ်အုပ်ချုပ်ပါဆိုတဲ့အချက်သာ ဖြစ်နေတာပဲ။ လူတွေက တင်မြှောက်ပြီး လူတွေရဲ့အကျိုးကိုလုပ်တဲ့ လူတွေရဲ့အစိုးရသာလျှင် ဒီမိုကရေစီ ဖြစ်နိုင်တယ်။ အခြားဟာတွေ ဒီမိုကရေစီအစစ် မဖြစ်နိုင်ဘူး။ အတုတွေသာဖြစ်တယ်။ အဲဒီလိုစနစ်မျိုးနဲ့ သမ္မတအစိုးရမျိုးမှသာ ကျုပ်တို့တိုင်းသူပြည်သားတွေကို အကျိုးထိရောက်စွာ ဆောင်ရွက်ပေးနိုင်မှာပဲ။ ဒီမိုကရေစီတိုင်း ဒီမိုကရေစီတာ မဟုတ်ဘူး" ဟူ၍လည်းကောင်း . . .

"အခု ဒီမိုကရေစီခေါ်နေတဲ့ တိုင်းပြည်တွေအများဟာ တကယ့် ဒီမိုကရေစီတွေ မဟုတ်ဘူး။ ငါးမူး သုံးမူး တစ်ပဲလောက်ပဲ ဒီမိုကရေစီတွေဖြစ်ကြသေးတယ်။ အဲဒီ ဒီမိုကရေစီတွေဟာ အရင်းစစ်လိုက်တော့ အရင်းရှင်ခေါ်တဲ့ပစ္စည်းရှင် အရင်းရှင်တွေ စီးပွားရေးခြယ်လှယ်တဲ့စနစ်အခြေခံတဲ့ ဒီမို ကရေစီတွေ ဖြစ်တယ်။ တစ်နည်းအားဖြင့် အရင်းရှင်တွေရဲ့ အာဏာရှင်

စနစ် အုပ်ချုပ်ရေးကို ဒီမိုကရေစီဆိုတဲ့ ဗန်းပြပြီးထားတဲ့ အုပ်ချုပ်ရေးပဲ"ဟူ၍ လည်းကောင်း . . .

အခြေအနေလိုက်၍

"နိုင်ငံရေးဟာ စီးပွားရေးအခြေခံပေါ်မှာ တည်တယ်။ နိုင်ငံရဲ့ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေအခြေခံတွေကလည်း စီးပွားရေးသဘောတွေနှင့်ကင်းလို့ မဖြစ်နိုင်ဘူး။ အရင်းရှင် ဒီမိုကရေစီသမားသက်သက် မျက်စိနှင့်ကြည့်ပြောရင်တော့ ဒါမမှန်ဘူးလို့ ပြောမှာပဲ။ ဒါပေမဲ့ ကမ္ဘာအရပ်ရပ်မှာရှိတဲ့ နိုင်ငံအသီးသီး ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေတွေကို အတွင်းကျကျ လေ့လာရင် စီးပွားရေး သဘောတရားတွေမူတည်ပြီး လုပ်ကြတယ်ဆိုတာ တွေ့ရလိမ့်မယ်။ အရင်းရှင် ဒီမိုကရေစီသမားတွေအဖို့ဆိုရင် အရင်းရှင်စနစ်သာလျှင် စီးပွားရေးစနစ်မှန် ဖြစ်တယ်။ ဒီစနစ်သာလျှင် တည်တံ့ရမယ်။ အဲဒီစနစ်ဟာ အမြဲတမ်းတည်တံ့ သလိုလိုယူဆပြီး အလုပ်လုပ်ကြတယ်။ အမှန်ကတော့ ဘယ်နိုင်ငံရေး၊ စီးပွားရေးစနစ်မှ အမြဲတည်တံ့တာမရှိဘူး။ သူ့အချိန်သူ့အခြေအနေအလိုက် ဖြစ်လာကြတာပဲ။ ဒီတော့ ကျွန်တော်တို့ဗမာပြည်အဖို့မှာတော့ အလယ်အလတ်အဆင့်မှာရှိတဲ့ ဒီအရင်းရှင်စနစ်ကိုကျော်မသွားသေးပေမဲ့ အဲဒီစနစ်ထင်တာ မလုပ်နိုင်ဘဲ ဒီစနစ်ကို အမြန်ဆုံးကျော်သွားနိုင်မယ့် စီးပွားရေးသဘောတရားတွေကို အခြေခံပြီး တိုင်းပြည်တည်မှသာလျှင် တကယ့်ဒီမိုကရေစီနိုင်ငံကို ရောက်အောင်သွားနိုင်လိမ့်မယ်။ တကယ့် ဒီမိုကရေစီဆိုတာ နိုင်ငံရေးသဘော တရားအရ ပြည်သူတွေရဲ့အကျိုးအတွက် ပြည်သူတွေက တင်မြှောက်တဲ့ ပြည်သူတွေရဲ့ အစိုးရဖြစ်ရုံနှင့် မပြီးသေးဘူး။ အဲဒီအစိုးရဟာ ပြည်သူတွေရဲ့ လက်ငင်းစီးပွားရေးအဆင့်အတန်းကို အခွင့်အရေးတန်းတူရနိုင်တဲ့ အခြေအထိ မြှင့်တင်နိုင်အောင် ဆောင်ရွက်ပေးမှ တကယ့်ဒီမိုကရေစီအထိ လှမ်းတက်နိုင်မယ်"ဟူ၍လည်းကောင်း

စီးပွားရေးလမ်းစဉ်

"ကျုပ်တို့ပြည်မှာ အရင်းရှင်စနစ်ဆိုတာ ကောင်းကောင်းမရှိသေးဘူး။ အရင်းရှင်စနစ်ထက် နောက်တစ်ဆင့်ကျတဲ့ စီးပွားရေးစနစ်မှာ ကျုပ်တို့ရောက်နေတယ်။ ဒီတော့ ကျုပ်တို့ဟာ အရင်းရှင်စနစ်ကို မလွဲမရှောင်သာလို့ ခွင့်ပြုသင့်သလောက် ခွင့်ပြုရမှာပဲ။ အရင်းရှင်စနစ်ကို ခွင့်ပြုထားတော့

ကိုယ် ပိုင် တစ်သီးပုဂ္ဂလပစ္စည်း၊ ကိုယ်ပိုင်လုပ်ငန်းတွေ ရှိဦးမှာပဲ။ ဒါပေမဲ့ ကျွန်တော်တို့ဟာ အရင်းရှင်စနစ်ကို မတတ်သာလို့ ခွင့်ပြုရပေမဲ့ တတ်နိုင်သမျှ ချုပ်ချယ် ရလိမ့်မယ်။ ကိုယ်ပိုင်ပစ္စည်း၊ ကိုယ်ပိုင်လုပ်ငန်းတွေဆိုရင် အများအကျိုးကို မထိခိုက်စေရဘူး။ ကိုယ်ပိုင်ပစ္စည်း၊ ကိုယ်ပိုင်လုပ်ငန်းတွေကို လိုတဲ့အခါ အစိုးရက တိုင်းပြည်ကိုယ်စား သိမ်းနိုင်မယ့် အခြေခံမျိုးတွေ ဖွင့်ထားရလိမ့်မယ်" ဟူ၍လည်းကောင်း ကျယ်ကျယ်ပြန့်ပြန် တင်ပြဆွေးနွေးခဲ့လေသည်။ ဤအချက် ဤစနစ် ဤမူကြိုးကိုလည်း ညီလာခံကြီးက လက်ခံအတည်ပြုကြသည်။

(ဃ) နောက်ဆုံး စတုတ္ထအချက်နှင့်ပတ်သက်ပြီး ဗိုလ်ချုပ်အောင်ဆန်းက (State)ခေါ် နိုင်ငံတော်သဘောတရားနှင့် လူမျိုးရေးပြဿနာများကို အကျယ်တဝင့် ရှင်းလင်းပြီးနောက် -

ပြည်ထောင်စုသာလျှင်

ကျွန်တော်တို့ ဗမာပြည်သစ်ကို တည်ထောင်တော့ ပြည်ထောင်စုသဘော တည်ထောင်မလား၊ လူမျိုးကြီးတစ်မျိုးတည်းဆိုတဲ့ တိုင်းပြည်မျိုး (Unitary State)တည်ထောင်မလားဆိုတဲ့ မေးခွန်းကို ဖြေဆိုလိုတယ်။ ကျွန်တော့်အမြင်အရဆိုရင်တော့ အထက်လူမျိုးရေးအရ ရသင့်ရထိုက်တဲ့ အခွင့်အရေးမျိုးတွေကို စည်းကမ်းသတ်ပြီးပေးပြီးတော့ (Unitary State) လူမျိုးကြီးတစ်မျိုးတည်းဆိုတဲ့ နိုင်ငံမျိုးတော့ ထောင်လို့မဖြစ်ဘူး။ ပြည်ထောင်စုသဘောမျိုးပဲ ဖြစ်ရမှာပဲ။ ဒါပေမဲ့ ပေါင်းကာမှ ဆေးအတွက် လေးတဲ့ ပြည်ထောင်စုမျိုး၊ လီနင်ပြောသလို တစ်စိတ်တစ်ဒေသက တစ်ခုလုံးကို ဆန့်ကျင်တဲ့ (The part contradicting the whole) ပြည်ထောင်စုမျိုးဆိုရင်တော့ မဖြစ်နိုင်ဘူး။ အထူးသဖြင့် ပြည်ထောင်စုဟာ စီးပွားရေးတိုးတက်မှုကို စုပေါင်းပြီး စနစ်တကျ စီစဉ်နိုင်မယ့် ပြည်ထောင်စုမျိုး ဖြစ်ရလိမ့်မယ်။ ဒါမှ လူမျိုးအားလုံး၊ တိုင်းသူပြည် သားအများဆုံး တိုးတက်မှုကို လုပ်နိုင်မှာပဲ။ ပေါင်းတယ်ဆိုတာ အချင်းချင်း တောင်းကျိုးရှိအောင် ပေါင်းကြတာဖြစ်ပြီး ဆိုးကျိုးရှိအောင်ပေါင်းတာမျိုး ဘယ်နည်းနှင့်မျှ မဖြစ်နိုင်ဘူး" ဟု တင်ပြဆွေးနွေးခဲ့သည်။ ဤအချက်၊ ဤမူကြိုးကိုလည်း ညီလာခံကြီးက ငြင်းချက်မရှိ တညီတညွတ်တည်း လက်ခံအတည် ပြုကြသည်။ (အထက်တွင် ကျွန်တော့်

ကိုးကားချက်များကို အကျယ်သိလို၊ ဖတ်လိုသူများသည် ဗိုလ်ချုပ်အောင်ဆန်း၏ 'ပဏာမပြင်ဆင်မှုညီလာခံ' မိန့်ခွန်းကို ဖတ်ရှုလေ့လာကြစေလိုပါသည်။)

ဤသို့ ပဏာမပြင်ဆင်မှုညီလာခံကြီးတွင် အဓိကအချက်၊ အဓိကမူကြိုးများကို ချမှတ်ဆွေးနွေး အတည်ပြုကြပြီးနောက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ပါသင့်ပါထိုက်၊ ရှိသင့်ရှိထိုက်သည့် အခြေခံမူများကို ချမှတ်ကြသည်။ ပြီးလျှင် အခန်းကဏ္ဍ ၁၄ ကဏ္ဍပါဝင်သည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမူကြမ်းကို အထပ်ထပ်အပြန်ပြန် ဆွေးနွေး၍ ရေးဆွဲပြီး ၁၉၄၇ ခုနှစ် မေလ ၂၃ ရက်နေ့တွင် ပြဋ္ဌာန်းအတည်ပြုခဲ့ကြလေသည်။ ပဏာမပြင်ဆင်မှုညီလာခံသဘင်ကြီးကို မေလ ၁၉ ရက်နေ့မှ မေလ ၂၃ ရက်နေ့အထိ စုစုပေါင်း ငါးရက်တိုင်တိုင်ကျင်းပ၍ နေ့ရောညပါ မနားမနေ အလုပ်လုပ်ခဲ့ကြသည်။ ပုံကြမ်းကိုကား သွန်းပြီးလောင်းပြီးကြပါပြီ။ ပုံချောကိုင်ဖို့သာ လိုတော့သည်မဟုတ်လော။

တော်လှန်ရေး၏ ခေါင်းဆောင်များ

ဤတွင် ကြားဖြတ်၍ ဟိုတုန်းက နိုင်ငံရေးသမားခေါင်းဆောင်ကြီးများ မည်မျှအပင်ပန်းခဲ့၊ အဆင်းရဲခံကာ အလုပ်လုပ်ခဲ့ကြသည်ကို အနည်းငယ် ပေါ်လွင်အောင် တင်ပြလိုပါသည်။

တော်လှန်ရေးပိုင်းတွင်ကြည့်ကြည့်၊ ၁၉၄၅ ခုနှစ်မှ ၁၉၄၈ ခုနှစ်အတွင်း လွတ်လပ်ရေးပိုင်းတွင်ကြည့်ကြည့် ကျွန်ုပ်တို့ခေါင်းဆောင်ပိုင်းတွင် နားချိန်၊ စားချိန်၊ အိပ်ချိန်ဟူ၍ မရှိခဲ့ကြ။ ဖြစ်သလိုစား၊ ဖြစ်သလိုအိပ်ကာ အချိန်ရသမျှ အလုပ်လုပ်ခဲ့ကြသည်ကို တွေ့ကြရပါမည်။ ယခု ကျွန်တော်အကြမ်းအားဖြင့် တင်ပြနေသော သမိုင်းကွင်းဆက်နှင့် လှုပ်ရှားမှုများကို လေ့လာကြည့်ရုံဖြင့်ပင် နားရချိန်၊ အားရချိန်ကိုရှာ၍ ရလိမ့်မည်မဟုတ်။ လူနားနိုင်သော်လည်း စိတ်နားနိုင်ခွင့်ရဖို့ ခဲယဉ်းသည်ကို တွေ့ရမည်ဖြစ်လေသည်။

ကျွန်ုပ်တို့အတွက် နှစ်ရက် သုံးရက် လုံးဝမအိပ်မစက်ဘဲ အလုပ်လုပ်နေရသည်မှာ ရိုးခဲ့သည်။ အစာကို လုပ်ရင်းကိုင်ရင်း စားရ သောက်ရသည်မှာလည်း အဆန်းမဟုတ်ခဲ့။ တစ်ခါတလေ မြေပဲဝါး၊ စမူဆာစား၍ ရေသောက်ပြီး နေနိုင်ခဲ့ကြသည်။ ထိုင်ရင်း ခဏတစ်ဖြုတ် မှေးတတ်၊ မှိန်းတတ်၊ အိပ်တတ်

ကြသည်။ အချို့လည်း ဆယ်မိနစ်၊ ဆယ့်ငါးမိနစ် အချိန်ရရင် တစ်မှေးရ အောင်အိပ်နိုင်ပြီး အချိန်စေ့လျှင် ထ၍ အလုပ်လုပ်နိုင်သည်။ အချိန်မှန်အိပ်၊ အချိန်မှန်စား၊ တစ်နေ့ဘယ်လောက်အိပ်၊ ဘယ်မျှစားဆိုသည်မှာ ကျွန်ုပ်တို့ စာအုပ်ထဲတွင် ရှာ၍တွေ့မည်မဟုတ်ပေ။ ကျွန်ုပ်ကိုယ်တိုင်အဖို့ဆိုရလျှင် ယခု အသက်ကြီးလာသည့်တိုင် တစ်ရက် နှစ်ရက်လောက် လုံးဝမအိပ်ဘဲ နေနိုင်၊ လုပ်နိုင်သေးသည့် အကျင့်ပါလျက်ရှိသေးသည်။ ထို့ကြောင့်လည်း ခံနိုင်ရည် မရှိကြသော နိုင်ငံရေးသမား ခပ်များများမှာ အသက်တိုကြ၊ အနာရောဂါထူ ပြောကြသည်မှာ မထူးပါပေ။

ကျားပြီးသွေမိလို့

ထိုအထဲ ကျွန်ုပ်တို့ထက် တာဝန်လည်းကြီး အလုပ်လည်းများရသော ဗိုလ်ချုပ်အောင်ဆန်းမှာ ပို၍ စိတ်ပန်းလူပန်းဖြစ်ရမည်မှာ ထင်ရှားလှပါသည်။ သူ၏လုပ်ချိန်ကို သုံးသပ်လျှင် နားချိန်၊ အားချိန်ပင် တွေ့ရန်ခဲယဉ်းပါလိမ့်မည်။ မှန်ပါသည်၊ ၁၉၄၅ ခုနှစ်မှ ကျဆုံးသည့်အချိန်အထိ ဗိုလ်ချုပ်အောင်ဆန်းသည် ဖြစ်သလိုအိပ်၊ ဖြစ်သလိုစားကာ ကိုယ်မအားစိတ်မအား မနားမနေ အလုပ်လုပ်ခဲ့ပါသည်။ ဤသို့ မနားမနေအလုပ်လုပ်ရသဖြင့် စိတ်ပန်းလူပန်းဖြစ်ကာ ပေါက်ကွဲသံများ သူ၏မိန့်ခွန်းများတွင် မကြာမဏတွေ့ရမည်ဖြစ်လေသည်။ ဥပမာပြရသော် -

"ကျုပ်တို့လုပ်ချင်တာက အများကြီး၊ အချိန်လည်းမရှိ၊ ကျုပ်ဟာ ဗမာပြည်မှာ ခေါင်းအကျိန်းဆုံးပဲ။ သပိတ်ကိစ္စ၊ လယ်သမားကိစ္စ၊ အလုပ်သမားကိစ္စ၊ တိုင်းပြည်ကိစ္စတွေနဲ့ ဟိုပြေးဒီလွှားနဲ့ အင်မတန်ခေါင်းကျိန်းတယ်။ တိုင်းပြည်ခေါင်းဆောင်လုပ်တာ ခင်ဗျားတို့က သိပ်ပြီးစည်းစိမ်ရှိတယ်ထင်တယ်။ ကျုပ်အဖို့ ကျားပြီးဆွဲမိလို့သာ ဆက်လုပ်နေရတယ်။ သို့သော် လွတ်လပ်ရေးရတဲ့အထိ ဆက်လုပ်ပြီး လွတ်လပ်ရေးရပြီးတဲ့နောက် အနားယူရမလား မပြောတတ်သေးဘူး" ဟူ၍လည်းကောင်း (တောင်သူလယ်သမားညီလာခံ မိန့်ခွန်းမှ)

"လွတ်လပ်ရေးရတဲ့အချိန်အထိတော့ ကျုပ်နိုင်ငံရေးလုပ်ရဦးမှာပဲ။ လွတ်လပ်ရေးရပြီးလို့ ပါတီတိုက်ပွဲတွေဖြစ်တဲ့အချိန်မှာ ကျုပ်က မပါချင်ဘူး။ ဘေးဖယ်နေမယ်။ သူများတွေလုပ်တာ ထိုင်ကြည့်ပြီး စာအုပ်ရေးမယ်။ ကျုပ်

လုပ်နေတဲ့အချိန်အတွင်းမှာတော့ ကျုပ်ယုံကြည်ချက်အတိုင်း အနိုင်မခံ အရှုံးမပေးဘဲ နောက်ဆုံးအချိန်ထိလုပ်ရမှာပဲ" ဟူ၍လည်းကောင်း (သတင်းစာရှင်းလင်းပွဲမှ) ဤသို့ ပေါက်ကွဲလာသောအသံများကို မကြာခဏကြားခဲ့ရလေသည်။ ဤပေါက်ကွဲသံများမှာ ဟန်ဆောင်သော၊ အမူလုပ်သော အသံများ မဟုတ်ကြ။ တကယ်ပင်ပန်းလွန်း၊ ခေါင်းရှုပ်ရ စိတ်ရှုပ်ရလွန်း၍ ပေါက်ထွက်လာရသော အသံမှန်၊ အသံစစ်များ ဖြစ်ကြလေသည်။ နေမကောင်း၍လည်း အနားမနေရ၊ တစ်ခါတလေများ အဖျားကြီးတန်းလန်းနှင့် အစည်းအဝေးပွဲထိုင်ရ၊ အလုပ်လုပ်ရသည်။ ဆေးဝါးကိုလည်း စည်းဝေးတုန်း၊ အလုပ်လုပ်တုန်းထိုး၊ စားရရှာသည်။ ဤကား မထူး၍ မဆန်းလှသော ကိုယ်တွေ့ဖြစ်ရပ်များ ဖြစ်ကြပါသည်။

ဤမျှဖြင့် ဟိုတုန်းကခေါင်းဆောင်များ မည်မျှအပင်ပန်းခဲ၊ အဆင်းရဲခံကာ လုပ်ခဲ့ကိုင်ခဲ့ကြရသည်ကို ရိပ်စားမိလောက်ပြီဟု ယုံကြည်ပါသည်။

ပြည်သူ့ထံသစ္စာခံ

ယခုပြန်၍ လွတ်လပ်ရေးသမိုင်းစဉ်ကို ကောက်ကြပါစို့။

ဖ. ဆ. ပ. လ အဖွဲ့ချုပ်သည် မိမိတို့ရင်ဆိုင်ရမည့်တိုက်ပွဲ၊ လုပ်ဆောင်ရမည့် လုပ်ငန်းရပ်များနှင့်ပတ်သက်၍ အမြဲကြုံတင်ပြင်ဆင်မှုကို လုပ်သည်။

ပြည်သူလူထုကို ကိုယ်စားပြုသည့် လူထုအဖွဲ့ချုပ်ကြီးဖြစ်သည့် အတိုင်း ပြည်သူလူထုကို ကိုးစားသည်၊ ယုံကြည်သည်။ လုပ်ငန်းစဉ်မှန်သမျှ၊ တိုက်ပွဲမှန်သမျှကို လူထုတွင် အခြေခံ၍ လူထုအားဖြင့် ဖော်လေ့ရှိသည်။

ယခုအခါ တိုင်းပြုပြည်ပြုလွတ်တော်ခေါ်ဆို၍ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေးအတွက် ပဏာမပြင်ဆင်မှုညီလာခံကျင်းပ၍ ပြင်ဆင်မှုများလုပ်ပြီးဖြစ်သည်။ လိုက်နာကျင့်သုံးရမည့်မူများ ချမှတ်ပြီးဖြစ်သည်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုပင် ပုံကြမ်းသွန်း၊ ပုံကြမ်းလောင်းပြီးဖြစ်သည်။

ယခု တိုင်းပြုပြည်ပြုလွတ်တော်ပေါ်လာသည်မှာလည်း လူတစ်ဦးလူတစ်စု၏ ဖန်တီးမှုကြောင့်မဟုတ်။ လူထုဆန္ဒ လူထုလှုပ်ရှားမှုကြောင့် ဖြစ်ပေါ်လာရခြင်းသာ ဖြစ်လေသည်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေး

သည်လည်း ပြည်သူလူထုအရေးပင် မဟုတ်ပါလော။ ပြည်သူလူထုက တိုင်းပြုပြည်ပြုလွှတ်တော်သို့ မိမိတို့၏ကိုယ်စားလှယ်များကို ရွေးချယ်ပြီးဖြစ်သည်။ ထိုကိုယ်စားလှယ် တိုင်းပြုပြည်ပြု အမတ်လောင်းများက မိမိတို့ကိုယ်စားပြုသည့် ပြည်သူလူထုကို ပြန်၍ သစ္စာပြုရပေမည်။ ပြည်သူလူထုကလည်း မိမိတို့ကိုယ်စားလှယ်များကို ရွေးချယ်ရုံဖြင့် မပြီးသေးဘဲ မိမိတို့ကို အမှတ်ရရဖြင့် တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်နိုင်ရန် လွှတ်တော်အရောက် ပို့ဆောင်ဖို့လိုလေသည်။ သို့မှ လူထုလှုပ်ရှားမှု လူထုလုပ်ငန်းရပ် ပီပြင်မည်မဟုတ်ပါလော။

ပြည်သူ့လွှတ်တော်

၁၉၄၇ ခုနှစ် ဇွန်လ ၁၀ ရက်နေ့တွင် တိုင်းပြုပြည်ပြုလွှတ်တော်ကို စတင်ကျင်းပရန် အစိုးရက ကြေညာဆင့်ခေါ်ပြီးဖြစ်လေသည်။

ထိုနေ့နံနက်တွင် ရန်ကုန်မြို့ ဗန္ဓုလပန်းခြံကြီး၌ လူတန်းစားအသီးသီးမှ လူထုအဖွဲ့အစည်းအသီးသီး၊ လူမျိုးစုအသီးသီးနှင့် ရပ်ကွက်တိုက်နယ်အသီးသီးမှ လူထုတစ်သိန်းကျော်တို့မှာ အက၊ အခုန်၊ အတီး၊ အမှုတ်မျိုးစုံဖြင့် ဇာတိမာန်တက်ကြွဖွယ် သံချပ်များ၊ ကြွေးကြော်သံများ သီဆိုကြွေးကြော်ကာ စုရုံးလျက်ရှိကြသည်။ ဗမာပြည်အရပ်ရပ်မှ ရွေးချယ်တင်မြှောက်ခြင်းခံရသော ဖ. ဆ. ပ. လ တိုင်းပြုပြည်ပြု လွှတ်တော်အမတ်လောင်းစုံညီလည်း ရောက်ရှိလျက်ရှိကြသည်။ ဤပွဲကား တိုင်းပြုပြည်ပြု လွှတ်တော်အမတ်လောင်းများက တိုင်းပြည်နှင့် လူထုထံ သစ္စာခံယူသည့်ပွဲကြီး ဖြစ်လေသည်။

ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော ဖ. ဆ. ပ. လ တိုင်းပြုပြည်ပြု လွှတ်တော်အမတ်လောင်းများက တိုင်းပြည်နှင့် လူထုကို သစ္စာပြု၍ ပြည်သူတို့ လိုလားတောင့်တသည့် လွတ်လပ်ရေးအတွက် မရမနေ အသက်ပေး၍ ဆောင်ရွက်ရန် အဓိဋ္ဌာန်ပြုကြသည်။ ပြည်သူလူထုကလည်း မိုးမွန်အောင် ကြွေးကြော်၍ ဝမ်းမြောက်ဝမ်းသာ အားပေးခံယူကြသည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းအမှူးရှိသော မိမိတို့ကိုယ်စားလှယ် တိုင်းပြုပြည်ပြုလွှတ်တော်၏ အမတ်လောင်းများကို လွှတ်တော်သို့အရောက်

အိုးစည်ဗုံမောင်းတီးမှုတ်၍တစ်မျိုး၊ အကအခုန်မျိုးစုံဖြင့်တစ်ဖုံ၊ ကြွေးကြော်သံသံချပ်အရပ်ရပ်တို့ကို ကြွေးကြော်သီဆို၍၊ တစ်နည်း ပျော်ပျော်ကြီးပို့ဆောင်ကြသည်ကို ယနေ့တိုင် မြင်ယောင်လျက်ရှိတော့သည်။

လွတ်လပ်ရေးခရီး နီးသည်ထက်နီးလာလေပြီ။

■

အတွဲ(၁)၊အမှတ်(၁၉)၊ နိဝင်ဘာ ၁၅ ၊၁၉၇၁

လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် အတူတွေ့ရသော
ဦးနုနှင့် ဗိုလ်ချုပ်အောင်ဆန်း

ဗိုလ်ချုပ်အောင်ဆန်း၏ဆန္ဒ

မည်သည့် အဓိကရဗီမာန်၊ မည်သည့်တန်ခိုးကြီးဘုရားပုထိုးကိုမဆို မုခ်ဦးတံခါးသို့ရောက်က လှမ်း၍မြင်နိုင်မျှော်နိုင်ပါတော့သည်။ ထိုမုခ်ဦးတံခါးကိုဖွင့်၍ အတွင်းသို့ဝင်နိုင်လျှင် ထိုဗီမာန်၊ ထိုပုထိုးကိုရောက်ဖို့၊ ဖူးမြော်ဖို့ လွယ်ကူပြီဖြစ်လေသည်။

ထို့အတူ လွတ်လပ်ရေးမုခ်ဦး၊ လွတ်လပ်ရေးအရှေ့ဆုံးအဖြစ်ဖြင့် ကျွန်ုပ်တို့ မျှော်မှန်းခဲ့ကြသော တိုင်းပြုပြည်ပြုလွှတ်တော်ကြီးကား ယခုအခါ အကောင်အထည် ပေါ်ခဲ့လေပြီ။ မုခ်ဦးတံခါးကိုဖွင့်နိုင်သည့် သော့နှင့်တူသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကြီးကို ရေးဆွဲနိုင်က မုခ်ဦးတံခါးကို ဖွင့်နိုင်သည် မည်တော့သည်။ မုခ်ဦးတံခါးဖွင့်၍ အတွင်းသို့ဝင်နိုင် ရောက်နိုင်က မျှော်မှန်းသည့်ဗီမာန်သို့ ပန်းတိုင်သို့လှမ်းရန် လွယ်ကူတော့မည်မဟုတ်ပါလော။ ရောက်ရန်သေချာသလောက်ရှိတော့မည် မဟုတ်ပါလော။

ယခု တိုင်းပြုပြည်ပြုလွှတ်တော်ကို ခေါ်ဆိုကျင်းပနိုင်ပါပြီ။ လွတ်လပ်ရေးမုခ်ဦးတံခါးဝသို့ ရောက်ရှိသည်နှင့်တူပါသည်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတည်းဟူသော သော့ဖြင့် ထိုမုခ်ဦးတံခါးကို ဖွင့်ရပါမည်။ ထိုသော့ကို မိမိတို့လက်ဝယ် အမြန်ရောက်ရှိပြီး မုခ်ဦးတံခါးကို အမြန်ဖွင့်နိုင်ဖို့ မိမိတို့တာဝန် မဟုတ်ပါလော။

အမှန်ကို ဝန်ခံလျှင်

၁၉၄၇ ခုနှစ် ဇွန်လ ၁၀ ရက်နေ့တွင် တိုင်းပြုပြည်ပြုလွှတ်တော်ကြီးကို တိုင်းသိပြည်သိကမ္ဘာသိ ကြေညာ၍ ခမ်းနားသိုက်မြိုက်စွာ စတင်ပါပြီ။ ပြည်သူလူထုကလည်း ဝတ္တရားကျေပွန်စွာ မိမိတို့ကိုယ်စားလှယ်အမတ်များကို လွှတ်တော်သို့အရောက် စည်စည်ကားကား ပျော်ပျော်ပါးပါးကြီး ပို့ဆောင်ခဲ့ကြပါသည်။ ဗမာပြည်အရပ်ရပ်မှ ရွေးချယ်တင်မြှောက်ခြင်းခံရသော အမတ်လောင်းများ၊ တောင်တန်းဒေသ နယ်ခြားဒေသများဖြစ်သော ပြည်နယ်အရပ်ရပ်မှ တင်မြှောက်ခံရသော ကိုယ်စားလှယ်များ စုံစုံညီညီ စုရုံးမိကြပါပြီ။ တောင်တန်းဒေသ၊ နယ်ခြားဒေသတိုင်းရင်းသားများဖြစ်ကြသော ရှမ်း၊ ချင်း၊ ကချင်၊ ကယား စသည်တို့ကို လူဦးရေအလိုက် ကိုယ်စားလှယ်များ ရွေးချယ်စေလွှတ်ခွင့်ပြုပါသည်။ ၎င်းတို့၏ ကိုယ်စားလှယ်ဦးရေကို အသေးစိတ်မမှတ်မိသော်လည်း ပြည်မ-ပြည်နယ် နှစ်ရပ်ပေါင်း လွှတ်တော်အမတ်လောင်း နှစ်ရာ့တစ်ဆယ် ရှိသည်ဟုထင်ပါသည်။ ဤတွင် အမှန်ကိုဝန်ခံရမည်ဆိုလျှင် (ကျွန်တော်သည် ဤဆောင်းပါးကို သုတေသီတစ်ဦးအနေဖြင့် ရေးနေသည်မဟုတ်ပါ။ မိမိတို့ကိုယ်တိုင် ခေါင်းဆောင်ဆင့်နွှဲခဲ့ရသည့် တော်လှန်ရေးသမိုင်း၊ လွတ်လပ်ရေးပိုင်းကို သမိုင်းစစ်၊ သမိုင်းမှန် သိလိုသူတို့အတွက် ကွင်းဆက်မှန်မှန်ဖြင့် ကြည့်နိုင်၊ လေ့လာနိုင်ရန် ဖော်သင့်သည့် မြုပ်ကွက်များကို ဖော်၊ ရှင်းသင့်သည့် ရှုပ်ကွက်များကိုရှင်း၍ အဖြစ်မှန်၊ အကြောင်းမှန်များကို ပေါ်လွင်အောင် တင်ပြနေခြင်းသာ ဖြစ်ပါသည်။ အနည်းငယ်အားဖြင့်ဆိုလျှင် သမိုင်းစစ်သမိုင်းမှန်ကို ကွင်းဆက်မှန်မှန်ဖြင့် ပုံကြမ်းသွန်းပေး၊ လောင်းပေးနေခြင်းသာ ဖြစ်ပါသည်။ ထည့်စရာအသေးစိတ်တွေ၊ အချောကိုင်စရာ အချက်အလက်တွေ ဒုနှင့်ဒေး များစွာကျန်ရှိသည်ကို ဝန်ခံပါသည်။ ထို့ပြင် ကျွန်တော်သည် ဤဆောင်းပါးကို ရေးသားရာတွင် အသေးစိတ်များစွာလိုက်မိပြီး ဇာတ်မျောနေမည်စိုး၍တစ်ကြောင်း၊ ကိုယ်တိုင်သိမှ သုတေသီဆန်သွားမည်စိုး၍တစ်ကြောင်း ကိုးကားစရာ စာအုပ်စာတမ်းများစွာကို အနားတွင်မထားပါ။ ကိုယ်တိုင်သိကိုသာ မူတည်၍ ရေးသားခြင်းဖြစ်သဖြင့် အနည်းငယ်ကိုးကားနိုင်ရန် မရှိမဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းများနှင့် မိမိတို့ကိုယ်တိုင် ရေးသားမှတ်တမ်းတင်ခဲ့သည့် မှတ်တမ်းနှင့် အစီရင်ခံစာအချို့ကိုသာ လက်ကိုင်ပြုပါသည်။

PDF CREATOR - NYEYADHAMMA@GMAIL.COM

သို့မှ ကိုယ်တိုင်ပါ၍ ကိုယ်တိုင်သိသမျှကို ကိုယ်တိုင်ရေးရာ ရောက်မည်ဟုယူဆပါသည်။ ဤဆောင်းပါးတွင် ကျွန်တော်မသိသည်ကို ရေးမည်မဟုတ်ပါ။ အသေးစိတ်လည်း လိုက်ရန်မရည်ရွယ်ပါ။ အချို့ ဖော်သင့်သည့် အသေးစိတ်မျှကိုသာ စာဖတ်သူများ ကိုးကားနိုင်ရန် ဖော်ပေးရုံဖော်ပေးခြင်းဖြစ်ပါသည်။ ဥပမာ- တိုင်းပြုပြည်ပြုလွှတ်တော်ကိုယ်စားလှယ်စာရင်း အတိအကျမှာ လွှတ်တော်မှတ်တမ်းများတွင် အထင်အရှားရှိပါသည်။ အသေးစိတ်လိုက်လို၊ အတိအကျသိလိုသူများ ထိုမှတ်တမ်းများကို လေ့လာနိုင်ပါသည်။ ထို့အတူ အခြားသိသင့်သိထိုက်သော အသေးစိတ်အချက်အလက်များကိုလည်း အလားတူသဘောထားစေလိုပါသည်။ ကျွန်တော်ကိုယ်တိုင်မှာကား နောက် စာအုပ်အဖြစ်ဖြင့် ထုတ်ဝေနိုင်မှ ထိုအသေးစိတ်များကို အတိအကျဖြည့်စွက်ပေးရန် ရည်ရွယ်ပါသည်။)

ဇွန်လ ၁၀ ရက်

တိုင်းပြုပြည်ပြုလွှတ်တော် ခေါ်ဆိုကျင်းပရေးနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းက **"အခု တိုင်းပြုပြည်ပြုလွှတ်တော်ကို ပြေလမ်ွာရွေးပြီး ဇွန်လလောက်မှာ ကျင်းပလျှင် သုံးလေးငါးလလောက်အတွင်း လွတ်လပ်တဲ့ ဗမာပြည်ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲဆုံးဖြတ်နိုင်တယ်။ အဲဒီအခါ ဘိလပ်ပါလီမန်လည်း အစည်းအဝေးရှိတဲ့အချိန်ဖြစ်တယ်။ ကျွပ်တို့က ဗမာပြည်ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေကို ရေးဆွဲပြီးတာနှင့် တစ်ပြိုင်နက် ဘယ်နေ့ ဘယ်ရက်မှာ ကျွပ်တို့လက်ကို အာဏာလွှဲပါဆိုတာ သတ်မှတ်ပြီး ဗြိတိသျှအစိုးရနှင့် အရေးဆိုမယ်"** လို့ အတိအလင်းဆိုခဲ့သည်။ သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲလည်း ကျင်းပပြီးပါပြီ။ အချိန်ဇယားနှင့်ကိုက်၍လည်း ယခု ဇွန်လ ၁၀ ရက်နေ့တွင် တိုင်းပြည်ပြုလွှတ်တော်ကို စတင်နိုင်ပါပြီ။ အချိန်ကား များစွာမရှိပါပေ။ တိုင်းပြည်သို့ ကတိပေးထား၊ ကြေညာထားသည့်အတိုင်း **'တစ်နှစ်အတွင်း လွတ်လပ်ရေးရဖို့'** ဆိုလျှင် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ၃၁ရက်နေ့အထိသာအချိန်ရှိပါသည်။ အချိန်ဇယားအတိုင်းဆို လျှင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုသုံးလေးလအတွင်းအပြီးရေးဆွဲပြီးအချောကိုင်အတည်ပြုပြီးဖြစ်ဖို့လိုပါသည်။ အချိန်ကို ပြင်းပြင်းထန်ထန်လုရ၍လုပ်ရပါမည်။

ထုံးတမ်းစဉ်လာ

သို့သော် တိုင်းပြည်ပြုလွှတ်တော်ကလည်း အသစ်စက်စက်၊ ကျင်းပရသည်ကလည်း ပထမဆုံးအကြိမ်ဆိုတော့ မလွဲမရှောင်နိုင်သည့် လုပ်ထုံးလုပ်စဉ်များကလည်း ရှိသေးသည်။ လွှတ်တော် စတင်ကျင်းပသည့် ပထမပတ်တွင် ယာယီသဘာပတိကိုတင်ပြီး လွှတ်တော်ဆိုင်ရာ စည်းမျဉ်းဥပဒေများ၊ လိုက်နာကျင့်သုံးရမည့် ကျင့်စဉ်များကို ရေးဆွဲအတည်ပြုရသေးသည်။ အမတ်လောင်းအသီးသီးလည်း မိမိတို့သည် တရားဝင်ရွေးချယ်တင်မြှောက်ခံရသည့် ဆိုင်ရာနယ်ပယ်များမှ ကိုယ်စားလှယ်အစစ်အမှန်ဖြစ်ကြောင်း အထောက်အထားတင်ပြ၍ ကျမ်းသစ္စာဆိုကြရသေးသည်။ ဤသို့ လုပ်ထုံးလုပ်စဉ်များဖြင့် ပထမရက်သတ္တပတ်မှာ ကုန်လွန်ခဲ့ရလေသည်။

တရားဝင်ဥက္ကဋ္ဌ

ဤသို့ လွှတ်တော်နှင့်ပတ်သက်သည့် လုပ်ထုံးလုပ်စဉ်များကို ပြီးပြတ်အောင် လုပ်ဆောင်ကြပြီးသည့်နောက် လွှတ်တော်၏ ပထမဆုံးတရားဝင် ဥက္ကဋ္ဌအဖြစ်ဖြင့် ဦးနုကို တင်မြှောက်၍ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေးအတွက် လုပ်ငန်းများကို စတင်နိုင်ပါတော့သည်။

မည်သည့်လုပ်ငန်းမျိုးတွင်မဆို လမ်းညွှန်မှုသည် အရေးတကြီးလိုအပ်သည်သာ ဖြစ်လေသည်။ ဤသို့ ကြီးကျယ်လှသည့် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲရာတွင် အခြေခံရမည့် လမ်းညွှန်မှုမရှိပါက၊ မပြဋ္ဌာန်းက ပြီးပြတ်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် ဖ. ဆ. ပ. လ ပဏာမညီလာခံက သတ်မှတ်ပြဋ္ဌာန်းခဲ့သော မူကြိုးများကို တူရာ ပေါင်းသင့်သည်ကို ပေါင်း၍၊ အခြေအနေအရ ပြုပြင်ပြီးလျှင် ဗိုလ်ချုပ်အောင်ဆန်းက (၁) လုံးဝ လွတ်လပ် ရေးအဆိုနှင့် (၂) လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် မြန်မာနိုင်ငံတော်အတွက် ရေးဆွဲရမည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ပတ်သက်သည့် လမ်းညွှန်ပြဋ္ဌာန်းချက် အဆိုနှစ်ရပ်ကို တင်သွင်းခဲ့ရလေသည်။ လမ်းညွှန် ပြဋ္ဌာန်းချက်အဆိုတွင် လမ်းညွှန်မှုအဖြစ်ဖြင့် အခြေခံ ၇ ချက်ပါရှိလေသည်။ ၎င်းတို့မှာ -

လမ်းညွှန်ပြဋ္ဌာန်းချက်များ

၁။ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် မြန်မာပြည်ထောင်စုနိုင်ငံတော်ဟု ခေါ်တွင်စေသော လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် သမ္မတနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ဖြစ်စေရမည်။ ထို့ပြင် -

၂။ ပြည်ထောင်စုနိုင်ငံတော်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသတ်မှတ်ဖော်ပြသည့် တစ်သီးပုဂ္ဂလပြည်နယ်များပါဝင်စေလျက်၊ သတ်မှတ်ဖော်ပြသည့် တစ်သီးပုဂ္ဂလပြည်နယ်များသည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် သတ်မှတ်ဖော်ပြထားသည်နှင့်အမျှ ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာ ရရှိစေရမည်။ ထို့ပြင် -

၃။ အချုပ်အခြာအာဏာပိုင် လွတ်လပ်သော သမ္မတမြန်မာနိုင်ငံတော်နှင့်တကွ အပါအဝင်ဖြစ်သည့် ပြည်နယ်များနှင့် အစိုးရအဖွဲ့အစည်းအားလုံးတို့၏ အခွင့်အာဏာဟူသမျှတို့သည် တိုင်းသူပြည်သားများထံမှ သက်ဆင်းစေရမည်။ ထို့ပြင် -

၄။ ပြည်ထောင်စုနိုင်ငံတော်၏ တိုင်းသူပြည်သားမှန်သမျှသည် လူမှုရေးရာ၌လည်းကောင်း၊ စီးပွားရေးရာ၌လည်းကောင်း၊ နိုင်ငံရေးရာ၌လည်းကောင်း တရားမျှတမှုရှိစေလျက် အဆင့်အတန်း၊ အခွင့်အရေးနှင့်ဥပဒေသက်ရောက်မှုတို့တွင် ဆူကြုံနိမ့်မြင့်မရှိ၊ ပကတိတူညီစေရမည့်ပြင် တရားဥပဒေနှင့်သော်လည်းကောင်း၊ အများပြည်သူတို့စောင့်စည်းအပ်သော အကျင့်သိက္ခာနှင့်သော်လည်းကောင်း မဆန့်ကျင်သမျှ လွတ်လပ်စွာ ကြံစည်ပိုင်ခွင့်၊ ထုတ်ဖော်ပြောဆိုပိုင်ခွင့်၊ ယုံကြည်ပိုင်ခွင့်၊ ဘာသာတရားကိုးကွယ်ပိုင်ခွင့်၊ ဝတ်ပြုပိုင်ခွင့်၊ ပရိယေသနရှာမှီးပိုင်ခွင့်၊ စည်းရုံးပိုင်ခွင့်၊ ပြုမူဆောင်ရွက်ပိုင်ခွင့်တို့ ရရှိတည်မြဲစေရန်အတွက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် အခိုင်အလုံသတ်မှတ်ထားရှိစေရမည်။ ထို့ပြင် -

၅။ ဤ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် လူနည်းစုများအဖို့လုံလောက်သော ကာကွယ်ချက်များ ထည့်သွင်းပြဋ္ဌာန်းထားရှိစေရမည်။ ထို့ပြင်-

၆။ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် သမ္မတ မြန်မာနိုင်ငံတော်၏ နယ်မြေတို့ တစ်ပေါင်းတစ်စည်းတည်း တည်တံ့ခိုင်မြဲရေးကိုလည်းကောင်း၊ နိုင်ငံတော်၏ ကြည်း၊ ရေ၊ လေတို့ကို အချုပ်အခြာစိုးမိုးအုပ်ချုပ်ပိုင်ခွင့်ကိုလည်းကောင်း တရားဓမ္မနှင့်တကွ ပြည်ထောင်ချင်းချင်း ဥပဒေအရ ထိန်းစောင့်ထားရှိစေရမည်။ ထို့ပြင် -

၇။ ရာဇဝင်တွင် ထင်ရှားခဲ့သော ဤမြန်မာနိုင်ငံတော်သည် ကမ္ဘာတွင် မိမိ၏ဂုဏ်ကျက်သရေနှင့်လျော်ညီစွာ ရသင့်ရထိုက်သော အဆင့်အတန်းသို့ ရောက်ရှိစေမည့်အပြင် လူသတ္တဝါတို့၏ တိုးတက်ရေးနှင့် ကောင်းကျိုးချမ်းသာပြည့်ဝရေးတို့ကို တာဝန်အလျောက် စေတနာဖြင့် အစွမ်းကုန် ဖြည့်စွက်ထမ်းရွက်ကာ ပြည်ထောင်ချင်းချင်းဆိုင်ရာ ဓမ္မနှင့် ကျင့်ဝတ်သိက္ခာ တို့ကို အခြေခံပြု၍ ကမ္ဘာ့ငြိမ်းချမ်းရေး ရှေးရှုလျက် နိုင်ငံတကာတို့နှင့် မိတ်ဝတ်မပျက် တွဲဖက်ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မြဲသောအဓိဌာန်ဖြင့် စောင့်ထိန်းတော့အံ့ဟူ၍ ပါရှိလေသည်။

ဗိုလ်ချုပ်အောင်ဆန်း၏သဘောထား

ဤအဆိုကို တင်သွင်းသောအခါ ဗိုလ်ချုပ်အောင်ဆန်းက အကြောင်းပြချက်အနေဖြင့် အောက်ပါအတိုင်း တင်ပြခဲ့လေသည်။

"သည်အဆိုကို ကျွန်တော် တင်သွင်းရတဲ့အကြောင်းကတော့ကာ ကျွန်တော်တို့ အနယ်နယ်အရပ်ရပ်က လူမျိုးစုံကိုယ်စားလှယ်တို့ အစရှိသည်အားဖြင့် စုဝေးပြီးတော့ တိုင်းပြည်ပြုလွှတ်တော်ဆိုပြီး ကျွန်တော်တို့ ဖွဲ့စည်းပြီးတဲ့နောက် ဗမာပြည်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲဖို့ဆိုပြီး သည်လွှတ်တော်မှာ တာဝန်ကျလာပါတယ်။ ယခုလိုလာပြီး ဆွေးနွေးကြတဲ့အခါမှာ ဘယ်လိုအခြေခံနှင့် ကျွန်တော်တို့နိုင်ငံတော်ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ဘယ်လိုရေးဆွဲရမလဲဆိုတာကို ပထမ ရှေးဦးစွာ သိထားဖို့လိုပါလိမ့်မယ်။ သည်လို အခြေခံအချက်အလက်ကိုမှ မသိဘဲနှင့် ကျွန်တော်တို့ ရှေ့ဆက်လက်ပြီး ဗမာပြည်ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲမယ်ဆိုလို့ရှိရင် တစ်ယောက်တစ်ပေါက်ဆိုတဲ့ သဘောမျိုးဖြစ်ပြီး ဘာမျှ အခြေခံမရှိဘူး၊ လမ်းစဉ်လည်းမရှိဘူး၊ လမ်းစဉ်ညွှန်ပြထားခြင်းမရှိ ဖြစ်ပြီးတော့ကာ လိုချင်ရာကိုအမြန်ရမှာမဟုတ်ဘူး။ ယခု ကျွန်တော်တို့ တင်သွင်း

တဲ့ အဆိုဟာ (Directive Resolution)။ နောက် သည်အစည်းအဝေးမှာပဲ ခန့်ရမည့် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲတဲ့ အဖွဲ့အသီးသီးကို လမ်းညွှန်အမှာသဖွယ်ဖြစ်တဲ့ အဆိုသာဖြစ်ပါတယ်။

မည်သည့်စနစ်ကို ရွေးမလဲ

အဲဒီ ကော်မတီအသီးသီးတွေက ဆက်လက်ပြီး ဗမာပြည်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေထဲမှာ ဘာတွေထည့်သင့်တယ်ဆိုတာ အသေးစိတ်အားဖြင့်သော်လည်းကောင်း၊ မူအားဖြင့်သော်လည်းကောင်း သေသေချာချာ ဆွေးနွေးတဲ့အခါ အခြေခံအားဖြင့် ဘယ်အပေါ်မှာ မူထားပြီး ဆွေးနွေးရမည်ဆိုတာသိထားမှ ဖြစ်နိုင်ပါလိမ့်မယ်။ တစ်ဦးနှင့်တစ်ဦး သိရှိထားတာချင်း မတူလို့ရှိရင် ကျွန်တော်တို့ ကော်မတီတွေလုပ်မည့် လုပ်ငန်းတွေဟာ အင်မတန်အခက်အခဲတွေကို တွေ့စရာရှိပါလိမ့်မယ်။ အဲဒီတော့ အခြေခံသဘောအားဖြင့် လမ်းပြတဲ့၊ လမ်းညွှန်တဲ့ ဆုံးဖြတ်ချက်တစ်ခုကို တိုင်းပြည်ပြုလွှတ်တော်က ပထမရှေးဦးစွာ ဆုံးဖြတ်ထားရန် လိုပါလိမ့်မယ်။ အဲသည်လို လမ်းညွှန်ဆုံးဖြတ်ချက်ချပြီး ကော်မတီတွေ ဖွဲ့စည်းပြီး အလုပ်ကို ဆက်လက်လုပ်ကြရပါလိမ့်မယ်။ သည်လိုမှ မဟုတ်လျှင် အချို့ကော်မတီက သမ္မတစနစ်အရ ဆွေးနွေးချင် ဆွေးနွေးမယ်။ အချို့ကလည်း ရှင်ဘုရင်စနစ်အရ ဆွေးနွေးချင်ဆွေးနွေးမယ်။ နောက်ပြီးတော့ 'ပြည်ထောင်စု'သဘောကို လက်ခံတဲ့လူတွေက လက်ခံ၊ လက်မခံတဲ့လူတွေကလည်း သူတို့သဘောအတိုင်း လုပ်ဆိုသလိုဖြစ်လျှင် အဖွဲ့အမျိုးမျိုးက တိုင်းပြည်ပြုလွှတ်တော်မှာပြန်ပြီး အစီရင်ခံတဲ့အခါ ဆက်စပ်လို့မရနိုင်တဲ့ အစီရင်ခံစာအမျိုးမျိုးကို ကျွန်တော်တို့ ဘယ်လိုမှလုပ်ပြီး ဆုံးဖြတ်တတ်မှာမဟုတ်ဘူး။ ဒါကြောင့် သည်အခြေခံမူကို ပြဋ္ဌာန်းထားပြီးမှသာလျှင် ရှေ့ဆက်လက်ပြီး နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို စီမံဖန်တီးလို့ရနိုင်ပါလိမ့်မယ်။

သည်တော့ ကျွန်တော်တို့ သည်လိုအခြေခံလိုတဲ့အတွက် သည်လွှတ်တော်တွင် သည်အဆိုကို ယခုတင်သွင်းရခြင်းဖြစ်ပါတယ်။ သည်အဆိုကို ကျွန်တော်တို့ အတော်ပဲ စဉ်းစဉ်းစားစားနှင့် ရေးဆွဲပြီး တင်သွင်းထားပါတယ်။ မူလပထမတုန်းက ကျွန်တော်တင်သွင်းရမည့် အဆိုဟာ ဖ. ဆ. ပ. လ ပဏာမညီလာခံတုန်းက ဆုံးဖြတ်ခဲ့တဲ့ အဆိုပဲဖြစ်ပါတယ်။ သို့သော်လည်း အဲ

သည်အဆိုကို ဖတ်ကြည့်တဲ့အခါ ပြင်စရာလိုနေတဲ့ အချို့အချက်အလက်တွေကို တွေ့ရပါတယ်။ ဖ. ဆ. ပ. လ ညီလာခံတုန်းက ဆုံးဖြတ်ခဲ့တဲ့အဆိုတွေနှင့်ပတ်သက်လို့ တိုင်းပြည်ပြုလွှတ်တော်ရုံးကနေပြီးတော့ ရိုက်ပြီးဝေထားတဲ့ စာအုပ်ရှိပါတယ်" စသဖြင့် အကျယ်တဝင့် ရှင်းလင်းခဲ့လေသည်။

မူတည်ရမည့်လမ်းစဉ်

ထို့ပြင် လမ်းညွှန်ပြဋ္ဌာန်းချက်များနှင့်ပတ်သက်၍လည်း ဗိုလ်ချုပ်အောင်ဆန်းက တစ်ခုစီ တစ်ခုစီကို ရှင်းရှင်းလင်းလင်း ကြေကြေညက်ညက် သဘောပေါက်နားလည်နိုင်အောင်လည်း ရှည်လျားစွာ ဆွေးနွေးတင်ပြခဲ့လေသည်။ ထို လမ်းညွှန်ပြဋ္ဌာန်းချက်များကို သေသေချာချာ ဖတ်ရှုသူများအတွက် တစ်ခုဆီမှာ သူ့အဓိပ္ပာယ်နှင့်သူ ရှင်းလျက်ရှိပါသည်။ သို့သော် ပဏာမညီလာခံမူများနှင့် လွှတ်တော်တွင် တင်သွင်းသည့်လမ်းညွှန်မူများကို နှိုင်းယှဉ်လေ့လာလိုသူများအတွက် ဘယ်မူများကိုပေါင်း၍ ဘယ်မူများကို အခြေအနေအရ ပြုပြင်ထားသည်ကို သိနိုင်ရန် အနည်းငယ်မျှ ဖော်ပြလိုပါသည်။ ဥပမာ-ပထမနံပါတ် ၁ အပိုဒ်ဖြစ်သော လမ်းညွှန်ပြဋ္ဌာန်းချက်သည် အဓိက အရေးအကြီးဆုံး ဖြစ်ပါသည်။ ထိုအပိုဒ်တစ်ခုတည်းတွင် (၁) လွတ်လပ်တဲ့ နိုင်ငံတော်ဖြစ်ရမည် (Independence)၊ (၂) အချုပ်အခြာအာဏာပိုင်ရမည် (Sovereignty)၊ (၃) သမ္မတနိုင်ငံဖြစ်ရမည် (Republic)၊ (၄) ပြည်ထောင်စုနိုင်ငံဖြစ်ရမည် (Union) ဟူ၍ မူကြီး ၄ ခုပေါင်းစုထားသည်ကို တွေ့ရပါမည်။ နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲသောအခါ ထိုမူကြီး ၄ ခုကို အဓိကအခြေခံပါ၊ မူတည်ပါဟု မှာဆိုခြင်းဖြစ်ပါသည်။

ပြည်နယ်များအတွက်

ဒုတိယနံပါတ် ၂ အပိုဒ်ဆိုလျှင် မူလ ဖ. ဆ. ပ. လ ပဏာမညီလာခံမူတွင် ပြည်ထောင်စုတွင် ဘယ်ပြည်နယ်တွေပါသင့်သည်ဆိုသည်ကို အကြမ်းအားဖြင့် ဖော်ပြထားပါသည်။ ယခု လွှတ်တော်မူတွင် တောင်တန်းနယ်ပယ်ကိုယ်စားလှယ်များ လွှတ်လပ်စွာ ဆုံးဖြတ်နိုင်ရန် ဘယ်ပြည်နယ်တွေပါသင့်သည်ဆိုသည်ကို မဖော်ပြဘဲ အရှင်လုပ်ထားပါသည်။ ကိုယ်ပိုင်အုပ်ချုပ်ရေး

အာဏာ ဘယ်လိုပေး၊ ဘယ်လောက်ပေးဆိုသည်ကိုလည်း မဖော်ပြဘဲ အရှင်လုပ်ထားပါသည်။ ပြည်ထောင်စုဖွဲ့စည်းရာတွင် မိမိတို့သဘောဖြင့် ပါဝင်လိုသော ပြည်နယ်များသည် 'ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် သတ်မှတ်ဖော်ပြထားသည်နှင့်အမျှ ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာ ရရှိစေရမည်'ဟူ၍ သာ မူအားဖြင့် ပြထားပါသည်။ နယ်ခြဲနှင့် လက်ပါးစေများ ခြေမထိုး၊ ခြေမရှုပ်နိုင်ရန် စဉ်းစဉ်းစားစား ပြင်ဆင်ထားခြင်း ဖြစ်လေသည်။

လက်ဝါးကြီးအုပ်စနစ်

တတိယနံပါတ် ၃ အပိုဒ်မှာလည်း ရှင်းပါသည်။ နိုင်ငံတော်၏ အာဏာကို လူတစ်ဦး၊ လူတစ်စုက လက်ဝါးကြီးအုပ်ပိုင်ခွင့်၊ အပိုင်စီးခွင့် မရှိစေရ။ ပြည်သူလူထုလက်တွင်သာတည်၍ အခွင့်အာဏာမှန်သမျှ ပြည်သူလူထုမှ ဆင်းသက်စေရမည်ဆိုသည့် မူဖြစ်လေသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ စကားနှင့်ဆိုရလျှင် "တိုင်းသူပြည်သားများသာ အချုပ်အခြာအာဏာပိုင်သည့် လူတွေဖြစ်သည်" ဆိုသည့်မူဖြစ်လေသည်။ ကျန်သည့်အပိုဒ်များ၏အဓိပ္ပာယ်မှာလည်း ရှင်းနေပါသဖြင့် အထူးရှင်းလင်းတင်ပြနေရန် မလိုတော့ဟု ယူဆပါသည်။

၅၊လမ်းညွှန်ပြဋ္ဌာန်းချက်များကို တိုင်းပြည်ပြုလွှတ်တော်တွင် ကြေကြေညက်ညက် ဆွေးနွေးကြပြီး လက်ခံအတည်ပြုခဲ့ကြလေသည်။

ထို့နောက် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို စတင်ရေးဆွဲနိုင်ရန် ဗဟိုကော်မတီကြီးတစ်ရပ်ကိုလည်းကောင်း၊ အခန်းကဏ္ဍအလိုက် ဆိုင်ရာကော်မတီအသီးသီးကိုလည်းကောင်း ရွေးချယ်၍ လွှတ်တော်ကို ရွှေ့ဆိုင်းခဲ့လေသည်။ ဗဟိုကော်မတီကြီးပါ ဖွဲ့စည်းခဲ့သည့် ရည်ရွယ်ချက်မှာ အချိန်ကိုလု၍ လုပ်ရသည့်အတိုင်း ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြမ်းကို လွှတ်တော်အပြင်တွင် အပြီးအပြတ် ရေးဆွဲနိုင်သည်အထိ ဆောင်ရွက်နိုင်ရန်ဖြစ်လေသည်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကြမ်းကို အပြီးရေးဆွဲပြီးမှ လွှတ်တော်သို့ တင်ရသော် အချောကိုင် အတည်ပြုရရုံသာ ရှိတော့သဖြင့် အချိန်များစွာသက်သာပြီး မြန်မြန်ဆန်ဆန် ပြီးမြောက်နိုင်မည်ဖြစ်လေသည်။ အချိန်ဇယားနှင့်ကိုက်၍ အလုပ်လုပ်နေကြရသည် မဟုတ်ပါလား။

လွတ်လပ်ရေး၏ နောက်ဆုံးအဆင့်

ဤသို့ ဗဟိုကော်မတီကြီးနှင့် သက်ဆိုင်ရာကော်မတီအသီးသီး ရွေးချယ်ခန့်အပ်ပြီး လွတ်တော်ကို ခေတ္တရွှေ့ဆိုင်းထားခဲ့ပြီးနောက်တစ်ဆင့် လှုပ်ရမည့် လွတ်လပ်ရေးခရီးအတွက် တောရှင်းစရာ လမ်းခင်းစရာရှိသမျှ ပြင်ဆင်မှုများကို ပြုထားရပေမည်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ရေးဆွဲပြီးက အင်္ဂလိပ်အစိုးရနှင့် အာဏာလွှဲပြောင်းရေးအတွက် အပြီးအပြတ်စကား ပြောရတော့မည် မဟုတ်ပါလော။

ဤအဆင့်ကား လွတ်လပ်ရေးခရီးတွင် နောက်ဆုံးအဆင့် နောက်ဆုံးအပိုင်း ဖြစ်လေသည်။ ဤအဆင့်၊ ဤအပိုင်းတွင် ရှောရှောရှူရှူဖြစ်ပါက ကျွန်ုပ်တို့မျှော်မှန်းသည့်အတိုင်း ငြိမ်းချမ်းသောလမ်းစဉ်ဖြင့် လွတ်လပ်ရေး ဗိမာန်သို့ အောင်မြင်စွာ လှမ်းဝင်နိုင်မည် ဖြစ်လေသည်။

အကယ်၍ ရှောရှောရှူရှူမဖြစ်ဘဲ အာဏာလွှဲပြောင်းရေးတွင် အဖုအထစ်တွေဖြစ်လာက တိုင်းပြည်ပြုလွတ်တော်က တစ်ဖက်သတ် လွတ်လပ်ရေးကြေညာကာ လွတ်လပ်ရေးတိုက်ပွဲကို ဆင်နွှဲတန် ဆင်နွှဲရပေဦးမည်။ ဤကိစ္စနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းက -

"အကြမ်းပတမ်းဖြစ်ရင်လည်း ဒီလောက်ပဲ၊ ဒီအတိုင်းသွားရင်လည်း ဒီလောက်ပဲဆိုတဲ့ အခြေအနေမျိုးဆိုရင်တော့ ကျွန်တော်တို့အဖို့မှာ ဘယ်သူ ဘာပဲပြောပြော အကြမ်းမကိုင်ဘဲနဲ့ လွတ်လပ်ရေးအာဏာသိမ်းနိုင်အောင် လုပ်မှာပဲ။ သို့ပေမဲ့ ဒီလိုမဖြစ်နိုင်ဘူးဆိုရင်တော့ ချရမှာပဲ" ဟူ၍လည်းကောင်း။ (ပဏာမညီလာခံ)

အာဏာကိုအတင်းယူသင့်က

"အကယ်၍ အထက်ကပြောဆိုခဲ့သည့်အတိုင်း အာဏာလွှဲပြောင်းမှုမှာ အေးအေးဆေးဆေးမဖြစ်ဘဲ အခက်အခဲများ ပေါ်ပေါက်လာမည်ဆိုလျှင် ဒို့ပြင် တစ်နည်းနည်းကို စဉ်းစားရမှာပဲ။ ဥပမာဆိုလျှင် တိုင်းပြည်ပြုလွတ်တော်မှ အချုပ်အခြာအာဏာပိုင်အဖွဲ့ဖြစ်တဲ့အတိုင်း အာဏာကို အတင်းယူတဲ့နည်းရှိတယ်" ဟူ၍လည်းကောင်း (လွတ်တော်မိန့်ခွန်း) တိတိလင်းလင်းဘွင်းဘွင်းရှင်းရှင်းပဲ ပြောခဲ့ဆိုခဲ့သည် မဟုတ်ပါလော။

ထို့ကြောင့် ဆင်ပြောင်ကြီး အမြီးကျမှတစ်ရမည့်အဖြစ်မျိုး မကြုံရရန်၊ အာဏာလွှဲပြောင်းရေး၌ ရှောရှောရှူရှူဖြစ်နိုင်သမျှ ရှောရှူမှုရနိုင်ရန် ရှေ့ပြေး တောရှင်း လမ်းခင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရပေမည်။ ဤ ရည်ရွယ်ချက်ဖြင့် လွတ်တော်ဥက္ကဋ္ဌ ဦးနုခေါင်းဆောင်၍ ဦးတင်ထွဋ်၊ ဦးကိုကိုကြီး၊ ဦးကျော်ငြိမ်း၊ ဗိုလ်ခင်မောင်ကလေးနှင့် ဗိုလ်ထွန်းလင်းတို့ ပါဝင်သော ဗမာမိတ်ဆက်အဖွဲ့တစ်ခုကို ဘိလပ်သို့ စေလွှတ်ခဲ့လေသည်။

လွတ်လပ်ရေး၏ နောက်ဆုံးအဆင့်၊ နောက်ဆုံးအပိုင်းသို့ လှမ်းတက်နေပါပြီ။

■

အတွဲ(၁)၊အမှတ်(၂၀)၊ ဒီဇင်ဘာ ၁၊ ၁၉၇၁



အာဇာနည်ခေါင်းဆောင်ကြီးများ၏ ရုပ်ကလာပ်များအား ဂျူဗလီဟော(ယခု တပ်မတော်စစ်သမိုင်းပြတိုက်နေရာ)တွင် ပြင်ဆင်ထားပုံ

နိုင်ငံတော်လုပ်ကြံမှုတရားခံ ဂဠုန်စော

မိုးသက်မုန်တိုင်းကျသည့်နေ့

သခွတ်ပင်က မီးတကျိကျိ

ပင်လယ်ထဲတွင် လှိုင်းလေ ငြိမ်ချက်သားကောင်းနေလျှင် လေပြင်းမုန်တိုင်းဆင်၍ လှိုင်းလေထန်မည့်နိမိတ်ဟု ယူဆကြသည်။ မမျှော်လင့်ဘဲ မိုးသက်လေပြင်းကျပြီး လှိုင်းလေထန်တတ်သည်၊ အန္တရာယ်ဖြစ်ပေါ်တတ်သည်ဟု ဆိုလိုသည်။

ဗမာပြည် နိုင်ငံရေးရာသီဥတုကိုဆန်းစစ်လျှင် ပင်လုံကွန်ဖရင့်အထိ နယ်ချဲ့တို့၏ ခြေရှုပ်မှု၊ ခြေထိုးမှုများ ပြင်းထန်ခဲ့သည်။ နောက်ပိုင်းတွင် အလံနီကွန်မြူနစ်ပါတီက ရိက္ခာလုပ်ပွဲ၊ သီးစားခတိုက်ပွဲ၊ အမတော်ကြေးပြန်မဆပ်ရေးတိုက်ပွဲများကို ပြောက်ကျားပြောက်ကျား ဆင်နွှဲလျက်ရှိသည်။ သိန်းသန်းကွန်မြူနစ်ပါတီက တစ်ဖက်တွင် ညီညွတ်ရေးကို ကြွေးကြော်၍ တိုင်းပြည်ပြုလွှတ်တော်အတွင်း အခြေခံဥပဒေရေးဆွဲရာတွင် အပြုသဘော ပါဝင်သလိုပြပြီး တစ်ဖက်တွင် တောခို လူသတ်လုပ်ငန်းများကို ဟိုနေရာ ဒီနေရာ လုပ်လျက်ရှိသည်။ စော-စိန်-မော် ဂိုဏ်းကလည်း တရားပွဲများ ကွက်ကြားကွက်ကြားလုပ်၍ ဖ. ဆ. ပ. လ ကို ဆဲရေးပုတ်ခတ်လျက်ရှိသည်။ နယ်ချဲ့တို့၏ တိုက်ရိုက်လှုပ်ရှားမှုများကိုကား မမြင်ရ၊ မတွေ့ရ၊ ငြိမ်ချက်သားကောင်းလျက်ရှိသည်။ မမျှော်လင့်ဘဲ မိုးသက်မုန်တိုင်းကျမည့် နိမိတ်ပင်လော။

ရန်သူ့ခြေလှမ်း

ဖ. ဆ. ပ. လ အဖွဲ့ချုပ်ကြီးသည် နယ်ချဲ့ကိုဆန့်ကျင်၍ လွတ်လပ်ရေးတိုက်ပွဲများကို ပြင်းပြင်းထန်ထန် ဆင်နွှဲလျက်ရှိသည့်အတိုင်း ရန်သူ၏ခြေလှမ်း လှုပ်ရှားမှုများကို မျက်ခြည်မပြတ် လေ့လာနိုင်ရန် ကိုယ်ပိုင်ထောက်လှမ်းရေးအဖွဲ့ ထားရှိပါသည်။ ထို့အတူ လက်အောက်ခံအဖွဲ့အစည်းများဖြစ်သော ဆိုရှယ်လစ်ပါတီ၊ ပြည်သူ့ရဲဘော်များကလည်း သီးခြားထောက်လှမ်းရေးအဖွဲ့များ ထားရှိကြပါသည်။ အရေးကြီးသော သတင်းများကို ဖ. ဆ. ပ. လ အဖွဲ့ချုပ်သို့ တင်ပြအစီရင်ခံကြပါသည်။ ဖ. ဆ. ပ. လ ထောက်လှမ်းရေးအဖွဲ့မှာ နယ်ချဲ့ကိုသာဦးတည်၍ထားရှိသော်လည်း ဆိုရှယ်လစ်နှင့် ပြည်သူ့ရဲဘော်တို့ကမူ တခြားနိုင်ငံရေးအဖွဲ့အစည်းများနှင့် အန္တရာယ်ပြုနိုင်မည့်ပုဂ္ဂိုလ်များကိုပါ မျက်ခြည်မပြတ် ထောက်လှမ်းမှုပြုကြပါသည်။

တိုင်းပြုပြည်ပြုလွှတ်တော်ကျင်းပ၍ အလုပ်များနေချိန်များတွင် ဆိုရှယ်လစ်ပါတီနှင့် ပြည်သူ့ရဲဘော်များက ဂဠုန်ဦးစောနှင့်ပတ်သက်၍ လှုပ်ရှားမှုများကို အဆက်မပြတ် တင်ပြလာကြသည်။ သတင်းများကို စုပေါင်းဆက်စပ်လိုက်က ဂဠုန်ဦးစောသည် အင်္ဂလိပ်အရာရှိကြီးတစ်ဦးနှင့် အဆက်အသွယ်ပြုလျက်ရှိသည်။ နယ်မှ မျိုးချစ်လူငယ်များကို ရန်ကုန်သို့ခေါ်ယူ၍ လျှို့ဝှက်လက်နက်သင်တန်း၊ နိုင်ငံရေးသင်တန်းများ ပေးလျက်ရှိသည်။ ပုလိပ်အရာရှိဟောင်း ထိပ်တင်မောင်လေးကလည်း ရဲအဖွဲ့မှ မိမိ၏တပည့်ဟောင်း လူယုံများကို စည်းရုံးလျက်ရှိသည်။ ဖ. ဆ. ပ. လ ထိပ်တန်းခေါင်းဆောင်များကို လုပ်ကြံ၍ ဆူပူမှုများ ဖန်တီးမည့်လက္ခဏာရှိသည်ဟု ဖော်ပြကြသည်။ ကျွန်တော်လည်း ထိုသတင်းများမှာ အရေးကြီးသည်ဟု ယူဆသည့်အတိုင်း ဗိုလ်ချုပ်ကိုလည်းကောင်း၊ ဦးနုကိုလည်းကောင်း တစ်ဦးချင်းတင်ပြသည်။ အလုပ်အမှုဆောင်အဖွဲ့တွင်လည်း အစီရင်ခံသည်။ သို့သော် ပုဂ္ဂိုလ်ခပ်များများက အလေးအနက်သဘောမထားကြ။ ယခုလိုအချိန်မျိုးတွင် 'ဤသို့ မိုက်ရူးရဲအကြံ၊ မိုက်ရူးရဲအလုပ်မျိုးကို မည်သူမှ ကြံရဲလုပ်ရဲမည်မဟုတ်၊ အင်္ဂလိပ်ကလည်း လက်ခံမည်မဟုတ်၊ အင်္ဂလိပ်က ညစ်ချင်လျှင် သူတို့ပါလီမန်သို့ အခြေခံဥပဒေရောက်မှ ညစ်လိမ့်မည်'ဟု ပေါ့ပေါ့ယူဆကြသည်။ ဗိုလ်ချုပ်အောင်ဆန်းကလည်း "ဒီသတင်းတွေဟာ မဖြစ်နိုင်ပါဘူး။ ခင်ဗျားလူတွေသတင်းမရှိ သတင်းလုပ်ကြံပေးကြတာဖြစ်မှာပဲ" ဟု ခါးခါးသီးသီးဆိုခဲ့သည်။

မီးကိုရှာရခြင်း

သို့သော် မီးခိုးတွေ့က မီးကိုရှာရမည်မဟုတ်ပါလော။ သတင်းထွက်လာမှ ဟုတ်မဟုတ် မှန်မမှန်ကို အထင်ဖြင့် ဆုံးဖြတ်ခြင်းထက် ရှာကြည့်၊ တိုက်ကြည့်သင့်သည် မဟုတ်ပါလော။ အပြင်မှလိုက်၍ ထောက်လှမ်းခြင်းထက် အတွင်းသို့ဝင်နိုင်က ပို၍ခရီးရောက်၊ ပို၍တိကျသော သတင်းများကို ရနိုင်မည်မဟုတ်ပါလော။ ထို့ကြောင့် ဟုတ်သည် မဟုတ်သည် အပထား၍ မီးခိုးတွေ့မှ မီးကိုရှာရမည့်ဝတ္တရားအတိုင်း ထောက်လှမ်းရေးအဖွဲ့များကိုလည်း ထိုသတင်းကို ဆက်၍ လိုက်ကြရန် ညွှန်ကြားခဲ့သည်။ ကျွန်ုပ်တို့ကိုယ်တိုင်လည်း ထိပ်တင်ဦးမောင်ကလေး၏ လူရင်းများထဲမှ ကျွန်ုပ်တို့အတွက် စိတ်ချယုံကြည်ရသူ ရဲအရာရှိများကို ရှာဖွေ၍ အတွင်းသို့ဝင်နိုင်ရန် စီစဉ်လုံးပန်းခဲ့သည်။

ဦးစော

ဤတွင် စာဖတ်သူတို့ သိရှိထားရန်လိုသော ဦးစောနှင့်ပတ်သက်သည့် နောက်ကြောင်းဖြစ်ရပ်တစ်ခုကို တင်ပြဖို့လိုသည်။

ဒေါက်တာဘမော်၊ ဂဠုန်ဦးစော၊ သခင်ဗစိန် အစရှိသော အဝေးရောက်နိုင်ငံရေးသမားများ လွတ်ငြိမ်းချမ်းသာခွင့်ရ၍ ဗမာပြည်သို့ ပြန်ရောက်လာကြသောအခါ စော၊ စိန်၊ မော် ဂိုဏ်းဟူ၍ ဖ. ဆ. ပ. လ နှင့် အတိုက်အခံဂိုဏ်းတစ်ခု ပေါ်ခဲ့သည်။ သို့သော် ထိုအဖွဲ့တွင် ဒေါက်တာဘမော်၊ ဗိုလ်ရန်နိုင်၊ သခင်ဗစိန်တို့သာ ရှေ့တန်းထွက်၍ တရားပွဲများကျင်းပခြင်း၊ အတိုက်အခံပြုခြင်းများ လုပ်ကြသော်လည်း ဂဠုန်ဦးစောမှာ ရှေ့တန်းသို့မထွက်ဘဲ သူရိယသတင်းစာကို ဦးစီး၍ သတင်းစာမှသာ အတိုက်အခံလုပ်ခဲ့သည်။

ထိုအတောအတွင်း တစ်နေ့သော ညနေပိုင်းတွင် ဦးစောသည် သူရိယသတင်းစာတိုက်မှ မိမိနေအိမ်သို့ ကားနှင့်အပြန် ပြည်လမ်းမကြီးပေါ်တွင် နောက်မှ ကားတစ်စင်းကလိုက်၍ သေနတ်နှင့်ပစ်ခတ်ခံရပါသည်။ ကံအားလျော်စွာ ကားမှန်များတင်ထားသဖြင့် ကျည်ဆန်များမှာ မှန်ကိုသာထိမှန်ပြီး ထိုမှန်ကွဲအစအနများ လွင့်စင်၍ မျက်လုံးတစ်ဖက်ကို ထိခိုက်ခြင်းခံရလေသည်။ လူတွင်ကား ဘာမှ ထိခိုက်ဒဏ်ရာရမှုမရှိခဲ့ပေ။ ထိုကိစ္စနှင့် ဆေးရုံသို့ တက်ရသည်။ မျက်စိခွဲစိတ်ကုသရသည်။

ထိုသတင်းကို ကြားသိရသောအခါ ဖ. ဆ. ပ. လ ခေါင်းဆောင်များ ကိုယ်တိုင် သတင်းမေးသည်။ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြတို့ကိုယ်တိုင် ဆေးရုံသို့သွား၍ ကြည့်ရှုကြသည်။ ထိုအချိန်တွင် ဖ. ဆ. ပ. လ မှာ ဘာအာဏာမှ မရှိသေး။ နယ်ချဲ့တို့နှင့် ပွဲကြီးပွဲကောင်းကို အပြင်းအထန် ဆင်နွှဲနေတုန်းအခါသာ ဖြစ်လေသည်။

နောက်ပိုင်းတွင် ဖ. ဆ. ပ. လ မှ ဘုရင်ခံအမှုဆောင်အဖွဲ့သို့ ဝင်ရောက်သည့်အခါ ဦးစောနှင့်သခင်ဗစိန်တို့ အစိုးရအဖွဲ့တွင်ထည့်ရန် ဘုရင်ခံက အရေးဆိုသည်ကိုလည်း အသာတကြည်ပင် လိုက်လျောခဲ့ကြသည်။ ဘိလပ်သို့ ကိုယ်စားလှယ်လွှတ်သောအခါလည်း ဦးစောနှင့်သခင်ဗစိန်ပါဝင်မှုကို သဘောတူခဲ့ကြသည်။ အောင်ဆန်း-အက်တလီစာချုပ်ကို လက်မှတ်ရေးထိုးရာတွင်မှ ၎င်းတို့က အတိုက်အခံလုပ်ခဲ့ကြသဖြင့် နောက်ကြားဖြတ်အမျိုးသားအစိုးရဖွဲ့စည်းရာတွင် ၎င်းတို့ကို ဖြုတ်ထားခဲ့ရလေသည်။

၇၊၂၂ဦးစောကား မိမိအား လုပ်ကြံသူများမှာ ဖ. ဆ. ပ. လ မှဖြစ်သည်ဟု စွဲစွဲမြဲမြဲယုံကြည်ခဲ့သည်။ ထိုအတွင်း ဖ. ဆ. ပ. လ ခေါင်းဆောင်များနှင့် ဆက်ဆံခြင်းမှာ ဟန်ဆောင်သာဖြစ်သည်။ လက်စားချေရေးအတွက် သဲသဲမဲမဲ အခဲမကျေ အမြဲကြံစည်လျက်ရှိသည်မှာ နောက်ပိုင်းတွင် ထင်ရှားလာပါတော့သည်။

တာဝန်သိသိ

ကျွန်ုပ်တို့သည် ၁၉၄၇ ခုနှစ် ဧပြီလ ၉ ရက်နေ့တွင် တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲကြီးကို ကျင်းပပြီးစီးခဲ့သည်။ သို့သော် ထိုနေ့တွင် တိုင်းပြုပြည်ပြု လွှတ်တော်ဖြစ်ပေါ်လာသည် မဟုတ်သေး။ ထို တိုင်းပြုပြည်ပြုလွှတ်တော်အတွက် ကိုယ်စားလှယ်များ ရွေးပွဲသာဖြစ်သည်။ ထို ကိုယ်စားလှယ်များ စုံစုံညီညီ ၁၉၄၇ ခုနှစ် ဇွန်လ ၁၀ ရက် စုဝေးပြီးမှ တိုင်းပြုပြည်ပြုလွှတ်တော်ဆိုတာ တရားဝင်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်လေသည်။ ယခုအခါ ပထမဆုံးအကြိမ် တိုင်းပြုပြည်ပြုလွှတ်တော်ကို တရားဝင်ကျင်းပ၍ အခြေခံဥပဒေရေးဆွဲရေးအတွက် အရေးကြီးသည့် လမ်းညွှန်မူကြီးများကို ဆွေးနွေးပြဋ္ဌာန်းပြီးဖြစ်ကြသည်။ အခြေခံဥပဒေရေးဆွဲရေးအတွက် ဗဟိုကော်မတီကြီးနှင့် ကော်မတီအသီးသီးကိုလည်း ဖွဲ့စည်းပြီး ဖြစ်ကြသည်။ ထို ကော်မတီများ အလုပ်လုပ်နေချိန်တွင် လွှတ်တော်ကိုလည်း ခေတ္တရွှေ့ဆိုင်းထားချိန် ဖြစ်လေသည်။

ဤသို့ အခိုက်အတန့်ရရှိသောအချိန်ကလေးကိုပင် ဖ. ဆ. ပ. လ သည် အလဟဿ အကုန်မခံနိုင်ပေ။ အချိန်ကိုလု၍ လုပ်နေကြရသည်မဟုတ်ပါလော။ နောက်ဆုံးအဆင့် နောက်ဆုံးအပိုင်းအတွက်လည်း ပြင်ရဆင်ရပေဦးမည်။ ပြည်သူလူထုသို့လည်း လုပ်ပြီးသမျှ အသိပေးရ၊ အစီရင်ခံရပေဦးမည်။ လွတ်လပ်ရေး၏ နောက်ဆုံးအဆင့်အတွက် ပြင်ဆင်သည့်သဘော၊ လမ်းခင်းသည့်သဘောဖြင့် ဦးနုအမှူးပြုသော မိတ်ဆက်အဖွဲ့ကို ဘိလပ်သို့ စေလွှတ်ခဲ့သည်။ နယ်ကိုယ်စားလှယ်အမတ်များကိုလည်း မိမိတို့ဆိုင်ရာနယ်ပယ်သို့ တစ်လှည့်စီ ပြန်၍ အခြေအနေအရပ်ရပ်နှင့် လုပ်ပြီးသမျှ လုပ်ငန်းရပ်များ၊ ရင်ဆိုင်ရမည့်ပြဿနာများကို လူထုသို့ အစီရင်ခံရန် ညွှန်ကြားခဲ့သည်။ နယ်ကိုယ်စားလှယ်အသီးသီးတို့လည်း မိမိတို့ဆိုင်ရာ နယ်ပယ်များသို့ပြန်ကာ နိုင်ငံရေးရှင်းလင်းပွဲများ လုပ်လျက်ရှိကြသည်။ ဖ. ဆ. ပ. လ အဖွဲ့ချုပ်အနေဖြင့်လည်းကောင်း ရန်ကုန်မှ ရွေးကောက်ခံရသော ကိုယ်စားလှယ်များအနေဖြင့်လည်းကောင်း၊ တိုင်းပြည်နှင့် ရန်ကုန်လူထုသို့ အစီရင်ခံရန် တာဝန်ကျန်လျက်ရှိသည်။

နောက်ဆုံးမှာတမ်း

ထို့ကြောင့် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့တွင် ရန်ကုန် မြို့တော်ခန်းမ၌ ဖ. ဆ. ပ. လ မှ ကြိုးမှူး၍ နိုင်ငံရေးရှင်းလင်းပွဲကြီးတစ်ရပ်ကို ကျင်းပခဲ့လေသည်။ လူထုကလည်း ဝက်ဝက်ကွဲမျှ စည်ကားလှသည်။ ထိုတရားပွဲ၌ ဗိုလ်ချုပ်အောင်ဆန်းက **"ယနေ့ ကျွန်တော်တို့ရဲ့ နိုင်ငံရေးရှင်းတမ်းက ဖ. ဆ. ပ. လ အဖွဲ့ချုပ်ဥက္ကဋ္ဌအနေဖြင့်သာ မဟုတ်ဘဲနဲ့ ဒီရန်ကုန်မြို့နယ်တစ်နယ်ကနေ ပြီးတော့ တင်မြောက်လိုက်တဲ့ တိုင်းပြုပြည်ပြုလွှတ်တော်အမတ်အနေနဲ့ ဒီတိုင်းပြုပြည်ပြုလွှတ်တော်ထဲမှာ ဘာတွေလုပ်နေလို့ ဘာတွေလုပ်ခဲ့တယ်ဆိုတာတွေကို နယ်သူနယ်သားတွေ ပြန်သိအောင် အစီရင်ခံဖို့ ရည်ရွယ်ချက်က အဓိကရည်ရွယ်ချက်အဖြစ်နဲ့ထားပြီးတော့ကာ ကျွန်တော် အခု စကားပြောဆိုပါတယ်"** ဟု ဆိုခဲ့သော်လည်း တိုင်းပြုပြည်ပြုလွှတ်တော်ရေးရာတစ်ခုတည်း သက်သက်လို့သာ ရှင်းလင်းခဲ့သည်မဟုတ်ပေ။ လွတ်လပ်ရေးနှင့်ပတ်သက်သည့် ရေးရာများ၊ လွတ်လပ်ရေးတည်မြဲမှုနှင့်ပတ်သက်သည့် ရေးရာများ၊ နိုင်ငံထူထောင်ရေးနှင့်ပတ်သက်သည့် ရေးရာများကိုပါ အကျယ်တဝင့် တင်ပြခဲ့သည်။ ပြည်သူလူထုကိုလည်း လွတ်လပ်ရေးနှင့်

ထိုက်တန်သော လူမျိုးပီသရန်၊ စိတ်ဓာတ်နှင့်အကျင့်ပြုပြင်ရေး၊ စည်းကမ်းရှိရေးများကိုလည်း မည်သာမထောက် ဝေဖန်ညွှန်ကြားခဲ့လေသည်။

ထိုနေ့ ဗိုလ်ချုပ်အောင်ဆန်း၏မိန့်ခွန်းကား အဘက်ဘက်မှ အပြည့်စုံဆုံး၊ ဗမာပြည်နှင့်ပြည်သူတို့အတွက် ဘယ်တော့မှ မရိုးနိုင်ဆုံး မိန့်ခွန်းတစ်ရပ်ဟု ဆိုရပေမည်။ ကျွန်ုပ်တို့အား သင်ခန်းစာယူစရာ၊ လိုက်နာကျင့်ကြံစရာ အမြဲ ညွှန်ကြားနေမည့် မိန့်ခွန်းဖြစ်လေသည်။ ဗမာပြည်အား အမြဲမပြတ် သတိပေးနေမည့် မှာတမ်းကြီးလည်း ဆိုနိုင်သည်။ ဤမိန့်ခွန်းမှ သိစရာ၊ မှတ်စရာ၊ လိုက်နာကျင့်သုံးစရာများကို ကောက်ချက်ထုတ်လျှင် မကုန်နိုင် မခန်းနိုင် မြားမြောင်လှသည်။ ဗမာတွေ စိတ်ဓာတ်ပြုပြင်ရေးနှင့်ပတ်သက်၍ အနည်းငယ်မှ ကောက်နုတ်ပြရသော် -

"ဗမာတွေ စိတ်ထက်သလေး ဘာလေးနဲ့ တလွဲဆပ်ကောင်းနေကြတယ်။ ဗမာပြည်လွတ်လပ်ရေးရအောင် လုပ်ရမယ့်တိုက်ပွဲမျိုးမှာ အသုံးမချဘူး။ ဗမာပြည် ပြန်လည်ထူထောင်ရေးမှာ အသုံးမချဘူး။ ဗမာချင်းချဖို့မှာ လုပ်ချင်တယ်။ ဒါမျိုးတွေ လုပ်ချင်လို့ ဘယ်တော့မှ အကျိုးမရှိဘူး" ဟူ၍ လည်းကောင်း၊

"ဒီတော့ကာ ခင်ဗျားတို့ဟာ လွတ်လပ်ရေးကို လိုချင်ရင် လွတ်လပ်ရေးရနိုင်လောက်တဲ့ စည်းကမ်းကိုရှိကြပါ။ လွတ်လပ်ရေးကိုလိုချင်ရင် လွတ်လပ်ရေးကိုရနိုင်တဲ့ ညီညွတ်မှုကို ထိန်းသိမ်းထားပါ။ လွတ်လပ်ရေးကို လိုချင်ရင် လွတ်လပ်ရေးကိုရနိုင်တဲ့ ထူထောင်မှုကို လုပ်ကြပါ။ အဲဒီလိုလုပ်ပြီးတဲ့ နောက် ရှေ့ကို လွတ်လပ်ရေးအရသာကို ခံစားစံစားချင်တယ်ဆိုရင် အလုပ်လုပ်ကြဖို့၊ စည်းကမ်းရှိကြဖို့၊ ယခုကတည်း ခင်ဗျားတို့ ကိုယ့်ကို အကျင့်ဆိုးတွေ၊ အကျင့်ဟောင်းတွေ၊ စောက်ကျင့်တွေကို ပြင်ကြဖို့လိုပြီဆိုတာ ကျွန်တော်ယနေ့ပြောခဲ့ချင်တယ်" ဟူ၍လည်းကောင်း ပြောစရာဆိုစရာရှိသည်များကို ဘွင်းဘွင်းရှင်းရှင်း တိတိလင်းလင်းပဲ ဆိုခဲ့လေသည်။

ဤမိန့်ခွန်းကို ကြားနာရစဉ်က မည်သူတစ်ဦးတစ်ယောက်မျှ ဤမိန့်ခွန်းသည် ဗိုလ်ချုပ်အောင်ဆန်း၏ နောက်ဆုံးမိန့်ခွန်းဖြစ်လိမ့်မည်ဟု မမျှော်လင့်ခဲ့၊ မမှတ်ယူခဲ့။ သို့သော်လည်း ယနေ့အဖို့ဆိုလျှင် ဗိုလ်ချုပ်အောင်ဆန်း၏ နောက်ဆုံးမိန့်ခွန်းကြီးဖြစ်လျက်ရှိလေပြီ။ မမျှော်လင့်ဘဲ ဗမာပြည်နှင့် ဗမာလူထုအတွက် အဘက်ဘက်မှ ပြည့်စုံလှသော နောက်ဆုံးမှာတမ်းကြီးဖြစ်လျက်ရှိလေပြီ။ ကြည်ညိုအပ်သည့်၊ လေးစားအပ်သည့်ပုဂ္ဂိုလ်ကြီးများ၏

နောက်ဆုံးစကား၊ နောက်ဆုံးမှာကြားချက်များကို လေးလေးနက်နက်ထား၍ လေးစားကြမြဲဖြစ်သည်။ ဗိုလ်ချုပ်၏ ဤနောက်ဆုံးမိန့်ခွန်းကို နောက်ဆုံးမှာတမ်းအနေဖြင့် ကျွန်တော်တို့ ဗမာပြည်သူလူထုတစ်ရပ်လုံး အလေးအနက်ထား၍ လေးစားလိုက်နာကျင့်သုံးအပ်လှသည် မဟုတ်ပါလော။

ဝိပါက်ရယ်ကြမ္မာင်တော့

လေပြင်းမုန်တိုင်း ကျရောက်ပါပြီ။ ယခုဆက်လက်၍ ရင်နာဖွယ်၊ တရားရ သံဝေဂယူဖွယ်ကောင်းလှသည့် သမိုင်းဖြစ်ရပ်ကြီးတစ်ခုကို တင်ပြရပါတော့မည်။ 'သိလျက်ကယ် ဝိပါက်ရယ် ကြမ္မာငင်တော့'ဟူသည့် တေးသွားအတိုင်း ယူကျုံးမရဖြစ်ရသည့် ဖြစ်ရပ်ကြီးလည်းဖြစ်သည်။ ဗမာပြည်တည်သမျှ မေ့မရသည့်ဖြစ်ရပ်ကြီးလည်းဖြစ်သည်။ ကိုယ်တွေ့ကြုံခဲ့ရသူများ ယနေ့တိုင် တွေးမိတိုင်း အံကြိတ်ရ၊ မျက်ရည်ကျရသည့်ဖြစ်ရပ်ကြီးလည်း ဖြစ်လေသည်။ လွတ်လပ်ရေးရောင်ခြည်သမ်းချိန်တွင် ပြည်သူ့အသည်းစွဲ တစ်ခေတ်တွင်တစ်ယောက် ရခဲလှသော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အပေါင်းပါ နိုင်ငံ့ခေါင်းဆောင်ကြီးအချို့ကို လူမသမာတစ်စုက ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်လိုက်လေပြီ။

ဤဖြစ်ရပ်ကြီးကား လွတ်လပ်ရေးသမိုင်း၊ ဗမာနိုင်ငံရေးသမိုင်းတွင် သီးခြားကဏ္ဍတစ်ရပ်အနေဖြင့် ရှိအပ်၊ မှတ်တမ်းတင်အပ်သော ဖြစ်ရပ်ကြီးဖြစ်ပါသည်။ သို့သော် မည်သူမျှ ယနေ့တိုင် ပြည့်ပြည့်စုံစုံဖြင့် တစ်ကဏ္ဍဖွဲ့၍ မှတ်တမ်းမတင်သေး။ ကျွန်ုပ်လည်း ဤဆောင်းပါးတွင် တင်ပြနိုင်မည်မဟုတ်ပေ။ ဤဆောင်းပါးမှာ သမိုင်းစစ်၊ သမိုင်းမှန်ကို ကွင်းဆက်မှန်မှန်ဖြင့် ပုံကြမ်းသွန်း၊ ပုံကြမ်းလောင်းပေးနေခြင်းသာဖြစ်ရာ ဖော်သင့်သလောက် အနည်းအကျဉ်းသာ ဖော်ပြနိုင်မည်ဖြစ်လေသည်။ (ဤဖြစ်ရပ်ကို သမိုင်းတွင် တစ်ကဏ္ဍဖော်နိုင်ရန် ပြည့်ပြည့်စုံစုံရေးသားဖို့ သီးခြားကြိုးစားပါမည်ဟု ကတိပြုပါသည်။) ဤဖြစ်ရပ်နှင့်ပတ်သက်၍ ပြင်ပအမြင်၊ ပြင်ပအသိဖြင့် များစွာရေးသားခဲ့ကြပါပြီ။ သင်ခန်းစာယူဖွယ်၊ တရားရဖွယ် အတွင်းမှ မြင်ရသိရပုံကို တိုတိုပဲတင်ပြပါရစေ။

လောကတွင် လူတိုင်းကို မိမိနှင့်နှိုင်း၍ စဉ်းစားခြင်းမှာ မမှန်ပေ။ မိမိမကြဲ၊ မိမိမလုပ်ဆိုသည်ကို ကြဲမည့်လူတွေ များစွာရှိလေသည်။ မိမိကိုယ်ကို အထင်ကြီးလွန်း၊ ရန်သူကို အထင်သေးလွန်းခြင်းသည် မှားပါသည်။ မိမိ

ကိုယ်ကို အထင်ကြီး၍ ပျက်စီးရခြင်း၊ ရန်သူကို အထင်သေး၍ ဆုံးရှုံးရခြင်း များလည်း သာဓကများစွာရှိလေသည်။ ဝင့်နှင့်ကြမ္မာငင်လာက သိလျက်နှင့် မတားနိုင်၊ မဆီးနိုင် ခံလိုက်ရသည့်ထုံးများလည်း ရာဇဝင်တွင် ဒုနှင့်ဒေး၊ မျက်မြင်လောကတွင်လည်း အမြဲတွေ့နေရလေသည်။ ဤသင်ခန်းစာများသည် ဤဖြစ်ရပ်ကြီးတွင် တစ်စိတ်တစ်ဒေသ အကျုံးဝင်လျက်ရှိလေသည်။

ဆင်ကြဲကြံခံရခြင်း

ကျွန်ုပ်တို့သည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အချိန်မီပြီးစီးရန် ကြိုးပမ်းရ၊ လွတ်လပ်ရေး နောက်ဆုံးအဆင့်၊ နောက်ဆုံးအပိုင်းအတွက် ပြင်ရဆင်ရ၊ လမ်းခင်းရဖြင့် အချိန်လုံ၍ အလုပ်ရှုပ်နေချိန်တွင် မသမာသူ အကြံသမားတစ်စုက ဆင်ကြြံကြံလျက်ရှိခဲ့သည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ဒုတိယပတ်အတွင်း ရဲထောက်ပံ့ရေးဌာန (ဘီ-အို-ဒီ) လက်နက်ဂိုဒေါင်မှ ရဲဝန်လက်မှတ်အတုဖြင့် ဘရင်းဂန်း ၂၀၀ နှင့် ကျည်ဆန်များထုတ်ယူမှုတစ်ခု ဖြစ်ခဲ့သည်။ ၁၅. ၇. ၄၇ နေ့ထုတ် ဗမာ့ခေတ်သတင်းစာတွင် ထိုသတင်းကို အကျယ်တဝင့်ဖော်ပြခဲ့သည်။ မူလက ဂဠုန်ဦးစောတို့လူသိုက် အကြံပက်ပက်စက်စက် ကြံစည်နေပုံရသည်ဟု သတင်းပေးစဉ်က မယုံမကြည် ခါးခါးသီးသီးဖြစ်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းက "ကိုဗဆွေ ခင်ဗျားသတင်း မှန်နေပြီထင်တယ်" ဟု ပြောကြားခဲ့သည်ကို ကြားယောင်မိသေးသည်။

ကျွန်ုပ်တို့သည် ဂဠုန်ဦးစော၏ လျှို့ဝှက်လှုပ်ရှားမှုများနှင့်ပတ်သက်၍ သတင်းရရှိသည့်အချိန်မှစ၍ ရဲအဖွဲ့သို့လည်း မျက်ခြည်မပြတ် စောင့်ကြည့်ရန် ညွှန်ကြားစေခဲ့သည်။ ကျွန်ုပ်တို့ကိုယ်တိုင်လည်း အတွင်းကျကျသိနိုင်ရန် လူသွင်းဖို့လည်း စီစဉ်ခဲ့သည်။ ဦးစောအထိ ဝင်ရောက်နိုင်အောင် လူယုံမသွင်းနိုင်သေးသော်လည်း ထိုစဉ်က ဦးစောအတွက် စည်းရုံးရေးလုပ်နေသော ထိပ်တင်ဦးမောင်ကလေး၏ အသိုက်အဝန်းသို့ကား လူသွင်းထားနိုင်သည့် အဆင့်သို့ ရောက်ခဲ့ပါသည်။ အင်္ဂလိပ်အရာရှိကြီးအချို့နှင့် ဆက်သွယ်၍ အကြံကြီးတစ်ခု ကြံစည်လုပ်ဆောင်နေသည်ကို သေချာသလောက် သိရှိနိုင်ခဲ့သည်။

အခါတောင်းပြီးသော်

ဤအတောအတွင်း ဂဠုန်ဦးစောက ဗေဒင်ဆရာတစ်ဦးကိုခေါ်၍ အခါတောင်းသည်။ ဗေဒင်ဆရာက ဇူလိုင်လ ၁၉ ရက်နေ့ နံနက်ပိုင်း ၁၀ နာရီ မိနစ် ၃၀ နောက်ပိုင်းကို အခါပေးသည်။ ထိုနေ့ ထိုအချိန်တွင် တစ်ခုခုတော့ လုပ်လိမ့်မည်ဟု ယူဆသည်ဟု အတွင်းရောက်နေသူများက သတင်းပေးကြသည်။ (ထိုဗေဒင်ဆရာနှင့် သတင်းပေးသူများ၏အမည်ကို ထိုပုဂ္ဂိုလ်တို့၏ဆန္ဒအား ကြိုတင်ရယူခြင်းမရှိသေးသဖြင့် ဤဆောင်းပါးတွင် မဖော်ပြလိုသေးပါ။) ဤသတင်းနှင့်ပတ်သက်၍ ဘာဖြစ်နိုင်၊ လုပ်နိုင်မည်ကို ဆန်းစစ်ကြသည်။ သတင်းပေးသူများနှင့် ဌာနချုပ်မှ ပုဂ္ဂိုလ်အချို့ကပါ ထိုနေ့ ထိုအချိန်တွင် အတွင်းဝန်များရုံးဌ အစိုးရအဖွဲ့ဝန်ကြီးများ အစည်းအဝေးရှိသဖြင့် လုပ်ကြံမှုတစ်ခု ဖြစ်နိုင်သည်ဟု ယူဆကြသည်။ ကျွန်ုပ်သည် ဗိုလ်ချုပ်ဆီသွား၍ ချက်ချင်းတင်ပြသည်။ ဗိုလ်ချုပ်အောင်ဆန်းက "ဒီလောက်ဗြောင်ကျအတင့်ရဲတဲ့အကြံမျိုး အလုပ်မျိုး ဒီအချိန်မှာ မကြံရဲ မလုပ်ရဲပါဘူး" ဟု ဆိုခဲ့သည်။

ပိုးမွှားကျချိန်ဝယ်

ထိုအချိန်တွင် ဦးနုတို့လည်း ဘိလပ်ပြန်ရောက်လာပါပြီ။ ကံဆိုးချင်၍လားမသိ။ ထိုစဉ်က ပြည်ထဲရေးဝန်ကြီးဖြစ်သူ ဦးကျော်ငြိမ်းနှင့်အဖွဲ့မှာ နောက်ပိုင်းကိစ္စ မပြီးပြတ်သေး၍ ကျန်နေခဲ့သည်။ ပျော်ဘွယ်ဦးမြက ပြည်ထဲရေးဌာနကို ယာယီကိုင်ထားရသည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၈ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနေအိမ်၌ ဖ. ဆ. ပ. လ အဖွဲ့ချုပ် အလုပ်အမှုဆောင် အရေးပေါ်အစည်းအဝေးတစ်ရပ်ကို ကျင်းပသည်။ ဘိလပ်မှ ပြန်ရောက်လာသော ဦးနုက မိမိတို့အတွေ့အကြုံနှင့် ဆောင်ရွက်ချက်များကို တင်ပြအစီရင်ခံသည်။ ဦးနု၏အစီရင်ခံချက်များကို ဆွေးနွေးပြီးသောအခါ ကျွန်တော်က အထက်ပါသတင်းကို အလုပ်အမှုဆောင်သို့ တင်ပြသည်။ ဟုတ်သော်ရှိ မဟုတ်သော်ရှိ ကြိုတင်ကာကွယ်သည်ကား မမှားနိုင်။ ထို့ကြောင့် ဇူလိုင်လ ၁၉ ရက်နေ့တွင် အတွင်းဝန်ရုံးတွင် ချိန်းဆိုထားသော ဝန်ကြီးများအစည်းအဝေးကို ဗိုလ်ချုပ်

နေမကောင်းဖြစ်၍ဟု အကြောင်းပြ၍ ရွှေ့ဆိုင်းပါ၊ ဒါမှမဟုတ် ဗိုလ်ချုပ်၏အိမ်သို့ ပြောင်း၍လုပ်ပါဟု အကြံပေးတိုက်တွန်းခဲ့သည်။ ဗိုလ်ချုပ်က ထိုအကြံပေးချက်နှစ်ခုစလုံးကို လက်မခံ။ **"ခင်ဗျားက ဒီလူတွေကို ဒီလောက်ပဲအထင်ကြီးနေသလား။ ဒီလောက်အတင့်ရဲ ပြောင်ကျတဲ့အလုပ်ကို မလုပ်ရဲပါဘူး။ ကျုပ်က ခင်ဗျားအကြံပေးသလိုလုပ်ရင် သူတို့ကိုကြောက်ရာရောက်မှာပေါ့"** ဟု ဆိုခဲ့သည်။ ကျန်လူများကလည်း တစ်ယောက်တစ်ပေါက် ပြောကြဆိုကြသေးသော်လည်း မရခဲ့ပေ။

ကြိုတင်ကာကွယ်ခဲ့သော်လည်း

ဖ. ဆ. ပ. လ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးပွဲ ပြီးဆုံးသောအခါ ပြည်သူ့ရဲဘော်ခေါင်းဆောင်များနှင့် ကျွန်ုပ်တို့အမှုဆောင်အချို့ ထိုင်၍ ဆက်လက်တိုင်ပင်ဆွေးနွေးကြသည်။ ဟုတ်သော်ရှိ မဟုတ်သော်ရှိ ကြိုတင်ကာကွယ်မှုတော့ လုပ်သင့်လုပ်ထိုက်တာ လုပ်ထားသင့်သည်ဟု ယူဆကြသည်။ ထို့ကြောင့် ၁။ ယာယီပြည်ထဲရေးဝန်ကြီး ဗျော်ဘွယ်ဦးမြက အတွင်းဝန်များရုံး လုံခြုံရေးကို တာဝန်ယူ၍ ရဲဝိုင်ယာလက်ကားကို ခေါ်ထားရန်၊ ၂။ ပြည်သူ့ရဲဘော်ဌာနချုပ်က (က) လက်ရွေးစင် အသေခံရဲဘော်နှစ်ဦးကို ရွေးချယ်၍ ဗိုလ်ချုပ်နှင့်အတူ ထည့်ပေးရန်၊ (ခ) ထိုနေ့ ဝန်ကြီးများအစည်းအဝေးခါနိုင်တွင် အတွင်းဝန်များရုံးပတ်ဝန်းကျင်တွင် အရပ်ဝတ်အရပ်စားဖြင့် ရဲဘော်များစေလွှတ်၍ စောင့်ကြပ်ရန်တာဝန်ခွဲယူကြသည်။ (ထိုစဉ်က အတွင်းဝန်များရုံးတွင် အစောင့်အကြပ် အတားအဆီးမရှိ။ လူတိုင်းလွတ်လွတ်လပ်လပ် ဝင်ထွက်နိုင်သည်။ ဝန်ကြီးများတွင်လည်း သက်တော်စောင့်မထား၊ အပါးတော်မြတစ်ယောက်နှင့်သာ သွားလာကြသည်။ ဗိုလ်ချုပ်အောင်ဆန်းမှာ ကိုယ်ရံတော်အစောင့်အရှောက်ရှိသော်လည်း ဘယ်တော့မှသွားရာကို ခေါ်သွားလေ့မရှိချေ။ အပါးတော်မြဗိုလ်ထွန်းလှတစ်ဦးသာ လိုက်ပါရသည်။)

မငမ္မနိုင် ဇူလိုင် ၁၉

ဇူလိုင်လ ၁၉ ရက်နေ့သို့ ရောက်ပါပြီ။ ထိုနေ့ နံနက် ၉ နာရီကျော်ကျော်လောက်တွင် ဗိုလ်ချုပ်အောင်ဆန်းသည် အတွင်းဝန်များရုံးသို့ ထွက်ခွာရန် အိမ်ပေါ်မှ ဆင်းလာသည်။ ကားပေါ်တွင် ပြည်သူ့ရဲဘော်ဌာနချုပ်မှ စေလွှတ်ထားသော ရဲဘော်နှစ်ဦးကိုတွေ့သော် "မင်းတို့ ဘာကောင်တွေလဲ၊

ဘာလာရှုပ်တာလဲ" ဟု ကြိမ်းမောင်းတော့သည်။ ဗိုလ်ထွန်းလှနှင့် ရဲဘော်များက ရှင်းပြသော်လည်း "မလိုချင်ဘူး၊ ဆင်းခဲ့ကြ" ဆို၍ ရဲဘော်များ ဆင်းနေခဲ့ကြသည်။ အတွင်းဝန်ရုံးသို့ ရောက်လေပြီ။ ရုံးအတက်အဆင်းတွင် ရဲဝိုင်ယာလက်ကား ရပ်ထားသည်ကိုတွေ့ရသည်။ "ဒီမှာ မင်းတို့အလုပ်မရှိဘူး၊ သွားကြ" ဟု နှင်လွှတ်ပြန်သည်။ အစည်းအဝေးခန်းမကြီးတွင် ရန်ကုန်ရှိ ဝန်ကြီးများ စုံစုံညီညီရောက်လျက်ရှိသည်။ ဗိုလ်ချုပ်အောင်ဆန်းရောက်ပြီး မကြာမီ ပင် စည်းဝေးပွဲလည်း စတင်ပါပြီ။ ပြည်သူ့ရဲဘော်ဌာနချုပ်တွင် စုရုံးထားသော ရဲဘော်များမှာလည်း ကားအခက်အခဲ၊ လူမစုံသေးသည့်အခက်အခဲများဖြင့် အချိန်မီ မရောက်ရှိကြသေး။

ထိုနေ့နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ဗမာပြည် နိုင်ငံရေးသမိုင်းတွင် မိုးသက်မုန်တိုင်းကြီး ကျရောက်ခဲ့ရလေပြီ။ ဗမာပြည်တစ်ပြည်လုံး ယုကျွံးမရဖြစ်ရသည့်ဖြစ်ရပ်ကြီး၊ တစ်ကမ္ဘာလုံး တုန်လှုပ်သွားရသည့် ဖြစ်ရပ်ကြီး ဖြစ်ပေါ်ခဲ့လေပြီ။ လူမဆန်ရက်စက်ကြမ်းကြုတ်သည့် လူသတ်ကောင် (မောင်စိုး၊ သက်နှင်း၊ စိန်ကြီးနှင့် ရန်ကြီးအောင်) တို့၏ လက်ချက်ဖြင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်ကြီးများ ရေတိမ်နစ်ခဲ့ကြလေပြီ။ 'သိလျက်ကယ် ဝိပါက်ရယ်ကြမ္မာငင်ရသည့်ကိန်း' ကြုံခဲ့ရလေပြီ။ ထိုနေ့ ထိုအဖြစ်အပျက်၊ ထိုလုပ်ကြံမှုကြီးနှင့်ပတ်သက်၍ ရေးသူများပြီး လူတိုင်းသိနေပြီဖြစ်၍ မရေးသားလိုတော့။

၁။ ဗိုလ်ချုပ်အောင်ဆန်း၊ ၂။ သခင်မြ၊ ၃။ ဒီးဒုတ်ဦးဘချို၊ ၄။ ဦးဘဝင်း၊ ၅။ မန်းဘခိုင်၊ ၆။ ဦးရာဇတ်၊ ၇။ မိုင်းပွန်စော်ဘွားကြီး၊ ၈။ အတွင်းဝန်ဦးအုန်းမောင် နှင့် ၉။ ရဲဘော်မောင်ထွေးတို့မှာ မသမာလူတစ်စု၏လုပ်ကြံမှုနှင့် ကျဆုံးခဲ့ရလေသည်။ အစည်းအဝေးပွဲတွင်ရှိနေသူများမှ သေကံမရောက် အသက်မပျောက် ကျန်ခဲ့သူများမှာ ၁- ဝန်ကြီးဦးဘဂျမ်း၊ ၂။ ဝန်ကြီးဗျော်ဘွယ်ဦးမြ၊ ၃။ ဝန်ကြီးဦးအောင်ဇံဝေ နှင့် ၄။ အတွင်းဝန်ဦးရွှေဘော်တို့ ဖြစ်ကြလေသည်။ ဝန်ကြီးဦးကျော်ငြိမ်းမှာ နိုင်ငံခြားရောက်နေ၍လည်းကောင်း၊ ဝန်ကြီးဦးဝမ်းကိုဟော၊ ဝန်ကြီးဆမားဒူးဝါးဆင်ဝါးနောင်နှင့် ဝန်ကြီးစောစံဘိုးသင်တို့မှာ နယ်ထွက်နေကြသဖြင့် ကံကောင်းသူများ ဖြစ်ခဲ့ကြလေသည်။ ဇူလိုင်လ ၁၉ ရက်နေ့ကား ဗမာပြည်နိုင်ငံရေးသမိုင်းတွင် အမည်းကွက်ကြီး စွန်းထင်သည့်နေ့၊ မိုးသက်မုန်တိုင်းကျသည့်နေ့ကြီး ဖြစ်ခဲ့လေပြီ။

■



၁၉၄၈ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်နေ့ (ပထမဆုံးလွတ်လပ်ရေးနေ့)က သမ္မတအိမ်တော်၌ အလံတင်အခမ်းအနားပြုလုပ်စဉ်။

လွတ်လပ်ပြီ လွတ်လပ်ပြီ တို့ပြည်လွတ်လပ်ပြီ

တစ်ပိုလ်တက် တစ်ပိုလ်ဆင်း

ဇူလိုင်လ ၁၉ ရက်ကား ဗမာပြည်သူတိုင်းရင်းသားတိုင်း မမေ့နိုင်သော နေ့ကြီးဖြစ်ခဲ့ရလေပြီ။ ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခံရ၍ ကျဆုံးကြသောသတင်းမှာ တစ်မုဟုတ်ချင်းဆိုသလို ရန်ကုန်နှင့် တစ်ပြည်လုံးသို့ ပျံ့နှံ့လာလေပြီ။ အံကြိတ်သူကြိတ်၊ လက်ရုံးတန်းသူတန်း၊ ငိုသူငို ဖြစ်ကုန်ကြသည်။ ကြိမ်မီးအုံးသို့ ယူကျုံးမရဖြစ်ကြသည်။ ရန်သူကိုလည်း မှန်းဆသိနိုင်ကြသည်ဖြစ်၍ သေနတ်ဆွဲ၍ လက်စားချေရေးအတွက် စည်းရုံးကုန်ကြပြီ။ ဤအချိန်တွင် တရားလက်လွတ်မဖြစ်ကုန်ရန် ထိန်းရသိမ်းရမည်မှာ ကျန်ရစ်ခဲ့သည့် ခေါင်းဆောင်ပိုင်း၏ ကြီးလေးသော တာဝန်ဖြစ်လေသည်။ ကျဆုံးသည့် ခေါင်းဆောင်ကြီးတို့၏ လမ်းစနှင့်လမ်းစဉ်ကို နယ်ချဲ့ဆက်လက်အကောင်အထည်ဖော်ရမည့်တာဝန်ကလည်း ရှိသေးသည်။ ခေါင်းဆောင်များ ညီညီညွတ်ညွတ်နှင့် ခေါင်းအေးအေးရှိကြမှ ဖြစ်ပေမည်။ ကျန်ရှိသော ဖ. ဆ. ပ. လ အဖွဲ့ချုပ်မှ အလုပ်အမှုဆောင်များနှင့် လက်အောက်ခံအဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များကို ပြည်သူ ရဲဘော်ဌာနချုပ် (လောင်းဝစ္စလမ်း၊ ယခု မင်းကွန်းရိပ်သာ) တွင် အရေးပေါ် စုရုံး၍ စည်းဝေးပြီးလျှင် ခေါင်းဆောင်ကြီးတို့ လုပ်ခဲ့သည့်လက်စနှင့် လုပ်ငန်းစဉ်ကို အနိုင်မခံ အရှုံးမပေး တစ်ပိုလ်ကျတစ်ပိုလ်

တက်စနစ်ဖြင့် ဆုံးခန်းတိုင် တိုက်ပွဲဝင်ကြရန် ဆုံးဖြတ်ကြသည်။ ဦးနု ဥက္ကဋ္ဌ၊ ဦးဗဆွေကို အထွေထွေ အတွင်းရေးမှူးချုပ်တင်၍ အလုပ်အမှုဆောင်အဖွဲ့ကို ပြန်လည်ဖွဲ့စည်းကြသည်။ လုပ်ငန်းစဉ်များချမှတ်၍ တာဝန်ခန့်ခွဲမှုများ လုပ်ခဲ့ကြသည်။ ဒေါသထွက်နေသည့်လူထု၊ မခံမရပ်နိုင်ဖြစ်နေသည့် လူငယ်လူရွယ်ရဲဘော်များကို ပေါက်ကွဲမှုမဖြစ်အောင် ထိန်းရသိမ်းရသည့် အလုပ်ကား လွယ်ကူလှသည်မဟုတ်။ စည်းကမ်းကောင်း၍ ခေါင်းဆောင်မှု ညီညွတ်၍သာ ဖြစ်နိုင်သည်။ ကျန်ခဲ့သော သားမယား၊ ဆွေမျိုးသားချင်းကို နှစ်သိမ့်ရသည်မှာလည်း ကြေကွဲဖွယ်ကောင်းလှပါသည်။

ရဲအဖွဲ့ကလည်း လုပ်ကြံမှုခေါင်းဆောင် ဦးစောနှင့် လူသတ်ကောင်များကို လုပ်ကြံသည့် လက်နက်များနှင့်တကွ ထိုနေ့အတွင်း နာရီပိုင်းမှာပင် ဖမ်းဆီးနိုင်ခဲ့သည်။ ထိုမျှမက (ဘီအိုစီ)မှ လက်မှတ်တုဖြင့် ထုတ်ယူထားသည့် ဘရင်းဂန်းအချို့ကိုလည်း ပီပါပုံးများဖြင့် အလုံပိတ်၍ ဦးစော၏ အိမ်ပတ်ဝန်းကျင် အင်းယားကန်အတွင်း မြုပ်နှံထားရာမှ ဖော်ထုတ်နိုင်ခဲ့သည်။ နယ်များသို့ ဖြန့်ထားသော လက်နက်နှင့် ကျည်ဆန်များကိုလည်း သာယာဝတီနှင့် ဖျာပုံခရိုင်များမှ အားလုံးလိုလို ပြန်၍သိမ်းနိုင်ခဲ့သည်။

နောက်နေ့ ဇူလိုင်လ ၂၀ ရက်နေ့တွင် ဦးနုက ဘုရင်ခံနှင့်တွေ့ဆုံပြီး အစိုးရအဖွဲ့ကိုဦးစီး၍ အသစ်ပြန်လည်ဖွဲ့စည်းနိုင်ခဲ့သည်။ ဤသို့ အခြိန်မီတရားခံများကို ဖမ်းဆီးနိုင်ခြင်း၊ ဖ. ဆ. ပ. လ က အစိုးရအဖွဲ့ကို အခြိန်မီပြန်လည်ဖွဲ့စည်းနိုင်ခြင်းများက အခြေအနေကို ထိန်းသိမ်းရာတွင် များစွာအထောက်အပံ့ဖြစ်စေခဲ့လေသည်။

အဓိဋ္ဌာန်ပြုကြသည်

လုပ်ကြံမှုကြီးနှင့်ပတ်သက်၍ လူသတ်ကောင် တရားခံများ၏ သွားရာလမ်းကိုကား လူတိုင်းသိပြီးဖြစ်၍ မရေးလိုတော့ပြီ။

ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများ၏ ရုပ်အလောင်းများကိုကား ရုပ်မပျက် မပုပ်မသိုးရလေအောင် ဆေးစီရင်၍ ခမ်းနားစွာပြင်ဆင်ပြီး ဂျူဗလီဟောတွင် ထားခဲ့သည်။ ဗမာပြည်လုံးဝလွတ်လပ်ရေးရရှိပြီးမှ ကြီးကြီးကျယ်ကျယ် သင်္ဂြိဟ်ရန် ဆုံးဖြတ်ကြသည်။ ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ် ကျောက်တိုင်ရုပ်တုမှစ၍ ပန်းမန်ဥယျာဉ် အဆောက်အအုံများ

ထူထောင်ရေး၊ အာဇာနည်ဗိမာန် တည်ဆောက်ရေးကိုလည်း စီရင်ခဲ့ကြသည်။ ကျန်ခဲ့သည့် သားမယားတို့၏ နေထိုင်ရေးများကိုလည်း ဆောင်ရွက်ပေးခဲ့ကြသည်။

ရန်ကုန်နှင့်တကွ ဗမာပြည်အရပ်ရပ်မှ အဖွဲ့အစည်းပေါင်းစုံ၊ လူထုအသီးသီးတို့လည်း ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများထားရာ ဂျူဗလီဟောသို့ နေ့မပြတ် နာရီမစဲ ချီတက်ကာ အလေးပြုကြသည်။ ခေါင်းဆောင်ကြီးတို့ ရည်မှန်းသည့်ပန်းတိုင်သို့ ၎င်းတို့ချမှတ်ခဲ့သည့် လမ်းစဉ်အတိုင်း တစ်သဝေမတိမ်း ချီတက်ကြရန် အဓိဋ္ဌာန်ပြုကြသည်။ ဗမာပြည်အနှံ့အပြားတွင်လည်း လူထုအစည်းအဝေးပွဲကြီးများကျင်းပ၍ ခေါင်းဆောင်ကြီးများကို အလေးပြုခြင်း တိုင်တည်ကာ အဓိဋ္ဌာန်ဝင်ကြသည်။ ပြည်သူလူထုကြီးကား ရန်သူတို့မျှော်မှန်းသလို ဖရိုဖရဲမဖြစ်၊ ပရမ်းပတာမလုပ်၊ ပို၍ သွေးစည်း၊ ပို၍ညီညွတ်၊ ပို၍အုံကြွကာ အဓိဋ္ဌာန်ပြင်းပြခဲ့ကြသည်။ တိုင်းရင်းသားစည်းလုံးမှုလည်း ဆတက်ထမ်းပိုး တိုး၍ ခိုင်မြဲခဲ့ကြသည်။

လူသတ်ဝါဒရှုတ်ချပွဲများ

နိုင်ငံရေးလုပ်ကြံမှုနှင့်ပတ်သက်၍ ဤစက်ဆုပ်ဖွယ်၊ ရွံရှာဖွယ်ကောင်းလှသော လူမဆန်သည့် အလားတူဖြစ်ရပ်များ ဗမာပြည်တွင် နောက်ထပ်မပေါ်ပေါက်စေရန် ဖ. ဆ. ပ. လ မှ ခေါင်းဆောင်၍ ဗမာပြည်အနှံ့အပြား လူသတ်ဝါဒ ရှုတ်ချပွဲများ၊ လူသတ်ဝါဒကို ရှေးရှုစေသည့် လက်နက်ပုန်း ဖော်ထုတ်ရေးများကို အပြင်းအထန် ဆောင်ရွက်ခဲ့သည်။ ဤကိစ္စတွင် သိန်းသန်းကွန်မြူနစ်ပါတီကလည်း ဖ. ဆ. ပ. လ နှင့် လက်တွဲကာ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ လူသတ်ဝါဒ ရှုတ်ချပွဲများ၌ ပါတီစုံနှင့် လူထုတစ်ရပ်လုံးက ပါဝင်ထောက်ခံကြသဖြင့် အားရဖွယ်ကောင်းလှသော်လည်း လက်နက်ပုန်းဖော်ထုတ်ရေးမှာမူ မျှော်မှန်းသည့်အတိုင်း အောင်မြင်သည်ဟု မဆိုနိုင်ခဲ့ပေ။ ပထမပိုင်းတွင် ဆိုရှယ်လစ်ပါတီ၊ ပြည်သူ့ရဲဘော်နှင့် ပြည်သူလူထုတို့က မိမိတို့ လက်နက်ပုန်းများကို ရိုးသားစွာ ဖော်ထုတ်ပေးအပ်ကြသော်လည်း ကွန်မြူနစ်ပါတီက ဟန်ပြရုံ သုံးမရသည့် အကျိုးအပဲ့ပျက်စီးနေသည့် လက်နက်များကိုသာ မရိုးမဖြောင့် ပေးအပ်ကြသည်။ တကယ်ရှိသည့်လက်နက်ပုန်းများကို မဖော်ထုတ်၊ မပေးအပ်ခဲ့ကြပေ။ နောက်ပိုင်းတွင် ကျန်ပါတီများ

ကလည်း ကွန်မြူနစ်ပါတီကို မယုံကြည်တော့သဖြင့် ကျန်လက်နက်ပုန်းများကို မဖော်ပေး၊ မအပ်ပေးကြတော့ချေ။

စာရေးသူ၏သန္ဒ

(ကျွန်ုပ်သည် ဤတော်လှန်ရေး၏ မြှုပ်ကွက်ရှုပ်ကွက်များ ဆောင်းပါးရှည်ကြီးကို ရေးသားရာတွင် ပထမပိုင်းအနေဖြင့် တော်လှန်ရေးသမိုင်း လွတ်လပ်ရေးပိုင်းကို ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့အထိ တင်ပြရန် ရည်ရွယ်ခဲ့ပါသည်။ ယနေ့အထိ သမိုင်းစစ်၊ သမိုင်းမှန်ကို သိလိုသူတို့ ကွင်းဆက်မှန်မှန်ဖြင့် လေ့လာနိုင်ရန် ပုံကြမ်းကို အတင်းတွန်း၍ သွန်းခဲ့၊ လောင်းခဲ့၊ ဖော်ခဲ့ပါသည်။ ဤသို့ စေတနာသန့်သန့်ဖြင့် အတင်းတွန်း၍ ပုံကြမ်းသွန်းခဲ့မိသဖြင့် မှတ်တမ်းတင်အပ်သောဖြစ်ရပ်များ၊ သမိုင်းတွင် မဖော်မဖြစ်သော မြှုပ်ကွက်များ၊ မရှင်းမဖြစ်သည့် ရှုပ်ကွက်များကို မှတ်တမ်းမတင်၊ မဖော်မရှင်းဘဲ ပြည့်စုံပြီဟု ဆိုနိုင်မည်မဟုတ်ပေ။ ၎င်းအကြောင်းရပ်များကို နောက်ကြောင်းပြန်၍ ကောက်နိုင်ဖို့ အရေးကြီးပါသည်။ ယခု ဆက်လက်တင်ပြရမည့် သမိုင်းစဉ်မှာလည်း ရှင်း၍ လူတိုင်းလိုသိပြီးဖြစ်ကြပါသည်။ ထို့ကြောင့် အကျယ်မချဲ့တော့ဘဲ အကျဉ်းချုံး၍ အဆုံးသတ်လိုပါသည်။ ယခုအခါ ၂၄ ကြိမ်မြောက် လွတ်လပ်ရေးနေ့ကြီးကို ကျင်းပကြရန် ပြင်ဆင်နေချိန်နှင့် တိုက်ဆိုင်သဖြင့် ဆီလည်းဆီလျော်လှပါသည်။ ဒါမှ နောင်ကြောင်းပြန်၍ မှတ်တမ်းတင်အပ်သည့် ဖြစ်ရပ်များ၊ ဖော်အပ်သည့် မြှုပ်ကွက်များ၊ ရှင်းအပ်သည့် ရှုပ်ကွက်များကို မြန်မြန်ကောက်၍ ကျွန်ုပ်၏ ဆောင်းပါးပထမပိုင်းကို နိဂုံးချုပ်နိုင်မည် ဖြစ်လေသည်။)

(ပုံ) ဗဆွေ

အနိုင်မခံအရှုံးမပေး

ကျွန်ုပ်တို့သည် ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရသည်ကို ကြာရှည်ပူဆွေးနေဖို့ အခွင့်မရပါပေ။ ခေါင်းဆောင်ကြီးတွေ မျှော်မှန်းခဲ့သည့်ပန်းတိုင်၊ ယုံကြည်စွာ ချမှတ်ခဲ့သည့်လမ်းစဉ်၊ လုပ်လက်စ လုပ်ငန်းရပ်များကို တစ်ဗိုလ်ကျတစ်ဗိုလ်တက်စနစ်ဖြင့် အနိုင်မခံ အရှုံးမပေး အဆုံးတိုင်အောင် ချီတက်ကြ

ရမည် မဟုတ်ပါလော။

လုပ်ကြံမှုတရားခံများကို အချိန်မီဖော်ထုတ်နိုင်ခြင်း၊ ဖ. ဆ. ပ. လ အစိုးရကို အချိန်မီပြန်လည်ဖွဲ့စည်းနိုင်ခြင်း၊ တာဝန်ရှိခေါင်းဆောင်ပိုင်းက ခေါင်းအေးအေးဖြင့် ရှေ့ဆောင်နိုင်ခြင်းတို့ကြောင့် ပြည်သူလူထု၏ ပေါက်ကွဲမှုများကို ထိန်းနိုင်ခဲ့သည်။ ပြည်ထောင်စုကြီး ဖရိုဖရဲဖြင့် ပရမ်းပတာမဖြစ်အောင် ထိန်းသိမ်းနိုင်ခဲ့သည်။ ထိုထက်မက ပြည်သူလူထုတစ်ရပ်လုံးမှာ နယ်ချဲ့ပယောဂမကင်းသည်ကို သိမြင်ကြသည့်အတိုင်း ပို၍နိုးကြား၊ ပို၍စည်းရုံး၊ ပို၍ခိုင်မြဲသော အဓိဋ္ဌာန်ကို ချနိုင်ခဲ့ကြသည်။ ကျဆုံးသောခေါင်းဆောင်များတွင်လည်း တိုင်းရင်းသားစုံ သွေးရောခဲ့ကြသဖြင့် တိုင်းရင်းသားစည်းလုံးမှုကြီးမှာလည်း အရှိန်ကြီးမားစွာဖြင့် တိုးတက်ခဲ့ကြသည်။

ဖ. ဆ. ပ. လ အဖွဲ့ချုပ်သည် တစ်ဗိုလ်ကျတစ်ဗိုလ်တက်စနစ်ဖြင့် အခြေအနေအရပ်ရပ်ကို ပိုင်ပိုင်နိုင်နိုင် ထိန်းသိမ်းပြီးနောက် ခေါင်းဆောင်ကြီးတို့၏ လက်စများကို ချမှတ်ထားသည့် အချိန်ဇယားအတိုင်း ပြီးပြတ်နိုင်ရန် အားသွန်ကြိုးပမ်းခဲ့ကြသည်။ 'တစ်နှစ်အတွင်း လွတ်လပ်ရေးရရမည်'ဟု ဗိုလ်ချုပ်အောင်ဆန်းက ကတိပေးခဲ့သည်။ ဖ. ဆ. ပ. လ ကလည်း 'တစ်နှစ်အတွင်း လွတ်လပ်ရေးသို့'ဟု ကြွေးကြော်ခဲ့သည်။ ဤကတိ၊ ဤကြွေးကြော်ချက်ကို အကောင်အထည်ဖော်ရေးသည် အဓိကအရေးမဟုတ်ပါလော။

အခြေခံဥပဒေ

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ရေးဆွဲရေးကိုလည်း နေ့မီးညမီး မပြတ် ပြန်လည်စနိုင်ခဲ့ပါပြီ။ ပြည်ထောင်စုတိုင်းရင်းသားတို့ စည်းလုံးမှုခိုင်မြဲလာကြသည်နှင့်အမျှ၊ ယုံကြည်ကိုးစားမှု ရင့်သန်လာကြသည်နှင့်အမျှ နိုင်ငံရေးအမြင်မှန်၊ အသိမှန်ဖြင့် နီးကြားလာကြသည်နှင့်အမျှ၊ အပေးအယူအလျှော့အတင်း ပြေပြစ်ချောမောခဲ့ကြသည်။ ထို့ကြောင့်လည်း ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကြမ်းကို ၁၉၄၇ ခုနှစ် စက်တင်ဘာလဆန်းပိုင်းတွင် အပြီးအပိုင်ရေးဆွဲ၍ တိုင်းပြုပြည်ပြုလွှတ်တော်သို့ တင်နိုင်ခဲ့သည်။ တိုင်းပြုပြည်ပြုလွှတ်တော်တွင် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးကြပြီးနောက် ၁၉၄၇ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် တညီတညွတ်တည်း အတည်ပြုခဲ့ကြလေ

သည်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကြမ်း ရေးဆွဲသည်မှ အတည်ပြုသည် အထိ ထိုစဉ်က တိုင်းပြုပြည်ပြုလွှတ်တော်တွင် ပါဝင်ခဲ့ကြသည့် ကွန်မြူနစ် အမတ်များကလည်း အပြုသဘောဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ဝိုလ်ချုပ်ချမှတ်ခဲ့သည့်အတိုင်း

ထိုအချိန် ထိုအခါကား ဘိလပ်ပါလီမန်လည်း ကျင်းပနေချိန်ဖြစ်သည်။ အချိန်မီရေးဆွဲ၍ တိုင်းပြုပြည်ပြုလွှတ်တော်က တညီတညွတ်တည်း အတည်ပြုလက်ခံခဲ့သည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ဘိလပ်အစိုးရက ပါလီမန်သို့ တင်နိုင်ရန် ပေးပို့ခဲ့သည်။ အခြေခံဥပဒေအရ လုံးဝလွတ်လပ်သော မြန်မာသမ္မတ ပြည်ထောင်စုနိုင်ငံတော် ထူထောင်ရေးအတွက် ဘိလပ်အစိုးရနှင့် ရှေ့ပြေးဆွေးနွေးနိုင်ရန် (၁) ဗိုလ်မှူးအောင်၊ (၂) မန်းဝင်းမောင်၊ (၃) မိုးမိတ်စော်ဘွားကြီး စောခွန်ချို၊ (၄) ဝမ်းကိုဟော၊ (၅) ဦးကိုကိုကြီး၊ (၆) ဦးအေးမောင်၊ (၇) ဦးတင်ထွဋ် နှင့် (၈) လဘန်ဂရောင်းတို့ပါဝင်သည့် ကော်မရှင်အဖွဲ့တစ်ခုကိုလည်း စေလွှတ်ခဲ့လေသည်။ ထို ရှေ့ပြေးကော်မရှင်အဖွဲ့က ဘိလပ်အစိုးရကိုယ်စားလှယ်များနှင့် အခြေခံအချက်များကို ပြေလည်အောင် ဆွေးနွေးခဲ့ကြသည်။ ထို့နောက် (၁) ဦးနု၊ (၂) ဗိုလ်လက်ျာ နှင့် (၃) ဗိုလ်ထွန်းလင်းတို့အဖွဲ့ လိုက်သွားကာ ၁၉၄၇ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့တွင် 'နု-အက်တလီ'စာချုပ်ခေါ် အင်္ဂလိပ်-ဗမာ လွတ်လပ်ရေးစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့လေသည်။ ထိုစာချုပ်အရ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ဗမာပြည်အား လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင် မြန်မာသမ္မတ ပြည်ထောင်စုနိုင်ငံတော်အဖြစ်ဖြင့် အသိအမှတ်ပြုကာ အာဏာလွှဲအပ်ပေးရန် သဘောတူညီခဲ့ကြလေသည်။

ဤ နု-အက်တလီစာချုပ်နှင့်အတူ ဗမာပြည်လွတ်လပ်ရေးဥပဒေကြမ်းကို ဗြိတိသျှပါလီမန်က ၁၉၄၇ ခုနှစ် နိုဝင်ဘာလ *၁၄ ရက်နေ့တွင် သဘောတူ အတည်ပြုခဲ့ကြသည်။

"အကြမ်းပတမ်းဖြစ်ရင်လည်း ဒီလောက်ပဲ၊ ဒီအတိုင်းသွားလည်း ဒီလောက်ပဲဆိုတဲ့ အခြေအနေမျိုးဆိုရင်တော့ ကျွန်တော်တို့အဖို့မှာ ဘယ်သူ ဘာပြောပြော အကြမ်းမကိုင်ဘဲနဲ့ လွတ်လပ်ရေးအာဏာသိမ်းနိုင်အောင်

* ဗမာပြည်လွတ်လပ်ရေးဥပဒေကြမ်းကို ဗြိတိသျှပါလီမန်ကအတည်ပြုသည့် ရက်စွဲနှင့်ပတ်သက်၍ အချို့မှတ်တမ်းများ၌ ကွဲလွဲမှုများ ရှိသည်ကို စာအုပ်နောက်ဝိုင်းတွင် ဖော်ပြထားပါသည်။

လုပ်မှာပဲ" ဟု ဗိုလ်ချုပ်အောင်ဆန်းက ဆိုခဲ့သည်။ မိမိ၏လမ်းစဉ်ကို ယုံကြည်သဖြင့်လည်း 'တစ်နှစ်အတွင်း လွတ်လပ်ရေးရမည်'ဟု တိုင်းပြည်သို့ ရဲရဲကြီး ကတိပေးခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း၏လမ်းစဉ်မှန်ကန်မှု၊ လုပ်ငန်းစဉ်မှန်ကန်မှု၊ ခေါင်းဆောင်မှုမှန်ကန်မှု၊ ပြည်သူလူထုတို့ ယုံကြည်စွာထောက်ခံမှုနှင့် အခြေအနေအရပ်ရပ်ပေါင်းစပ်ကာ ဗမာ့လွတ်လပ်ရေးကား ကမ္ဘာ့သမိုင်းတွင် ထူးကဲစွာ အောင်ပွဲများရရှိလျက် ရှိလေပြီ။ ယခုအချိန်တွင် ငြိမ်းချမ်းစွာ အာဏာလွှဲယူနေမှု၊ လွတ်လပ်ရေးရယူမှုများမှာ ရိုးနေသော်လည်း ထိုစဉ်က ထူးကဲသော ထူးခြားမှုကြီးတစ်ရပ်ပင် ဖြစ်လေသည်။ ထို့ကြောင့်လည်း ထိုအချိန်က အတိုက်အခံတို့က 'မတိုက်ဘဲရသော လွတ်လပ်ရေးသည် အတုအယောင်သာဖြစ်သည်'ဟု ရွှတ်ချ ပုတ်ခတ်ခဲ့ကြသည် မဟုတ်ပါလော။

ဗိုလ်ချုပ်အောင်ဆန်း၏လမ်းစဉ်သည် လွတ်လပ်ရေးတိုက်ပွဲတွင် မှန်ကန်သလို လွတ်လပ်ရေးထိန်းသိမ်းမှု၊ နိုင်ငံထူထောင်မှုများတွင်လည်း မှန်ကန်မည်သာ ဖြစ်လေသည်။

တစ်နှစ်အတွင်း

ဗိုလ်ချုပ်အောင်ဆန်း၏လမ်းစဉ်အရ လွတ်လပ်ရေးကား ငြိမ်းချမ်းစွာ အာဏာလွှဲယူမှုဖြင့် အကောင်အထည်ဖော်နိုင်ပါတော့မည်။ ဗိုလ်ချုပ်၏ ကတိအတိုင်း၊ ဖ. ဆ. ပ. လ ၏ ကြွေးကြော်သံအတိုင်း တစ်နှစ်အတွင်းလည်း ဖြစ်ဖို့ရာ သေချာပါပြီ။

တစ်ဖက်တွင် အာဏာလွှဲပြောင်းယူမှုနှင့် လွတ်လပ်ရေးအောင်ပွဲ ခြိမ့်ခြိမ့်သဲ ကျင်းပနိုင်မှုအတွက် ပြင်ဖို့ဆင်ဖို့လိုသလို တစ်ဖက်တွင်လည်း လွတ်လပ်ပြီးနောက် ပြည်ထောင်စုကြီးထိန်းသိမ်းမှု၊ ထူထောင်မှုအတွက်စီရစဉ်ရပေဦးမည်။

လွတ်လပ်ရေး အာဏာလွှဲပြောင်းယူမှုနှင့် အောင်ပွဲကျင်းပမှုအတွက် ဗမာကော်မတီကြီးနှင့် ကော်မတီငယ်အသီးသီး ဖွဲ့စည်း၍ ပြင်ကြ ဆင်ကြ လုပ်နေကိုင်နေကြပါပြီ။ ဗမာအစိုးရနှင့် အင်္ဂလိပ်အစိုးရတို့သည် အသေးစိတ်များ ပြောကြ ဆိုကြပါပြီ။

လွတ်လပ်ပြီး အနာဂတ်ပြည်ထောင်စုကြီး ထိန်းသိမ်းမှု၊ ထူထောင်

မှုအတွက်လည်း ၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့မှ ၂၃ ရက်နေ့အထိ ဒုတိယအကြိမ်မြောက် ဖ. ဆ. ပ. လ ပြည်လုံးကျွတ်ညီလာခံကြီးကို ရန်ကုန်မြို့၊ မြို့မကျောင်းရှေ့ရှိ မြင်းပြိုင်ကွင်းဟောင်းကြီးတွင် ခမ်းနားစွာ ခေါ်ယူကျင်းပကြသည်။ ထိုညီလာခံကြီးတွင် နိုင်ငံလုံးဆိုင်ရာ ဗဟိုဦးစီးအဖွဲ့ကို အသစ်ပြန်လည်ရွေးကောက်တင်မြှောက်ကြသည်။ ဦးနု ဥက္ကဋ္ဌ၊ စာရေးသူ ဦးဗဆွေ အထွေထွေအတွင်းရေးမှူးချုပ်တို့ ပါဝင်သည့် အလုပ်အမှုဆောင်အဖွဲ့သစ်ကိုလည်း ပြန်လည်ဖွဲ့စည်းခဲ့ကြသည်။ အနာဂတ်လွတ်လပ်သော ပြည်ထောင်စုကြီး ထိန်းသိမ်းရေးနှင့် ထူထောင်မှုအတွက် အရေးကြီးသည့် အဆိုကြီး ၁၄ ရပ်ကိုလည်း ချမှတ်ခဲ့ကြသည်။

ထို ညီလာခံကြီးတွင် ကျွန်ုပ်သည် အထွေထွေအတွင်းရေးမှူးချုပ်အဖြစ်ဖြင့် ပြည်သူလူထုနှင့် နိုင်ငံရေးသမားများ နိုင်ငံရေးလွတ်လပ်မှုဖြင့် ရောင့်ရဲတင်းတိမ်နေမည်ကိုစိုး၍လည်းကောင်း၊ နိုင်ငံရေးလွတ်လပ်မှုနှင့်မပြီးသေး၊ စီးပွားရေးလွတ်လပ်မှု၊ လူမှုရေးလွတ်လပ်မှုနှင့် နိုင်ငံထူထောင်မှုကို မျက်ခြည်မပြတ်စေလို၍လည်းကောင်း၊ နိုင်ငံရေးလွတ်လပ်မှုရှိသော်လည်း နယ်ချဲ့ရန် နယ်ချဲ့အန္တရာယ်များရှိနေသေး၍ နယ်ချဲ့ခြေကုပ်များကို ဖြုတ်ချရဦးမည်ကို သတိပေးလို၍လည်းကောင်း လွတ်လပ်ရေးရရှိခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း အစီရင်ခံခဲ့လေသည်။

မျက်ခြည်မပြတ်စေလို၍

ဤသို့လျှင် ဗမာပြည်အာဏာလွှဲပြောင်းရေးသည် ကမ္ဘာ့ရာဇဝင်တွင် မကြုံစဖူးအောင် ထူးကဲစွာဖြစ်ပေါ်လာရခြင်းနှင့်ပတ်သက်၍ အောက်ပါအချက်များကို သတိပြုရန်လိုလေသည်။ ထိုအချက်များသည် လွတ်လပ်ရေးအတွက်သာ အရေးကြီးသည်မဟုတ်။ လွတ်လပ်ရေးတည်မြဲမှု၊ တိုင်းပြည်နှင့် လူမျိုးတိုးတက်ကြီးပွားမှုများတွင်လည်း သင်ခန်းစာဖြစ်လိမ့်မည် ဖြစ်လေသည်။

နယ်ချဲ့သမားများသည် ဗမာပြည်ကို လုံးဝလွတ်လပ်ရေးပေးရခြင်းသည် ဗမာတိုင်းရင်းသားများအပေါ် ချစ်လွန်း ခင်လွန်း စေတနာရှိလွန်း၍ မဟုတ်ပေ။ ဗမာပြည်ကို လုံးဝလွတ်လပ်ရေးမပေးလျှင် မဖြစ်နိုင်သည့် အောက်ပါအချက်များကြောင့်သာ ပေးရခြင်းဖြစ်သည်ကို သတိပြုရန်လိုလေသည်။

ပထမအချက်ဖြစ်သော ကမ္ဘာ့အခြေအနေပြောင်းလဲမှုကို အထူးဖော်

ပြရန် မလိုချေ။

ဒုတိယအချက်ဖြစ်သည့် ဗမာပြည်အပေါ် တိုက်ရိုက်လွှမ်းမိုးနေသော ဗြိတိသျှနယ်ချဲ့နိုင်ငံ၏ အခြေအနေမှာ ပြည်တွင်းစီးပွားရေးကျပ်တည်းမှုနှင့် ပြည်ပကိုလိုနိုနိုင်ငံများ ထကြွတော်လှန်ရေးအခက်အခဲနှစ်ခုကြားတွင် ကြုံတွေ့နေရသည်။ ထို့ပြင်လည်း လက်ရှိ ဗြိတိသျှလေဘာအစိုးရသည် -

(က) ၎င်းတို့နည်းအရ ၎င်းတို့၏တိုင်းပြည်တွင် ဆိုရှယ်လစ်ကုန်ထုတ်စီးပွားရေးစနစ်ကို ထူထောင်လိုခြင်း၊

(ခ) ကမ္ဘာ့နယ်ချဲ့စနစ်ကြီး ပြိုကွဲပျက်ပြား၍ နာလန်မထူနိုင်တော့မည့် အဖြစ်ကို မြင်ခြင်း၊

(ဂ) ဗမာပြည်၏ ပြည်တွင်းအခြေအနေအရ အသာတကြည်ဖြင့် လွတ်လပ်ရေးကိုမရနိုင်လျှင် လက်နက်ကိုင်တော်လှန်မည်ကို အတပ်သိခြင်း၊

(ဃ) ဗမာပြည်တွင် တော်လှန်ပုန်ကန်မှုဖြစ်ပေါ်လာလျှင် ကျန်ကိုလိုနိုနိုင်ငံများသို့ ကူးစက်ပျံ့နှံ့ရုံမက ဗြိတိသျှပြည်တွင်းအခြေအနေလည်း ပိုမိုဆိုးရွားလာမည်ကို နားလည်ခြင်း။

နောက်ဆုံး အရေးအကြီးဆုံးအချက်မှာ ဗမာပြည်၏ ပြည်တွင်းအခြေအနေဖြစ်လေသည်။ ဗမာပြည်၏ ပြည်တွင်းအခြေအနေကိုကြည့်လျှင် လွတ်လပ်ရေးမပေးလျှင်မဖြစ်သည့် အောက်ပါအချက်များကိုတွေ့ရမည်ဖြစ်လေသည်။

(က) ဗမာပြည်၏ကံကြမ္မာကို ရှေ့ဆောင်ဖန်တီးနေသော ဖ. ဆ. ပ. လ အဖွဲ့ချုပ်ကြီး၏ တိုက်ပွဲပရိယာယ်မှန်မှု၊

(ခ) အဟုန်ကြီးမားစွာ တက်ကြွလျက်ရှိသော လူထုအုံကြွမှု၊

(ဂ) မကြုံစဖူးသော တိုင်းရင်းသားများစည်လုံးမှု၊

(ဃ) ဖ. ဆ. ပ. လ အဖွဲ့ချုပ်သည် ပြုပြင်ရေး (ငြိမ်းချမ်းရေး)အသွင်များဖြင့်သာ လွတ်လပ်ရေးကို အရေးဆိုနေသည်မဟုတ်။ အနုဖြင့်မရလျှင် အကြမ်းဖက်ရန် ထင်ရှားသော တပ်လှန့်မှုများ၊

(င) သီပေါမင်းပါသည်မှအစ ကွင်းဆက်သဘော အနုအကြမ်း ရောပွမ်း၍ ဖြစ်ပေါ်ခဲ့သော လွတ်လပ်ရေးတိုက်ခိုက်မှုများ။

ဤသို့သော အချက်အလက် အခြေအနေများ၊ အရေအတွက်အား

ဖြင့် အကြိမ်ပေါင်းများစွာ တိုက်ခိုက်ခဲ့ကြရသော တိုက်ပွဲများမှ ယခုကဲ့သို့ တစ်ခုသောအချိန်တွင် လုံးဝလွတ်လပ်ရေးတည်းဟူသော အရည်အချင်းသို့ ပြောင်းလဲ၍သွားရခြင်းဖြစ်သည်ကို မမေ့သင့်ပေ။ ဤအချက်အလက်များသည် လုံးဝလွတ်လပ်ရေးတိုက်ခိုက်မှုများတွင် အရေးကြီးသလို လွတ်လပ်ရေးတည်မြဲမှုတွင်လည်း သာလွန်၍ လိုအပ်သည်ကို သတိပြုရပေမည်။

နောက်ဆုံး လွတ်လပ်ရေးနှင့်ပတ်သက်၍ မမေ့နိုင်၊ မမေ့ထိုက်သော ပုဂ္ဂိုလ်မှာ ဗိုလ်ချုပ်အောင်ဆန်းပင် ဖြစ်သည်။ သူ၏ သူမတူအောင် ထူးကဲသော အရည်အချင်း၊ ခေါင်းဆောင်မှုနှင့် တိကျသောလုပ်ငန်းစဉ်များပင် ထို လွတ်လပ်ရေးတည်းဟူသောအကျိုးကို ဖြစ်ပေါ်စေသည့် အကြောင်းကြီး တစ်ရပ်ဖြစ်သည်ကို မှတ်တမ်းတင်ရလိမ့်မည် ဖြစ်လေသည် ဟူ၍ တင်ပြခဲ့သည်။ အစီရင်ခံစာမှာ ညီလာခံတွင် ဆွေးနွေးနိုင်ရန်ချုံး၍တင်ပြထားသည်ကို သတိပြုစေလိုပါသည်။

မော်ဟဆုံးနှင့် ပြုံးတုန်းချိန်ဝယ်

ဗမာတစ်ပြည်လုံး၊ ပြည်သူလူထုတစ်ရပ်လုံးလည်း လွတ်လပ်ရေးကို ကြိုကြဆိုကြ၊ လွတ်လပ်ရေးပွဲ ဆင်နွှဲကြရန် ပြင်ဆင်ကြခြင်းဖြင့် ပျော်တပြုံးပြုံး၊ ဘိုးစဉ်ဘောင်ဆက် အသက်သွေး၊ ချွေး၊ ဇွဲတို့ဖြင့် တိုက်ခိုက်ခဲ့ရသော လွတ်လပ်ရေးကြီး မိမိတို့လက်ထက်တွင် အကောင်အထည်ဖော်ရတော့မည် ဖြစ်၍ မော်မဆုံးကြ။

ဤအတွင်း မင်းသားကြီးမလုပ်ရ၍ ပတ်မကြီးထိုးဖောက်လိုသူ၊ မစားရသည့်အမဲ သဲပက်လိုသူတစ်စုကလည်း ရှိသေးသည်။ အလံနီ၊ အလံဖြူ ကွန်မြူနစ်များနှင့် အတိုက်အခံ အချို့က နု-အက်တလီစာချုပ်ကိုအမျိုးမျိုး အပြစ်ရှာ၍ ဝေဖန်ကြသည်။ လွတ်လပ်ရေးကိုလည်း အတုအယောင်ဖြစ်သလို လို ပုတ်ခတ်ကြသည်။ ဖ. ဆ. ပ. လ ခေါင်းဆောင်များကို ဆဲရေးကြသည်။ ဤကိစ္စကား ထူးဆန်းသည်ကတော့ မဟုတ်ပါပေ။ ဖ. ဆ. ပ. လ လုပ်သမျှ အောင်မြင်သမျှကို ဤသို့ပင် ဝေဖန်ပုတ်ခတ်ဆဲရေးခဲ့ကြသည် မဟုတ်ပါလော။ ဗိုလ်ချုပ်အောင်ဆန်းကလည်း အတိုက်အခံတို့၏ လုပ်ရပ်များနှင့်ပတ်သက်၍ တိုင်းပြည်သို့ အမြဲမပြတ် တင်ပြသတိပေးခဲ့သည်။ ထိုအထဲမှ အလျဉ်းသင့်၍ တစ်ခုကို ဖော်ပြရသော် -

"ယခု ဗမာပြည်မှာ ဖ. ဆ. ပ. လ ရှိတယ်၊ ဖ. ဆ. ပ. လ နဲ့ ဆန့်ကျင်ဘက်ဂိုဏ်းတွေ ရှိတယ်။ ဖ. ဆ. ပ. လ ဟာ ဗမာ့လွတ်လပ်ရေးကို တစ်နှစ်အတွင်းရအောင်လုပ်နေတယ်။ ဖ. ဆ. ပ. လ ရဲ့ ဆန့်ကျင်ဘက်ဂိုဏ်းတွေက ဖ. ဆ. ပ. လ ကို ဝိုင်းပြီးခြေထိုးနေကြတယ်။ လက်ရှိအခြေအနေရဲ့ အတိုချုပ်က ဒါပဲ။

အဲဒီအတိုချုပ်ကို ကျွန်တော် နည်းနည်းထပ်ပြီး ရှင်းပြဦးမယ်။ လွတ်လပ်ရေးဆိုတာ လေသံမကြားရတဲ့ဘဝက အကောင်အထည်ပေါ်လာတဲ့အထိ ဖ. ဆ. ပ. လ က လုပ်ပေးခဲ့တယ်။ အဲဒီအတိုင်းသာ မှန်မှန်လှမ်းသွားနိုင်ရင် လွတ်လပ်ရေးကြေညာပြီးတဲ့နောက် ဖ. ဆ. ပ. လ ရဲ့ လက်ထဲနိုင်ငံရေးအာဏာ ရောက်လာလိမ့်မယ်။

အဲ့ဒါကို ဖ. ဆ. ပ. လ ရဲ့ ဆန့်ကျင်ဘက်ဂိုဏ်းသားတွေ ကောင်းကောင်းသိတယ်။ ဒီဟာကို သိဖို့ကလည်း သိပ်ပြီးခက်တာမဟုတ်ဘူး။ နိုင်ငံရေးလိုက်စားသူတိုင်း ရှင်းရှင်းကြီးသိနေတဲ့ အချက်ပဲ။

အောင်ပြီ အောင်ပြီ တို့ အောင်ပြီ

အဲ့ဒီတော့ ဆန့်ကျင်ဘက်ဂိုဏ်းတွေဟာ ဖ. ဆ. ပ. လ နဲ့ ရိုးရိုးတန်းတန်းယှဉ်ပြိုင်ပြီး နိုင်ငံရေးအာဏာလုရအောင်ကလည်း တိုင်းပြည်လူထုကိုယ်တိုင်က ထောက်ခံခြင်းမရှိလေတော့ ထိထိရောက်ရောက် မတုနိုင်ကြဘူး။ အဲ့ဒီလို ရိုးရိုးတန်းတန်းမတုနိုင်တော့ သူတို့တစ်တွေ ဖ. ဆ. ပ. လ ကို ဝိုင်းပြီးခြေထိုးကြတာပဲ။ နိုင်ငံရေးမှာ မစားရတဲ့အမဲ သဲနဲ့ပတ်တယ်ဆိုတာ ဒါပဲ။ ကောင်းကောင်းသာ မှတ်ထားလိုက်ကြပေတော့" ဟူ၍ ရှင်းရှင်းကြီးဆိုခဲ့သည်။ (လမ်းနှစ်ခွအသံလွှင့်မိန့်ခွန်းမှ)

အချိန်ကား တရွှေ့ရွှေ့ဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့သို့ တိုင်ခဲ့ပြီ။ ထိုနေ့နံနက် ၄ နာရီအချိန်တွင် ဘုရင်ခံအိမ်တော်ဝင်းအတွင်း လွှင့်ထူထားသော ယူနီယံဂျက် ခေါ် ဗြိတိသျှအလံတော်ကို နောက်ဆုံးအလေးပြုခြင်းအနေဖြင့် အလေးပြုကြပြီးနောက် တဖြည်းဖြည်း အောက်သို့ဆွဲချလျက်ရှိသည်။ တစ်ဖက်မှလည်း ပြည်ထောင်စုအလံကြီးကို တိုင်ထိပ်သို့ တဖြည်းဖြည်းချင်း ဆွဲတင်လျက်ရှိသည်။ ၄ နာရီ မိနစ် ၂၀ တိတိတွင် ယူနီယံဂျက်အလံ အောက်သို့ရောက်၍ ပြည်ထောင်စုအလံကြီး တိုင်ထိပ်သို့ရောက်ကာ မားမားဝင့်ဝင့်ဖြင့် လေတွင် လွှင့်လျက်ရှိလေပြီ။

တစ်ချိန်တည်း တစ်ပြိုင်တည်းဌပင် တစ်ပြည်လုံးရှိ အိမ်တိုင်း၊ ရုံးတိုင်း၊ အဆောက်အအုံတိုင်းတွင် ပြည်ထောင်စုအလံများ တလူလူဖြစ်လျက် ရှိလေပြီ။

ယခင် ဗန္ဓုလပန်းခြံ၊ ယခု လွတ်လပ်ရေးပန်းခြံကြီးတွင်လည်း လွတ်လပ်ရေးကျောက်တိုင် အုတ်မြစ်ကို ခရုသင်းသံ၊ စည်သံတည်ညံဖြင့် ချပြီးဖြစ်လေပြီ။

အမြောက်သံ၊ သေနတ်သံ၊ ဥဩသံ၊ အုန်းမောင်းသံ၊ ကြေးစည်ခေါင်းလောင်းသံ မှန်သမျှကို တစ်ပြိုင်တည်း ပစ်ခတ်တီးမှုတ်လိုက်ကြသဖြင့် မိုးထိအောင် ညံသွားလေပြီ။

'အောင်ပြီ- အောင်ပြီ- တို့အောင်ပြီ'ဟူသော အသံများ 'လွတ်လပ်ပြီ၊ လွတ်လပ်ပြီ တို့ပြည်လွတ်လပ်ပြီ'ဟူသော အသံများ တစ်ပြည်လုံးပဲ့တင်ထပ်ကာ ဘဝင်သို့လွှဲလေပြီ။

ပြည်သူလူထုတစ်ရပ်လုံး ဝမ်းမဆုံး မော်မဆုံးကြတော့၊ ဗမာပြည်ကြီး လွတ်လပ်ပါပြီ။

■

အတွဲ(၁)၊အမှတ်(၂၂)၊ ဇန်နဝါရီ ၁၊ ၁၉၇၂



သခင်ဗဟိန်း ကိုလှရွှေ(အာဏာရှင်)

ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်

ကျော်ခဲ့ရသည်

ကျွန်ုပ်သည် တော်လှန်ရေးသမိုင်း လွတ်လပ်ရေးပိုင်းကို ကွင်းဆက်မှန်မှန်ဖြင့် သိလို လေ့လာလိုသူတို့အတွက် သမိုင်းမှန် ပုံကြမ်းကို အတင်းတွန်း၍ သွန်းခဲ့ လောင်းခဲ့ ဖော်ပြခဲ့သည်။ ဤသို့ စေတနာသန့်သန့်ဖြင့် အတင်းတွန်း၍ သွန်းခဲ့ လောင်းခဲ့မိသဖြင့် မှတ်တမ်းတင်အပ်သောဖြစ်ရပ်များ၊ သမိုင်းတွင် မဖော်မဖြစ်သော မြုပ်ကွက်များ၊ မရှင်းမဖြစ်သော ရှုပ်ကွက်များ များစွာကျန်ခဲ့၊ ကျော်ခဲ့ရပါသည်။ ယခု နောက်ကြောင်းပြန်၍ ကောက်ရ ဖော်ရပါတော့မည်။

သို့သော် ရေးစရာအကွက်များ၊ ဖော်စရာအကွက်ဖြစ်ရပ်များကား များစွာမြောင်လှပါသည်။ အမှန်ကိုဝန်ခံရသော် ဘယ်ကစ၍ ဘယ်ကကောက်ရမည်ကိုပင် မသိအောင် ဖြစ်ရ ကြုံရပြန်ပါသည်။ စာဖတ်သူတို့အတွက်လည်း လွယ်ကူ၍ စိတ်ဝင်စားစေ၊ စာရေးသူအတွက်လည်း ငယ်မူပြန်၍ ကလောင်သွက်စေဟူသော ရည်ရွယ်ချက်ဖြင့် ရှေးဖြစ်ဟောင်း သောင်းပြောင်းထွေလာ အောက်မေ့ဖွယ်ရာကလေးများကပဲ စပါရစေ။ ပြန်ကောက်ပါရစေ။ ဤရှေး

ဖြစ်ဟောင်း သောင်းပြောင်းထွေလာ အောက်မေ့ဖွယ်ရာများမှတစ်ဆင့် မှတ်တမ်းတင်အပ်သော ဖြစ်ရပ်များ၊ ဖော်အပ်သော မြှုပ်ကွက်များ၊ ရှင်းအပ်သော ရှုပ်ကွက်များကို ကွင်းဆက်အတိုအကျဖြင့် တင်ပြ ဖော်ပြ ရှင်းပြသွားမည်ဖြစ်ပါသည်။

တော်လှန်ရေးပိုင်းကို

ကျွန်ုပ်အား ရဲဘော်များက "နိုင်ငံရေးလုပ်ခဲ့သမျှ ဘယ်အပိုင်းကို အပျော်ပိုက်ဆုံးလဲ၊ အကျေနပ်ဆုံးလဲ" ဟု မကြာခဏ မေးခဲ့ကြသည်။ ယခုလည်း မေးကြတုန်းရှိကြသည်။ ထိုသို့မေးတိုင်း ကျွန်ုပ်သည် "အငတ်ငတ် အပြတ်ပြတ်ဖြင့် တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် လုပ်ခဲ့ရတဲ့ တော်လှန်ရေးပိုင်းကို အပျော်ပိုက်ဆုံး၊ အကျေနပ်ဆုံးပဲ" ဟုဖြေခဲ့သည်။ မှန်ပါသည်။ ဟိုတုန်းက တော်လှန်ရေးရဲဘော်များသည် ကိုယ်ရေးကိုယ်တာ ဘာမျှော်မှန်းချက်မှ မရှိကြ။ ဘာအခွင့်အရေးမှလည်း မမျှော်မှန်း၊ ဘာရာထူးမှလည်း မရည်ရွယ်၊ ဘာအာဏာမှလည်း စိတ်မကူး၊ တိုင်းပြည်နှင့် လူမျိုးလွတ်လပ်ရေးအတွက် အသက်ကိုပေးလျှထားကြသည်။ စည်းစိမ်ဥစ္စာကို စွန့်ထားကြသည်။ အပျော်အပါးကို လွှတ်ထားကြသည်။ အချို့လည်း ချစ်ရေးချစ်တာကိုပင် ဘေးဖယ်ထားခဲ့ကြသည်။ ဤသို့ ကိုယ်ရေးကိုယ်တာမပါ၊ တိုင်းပြည်နှင့်လူမျိုးအတွက် စွန့်၍လုပ် ကြသဖြင့် ရဲဘော်စိတ် အပြည့်အဝရှိကြသည်။ တစ်ဦးကိုတစ်ဦး ခြွင်းချက်မရှိ ယုံကြည်ပြီး အသက်ပေးလုပ်နိုင်ခဲ့ကြသည်။ **(ဤတွင် 'တော်လှန်ရေးရဲဘော်များ' ဆိုသည့် စကားလုံးကို ကျွန်တော်သုံးထားသည်ကို သတိပြုစေလိုပါသည်။ ဤစကားအရ နယ်ချဲ့တော်လှန်ရေး၊ ဖက်ဆစ်တော်လှန်ရေးများတွင် ကျွန်ုပ်တို့နှင့် လက်တွဲဆောင်ရွက်ခဲ့ကြသည့် ရဲဘော်များကိုသာ ရည်ရွယ်သည်။ ထိုစဉ်က နိုင်ငံရေးသမားအားလုံးကို ဆိုသည်မဟုတ်ပေ။)**

ရဲဘော်စိတ် ဆိုသည်မှာ

ရဲဘော်စိတ်ဆိုသည်မှာ ကိုယ်ကျိုးမပါသော နိုင်ငံရေးလောကတွင်သာ အပြည့်အဝရှိနိုင်သည်။ အခွင့်အရေး နိုင်ငံရေး၊ အာဏာနိုင်ငံရေး၊ ကိုယ်ကျိုးပါ ကိုယ်ကျိုးကြည့်သောနိုင်ငံရေးလောကတွင် အပြည့်အဝမရှိနိုင်

ပေ။ ကိုယ်ကျိုးစွန့်သည့်နိုင်ငံရေးမှ ကိုယ်ကျိုးပါ ကိုယ်ကျိုးကြည့်သည့်နိုင်ငံရေးသို့ ကူးပြောင်းလာသည်နှင့်အမျှ ရဲဘော်စိတ်လည်း ခေါင်းပါးလျော့ပါးလာရမြဲဖြစ်သည်။ ထို့ကြောင့်လည်း ရဲဘော်စိတ်ကို ထိုစဉ်က ကျွန်ုပ်တို့နားလည်ခဲ့သလို၊ တန်ဖိုးထားခဲ့သလို နောက်လူများ နားမလည်နိုင်ကြတော့၊ တန်ဖိုးမထားနိုင်ကြတော့။

ဤသို့ ရဲဘော်စိတ် အပြည့်အဝရှိကြသည့်အတိုင်း လုပ်ဖော်ကိုင်ဖက်အချင်းချင်းလည်း ခြွင်းချက်မရှိ ယုံကြည်မှုရှိကြသည်။ တစ်ဦးကိုတစ်ဦး အသက်ပေး၍ ကျောချင်းကပ်၊ ရင်ချင်းအပ်နိုင်ခဲ့ကြသည်။ တစ်ဦးအရေးကို အများက မိမိတို့အရေးသဘောထား၍ ဝိုင်းပြီးဖြေရှင်းပေးကြသည်။ တစ်ယောက်အဝတ်ကို တစ်ယောက်ဝတ်၍ တစ်ယောက်ရှိရာ ဝေငှစားကြသည်။ တစ်ဦးနှင့်တစ်ဦး ပြောမနာဆိုမနာ ဆဲချင်ဆဲ၊ အော်ချင်အော် စိတ်မဆိုးကြ။ နှမပဲတောင်းတောင်း၊ ယောက်ဖပဲခေါ်ခေါ် စိတ်သဘောထားကြီးခဲ့ကြသည်။ ဒါဖြင့် 'မင်းတို့အချင်းချင်း တစ်ခါတစ်ရံမှာ ရန်ဖြစ်စကားများတာ မရှိကြတော့ဘူးလား" ဟု မေးဖွယ်ရှိပါသည်။ ရန်လည်းဖြစ်ကြပါသည်။ စကားလည်းများကြပါသည်။ တစ်ခါတစ်ရံသာ မဟုတ်ပါ။ မကြာခဏဖြစ်ကြ များကြပါသည်။ သို့သော် ကျွန်တော်တို့စကားများခြင်းမှာ တစ်ဦးနှင့်တစ်ဦး အပြစ်ရှာလို၍ မဟုတ်။ အမှန်ကိုလို၍ ငြင်းကြ ခုံကြခြင်းသာ ဖြစ်ပါသည်။ ရန်ဖြစ်သည်ဆိုသည်မှာလည်း ပေါက်ကွဲမှု (Out burst)သဘောသာဖြစ်၍ ဘေးမဖြစ်၊ ဆေးသာဖြစ်လေသည်။ ဘွင်းဘွင်းဝန်ခံရသော် ကျွန်တော်မှာ 'ကျားကြီး'ဟု နာမည်ကြီးခဲ့သူဖြစ်သည့်အတိုင်း ဒေါသအကြီးဆုံး၊ ရန်အဖြစ်ဆုံး ဆိုရပါမည်။ ကိုအောင်ဆန်းနှင့်လည်း ရန်ဖြစ်ဖူးသည်။ ကိုလှရွှေ (အာဏာရှင်)၊ ကိုဗဟိန်းတို့နှင့်လည်း နောင်ဂျိန်ခဲ့ဖူးသည်။ ကျန် ရဲဘော်ခပ်များများနှင့်လည်း ရန်ဖြစ်စကားများခဲ့ဖူးသည်။ သို့သော် ကျွန်တော်တို့ ရန်ဖြစ်ခြင်းမှာ တချို့လင်မယားများ ရန်ဖြစ်စကားများပြီး ပို၍ ချစ်ကြ ကြင်နာကြသည်ဆိုသလို တေးထားမှတ်ထားခြင်းမရှိ။ ပြီးလျှင် ပို၍ချစ် ကြ၊ ရင်နှီးကြသည်သာ ဖြစ်ကြလေသည်။ ရဲဘော်များက ကျွန်တော်စိတ်ဆိုး ဒေါသထွက်သည်ကိုပင် ပျော်စရာကောင်းသည်ဆိုကာ စကြ၊ ဆွကြသည်။ ကြာတော့ ကျွန်တော်လည်း စိတ်မဆိုးနိုင်တော့။ ဤသို့လျှင် ရဲဘော်စိတ်အပြည့်အဝရှိကြသော ရဲဘော်များအတွင်း

အချင်းချင်းရန်ဖြစ်ခြင်း၊ စကားများခြင်းသည် တစ်မျိုးဖြစ်လေသည်။ ဘေးမရှိ ဆေးသာဖြစ်၍ ပျော်စရာပင်ကောင်းသေးတော့သည်။ ယုံတမ်းစကားမဟုတ်ပါ။

ဤသို့ ရှေးဖြစ်ဟောင်းကိုတွေးမိတိုင်း ရဲဘော်စိတ်အပြည့်အဝဖြင့် လုပ်ခဲ့ ကိုင်ခဲ့ကြသည်များကို မြင်ယောင်မိပြီး ငတ်ချင်ငတ်၊ ပြတ်ချင်ပြတ် အခွင့်အရေးမဖက်၊ အာဏာမမက်၊ တိုင်းပြည်နှင့် လူမျိုးအတွက် ရဲဘော်စိတ် အပြည့်အဝဖြင့် လုပ်ဆောင်ရမည့် နိုင်ငံရေးမျိုးကိုပဲ တောင့်တမိတော့သည်။

တိုင်းပြည်အတွက်သာ ဖြစ်ပါစေ

ထိုစဉ်က တော်လှန်ရေးရဲဘော်များသည် ရဲဘော်စိတ်အပြည့်အဝ ရှိကြရုံမက ကိုယ်ကျိုးစွန့်၍ တိုင်းပြည်နှင့်လူမျိုးလွတ်လပ်ရေးအတွက် အသက် ပေးလှူထားကြသည်။ မိမိတို့ကြုံရ၊ တွေ့ရမည့် အန္တရာယ်အခက်အခဲကို ဂရုမစိုက်ကြ။ ကျရောက်သည့် တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်နိုင်ဖို့သာ အရေးထား၊ အဓိကထားကြသည်။ ခက်ခက်ခဲခဲ စွန့်စွန့်စားစားလုပ်ရလေ၊ ပျော်ပိုက်လေ၊ ကျေနပ်လေဖြစ်ကြသည်။ ခက်ခဲ၍၊ အန္တရာယ်များ၍ တာဝန် တစ်ခုကို မထမ်းနိုင်ဟု ငြင်းပယ်ခဲ့သည်မရှိခဲ့။ ကိုယ်ရေးကိုယ်တာအကြောင်း ကြောင့် တာဝန်ကို ရှောင်ခဲ့၊ တိမ်းခဲ့သည်မရှိခဲ့ကြ။ ထင်ရှားသော ဥပမာတစ်ခု ကိုပြရသော် ရဲဘော်သုံးကျိပ်ဝင် ရဲဘော်ခပ်များများ အသက်ရှင်လျက်ရှိကြ ပါသေးသည်။ ၎င်းတို့ကို မေးကြည့်စမ်းပါ။ မိမိတို့ကို ဘာတာဝန်ပေးမည်ကို ကြိုတင်၍ သိထားသူ နည်းကြသည်။ အချို့လည်း တိုင်းပြည်အတွက် စွန့်စွန့် စားစား တာဝန်တစ်ခုကို ထမ်းဆောင်ရမည်ဟုတော့ သိကြသည်။ ဘာတာဝန်၊ ဘာအလုပ်ဟူ၍ကား တိတိကျကျမသိကြ။ အချို့လည်း နာရီပိုင်းတွင်မှသိရ ပြီး လိုက်ပါသွားကြရသည်။ ကျွန်ုပ်မှတ်မိသမျှ ထိုအရွေးချယ်ခံရ၊ တာဝန်ပေး ခံရသော ရဲဘော်များမှ တစ်ဦးတစ်ယောက်မျှ ငြင်းပယ်ခဲ့သည်ဟု၊ တစ်ကြိမ်မှ နှစ်ကြိမ် တိုက်တွန်းခဲ့ရသည်ဟု မရှိခဲ့ကြ။ တိုင်းပြည်အတွက်သာ ဖြစ်ပါစေ၊ ဘာတာဝန်ပေးပေး ထောင်ပဲကျကျ၊ တန်းပဲရောက်ရောက်၊ အသက်ပဲစွန့်ရ စွန့်ရ လုပ်မည် ကိုင်မည်ဆိုသည့် သဘောရှိကြသည်။

သူတို့စွန့်စားစဉ်က

ဤတွင် အလျဉ်းသင့်၍ မြုပ်ကွက်ကလေးတစ်ခုကို ဖော်လိုသည်။

သမိုင်းရေးရာများတွင် အောင်မြင်မှုများသာ ပေါ်လွင်တတ်ပြီး မအောင်မမြင် ဖြစ်သည့် ကြိုးပမ်းမှုခပ်များများမှာ မြုပ်ရာမှ ပျောက်ကွယ်သွားတတ်ကြသည်။ ကျွန်တော်တို့ တော်လှန်ရေးသမိုင်းတွင်လည်း ပြင်ပအကူအညီရရှိရန် ကြိုးပမ်း ကြရာတွင် သခင်အောင်ဆန်း၊ သခင်လှမြိုင်(ဗိုလ်ရန်အောင်)တို့က အောင် မြင်ပြီး ရဲဘော်သုံးကျိပ်မှအစ တော်လှန်ရေးကို ချခဲ့နိုင်သဖြင့် သမိုင်းတွင်ထင် ရှားခဲ့ကြသည်။ ထို့အတူ သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့ကြသော်လည်း မအောင်မြင်သည့်၊ အကောင်အထည်မပေါ်သည့်လုပ်ငန်းများမှာ မြုပ်ရာမှ ပျောက်ခဲ့ကြသည်။ ဆောင်ရွက်ရသူများမှာလည်း လုပ်ငန်းနှင့်အတူ မြုပ်ခဲ့ကြရ သည်။

သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့အတွဲက ရေလမ်းမှ တိတ် တဆိတ် ခိုးထွက်ခဲ့သည့်အချိန်မှာပင် ကုန်းလမ်းမှလည်း သခင်လှဖေ (ဗိုလ် လက်ှာ)နှင့် ကိုလှမောင် (သံအမတ်ဟောင်း)တို့အတွဲကိုလည်း ယိုးဒယားမှ တစ်ဆင့် တရုတ်ပြည်သို့ ကူးရန် စေလွှတ်ခဲ့သည်။ ထိုစဉ်က ယိုးဒယားအစိုးရ အဖွဲ့တွင် ဘဏ္ဍာရေးဝန်ကြီးလုပ်နေသူမှာ လက်ဝဲနိုင်ငံရေးသမားတစ်ဦးဖြစ် သည်။ သူသည် ဘီလပ်မှ ဘောဂဗေဒပါရဂူဘွဲ့ကို ရရှိပြီး ဘန်ကောက် တက္ကသိုလ်တွင် ဘောဂဗေဒပါမောက္ခ လုပ်ခဲ့သည်။ ဆိုရှယ်လစ်ဝါဒနှင့် တော်လှန်ရေးသဘောတရားများကို ဖြန့်ချိခဲ့သည်။ သူ့အား ကျွန်ုပ်တို့သည် ပရီဒီ (Pridi)ဟူ၍ သိပြီး ထိုနာမည်ဖြင့်သာ မှတ်မိတော့သည်။ သူသည် မိမိ၏ တိုင်းပြည်ပြုပြင်ပြောင်းလဲမှုအတွက်သာ စိတ်ဝင်စားသည်မဟုတ်။ ကမ္ဘာ့ တော်လှန်ရေးအရပ်ရပ်ကိုလည်း စိတ်ဝင်စားသူ ဖြစ်သည်။ ထို့ကြောင့်လည်း ကျွန်ုပ်တို့နှင့် အဆက်အသွယ်ရှိပြီး တရုတ်ပြည်တော်လှန်ရေးအင်အား စုနှင့်လည်း နီးစပ်ခဲ့သည်။ သူ၏အဆက်အသွယ် အကူအညီဖြင့် သခင်လှဖေ နှင့် ကိုလှမောင်တို့အတွဲကို တရုတ်ပြည်သို့ပို့ရန် စီစဉ်ခဲ့ခြင်းဖြစ်လေသည်။ ထားဝယ်မှတစ်ဆင့် ယိုးဒယားဘက်သို့ ချောမောအောင်မြင်စွာ ကူးဝင်နိုင်ခဲ့ သော်လည်း ယိုးဒယားပုလိပ်တို့၏ အဖမ်းအဆီးကို ခံခဲ့ရသည်။ သူတို့၏ ဘဏ္ဍာရေးဝန်ကြီး၏ မိတ်ဆွေများဖြစ်ပြီး ၎င်းနှင့်တွေ့ဆုံရန် လာခဲ့သည်ဆို၍ အဆက်အသွယ်ရရန် အမျိုးမျိုးကြိုးစားခဲ့ကြသေးသည်။ သို့သော် ယိုးဒယား အစိုးရအဖွဲ့အတွင်းတွင် ဂိုဏ်းအမျိုးမျိုးကွဲကာ အာဏာလုနေကြသဖြင့် မအောင်မြင်ခဲ့ပေ။ ရက်အတော်ကြာ ချုပ်နှောင်ထားပြီး ဗမာပြည်သို့ပြန်၍

နှင်လွှတ်ခဲ့သည်။ ပရီဒီကိုယ်တိုင်လည်း နောက်ပိုင်းတွင် တရုတ်ပြည်သို့ ခိုလှုံသွားခဲ့ရသည်။ ယနေ့တိုင် တရုတ်ပြည်တွင် ရှိနေသည်ဆိုကြသည်။

အသက်ပင်သေသေ

ယခု ပြန်၍ ဟိုတုန်းက ရဲဘော်များ ကိုယ်ကျိုးစွန့်၍ တိုင်းပြည်အတွက် ဆောင်ရွက်ခဲ့ကြပုံကို ဆက်ပါရစေ။ တိုင်းပြည်အတွက်ဆိုလျှင် ဘာတာဝန်ပေးပေး မငြင်းတမ်း ထမ်းရွက်ကြသည်။ ဤသို့ ထမ်းဆောင်ရာတွင်လည်း ဘာရမှ၊ ညာရမှ ကြေး (ဂျီး)မထူးကြ။ ခရီးစရိတ်၊ စားစရိတ်မှအစ အဆက်အသွယ်၊ အကူအညီရသည် မရသည်ကို စကားမပြောကြ။ တာဝန်ကျရာသို့ ဖြစ်သလိုသွားပြီး တာဝန်ကိုပြီးအောင် မိမိတို့အစွမ်းအစဖြင့် ဆောင်ရွက်ကြသည်။ ဥပမာပြရသော် ရဲဘော်သုံးကျိပ်တို့ ဟိုင်နန်ကျွန်းတွင် စစ်သင်တန်းတက်နေချိန်တွင် ဂျပန်က အင်္ဂလိပ်နယ်ချဲ့ကို တော်လှန်ရန် လက်နက်များ ချပေးမည်ဆိုကာ မြေပုံတွင် နေရာများသတ်မှတ်ပေးခဲ့သည်။ မိုးမိတ်နယ် ရွှေလီကြိုးဝိုင်းအတွင်း တစ်နေရာတွင် ချပေးမည်ဆို၍ ပထမဆုံးချိန်းဆိုသည်။ သခင်သာခင်အား မိမိရဲဘော်များနှင့်သွားပြီး "တော ရှင်းကြ၊ မီးပုံကြ၊ ညလုံးပေါက်မအိပ်ဘဲ စောင့်ကြ" ဟု တာဝန်ပေးလိုက်သည်။ နေရာကလည်း တောကြီးမျက်မည်း၊ ငှက်ဖျားထူ၊ သားကောင်ပေါသည့်ဒေသ။ အချိန်ကလည်း ရိုးတွင်းချဉ်ဆီခိုက်အောင် အေးလှချမ်းလှသည့်ကာလဖြစ်သည်။ ဘာစရိတ်မှ လည်းမပေးနိုင်၊ ဘာဆေးဝါး၊ ဘာအနွေးထည်မှမရ။ တောကောင်အန္တရာယ် ကာကွယ်ရန်လည်း ဘာလက်နက်မှမရှိခဲ့။ စောင့်ရသည်ကလည်း တစ်ရက် နှစ်ရက်မဟုတ်။ တစ်ပတ် နှစ်ပတ်၊ တစ်ခါတလေ သုံးလေးပတ်ကြာသည်။ သို့သော် ဘာလေထီးမှမက္ခ၊ ဘာလက်နက်မှလည်းမရ။ ရဲဘော်များသာ ဖျားကြ၊ နာကြ၊ ဆုံးပါးကြရသည်။ အကြောင်းတစ်မျိုးပြကာ နေရာပြောင်းပြန်သည်။ ပျဉ်းမနားဘက် ချပေးမည်ဆိုပြန်သည်။ သခင်တင်ထွန်းနှင့် ရဲဘော်များ တာဝန်ယူကြရပြန်သည်။ ဘာမှမထူး။ ဤသို့လျှင် အကြောင်းအမျိုးမျိုးပြကာ တစ်နေရာပြီးတစ်နေရာ ချိန်းဆိုခဲ့သည်။ ရွှေကျင်ဘက်ချိန်းလိုက်၊ ထားဝယ်ဘက်ချိန်းလိုက်၊ ဟသ်တဘအနောက်ကျော ရခိုင်ရိုးမချိန်းလိုက်ဖြင့် နောက်ဆုံးအချိန်အထိ တစ်ချိန်းတည်း ချိန်းခဲ့ကြသည်။ ချိန်းတိုင်းလည်း ကျွန်

တော်တို့ ရဲဘော်များကိုလွှတ်၍ တောရှင်းခိုင်းရ၊ မီးပုံခိုင်းရ၊ ညလုံးပေါက်မအိပ်တမ်းစောင့်ခိုင်းရသည်။ ဘာလက်နက်၊ ဘာဆေးဝါး၊ ဘာအနွေးထည်၊ ဘာရိက္ခာ၊ ဘာစရိတ်မှ မပေးနိုင်ခဲ့။ မိမိတို့ဘာသာမိမိတို့ ဖန်တီးကြရသည်။

ထို့အတူ ကျွန်ုပ်တို့သည် အဘက်ဘက်တွင် မပြည့်စုံဘဲ တော်လှန်ရေးကို ဆင်နွှဲခဲ့ရသဖြင့် အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်ခဲ့သည်။ ကြုံရ တွေ့ရသည့် အခက်အခဲများကို ဖြစ်သလို ကိုယ့်နည်းကိုယ့်ဟန်များဖြင့် ဖြေရှင်းကြရသည်။ ကျွန်တော်တို့သည် ရဲဘော်သုံးကျိပ်ဝင်များကို ရေလမ်းခရီးဖြင့် တစ်သုတ်ပြီးတစ်သုတ် လွှတ်ခဲ့ရသည်။ "ဘယ်သင်္ဘောတွင် ဘယ်နယောက် ထည့်ပေးပါ" ဟု ကပ်၍ အကြောင်းကြားတတ်သည်။ တစ်ခါတလေ သင်္ဘော တစ်စင်းနှင့်တစ်စင်း ကပ်၍လာတတ်သည်။ အဆင်မပြေသည့်အခါလည်း ရက်နှစ်ဆယ် တစ်လမျိုးခြား၍ ရောက်တတ်သည်။ ထို့ကြောင့် နိုင်ငံခြားပို့ရမည့် ရဲဘော်များကို ရန်ကုန်တွင်စု၍မထားနိုင်။ အန္တရာယ်လည်းများလှသည်။ တစ်သုတ်ပို့ပြီးမှ တစ်သုတ်ကို ခေါ်ယူထားရသည်။ မှတ်မိပါသေးသည်။ ဤအကြိမ် ဤအသုတ်မှာ ပျဉ်းမနားနှင့် တောင်ငူရဲဘော်များအလှည့်ဖြစ်သည်။ ပျဉ်းမနားမှ ဗိုလ်တောက်ထိန်၊ ဗိုလ်တာရာ၊ တောင်ငူမှ ဗိုလ်မှူးအောင်၊ ဗိုလ်ဥာဏ၊ ဗိုလ်လင်းယုန်တို့ကို ခေါ်ယူရန် သခင်ဗသော် (ကညွှတ်ကွင်း)ကို တာဝန်ပေးသည်။ သို့သော် ဌာနချုပ်တွင် ငွေမရှိ၊ ဘိုင်ကျနေသည်။ အမှန်ကို ဝန်ခံရသော် ဌာနချုပ်တွင် ဘာရန်ပုံငွေမှမရှိခဲ့။ မိမိတို့အိတ်ထဲရှိရာထုတ်ပြီး ဟိုကဆွဲ၊ ဒီကဆွဲဖြင့် ဖြစ်သလိုလုပ်ခဲ့ကြရသည်။ သခင်ဗသော်ကို စရိတ်စကအနေဖြင့် ငွေတစ်ဆယ်ပဲ ပေးလိုက်နိုင်သည်။ ညချင်း လူစုပြီး နောက်တစ်နေ့ ရန်ကုန်အရောက်ခေါ်ခဲ့ရသည်။ ရှင်းရှင်းဆိုရသော် ရထားခိုးစီးခဲ့ကြရလေသည်။

တာဝန်ကျွန်စွာဖြင့်

ထိုမျှသာမဟုတ်သေး။ ထို့ထက်ဆိုးသည့်အဖြစ်မျိုးလည်း များစွာရှိပါသေးသည်။ ကျွန်ုပ်ကိုယ်တွေ့တစ်ခုကို တင်ပြပါမည်။ ရဲဘော်များကို ရေလမ်းမှ တစ်သုတ်ပြီးတစ်သုတ် ခိုးထုတ်လျက်ရှိရာ အင်္ဂလိပ်အစိုးရက မသင်္ကာဖြစ်လာသည်။ သင်္ဘောများကို ရှာဖွေစစ်ဆေးမှု ပို၍လုပ်လာသည်။ ရန်ကုန်

ဆိပ်ကမ်းတွင်သာမဟုတ်။ စင်ကာပူ၊ ဟောင်ကောင်ဆိပ်ကမ်းများတွင်လည်း ရှောင်တခင်တက်ရှာခြင်း၊ စစ်ဆေးခြင်း ပြုကြသည်။ ရေလမ်းမှ ထုတ်ယူမှုမှာ မလုံခြုံတော့။ အန္တရာယ်များလာသည်။ ထို့ကြောင့် ရေလမ်းမှထုတ်ယူခြင်းကို ရပ်စဲပြီး ကုန်းလမ်းဖြင့် ယိုးဒယားမှတစ်ဆင့် ပို့ပေးရန် အစီအစဉ်သစ် ချမှတ်ခဲ့သည်။ ဤအကြိမ်တွင် ပို့ရမည့်ရဲဘော်များကိုစုပြီး နောက်ဆုံးအကြိမ်အဖြစ် ဖြင့် အကုန်ပို့ပေးရန် ဖြစ်သည်။ ပို့ရမည့်ရဲဘော်များမှာ ပဲခူးတိုင်း၊ မြစ်ဝကျွန်းပေါ်တိုင်းနှင့် တနင်္သာရီတိုင်းမှ ရဲဘော်များဖြစ်ကြပါသည်။ ထားဝယ်မှတစ်ဆင့် ယိုးဒယားသို့ပို့ရမည်ဖြစ်၍ တနင်္သာရီတိုင်းမှ ရဲဘော်များကို ထားဝယ်တွင် စုရန် ညွှန်ကြားပြီးဖြစ်သည်။ ပဲခူးတိုင်းနှင့် မြစ်ဝကျွန်းပေါ်တိုင်းမှ ရဲဘော်နှစ်ဆယ်ကျော်ရှိပါသည်။ ၎င်းရဲဘော်များကို ထားဝယ်သို့ ပို့ရပါမည်။ ထားဝယ်သို့ရောက်မှ ကျွန်ရဲဘော်များနှင့်ပေါင်းပြီး ယိုးဒယားဘက်သို့ ခိုးထွက်ကြရမည်ဖြစ်လေသည်။ ဤကိစ္စကို ဆောင်ရွက်ရန် စာရေးသူ ကျွန်ုပ်အား တာဝန်ပေးခဲ့သည်။ ဌာနချုပ်က ခရီးစရိတ်၊ စားစရိတ်အဖြစ်ဖြင့် ရှိစုမဲ့စု ငွေလေးဆယ်ပေးနိုင်သည်။ ထိုငွေလေးဆယ်ဖြင့် ရဲဘော် နှစ်ဆယ်ကျော် သုံးဆယ်ကို ထားဝယ်သို့၊ ထိုမှတစ်ဆင့် ယိုးဒယားသို့ အရောက်ပို့ပေးရမည်ဖြစ်သည်။

ကျွန်ုပ်လည်း ရဲဘော်များကို လေးစုခွဲပြီး ထိုခရီးကို သွားဖူးသည့် ရဲဘော်များကို ခေါင်းဆောင်တင်ကာ ငွေတစ်ဆယ်စီ ခွဲဝေကာ ရေးမြို့တွင် ဆုံကြရန် ခန့်ခွဲရသည်။ ကျွန်ုပ်ကိုယ်တိုင်လည်း ရေသို့ အရင်ရောက်အောင် သွားပြီး ထားဝယ်သို့ တစ်ဆင့်သွားနိုင်ရန် စီစဉ်ရသည်။ ထားဝယ်သို့ရောက်ပြန်သော်လည်း တစ်ဖက်မှ အစီအစဉ်မရောက်သေးသဖြင့် ထားဝယ်မှရဲဘော်များ အကူအညီဖြင့် ရဲဘော်များကို မောင်းမကန်ဘက်တွင် ဝှက်ထားကာ စောင့်ဆိုင်းနေကြရပြန်သည်။ နောက်ဆုံးတွင် ကုန်းလမ်းအစီအစဉ်ကိုဖျက်ပြီး ရေလမ်းမှပင် ပို့ရမည်ဟု ညွှန်ကြားချက်လာသည်။ ရဲဘော်များကိုသယ်ယူမည့် သင်္ဘောများရောက်နေ၍ ရန်ကုန်သို့ ချက်ချင်းပြန်ပို့ပေးရမည်ဆိုသည်။ ကျွန်ုပ်လည်း ရဲဘော်များကို အမြန်ဆုံးနည်းဖြင့် ပြန်ပို့သည်။ သို့သော် အချိန်မမီတော့။ ရန်ကုန်တွင်ကျန်ခဲ့သော ဗိုလ်မင်းရောင်၊ ဗိုလ်ဇင်ယော် စသည့် ရဲဘော်များကို အစားထိုးထည့်လိုက်ရသည်။ ကျွန်ုပ်နှင့်ပါခဲ့သော ရဲဘော်သုံးဆယ်ကျော်အနက် ဗိုလ်ဗလတစ်ဦးသာလျှင် အချိန်မီရုံရောက်ပြီး ပါသွားနိုင်

ခဲ့သည်။

ဤသို့လျှင် တော်လှန်ရေးခေတ် ရဲဘော်များသည် တာဝန်ကို မိမိတို့နည်းဖြင့် မိမိတို့ ကျေပွန်အောင် ထမ်းဆောင်ခဲ့ကြသည်။

ဟိုတုန်းကလူထု

ဤမျှဖြင့် တော်လှန်ရေးခေတ် ရဲဘော်များ ရဲဘော်စိတ်အပြည့်အဝ ရှိကြပုံ၊ ကိုယ်ကျိုးစွန့်လွှတ်၍ တိုင်းပြည်အတွက် အသက်ပေးကြပုံ၊ တာဝန်ကို ဖြစ်သည့်နည်းဖြင့် ကျေပွန်အောင် ထမ်းဆောင်ကြပုံကို အရိပ်အမြွက်မျှ သိနိုင်ရုံတင်ပြပြီးနောက် ဟိုတုန်းကလူထုအကြောင်းကိုလည်း အနည်းငယ် ဖော်ပြပါရစေ။ ကျွန်ုပ်တင်ပြနေသော တော်လှန်ရေးခေတ်မှာ အင်္ဂလိပ်နယ်ချဲ့နှင့် ဖက်ဆစ်ဂျပန်ကို တော်လှန်သည့်ခေတ်ကို ဆိုလိုသဖြင့် ထိုစဉ်ကလူထုမှာလည်း ဝံသာနုခေတ်၊ ဆရာစံခေတ်၊ ၁၃၀၀ ပြည့်အရေးတော်ပုံခေတ်များကို မှီခဲ့၊ ဆင်နွှဲခဲ့သူများဖြစ်၍ မျိုးချစ်စိတ်ထက်သန်ပြီး လွတ်လပ်ရေးဆန္ဒ ပြင်းပြကြမည်ကို ယုံမှားဖွယ်မလိုပေ။ လူများစုမှာ မိမိတို့ကိုယ်တိုင် ကိုယ်ထိလက်ရောက် မပါဝင်နိုင်သော် ပါဝင်လုပ်ဆောင်နေသူများကို အားပေးရန်၊ ကူညီရန် အဆင်သင့်ဖြစ်ကြသည်။ ပြည်သူလူထုသာမဟုတ်၊ အစိုးရအမှုထမ်း၊ အရာထမ်းပိုင်းတွင်လည်း နိုးကြားစရှိနေပြီဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ပြည်သူလူထုကို ယုံကြည်သည့်အတိုင်း လျှို့ဝှက်လုပ်ငန်းများကို လုပ်သည်ဆိုရာတွင် အင်မတန်မှ အရေးကြီးသည့်ကိစ္စရပ်များမှတစ်ပါး စည်းရုံးရေး၊ လှုံ့ဆော်ရေး စသည်များကို ဗြောင်ကျကျပင်လုပ်ကြသည်များလေသည်။ မျက်နှာလိုမျက်နှာရ အစိုးရကို သတင်းပေးသူ အင်မတန်မှ နည်းလေသည်။ မျက်နှာလိုမျက်နှာရ သတင်းပေးသူရှိပြန်လည်း ဗမာအရာရှိပိုင်းက ဖုံးဖုံးဖိဖိလုပ်သည်လည်း ရှိပါသည်။ အသက်မွေးဝမ်းကျောင်းအဖြစ်ဖြင့် အစိုးရအလုပ်ကို ဝင်ရောက်လုပ်ကိုင်နေရသော်လည်း မျိုးချစ်စိတ်ရှိသည့် အရာရှိအမှုထမ်းများလည်း များစွာရှိပါသည်။ ထိုသူတို့က တော်လှန်ရေးရဲဘော်များကို အကာအကွယ်ပေးရုံမက အရေးကြီးသည့် အစိုးရသတင်းများကိုပင် ပေးခဲ့ကြသည်။ ယခု ဗိုလ်မှူးချုပ်ဟောင်း အောင်ကြီးသည် ထိုစဉ်က အင်္ဂလိပ်စစ်ရုံးတွင် ဝင်လုပ်ကာ အရေးကြီးသည့် ကြေးနန်းသတင်းများ၊ လျှို့ဝှက်စာတမ်းများကို

ခိုးခဲ့ပေးခဲ့သည်။ သခင်အောင်ဆန်းကို ဟင်္သာတရဲဝန်က ဆုငွေငါးကျပ် ထုတ်ပြီးဖမ်းဆီးရန် ဝရမ်းထုတ်ထားစဉ် လက်ထောက်ရဲဝန်ကတော် မာရီလှတောက ဟင်္သာတမှ ခိုးထုတ်ပြီး ရန်ကုန်သို့ အရောက်ပို့ခဲ့ဖူးသည်။ ဤကိစ္စမျိုး၊ ဤဖြစ်ရပ်မျိုးများလည်း များစွာရှိခဲ့သည်။

ကျွန်ုပ်ကိုယ်တိုင် 'မြင်ရာပစ်သတ်' အမိန့် (Shoot at Sight) ချမှတ်ကြေညာခံရစဉ် အရာရှိအိမ်များတွင် စားသောက်ခိုလှုံခဲ့ဖူးသည်။ ကျွန်ုပ်တို့ ပြည်သူ့အရေးတော်ပုံပါတီ (P.R.P)ကို လျှို့ဝှက်စွာ စတင်ထူထောင်စဉ်က လည်း ကျောင်းဆရာခပ်များများ ပါဝင်ခဲ့ကြသည်။ ထိပ်တန်းခေါင်းဆောင်များဖြစ်ခဲ့ကြသော သခင်ချစ်၊ နဂါးနီကိုထွန်းရွှေတို့မှာ ဗမာကျောင်းဆရာများ ဖြစ်ကြလေသည်။

တာဝန်ခွဲဝေ၍

ဤသို့အချိန်က တစ်ပါးကျွန်ဟု သမုတ်ခံရသည့် အစိုးရအမှုထမ်း၊ အရာထမ်းများပင် နိုးကြားတက်ကြွ၍ မျိုးချစ်စိတ်ရှိကြသေးလျှင် ပြည်သူလူထုအတွက်ကား အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။ နယ်မှ ထွက်ပြေးတိမ်းရှောင်လာရသူများ၊ နိုင်ငံခြားသို့ပို့ရန် တစ်သုတ်ပြီးတစ်သုတ် ခေါ်ထားရသည့် ရဲဘော်များ၊ ရန်ကုန်မှာပင် ဝရမ်းပြေးဘဝဖြင့် ရှောင်ကာ တိမ်းကာ တာဝန်ယူနေရသော ခေါင်းဆောင်များနှင့် ရဲဘော်များကို မိမိတို့အိမ်များတွင် ဝှက်ထားရန်၊ ကျွေးမွေးလက်ခံထားရန် ဝန်မလေးသူ၊ မကြောက်သူ များစွာ ရှိခဲ့ကြသည်။ ထိုစဉ်က ကျွန်တော်တို့ တော်လှန်ရေးရဲဘော်များကို မကြောက်မရွံ့ လက်ခံကျွေးမွေးခဲ့သူများစာရင်းကို စုံစေ့အောင် ဤဆောင်းပါးတွင် မဖော်ပြနိုင်သဖြင့် ဝမ်းနည်းမိပါသည်။ သို့သော် တာဝန်ခံ၍ ဆောင်ရွက်ကြသူများမှာ အသက်ထင်ရှားရှိသေးသူများကို မှတ်မိသလောက် အနည်းငယ်ဖော်ပြရလျှင် အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်းအတွက် ဆရာဦးဘလှိုင်၊ ဆရာဦးကြီးမောင် စသူတို့ ပါဝင်ခဲ့ကြသည်။ သူတို့ဆီလွှတ်သမျှ ရဲဘော်များကို မိမိတို့အိမ်များတွင်လည်းကောင်း၊ တခြားစိတ်ချရသည့် အိမ်များတွင်လည်းကောင်း ခွဲဝေ၍ဝှက်ထား၊ ကျွေးထားကြရသည်။ အရှေ့ပိုင်းရေကျော်၊ ပုဇွန်တောင်၊ ဗိုလ်တထောင်ပိုင်းအတွက် ဆရာဦးအောင်ကျော်ဖြူ သခင်ချစ်၊ ကိုထွန်းရွှေတို့က တာဝန်

ယူကြသည်။ သိမ်ဖြူ၊ တောင်ညွန့်ပိုင်းအတွက် ဆရာဦးအုံးရွှေ၊ (သခင်မျိုးညွှန့်) တို့က တာဝန်ယူကြသည်။ မိမိတို့ဆီရောက်လာသည့် ရဲဘော်များကို စိတ်ချရသည့်အိမ်များကို ခွဲဝေ၍ ပို့ထားကြသည်။ ကျွန်တော်တို့သည် တစ်အိမ်ကို တစ်ကြိမ်သာသုံးရိုးရှိသဖြင့် ဤသို့ ခွဲဝေခံရသောအိမ်များမှာလည်း မနည်းလှပေ။

တော်လှန်ရေးဌာနချုပ်အား

ဤသို့ တော်လှန်ရေးရဲဘော်များကို မိမိတို့အိမ်များတွင် ဝှက်ထား၊ ကျွေးထားရန် တာဝန်ယူသူများရှိသလို မိမိတို့အိမ်များကို တော်လှန်ရေးအတွက် သုံးချင်သလိုသုံးဖို့ ပေးအပ်သူများလည်း ရှိကြသည်။ ကျွန်ုပ်တို့၏ ပြည်သူ့အရေးတော်ပုံပါတီ လျှို့ဝှက်ဌာနချုပ်ကို ပထမပိုင်းတွင် လမ်းမတော်၊ လှည်းတန်းလမ်း သခင်မြနေအိမ်တွင် ထားသည်။ နောက်ပိုင်းတွင် ဗဟန်း၊ ရွှေဂုံတိုင်လမ်းသို့ ရွှေ့သည်။ ဆရာလှဆိုသူ ကျောင်းဆရာတစ်ဦးက မိမိနေအိမ်ကို တော်လှန်ရေးအတွက် အသုံးချရန် ပေးအပ်သည်။ ထိုအိမ်တွင် လျှို့ဝှက်ဌာနချုပ်လုပ်ခဲ့သည်။ (လျှို့ဝှက်ဌာနချုပ်ကို ဘယ်နေရာမှာမှ ကြာရှည်မထား၊ မကြာခဏရွှေ့သည်၊ ဗဟန်းမှတစ်ခါ ဘောက်ထော်သို့ပြောင်းသည်) သယ်နိုးကျွန်းမှ ကန်ကြီးဘေး ဝင်းကြီးနှင့် အိမ်ကြီးတစ်ဆောင်ကိုလည်း မှတ်မိသေးသည်။ ထိုအိမ်ကြီးကိုလည်း တော်လှန်ရေးအတွက် သုံးချင်သလိုသုံးရန် ပေးအပ်ထားသဖြင့် ဗိုလ်ချုပ်အောင်ဆန်းရုပ်ဖျက်၍ ဂျပန်မှ ပထမတစ်ခေါက် ပြန်လာစဉ် ထိုအိမ်ကြီးတွင် ပုန်းခဲ့ရသည်။ သခင်လှဖေ (ဗိုလ်လက်ျာ)လည်း ယိုးဒယားမှ တပ်လန်၍ပြန်ခဲ့ရပြီး ဝရမ်းပြေးဘဝဖြင့် ဂျပန်သို့မလိုက်မီစပ်ကြားထိုအိမ်ကြီးမှာပဲ ခိုလှုံခဲ့ရသည်။ ကျွန်ုပ်တို့၏ လျှို့ဝှက်အစည်းအဝေးပွဲများကိုလည်း ထိုအိမ်ကြီးတွင် အကြိမ်ကြိမ်လုပ်ခဲ့သည်။

ယင်းသို့ မိမိတို့ပိုင် အိမ်တစ်ဆောင်လုံးကို တော်လှန်ရေးအတွက် သုံးချင်သလိုသုံးဟု အိမ်ထောင်ပရိဘောဂ အစုံအလင်ဖြင့် သော့ပါပေးအပ်သူများတွင် ကျွန်ုပ်တို့အမျိုးသမီး ခေါင်းဆောင်ကြီးတစ်ဦးဖြစ်သည့် ဆရာမကြီးဒေါ်စောရွှေလည်း တစ်ဦးအပါအဝင် ဖြစ်လေသည်။ ဆရာမကြီး၏အိမ်တွင်လည်း ကျွန်ုပ်တို့ လျှို့ဝှက်အစည်းအဝေးပွဲများ လုပ်ခဲ့သည်။ ကျွန်ုပ်တို့

လျှို့ဝှက်အစည်းအဝေးပွဲများကိုလည်း တစ်နေရာတည်းတွင် လုပ်ရိုးမရှိ၊ အမြဲရွှေ့ပြောင်း၍လုပ်လေ့ရှိသည်။

ဤသို့လျှင် လုပ်ဖော်ကိုင်ဖက် ရဲဘော်ချင်းကလည်း ရဲဘော်စိတ်အပြည့်အဝရှိကြ၊ ပြည်သူလူထုကလည်း တက်တက်ကြွကြွဖြင့် အားပေးကြ၊ တိုက်ရသည့်ရန်သူကလည်း လူမျိုးခြားနယ်ချဲ့နှင့် ဖက်ဆစ်ဆိုတော့ ငတ်ချင်ငတ်၊ ပြတ်ချင်ပြတ် အဘယ်မှာမပျော်ပိုက်ဘဲ၊ မကျေနပ်ဘဲ ရှိပါအံ့နည်း။

■

အတွဲ(၁)၊အမှတ်(၂၃)၊ ဇန်နဝါရီ ၁၅ ၊၁၉၇၂

ဦးတင်(မြန်မာ့အလင်း)

သခင်ပသိန်းတင်

မှတ်တမ်းတင်အပ်သော သူရဲကောင်းများ

မြေအောက်ဆက်သွယ်ရေး

ရှေးဖြစ်ဟောင်း သောင်းပြောင်းထွေလာ အောက်မေ့ဖွယ်ရာများမှ သမိုင်းဝင်မှတ်တမ်းတင်အပ်သည့်ဖြစ်ရပ်များ၊ မြူပ်ကွက်များကို ဆက်လက်၍ တင်ပြလိုသည်။

ကျွန်ုပ်တို့ပြည်တွင်း ပြည်သူ့အရေးတော်ပုံပါတီနှင့် ပြည်ပရောက် သခင်အောင်ဆန်းတို့မှာ ဂျပန်သံရုံးမှတစ်ဆင့် အမြဲအဆက်အသွယ်ရှိကြသည်။ သူတို့ဆီမှ သတင်းများ၊ ညွှန်ကြားချက်များကို ဂျပန်သံရုံးမှတစ်ဆင့် ပို့သလို ကျွန်ုပ်တို့ပို့လိုသော သတင်းများ၊ ညွှန်ကြားချက်များကိုလည်း ဂျပန်သံရုံးမှတစ်ဆင့် ပို့ရပါသည်။ ဥပမာ- ရဲဘော်သုံးကျိပ်ဝင်များကို ပို့လွှတ်ရာတွင် 'ဘယ်သင်္ဘော ဘယ်နေ့ ရန်ကုန်ဝင်မည်၊ ရဲဘော်ဘယ်နယောက်ထည့်ပေးလိုက်ပါ' စသည့် အစီအစဉ်များမှာလည်း ဂျပန်သံရုံးမှတစ်ဆင့် လာခြင်းဖြစ်လေသည်။ ထို့ကြောင့် ဂျပန်သံရုံးနှင့် အမြဲတမ်း အဆက်အသွယ်ရှိဖို့လိုပါသည်။ ဗြောင်ကျကျ ဆက်သွယ်၍လည်း မဖြစ်နိုင်ပါ။ ခေါင်းဆောင်ပိုင်းနှင့် ထင်ရှားသောပုဂ္ဂိုလ်များမှာ ကင်းနိုင်သမျှ ကင်းအောင်နေဖို့ လိုသည်။

နိုင်ငံရေးလောကတွင် မထင်ရှားသူလည်းဖြစ်၊ ကျွန်ုပ်တို့အတွက်လည်း လုံးဝ စိတ်ချရသူလည်းဖြစ်သည့် ရဲဘော်တစ်ဦးဦးကို ကြားမှ ဆက်သွယ်ရေးတာဝန် ခံထားရမည်ဖြစ်သည်။ ရဲဘော်မောင်ပါကို ရွေးချယ်တာဝန်ပေးသည်။ သူ့အား ဂျပန်သံရုံးတွင် အလုပ်ဝင်ခိုင်းသည်။ သံရုံးလုပ်သားဖြစ်မှ သံရုံးသို့ လွတ်လပ်စွာ ဝင်ထွက်သွားလာနိုင်မည် မဟုတ်ပါလော။ ရဲဘော်မောင်ပါမှတစ်ဆင့် သတင်းယူ၊ သတင်းပို့လုပ်ရသည်။ သို့သော် ကျွန်ုပ်တို့နှင့်ကား ကင်းအောင် နေခိုင်းသည်။ လျှို့ဝှက်စွာ ဆက်သွယ်မှုပြုကြသည်။

စစ်ပွဲကြီးစချိန်တွင်

ဂျပန်များ ပုလဲဆိပ်ကမ်း (Pearl Harbour)နှင့် စင်ကာပူဆိပ်ကမ်းကို ရုတ်တရက် ဗုံးကြဲတိုက်ခိုက်ပြီး စစ်ကြေညာ၍ စစ်ထဲသို့ဝင်ခဲ့သည်။ ရန်ကုန်မြို့ကိုလည်း ပထမဆုံးအကြိမ် ဗုံးစတင်၍ ကြဲသည်။ ထို့နောက် အင်္ဂလိပ်အစိုးရသည် ရန်ကုန်ရှိ ဂျပန်သံရုံးကိုပိတ်ပစ်၍ သံအရာရှိများကို ပြည်လမ်းရှိ အဆောက်အအုံတစ်ခုတွင် သံဆူးကြိုးဝင်းခတ်ကာ အမြဲတမ်း အစောင့်အကြပ်များ အထပ်ထပ်ချ၍ ထိန်းသိမ်းလိုက်သည်။ ကျွန်ုပ်တို့နှင့် အဆက်အသွယ် လုံးဝပြတ်သွားသည်။ သခင်အောင်ဆန်းတို့နှင့်လည်း ဘာမှ အဆက်အသွယ်မလုပ်နိုင်တော့။

အခြေအနေကလည်း အရေးကြီးလာပြီဖြစ်သည်။ သခင်အောင်ဆန်းတို့နှင့် အဆက်အသွယ် အမြန်ဆုံးပြန်ရဖို့လိုသည်။ တစ်နည်းနည်းနှင့်တော့ ဖြစ်အောင်ကြိုးစားမှဖြစ်မည်။ အမြန်ဆုံးနှင့် အဖြစ်နိုင်ဆုံးနည်းမှာ ဂျပန်သံအရာရှိများ အကူအညီရမှ၊ ယူမှဖြစ်မည်ဖြစ်သည်။ ဂျပန်သံအရာရှိနှင့်တွေ့နိုင်ဖို့၊ အဆက်အသွယ်ရရှိဖို့ တစ်ခုခုတော့ လုပ်ရမည်။ စွန့်စားတန်လည်း စွန့်စားခန်းတစ်ခုကိုတော့ လုပ်ရပါတော့မည်။

ဂျပန်သံများကိုထားသောနေရာကို လေ့လာကြသည်။ အိမ်ဝင်းကို သံဆူးကြိုးခတ်ထားသည်။ အိမ်ရှေ့ဝင်းဝတွင် အစောင့်စခန်းထားပြီး စန္ဒာရီ (အစောင့်) အမြဲရှိသည်။ ဝင်းကိုပတ်၍လည်း ပတ္တာရောင်လှည့်သည်။ သံဆူးကြိုးဝင်းခတ်ရာတွင် အောက်ဆုံးသံကြိုးမှာ မြေကြီးမှ တစ်ထွာကျော်ကျော်ကွာသည်။ ဝင်းခြံတစ်ဖက်ပြင်ပတွင် မြောင်းရှိသည်။ ပတ္တာရောင်မှာလည်း

တစ်ခုနှင့်တစ်ခုကြား ဆယ်မိနစ်ခန့်ခြားသည်။ ဤသို့ အသေးစိတ်လေ့လာသောအခါ တွေ့ရသည်။ မှောင်မိုက်သောညတွင် မြောင်းအတွင်းပုန်းနေပြီး ပတ္တာရောင်တစ်ခုနှင့်တစ်ခုကြားတွင် သံဆူးကြိုးအောက် ဝမ်းလျားမှောက်၍ အတင်းအနာခံ၊ သံဆူးစူးခံဝင်နိုင်က ရနိုင်သည်ကို တွေ့ရသည်။ စွန့်စားရမည့် လူစွမ်းကောင်းကို ရွေးရပေမည်။ ဖမ်းမိကလည်း သက်သာမည်တော့ မဟုတ်ပါပေ။

လူစွမ်းကောင်း

ဤသို့ လူရွေးရာတွင် သူစိမ်းတစ်ရံဆံကိုရွေး၍လည်းမဖြစ်။ ဂျပန်များလည်းသိပြီး ကျွန်ုပ်တို့ဆီမှ လူပါ စိတ်ချရမည့်သူကို ရွေးမှဖြစ်မည်။ ရှင်းရှင်းနှင့်တိုတိုဆိုရသော် ရဲဘော်မောင်ပါကိုပင် ရွေး၍တာဝန်ပေးရသည်။ သူကိုကား ဂျပန်များလည်းသိပြီး ကျွန်ုပ်တို့ဆီမှ လူဟု စိတ်ချပြီးဖြစ်သည် မဟုတ်ပါလော။

သို့သော် ကျွန်ုပ်တို့သည် မလိုဘဲလုပ်သည့် စွန့်စားခန့်မျိုး၊ စတန့်မျိုးကို မလိုလားပေ။ ရဲဘော်တစ်ဦးကို မလိုဘဲ အန္တရာယ်ကို ရင်မဆိုင်စေလို၊ အဆုံးမခံလို။ နောက်ဆုံးလို့မှ၊ မလုပ်လျှင်မဖြစ်မှ လုပ်လိုသည်။ ရဲဘော်မောင်ပါမှာ ဂျပန်သံရုံး အလုပ်သမားတစ်ဦးဖြစ်သည်။ ထို့ကြောင့် မိမိ၏အထက် အရာရှိများ ရုတ်တရက် အဖမ်းခံနေရသဖြင့် မိမိမှာ လစာလည်းမရ၊ ဆုငွေလည်းမရ အတိဒုက္ခရောက်နေသည်ဟု အကြောင်းပြ၍ ဂျပန်အရာရှိများနှင့် တွေ့ဆုံနိုင်ရန် ပထမကြိုးစားသင့်သည်ဟု ယူဆသည်။ ဤအတိုင်းဆောင်ရွက်ရန်လည်း ရဲဘော်မောင်ပါကို ညွှန်ကြားခဲ့သည်။

ရဲဘော်မောင်ပါလည်း ဂျပန်အရာရှိများကို ထိန်းသိမ်းထားသည့် နေရာသို့သွားကာ အစောင့်စစ်သားများနှင့်အရာရှိကိုတွေ့သည်။ မိမိမှာ ဂျပန်သံရုံးမှ အလုပ်သမားတစ်ဦးဖြစ်သည်။ မိမိ၏ ဆရာ အရာရှိများ ရုတ်တရက် အဖမ်းခံရသဖြင့် မိမိမှာ လစာလည်းမရ၊ ဆုငွေလည်းမရတဲ့ အတိဒုက္ခရောက်နေသည်။ ဒါကြောင့် ဂျပန်အရာရှိနှင့် ခေတ္တမျှတွေ့ခွင့်ပေးပါရန် တောင်းပန်ပြောဆိုသည်။ ထိုနေ့က အစောင့်အရာရှိမှာ စည်းကမ်းကြီးသူဖြစ်၍ "မည်သူကိုမှ တွေ့ခွင့်မပေးနိုင်" ဟု တင်းမာစွာ ငြင်းဆိုသည်။ အမျိုးမျိုးသနားလာ

အောင် တောင်းပန်တိုးလျှိုးသော်လည်း မရသဖြင့် လက်လျှော့ပြန်ခဲ့ရသည်။ စိတ်မပျက်ဘဲ ဒုတိယနေ့ ဆက်၍သွားသည်။ ကံကောင်းချင်၍လားမသိ၊ ဤအကြိမ်တွင် မနေ့က အရာရှိမှာမရှိတော့။ သူ၏ နေရာတွင် အရာရှိသစ် ရောက်နေသည်။ ရဲဘော်မောင်ပါကလည်း မနေ့ကအတိုင်း တင်ပြကာ ဂျပန်အရာရှိနှင့် တွေ့ခွင့်ပေးပါရန် တောင်းပန်သည်။ အရာရှိသစ်မှာ သဘောကောင်းပုံရသည်။ ရှောရှောရှူရှူပင် တွေ့ခွင့်ပြုသည်။ သို့သော် သူ၏မျက်စိရှေ့တွင် တွေ့ဆုံစကားပြောရမည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ဂျပန်အရာရှိကလည်း ပါးပြီးနပ်ပြီးသား၊ ရဲဘော်မောင်ပါကလည်း လည်ပြီးသားဆိုတော့ ထိုနေ့တွင် ကျွန်ုပ်တို့အတွက် စာရွက်ငယ်တစ်ခုတွင် ရေးသားထားသည့် ညွှန်ကြားချက်တစ်ခုနှင့် သူ့အတွက်ငွေ နှစ်ထောင်ကျပ်ကို အရာရှိအလစ်တွင် ယူနိုင်ခဲ့သည်။ ဂျပန်အရာရှိက နောက်တစ်နေ့ ဆက်၍လာရန် မှာကြားလိုက်သည်။

နောက်တစ်နေ့တွင် ဆက်၍သွားသည်။ သို့သော် အထက်အမိန့်အရ မည်သူနှင့်မှ တွေ့ခွင့်မပေးနိုင်တော့ဟု ဆိုသည်။ လုံးဝတွေ့ခွင့်မရဘဲ တပ်လန့်၍ ပြန်ခဲ့ရသည်။

တိုင်းပြည်အတွက်ဆိုလျှင်

ဂျပန်အရာရှိထံမှ နောက်ဆုံးရရှိသည့် ညွှန်ကြားချက်တွင်လည်း ကျွန်ုပ်တို့လိုချင်သည့် အဖြေကား မပါခဲ့။ ဤမျှ အရေးကြီးနေသောအချိန်တွင် သခင်အောင်ဆန်းတို့နှင့် တိုက်ရိုက်အဆက်အသွယ် အမြန်ရဖို့လိုသည်။ ဤကိစ္စတွင်လည်း ဂျပန်အရာရှိထံမှ အကူအညီရမှ၊ ပါမှဖြစ်မည်။ သူနှင့်ထပ်၍ တွေ့ကိုတွေ့မှဖြစ်ပါမည်။ စွန့်စားမှုကိုကား မပြု၍ မဖြစ်တော့။ နောက်ဆုံးလမ်းဖြစ်နေပါပြီ။ ရဲဘော်မောင်ပါကလည်း တိုင်းပြည်အတွက်သာ ဖြစ်ပါစေ၊ အသက်သေသေ၊ အရေခန်းခန်း စွန့်စားဖို့ အဆင်သင့်ပင် ဖြစ်လေသည်။

မှောင်မိုက်သော ညတစ်ည်ဖြစ်သည်။ အချိန်ကား သန်းခေါင်ယံကျော်နေပါပြီ။ ရဲဘော်မောင်ပါသည် ကြိုတင်ချိန်းဆိုထားသည့်နေရာသို့ ရောက်ရှိလာသည်။ သူ့အားပေးလိုက်သည့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပြီးကြောင်း အစီရင်ခံသည်။ တစ်သောင်းတန် ငွေစက္ကူနှစ်ရွက်နှင့် စာတစ်

စောင်ကိုလည်း ပေးအပ်သည်။ သူ၏အကျိုတွင်လည်း သွေးများစွန်းလျက်ရှိသည်။ အကျိုချွတ်လိုက်သောအခါ ရင်ဘတ်နှင့် ကျောပြင်တွင် သွေးသံရဲရဲဖြင့် ခြစ်ရာပွန်းရာ စူးရာများ တွေ့ရသည်။

သူ၏ သည်းထိတ်ရင်ဖိုဖွယ် စွန့်စားခန်းကလေးကို အနည်းငယ်မျှ ဖောက်သည်ချဆိုရသော် -

သူသည် သတ်မှတ်ထားသည့်နေရာသို့ ည ၈ နာရီကျော်ကျော် လောက်တွင် ရောက်ရှိသည်။ အဝတ်အစားများကို မှောင်ရိပ်ခိုကာ တစ်နေရာတွင် ချွတ်၍ဝှက်သည်။ ဘောင်းဘီတိုမှတစ်ပါး ကိုယ်တုံးလုံးဖြင့် မြောင်းထဲအလစ်ဝင်ပုန်းလိုက်သည်။ ညကမှောင်နေသည်။ ထိုအထဲ စစ်အတွင်းဖြစ်၍ လေကြောင်းရန်ကို ကာကွယ်ရန် လမ်းမီးများကလည်း အမှောင်ချထားပြန်သည်။ သို့သော် မှောင်နှင့်မည်းမည်း ပိန်းပိတ်ကြီးတော့ မဟုတ်ပါပေ။ ကောင်းကင်မှာ ကြည်လင်၍ ကြယ်များ လဲ့လဲ့ဝင်းနေသည်။ အမှောင်အတွင်း မျက်စိကျင့်သားရပါက ခပ်လှမ်းလှမ်းသို့ ဝိုးတိုးဝါးတား မြင်နိုင်သည်။ ပတ္တရောင် တစ်ခုနှင့်တစ်ခုကြား အချိန်ဇယားကိုတွက်၍ သံဆူးကြိုးအောက်သို့ ဝမ်းလျားထိုးမှောက်ကာ အတင်းတိုးဝင်သည်။ စစ်ခနဲ၊ ရှဲခနဲ သံဆူးကြိုးတို့က စူးလိုက်၊ ဒဏ်ခြစ်လိုက်သည်ကို ဂရုမစိုက်နိုင်၊ အံကိုကြိတ်၍ ရုန်းဝင်လိုက်သည်။ အတွင်းသို့ရောက်တော့ အနီးရှိပန်းချုံတစ်ခုသို့ လှိမ့်၍ခိုသည်။ အသာငြိမ်ကာ နားစွင့်သည်။ စစ်ဖိနပ်သံ တဂေါက်ဂေါက်နှင့် မှန်မှန်လျှောက်နေသည့်ခြေသံကို ကြားရသည်။ မိမိအတွင်းသို့ ရောက်နေသည်ကို မသိမှန်းသိမှ သက်ပြင်းချနိုင်သည်။ ထိုပန်းချုံတွင် ခေတ္တမျှနား၍ အချိန်ကိုတွက်ပြီး အိမ်ကြီးရှိရာသို့ မိကျောင်းတွားတွား၍ တက်ခဲ့သည်။ အိမ်နောက်ဖေးဘက်တစ်နေရာတွင်ခိုကာ အခြေအနေကို အကဲခတ်လေ့လာသည်။ ကံအားလျော်စွာ အိမ်နောက်ဖေးတံခါး ပွင့်နေသည်။ အိမ်တွင်းမှာလည်း မီးရှိသည်။ အရဲစွန့်ကာ အိမ်တွင်းသို့ဝင်လိုက်သည်။ အောက်ထပ်တွင် မည်သူမျှမရှိကြ။ အပေါ်ထပ်မှ လူသံကြားရသည်။ အပေါ်ထပ်သို့ ချွတ်နင်း၍အသာတက်ခဲ့သည်။ ဂျပန်အရာရှိများ အိမ်ရှေ့ခန်းတွင် ထိုင်၍စကားပြောနေကြသည်။ အိမ်ကြီးတစ်ခုလုံးတွင် အခိုင်းအစေနှင့်တကွ၊ သူစိမ်းတစ်ရံဆံ မည်သူမျှမရှိကြ၊ အထိန်းသိမ်းခံ ဂျပန်များသာရှိကြသည်ကို တွေ့ရသည်။

ကောင်းရာသုဂတိသို့

ဂျပန်အရာရှိများလည်း ရဲဘော်မောင်ပါကို တွေ့လိုက်သောအခါ အံ့အားသင့် ကြက်သေသေကာ လန့်သွားပုံရသည်။ ကိုယ်တုံးလုံး၊ သွေးသံရဲရဲနှင့် လူတစ်ယောက်ကို မမျှော်လင့်ဘဲ ရုတ်တရက်တွေ့ရတော့ အဘယ်မှာမအံ့သြကြဘဲ၊ မထိတ်လန့်ဘဲ ရှိပါအံ့နည်း။ ရဲဘော်မောင်ပါက အကျိုးအကြောင်းရှင်းပြမှ ကောင်းစွာသဘောပေါက်နားလည်သွားသည်။ မိမိတို့တွင်ရှိသည့် ဆေးဝါးများဖြင့်လည်း အနာကို ဆေးထည့်ပေးကြသည်။

ဂျပန်အရာရှိက မိမိတို့ကို ထိန်းသိမ်းသည့်အချိန်မှာ အဝတ်အစားမှလွဲ၍ ကျန်ပစ္စည်းများ အကုန်သိမ်းယူသည်။ လျှို့ဝှက်စာရွက်စာတမ်းများနှင့် လျှို့ဝှက်သင်္ကေတများကိုလည်း မိမိတို့ကိုယ်တိုင် မီးရှို့ဖျက်ဆီးပစ်လိုက်ပြီးဖြစ်သည်။ မိမိတို့လည်း မိမိတို့နိုင်ငံနှင့် လုံးဝအဆက်ပြတ်နေသည်။ မိမိတို့မှတစ်ဆင့် ဆက်သွယ်မှုများကိုလည်း မလုပ်ပေးနိုင်တော့။ အစိုးရကလည်း မိမိတို့နှင့် အဆက်သွယ်ရှိမည် ယူဆသူများကိုပါ အကုန်လုံးဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်း လုပ်ထားသဖြင့် ပြည်တွင်းမှ ဆက်သွယ်နိုင်မည့်ဌာနကိုလည်း မညွှန်ကြားနိုင်တော့။ အကောင်းဆုံးနည်းမှာ ယိုးဒယား ဘန်ကောက်ရှိ ဂျပန်သံရုံးမှတစ်ဆင့် ဆက်သွယ်နိုင်က စိတ်ချရသည်။ ဆက်သွယ်နိုင်ရန် လျှို့ဝှက်စာကိုတော့ မိမိရေးပေးနိုင်သည်ဟုဆိုသည်။

ရဲဘော်မောင်ပါကလည်း အခြေအနေမှာ အရေးကြီးနေပြီဖြစ်၍ အဆက်အသွယ်ရဖို့သာ အရေးကြီးသည်။ မဖြစ်ဖြစ်သည့်နည်းနှင့် မိမိတို့ ကြိုးစားမည်၊ စာကိုသာရေးပေးပါဟု တောင်းဆိုသည်။ ဂျပန်အရာရှိက ယိုးဒယားရှိ ဂျပန်သံရုံးမှတစ်ဆင့် အဆက်အသွယ်ပြန်လုပ်နိုင်ရန် လျှို့ဝှက်စာတစ်စောင်ကို ရေးပေးသည်။ သူတို့အတွက် အရေးပေါ်သုံးနိုင်ရန် လျှို့ဝှက်သိမ်းဆည်းထားသည့်ငွေများမှ တစ်သောင်းတန်နှစ်ရွက်ကို ပေးလိုက်သည်။ ရဲဘော်မောင်ပါလည်း စာနှင့်ငွေကိုယူကာ လာလမ်းအတိုင်း အချိန်ဇယားကိုက်ကာ ပြန်ခဲ့သည်။

ဤကား တကယ့်အဖြစ်အမှန် စွန့်စားခန်းတစ်ခုကို ပေါ်လွင်ရုံအကျဉ်းချုံး၍ တင်ပြချက်သာဖြစ်သည်။ အကျယ်ချဲ့က ဖတ်၍ကောင်းလှသည့် သည်းထိတ်ရင်ဖိုဇာတ်လမ်းကောင်းတစ်ခု ကောင်းကောင်းကြီးဖြစ်နိုင်

သည်။ ရှုပ်ရှင်ရိုက်လျှင်လည်း ပရိသတ်ကို အသက်ရှူမှားလောက်အောင် စွဲဆောင်နိုင်မည့် ရိုက်ကွက်ကောင်းတစ်ခုဖြစ်သည်။ ဖြစ်ရပ်ကလည်း ရှုပ်ရှင်ဆန်လှပါသည်။

ရဲဘော်မောင်ပါနှင့်ပတ်သက်၍ ရေးစရာ၊ ဂုဏ်ပြုစရာဖြစ်ရပ်များစွာ ကျန်ပါသေးသည်။ ဤဖြစ်ရပ်ကား တိုင်းပြည်အတွက် သူ၏စွန့်စားခန်းများမှ တစ်ခုမျှသာဖြစ်လေသည်။ သူ၏အကြောင်းကို သခင်တင်ကလည်း အိုးဝေဂျာနယ် သူ၏ကိုယ်တွေ့ဆောင်းပါးများတွင် ဖော်သင့်သလောက်ဖော်ပြပြီး၊ ရေးပြီးဖြစ်သည်။ ရဲဘော်မောင်ပါသည် တော်လှန်ရေးနောက်ပိုင်းတွင် သခင်တင်၊ သခင်စံဝေတို့နှင့် အများဆုံးတွဲခဲ့၊ လုပ်ခဲ့ရသူဖြစ်၍ သူ၏ဇာတ်သိမ်းခန်းကိုပါ သခင်တင်တို့ အသိဆုံးဖြစ်ပါသည်။ ရဲဘော်မောင်ပါကား မရှိတော့။ တော်လှန်ရေးတွင် အသက်စတေးသွားပါပြီ။ ဤဆောင်းပါးတွင် ဤမျှဖြင့် ရဲဘော်မောင်ပါအား ဂုဏ်ပြုရသည်ကို မကျေနပ်ပါ၊ ရဲဘော်မောင်ပါ ကောင်းရာသုဂတိသို့ လားပါစေ။

ကိုယ်နှည်းကိုယ်ဟန်ဖြင့်သာ

ရဲဘော်မောင်ပါ၏ သက်စွန့်ကြိုးပမ်းတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်မှုကြောင့် ကျွန်ုပ်တို့ လိုချင်သောအဖြေလမ်းစကိုတော့ ရရှိပါပြီ။ ဂျပန်အရာရှိထံမှ တစ်သောင်းတန်ငွေစက္ကူနှစ်ရွက်နှင့် ယိုးဒယားမှတစ်ဆင့် ကျွန်ုပ်တို့လိုသော ဆက်သွယ်မှုကို ပြန်လုပ်နိုင်ရန် ထောက်ခံစာကို ရရှိခဲ့ပါသည်။

ဤတွင် စာဖတ်သူတို့ အနည်းငယ်သိရန် ဖော်လိုပါသည်။ ကျွန်ုပ်တို့သည် တော်လှန်ရေးကြီးတစ်ရပ်ကို ဤသို့ ကြီးကြီးကျယ်ကျယ်ပြင်ဆင်၍ ဆင်နွှဲနေခဲ့သော်လည်း ထိုနေ့ထိုအချိန်အထိ ဘယ်နိုင်ငံခြားမှ ငွေကြေးအကူအညီဆို၍ တစ်ပြားတစ်ချပ်မှ မရခဲ့၊ မယူခဲ့ပါ။ ကျွန်ုပ်တို့ ရဲဘော်များ၏စားရေးနေရေးကို ယခင်အပတ် ဆောင်းပါးတွင် ဖော်ပြခဲ့သည့်အတိုင်း စေတနာရှင် ဟိုအိမ် ဒီအိမ်ခန့်ခဲ့၍ စီစဉ်ခဲ့ကြပါသည်။ ဌာနချုပ်အတွက် လိုအပ်သောရိက္ခာများကိုကား တက္ကသိုလ်သမဝါယမနှင့် အရှေ့ပိုင်းသမဝါယမနှစ်ခုက တာဝန်ယူကြသည်။ ငွေရေးကြေးရေးကိစ္စများကိုကား ကိုယ့်နည်းကိုယ့်ဟန်များ

ဖြင့် ကျေလည်အောင် ကြိုးပမ်းဖြေရှင်းခဲ့ကြရပါသည်။

ယခု ဂျပန်အရာရှိထံမှ ပထမဆုံး ငွေနှစ်သောင်းကို လက်ခံရရှိခြင်း ဖြစ်ပါသည်။ ဤငွေနှစ်သောင်းမှာလည်း အမှန်အားဖြင့် ကျွန်ုပ်တို့အတွက် လျာထားသောငွေများ လုံးဝမဟုတ်ပါပေ။ သူတို့ဟာ သူတို့အတွက် အရေးပေါ် သုံးနိုင်ရန် ကြိုတင်ဖန်တီးထားသည့် ငွေများဖြစ်ပါသည်။ ဂျပန်အရာရှိက သူ့သဘော သူ့ဆန္ဒအရ ထုတ်ပေးခြင်း၊ ကူညီခြင်းသာ ဖြစ်ပါသည်။ ရပြန်တော့လည်း တစ်သောင်းတန်ငွေစက္ကူ ဖြစ်နေပြန်သည်။

မပြင်ဖူးကြသူတို့ဒုက္ခ

အမှန်ကိုဝန်ခံရသော် ကျွန်ုပ်တို့သည် ရာတန်၊ ထောင်တန်ငွေစက္ကူကိုသာ ကြားဖူး မြင်ဖူး သုံးဖူးပါသည်။ တစ်သောင်းတန်ငွေစက္ကူကိုကား မြင်ဖူး သုံးဖူးဖို့ဝေးစွ ရှိသည်ဟုပင် မကြားဖူးခဲ့ပေ။ ကိုယ်တွေ့မြင်ရ တွေ့ရမှ အံ့သြမိရသည်။ သုံးစွဲရာတွင်လည်း ရာတန်အထိသာ အလွယ်အကူရှိပါသည်။ ထောင်တန်ငွေစက္ကူများမှာ မလွယ်ကူပေ။ တစ်ယောက်လက်မှ တစ်ယောက်လက်သို့ လက်ပြောင်းလက်လွှဲလုပ်ရာတွင်ပင် လက်မှတ်ထိုး၍ မှတ်တမ်းတင်ရပါသည်။ ငွေလဲလှယ်မှုမှာလည်း ဘဏ်စာရင်းရှိသူများအတွက်သာ လွယ်ကူပါသည်။

ယခုမူ တစ်သောင်းတန်ငွေစက္ကူလည်းဖြစ်ပြန်၊ နောက်ဆုံး ငွေလက်ခံထားသူမှာလည်း ဖမ်းဆီးခံရန်သူစာရင်းဝင် ဂျပန်အရာရှိလည်းဖြစ်ပြန်ဆိုတော့ ပို၍ပြဿနာများလေသည်။ ရကားရပါ၏။ ဤအတိုင်းဆိုလျှင် သုံးမရသည့် စက္ကူစုတ်ဖြစ်ဖို့ သေချာနေပါသည်။

တော်ပါသေးသည်။ ဖြစ်ချင်တော့ ကူညီမည့်ပုဂ္ဂိုလ်နှစ်ဦးပေါ်လာသည်။ ငွေစက္ကူတစ်ရွက်ကို ဦးတင် (မြန်မာ့အလင်း) က လက်ခံ၍ ထုတ်ပေးသည်။ ကျန်တစ်ရွက်ကို ဦးဘရင် (မိတ္ထီလာ) က ငွေလဲပေးသည်။ သူတို့ဘယ်လိုဖြေရှင်းကြသည်ကိုတော့ ကျွန်ုပ်တို့မသိ။ ကျွန်ုပ်တို့အတွက် လက်ငင်းတွင် အသက်ရှူပေါက်ရခဲ့သည်ကတော့ အမှန်ပါပေ။

ကျွန်ုပ်တို့အတွက် တကယ်အရေးကြီးသည်ကတော့ ငွေမဟုတ်ပါ။ ငွေမှာ လုပ်ငန်းအတွက် အထောက်အပံ့ဖြစ်စေသည်မှာ မှန်ပါသည်။ ဤသို့

အရေးကြီးနေသောအချိန်တွင် သခင်အောင်ဆန်းတို့နှင့် မြန်မြန်အဆက်အသွယ်ရဖို့သာ သေရေးရှင်ရေးဖြစ်လေသည်။ သူတို့ဆီမှ သင်တန်းဆင်းပြီး ရဲဘော်များ တစ်သုတ်ပြီးတစ်သုတ် ပြန်လာဖို့ဆိုသည်မှာလည်း ထိုနေ့ထိုအချိန်အထိ တစ်သုတ်မပြောနှင့် တစ်ဦးတစ်ယောက်မှ မပေါ်လာသေး။ လက်နက်များချပေးမည်ဆို၍ ချိန်းဆိုရာနေရာများတွင် ရဲဘော်များ တောရှင်းရ၊ မီးပုံရ၊ ညလုံးပေါက်မအိပ်ဘဲစောင့်ရ၍ ဖျားကြ၊ နာကြ၊ သေကြရသည်။ ဘာလေထီးမှ မကျ။ ဘာလက်နက်မှမရ။ ယခုတစ်ဖန် အဆက်အသွယ်လုံးလုံးပြတ်နေပြန်သည်။ ဘာဖြစ်၍ ဘာလုပ်ရမည်မသိတော့။

ရဲဘော်မောင်ပါ၏စွန့်စားမှုကြောင့် အဆက်အသွယ်ပြန်လုပ်နိုင်ဖို့ လမ်းစကိုတော့ ရပါသည်။ ××× တွင်းမှမဟုတ်ပြန် ××× ဘယ်လောက်ပဲ အခက်အခဲရှိသည်ဖြစ်စေ ဖြစ်ရမည့်ဟာကိုတော့ ဖြစ်အောင်လုပ်ကြရမည်မဟုတ်ပါလော။ တိုင်းပြည်အတွက် အသက်စွန့်ထားပြီး၊ ဘာစွန့်စားမှုကို ဝန်လေးနေဖို့ လိုသေးသနည်း။

ဤကိစ္စ ဤတာဝန်ကို မဖြစ်ဖြစ်အောင်၊ ကျေပွန်အောင် ထမ်းဆောင်ရန် သခင်ဗသိန်းတင်(ထားဝယ်)ကို တာဝန်ပေးလိုက်သည်။ ထားဝယ်မှ ရဲဘော်များ စွန့်စားခန်းတာဝန်ကို သက်စွန့်ကြိုးပမ်း ထမ်းဆောင်ခန်းကို ဖော်ရပါတော့မည်။ ထို့မှဆက်၍ မှတ်တမ်းမတင်သော ဖြစ်ရပ်များ၊ သမိုင်းတွင်မဖော်ပြဖြစ်သည့် မြုပ်ကွက်များ တစ်သီတစ်တန်းကြီး လာပါတော့မည်။

■

အတွဲ(၁)၊ အမှတ်(၂၄)၊ ဖေဖော်ဝါရီ ၁၊ ၁၉၇၂

နောက်ဆက်တွဲ (၁) (စာမျက်နှာ ၁၁၄ မှ)

*** ဘုရင်ခံအမှုဆောင်ကောင်စီအဖွဲ့နှင့်ပတ်သက်၍ အချို့မှတ်တမ်းများ၌ ကွဲလွဲမှုများရှိသည်ကို အောက်တွင်ဖော်ပြအပ်ပါသည်။**

၁။	ဆာဒေါ်မန်စမစ်	ဘုရင်ခံ၊ ဥက္ကဋ္ဌ
၂။	ဆာဂျွန်ဝိုက်စ်	ဒုတိယဥက္ကဋ္ဌ
၃။	ဆာမက္ကဒူးဂဲလ်	
၄။	မစ္စတာပီးယာ့စ်	
၅။	ဆာပေါ်ထွန်း	
၆။	ဆာထွန်းအောင်ကျော်	
၇။	ဦးပု	
၈။	ဦးအေး	
၉။	ဦးရန်အောင်	
၁၀။	မန်းဘခင်	
၁၁။	ဦးလွန်း	
၁၂။	ဦးဘအုန်း	

ဖိုးအောင်လေး၊ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု ရက်စဉ်သမိုင်း
စာမျက်နှာ ၂၂၅၊ စာပေဗိမာန်၊ ၂၀၀၄၊ ပထမအကြိမ်၊

၁။	ဆာဒေါ်မန်စမစ်	ဘုရင်ခံ၊ ဥက္ကဋ္ဌ
၂။	ဆာဂျွန်ဝိုက်စ်	ဒုတိယဥက္ကဋ္ဌ
၃။	ဆာပေါ်ထွန်း	
၄။	ဆာထွန်းအောင်ကျော်	
၅။	ဦးပု	
၆။	ဦးအေး	
၇။	ဦးရန်အောင်	
၈။	မန်းဘခင်	
၉။	ဦးလွန်း	
၁၀။	ဦးဘအုန်း	

(သခင်ထွန်းအုပ်နှင့် ဦးသာယာဝတီမောင်မောင်တို့က နောင်မှကျွမ်းသစ္စာ ကျိန်ဆိုသည်။

ဦးကျော်ဝင်း၊ ဦးမြဟန်၊ ဦးသိန်းလှိုင်တို့ ပြုစုသည့် တိုင်းရင်းသားလူမျိုးများအရေးနှင့် ၁၉၄၇ အခြေခံဥပဒေ (ပထမတွဲ)
စာမျက်နှာ ၁၂၈ (က) ပါ ဓာတ်ပုံ၊သမိုင်းဌာန(သုတေသန) ရန်ကုန်တက္ကသိုလ်၊ ၁၉၉၀ မေလ၊ ဒုတိယအကြိမ်၊

နောက်ဆက်တွဲ (၂) (စာမျက်နှာ ၁၅၇ မှ)

*** စာတိုက်သပိတ်မှောက်သည့် ရက်စွဲနှင့်ပတ်သက်၍ အချို့မှတ်တမ်းများ၌ ကွဲလွဲမှုများရှိသည်ကို အောက်တွင် ဖော်ပြအပ်ပါသည်။**

၁။ ၁၉၄၆ ခုနှစ် စက်တင်ဘာလ ၁၅ ရက်
ဖိုးအောင်လေး၊ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုရက်စဉ်သမိုင်း
စာမျက်နှာ ၂၄၁၊ စာပေဗိမာန်၊ ၂၀၀၄၊ ပထမအကြိမ်၊
သမိုင်းသုတေသနဦးစီးဌာန၊ မြန်မာ့ရက်စဉ်သမိုင်း၊ ဒုတိယတွဲ
စာမျက်နှာ ၆၄၊ သမိုင်းသုတေသနဦးစီးဌာန၊ ၂၀၀၉၊ ပထမအကြိမ်၊

နောက်ဆက်တွဲ (၃) (စာမျက်နှာ ၂၁၁ မှ)

***အမျိုးသားကြားဖြတ်အစိုးရအဖွဲ့နှင့် ပတ်သက်၍ အချို့မှတ်တမ်းများ၌ ကွဲလွဲမှုများ ရှိသည်ကို အောက်တွင် ဖော်ပြအပ်ပါသည်။**

၁။	ဆာဟူးဘတ်ရန့် (စ်)	ဘုရင်ခံဥက္ကဋ္ဌ
၂။	ဗိုလ်ချုပ်အောင်ဆန်း	ဒုတိယဥက္ကဋ္ဌ
၃။	သခင်မြ	
၄။	ဦးဘဘေ	
၅။	ဦးကျော်ငြိမ်း	
၆။	မန်းဘခိုင်	
၇။	ဦးအောင်ဇံဝေ	
၈။	ပျော်ဘွယ်ဦးမြ	
၉။	ဦးရာဇတ်	
၁၀။	ဒီးဒုတ်ဦးဘချို	
၁၁။	စောစံဖိုးသင်	
၁၂။	ဆာမောင်ကြီး	
၁၃။	ဦးတင်ထွတ်	

စာမျက်နှာ ၂၅၅၊ စာပေဗိမာန်၊ ၂၀၀၄၊ ပထမအကြိမ်၊

နောက်ဆက်တွဲ (၄) (စာမျက်နှာ ၂၆၄ မှ)

*** ဗမာပြည်လွတ်လပ်ရေးဥပဒေကြမ်းကို ဗြိတိသျှပါလီမန်က အတည်ပြုသည့် ရက်စွဲနှင့် ပတ်သက်၍ အချို့မှတ်တမ်းများ၌ ကွဲလွဲမှုများရှိသည်ကို အောက်တွင် ဖော်ပြအပ်ပါသည်။**

၁။ ၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်

ဖိုးအောင်လေး၊ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုရက်စဉ်သမိုင်း
စာမျက်နှာ ၂၇၂၊ စာပေဗိမာန်၊ ၂၀၀၄၊ ပထမအကြိမ်၊

၁။ ၁၉၄၇ ခုနှစ် နိုဝင်ဘာလ ၅ ရက်
သမိုင်းသုတေသနဦးစီးဌာန၊ မြန်မာ့ရက်စဉ်သမိုင်း၊ ဒုတိယတွဲ
စာမျက်နှာ ၉၅၊ သမိုင်းသုတေသနဦးစီးဌာန၊ ၂၀၀၉၊ ပထမအကြိမ်၊

PDF CREATOR - NYEYADHAMMA@GMAIL.COM

PDF CREATOR - NYEYADHAMMA@GMAIL.COM

PDF CREATOR - NYEYADHAMMA@GMAIL.COM

ဒေါက်သွန်ဖရုံးများ၏ ပြောကြွေးကြိုက်များ

ဦးဗဆွေ(ဝန်ကြီးချုပ်ဟောင်း)



ဒေါက်သွန်ဖရုံးများ၏ ပြောကြွေးကြိုက်များ ဦးဗဆွေ(ဝန်ကြီးချုပ်ဟောင်း)

ဦးဗဆွေ(ဝန်ကြီးချုပ်ဟောင်း)

၁၉၁၅ ဇူလိုင် ၁၉ ရက်နေ့တွင် ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ အုန်းပင်ကွင်းကျေးရွာ၌ မွေးဖွား။ ထားဝယ်ခရိုင်ကျောင်းသားခေါင်းဆောင်၊ တကသ ဥက္ကဋ္ဌ၊ ဗကသ အတွင်းရေးမှူး၊ ပြည်သူ့အရေးတော်ပုံပါတီ ဖွဲ့စည်းရာတွင် ခေါင်းဆောင်တစ်ဦးအဖြစ် ပါဝင်ခဲ့၊ တို့ဗမာအစည်းအရုံးဝင် သခင်၊ ဗတပလ ခေါင်းဆောင်တစ်ဦး၊ ဗဆပလ အထွေအထွေအတွင်းရေးမှူး၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ တည်မြဲ ဗဆပလ ဥက္ကဋ္ဌ စသည်ဖြင့် အသီးသီး တာဝန်ယူ ဆောင်ရွက်ခဲ့။ ၁၉၈၇ ဒီဇင်ဘာ ၆ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်။

PDF CREATOR - NYEYADHAMMA@GMAIL.COM